# တပည့်တော်ဖြစ်
# သာသနာပြုလုပ်ငန်းသင်တန်း

သင်ခန်းစာ (48)

သမ်မာကမျြးစာ ယုဒသနျ (၁၈၃၅) မ်ာ ကိုးကားခကြျမဥြး၊

---

လှတျလပျစှာ ဖွန္နှ့ဝသေညျ့အခါ တပညျ့ဖွစျခှငျ့ဆိုငျရာ
ရညျရှယျခကြျမဥြးအတှကျ ဟှားခှငျး သို့မဟုတျ မိုပြြှားရနျ
ခှငျ့ပွုခကြျ ပေးထားသညျ။

---

တပည့်တော်ဖြစ် သာသနာပြုလုပ်ငန်းသင်တန်း သင်ခန်းစာ (48)

# မာတိကာဇယား

## အတွဲ (၁)


| | | |
|---|---|---|
| (၁) | ထာဝရအသက | 1- 7 |
| (၂) | ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်း | 1- 13 |
| (၃) | ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ခြင်း | 1- 20 |
| (၄) | ဘုရားသခင်နှင့် ရင်းနှီးဆက်ဆံခြင်း | 1- 26 |
| (၅) | ဘုရားသခင်၏ သဘောသဘာဝတော် | 1- 34 |
| (၆) | နောင်တရခြင်း | 1- 42 |
| (၇) | ဆက်ကပ်အပ်နှံခြင်း | 1- 49 |
| (၈) | ရေနှင့် ဗတ္တိဇံ ခံခြင်း | 1- 54 |
| (၉) | ခရစ်တော်၌ ထပ်တူကျခြင်း (အပိုင်း- ၁) | 1- 66 |
| (၁၀) | ခရစ်တော်၌ ထပ်တူကျခြင်း (အပိုင်း- ၂) | 1- 67 |
| (၁၁) | ခရစ်ယာန်တစ်ယောက် အပြစ်လုပ်သည့်အခါ၊ ဖြစ်လာသည့်အဖြစ်အပျက်များ | 1- 72 |
| (၁၂) | ဘုရားသခင့် စကားတော် တည်တံ့ခိုင်မြဲခြင်း | 1- 77 |
| (၁၃) | ဘုရားသခင်၏ ပြစ်ဒဏ်ကို မခံရခြင်း | 1- 83 |
| (၁၄) | ဂိညာဉ်တော်နှင့်ပြည့်သော အသက်တာ၏စွမ်းရည် | 1- 90 |
| (၁၅) | သန့်ရှင်းသောဂိညာဉ်တော်ကို လက်ခံယူနည်း | 1- 97 |
| (၁၆) | အမျိုးမျိုးသော ဘာသာစကားနှင့် စကားပြောဆိုခြင်း၏ အကျိုးများ | 1-104 |


## အတွဲ (၂)


| | | |
|---|---|---|
| (၁) | ကိုယ့်ကိုကိုယ် ဗဟိုပြုနေခြင်း | 2-112 |
| (၂) | ဘုရားသခင်၏စကားတော်ကို အာရုံထားဆင်ခြင်ရမည့် နည်းလမ်း | 2-118 |
| (၃) | စိတ်နှလုံးကို အသစ်ပြုပြင်ခြင်း | 2-122 |
| (၄) | ခရစ်တော်၏အသင်းတော်၌ အရေးကြီးခြင်း | 2-129 |
| (၅) | လွတ်မြောက်စေခြင်း | 2-138 |
| (၆) | ယုံကြည်သူ၏ အခွင့်အာဏာ | 2-145 |
| (၇) | အပြစ်ဖြေရာဌာနအတွင်း အနားငြိမ်းစေခြင်း | 2-153 |
| (၈) | အနားငြိမ်းခြင်း၌ အတားအဆီးများ | 2-160 |
| (၉) | အခြားသူတို့ကို အပြစ်လွှတ်ခြင်း | 2-168 |
| (၁၀) | အိမ်ထောင်ပြုခြင်း အပိုင်း(၁) | 2-178 |
| (၁၁) | အိမ်ထောင်ပြုခြင်း အပိုင်း(၂) | 2-184 |
| (၁၂) | ဘုရားသခင်၏မေတ္တာတော်အမျိုးအစား (အပိုင်း-၁) | 2-193 |
| (၁၃) | ဘုရားသခင်၏မေတ္တာတော်အမျိုးအစား (အပိုင်း-၂) | 2-201 |
| (၁၄) | ဘဏ္ဍာရေး (အပိုင်း- ၁) | 2-209 |
| (၁၅) | ဘဏ္ဍာရေး (အပိုင်း- ၂) | 2-215 |
| (၁၆) | သင့်ဆုတောင်းချက်များ၌ အဖြေမရသောအခါ လုပ်ရမည့် နည်းလမ်းများ | 2-220 |


## အတွဲ (၃)


| | |
|---|---|
| (၁) ဘုရားသခင့် အကျိုးဖြစ်ထွန်းမှု | 3-229 |
| (၂) သင်းအုပ်တို့ ဆုကျေးဇူး အသုံးပြုခြင်း | 3-236 |
| (၃) တန်ခိုးနိမိတ်များက ဘုရားဘုန်းတော်ထင်ရှားစေသည်။ | 3-243 |
| (၄) ဘုရားဂုဏ်၌မွေ့လျော်သောဆက်ဆံရေး၏ တန်ခိုးအစွမ်း | 3-252 |
| (၅) ညှဦးပန်းနှိပ်စက်ခြင်း | 3-258 |
| (၆) ဘုရင် နှင့် ဘုရင်၏နိုင်ငံတော | 3-265 |
| (၇) ကယ်တင်ခြင်း၊ ယုံကြည်ခြင်း၏ ရည်ရွယ်ချက် | 3-276 |
| (၈) ဘုရားပညတ်တော်တို့ကို မှန်ကန်စွာလိုက်နာခြင်း | 3-282 |
| (၉) ပညတ်တရားအောက်၌ မရှိဘဲ ကျေးဇူးတော်အောက်၌ ရှိခြင်း | 3-290 |
| (၁၀) အပြစ်တရားစွဲ ဦးနှောက် မလိုအပ်တော့ပါ။ | 3-297 |
| (၁၁) ကျွန်ုပ် အချစ်ခံရပြီ။ ကျွန်ုပ် လှပလို့ နေသည်။ | 3-307 |
| (၁၂) ကယ်တင်ခြင်းအကျိုးတရား (အပိုင်း - ၁) | 3-314 |
| (၁၃) ကယ်တင်ခြင်းအကျိုးတရား (အပိုင်း - ၂) | 3-323 |
| (၁၄) တပည့်တော်အဖြစ်သို့ ခေါ်ယူခြင်း | 3-331 |
| (၁၅) သက်သေခံချက်ကို အသုံးပြုနည်း | 3-339 |
| (၁၆) လူတိုင်း၏ဆုကျေးဇူးကို အသုံးပြု၍ တပည့်တော်ဖြစ်စေခြင်း | 3-349 |

ကို္ဇကျ၊သလဓာကျ၊ ကဈေပီမငြ်းမငြ်း မငြ်ပေါ။

ဤစာရှကျ၊စာတမျးမငြ်းသည္၊ ပွန္၊လည္၊ရဓာဖျးခရြန္၊မဟုတျပါ။

# တပည့်တော်ဖြစ်
# သာသနာပြုလုပ်ငန်းသင်တန်း

အဆင့် (၁)

သင်ခန်းစာ ( ၁၆ )

# မာတိကာဇယား

## အဆင့် (၁)


| | | |
|---|---|---|
| သင်ခန်းစာ (၁) | ထာဂရအသက် | 1- 7 |
| သင်ခန်းစာ (၂) | ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်း. | 1-13 |
| သင်ခန်းစာ (၃) | ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ခြင်း | 1-20 |
| သင်ခန်းစာ (၄) | ဘုရားသခင်နှင့် ရင်းနှီးဆက်ဆံခြင်း | 1-26 |
| သင်ခန်းစာ (၅) | ဘုရားသခင်၏ သဘောသဘာဂတော် | 1-34 |
| သင်ခန်းစာ (၆) | နောင်တရခြင်း | 1-42 |
| သင်ခန်းစာ (၇) | ဆက်ကပ်အပ်နှံခြင်း | 1-49 |
| သင်ခန်းစာ (၈) | ရေနှင့် ဗတ္တိဇံ ခံခြင်း | 1-54 |
| သင်ခန်းစာ (၉) | ခရစ်တော်၌ ထပ်တူကျခြင်း  (အပိုင်း- ၁) | 1-60 |
| သင်ခန်းစာ (၁၀) | ခရစ်တော်၌ ထပ်တူကျခြင်း  (အပိုင်း- ၂) | 1-67 |
| သင်ခန်းစာ (၁၁) | ခရစ်ယာန်တစ်ယောက် အပြစ်လုပ်သည့်အခါ၊ ဖြစ်လာသည့်အဖြစ်အပျက်များ | 1-72 |
| သင်ခန်းစာ (၁၂) | ဘုရားသခင့် စကားတော် တည်တံ့ခိုင်မြဲခြင်း | 1-77 |
| သင်ခန်းစာ (၁၃) | ဘုရားသခင်၏ ပြစ်ဒဏ်ကို မခံရခြင်း | 1-83 |
| သင်ခန်းစာ (၁၄) | ဂိညာဉ်တော်နှင့်ပြည့်သော အသက်တာ၏စွမ်းရည် | 1-90 |
| သင်ခန်းစာ (၁၅) | သန့်ရှင်းသောဂိညာဉ်တော်ကို လက်ခံယူနည်း | 1-97 |
| သင်ခန်းစာ (၁၆) | အမျိုးမျိုးသော ဘာသာစကားနှင့် စကားပြောဆိုခြင်း၏ အကျိုးများ | 1-104 |

## သင်ခန်းစာ (၁)

# ထာဝရအသက်

သမ္မာကျမ်းစာထဲက အရင်းနီးဆုံး ကောက်နုတ်ချက်ချက်စာသားသည် (ယော ၃း၁၆) ဖြစ်သည်။ လူငယ်လေးဘဂကစ လူတိုင်း သိပြီးသော ကျမ်းချက်ဟု ထင်ရသည့်တိုင် ယင်းကို ယနေ့တိုင် နားလည်မှုလွဲမှားလျက် ကျင့်သုံးနေကြသည်ဟု ကျွန်ုပ် ယုံမိသည်။ (ယော ၃း၁၆) ၌ ဤသို့ ဆိုထားသည်။ *"ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသား တို့ကို ချစ်တော်မူ၏။"*

ထုံးစံအရ ဤကျမ်းချက်က ကျွန်ုပ်တို့ကို သွန်သင်သည်မှာ၊ ယေရှုသည် ကြွလာတော်မူပြီး ကျွန်ုပ်တို့၏အပြစ်အတွက် အသေခံ ပေးတော်မူခဲ့သည်ဖြစ်၍၊ ကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ မရောက်ကြောင်း ဖြစ်သည်။ ဤသို့ အမှန်ဆိုသည့်အတိုင်း၊ ဤ ကျမ်းချက်က ဖွင့်ပြလာသည် မှာလည်း၊ ယေရှုသည် ဤလောကသို့ ကြွလာပြီး ကျွန်ုပ်တို့အတွက် အသေခံပေးခြင်းသည် အမှန်အကန် အကြံအစည်တော် ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် အမြဲတည်သော ထာဝရအသက်ကို ရကြလိမ့်မည် ဖြစ်သောအကြောင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ အပြစ်များသည် ကျွန်ုပ်တို့နှင့် ထာဝရ အသက်အကြား ရှိနေသော အတားအဆီး ဖြစ်ကြောင်း အဖြစ်ကိုသိစေခြင်းဖြစ်သည်။

ယေရှုသည် ကျွန်ုပ်တို့အပြစ်အတွက် အသေခံပေးခဲ့သည်မှာ မှန်ပါသည်။ ယေရှုကို ယုံလျှင် ကျွန်ုပ်တို့ ပျက်စီးခြင်းသို့ မရောက်ဆိုသည်မှာလည်း မှန်ပါသည်။ ထိုထက်ပို၍ သတင်းကောင်း တရားက ပြောနေပါသည်။ ထိုသတင်းကောင်းတရား၏ အမှန် သတင်းစကားမှာ၊ ဘုရားသခင်သည် သင့်အား အမြဲတည်သောထာဝရအသက်ကိုပေးမည့်အကြောင်း ဖြစ်သည်။ ဒါကို အခု ကျွန်ုပ် ရှင်းပြပါရစေ။ ယေရှု လက်ဂါးကပ်တိုင်ပေါ် သို့ အတင်မခံရမီည၌ ကိုယ်တော်ဆုတောင်းနေစဉ် ဤသို့ မိန့်တော်မူသည်။ *"ထာဝရအသက် ဟူမူကား၊ မှန်သောဘုရားသခင် တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုငင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုငင်း သိကျွမ်း ခြင်းတည်း။"* (ယော ၁၇း၃)

ဤတွင် ပြောနေသည်မှာ၊ ထာဝရအသက်သည်၊ ခမည်းတော်ကိုသိခြင်း၊ မှန်သော ဘုရားသခင် တစ်ဆူတည်းဖြစ်သည်ကို သိခြင်း၊ ကိုယ်တော် စေလွှတ်တော်မူသော ယေရှုကို သိခြင်းအကြောင်းဖြစ်သည်။ ၎င်းမှာ အမြဲတည်သော ထာဝရအသက်ကို ဆိုလိုခြင်း ဖြစ်သည်။ အမြဲတည်သော ထာဝရအသက်သည် အမြဲအသက်ရှင်နေခြင်းဟု လူအတော်များများက တွေးကြသည်။ ကောင်းပေသည်။ လူတိုင်းသည် အမြဲ အသက်ရှင်နေရကြမည်။ လူတစ်ယောက် အသက်သေဆုံးသောအခါ တည်ရှိမှု ရပ်စဲသွားကြောင်း အတွေးသည် နားလည်မှုလွဲခြင်း ဖြစ်သည်။ လူ၏ ဝိညာဉ်နှင့် စိတ်သည် ဘုရားသခင်ဆီသို့ ပြန်သွားသည်။ သူ၏ခန္ဓာသည်

သချိုင်းမြေ၌ ယိုယွင်းပျက်စီး ခြင်းသို့ ရောက်သည်။ သမ္မာတရားအမြင်အရ မြေကြီးပေါ်အသက်ရှင်နေထိုင်ခဲ့ကြသည့် လူတိုင်းသည် ဂိညာဉ်ပုံစံနှင့် ဆက်လက်အသက်ရှင် နေရကြလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် ထာဝရအသက်ဆိုသည်မှာ၊ အစဉ်အမြဲ အသက်ရှင် နေထိုင်ရသည် ဆိုတာ၊ လုံးလုံးလျားလျား မှန်ကန်သည် မဟုတ်ဘဲ၊ လူတိုင်းက အစဉ်အမြဲ အသက်ရှင်နေခြင်းပင် ဖြစ်သည်။ ဤကျမ်းချက်က အလွန်ရှင်းလင်းစွာ ပြောနေသည်မှာ၊ ထာဝရအသက်ကို လူတိုင်းအား ပေးသည် မဟုတ်ကြောင်း ဖြစ်သည်။

လူတစ်ချို့ပြောကြပါသည်။ "ထာဝရအသက်သည် ကောင်းကင်ဘုံ၌ အမြဲနေထိုင်ရခြင်းနှင့် ငရဲ၌ အမြဲနေထိုင်ရခြင်းတို့၏ ဆန့်ကျင်ဘက်သဘောတရား ဖြစ်သည်။" သို့သော်လည်း ထာဝရအသက်ဟူမူကား၊ (ယော ၁၇း၃)၌ ယေရှုပြောခဲ့သည့်အတိုင်း၊ ဘုရားသခင်ကို သိရှိခြင်းနှင့် ယေရှုခရစ်ကို သိရှိခြင်း ဖြစ်သည်။ ဤအကြောင်းသည် အသိဉာဏ်ပညာတတ်သိခြင်းထက် ပိုပါသည်။ သမ္မာကျမ်းစာအုပ် တောက်လျှောက် အသုံးပြုလာသော "သိခြင်း"စကားလုံးသည်၊ သင်ရယူနိုင်သည့် အရင်းနှီးဆုံး ကိုယ်တိုင်ကိုယ်ကျ ဆက်ဆံရေးကို ဖေါ်ပြရန်အတွက် ဖြစ်သည်။ ကယ်တင်ခြင်း၏ စစ်မှန်သော ရည်ရွယ်ချက်သည် ကြီးမြတ်လိမ့်မည်ဖြစ်သည် ဆိုသကဲ့သို့ ကောင်းကင်ဘုံ၌ အမြဲအသက် ရှင်နေရခြင်း မဟုတ်ပါ။ ကယ်တင်ခြင်း၏ စစ်မှန်သော ရည်ရွယ်ချက်သည် အရှင်သခင်ဘုရားနှင့်အတူ ပုဂ္ဂိုလ်ရေးဆက်ဆံမှု တစ်ရပ်ဖြင့် ရင်နှီးမှု ရှိနေဖို့ ဖြစ်သည်။ လူတွေအမြောက်အမြားက သူတို့အပြစ်များ ခွင့်လွှတ်ခံရဖို့ အော်ဟစ်ငိုကြွေး ဆုတောင်းနေကြပါသော် လည်း၊ ဘုရားသခင်နှင့် ရင်းနှီးမှုရယူရန် ဆိုသောအရာကို ပန်းတိုင်ထားပြီး ဘယ်သောအခါမျှ မလုပ်ကြပါ။

ကယ်တင်ခြင်း၏စစ်မှန်သောရည်ရွယ်ချက်ကို ရှင်းပြမနေခြင်းအားဖြင့် ကျွန်ုပ်တို့သည် သတင်းကောင်း တရားကို အကျိုးမဲ့စေ သောလုပ်ရပ်ကို လုပ်နေကြခြင်းဖြစ်သည်။ ဂိညာဉ်ရေး အကြောင်း သက်သက် ဖြေရှင်းပေးသော တစ်စုံတစ်ရာအတွက် ကျွန်ုပ်တို့က ကယ်တင်ခြင်းကို ပြောနေကြသည်ဆိုလျှင်၊ အနာဂတ်တွင် ထာဝရအဖြစ်၌ အကျိုးတစ်ရပ်ကိုသာ ကျွန်ုပ်တို့ ရနိုင်ကြမည်ဖြစ်ပြီး၊ လူတွေ ကို ကျွန်ုပ်တို့ မကူညီနိုင်ကြပါ။ ယနေ့မြေကြီးပေါ်မှာ တိုက်ရိုက် ငရဲရောက် သကဲ့သို့ အသက်ရှင် နေထိုင်ကြသူအချို့ ရှိပါသည်။

လူအတော်များများက စိတ်ဓာတ်တွေကျပြီး၊ ခိုက်ရန်ဖြစ်မှု၊ ငြင်းဆန်မှု၊ နာကျင်မှု၊ အိမ်ထောင်ပြိုကွဲမှုတို့ကို ရင်ဆိုင်လျက်၊ ဆင်းရဲစွာ အသက်ရှင် နေထိုင်နေရကြကုန်၏။ လူတွေ တစ်နေ့ကိုတစ်နေ့ အသက်ရှင်ဖို့ ကြိုးစားနေရဆဲ ဖြစ်သည်။ သူတို့ဘဝကို ရေပေါ်မှာ သွားတဲ့ အမှိုက်စလိုပဲ ခေါင်းဖော်နိုင်ရုံသာ မျောနေကြရပြီး၊ ရှင်သန်နိုင်ရန် ရုန်းကန်နေကြရသည်။ အနာဂတ်အတွက် တစ်ခုတည်းကို ဖြေရှင်းပေးနိုင်တဲ့ ကယ်တင်ခြင်းတစ်စုံတစ်ရာရယူရန်အတွက် ပြောဆိုလျှင်၊ သူတို့ဆုံးဖြတ်ချက်ကို ဘေးထုတ်လွှင့်ပစ်တတ်ကြသည်။ ဘာကြောင့်ဆိုတော့ ယနေ့ အသက်ရှင်ဖို့ ကြိုးစားနေရသည့်အတွက် အလွန် အလုပ် များလွန်း လှတယ်လို့ ဆင်ခြေပေးကြကုန်၏။

အမှန်တရားမှာ၊ ယေရှုသည် ကျွန်ုပ်တို့ဘဝ၏ထာဝရလားရာ၌ အကျိုးသက်ရောက်မှု

ရှိစေရန်နှင့်၊ အပြစ်ဒဏ်နှင့် ငရဲကျိန်စာ အစား၊ ကောင်းကြီးမင်္ဂလာနှင့် ကောင်းကင်ဘုံ၌ အမြဲ အသက်ရှင်နေရန်တို့အတွက် တစ်ခုတည်းမဟုတ်ဘဲ၊ ဆိုးညစ်သော ဤပစ္စုပ္ပန်ဘဝမှ ငါတို့ကို ကယ်နှုတ်ခြင်းငါ ကြွလာတော်မူခြင်းလည်း ဖြစ်၏။ (ဂလာတိ ၁း၄)။ ယေရှုသည် ခမည်းတော် ဘုရားသခင်နှင့် ရင်းနှီးမှု၊ ကိုယ်တိုင်ကိုယ်ကျဆက်ဆံရေးတို့ကို သင့်အား ပေးရန် ကြွလာတော်မူခြင်း ဖြစ်သည်။

ယေရှုသည် သင့်ကို ကိုယ်တော်နှင့် နီးနီးကပ်ကပ် ကိုယ်တိုင်ကိုယ်ကျဆက်ဆံရေး ထဲသို့ရောက်စေရန် ကြွလာတော်မူသည်။ ယေရှု သင့်ကို ချစ်သည်။ ယေရှုသည် သင့် ကိုယ်ရေးကိုယ်တာအကြောင်း သိလိုသည်။ အခြားသောအရင်းအမြစ်များမှတစ်ဆင့် သင်တို့ ရနိုင်သည့် အရာတစ်ခုခုထက် ပိုကြီးမြတ်သော ဘဝအရည်အသွေးတစ်ရပ်ကို သင့်အား ယေရှု ပေးလိုသည်။

ယေရှုက (ယော ၁၀း၁၀)၌ ဤနည်းဖြင့် မိန့်ဆိုခဲ့သည်။ "*သူခိုး (စာတန်ကိုပြောလို)*သည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာ လာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့်ပြည့်စုံခြင်းငှါ လာသတည်း။*" ဘုရားသခင်သည် သင့်အား ထာဝရအသက် ပေးလိုတော်မူသည်။ ဘုရားသခင်သည် သင့်ကို အသက်နှင့်ပြည့်စုံစေလိုတော်မူသည်။ သင်သည် ထိုအရာကို လိုချင်နေသည်ဖြစ်၍ ယနေ့ပင် သင် လိုချင်နေမည်ဟု ကျွန်ုပ်ယုံကြည်သည်။ ခရစ်တော်အသေခံသည်မှာ၊ သင့်အပြစ်များကို ခွင့်လွှတ်သည်သာမက၊ ကိုယ်တော်နှင့်နီးကပ်စွာ သင့်ကိုရှိစေပါသည်။ သင်သည် သခင်ဘုရားကို မသိသေးပါလျှင်၊ ဤအကြောင်းအတွက်နှင့် ကိုယ်တော်အား သိခြင်းရှိဖို့ လိုလိမ့်မည်။ အကယ်၍ သင်သည် ဒုတိယမွေးဖွားခြင်း ခံပြီးသူတစ်ယောက်ဖြစ်ပါလျှင်၊ သင့်အပြစ် ခွင့်လွှတ်ခံရပြီးသည့်အဆင့်ထက် ကျော်လွန်၍ ခမည်းတော်ဘုရားနှင့်အတူ အမြဲတည်တံ့သော အသက်တာအထဲ ဝင်စားနေရန်လည်း လိုအပ် ပါလိမ့်မည်။

## ထာဝရအသက်နှင့်ပတ်သက်သောအမှန်တရား

(က) သတင်းကောင်းတရား၏ ရည်မှန်းချက်သည် ထာဝရအသက် ဖြစ်သည်။ (ယော ၃း၁၆)

(ခ) ထာဝရအသက်သည် ဘုရားသခင်ကို သိခြင်း ဖြစ်သည်။ (ယော ၁၇း၃)

(ဂ) ဘုရားသခင်ကို သိခြင်းသည် ကိုယ်တော်နှင့် ရင်းနှီးသောဆက်ဆံရေးတစ်ရပ် ဖြစ်သည်။ (၁ ကော ၆း ၁၆-၁၇)

(ဃ) ထာဝရအသက်ကို ယခုပင် ရရှိနိုင်ပါသည်။ (၁ ယော ၅း၁၂)

(င) သင်နှင့်အတူ ကိုယ်တိုင်ကိုယ်ကျ ဆက်ဆံရေးတစ်ရပ်ကို ဘုရားသခင် အလိုတော်ရှိသည်။ (ဗျာဒိတ် ၃း၂၀)

# တပည့်တော်ဖြစ် မေးခွန်းများ

၁။ (ယော ၃း၁၆)ကိုဖတ်၍ ဘုရားသခင်သည် လောကသို့ ယေရှုကို စေလွှတ်တော်မူရခြင်း၏ ရည်ရွယ်ချက်သည် ဘာလဲ။

**ယော ၃း၁၆** - "*ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသား တို့ကို ချစ်တော်မူ၏။* "

၂။ "သိခြင်း" စကားလုံးကို သမ္မာကျမ်းစာ၏အသုံးသည်၊ ပုဂ္ဂိုလ်တစ်ယောက် (ကမ္ဘာ ၄း၁) နှင့် ရင်းနှီးမှု၊ ကိုယ်တိုင်ကိုယ်ကျ ဆက်ဆံမှုတစ်ခု ရှိရန်ကို ဆိုလိုသည်။ (ယော ၁၇း၃) ကိုဖတ်ပါ။ ဤကျမ်းချက်အရ ထာဝရ / အမြဲတည်သော အသက်တာသည် ဘာလဲ။

**ကမ္ဘာ ၄း၁** - "*ထိုနောက် လူအာဒံသည် မယား ဧဝနှင့်ဆက်ဆံသဖြင့်၊ ဧဝသည် ပဋိသန္ဓေစွဲယူ၍ ကာဣနကို ဖွားမြင်လျှင်၊ ထာဝရဘုရား၏လူကို ငါရပြီဟု ဆိုလေ၏။*"

**ယော ၁၇း၃** - "*ထာဝရအသက် ဟူမူကား၊ မှန်သောဘုရားသခင် တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုငှင်း၊ စေလွှတ် တော်မူသော ယေရှုခရစ်ကိုငှင်း သိကျွမ်းခြင်းတည်း။*"

၃။ (၁ ယော ၅း၁၁-၁၂) ကိုဖတ်ပါ။ ဤကျမ်းချက်ပါအခန်းငယ်များအရ ထာဝရ / အမြဲတည်သော အသက်တာ မည်သည့် အချိန်တွင် စတင်သနည်း။

**၁ ယော ၅း၁၁-၁၂** - "*သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ ပါ၏။ သားတော်ကို ရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို မရသောသူမူကား အသက်ကိုမရ။*"

၄။ (ယော ၁၀း၁၀) ကိုဖတ်ပါ။ ကျွန်ုပ်တို့အား ယေရှု ပေးလိုသော အသက်သည် ဘာအမျိုးအစားလဲ။

**ယော ၁၀း၁၀** - "*သူခိုး(စာတန်ကိုပြောလို)*သည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာ လာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက် လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့်ပြည့်စုံခြင်းငှါ လာသတည်း။*"

၅။ အသက်နှင့်ပြည့်စုံခြင်း၏ အရည်အသွေး (သို့မဟုတ်) လက္ခဏာရပ်များကို သင့် ကိုယ်ပိုင်စကားနှင့် ရှင်းပြပါ။

၆။ ဘုရားသခင်သည် လောက၏အပြစ်တရားအတွက် အသေခံစေရန် ဘုရားသားတော်ယေရှုအား လောကသို့ စေလွှတ်တော်မူသည်ကို သင်သည် ယုံကြည်ပါသလား၊ ထိုသို့ဖြင့်၊ ယုံကြည်သော ကျွန်ုပ်တို့အား ထာဝရ/အမြဲတည်သော အသက်ကို ပေးပါသလား။

၇။ ထာဝရ/အမြဲတည်သောအသက်သည် အချိန်အလျားတစ်ခု (ထာဝရဖြစ်ခြင်း) သက်သက်မဟုတ်ဘဲ၊ အသက်၏အရည် အသွေးနှင့် အရေအတွက် ဖြစ်သည်ကို သင်သည် ရှင်းလင်းစွာ သိရှိပါသလား။

# အဖြေသော့ချက်

၁။ (ယော၃း၁၆)ကို ဖတ်၍ ဘုရားသခင်သည် လောကသို့ ယေရှုကို စေလွှတ်တော်မူရခြင်း၏ ရည်ရွယ်ချက်သည် ဘာလဲ။
**လောကကိုကယ်တင်ရန်၊ အပြစ်တရား၏ ပြစ်ဒဏ်ကို ဖယ်ရှားခြင်းအားဖြင့်၊ ယေရှု၌ အမြဲတည်သောအသက်တာ ရမည်ကို ယုံကြည်သောသူ အားလုံးအား ပေးတော်မူခြင်း**

၂။ "သိခြင်း" စကားလုံးကို သမ္မာကျမ်းစာ၏အသုံးသည်၊ ပုဂ္ဂိုလ်တစ်ယောက် (ကမ္ဘာ ၄း၁) နှင့် ရင်းနှီးမှု၊ ကိုယ်တိုင်ကိုယ်ကျ ဆက်ဆံမှုတစ်ခု ရှိရန်ကို ဆိုလိုသည်။
(ယော ၁၇း၃) ကိုဖတ်ပါ။ ဤကျမ်းချက်အရ ထာဝရ / အမြဲတည်သော အသက်တာ **သည် ဘာလဲ။ ထာဝရအသက်သည် ဘုရားသခင်နှင့် ယေရှုခရစ်ကို သိကျွမ်းခြင်း ဖြစ်သည်။ (ရုပ်ပြေမဟုတ်သော ရင်းနှီးမှု ဖြစ်၏)**

၃။ (၁ ယော ၅း၁၁-၁၂) ကိုဖတ်ပါ။ ဤကျမ်းချက်ပါအခန်းငယ်များအရ ထာဝရ / အမြဲတည်သော အသက်တာ ဘယ်တော့ စသနည်း။
**ကျွန်ုပ်တို့၏အသက်တာများအထဲ ဘုရားသားတော် (ယေရှုခရစ်) ကို လက်ခံရသောအခါ၊**

၄။ (ယော ၁၀း၁၀) ကိုဖတ်ပါ။ ကျွန်ုပ်တို့အား ယေရှုပေးလိုသော အသက်သည် ဘာအမျိုးအစား လဲ။
**ပြည့်စုံခြင်းရှိသော အသက်တာ**

၅။ အသက်နှင့်ပြည့်စုံခြင်း၏ အရည်အသွေး (သို့မဟုတ်) လက္ခဏာရပ်များကို သင့် ကိုယ်ပိုင်စကားနှင့် ရှင်းပြပါ။
**ယေရှုမိန့်တော်မူသော သူခိုးသည် ခိုးခြင်းငှာ လာသည်နှင့် ဆန့်ကျင်ဘက် ဖြစ်သော ပြည့်စုံခြင်းရှိသည့်အသက်တာ**

၆။ ဘုရားသခင်သည် လောက၏အပြစ်တရားအတွက် အသေခံစေရန် ဘုရားသားတော် ယေရှုအား လောကသို့ စေလွှတ်တော်မူသည်ကို သင်သည် ယုံကြည်ပါသလား၊ ထိုသို့ဖြင့်၊ ယုံကြည်သော ကျွန်ုပ်တို့အား ထာဝရ/ အမြဲတည်သော အသက်ကို ပေးပါသလား။
**ယုံကြည်ပါသည်။ ပေးပါသည်။**

၇။ ထာဝရ/ အမြဲတည်သော အသက်သည် အချိန်အလျားတစ်ခု (ထာဝရဖြစ်ခြင်း) သက်သက် မဟုတ်ဘဲ၊ အသက်၏ အရည်အသွေးနှင့် အရေအတွက် ဖြစ်သည်ကို သင်သည် ရှင်းလင်းစွာ သိရှိပါသလား။
**သိရှိပါသည်။**

## သင်ခန်းစာ (၂)

# ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်း

ယေရှုသည် ဂိုဏ်ဂဏ်ရေးရာ အမှန်တရားများကို ပုံဆောင်ပြသော ပုံဥပမာများ၊ ဇာတ်လမ်းများကို အကြိမ်များစွာ အသုံးပြုခဲ့သည်။ (လုကာ ၁၈း၉-၁၄) ကျမ်းပုဒ်၌ ဤသို့ စရေးထားသည်။ "*ကိုယ်ကုသိုလ်ကို အမှီပြု၍ သူတစ်ပါးကို မထီမဲ့မြင်ပြုတတ်သောသူ တချို့တို့အား မိန့်တော်မူသော ဥပမာကား၊ ...*" ယေရှုက အမှန် ပရိသတ်တစ်စုကို ဦးတည်ဆုံးမသည်။ သူတို့က ကိုယ့်ကုသိုလ်ဖြင့် ရသော ဖြောင့်မတ်ခြင်းကို အမှီပြုပြီး၊ တခြားလူတိုင်းကို မထီမဲ့မြင်ပြု၍ အထင်သေး တတ်ကြခြင်းကို ထောက်ပြသည်။ ကိုယ်တော်က ဤ ပုံဥပမာလေးကို ပြောရသည်မှာ၊ လူတွေ သူတို့ လုပ်ခဲ့သည့်အရာများ၌ အမှီပြုနေကြသူများကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့က သူတို့ကို ကိုယ်တိုင် ကိုယ်၌ ဖြောင့်မတ်ယူကြသူများဟု သတ်မှတ်ကြသည်။ ဤအတွက် ယေရှုကလည်း၊ သူတို့သည် လူတိုင်းကို "ငါ မင်းထက် တော်တယ်" ဆိုသည့်အပြောနှင့် မထီမဲ့မြင်ပြုတတ်ကြကြောင်း ကိုယ်တော် ပြောပြနေခြင်းဖြစ်သည်။

ကျမ်းချက် အငယ်(၁၀)၌ ယေရှု ဤသို့ မိန့်ကြားသည်။ "*လူနှစ်ယောက်တို့သည်၊ ဆုတောင်းပဌနာပြုခြင်းငှါ၊ ဗိမာန်တော် ပေါ်သို့ တက်ကြ၏။ တစ်ယောက်ကား ဖာရိရှဲ ဖြစ်၏။ တစ်ယောက်ကား အခွန်ခံ ဖြစ်၏။*" ခေတ်သစ်ဘာသာစကားနှင့် ကျွန်ုပ်တို့ ပြော ရရင်၊ လူနှစ်ယောက်သည် ဆုတောင်းရန် အသင်းတော်သို့ သွားကြသည်။ တစ်ယောက်ကား ဖာရိရှဲ ဖြစ်သည်။ ဖာရိရှဲဆိုသည်မှာ အလွန်ဘာသာရေးကိုင်းရှိုင်းသူ ဖြစ်သည်။ ၎င်းစကားလုံးအရ "သီးခြားပုဂ္ဂိုလ်တစ်ယောက်"ဟု တကယ် အဓိပ္ပာယ်ပေါက်နေသည်။ အလွန် ဘာသာရေးလိုက်စားသောကြောင့် သူတို့အာရုံထဲ၌ ဤသို့ ရှိနေမည်။ "ငါ့ကို လာမဖျက်ဆီးနဲ့၊ ငါ့အနား သိပ်မကပ်နဲ့၊ ငါဟာ တခြားလူတွေနဲ့ တူတာ မဟုတ်ဘူး၊ လူတိုင်းလူတိုင်းထက် ငါက ပိုသာတယ်။"ဆိုပြီးနေလိမ့်မယ်။ ယေရှုပြောသော နောက်လူတစ် ယောက်က အခွန်ခံ ဖြစ်သည်။ အခွန်ခံဆိုသည်မှာ အခွန်ကောက်ခံသူများဖြစ်ပြီး၊ လိမ်လည်ခြင်း၊ လုည့်စားခြင်းလုပ်ကြသော အလွန် ဆိုးညစ်သူ၊ အပြစ်လုပ်တတ်သူဟူ၍ လူသိများသည်။ သူတို့က ရနိုင်သမျှနည်းလမ်းဖြင့် အခွန်ကို ကောက်ယူကြပြီး၊ အိတ်ဖေါင်းကား အောင် ငွေနှင့် အပြည့်ရှိစေလျက်၊ အချို့အနည်းငယ်ကိုသာ ရောမအစိုးရထံ ပေးသွင်းကြသည်။ ထို့ကြောင့် သူတို့ကို လူတန်းစားတူ အပေါင်းအသင်းများက အဖက်လုပ် မပေါင်းသင်းကြတော့ပါ။

အခန်းငယ်(၁၁)တွင် ဤသို့ ဇာတ်လမ်းဆက်သည်။ "*ဖာရိရှဲသည် တစ်ယောက်တည်း ရပ်လျက်၊ အိုဘုရားသခင်၊ သူတစ်ပါး တို့သည် အနိုင်အထက်လုယူခြင်း၊ မတရားသဖြင့်ကျင့်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း အပြစ်များရှိကြသကဲ့သို့ ကျွန်ုပ်၌ မရှိသည် သာမက၊ ဤအခွန်ခံကဲ့သို့ပင် မဟုတ်သောကြောင့်၊ ကျေးဇူးတော်ကြီးလှပေ၏။*" ဤတွင် သင်တို့ကို ကျွန်ုပ် သတိပြုမိစေလိုသည်။ ဒီလူ ဘယ်သူ့ဆီ ဆုတောင်းနေပါလိမ့်။ ထိုသူသည် မှန်ကန်သောစကားနှင့် "ဘုရားသခင်" ထံ ဆုတောင်းနေသည်ဆိုရမည်ထက်၊ တကယ်တော့

သူ့ကိုယ်တိုင်ကို သူဆုတောင်းခြင်း ဖြစ်နေသည်။ ဘုရားသခင်သည် သူ့ဆုတောင်းခြင်းကို အသိအမှတ် မပြုလေပြီ။ သူ ဘယ်လိုဖြစ်သွားသည်ကို နောက်ပိုင်းမှာ ကျွန်ုပ်တို့ မြင်ရလိမ့်မည်။ သူ့ဆုတောင်းချက်ကို  သတိပြုကြည့်ပါ။ "ဘုရားသခင် ကျွန်ုပ် သည် အခြားသူတို့ကဲ့သို့ မဟုတ်သောကြောင့် ကျေးဇူးတော် ကြီးလှပေ၏။" ဤသို့ ဖာရိရှဲတစ်ယောက်၊ ဘာသာရေးသမားတစ်ယောက်ဖြစ်၍ စကားပြောနေသည်။ "ကျွန်ုပ်သည် အခြားသူတို့ကဲ့သို့ မဟုတ်၊ ငွေညှစ်တတ်တဲ့သူ မဟုတ်၊ မတရားသောသူ မဟုတ်၊ သူတစ်ပါးသားမယား ဖျက်ဆီးသောသူ မဟုတ်၊ ပြီးတော့၊ ဒီအနားမှာ ဆုတောင်းရောက်နေတဲ့ အခွန်ခံကဲ့သို့ မဟုတ်ဘူး။" တွေ့လား။ သူသည် အခြားသူများကို မထီမဲ့မြင်ပြုခြင်း၊ အထင်သေးခြင်း ရှိနေသည်။ အကြောင်းမှာ အခြားသူတို့ထက် သူက ပို၍သာလွန်ကောင်းမွန်သည်ဟု ထင်နေသောကြောင့် ဖြစ်သည်။

အခန်းငယ်(၁၂)၌ ဖာရိရှဲ ဤသို့ ဆက်ပြောသည်။ "*ကျွန်ုပ်သည် ခုနစ်ရက်တွင် နှစ်ရက်အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကို ဆယ်ဖို့တစ်ဖို့ လှူပါ၏" ဟု ဆုတောင်းလေ၏။* ဤတွင် "ကျွန်ုပ် ဘာလုပ်ခဲ့သည်ကို မြင်ပါ" ဟု သူပြောနေသည်။  အစာရှောင်သည့် အဓိပ္ပာယ်ကို သင်တို့ သိကြပါသလား။ တကယ့် အဓိပ္ပာယ်မှာ အစာမစားဘဲနေခြင်း ဖြစ်သည်။ ထိုသူသည် အသင်းတော်သို့လည်း ငွေထည့်သွင်းသည်။ ထိုသူသည် ဤသို့ ပြောနေတတ်သည့်သူနှင့် တူပါလိမ့်မည်။  "ငါ့ကို လာမနှောင့်ယှက်နဲ့၊ ငါ့မှာ ဘဂအကျိုးပေး ကောင်းနေတာ၊ ငါ စာနာအလှူငွေတွေ ထည့်တယ်၊ အသင်းတော်ကို ငွေ ပေးလှူတယ်။"

အခန်းငယ်(၁၃)မှာ အခွန်ခံကို ကျွန်ုပ်တို့ တွေ့ရမည်။ "*အခွန်ခံ မူကား၊ အဝေးကရပ်၍ ကောင်းကင်သို့ မမျှော်မကြည့်ပုံဘဲ၊ ရင်ဘတ်ကို ခတ်လျက်၊ အို ဘုရားသခင်၊ အပြစ်များသော ကျွန်ုပ်ကို သနားခြင်းကရုဏာ ရှိတော်မူပါဟု ဆုတောင်းလေ၏။* " သူ၏ ခန္ဓာကိုယ် အရိပ်ပြဘာသာစကားကို ကြည့်ပါ။ "အဝေးက ရပ်၍၊"  သူသည် အသင်းတော် အထဲထိပင် ဝင်ရောက်သွားသူ မဟုတ်ပါ။ သူသည် သူ့ဘဂနှင့် သူလုပ်ခဲ့သမျှအပေါ် ရှက်နေပြီး၊ အဝေးက ရပ်နေလျက်၊ မော့၍ပင် မကြည့်၊ ကောင်းကင်သို့ မမျှော်မကြည့်ဘဲ နေသည့်ပြင်၊ သူ့ရင်ဘတ်ကို ရိုက်ခတ်လျက် ရှိသည်။ ဓမ္မဟောင်းကျမ်းအထဲ၌ ရင်ဘတ်ကို ခတ်လျက်နေကြောင်း သမ္မာကျမ်းစာက ပြောသည်မှာ၊ အကြိမ်များစွာ၌လည်း သူတို့ဂုတ်ရိုးကိုဆုတ်ပစ်တတ်ကြကြောင်း "ကျွန်ုပ်သည် လုပ်ခဲ့သမျှအတွက်ဂမ်းနည်းလှပါသည်၊" ဟူ၍ ပြောနေသည့် နည်းလမ်းတစ်ခု ဖစ်နေခဲ့သည်။ ၎င်းသည် ထာဝရဘုရား ရှေ့ရှာတော် မမူသည့် နှလုံးသားနောင်တနှင့် စိတ်နှလုံး ကြေကွဲခြင်းတို့ဖြင့် နောင်တရခြင်း၏ အမှတ်လက္ခဏာတစ်ရပ် ဖြစ်ပေသည်။ အပြစ်လုပ်သော ဤအခွန်ခံသည် ထာဝရဘုရားထံ အော်ဟစ်၍ ဆုတောင်းလေသည်။ "*အို ဘုရားသခင်၊ အပြစ်များသော ကျွန်ုပ်ကို သနားခြင်းကရုဏာ ရှိတော်မူပါ။* "

အခန်းငယ်(၁၄)၌ ဤသို့ဆက်သည်။ "*ငါဆိုသည်ကား၊ ထိုသူသည် အပြစ်ပြေလျက် မိမိအိမ်သို့ ပြန်သွား၏။ ဖာရိရှဲမူကား၊ အပြစ် မပြေ။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ် ချီးမြှောက်သောသူ မည်သည်ကား နှိမ့်ချခြင်းသို့ရောက်လတ္တံ့။ ကိုယ်ကိုကိုယ် နှိမ့်ချသောသူမည်သည်ကား၊ ချီးမြှောက်ခြင်းသို့ ရောက်လတ္တံ့ဟု မိန့်တော်မူ၏။*" အခွန်ခံသည်၊ အပြစ်ပြေလျက် အိမ်ပြန်ရ၏။ ဘုရားသခင့် ရှေ့ ၌ ဖြောင့်မတ်ခြင်းကို ရ၏။ ဘုရားသခင်နှင့်အတူ မှန်စွာရပ်တည်၏။ ဘုရားသခင်အားဖြင့် အပြစ်လွတ်ခြင်းရ၏ဟု အလေးအနက် ကြေညာသည်။" သူသည် အဘယ်ကြောင့် အပြစ်လွတ်ခြင်း ခံရသနည်း။ ထိုသူသည် အဘယ့်ကြောင့် ဘုရားသခင့်ရှေ့

ဖြောင့်မတ်စွာ ရပ်တည်လျက် အိမ်ပြန်ရပြီး၊ ဘာသာရေးသမား ဖာရိရှဲက မရသနည်း။ ၎င်းမှာ၊ ဘာကြောင့်ဆိုတော့ ဖာရိရှဲသည် ကိုယ်ကိုကိုယ် ချီးမြှောက်၍ "ငါ အခြားသူတွေထက် ပိုတော်တယ်၊ ငါ အပြစ် မလုပ်တတ်ဘူး၊ ငါဟာ အခြားသူတွေနဲ့ တူတာ မဟုတ်" စသည်ဖြင့် ပြောနေသောကြောင့် ဖြစ်၏။ ထိုအချိန်မှာ အခွန်ခံသည် ဘုရားသခင့်ရှေ့ ရပ်နေရန်ပင် မသင့်ဟူ၍သိပြီး၊ ကိုယ်တော်အားလည်း ဘာမျှ ဆက်ကပ်နိုင်ခြင်းမရှိ ဖြစ်နေပါသည်။ သူသည် အပြစ်လုပ်သောသူတစ်ယောက် ဖြစ်သည်။ သမ္မာကျမ်းစာက ပြောသည်မှာ၊ ယေရှု သည် ဖြောင့်မတ်သူများကို ကယ်တင်ရန်လာသည်မဟုတ်၊ အပြစ်သားတို့ကို ကယ်တင်ရန် ကြွလာတော်မူသည်။ လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။ ဤအခွန်ခံသည် ကိုယ်ကိုကိုယ်နှိမ့်ချခြင်းဖြင့် ဘုရားသခင်၏အပြစ်လွှတ်ခြင်းနှင့် သနားခြင်းကို ခံရလေသည်။

ကျွန်ုပ်တို့က ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းအကြောင်းကို ပြောနေကြသည်။ ကျေးဇူးတော်သည် အံ့ဩဖွယ်စကားလုံး ဖြစ်သည်။ ၎င်း၏အဓိပ္ပာယ် မည်သို့ ရှိသည်ကို သဘောတူလက်ခံထားသည့် အနက်ဖွင့်ချက်တစ်ခုကို ကျွန်ုပ်ပြောပြပါမည်။ သို့သော် လည်း ကျေးဇူးတော်ဟူသည် ကျွန်ုပ်ပြောမည့်အရာထက် ပိုပြီး အဓိပ္ပာယ်ရှိသည်။ ဓမ္မသစ်ကျမ်းအထဲ ဂရိဘာသာစကားနှင့်ရေးသော "ကျေးဇူးတော်" စကားလုံးသည် **"charis "** ဖြစ်သည်။ ကျေးဇူးတော်ကို လက်ခံထားသည့် အနက်ဖွင့်ချက်သည် ဤသို့ ဖြစ်သည်။ မရသင့်မရထိုက်သူတစ်ယောက်သည် ဘုရားသခင်ဆီမှ  မထိုက်မတန် အခမဲ့ မျက်နှာရလိုက်ခြင်း ဖြစ်သည်။ အခွန်ခံသည် ဘုရား သခင်ဆီမှရရန် တစ်ခုတစ်လေမျှ ထိုက်တန်ခြင်း မရှိသူဖြစ်သော်လည်း၊ သူ့ကိုယ်သူနှိမ့်ချသောကြောင့်၊ ဘုရားသခင်၏မျက်နှာပေးခြင်း ကို ရလိုက်၏။ ဂရိဘာသာ စကားလုံးတွင်၊ **"charis "**စကားလုံး၌ **"ma"** နောက်ဆက်ထည့်ထားသော **"charisma"** စကားလုံး ရှိပါ သည်။ ၎င်းအဓိပ္ပာယ်မှာသီးသန့်သရုပ်သကန်ပြချက် (သို့မဟုတ်) ဘုရားသခင့်ကျေးဇူးတော်ပုံစံဖြစ်သည်။ ဤအခွန်ခံသည်ဆုကျေးဇူး ဘုရားသခင့်ရှေ့ ၌ ဖြောင့်မတ်ခြင်းတရားဖြင့် မှန်စွာရပ်တည်မှုကို တွေ့ ရှိခဲ့လေ၏။

(ရောမ ၅း၁၇)၌ ဤသို့ဆိုသည်။ "*ကျေးဇူးတော်၏ကြွယ်ဝခြင်းကိုင်း၊ ဖြောင့်မတ်ရာသို့ သွင်းပေးတော်မူခြင်းကိုင်း ခံရသော သူတို့သည်၊ တစ်ယောက်သောသူတည်းဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက် သာ၍ စိုးစံရလတ္တံ့။*" ဘုရားသခင်သည် ကိုယ်တော့်ရှေ့ မှန်ကန်စွာရပ်တည်နေခြင်းကို ဆုကျေးဇူးတစ်ခုအနေဖြင့်၊ သင်နှင့်ကျွန်ုပ်တို့အား ပေးလာသည်။ ကျွန်ုပ်တို့၏စာပုဒ် အရလည်း၊ အခွန်ခံသည်၊ ဖြောင့်မတ်စွာတရားစီရင်ခြင်းဆုကျေးဇူးကို တွေ့ ခဲ့ရသည်။ ၎င်းမှာ၊ ယေရှုခရစ်မှတစ်ဆင့်သာလျှင် ရနိုင် သည့်ဖြောင့်မတ်ခြင်း၏ဆုကျေးဇူးဖြစ်သည်။ (ယော ၁း၁၇)၌ သမ္မာကျမ်းစာက ဤသို့ ဆိုသည်။ "*အကြောင်းမူကား၊ ပညတ်တရား တော်ကို၊ မောရှေ လက်ထက်တွင် ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားဟူမူကား ယေရှုခရစ်အားဖြင့် ဖြစ်သတည်း။*" ဤ ကျေးဇူးတရားကို၊ ဘုရားသခင်၏ သနားခြင်းအတွက် ငိုကြွေး ဆုတောင်းနေကြကုန်သော၊ မိမိတို့ကိုယ်တိုင်မိမိတို့ စိတ်နှိမ့်ချလျက်၊ ဘုရားသခင့်ရှေ့ ၌ ရပ်နေရန်ပင် အခွင့်မရှိဟုသိကြသူများဖြစ်ကြသည့် လူတစ်မျိုးတည်းကိုသာလျှင် ပေးခြင်းဖြစ်သည်။ ဤလူများသည် ဘုရားသခင်၏ သနားခြင်းနှင့် လွတ်ငြိမ်းချမ်းသာပေးခြင်းကို ရှာတွေ့ ကြလိမ့်မည်။

# တပည့်တော်ဖြစ် မေးခွန်းများ

၁။ (လုကာ ၁၈း၉) ကို ဖတ်ပါ။ ဥပမာတစ်ခု ဆိုသည်မှာ ဘာလဲ။

**လုကာ ၁၈း၉** - *"ကိုယ်ကုသိုလ်ကို အမှီပြု၍ သူတစ်ပါးကို မထီမဲ့မြင်ပြုတတ်သောသူတချို့ တို့အား မိန့်တော်မူသော ဥပမာကား၊"*

၂။ (လုကာ ၁၈း၉) ကို ဖတ်ပါ။ ယေရှုက ဤဥပမာဖြင့် မည်သူတို့ကို ဦးတည်ပြောသနည်း။

၃။ (လုကာ ၁၈း၉) ၏ နောက်ဆုံးအပိုင်းကို ဖတ်ပါ။ ကိုယ်ကိုယ်ကို အမြဲဖြောင့်မတ်ခြင်းယူသည့်လူသည် အခြားသူများအပေါ်၌ သူ့စိတ်သဘောထားကို ပြတတ်သည်။ ဤ (လုကာ ၁၈း၉) ကျမ်းချက်အရ ထိုစိတ်သဘောထားသည် ဘာလဲ။

(က) အခြားသူများကို သူတို့ နှစ်သက်သည်။
(ခ) အခြားသူများကို သူတို့ မထီမဲ့မြင်ပြုသည်၊ အထင်သေးသည်။
(ဂ) အခြားသူများကို သူတို့ ချစ်သည်။

၄။ (လုကာ ၁၈း၁၀) ကို ဖတ်ပါ။ လူနှစ်ယောက် ဆုတောင်းရန် သွားကြသည်။ ခေတ်သစ် ဘာသာစကားနှင့်ဆိုလျှင်၊ သူတို့သည် ဆုတောင်းရန် ဘယ်ကို သွားကြသလဲ။

**လုကာ ၁၈း၁၀** - *"လူနှစ်ယောက်တို့သည် ဆုတောင်းပတ္ထနာပြုခြင်းငှါ ဗိမာန်တော်ပေါ်သို့ တက်ကြ၏။ တစ်ယောက်ကား ဖာရိရှဲဖြစ် ၏။ တစ်ယောက်ကား အခွန်ခံဖြစ်၏။ "*

၅။ (လုကာ ၁၈း၁၀) ကို ဖတ်ပါ။ ဤလူတွေ ဘယ်သူတွေလဲ။

၆။ (လုကာ ၁၈း၁၁) ကို ဖတ်ပါ။ ဖာရိရှဲ၏ ဆုတောင်းချက်မှာ ဘာတွေလဲ။

**လုကာ ၁၈း၁၁** - *"ဖာရိရှဲသည် တစ်ယောက်တည်းရပ်လျက်၊ အိုဘုရားသခင်၊ သူတစ်ပါး တို့သည် သဖြင့်ကျင့်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း အပြစ်ရှိသကဲ့သို့ ကျွန်ုပ်၌ မရှိသည်သာမက၊ ဤအခွန်ခံကဲ့သို့ပင် မဟုတ် သောကြောင့်၊ ကျေးဇူးတော်ကြီးလှပေ၏ ။"*

၇။ (လုကာ ၁၈း၁၂) ကို ဖတ်ပါ။ အစာရှောင်သည်ဆိုသည်မှာ ဘာကိုဆိုလိုသလဲ။

**လုကာ ၁၈း၁၂** - *"ကျွန်ုပ်သည် ခုနစ်ရက်တွင် နှစ်ရက်အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကို ဆယ်ဖို့တစ်ဖို့ လှူပါ၏ဟူ၍ ဆုတောင်းပဌ နာ ပြု၏။ "*

၈။ (လုကာ ၁၈း၁၂) ကို ဖတ်ပါ။ ဆယ်ဖို့တစ်ဖို့ ပေးရန်ဆိုသည်မှာ ဘာအဓိပ္ပာယ်လဲ။

၉။ (လုကာ ၁၈း၁၃) ကို ဖတ်ပါ။ အခွန်ခံသည် ဘယ်နေရာမှာ ရပ်နေသလဲ။ ဘာကြောင့်လဲ။

**လုကာ ၁၈း၁၃** - *"အခွန်ခံ မူကား၊ အဝေးကရပ်၍ ကောင်းကင်သို့ မမျှော်မကြည့်ဝံ့ဘဲ၊ ရင်ပတ်ကို ခတ်လျက်၊ အို ဘုရားသခင်၊ အပြစ်များသော အကျွန်ုပ်ကို သနားခြင်းကရုဏာစိတ် ရှိတော်မူပါဟု ဆုတောင်းလေ၏။ "*

၁၀။ (လုကာ ၁၈း၁၃) ကို ဖတ်ပါ။ အခွန်ခံသည် အဘယ့်ကြောင့် ခေါင်းငုံ့လျက်ရှိပြီး မော့မကြည့်ရသလဲ။

၁၁။ (လုကာ ၁၈း၁၃) ကို ဖတ်ပါ။ ဤအခွန်ခံ၏ ဆုတောင်းချက်သည် ဘာလဲ။

၁၂။ (လုကာ ၁၈း၁၄) ကို ဖတ်ပါ။ ဤလူနှစ်ယောက် အိမ်ပြန်ကြသည့်အခါ၊ သူတို့အထဲမှ မည်သူတစ်ယောက်သည် ဘုရားရှေ့၌ ဖြောင့်မတ်ခြင်းရှိ၏ဟု ကြေညာခံရသနည်း။

၁၃။ (လုကာ ၁၈း၁၄) ကို ဖတ်ပါ။ ဖာရိရှဲ မဟုတ်ဘဲ၊ အခွန်ခံသည် အဘယ်ကြောင့် ဖြောင့်မတ်၏ဟု ကြေညာခံရသနည်း။

**လုကာ ၁၈း၁၄** - *"ငါဆိုသည်ကား၊ ထိုသူသည် အပြစ်ပြေလျက် မိမိအိမ်သို့ပြန်သွား၏။ ဖာရိရှဲမူကား အပြစ်မပြေ။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ် ချီးမြှောက်သောသူ မည်သည်ကား နှိမ့်ချခြင်းသို့ ရောက်လတ္တံ့။ ကိုယ်ကိုကိုယ် နှိမ့်ချသောသူ မည် သည်ကား၊ ချီးမြှောက်ခြင်းသို့ ရောက်လတ္တံ့ဟု မိန့်တော်မူ၏။ "*

၁၄။ (လုကာ ၁၈း၁၄) ကို ဖတ်ပါ။ ဤအခွန်ခံကို ဘုရားသခင် အပြစ်လွှတ်ခဲ့ပါသလား။

၁၅။ (ရောမ ၁၀း၁၃) ကို ဖတ်ပါ။ အကယ်၍ သင်သည် ယခုပင် ဒူးထောက်ချပြီး၊ "ဘုရားသခင်၊ အပြစ်များသောကျွန်ုပ်ကို သနားခြင်း ကရုဏာစိတ်ရှိတော်မူပါ" ဟူ၍ စိတ်နှလုံးပါလျက် ဘုရားသခင်ရှေ့ ငိုကြွေးဆုတောင်းလေသော်၊ ကိုယ်တော်သည် အခွန်ခံအပေါ် ပြုမူတော်မူသည့်အတိုင်း သင့်အပေါ်တွင် ပြုမူတော်မူလိမ့်မည်လော။

**ရောမ ၁၀း၁၃** -*"အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှသည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတ္တံ့။ "*

**၁ ယော ၁း၈-၉** - *"ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင်၊ ကိုယ်ကိုကိုယ် လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာတရားမရှိ။ ကိုယ်အပြစ်တို့ကို ဖေါ်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ၊ ဘုရားသခင်သည် သစ္စာ တရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်း တရားနှင့်၎င်း ပြည့်စုံတော်မူ၏။ "*

# အဖြေ သော့ချက်

၁။ (လုကာ ၁၈း၉) ကို ဖတ်ပါ။ ဥပမာတစ်ခု ဆိုသည်မှာ ဘာလဲ။
**သမ္မာကျမ်းစာထဲက ပုံဥပမာတစ်ခုသည် ဝိညာဥ်ရေးရာ အမှန် တရားကို ပုံခိုင်းပြသော ဇာတ်လမ်းတစ်ခု ဖြစ်သည်။**

၂။ (လုကာ ၁၈း၉) ကို ဖတ်ပါ။ ယေရှုက ဤဥပမာဖြင့် မည်သူတို့ကို ဦးတည်ပြောသနည်း။
**သူတို့ ဖြောင့်မတ်မှန်ကန်သည်ဟု သူတို့ကိုယ်တိုင်က စိတ်ချမှုရှိနေသူများဖြစ်သည်။ သူတို့သည် ကိုယ်တိုင်ဖြောင့်မတ်ခြင်း ယူသည့်သူများ ပေတည်း။**

၃။ (လုကာ ၁၈း၉) ၏ နောက်ဆုံးအပိုင်းကို ဖတ်ပါ။ ကိုယ်ကိုယ်ကို အမြဲဖြောင့်မတ်ခြင်း ယူသည့်လူသည် အခြားသူများအပေါ်၌ သူ့စိတ်သဘောထားကို ပြတတ်သည်။ ဤ (လုကာ ၁၈း၉) ကျမ်းချက်အရ ထိုစိတ်သဘောထားသည် ဘာလဲ။
**(ခ) အခြားသူများကို သူတို့ မထီမဲ့မြင်ပြုသည်၊ အထင်သေးသည်။**

၄။ (လုကာ ၁၈း၁၀) ကို ဖတ်ပါ။ လူနှစ်ယောက် ဆုတောင်းရန် သွားကြသည်။ ခေတ်သစ်ဘာသာစကားနှင့်ဆိုလျှင်၊ သူတို့ သည် ဆုတောင်းရန် ဘယ်ကို သွားကြသလဲ။
**အသင်းတော်သို့ သွားကြသည်။**

၅။ (လုကာ ၁၈း၁၀) ကို ဖတ်ပါ။ ဤလူတွေ ဘယ်သူတွေလဲ။
**ဖာရိရှဲ တစ်ယောက်နှင့် အခွန်ခံ/အခွန်ကောက်သူတစ်ယောက်**

၆။ (လုကာ ၁၈း၁၁) ကို ဖတ်ပါ။ ဖာရိရှဲ၏ ဆုတောင်းချက်မှာ ဘာတွေလဲ။ အိုဘုရားသခင်၊ သူတစ်ပါးတို့သည် အနိုင်အထက် လုယူခြင်း၊ မတရားသဖြင့်ကျင့်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း အပြစ်များရှိကြသကဲ့သို့ ကျွန်ုပ်၌ မရှိသည်သာမက၊ ဤအခွန်ခံ ကဲ့သို့ပင် မဟုတ်သောကြောင့်၊ ကျေးဇူးတော်ကြီးလှပေ၏။
**(ငါ အပြစ်လုပ်တဲ့ သူတစ်ယောက် မဟုတ်ကြောင်း)**

၇။ (လုကာ ၁၈း၁၂) ကို ဖတ်ပါ။ အစာရှောင်သည်ဆိုသည်မှာ ဘာကိုဆိုလိုသလဲ။
**အစာကို မစားဘဲ နေခြင်း**

၈။ (လုကာ ၁၈း၁၂) ကိုဖတ်ပါ။ ဆယ်ဖို့တစ်ဖို့ ပေးရန်ဆိုသည်မှာ ဘာအဓိပ္ပာယ်လဲ။
**လူတစ်ယောက်ဝင်ငွေ၏ ၁၀% ကို ပေးရန်**

၉ ။ (လုကာ ၁၈း၁၃) ကို ဖတ်ပါ။ အခွန်ခံသည် ဘယ်နေရာမှာ ရပ်နေသလဲ။
**အဝေးက ရပ် ၍**
ဘာကြောင့်လဲ။
**သူသည် ဆိုးရွားစွာ အပြစ်များလုသောကြောင့် အသင်းတော်(ဗိမာန်တော်) အတွင်းသို့ဝင်ရန် ရှက်သည်ဖြစ်၍ အပြင်ဖက်၌ ရပ်နေပါသည**

၁၀။ (လုကာ ၁၈း၁၃) ကို ဖတ်ပါ။ အခွန်ခံသည် အဘယ့်ကြောင့် ခေါင်းငုံ့လျက်ရှိပြီး မော့မကြည့်ရသလဲ။
**သူ ရှက်နေပါသည်။**
သင်သည် အမှားတစ်ခုခု အမြဲ လုပ်ခဲ့ပြီးတော့ ထိုသူတစ်ယောက်၏ မျက်နှာကို သင် မော့ကြည့် ရဲမတဲ့လား။

၁၁။ (လုကာ ၁၈း၁၃) ကို ဖတ်ပါ။ ဤအခွန်ခံ၏ ဆုတောင်းချက်သည် ဘာလဲ။
**ဘုရားသခင်၊ ကျွန်ုပ်ကို သနားခြင်း ကရုဏာ ရှိတော်မူပါ။ ကျွန်ုပ်သည် အပြစ်သားတစ်ယောက် ဖြစ်ပါ၏။**

၁၂။ (လုကာ ၁၈း၁၄) ကို ဖတ်ပါ။ ဤလူနှစ်ယောက် အိမ်ပြန်ကြသည့်အခါ၊ သူတို့အထဲမှ မည်သူတစ်ယောက်သည် ဘုရား ရှေ့ ၌ ဖြောင့်မတ်ခြင်းရှိ၏ဟု ကြေညာခံရသနည်း။
**အခွန်ခံ ဖြစ်သည်။**

၁၃။ (လုကာ ၁၈း၁၄) ကို ဖတ်ပါ။ ဖာရိရှဲ မဟုတ်ဘဲ၊ အခွန်ခံသည် အဘယ်ကြောင့် ဖြောင့်မတ်၏ဟု ကြေညာခံရသနည်း။
**အဘယ်ကြောင့်ဆိုသော် ဘုရားရှေ့မှာ သူ့ကိုယ်သူ နှိမ့်ချသောကြောင့်ဖြစ်သည်။ ဖာရိရှဲမူကား မာနတရား အပြည့်ရှိနေ သည်။ သူ့ကို ကယ်ရန် ကယ်တင်ရှင်တစ်ပါး မလိုဟူ၍ တွေးထင်နေသူ ဖြစ်သည်။**

၁၄။ (လုကာ ၁၈း၁၄) ကို ဖတ်ပါ။ ဤအခွန်ခံကို ဘုရားသခင် အပြစ်လွှတ်ခဲ့ပါသလား။
**အပြစ် လွှတ်ခဲ့ပါသည်။**

၁၅။ (ရောမ ၁၀း၁၃) ကို ဖတ်ပါ။ အကယ်၍ သင်သည် ယခုပင် ဒူးထောက်ချပြီး၊ "ဘုရားသခင်၊ အပြစ်များသောကျွန်ုပ်ကို သနားခြင်းကရုဏာစိတ် ရှိတော်မူပါ" ဟူ၍ စိတ်နှလုံးပါလျက် ဘုရားသခင်ရှေ့ ငိုကြွေးဆုတောင်းလေသော်၊ ကိုယ်တော်သည် အခွန်ခံအပေါ် ပြုမူတော်မူသည့်အတိုင်း သင့်အပေါ် တွင် ပြုမူတော်မူလိမ့်မည်လော။
**ကိုယ်တော် ပြုတော်မူမည်။ ကိုယ်တော်သည် ငါတို့အပြစ်များ အားလုံးကိုလွှတ်၍ ဖြောင့်မတ်ခြင်းမရှိသောဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေတော်မူလိမ့်မည်။ (၁ ယော ၁း၈-၉) ကို ဖတ်ပါ။**

## သင်ခန်းစာ (၃)

# ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ခြင်း

ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ခြင်း အကြောင်းကို ယနေ့ ကျွန်ုပ်တို့လေ့လာသွားကြမည်။ (ရောမ ၃း၂၁-၂၃)၌ ပြောထားသည်။

"*ယခုမူကား၊ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့သည် သက်သေခံသည်နှင့်အညီ၊ ပညတ်တရားနှင့် မစပ်ဆိုင်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားတည်းဟူသော ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်၊ ယုံကြည်သောသူအပေါင်းတို့အဖို့ဖြစ်၍ ထိုသူအပေါင်းတို့ အပေါ်သို့ရောက်သော ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားသည် ထင်ရှားခဲ့ပြီ။ ခြားနားခြင်း အလျဉ်းမရှိ (ထူးခြားမှု)*။ အဘယ်ကြောင့် နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။* "

ဤကျမ်းစာပုဒ်က ပြောသော "*ပညတ်တရားနှင့် မစပ်ဆိုင်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရား*" ကို မှတ်သားပါ။ တစ်ခါက လူတစ်ယောက်ကို ကျွန်ုပ် မေးဖူးသည်။ "ကောင်းကင်ဘုံကိုရောက်ဖို့ ခင်ဗျား ဘာလုပ်ရမယ် တွေးမိပါသလဲ။" သူက ပညတ်တော်(၁၀)ပါးကို စောင့်ရမည်၊ ဇနီးသည်ကို သစ္စာရှိရမည်၊ ကိုယ်ကျင့်တရားကောင်းသောဘဝနှင့် နေထိုင်ရမည် စသည်ဖြင့် အခြားအကြောင်းအရာ အတော်များများနှင့် တုံ့ပြန်ဖြေဆိုပါသည်။ ကျွန်ုပ်ကဆက်ပြီး "*ဘုရားရှေ့တော်မှောက်၊ ကိုယ်တော့် နိုင်ငံတော်ထဲရောက် ဖို့၊ ကောင်းကင်ဘုံရောက်ဖို့ဆိုရင်၊ ဒီမှာ ခင်ဗျား ဘာလုပ်သင့်တယ်လို့ သိထားသလဲ။ ဘုရားသခင့် ဖြောင့်မတ်ခြင်း တန်းတူ ခင်ဗျားမှာ လည်း ရှိရမယ် ဆိုတာမျိုးပေါ့*" ဟု မေးလိုက်ပါသည်။ သူက " ဘယ်လို ဘယ်လို၊ ဘုရားသခင့် ဖြောင့်မတ်ခြင်းနှင့် တန်းတူ လူတစ် ယောက်မျှမရှိဘူးဗျ။ လူသားအဖြစ်ရောက်လာတဲ့သူတစ်ဦးမှာပဲ ရှိတယ်။ အဲဒါ ယေရှုခရစ်တော်ပဲ"လို့ သူဖြေသည်။ ကျွန်ုပ်က"ခင်ဗျား ဖြေနိုင်တယ်။ အတိအကျ အမှန်ပါပဲ" ဟု ချီးကျူးလိုက်သည်။ "ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းများ အမြဲပြည့်စုံအောင် စောင့်ထိန်း နေဖို့ဆိုတာ ကျွန်ုပ်တို့ ကိုယ်တိုင်၌၊ အပြင်ပိုင်းအားဖြင့်ရော၊ အတွင်းပိုင်းအားဖြင့်ရော၊ အဘယ်သူမျှ လုပ်နိုင်တာ မရှိပါဘူး။ ဒါပေမဲ့၊ ဘုရားရှေ့မှောက်မှာ လက်ခံခြင်းရဖို့အတွက်တော့၊ ဘုရားသခင့် နည်းတူ ဖြောင့်မတ်ခြင်းရှိဖို့ ကျွန်ုပ်တို့ လိုအပ်ပါလိမ့်မယ်။"

အငယ်(၂၁-၂၂)မှာ ဒါကို အတိအကျပြောထားပါတယ်။ "*ပညတ်တရားနှင့် မစပ်ဆိုင်သော ဘုရားသခင်၏ဖြောင့်မတ်ခြင်း တရားတည်းဟူသော ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်၊ ယုံကြည်သောသူအဖို့ဖြစ်၍ ထိုသူအပေါင်းတို့ အပေါ်သို့ရောက်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ထင်ရှားခဲ့ပြီ။*" သင်နှင့် ကျွန်ုပ်တို့အဖို့ ဘုရားသခင်ပေးသော ဖြောင့်မတ်ခြင်းတရားသည်၊ "ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်" ဖြစ်ပြီး၊ "ယုံကြည်သူအားလုံးနှင့် ထိုသူ အပေါင်းတို့အပေါ်သို့" ရောက်ရှိပါသည်။ ဖြောင့်မတ်ခြင်း နှစ်မျိုးနှစ်စားရှိပါသည်။ ၎င်းမှာ၊ လူ၏ ဖြောင့်မတ်ခြင်းနှင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း

ဖြစ်သည်။ လူ၏ဖြောင့်မတ်ခြင်းသည် ထိုသူ ၏အကောင်းဆုံး အပြုအမူနှင့် လုပ်ဆောင်ချက်များဖြစ်သော်လည်း၊ ထိုသို့အားဖြင့် သူသည် ဘုရားရှေ့ မှာ လက်ခံခြင်းတော့ မရနိုင်ပါ။ ထိုသူသည် ဘုရားသခင့်နည်းတူ ဖြောင့်မတ်ခြင်းရှိဖို့ လိုလိမ့်မည်။ ကိုယ်တော် ပေးကမ်းနေပါသည်။ ၎င်းမှာ ပညတ်တရားနှင့်မဆိုင် သောဘုရားသခင်၏ ဖြောင့်မတ်ခြင်း ဖြစ်သည်။

ဂရိကျမ်းစာသားထဲ၌ ဘုရားသခင်သည် ကိုယ်တော်၏ ကိုယ်တိုင်ဖြောင့်မတ်ခြင်းကို ပညတ်တော် လိုက်နာစရာမလိုဘဲ ပေးပါသည်ဟု စာသားဖြင့် တကယ် ပြောဆိုထားသည်ကို အတိအကျ ဖေါ်ပြချက် မတွေ့ရပါ။ ပညတ်တော်လိုက်နာခြင်းအရ ဖြောင့်မတ်ခြင်း သည်၊ ဘုရားသခင်ရှေ့ ၌ လက်ခံရစေရန် အလို့ငှါ၊ လုပ်ဆောင်မှု၊ ထိုက်ထိုက်တန်တန်ရမှု၊ အောင်မြင် ရရှိမှုတို့၏ ဖြောင့်မတ်ခြင်း ဖြစ်သည်။ ယနေ့ဘာသာရေးလောက အားလုံးသည်လည်း ဘုရားသခင် သင့်ကိုလက်ခံစေရန်အလို့ငှါ၊ လုပ်ယူရမည်၊ ထိုက်တန်ရယူ ရမည်၊ အောင်မြင် ရယူမည်ဖြစ်ကြောင်းကို လက်ခံကြသည်။ ဂရိစကား "ဧဝံဂေလိ" အဓိပ္ပာယ်သည် သတင်းကောင်း တရား ဖြစ်သည်။ ဧဝံဂေလိသတင်းကောင်းတရားဆိုသည်မှာ ဘုရားသခင်က ကိုယ်တော်၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကို ပေးကမ်းခြင်းနှင့် ယေရှုခရစ်၏ လုပ်ဆောင်ခြင်းများ၌ ယုံကြည်ကြသူအားလုံးကို လက်ခံခြင်း ဖြစ်သည်။ ယေရှုခရစ်၏လုပ်ဆောင်ချက်မှာ အပြစ်တရားများအတွက် ကိုယ်တော်၏ လက်ဝါးကပ်တိုင်အပေါ် အသေခံခြင်းနှင့်၊ ပညတ်တော်တန်းတူ ညီသော ဖြောင့်မတ်ခြင်းအတွက် အချက်အလက်များကို ကျွန်ုပ်တို့၌ ဖြည့်သွင်းပေးခြင်းတို့ ဖြစ်သည်။ ၎င်းတို့မှာ ပညတ်တရားနှင့်မဆိုင်သော၊ ကျွန်ုပ်တို့၏လုပ်ဆောင်မှု၊ ထိုက်ထိုက်တန်တန် ရရှိမှု၊ အောင်မြင်ရယူမှုမပါဘဲ၊ ယေရှုခရစ်၌ ယုံကြည်ခြင်းမှတစ်ဆင့်ရောက်လာသော ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်း ဖြစ်သည်။

အခန်းငယ်(၂၂)၌ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်၊ ယုံကြည်သောသူအဖို့ဖြစ်၍ ထိုသူအပေါင်းတို့ အပေါ် သို့ရောက်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရား ဆိုသည်ကို သတိပြုကြည့်ပါ။ ဘုရားသခင်သည် အဘယ်ကြောင့် လူအပေါင်းတို့အပေါ် ကိုယ်တော့် ဖြောင့်မတ်ခြင်း တရားကို ပေးနေသနည်း။ အကြောင်းမှာ"ခြားနားခြင်း အလျဉ်းမရှိ (ထူးခြားမှု)*။ အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရား သခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။" သင်တို့အပြစ်လုပ်သည်၊ ကျွန်ုပ်လည်း အပြစ်လုပ် သည် ကျွန်ုပ်တို့အကုန်လုံးသည် ဘုရားသခင်၏ စံချိန် (သို့မဟုတ်) စံလင်ခြင်းကို မမီနိုင်ပါ။ ကျွန်ုပ်တို့ အပြစ်ရှိကြသည့်အတွက် ကျွန်ုပ်တို့အတွက် အကြီးဆုံးလိုအပ်ချက်မှာ၊ ဘုရားသခင်နှင့် မှန်ကန်စွာ ဆက်ဆံရပ်တည်ခြင်းဖြင့် ကိုယ်တော်၏လက်ခံခြင်းကို ရရှိရန် ဖြစ်သည်။ ဤအတွက် ကိုယ်တော်လမ်းပြပေးလာသည်မှာ၊ ပညတ်တရားအမှုလုပ်ဆောင်ခြင်းမှ တစ်ဆင့် မဟုတ်ဘဲ၊ ယေရှုခရစ်တော် မှတစ်ဆင့် ရောက်လာရန် ဖြစ်သည်။ သင်တို့၏လုပ်ဆောင်ခြင်း၊ ကြိုးစားခြင်း၊ လုပ်အားအခရခြင်း (သို့မဟုတ်) ကြိုးပမ်းအောင်မြင်ရရှိ ခြင်းများအားဖြင့် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ရရှိကြမည် မဟုတ်ဘဲ၊ သခင်ယေရှုခရစ်တော်အပေါ် ယုံကြည်ခြင်း၊ မှီခိုခြင်း၊ အားထားခြင်းတို့မှတစ်ဆင့်သာလျှင် ရရှိကြမည်။

အာဗြဟံ(ဂျူးရှေးဖခင်)သည် မည်သို့ ကယ်တင်ခြင်းရရှိသနည်း။ သမ္မာကျမ်းစာက ပြောသည်မှာ၊

အာဗြဟံသည် ဘုရား သခင်ကို ယုံကြည်သည်၊ သူ့ကိုပေးထားသော ဘုရား ကတိတော်ကို ယုံကြည်သည်၊ ဖြောင့်မတ်ခြင်းကို သူ့ဖြစ်စဉ်အထဲ မှတ်သားခံခဲ့ရ သည်။ အာဗြဟံသည်၊ သူ၏ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ရှေ့ ဖြောင့်မတ်ခြင်းရှိသည်ဟု မှတ်ယူခံရခြင်းမှာ သူ့ တစ်ယောက်တည်း အတွက်သာ မဟုတ်ပါ။ (ရောမ ၃း၂၁-၂၂)တွင် ကျွန်ုပ်တို့ ဖတ်ကြည့်လျှင်၊ လူတစ်ယောက်သည် ယေရှုခရစ်၌ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ကြောင်း အလေးအနက် ဆိုထားသည်။ သမ္မာကျမ်းစာက ပြောသည်မှာ၊ ခရစ်တော်သည် ကျွန်ုပ်တို့အပြစ်များ အတွက် လက်ဂါးကပ်တိုင်ပေါ် သွေးယိုစီးကျခြင်းဖြင့် ပေးဆပ်ခဲ့သည့်အကြောင်းကြောင့်၊ ခရစ်တော်ကို ရိုးရိုးယုံကြည်ခြင်းရှိသူ မည်သူ တစ်ဦးတစ်ယောက်၏ ဖြစ်စဉ်အပေါ် သို့မဆို ဖြောင့်မတ်ခြင်း (မှန်ကန်စွာရပ်တည်မှု) ကို ထည့်မှတ်ပါသည်။

(ရောမ ၅း၁၇)၌ ဤသို့ဆိုသည်။ "*ထိုမှတစ်ပါး၊လူတစ်ယောက်သည် ပြစ်မှားသောကြောင့်၊ ထိုတစ်ယောက်သောသူအားဖြင့်၊ သေခြင်းတရားသည် အစိုးရ၏။ ကျေးဇူးတော်၏ကြွယ်ဝခြင်းကိုငင်း၊ ဖြောင့်မတ်ရာသို့ ပေးသွင်းတော်မူခြင်းကိုငင်း ခံရသော သူတို့သည် တစ်ယောက်သောသူတည်းဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက် သာ၍ စိုးစံရကြလတ္တံ့။*" ဘုရားသခင်သည် ရှေ့မှောက်တော်၌ ဖြောင့်မတ်ရာသို့ ပေးသွင်းခြင်း၊ မှန်စွာ ရပ်တည်နိုင်သည့်ဆုကျေးဇူးကို ပေးကမ်းလျက်ရှိသည်။ အကယ်၍ ကျွန်ုပ်က သင့်အား လက်ဆောင်တစ်ခုပေးပြီး အဖိုးအခတောင်းပါလျှင် ၎င်းသည် လက်ဆောင်(ဆုကျေးဇူး) မဟုတ်တော့ဘဲ၊ သင့်၌ တန်ဖိုးတစ်ခုခု တင်ရှိ နေလိမ့်မည်။ ဘုရားသခင်မူကား သင်နှင့် ကျွန်ုပ်တို့အတွက် ဖြောင့်မတ်ခြင်းကို ဆုကျေးဇူး(လက်ဆောင်)အဖြစ် ပေးနေပါသောကြောင့်၊ အပြစ်မရှိစီရင်ချက်နှင့် ဘုရားသခင်ရှေ့ မှန်စွာရပ်တည်နေနိုင်သော ဤဖြောင့်မတ်ခြင်း ဆုကျေးဇူးသည် ယေရှုခရစ်၌ ယုံကြည်ခြင်းမှ တစ်ဆင့် ရလာခြင်းဖြစ်ပေသည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (တိတု ၃း၅) ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဖန်တီးနိုင်သော ကျွန်ုပ်တို့အတွက် လိုအပ်သည့်ဖြောင့်မတ်ခြင်းကဲ့သို့ ဖြောင့်မတ်ခြင်း ဖြစ်ပါသလား။

**တိတု ၃း၅** - *"ငါတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်းကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်း နှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသောဂိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း ငါတို့ကို ကယ်တင်တော်မူ၏။*

၂။ (၂ ကော ၅း၂၁) ကို ဖတ်ပါ။ မည်သည့် ဖြောင့်မတ်မှုအမျိုးအစားကို ကျွန်ုပ်တို့ လိုအပ်ပါသနည်း။

**၂ ကော ၅း၂၁** - *"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ် ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည်အကြောင်းတည်း။*

၃။ (ရောမ ၃း၂၂) ကို ဖတ်ပါ။ ဤဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့ မည်သို့ ရရှိသနည်း။

**ရောမ ၃း၂၂** - *"ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်၊ ယုံကြည်သောသူအပေါင်းတို့အဖို့ဖြစ်၍ ထိုသူအပေါင်းတို့ အပေါ်သို့ရောက်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ထင်ရှားခဲ့ပြီ။ ခြားနားခြင်း အလျှင်းမရှိ။ "*

၄။ (ဖိလိပ္ပိ ၃း၁၁) ကို ဖတ်ပါ။ ပညတ်တရား၏ဖြောင့်မတ်ခြင်းသည် ဘာလဲ။

**ဖိလိပ္ပိ ၃း၁၁** - *"ပညတ်တရားအားဖြင့်ရသော ကိုယ်ဖြောင့်မတ်ခြင်းကို မကိုးစားဘဲ၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်ခြင်းတည်းဟူသော ယုံကြည်ခြင်းအတွက်ကြောင့်၊ ဘုရားသခင်ပေးတော်မူသော ဖြောင့်မတ်ခြင်းကို ကိုးစားသဖြင့် ခရစ်တော်ကို အမြတ်ရ၍ ထိုသခင်၌ တည်ပါမည့်အကြောင်း၊ ..."*

၅။ (ဂလာတိ ၂း၂၁) ကို ဖတ်ပါ။ ဘုရားသခင့်ကျေးဇူးတော်ကို ကျွန်ုပ်တို့ မည်သို့ နှောင့်ယှက် ကြသနည်း။

**ဂလာတိ ၂း၂၁** - *"ဘုရားသခင်၏ကျေးဇူးတော်ကို ငါမပယ်။ ပညတ်တရားကို အမှီပြု၍ ဖြောင့်မတ်ရာသို့ရောက်နိုင်လျှင် ခရစ်တော် သည် အချည်းနှီး အသေခံတော်မူပြီ။ "*

၆။ (ရောမ ၅း၁၇) ကို ဖတ်ပါ။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့ မည်သည့်နည်းဖြင့် ရရှိသနည်း။

**ရောမ ၅း၁၇** - *"ထိုမှတစ်ပါး၊ လူတစ်ယောက်သည် ပြစ်မှားသောကြောင့်၊ ထိုတစ်ယောက်သော သူအားဖြင့်၊ သေခြင်းတရားသည် အစိုးရ၏။ ကျေးဇူးတော်၏ ကြွယ်ဝခြင်းကိုငင်း၊ ဖြောင့်မတ်ရာသို့ ပေးသွင်းတော်မူခြင်းကိုငင်း ခံရသောသူတို့သည် တစ်ယောက်သော သူတည်းဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက် သာ၍ စိုးစံရကြလတ္တံ့။ "*

# အဖြေ သော့ချက်

၁။ (တိတု ၃း၅) ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဖန်တီးနိုင်သော ကျွန်ုပ်တို့အတွက် လိုအပ်သည့် ဖြောင့်မတ်ခြင်းကဲ့သို့ ဖြောင့်မတ်ခြင်း ဖြစ်ပါသလား။
**မဖြစ်ပါ။ မဟုတ်ပါ။**

၂။ (၂ ကော ၅း၂၁) ကို ဖတ်ပါ။ မည်သည့် ဖြောင့်မတ်မှုအမျိုးအစားကို ကျွန်ုပ်တို့ လိုအပ်ပါသနည်း။
**ဘုရားသခင်၏ ဖြောင့်မတ်ခြင်း (ခရစ်တော် မှတစ်ဆင့် ရသော)**

၃။ (ရောမ ၃း၂၂) ကို ဖတ်ပါ။ ဤဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့ မည်သို့ ရရှိသနည်း။
**ယေရှုခရစ်၌ ဖြောင့်မတ်ခြင်း မှတစ်ဆင့်**

၄။ (ဖိလိပ္ပိ ၃း၁၁) ကို ဖတ်ပါ။ ပညတ်တရား၏ဖြောင့်မတ်ခြင်းသည် ဘာလဲ။
**ကျွန်ုပ်ပိုင်သော ကျွန်ုပ်၏ဖြောင့်မတ်ခြင်း၊ ကျွန်ုပ် ထုတ်လုပ်နိုင်သော ဖြောင့်မတ်ခြင်း လုပ်ငန်းတစ်ခု**

၅။ (ဂလာတိ ၂း၂၁) ကို ဖတ်ပါ။ ဘုရားသခင့်ကျေးဇူးတော်ကို ကျွန်ုပ်တို့ မည်သို့ နှောင့်ယှက်ကြသနည်း။
**ယေရှုခရစ်နှင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့ကိုယ်စား ကိုယ်တော် အသေခံ ပေးခဲ့သည်ကို ယုံကြည်ခြင်းအစား၊ ကျွန်ုပ်တို့ကောင်းသောအမှုများပြု၍ ကိုယ်ကိုကိုယ် ကယ်တင်ရန်ကြိုးစားခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို အနှောင့်အယှက်ပေးနိုင်သည်။**

၆။ ( ရောမ ၅း၁၇ ) ကို ဖတ်ပါ။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့ မည်သည့်နည်းဖြင့် ရရှိသနည်း။
**ဆုကျေးဇူး(လက်ဆောင်)အဖြစ်**

# သင်ခန်းစာ (၄)
# ဘုရားသခင်နှင့် ရင်းနှီးဆက်ဆံခြင်း

ဆက်ဆံရေးနှင့်ပတ်သက်၍ အရေးအကြီးဆုံးအရာများအနက် တစ်ခုသည် သင်တို့ဆက်ဆံသွားမည့်သူကိုနားလည်သဘောပေါက်နေ ရန်ဖြစ်သည်။ ဘုရားသခင်ကို ဆက်ဆံရာ၌လည်း ထိုသို့ကျင့်သုံးသည်။ ဘုရားသခင်နှင့်အတူ ကောင်းမွန်သော ရင်းနှီးဆက်ဆံခြင်း ရှိစေရန်အလို့ငှါ သင်သည် ဘုရားသခင်၏သဘောတော်နှင့် စရိုက်လက္ခဏာများကို နားလည်သဘောပေါက်ဖို လိုပါသည်။ ဘုရားသခင် ၏စရိုက်နှင့် သဘောတော်ကို နားလည်သဘောမပေါက်ခြင်းသည် ယနေ့လူအတော်များများတို့၏ ကိုယ်တော်နှင့်အတူ အကျိုးရှိသော ဆက်ဆံရေးမဟုတ်သည့် အကြောင်းပြချက်များအနက် တစ်ခု ဖြစ်နေရပါသည်။ ဤအချက်သည် အာဒံနှင့်ဧဝတို့ မြွေ၏ ဖြားယောင်း သွေးဆောင်မှုကိုခံရစဉ် ဧဒင်ဥယျာဉ်အတွင်း၌ ဖြစ်ပျက်ခဲ့သည့်အကြောင်း အတိအကျဖြစ်သည်။ သူတို့သည် သွေးဆောင်ခံရသဖြင့်၊ ဘုရားသခင်ကို အဆုံးစွန် မနာခံခြင်းအဖြစ်နှင့်၊ လူသားမျိုးနွယ်တစ်ရပ်လုံးသည် အပြစ်တရား အောက်သို့ ထိုးစိုက် ဆင်းခဲ့ရလေသည်။ သူတို့၏ဘုရားသခင့်သဘောတော်ကို နားလည်သဘောပေါက်မှု မရှိခြင်းသည် သွေးဆောင် ခံရခြင်း၌ တကယ့်အပိုင်း တစ်ခု ဖြစ်လာရပါသည်။

ကမ္ဘာဦးကျမ်း(၃း၁-၅) ၌ ဖေါ်ပြသော ဇာတ်လမ်းသည် လူအများဆုံးနှင့် ရင်နှီးပြီးဖြစ်သည်။ *"မြွေသည် ထာဝရအရှင် ဘုရားသခင် ဖန်ဆင်းတော်မူသော မြေတိရစ္ဆာန်တကာတို့ထက် လိမ္မာသည်ဖြစ်၍၊ မိန်းမအား၊ သင်တို့သည် ဥယျာဉ်၌ရှိသမျှသောအပင်တို့၏ အသီးကိုမစားရဟု ဧကန်စင်စစ် ဘုရားသခင်မိန့်တော်မူသလောဟု မေး၏။ မိန်းမကလည်း၊ ငါတို့သည် ဥယျာဉ်၌ရှိသော အပင်တို့၏အသီးကို စားရသောအခွင့်ရှိ၏။ ဥယျာဉ်အလယ်၌ရှိသောအပင်၏ အသီးကိုကား သင်တို့သည် မကိုင်မစားဘဲနေကြလော့။ သို့မဟုတ် သေမည်ဟု ဘုရားသခင်အမိန့်တော်ရှိသည်ဟုမြွေအားဆို၏။ မြွေကလည်းသင်တို့သည်ဧကန်အမှန်သေရကြမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည်မျက်စိပွင့်လင်းလျက်၊ ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတ္တံ့သည်ကို ဘုရားသခင် သိတော်မူသည်ဟု မိန်းမအား ဆိုလေ၏။"*

ဤတွင် ဘုရားသခင်မှာ အမှန်ကောင်းသောဘုရား မဟုတ်ကြောင်း၊ စာတန်၏ ပါးနပ်စွာ ပြောဆိုချက်ကို တွေ့ရမည်ဖြစ်သည်။ ၎င်းမှာ ဘုရားသခင်သည် အာဒံနှင့်ဧဝတို့ကို တစ်စုံတစ်ရာထိန်းချုပ်ဖို့ကြိုးစားနေကြောင်း၊ သူတို့ စွမ်းအားအပြည့်တက်လာရန် သူတို့၌ ကိုယ်တော်မလိုလားသည်ကိုင်း၊ သူတို့ ဘုရားသခင့်နည်းတူဖြစ်လာရန် ကိုယ်တော် မလိုလား သည်ကိုင်း၊ ကောင်းမကောင်းသိကျွမ်းရာ အပင်၏အသီးကို မစားဖို့ သူတို့အား စည်းကမ်းထုတ်၍ တားဆီးထားရသည့်အကြောင်းမှာလည်း သူတို့၌ ခက်ခဲခြင်း၊ နာကျင်ခြင်း၊ ဖစ်စေရန်သာရှိကြောင်း ပါးနပ်စွာ ဆိုလေသည်။ စဉ်းစားကြည့်ရင်၊ စာတန်သည် ဘုရားသခင်၏သဘာဝနှင့် စရိုက်လက္ခဏာအတိုင်း အာဒံနှင့်ဧဝအနားသို့ ချဉ်းကပ်ရောက်လာပြီး၊ ဘုရားသခင်သည် သူတို့ကို အကောင်းဆုံးမဖြစ်စေလိုကြောင်းဖြင့် ကိုယ်တော်ကိုရှုတ်ချပြောဆို လာနေသည်။ ယနေ့ကာလ

လူများ၌လည်း ထိုအတိုင်းအတိအကျဖြစ်ပျက်နေပါသည်။ စာတန်ပြောနေပါသည်။ "တကယ်လို့ မင်းတို့က ဘုရားနောက်လိုက်နေပြီးတော့၊ ဘုရားပြောတဲ့စကားနဲ့ ဆန့်ကျင် ဖြစ်ပျက်နေတာအားလုံးကို မကြုံတွေ့ ဖူးဘူးဆိုရင်၊ စစ်မှန်တဲ့ ဂမ်းမြောက်မှုကို မင်းတို့ ဘယ်တော့မှ မတွေ့ရတော့ဘူး။ဘဂဟာ ပျင်းစရာနဲ့ အသေပဲကွ။" ဂမ်းနည်းဖို့ ကောင်းတဲ့ဖြစ်ရပ်မှန် ပြောရရင်၊ လူတွေဟာ ဘိန်းစား၊ အရက်သောက်၊ ကာမဂုဏ်အပျော်ကျူး၊ ပုန်ကန်၊ ကိုယ်ကျိုးအတွက် ဖိမ်ခံခြင်း၊ လုပ်ငန်းအောင်မြင်မှုများနှင့် အခြားအရာများစွာတို့အပေါ် အမျိုးမျိုး အတွေ့အကြုံရဖို့ ကြိုးစားတတ်ကြပြီး၊ တစ်ချိန်တည်းမှာ သူတို့ရဲ့ လိုအင်ဆန္ဒကျေနပ်မှုကို မရလိုက်ကြောင်း အမှန်သိရှိလာကြသောအခါ၊ သူတို့၏ဘဂ၊ မိသားစုနဲ့ သူတို့ကျန်းမာရေးကို ဖျက်ဆီးပြီးသား ဖြစ်နေတတ်ကြသည်။

အမှန်တရားမှာ ဘုရားသခင်သည် ကောင်းသောဘုရားဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော်၏ အလိုတော်သည်အကောင်းသက်သက် ဖြစ်သည်။ စာတန်သည် ဧဒင်ဥယျာဉ်၌ အာဒံနှင့်ဧဝ ဆီသို့ရောက်လာပြီး၊ တူညီသောသွေးဆောင်ခြင်းနည်းအတိုင်း၊ ယနေ့ ကျွန်ုပ်တို့ အပေါ်တွင်လည်း အသုံးပြုလာ နေပါသည်။ အခြေခံအားဖြင့် ဘုရားသခင်သည် ကောင်းသောဘုရား မဟုတ်ကြောင်း သွယ်ဝိုက်ပြောဆို ဖြားယောင်းနေခြင်း ဖြစ်သည်။ သမ္မာကျမ်းစာကို နားလည်သဘောပေါက်မှု နည်းနည်းသာရှိကြသူများသည် ထိုခံစားမှုမျိုး ရနိုင်သည်။ အဘယ်ကြောင့်ဆိုသော်၊ နှုတ်ကပတ်တော်ထဲမှာ ဘုရားသခင်သည် လူတွေကို ကြမ်းတမ်းစွာ ရက်စက်စွာပြောသော ကိစ္စများ ရှိခဲ့ပါသည်။ တောလည်ရာကျမ်း (၁၅း၃၂-၃၆)၌၊ ဥပုသ်နေ့တွင် လူတစ်ယောက်သည် ထင်းခွေခြင်းဖြင့် ဥပုသ်နေ့စောင့်ရန် ပျက်ကွက်သူ ဖြစ်သောကြောင့် ကျောက်တုံးဖြင့် အသေပစ်သတ်ခြင်းများ ရှိခဲ့ပါသည်။ ဤအဖြစ်အပျက်သည် ကြမ်းတမ်းသည် ဆိုသော်လည်း ပြစ်ဒဏ်၏နောက်ကွယ်တွင် ရည်ရွယ်ချက် အထင်အရှား ရှိနေပါသည်။ သို့ရာတွင် သမ္မာကျမ်းစာကို သာမန်ကာလျှံကာ ဖတ်ရှုကြသူ လူအများတို့အတွက်တော့ သိသိသာသာ ဖြစ်မလာပါ။ အသေးစိတ်လေ့လာခြင်းမှ ဖွင့်ပြပေးသည်မှာ၊ ဓမ္မဟောင်းကျမ်းပညတ်တရားသည်၊ (ရောမ ၇း၁၃)၌ ရှင်ပေါလုပြောသည့်အတိုင်း၊ ကျွန်ုပ်တို့၌ အပြစ်ရှိခြင်းကို ထင်ရှားစေပြီး၊ ကျွန်ုပ်တို့ကို အလွန်အပြစ်နှင့်ပြည့်စုံခြင်းသို့ ဆိုက်ရောက်စေပါသည်။ ရည်ရွယ်သည်မှာ၊ ဒုစရိုက်သည် အဘယ်မျှ လူကို သေစေကြောင်းနှင့်၊ သူတို့သည် ဘုရားသခင်ကို အဘယ်မျှအနှောင့်အယှက်ပေးနေကြောင်းတို့ကို သူတို့ အမှန်မသိကြခြင်းဖြစ်သည်။ သူတို့အချင်းချင်း ယှဉ်ပြိုင်နေကြခြင်းနှင့် အခြားသူများ ဘာလုပ်နေသည်ကို သူတို့တိုင်းတာနေခြင်းတို့ဖြင့် သူတို့အမှားကို သူတို့ ဆက်လုပ်နေခြင်းလည်းဖြစ်သည်။

အကယ်၍ တစ်ယောက်ယောက်က ဒုစရိုက်လုပ်လိုက်ပြီး၊ သေခြင်းအန္တရာယ်လည်း ဖြစ်မလာဘူး ဆိုလျှင်၊ သူတို့က ဒုစရိုက် သည် သိပ်မဆိုးလှဟူ၍ အတွေးနှင့်၊ သူတို့ရဲ့စံချိန်ကို သူတို့ နိမ့်ချလိုက်လေသည်။ သူတို့၏ ဘယ်ဟာအမှန်၊ ဘယ်ဟာအမှားဆိုသည့် မျက်မြင် တစ်ဆုံး မြင်ကွင်းလည်း ပျောက်ဆုံးသွားလေသည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို၊ မှန်ကန်စွာ နေထိုင်ရမည့် ပုံမှန်စံချိန် တစ်ခုနှင့်၊ ရေချိန်သီမျဉ်းကြောင်းပေါ်သို့ ပြန်ခေါ်တင်နေပါသည်။ ထိုသို့ဖြင့် လူသည်၊ စာတန်နှင့်၎င်း၏ ဖြားယောင်းသွေးဆောင်ခြင်းကို ငြင်းလွှတ်၍ အမှားရွေးချယ်မှု ၏ရလဒ်များကို မှတ်မိနေရကြလိမ့်မည်။ ထိုသို့ ဘုရားသခင်သည်၊ လူ၌ ပြုတော်မူပြီးသည့်အခါ၊ ကိုယ် တော်ပေးသည့် ပညတ်တော်တို့ကို လူတို့အား စောင့်ထိန်းစေတော်မူသည်။

ဘုရားသခင်သည်၊ ဓမ္မဟောင်းကျမ်းပညတ်တော်များကို "ဤအရာအားလုံးကို သင်တို့စောင့်ထိန်းပါမှ၊

ငါသည် သင်တို့ကို လက်ခံမည်၊ ချစ်မည်”ဆိုပြီး၊ ပေးထားသည်မဟုတ်ပါ။ ဤသို့သောအဆိုသည် ကိုယ်တော်၏သဘောတော်၊ လက္ခဏာတော်မဟုတ်ပါ။ အတိအကျ ပြောရရင်၊ ကိုယ်တော်သည်၊ ကျွန်ုပ်တို့၏အမှားအမှန်အမြင် ပိုမိုထက်မြက်ရန်နှင့် ကယ်တင်ရှင် လိုလိမ့်မည်ဖြစ်ကြောင်း ဖြစ်ရပ်မှန်ဆီသို ကျွန်ုပ်တို့ ပြန်လှည့်လာနိုင်ရန် ကျွန်ုပ်တို့ကို လမ်းပြ ပေးခြင်းဖြစ်သည်။ ပြဿနာဖြစ်နေရသည်မှာ၊ လူအတော်များများ က သူတို့ကို ဘုရားသခင် ချစ်နိုင်ဖို့ သူတို့၌ စုံလင်ခြင်းကို ကိုယ်တော်တောင်းဆိုနေသည်ဟု တွေးနေကြသည်။ ဤသို့ဖြင့် ဘုရား သခင်၏ ချစ်ခြင်းသည် သူတို့အတွက် သူတို့၏ဆောင်ရွက်ချက်နှင့် တိုက်ရိုက်အချိုးကျနေကြောင်း မှတ်ယူနေသည့်ဟန် ပေါက်နေကြ သည်။ သူတို့၏ခံစားချက်မှာ၊ သူတို့ကြိုးစားလုပ်ဆောင်ချက်အားလုံးသည် အတိအကျ မှန်မှန်ကန်ကန် မဖြစ်မချင်း၊ သူတို့ကို ဘုရား သခင် လက်ခံလိမ့်မည်မဟုတ်ဟူ၍ ဖြစ်သည်။ ဤအချက်သည် သမ္မာကျမ်းစာက ပြောသော သတင်းစကား မဟုတ်ပါ။

ဘုရားသခင်၏စိတ်နှလုံးတော်သည် လူသားတို့ကို စစ်ကြောစီရင်ရန်မဟုတ်၊ သူတို့ အပြစ်များကို စွဲတင်ရန်မဟုတ်၊ အပြစ် တရားနှင့် သူတို့ကို ချည်နှောင်ထားရန် မဟုတ်ဘဲ၊ သူတို့ကို ကိုယ်တော်နှင့် ရန်ငြိမ်းလာစေရန်လိုလားတော်မူခြင်းဖြစ်သည်။ ဤအရာသည် သမ္မာကျမ်းစာထဲက လူသားအတွက် ဘုရားသခင်၏စိတ်နှလုံးတော်ဖြစ်ပြီး၊ ယနေ့ သင်တို့အတွက်လည်းဖြစ်ပေသည်။ (၁ ယော ၄း၈)၌ ပြောသော "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏” ဆိုသည့်အတိုင်း ကိုယ်တော်၏ စိတ်နှလုံးအမှန်ကို သင်တို့ နားလည်ဖို့လိုအပ်သည်။ ဘုရားသခင်သည် သင်တို့အပြစ်များနှင့် သင်တို့ ကိုယ်တော်နှင့်လမ်းခွဲထွက်စေမည့် မည်သည့်အရာဖြစ်ဖြစ် အားလုံးကို ဖယ်ရှားပစ်ရန် ရှာဖွေနေပါသည်။ ဤအတွက် ယေရှုခရစ်တော်မှတစ်ဆင့် ကိုယ်တော် ပြုတော်မူ ခဲ့ပြီး လေပြီ။ ယနေ့ ကိုယ် တော်သည် သင်တို့၏ ဆောင်ရွက်ချက်များအပေါ်၌ မဟုတ်ဘဲ၊ သင်၏ယုံကြည်ခြင်းနှင့် သင့်အပြစ်များကို သယ်ဆောင်သွားသော ယေရှုကို လက်ခံခြင်းတို့အပေါ်၌ အခြေခံလျက်၊ ကိုယ်တော်နှင့်ဆက်ဆံရေးကို ပေးကမ်းနေသည်။ သင်တို့သည် ဘဂ၌ အရှုံးများ အကြောင်းနှင့် မပတ်သက်ဘဲ၊ ယနေ့တွင် ဘုရားသခင်နှင့် ရင်နှီးဆက်ဆံယူနိုင်ကြသည်။ ဘုရားသခင့်တောင်းဆိုချက် အလုံးစုံသည်၊ သင်တို့၌ သခင်ယေရှုခရစ်တော်ကို ယုံကြည်မှုရှိရန် ဖြစ်သည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ကမ္ဘာ ၃း၁) ကို ဖတ်ပါ။ စာတန်သည် ဧဝကို ဘာ မေးခွန်း မေးသနည်း။

**ကမ္ဘာ ၃း၁** - *"မြွေသည် ထာဝရအရှင်ဘုရားသခင် ဖန်ဆင်းတော်မူသော မြေတိရစ္ဆာန်တကာတို့ထက် လိမ္မာသည်ဖြစ်၍၊ မိန်းမ အား သင်တို့သည် ဥယျာဉ်၌ရှိသမျှသော အပင်တို့၏အသီးကို မစားရဟု ကေန်စင်စစ် ဘုရားသခင် မိန့်တော်မူ သလောဟု မေး၏။"*

၂။ (ကမ္ဘာ ၂း၁၇)နှင့် (ကမ္ဘာ ၃း၃) တို့ကို ဖတ်ပါ။ ဘုရားသခင်သည် အာဒံကို တကယ် ပြောခဲ့သည့် စကားအပေါ် ဧဝက မည်သည့် စကားအပို ထည့်ပြောခဲ့သနည်း။

**ကမ္ဘာ ၂း၁၇** - *"ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတစ်ပါး၊ ထိုအပင်၏အသီးကိုကား မစားရ။ စားသောနေ့တွင် ကေန် အမှန် သေရမည်ဟု လူကို ပညတ်ထားတော်မူ၏။"*

**ကမ္ဘာ ၃း၃** - *"ဥယျာဉ်အလယ်၌ရှိသောအပင်၏အသီးကိုကား၊ သင်တို့သည် မကိုင်မစားဘဲ နေကြလော့။ သို့မဟုတ် သေမည်ဟု ဘုရားသခင် အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။"*

၃။ (ကမ္ဘာ ၃း၆) ကို ဖတ်ပါ။ စာတန်သည် ဧဝ၏စိတ်နှလုံးထဲသို့ ဘုရားစကားတော်နှင့်ပတ်သက်ပြီး သံသယကို သွင်းပေးလိုက် ပြီးသည်နှင့် ဤကျမ်းချက်အရ ဧဝ ဘာလုပ်ခဲ့သနည်း။

**ကမ္ဘာ ၃း၆** - *"ထိုအပင်သည် စားဖွယ်ကောင်းခြင်း၊ အဆင်းလည်း လှခြင်း၊ ပညာတိုးပွားစေလိုအံ့သောငှါ နှစ်သက်ဖွယ်သော အပင်ဖြစ်ခြင်းကို မိန်းမသည် မြင်လျှင် အသီးကို ယူ၍ စား၏။ မိမိ ခင်ပွန်းအားလည်း ပေး၍ သူသည်လည်း စား၏။"*

၄။ (ကမ္ဘာ ၃း၉-၁၀) ကို ဖတ်ပါ။ အာဒံနှင့် ဧဝတို့ အပြစ်လုပ်ပြီးနောက်တွင်၊ ဘုရားသခင်သည် သူတို့နှင့် ဆက်သွယ်နေဆဲ၊ ဆက်ဆံနေဆဲ ရှိသလား။

**ကမ္ဘာ ၃း၉-၁၀** - *"ထာဝရအရှင် ဘုရားသခင်ကလည်း၊ သင်သည် အဘယ်မှာ ရှိသနည်းဟု လူကို ခေါ်တော်မူ၏။ လူကလည်း ဥယျာဉ်၌ ကိုယ်တော်၏အသံကို ကျွန်တော်ကြားလျှင်၊ အဝတ်ချည်းစည်းရှိသောကြောင့်၊ ကြောက်၍ ပုန်းလျက် နေပါသည်ဟု လျှောက်လေ၏။*

၅။ (ကမ္ဘာ ၃း၂၂-၂၄) ကို ဖတ်ပါ။ ဥယျာဉ်ထဲမှ အာဒံနှင့် ဧဝတို့ကို ဘုရားသခင် ဘာကြောင့် မောင်းထုတ်ရသနည်း။

**ကမ္ဘာ ၃း၂၂-၂၄** - *"ထာဝရအရှင် ဘုရားသခင်ကလည်း လူသည် ငါတို့တွင် တစ်ပါးပါးကဲ့သို့ဖြစ်၍၊ ကောင်းမကောင်းကို သိတတ်၏။ ယခုမှာ သူသည် ထာဝရအသက်ကို ရခြင်းငှါ လက်ကိုဆန့်လျက် အသက်ပင်၏အသီးကိုယူ၍ မစားသင့်ဟု မိန့် တော်မူ၍ လူသည် မိမိထွက်သောမြေ၌ လုပ်ရမည်အကြောင်း၊ ထာဝရအရှင် ဘုရားသခင်သည် ဒေင်ဥယျာဉ်ထဲ က လွှတ်လိုက်တော်မူ၏။ ထိုသို့ လူကို နှင်ထုတ်ပြီးလျှင်၊ အသက်ပင်လမ်းကို စောင့်ရှောက်စေခြင်းငှါ၊ မီးစက်လက် နက်နှင့်တကွ ခေရုဗိမ်တို့ကို ဥယျာဉ်အရှေ့ဘက်၌ ထားတော်မူ၏။*

၆။ ဤတွင် ဘုရားသခင် ပြစ်ဒဏ်ပေးခြင်းထက် ကိုယ်တော်၏သနားခြင်းကရုဏာတော်ကို သင် မြင်ပါသလား။

၇။ (ရောမ ၅း၁၇) ကို ဖတ်ပါ။ ဘုရားသခင်၏ ကျေးဇူးတော်စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်း ဆုကျေးဇူးကို ကျွန်ုပ်တို့ မည်သို့ လက်ခံရရှိသနည်း။

(က) အဖိုးပေး၍ ဝယ်ယူသည်။
(ခ) လုပ်အားခအဖြစ် ရရှိသည်။
(ဂ) လက်ခံရရှိခြင်း ဖြစ်သည်။

**ရောမ ၅း၁၇** - *"ထိုမှတစ်ပါး၊ လူတစ်ယောက်သည် ပြစ်မှားသောကြောင့် ထိုတစ်ယောက်သောသူအားဖြင့် သေခြင်းတရားသည် အစိုးရ၏။ ကျေးဇူးတော်၏ ကြွယ်ဝခြင်းကိုငှင်း၊ ဖြောင့်မတ်ရာသို့ သွင်းပေးတော်မူခြင်းကိုငှင်း ခံရသောသူတို့သည် တစ်ယောက်သောသူတည်းဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက် သာ၍ စိုးစံရကြလတ္တံ့။"*

၈။ (ရောမ ၆း၂၃) ကို ဖတ်ပါ။ ကျွန်ုပ်တို့ အပြစ်လုပ်လျှင် ဘာ ထိုက်ထိုက်တန်တန် အမှန်ရမည်နည်း။

**ရောမ ၆း၂၃** - *"အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင် ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။"*

၉။ ကျေးဇူးတော်အားဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဘာ အစားထိုးပေးသနည်း။

၁၀။ (ရောမ ၁၀း၃) ကို ဖတ်ပါ။ ဘုရားသခင့်ရှေ့တော်မှောက်၌ ကျွန်ုပ်တို့ ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကို တည်ဆောက်ရန်ကြိုးစား လျှင်၊ ကျွန်ုပ်တို့လုပ်ဆောင်ရန် ဘာအန္တရာယ် ရှိသနည်း။

**ရောမ ၁၀း၃** - *"ထိုသူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို မသိဘဲ၊*

*ကိုယ်ဖြောင့်မတ်ခြင်းကို တည်စေခြင်းငှါ ရှာကြံ သောကြောင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို ဂန်မခံကြ။"*

၁၁။ (၁ ယော ၁း၉) နှင့် (ရောမ ၄း၃) ကို ဖတ်ပါ။ ဘုရားသခင်၌ ကျွန်ုပ်တို့ ယုံကြည်ခြင်း ရှိလျှင်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အပြစ်နှင့် ဆိုးညစ်ခြင်းများ အားလုံးကို ဖြေရှင်းပေးရန် ကိုယ်တော် ဘာ ကတိတော်ပေးခဲ့သနည်း။

**၁ ယော ၁း၉** - *"ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ၊ ဘုရား သခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏။"*

**ရောမ ၄း၃** - *"ကျမ်းစာ၌ အဘယ်သို့ လာသနည်း။ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည် ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။"*

၁၂။ ဤတွင် ဘုရားသခင်၏စရိုက်လက္ခဏာတော်နှင့်ပတ်သက်ပြီး သင့်ကိုဘာပြောနေသနည်း။

# အဖြေ သော့ချက်

၁။ (ကမ္ဘာ ၃း၁) ကို ဖတ်ပါ။ စာတန်သည် ဧဝကို ဘာ မေးခွန်း မေးသနည်း။
**သင်တို့သည် ဥယျာဉ်၌ရှိသမျှသော အပင်တို့၏အသီးကို မစားရဟု ကေန်စင်စစ် ဘုရားသခင် မိန့်တော်မူသလော။**

၂။ (ကမ္ဘာ ၂း၁၇) နှင့် (ကမ္ဘာ ၃း၃) တို့ကို ဖတ်ပါ။ ဘုရားသခင်သည် အာဒံကို တကယ်ပြောခဲ့သည့် စကားအပေါ် ဧဝက မည်သည့် စကားအပို ထည့်ပြောခဲ့သနည်း။
**သူတို့သည် အသီးကို မကိုင်။**

၃။ (ကမ္ဘာ ၃း၆) ကို ဖတ်ပါ။ စာတန်သည် ဧဝ၏စိတ်နှလုံးထဲသို့ ဘုရားစကားတော်နှင့်ပတ်သက်ပြီး သံသယကို သွင်းပေး လိုက်ပြီးသည်နှင့် ဤကျမ်းချက်အရ ဧဝ ဘာလုပ်ခဲ့သနည်း။
**အပင်၏ အသီးကို ယူ၍ စား၏။**

၄။ (ကမ္ဘာ ၃း၉-၁၀) ကို ဖတ်ပါ။ အာဒံနှင့် ဧဝတို့ အပြစ်လုပ်ပြီးနောက်တွင်၊ ဘုရားသခင်သည် သူတို့နှင့် ဆက်သွယ်နေဆဲ၊ ဆက်ဆံဆဲ ရှိနေသေးသလား။
**ရှိနေသေး၏။**

၅။ (ကမ္ဘာ ၃း၂၂-၂၄) ကို ဖတ်ပါ။ ဥယျာဉ်ထဲမှ အာဒံနှင့် ဧဝတို့ကို ဘုရားသခင် ဘာကြောင့် မောင်းထုတ် ရသနည်း။
**အသက်ပင်၏ အသီးကို စားလိမ့်မည်ဖြစ်၍ အပြစ်ရှိသောအခြေအနေ၌ အစဉ်အမြဲ အသက်ရှင် နေထိုင်လိမ့်မည် ဖြစ် သောကြောင့်၊**

၆။ ဤတွင် ဘုရားသခင် ပြစ်ဒဏ်ပေးခြင်းထက် ကိုယ်တော်၏သနားခြင်းကရုဏာတော်ကို သင် မြင်ပါသလား။
**မြင်ပါသည်။**

၇။ (ရောမ ၅း၁၇) ကို ဖတ်ပါ။ ဘုရားသခင်၏ ကျေးဇူးတော်စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်း ဆုကျေးဇူးကို ကျွန်ုပ်တို့ မည်သို့ လက်ခံရရှိသနည်း။
**(ဂ) လက်ခံရရှိခြင်း ဖြစ်သည်။**

၈။ (ရောမ ၆း၂၃) ကို ဖတ်ပါ။ ကျွန်ုပ်တို့ အပြစ်လုပ်လျှင် ဘာထိုက်ထိုက်တန်တန် အမှန်ရမည်နည်း။
**သေခြင်း**

၉။ ကျေးဇူးတော်အားဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဘာ အစားထိုးပေးသနည်း။ **ယေရှုခရစ်၌ ထာဝရအသက်**

၁၀။ (ရောမ ၁၀း၃) ကို ဖတ်ပါ။ ဘုရားသခင့်ရှေ့တော်မှောက်၌ ကျွန်ုပ်တို့ ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကို တည်ဆောက်ရန်ကြိုးစား လျှင်၊ ကျွန်ုပ်တို့ လုပ်ဆောင်ရန် ဘာ အရှုံး ရှိသနည်း။
**ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းကို ယေရှုခရစ်၌ အပ်နှံခြင်း**

၁၁။ (၁ ယော ၁း၉) နှင့် (ရောမ ၄း၃) ကို ဖတ်ပါ။ ဘုရားသခင်၌ ကျွန်ုပ်တို့ ယုံကြည်ခြင်း ရှိလျှင်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏အပြစ်နှင့် ဆိုးညစ်ခြင်းများ အားလုံး ကို ဖြေရှင်းပေးရန် ကိုယ်တော် ဘာ ကတိတော် ပေးခဲ့သနည်း။
**အပြစ်အားလုံးကို ဖယ်ထုတ်ပစ်သည်၊ မေ့ပစ်သည်၊ အပြစ်လွှတ်ပေးသည်။**

၁၂။ ဤတွင် ဘုရားသခင်၏ စရိုက်လက္ခဏာတော်နှင့် ပတ်သက်ပြီး သင့်ကို ဘာပြောနေသနည်း။
**ကိုယ်တော်သည် သနားခြင်းကရုဏာတရား၊ မေတ္တာတရားနှင့် ပြည့်စုံတော်မူသည်။**

# သင်ခန်းစာ (၅)

# ဘုရားသခင်၏ သဘောသဘာဝတော်

ဘုရားသခင်နှင့်အတူ အကျိုးရှိသောဆက်ဆံရေးကို ထူထောင်ရန်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏သဘောသဘာဂတော်နှင့် ကိုယ်တော်၏ အမှန်စရိုက်လက္ခဏာတော်တို့ကို သိရမည်။ ကျွန်ုပ်တို့လုပ်တဲ့အပြစ်တွေကြောင့် ဘုရားသခင် အမျက်တော်ထွက်ပါ သလား။ သို့မဟုတ်၊ ကျွန်ုပ်တို့လုပ်ဆောင်ချက်များကို အမှီမပြုဘဲ၊ ကျွန်ုပ်တို့အား ကိုယ်တော့်အသက်နှင့်တကွ ကောင်းကြီးမင်္ဂလာများကို ပေးလိုသောဘုရား၊ သနားခြင်းကရုဏာရှိသောဘုရား ဖြစ်ပါသလား။ သမ္မာကျမ်းစာက ဘုရားသခင်၏ သီးခြားအမြင်နှစ်ခုကို အမှန်တကယ် ဖွင့်ပြပေးပါသည်။ ကိုယ်တော်သည် အစဉ်ပြောင်းလဲနေသည် မဟုတ်သလို၊ ခြားနားမှု တစ်စုံတစ်ရာ ပြုတော်မူခဲ့သည် လည်း မဟုတ်ပါ။ သမ္မာကျမ်းစာထဲ၌ အသုံးပြုသော ပညာရပ်ဝေါဟာရ၌ အချိန်ပိုင်းတစ်ခု ရှိခဲ့ဖူးသည်။ ဘုရားသခင်သည် "လူသားကို သူတို့အပြစ်များနှင့် ချည်နှောင်ထားသည်" ဟူ၍ ဖြစ်သည်။

ဤနေရာတွင် ကလေးများကို ပြုစုပျိုးထောင်ခြင်းနှင့် နှိုင်းယှဉ်ရမည်။ ကလေးများ ငယ်စဉ်တွင် သူတို့ကို အကြောင်းပြချက် များပေးဖို့လိုသည်။ သူတို့ကို ကောင်းကောင်းပြုမူနေထိုင်ဖို့ ပြောရမည်။ သူတို့ ညီငယ်နမငယ်များဆီက အရုပ်လုယူခြင်းကဲ့သို့ ကိုယ့်ဖို့ ချည်း မလုပ်သင့်ကြောင်း သင်ပေးရမည်။ သူတို့ကို စည်းကမ်းတွေ ပြောပြထားပြီး၊ ချိုးဖေါက်လျှင် ဆိုဆုံးမပေးရမည်။ စည်းကမ်းသည်

ဘုရားသခင်နှင့် စာတန်မာရ်နတ်အကြောင်း သူတို့မသိသေးသည့်တိုင် သူတို့အဖို့ အကျိုးသက်ရောက်မှု ရှိစေသည်။ သို့မဟုတ်ပါက၊ သူတို့သည် ကိုယ်ဖို့ချည်း လုပ်နေကြ သောကြောင့်၊ စာတန်မာရ်နတ်ကို နေရာပေးနေကြလိမ့်မည်။ အယူအဆကို သူတို့ နားမလည်နိုင် ဖြစ်မည်ဆိုသော်လည်း၊ သူတို့ ဆက်ဆက် ထပ်လုပ်နေ၍ အပြစ်ပေးခံရသောအခါ၊ သူတို့ သဘောပေါက် လာနိုင်သည်။

ပြောရရင်၊ ဘုရားသခင်သည် ဓမ္မဟောင်းကျမ်းထဲ၌ ပြုသောအမှု ရှိခဲ့သည်။ လူတွေ ဒုတိယမွေးဖွားခြင်း မရှိမီက၊ ပဋိညာဉ် သစ်အောက်မှာ ကျွန်ုပ်တို့ ရသကဲ့သို့ ထိုသူတို့၌ ဂိညာဉ်ရေးရာအသိအမြင် မရှိသေးပါ။ သူတို့ ဒုစရိုက်လုပ်ခြင်းကို တားမြစ်ရန် ဘုရား သခင်သည် ပညတ်တော်များပေး၍ တစ်ခါတစ်ရံ သေဒဏ်ပေးသည်အထိပင် အပြစ်ပေးခြင်းနှင့်အတူ အာဏာတော် တည်စေခဲ့သည်။ စာတန်သည် အပြစ်တရားမှတစ်ဆင့် လူတွေကို ဖျက်ဆီးနေသည့် အကြောင်းကြောင့်၊ အပြစ်တရားအတွက် ကန့်သတ်ချက် နေရာ ထားပြီး သူတို့အပေါ် ပြဋ္ဌာန်းပေးထားရသည်။ ဤတွင် ကျွန်ုပ်တို့ အပြစ်လုပ်သောကြောင့် ကျွန်ုပ်တို့ကို ဘုရားသခင် တကယ်မချစ် တော့ကြောင်း မှားယွင်းတွက်ဆမှု ဖြစ်နေရသည့်တိုင်၊ အမှန်က ဘုရားစကားတော်သည် ထိုသို့ သွန်သင်သည် မဟုတ်ပါ။ (ရောမ ၅း၁၃) က ပြောပါသည်။ "*ပညတ်တရားကို မထားမီတိုင်အောင်၊ ဤလောက၌ အပြစ်ရှိ၏။ အဘယ်ပညတ်တရားမျှ မရှိလျှင်၊ အပြစ် ရှိသည်ဟု မှတ်စရာမရှိ။*" "ပညတ်တရား မထားမီတိုင်အောင်" ဆိုသည်မှာ၊ ဘုရားသခင်သည် ဂျူး (ဣသရေလ)လူမျိုးတော်တို့ ကျင့် သုံးရန်အလို့ငှါ၊ ပညတ်တော်(၁ဂ)ပါးနှင့် ပုံစံတကျ ပညတ်တရားများ ပေးအပ်သောအချိန် မောရှေ၏ နေ့ရက်များကာလကို ဆိုလို သည်။ ထိုကာလမရောက်မီက လောကအထဲ

အပြ စ်တရားရှိသော်လည်း စွပ်စွဲသတ်မှတ်ခြင်း မပြုသေးပါ။ "စွပ်စွဲသတ်မှတ်ခြင်း"သည် စာရင်းပြုစုခြင်းနှင့်ဆိုင်သည်။ ဥပမာ၊ သင်သည် ကုန်စုံဆိုင်တစ်ခုသို့သွားပြီး တစ်စုံတစ်ရာ ဝယ်သည် ဆိုပါစို့။ သင်က "စာရင်းတွက် ပေးပါ" ဟုဆိုလိမ့်မည်။ စာရင်းတွက်ပြီးသည်နှင့် သင်သည် ငွေပေးချေရတော့မည်။ ဝယ်ယူမှုသည် သင့်အားပေးချေရန် သတ်မှတ်လိုက်ပြီဖြစ်သည်။ ဈေးသည်က သင့်အပေါ် စာရင်းတွက်ရန် ပျက်ကွက်လျှင်၊ ဆိုလိုသည်မှာ သင့်စာရင်းမတင်သဖြင့် သင့်ကိုချည်နှောင်ခြင်း မရှိပါ။

အထက်ပါ ကျမ်းချက်ကလေးက ပြောနေသည်မှာ၊ ပညတ်တော်(၁၀)ပါး မရောက်မချင်း၊ အပြစ်တရားသည် လူတို့အပေါ် ချည်နှောင်မှု မရှိခြင်း ဖြစ်သည်။ ဤဖော်ပြချက်သည် အံ့သြဖွယ် ဖြစ်ချေသည်။ ကမ္ဘာဦးကျမ်း အခန်းကြီး(၃/၄)ကို ဖတ်ကြည့်ပါ။ လူ သား၌ အများဆုံး ယူဆချက်ရှိနေသည်မှာ၊ အာဒံနှင့်ဧဝသည်  ဘုရားသခင်ကို အပြစ် လုပ်ခဲ့လိုက်သော်လည်း၊ ကိုယ်တော်သည် သန့်ရှင်းတော်မူသော အကြောင်းကြောင့်၊ လူသားသည် အပြစ်တင် မခံရ သေးဘဲရှိ၏။ ကိုယ်တော်သည် လူသားတို့၏ အပြစ်တရားအတွက် ဆောင်ရွက်ခြင်း မပြုသေးပါ။ လူတွေ ထင်နေသည်မှာ၊ ဘုရားသခင်သည် မျက်မှောက်တော်မှ လူသားကို ဖယ်ရှားရန်အတွက် ဥယျာဉ် ထဲမှ မောင်းထုတ်ခဲ့ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် သန့်ရှင်းတော်မူသော ဘုရားသည် မသန့်ရှင်းသောလူသားနှင့် ဆက်ဆံရန် အကြောင်း မရှိသောကြောင့် ဖြစ်သည်။ သူတို့ ဆက်တွေးနေသည်မှာလည်း သူသည် မှန်ကန်သောလုပ်ဆောင်ချက် မှတစ်ဆင့် စင်ကြယ်ခြင်း မပြုလုပ်မချင်း ထာဝရဘုရားသည် နောက်တစ်ဖန် လူသားနှင့်ပြန်ဆက်ဆံမည်မဟုတ်ဟူ၍ ဖြစ်သည်။ ဤအချက်သည်

ယေရှု ဟောကြားသော သတင်းကောင်း စကားနှင့် ဆန့်ကျင်ပါသည်။ (ရောမ ၅း၈)၌ သင်တို့ အပြစ်ရှိစဉ်တွင်ပင် ဘုရားသခင်သည် သင်တို့အား အဘယ်မျှလောက် ချစ်သည်ကို ထင်ရှားစေကြောင်း ပြောပြနေပါသည်။ အကြောင်းမှာ ခရစ်တော်သည် သင်တို့အတွက် အသေခံတော်မူခဲ့သည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်းအရ သိရသည်မှာ၊ သင်တို့၏ ဆောင်ရွက်ချက်များကို စင်ကြယ်စေပြီးသည့် အချိန်ရောက်မှ မဟုတ်ဘဲ၊ သင်တို့၌ အပြစ်ရှိစဉ် ကတည်းကပင်၊ သင်တို့အပေါ် ကိုယ်တော်၏ ချစ်ခြင်းသည် အကျိုးဝင်လျက်ရှိ၏။ သင့်ဘဝကို ပြောင်းလဲစေနိုင်သော သတင်းကောင်းတရား၏ အမှန်ကန်ဆုံး အချက်တစ်ချက်သည် သင့်ကို အရှိအတိုင်း ဘုရားသခင် ချစ်သည်ဆိုသည့် အကြောင်း ဖြစ်သည်။ သင်သည် ဘုရားသခင်၏ ချစ်ခြင်းကို လက်ခံသည်ဖြစ်လျှင်၊ ကိုယ်တော်သည်သင့်ကို အလွန်ချစ်သည်ဖြစ်၍ သင့်လက်ရှိ အခြေအနေအတိုင်း နေရန် သင်လိုလားတော့မည် မဟုတ်ပါ။ သင်သည် ပြောင်းလဲလိမ့်မည်။ ဘုရားသခင်၏ ချစ်ခြင်းကို လက်ခံနိုင်ရန်အလို့ငှါ သင်သည် ကိုယ်တော့်မေတ္တာ အကျိုးဆက်အရ ပြောင်းလဲခြင်း ရှိလာလိမ့်မည်။

ကမ္ဘာဦးကျမ်း အခန်းကြီး(၄)၌ လူသား၏နောက်သို့ ကိုယ်တော်လိုက်ပါ ကြည့်ရှု နေသေးသည်ကို တွေ့ရသည်။ လူသည် အပြစ်ရှိသည့်တိုင် အာဒံနှင့် ဧဝမျိုးဆက်ဖြစ်သော ကာဣနနှင့် အာဗေလတို့ကို စကားပြောခဲ့သည်။ သူတို့က ဘုရားသခင့်ထံ ပူဇော် သက္ကာ လာရောက် ဆက်သသည့်အခါ၊ ကိုယ်တော်သည် သူတို့ကို အသံထွက် စကားပြောခဲ့သည်။ ဤတုံ့ပြန်ချက်အရ ကျွန်ုပ်တို့သည်၊ ကိုယ်တော့်စကားသံနှင့် သူတို့ကျင့်သားရနေကြောင်း၊ မကြောက်ကြကြောင်းကို တွေ့ရကြသည်။ ကာဣနသည် ညီအာဗေလကို သတ်၍ လောက၏အဦးဆုံး လူသတ်သမား ဖြစ်လာသည့်အခါ၊ ဘုရားသခင်၏စကားသံသည်ကောင်းကင်မှ

ရောက်လာသည်။ “သင့်ညီ အာဗေလသည် အဘယ်မှာရှိသနည်း။” ထိုအခါ ကာဣနသည် စိတ်မလုံမလဲ ဖြစ်သည်မထင်ရဘဲ ဘုရားသခင်ကို လိမ်ပြောခဲ့သည်။ လူတစ်ယောက်သည် ဘုရားသခင်၏ စကားသံကို ကြားနေကျဖြစ်၍ ကြောက်စရာမလိုဘဲ အခွင့်အရေးတစ်ရပ်ကဲ့သို့ မှတ်ယူသောအခါ ဤသို့ ဖြစ်နိုင်သည်။ ဤတွင်ပြောလိုသည်မှာ၊ လူတွေ ပုံမှန်ယုံကြည်နေသည့် အတိုင်းမဟုတ်ဘဲ၊ ဘုရားသခင်သည် လူသားနှင့်အဆက် အသွယ်မပြတ် ဆက်ဆံရေးရှိနေသေးသည့်အကြောင်း ဖြစ်သည်။ ကိုယ်တော်သည် လူသားအပြစ်လုပ်သည့်အတွက် ပြဋ္ဌာန်းတော် မူခြင်း မရှိသေးပါ။ဤတွင် ဘုရားသခင်သည် သူတို့၏အပြစ်ကို ခွင့်လွှတ်လိုက်သည်။ သို့မဟုတ်၊ သူတို့ အမှား မလုပ်ဟူ၍ ဆိုလိုပါ သလား။ မဟုတ်ပါ။ ဤအကြောင်းပြချက်ကြောင့်လည်း ဘုရားသခင်သည် နောက်ဆုံးတွင် ပညတ်တရား ချမှတ်ပေးခဲ့ရပါသည်။ ဘုရားသခင်သည် လူသားတို့ သူတို့ပုံမှန်စံချိန်သို့ ပြန်ရောက်လာရန် ပညတ်တရားကို ချမှတ်ပေးရလေသည်။ ဘုရားသခင်သည် လူသားကို သိစေလိုသည်မှာ၊ လူသည် ကယ်တင်ရှင်လိုအပ်ကြောင်း၊ ထိုအတွက် သူတို့ကိုယ်သူတို့ စိတ်နှိမ့်ချရမည်ဖြစ်ပြီး၊ ဆုကျေးဇူး တစ်ခုအဖြစ် အပြစ်လွှတ်ခြင်းကို လက်ခံရယူရန် ဖြစ်သည်။ ဂမ်းနည်းဖို့ကောင်းသည်မှာ ဘာသာရေးသမားများသည်၊ ပညတ်တရား တော်ပြဋ္ဌာန်းပေးသည်မှာ လူတို့ကို စောင့်ရှောက်စေရန်နှင့် ထိုနည်းဖြင့် ဘုရားသခင်၏အပြစ်လွှတ်ခြင်းနှင့် လက်ခံခြင်းကို ထိုက်ထိုက် တန်တန်ရယူနိုင်ကြောင်း သွန်သင်၍ လူတွေကို ကြိုးကိုင်ထိန်းချုပ်နေကြခြင်း ဖြစ်သည်။ ဤသို့ မဖြစ်စေရ။ ဓမ္မဟောင်းကျမ်းပညတ် တရားတော်၏ ရည်ရွယ်ချက်သည်၊ သင့်တို့အနေဖြင့်၊ မိမိကိုယ်မိမိတို့ အစဉ် ကယ်တင်နိုင်ဖို့ စိတ်ကုန်ရလောက်အောင်၊ အပြစ်တရား ကို အဆင့်တစ်ခုအထိ ပုံကြီးချဲ့ မြင်စေပြီး၊ ဤသို့ ဆုတောင်းကြစေရန်ဖြစ်သည်။ “ဘုရားသခင်၊ ကိုယ်တော်၏သန့်ရှင်းခြင်းစံချိန်သည် ဤသို့ဖြစ်လျှင်၊ ကျွန်ုပ်လိုက်ပါနိုင်ပါသည်။ ကျွန်ုပ်အား သနားခြင်းကရုဏာထား၍ အပြစ်လွှတ်တော်မူပါ။” ထို့ကြောင့် ခြုံငုံပြောရလျှင်၊ ဘုရားသခင်၏ သဘောသဘာဂတော်သည် အစဉ်အမြဲ မေတ္တာတော်ထားခြင်း ဖြစ်ပေသည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ရောမ ၅း၁၃) ကို ဖတ်ပါ။ "စွပ်စွဲသတ်မှတ်သည်" ဆိုသည့်စကားလုံးသည် ဘာကို ဆိုလိုသလဲ။

**ရောမ ၅း၁၃** - *"ပညတ်တရားကို မထားမီတိုင်အောင်၊ ဤလောက၌ အပြစ်ရှိ၏။ အဘယ်ပညတ်တရားမျှမရှိလျှင်၊ အပြစ်ရှိသည် ဟု မှတ်စရာမရှိ။ "*

၂။ (ရောမ ၇း၇) ကို ဖတ်ပါ။ ပညတ်တရားတော်၏ ရည်ရွယ်ချက်သည် ဘာလဲ။

**ရောမ ၇း၇** - *"သို့ဖြစ်၍ အဘယ်သို့ပြောရမည်နည်း။ ပညတ်တရား၌ အပြစ်ရှိသလော။ အပြစ်မရှိနိုင်ရာ။ သို့ရာတွင် ပညတ် တရားအားဖြင့် အပြစ်သဘောကို ငါ သိရ၏။ အဘယ်သို့နည်းဟူမူကား၊ လောဘစိတ်မရှိစေနှင့်ဟု ပညတ်တရား မဆိုလျှင် လောဘသဘောကို ငါ မသိ။"*

၃။ (ဂလာတိ ၃း၂၄) ကို ဖတ်ပါ။ ဤကျမ်းချက်အရ၊ ပညတ်တရားတော်၏ ရည်ရွယ်ချက်သည် ဘာလဲ။

**ဂလာတိ ၃း၂၄** - *"ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှါ ပညတ်တရားသည် ခရစ်တော်ထံ သို့ ငါတို့ကို ပို့ဆောင်၍ ငါတို့၏အထိန်း ဖြစ်သတည်း။"*

၄။ (ယော ၈း၁-၁၁) ကို ဖတ်ပါ။ မတရားမေထုန်အမှုနှင့် ဖမ်းမိသော မိန်းမကို ယေရှု မည်သို့ ဖြေရှင်း ပေးခဲ့သနည်း။

**ယောဟန် ၈း၁-၁၁** - *"ယေရှုသည်လည်း သံလွင်တောင်သို့ ကြွတော်မူ၏။ နံနက်စောစော ဗိမာန်တော်သို့ တစ်ဖန် ကြွတော်မူ၍၊ လူ အပေါင်းတို့သည် အထံတော်သို့ လာကြ၏။ ထိုအခါ ထိုင်တော်မူ၍ ဆုံးမဩဝါဒပေးစဉ်တွင်၊ မှားယွင်းခြင်းအမှုကို ပြုလျက်နေသော မိန်းမတစ်ယောက်ကိုတွေ့လျှင်၊ ကျမ်းပြုဆရာတို့နှင့် ဖာရိရှဲတို့သည် ခေါ်ခဲ့၍ အလယ်၌ ထားပြီးမှ၊ အရှင်ဘုရား၊ ဤမိန်းမသည် မှားယွင်းခြင်းအမှုကို ပြုစဉ်တွင်ပင် တွေ့မိပါသည်။ ထိုသို့သောမိန်းမကို ကျောက်ခဲနှင့် ပစ်ရမည်ဟု မောရှေသည် ကျွန်ုပ်တို့အား ပညတ်တရား၌ စီရင်ထုံးဖွဲ့ပါပြီ။ သို့ရာတွင် ကိုယ်တော်သည် အဘယ်သို့ မိန့်တော်မူမည်နည်းဟု လျှောက်ကြ၏။ ထိုသို့လျှောက်ကြသော်၊ ကိုယ်တော်၌ အပြစ်တင်ခွင့်ရှိစေခြင်းငှါ စုံစမ်း နှောင့်ယှက်သောအားဖြင့်သာ လျှောက်ကြ၏။ ယေရှုသည် အောက်သို့ငုံ့လျက်၊ လက်ညှိုးတော်နှင့် မြေ၌ ရေးသားလျက် နေတော်မူ၏။ ထိုသူတို့သည် အထပ်ထပ် မေးလျှောက်ကြသောအခါ၊ ကိုယ်ကို လှန်တော်မူ၍၊ သင်တို့တွင် အပြစ် ကင်းသောသူသည် ရှေ့ဦးစွာ ကျောက်ခဲနှင့်ပစ်စေဟု မိန့်တော်မူပြီးမှ၊ တစ်ဖန် အောက်သို့ ငုံ့၍ မြေ၌ ရေးသား တော်မူပြန်၏။ ထိုသူတို့သည် ကြားရလျှင်၊ မိမိတို့စိတ်နှလုံးသည် မိမိတို့အပြစ်ကို ဖော်ပြသဖြင့်၊ အသက်ကြီးသော သူမှစ၍ အငယ်ဆုံးသောသူ တိုင်အောင်၊ တစ်ယောက် နောက်တစ်ယောက် ထွက်သွားကြ၏။ ယေရှုသည် တစ်ယောက်တည်း ကျန်ရစ်တော်မူ၍*

*မိန်းမသည် အလယ်၌ ရပ်နေ၏။ ထိုအခါ ယေရှုသည် ကိုယ်ကိုလှန်တော်မူပြန်၍ ထိုမိန်းမမှတစ်ပါး အဘယ်သူကိုမျှ မမြင်လျှင်၊ အချင်းမိန်းမ၊ သင့်ကို အပြစ်တင်သောသူတို့သည်၊ အဘယ်မှာ ရှိကြသနည်း။ သင်၏အမှုကို အဘယ်သူမျှ မစီရင်လောဟု မေးတော်မူ၏။ ထိုမိန်းမကလည်း အဘယ်သူမျှ မစီရင်ပါသခင်ဟု လျှောက်၏။ ငါသည်လည်း သင့်အမှုကို မစီရင်။ သွားလော့။ နောက်တစ်ဖန် ဒုစရိုက်ကို မပြုနှင့် ဟု မိန့်တော်မူ၏။"*

၅။ ယေရှု၏ စကားတော်နှင့် ဆောင်ရွက်တော်မူခြင်းများသည်၊ ဘုရားသခင်၏မှန်သောသဘောသဘာဝတော်ကို ထင်ဟပ်မှု ရှိပါသလား။ (ယော ၃း၃၄) ကို ကြည့်ပါ။

**ယော ၃း၃၄** - *"ဘုရားသခင် စေလွှတ်တော်မူသောသူသည်၊ ဘုရားသခင်၏စကားတော်ကို ပြောဆိုတတ်၏။ ထိုသူအား ဘုရား သခင် သည် ဝိညာဉ်တော်ကို အတိုင်းအရှည် မရှိဘဲ ပေးတော်မူ၏။ "*

၆။ (၁ ယော ၄း၈) ကို ဖတ်ပါ။ ဤကျမ်းချက်အရ ဘုရားသခင်၏ မှန်သောသဘောတော်သည် ဘာလဲ။

**၁ ယော ၄း၈** - *"ချစ်ခြင်း မရှိသောသူသည် ဘုရားသခင်ကို မသိ။ အကြောင်းမူကား ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော် မူ၏။*

၇။ (ရောမ ၅း၆) ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဘာ ဖြစ်နေသည့်အခါ၊ ဘုရားသခင်၏ မေတ္တာတော်ဆီသို့ ညွှန်ပြရပါသလဲ။

**ရောမ ၅း၆** - *"ငါတို့သည် အကျိုးနည်းရှိစဉ်တွင် အချိန်တန်မှ ခရစ်တော်သည် မတရားသော သူတို့အတွက်ကြောင့် အသေခံ တော်မူ၏။"*

၈။ (ရောမ ၅း၈) ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဘာဖြစ်နေလျက်ရှိစဉ်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်ရသနည်း။

**ရောမ ၅း၈** - *"ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံ တော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။"*

၉ ။ (ရောမ ၅း၁၀)ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဘာဖြစ်နေလျက်ရှိစဉ်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်ရသနည်း။

**ရောမ ၅း၁၀** - *"အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏သားတော် အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည် ဘုရား သခင်နှင့် မိတ်သဟာယဖွဲ့ ခြင်း ကျေးဇူးတော်ကို*

*ခံရသည်မှန်လျှင်၊ မိတ်သဟာယဖွဲ့ ပြီးမှ အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မျှော်လင့်စရာရှိ၏။"*

၁၀။ အကယ်၍ သင်သည်၊ ယေရှုခရစ်ကို သင့်အား အပြစ်လွှတ်ပေးရန်နှင့်၊ သင့်ကယ်တင်ရှင်၊ သင့်အရှင်သခင်အနေနှင့် သင့်အပြစ်အတွက် အဖိုးအခအဖြစ် ယေရှုက စွန့်လွှတ်အနာခံပေးခဲ့ရသည်ကို ယုံကြည်၍ ဆုတောင်းလျှင်၊ ဘုရားသခင်သည် ကိုယ်တော်၏ မှန်သောသနားကြင်နာခြင်း သဘော သဘာဝတော်နှင့် ကျေးဇူးတော်ကို သင့်အပေါ် ဖွင့်ပြပါမည်လော။

# အဖြေ သော့ချက်

၁။ (ရောမ ၅း၁၃) ကို ဖတ်ပါ။ "စွပ်စွဲသတ်မှတ်သည်"ဆိုသည့်စကားလုံးသည် ဘာကိုဆိုလိုသလဲ။
**တစ်ယောက်ယောက်၏ စာရင်းသို့ စွဲတင်သည်။**

၂။ (ရောမ ၇း၇) ကို ဖတ်ပါ။ ပညတ်တရားတော်၏ ရည်ရွယ်ချက်သည် ဘာလဲ။
**အပြစ်ရှိသည်ကို သိရှိစေရန်။**

၃။ (ဂလာတိ ၃း၂၄) ကို ဖတ်ပါ။ ဤကျမ်းချက်အရ၊ ပညတ်တရားတော်၏
ရည်ရွယ်ချက်သည် ဘာလဲ။
**လူသားတို့အား သူတို့၌ ကယ်တင်ရှင် ယေရှုခရစ် လိုအပ်ကြောင်း ပြသပေးရန်။**

၄။ (ယော ၈း၁-၁၁) ကို ဖတ်ပါ။ မတရားမေထုန်အမှုနှင့် ဖမ်းမိသော မိန်းမကို ယေရှု
မည်သို့ ဖြေရှင်း ပေးခဲ့သနည်း။
**သနားကြင်နာခြင်းနှင့်၊ ကျေးဇူးတော်တရားဖြင့် ဖြေရှင်းတော်မူသည်။**

၅။ ယေရှု၏ စကားတော်နှင့် ဆောင်ရွက်တော်မူခြင်းများသည်၊
ဘုရားသခင်၏မှန်သောသဘောသဘာဂတော်ကို ထင်ဟပ်မှု ရှိပါသလား။ (ယော ၁း၁၄) ကို
ကြည့်ပါ။
**ရှိပါသည်။**

၆။ (၁ ယော ၄း၈) ကို ဖတ်ပါ။ ဤကျမ်းချက်အရ ဘုရားသခင်၏ မှန်သောသဘောတော်သည်
ဘာလဲ။
**ချစ်ခြင်းမေတ္တာ။**

၇။ (ရောမ ၅း၆) ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဘာ ဖြစ်နေသည့်အခါ၊ ဘုရားသခင်၏ မေတ္တာတော်ဆီသို့
ညွှန်ပြရပါသလဲ။
**စွမ်းအား ကင်းမဲ့နေခြင်း၊ … ၎င်းမှာ အကူအညီ မရ၊ ဘုရားဝတ်မွေ့လျော်မှု မရှိခြင်း။**

၈။ (ရောမ ၅း၈) ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဘာ ဖြစ်နေလျက်ရှိစဉ်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို
ချစ်ရသနည်း။
**အပြစ်သားများ။**

၉။ (ရောမ ၅း၁၀)ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဘာ ဖြစ်နေလျက်ရှိစဉ်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို
ချစ်ရသနည်း။
**ရန်သူများ။**

၁၀။ အကယ်၍ သင်သည်၊ ယေရှုခရစ်ကို သင့်အား အပြစ်လွှတ်ပေးရန်နှင့်၊
သင့်ကယ်တင်ရှင်၊သင့်အရှင်သခင်အနေနှင့် သင့် အပြစ်အတွက်အဖိုးအခအဖြစ် ယေရှုက
စွန့်လွှတ် အနာခံပေးခဲ့ရသည်ကို ယုံကြည်၍ ဆုတောင်းလျှင်၊ ဘုရားသခင်သည်
ကိုယ်တော်၏ မှန်သောသနားကြင်နာခြင်း သဘောသဘာဝတော်နှင့် ကျေးဇူးတော်ကို
သင့်အပေါ် ဖွင့်ပြပါမည်လော။
**ဖွင့်ပြပါမည်။**

## သင်ခန်းစာ (၆)

# နောင်တရခြင်း

လူတချို့တို့က နောင်တတရားဆိုသည်ကို နားလည်မှုလွဲနေကြသည်။ နောင်တရခြင်းသည် စုံလင်ခြင်းမဟုတ်ဘဲ လမ်းကြောင်းပြောင်းခြင်း တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် အသုံးအဖြုန်းကြီးသော သားတစ်ယောက်(သို့မဟုတ်) ပျောက်သောသား တစ်ယောက်အကြောင်းကို ဤတွင် ပြောဆိုကြမည်။ ယေရှုသည် လူတစ်ဦး တစ်ယောက်ချင်းစီ၏ နောင်တရခြင်းအတွက် အဓိပ္ပာယ်ကို အပြည့်အဝ ပုံဆောင်ချက်ဖြင့် ဇာတ်လမ်းတစ်ခု ပြောပြနေသည်။ (လုကာ ၁၅း၁၁-၁၂)တွင် ယေရှု ဤသို့ စပြောသည်။ "*တဖန်မိန့် တော်မူသည်ကား၊ တစ်စုံတစ်ယောက်သောသူ၌ သားနှစ်ယောက်ရှိ၏။ သားအငယ်သည် အဘထံသို့သွား၍၊ အဘ၊ ကျွန်ုပ်ရထိုက် သောအမွေဥစ္စာကို ဝေ၍ပေးပါဟုတောင်းပန်လျှင်၊ အဘသည် ဥစ္စာများကို ဝေ၍ သားတို့အား ပေးလေ၏။*"

သားအငယ်က အဖေ မသေမီ အမွေလိုချင်သည်မှာ၊ အလွန်ပင် ပုံမှန်မဟုတ်လှသော်လည်း၊ အဘသည် တောင်းဆိုလာ သည်ကို လိုက်လျောလျက် သားတို့အား အမွေခွဲပေးလိုက်သည်။ အခန်းငယ်(၁၃)က ဤသို့ဆိုသည်။ "*ထိုနောက် များမကြာ၊ သား အငယ်သည် မိမိဥစ္စာများကို သိမ်းယူ၍ ဝေးစွာသောပြည်သို့ သွားပြီးလျှင်၊ ထိုပြည်မှာ ကာမဂုဏ်၌ လွန်ကျူးသောအားဖြင့် ဥစ္စာပြုန်း တီး၍၊...*" သားအငယ်သည် သူရရှိသည့် အမွေဥစ္စာပစ္စည်း အားလုံးကို ယူ၍ ဝေးသော အခြားပြည်သို ထွက်သွားပြီး၊ ထိုအရပ်တွင် အထိန်းအကွပ်မရှိ ဥစ္စာပစ္စည်းများကို ဖြုန်းတီးပစ်လေသည်။ ဘာသာပြန်တစ်ခုက ဤသို့ဆိုသည်။ "မိန်းမပျက်များအတွက်နှင့် ပွဲလုပ် ၍ စုပေါင်းသုံးစွဲပစ်ခဲ့ကြသည်။"

တစ်ဖန် အငယ် (၁၄-၁၅)တွင် ဆိုပြန်သည်။ "*ရှိသမျှ ကုန်သောအခါ၊ ထိုပြည်၌ ကြီးစွာသော အစာခေါင်းပါးခြင်းဖြစ်၍၊* (နယ်မြေခြောက်သွေ့ ခြင်းနှင့် လူတွေ ငတ်မွတ်ခြင်းဘေး) *သူသည် အလွန်ဆင်းရဲခြင်းသို့ ရောက်၏။ ထိုအခါ ပြည်သားတစ်ယောက် ထံသို့ သွား၍ အစေခံလျှင်၊ ဝက်တို့ကို ကျောင်းစေခြင်းငှါ သူ့သခင်သည် တောသို့စေလွှတ်သဖြင့်၊ ...*" ထိုတိုင်းပြည်၏ လူတစ်ယောက်ထံမှ ဝက်ကျောင်းရန် အလုပ်တစ်ခုကို သူရလိုက်သည်။ အခန်းငယ်(၁၆)၌ "*သူသည် ဝက်စားတတ်သော ပဲတောင့်ကိုပင် စားချင်မတတ် ငတ်မွတ်လျက်နေရ၏။ အဘယ်သူမျှ အစား မကျွေး။*"ဟု ဆိုသည်။ သူသည် အလွန်ဆာလောင်လွန်း၍ အစာ ငတ်မွတ်သည့်အခြေအနေ၌ "ဝက်စားသည့်အစာဖြစ်ဖြစ် တစ်ခုခု စားဖို့ပေးပါ"ဟု ပြောနေပါလိမ့်မည်။ မည်သူမျှ သူ့ကို အစာ မပေးဘဲ နေ၏။ သူသည် အမွေပစ္စည်းအားလုံးကို ဖြုန်းတီးပစ်ခဲ့ပြီးလေပြီ။ အခန်းငယ်(၁၇)၌ ဆက်သည်။ "*ထိုအခါ သတိရလျှင်၊ ငါ့အဘ၏ အိမ်၌ အခစားသောသူ များစွာတို့သည် ဝစွာ စားရကြ၏။ ငါမူကား ဤပြည်၌သေအောင် အငတ်ခံရ၏။*" ဘာသာပြန်တစ်ခုက ဤသို့ "သူသည် အမြင်မှန်ရလာသောအခါ" ဟု ဆိုသည်။ တစ်နည်းအားဖြင့်၊ သူ့အဖေ၏ အခစားတို့သည် လုံလောက်စွာ အစာစားနေရပြီး၊ သူသည် ဤနေရာတွင် သေလောက်အောင် ငတ်မွတ်လျက် နေရ၏။ သူဆုံးဖြတ်ချက် ချလိုက်သည်။ နောင်တရလိုက်သည်။ နောင်တဆိုသည်မှာ လူတစ်ယောက်ကို နောက်ကြောင်းလှည့်၍ လမ်းကြောင်းအသစ်တစ်ခုဆီသို့ ဆက်သွားရန် အကြောင်းဖြစ်စေသော စိတ်ပြောင်းလဲခြင်း၊ နှလုံးသားပြောင်းလဲခြင်းဖြစ်သည်။ အခန်းငယ် (၁၈၊ ၁၉) တွင် သူ ထွက်ဆိုသည်။ "*ငါ ထ၍ အဘထံသို့သွားမည်။ အဘ ကျွန်ုပ်သည် ဘုရားသခင်ကိုဎင်း၊*

*ကိုယ်တော်ကိုငှင်း ပြစ်မှားပါပြီ။ ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ ခေါ်ခြင်းကိုမခံထိုက်ပါ။ သူငှါးအရာ၌ ကျွန်ုပ်ကိုထားတော်မူပါဟု ငါပြောမည်ဟူ၍ အကြံရှိသည်နှင့်၊ ...”* “ကျွန်တော့်ကို ကျွန်တစ်ယောက်လို သဘောထားပါအဖေ၊ အဖေ့ကို ကျွန်တော် ပြစ်မှားခဲ့တယ်၊ အဖေ့ပစ္စည်း အားလုံးကိုလည်း ဖြုန်းတီးပစ်ခဲ့တယ်။ ဘုရားသခင်ကိုလည်း ကျွန်တော် ပြစ်မှားခဲ့တယ်။ ကျွန်တော့်ကို ကျွန်တစ်ယောက်လို လက်ခံပါ အဖေ။” စိတ်ကူးရပြီး သူသည် ထ၍ အဖေ့ဆီပြန်ခဲ့သည်။ နောင်တဆိုသည်မှာ လူ့အမူအရာပြောင်းလဲခြင်း၊ စိတ်ထားပြောင်းလဲခြင်း၊ နလုံးသားပြောင်းလဲခြင်းထက် ပိုပါသည်။ လူတစ်ယောက်ကို သူယုံကြည်လာသည့်အတိုင်း လုပ်ဆောင်ရန် ဦးတည်စေသည်။ မှားနေရာမှ နောက်ကြောင်းပြန်လှည့်ရန်နှင့် လမ်းကြောင်းအသစ်တစ်ခုဆီ ဆက်သွားရန် ဖြစ်သည်။ ကျွန်ုပ်တို့ အကုန်လုံးသည် ဘုရားသခင်ထံမှ၊ ခမည်းတော်ထံမှ၊ ကောင်းကင်ဘုံမှ၊ ကျွန်ုပ်တို့အိမ်တော်မှ လှည့်ထွက်ခဲ့ကြသည်။ သမ္မာကျမ်းစာထဲက (ဟေရှာယ ၅၃း၆)၌ ဤသို့ပြောထားသည်။ “*ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးသီး လိုက်သွားကြသည်ဖြစ်၍၊...”* သို့သော် ထာဝရဘုရားသည် သနားခြင်းကရုဏာရှိ၍ ငါတို့အပြစ်များကို ယူပြီး ယေရှုအပေါ် သို့ တင်တော်မူသည်။

အခန်းငယ် (၂၀-၂၄) တွင် ဇာတ်လမ်း ဆက်သည်။ “*သူသည် ထ၍ အဘထံသို့ သွားလေ၏။”* တစ်ခါက ကျွန်ုပ်သည် ဤဇာတ်လမ်းကို တစ်ခါမျှ မကြားဖူးသေးသည့် လူတစ်ယောက်ကို ပြောပြခဲ့သည်။ သားပြန်လာသည်ကို သူသိလိုက်သည်နှင့် အဖေ တစ်ယောက်က ပြောထွက်မည့်စကားကို သူပြောပြသည်။ “မင်း ဘာလုပ်လိုက်သလဲ မင်းကြည့်စမ်း၊ ငါ့စည်းစိမ်တွေ အားလုံး၊ ငါ့ ဘဝမှာ စုဆောင်းခဲ့တာတွေ အားလုံးကို မင်းသုံးဖြုန်းပြီးခဲ့ပြီ။ အခု မင်း ငါ့ ကျွန်လာလုပ်မယ်။” မြေကြီးဖခင်တွေ အများဆုံးက စိတ်ဆိုးကြမည်ဖြစ်ပြီး ထိုသို့ ပြောကောင်း ပြောကြလိမ့်မည်။ သို့သော် ဇာတ်လမ်းထဲက ဖခင်တစ်ယောက်၏ သဘောထားကို ကြည့်ပါ။ သူ သည် “*ထ၍အဘထံသို့သွားလေ၏။ သွား၍ ဝေးသေးသောအခါ အဘသည် သူ့ကိုမြင်လျှင်၊ သနားသောစိတ် ရှိသည်နှင့်* (ဖခင်တစ်ယောက်၏ သားအပေါ် နလုံးထဲက ယိုစီးသောမေတ္တာတရား) *ပြေးသွား၍ သား၏ လည်ပင်းကို ပိုက်ဖက်လျက် နမ်းရှုပ်လေ၏။ သားကလည်း၊ အဘ၊ အကျွန်ုပ်သည် ဘုရားသခင်ကိုငှင်း၊ ကိုယ်တော်ကိုငှင်း ပြစ်မှားပါပြီ။ ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ ခေါ် ခြင်းကို မခံထိုက်ပါဟုဆိုလျှင်၊ အဘက၊ မြတ်သောဂတ်လုံကိုယူခဲ့၍ သူ့ကိုခြုံကြ။ သူ၏လက်၌ လက်စွပ်တန်ဆာကိုဆင်ကြ။ ခြေနင်းကိုလည်း စီးစေကြ။ ဆူအောင် ကျွေးသောနွားကလေးကို ယူ၍သတ်ကြ။ သို့ပြီးမှ ငါတို့သည် စားကြကုန်အံ့။*

*ပျော်မွေ့ ခြင်းကို ပြုကြကုန်အံ့။ ငါ့သားသည် အထက်က သေ၏။ ယခု ရှင်ပြန်၏။ အထက်က ပျောက်၏။ ယခုတွေ့ ပြန်၏ဟု အစေအပါးတို့ကို ဆိုပြီးမှ ထိုသူအပေါင်းတို့သည် ပျော်မွေ့ ခြင်းကို ပြုကြ၏။”* သူတို့အပေါင်းသည် ပျော်ပွဲစားသဘင် ဆင်ယင်ကျင်းပကြလေသည်။

ကျွန်ုပ်သည် လူတစ်ယောက်ကို ဤဇာတ်လမ်းကို ပြောပြသောအခါ သူက ပြန်ပြောသည်။ “ယေရှု ပြောပြတာကို ကျုပ် မြင်ပြီ။ တကယ်လို့ ကျုပ် ကောင်းကင်ဘုံရှင် ခမည်းတော်ဆီကို ပြန်သွားပြီး အသနားခံ ပြောမယ်ဆိုရင်၊ “အဘ၊ ကိုယ်တော်ကို ကျွန်ုပ် ပြစ်မှားမိပါပြီ။ သားတစ်ယောက် ဖြစ်ရန်ပင် ကျွန်ုပ် မထိုက်တန်ပါ”လို့ ဆိုရင် ကိုယ်တော် ကျုပ်ကို လက်ခံမှာပဲ။” ကျွန်ုပ်တို့၏ ခမည်းတော် ဘုရားသခင်သည် သနားခြင်း ရှိလိမ့်မည်။ သင်တို့ကို ကျွန်အဖြစ် ရောက်စေမည် မဟုတ်ပါ။ ကိုယ်တော်သည် ကိုယ်တော့် သားဖြစ်ခြင်းကို အပြည့်ပြန်ပေးမည် ဖြစ်သည်။ ဘုရားသခင်ထံမှ သင် လှည့်ပြေးမလား။ သင့်ခမည်းတော်ဆီသို့၊ ယနေ့ သင့် ကောင်း ကင်ဘုံ၊ သင့်အိမ်ရှိရာ ဘုရားသခင်ဆီသို့ သင်သည် လှည့်ပြန်မည် မဟုတ်ပါလော။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ နောင်တရခြင်း အဓိပ္ပာယ်ကို ရှင်းပြပါ။

၂။ (လုကာ ၁၃း၁-၅) ကို ဖတ်ပါ။ ပျက်စီးခြင်းသို့ မရောက်စေရန်အလို့ငှါ လူတစ်ယောက် ဘာ လုပ်ရမည်နည်း။

**လုကာ ၁၃း ၁-၅** - *"ထိုအခါ လူအချို့ တို့ သည်လာ၍ ပိလတ်မင်းသည် လူအချို့ တို့၏အသွေးကို မိမိတို့ပူဇော်သော ယဇ်ကောင်တို့နှင့် ရောနှောကြောင်းကိုလျှောက်ကြလျှင်၊ ယေရှုက ထိုဂါလိလဲလူတို့သည် ထိုသို့ခံရသောကြောင့်၊ အခြားသောဂါလိလဲ လူအပေါင်းတို့ထက်သာ၍ အပြစ်ရှိသည်ဟု ထင်ကြသလော။ သာ၍ အပြစ်ရှိသည် မဟုတ်။ သင်တို့ ရှိသမျှသည် လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်ဟု ငါဆို၏။ ထိုမှတစ်ပါး ရှိလောင်ပြအိုးလဲ၍ ပိသောသူ တစ်ကျိပ်ရှစ်ယောက်တို့သည် ယေရုရှလင်မြို့သား အပေါင်းတို့ထက်သာ၍ အပြစ်ရှိသည်ဟု ထင်ကြသလော။ သာ၍ အပြစ်ရှိသည် မဟုတ်။ သင်တို့ရှိသမျှ သည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်၊ ငါဆို သည် ဟု မိန့်တော်မူ၏။"*

၃။ (၂ ပေ ၃း၉) ကို ဖတ်ပါ။ လူအပေါင်းတို့အတွက် ဘုရားသခင့်အလိုဆန္ဒသည် ဘာလဲ။

**၂ ပေ ၃း၉** - *"လူအချို့ တို့သည် နှေးခြင်းကို မှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ကတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှ မပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တ ရစေခြင်းငှါ အလိုတော်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏။ "*

၄။ (လုကာ ၁၆း၁၉-၃၁) ကို ဖတ်ပါ။ (လုကာ ၁၆း၂၈) ၌ သူဌေးကြီးသည် တစ်စုံတစ်ယောက် သေရာမှ ပြန်ရှင်ပြီး သူ့ညီများကို အဘယ်ကြောင့် သွားစကားပြောရန် အလိုရှိသနည်း။

**လုကာ ၁၆း၁၉-၃၁** - " *တစ်ဖန်တုံ၊ သူဌေးတစ်ယောက်သည် နီမောင်းသောကမ္ဗလာနှင့် ပိတ်ချောကို ဝတ်ဆင်၍ ကာမဂုဏ်စည်းစိမ် ၌ နေ့တိုင်း ပျော်မွေ့ လျက်နေ၏။ လာဇရု အမည်ရှိသော သူဆင်းရဲတစ်ယောက်သည် တစ်ကိုယ်လုံး၌ အနာစိမ်း ပေါက်၍ သူဌေး၏စားပွဲမှကျသော စားနပ်စားပေါက်ကို စားပါရစေဟု တောင့်တသောစိတ်နှင့် သူဌေးအိမ်တံခါးနား မှာ တုံးလုံးနေ၏။ ခွေးတို့သည် လာ၍ အနာစိမ်းများကို လျက်ကြ၏။ တစ်နေ့သ၌ ထိုဆင်းရဲသားသည် သေလွန်၍ ကောင်းကင်တမန်တို့သည် အာဗြဟံ၏ရင်ခွင်သို့ ပို့ဆောင်ကြ၏။ သူဌေးသည်လည်း သေလွန်၍ သင်္ဂြိုဟ်ခြင်းကို ခံရလေ၏။ မရဏာနိုင်ငံ၌ ပြင်းစွာသောဝေဒနာကို ခံရလျက် မျှော်ကြည့်၍ အာဗြဟံကိုငင်း၊ အာဗြဟံ၏ရင်ခွင်၌ လာဇရုကိုငင်း အဝေးကမြင်လျှင်၊ အိုအဘ အာဗြဟံ၊ ကျွန်ုပ်ကို ကယ်မသနားတော်မူပါ။ အကျွန်ုပ်သည် ဤမီးလျှံ၌ ပြင်းစွာခံရသောကြောင့်၊ လာဇရုသည် မိမိလက်ဖျားကို ရေ၌နှစ်၍ အကျွန်ုပ်လျှာကို အေးစေခြင်းငှါ သူ့ကို အကျွန်ုပ် ရှိရာသို့*

*စေလွှတ်တော်မူပါဟုဟစ်ကြော်လေ၏။ အာဗြဟံကလည်း ငါ့သား သင်သည် အသက်ရှင်စဉ်အခါ ချမ်းသာ ရသည်ကိုင်း၊ လာဇရုသည် ဆင်းရဲစွာနေရသည်ကိုင်း အောက်မေ့လော့။ ယခုမူကား သူသည် သက်သာခြင်းရှိ ၏။ သင်သည် ဒုက္ခဝေဒနာကိုခံရ၏။ ထိုမှတစ်ပါး ငါတို့နှင့်သင်တို့စပ်ကြား၌ အလွန်နက်လှသောချောက်ကြီး တည် လျက်ရှိ၏။ ထို့ကြောင့် ဤအရပ်မှ သင်တို့ရှိရာသို့ ကူးချင်သောသူ မကူးနိုင်။ ထိုအရပ်မှ ငါတို့ရှိရာသို့ ကူးချင်သော သူလည်း မကူးနိုင်ဟုဆို၏။ သူဌေးကလည်း၊ အိုအဘ၊ ထိုသို့မှန်လျှင်၊ အကျွန်ုပ်၌ ညီငါးယောက်ရှိပါသည်ဖြစ်၍ သူတို့သည် ဤပြင်းပြစွာခံရာ အရပ်သို့ မရောက်မည်အကြောင်း၊ သူတို့အား သက်သေခံစေခြင်းငှါ လာဇရုကို အကျွန်ုပ်၏ အဘအိမ်သို့ စေလွှတ်တော်မူပါ၊ အကျွန်ုပ်တောင်းပန်ပါ၏ဟု ပြောဆိုလျှင်၊ အာဗြဟံက၊ သင်၏ညီတို့၌ မောရှေမှစ၍ပရောဖက်များရှိကြ၏။ ပရောဖက်တို့၏စကားကို နားထောင်ကြစေဟုဆို၏။ သူဌေးကလည်း မဟုတ်ပါ အဘအာဗြဟံ၊ သေသောလူစုထဲက တစ်ယောက်သော သူသည် ထမြောက်၍ သူတို့ရှိရာသို့သွားလျှင်၊ သူတို့သည် နောင်တ ရကြပါလိမ့်မည်ဟု ဆိုသော်၊ အာဗြဟံက၊ သူတို့သည် မောရှေ၏စကား ပရောဖက်တို့၏ စကားကို နားမထောင်လျှင်၊ တစ်ယောက်သောသူသည် သေခြင်းမှထမြောက်သော်လည်း မယုံကြည်နိုင်ကြဟု အာဗြဟံ ဆိုသည် ဟု မိန့် တော်မူ၏။"*

၅။ (လုကာ ၁၆း၃၀) ကိုဖတ်ပါ။ ထိုသူ၏ညီများသည် ပြင်းစွာပူလောင်ခံစားရသောနေရာ(ငရဲ)သို့ မရောက်လာစေရန် သူတို့ ဘာလုပ်ရမည်နည်း။

**လုကာ ၁၆း၃၀ -** *"သူဌေးကလည်း မဟုတ်ပါအဘ အာဗြဟံ၊ သေသောလူစုထဲက တစ်ယောက်သောသူသည် ထမြောက်၍ သူတို့ ရှိရာသို့သွားလျှင်၊ သူတို့သည် နောင်တ ရကြပါလိမ့်မည်ဟုဆိုသော်၊"*

၆။ (တမန်တော် ၂၆း၁၈) ကို ဖတ်ပါ။ ဤကျမ်းချက်သည် သီးသန့် မဟုတ်သော်လည်း နောင်တရခြင်းအကြောင်းကိုပြောနေသည်။ နောင်တရသောသူသည် ဘာဖြစ်လာလိမ့်မည်နည်း။

**တမန်တော် ၂၆း၁၈ -** *"တစ်ပါးအမျိုးသားတို့သည် မှောင်မိုက်မှ အလင်းသို့ ကူးမြောက်၍ စာတန်၏အာဏာထဲမှ ဘုရားသခင့် အထံ တော်သို့၊ ပြောင်းလဲသောအားဖြင့် အပြစ်လွှတ်ခြင်းကျေးဇူးကို ခံရမည်အကြောင်းနှင့်၊ ငါ့ကို ယုံကြည်သောအားဖြင့် သန့်ရှင်းရာသို့ ရောက်သောသူတို့နှင့်ဆက်ဆံ၍ အမွေခံရမည်အကြောင်း၊ သူတို့မျက်စိကို ဖွင့်စေခြင်းငှါ သူတို့ဆီသို့ သင့်ကို ငါစေလွှတ်မည်။"*

၇။ (တမန်တော် ၂၆း၂၀ ) ကို ဖတ်ပါ။ ဤကျမ်းချက်၏ နောက်ဆုံးအပိုင်း၌ ဟောသလလူမျိုးတို့ လုပ်သင့်သည့်အရာ(၃)ခုကို ပြောထားသည်။ ၎င်းတို့မှာ ဘာတွေလဲ။

**တမန်တော် ၂၆း၂၀ -** *"လူတို့သည် နောင်တရ ရမည်။ နောင်တရခြင်းနှင့် ထိုက်သောအကျင့်ကို ကျင့်ရမည်။ ဘုရားသခင့်အထံတော်သို့ ပြောင်းလဲရမည်ဟူ၍ ဒမာသက်မြို့ ၌ ရှေးဦးစွာ ဟောပြော ပြီးလျှင်၊ ယေရုရှလင်မြို့ မှစ၍ ယုဒပြည်အရပ်ရပ်၌ နေသောသူတို့အားငှင်း၊ တစ်ပါး အမျိုးသားတို့အားငှင်း ဟောပြောပါ၏။"*

၈။ (မဿဲ ၇း၂၁-၂၃) ကို ဖတ်ပါ။ ယေရှုက ထိုသူတို့သည် ဘုရားအလိုတော်အစား ဘာတွေ လေ့ကျင့် လုပ်ဆောင်နေကြ သနည်း။

**မဿဲ ၇း၂၁-၂၃** - *"သခင်၊ သခင်ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏ အလိုကို ဆောင်သော သူသာလျှင် ဝင်ရလိမ့်မည်။ ထိုနေ့၌ကား သခင်၊ သခင်၊ အကျွန်ုပ်တို့သည်၊ ကိုယ်တော့်အခွင့်နှင့် ဆုံးမဩဝါဒ ပေးပါပြီမဟုတ်လော။ ကိုယ်တော့်အခွင့်နှင့် နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီ မဟုတ်လော။ ကိုယ်တော့်အခွင့်နှင့် များစွာသောတန်ခိုးတို့ကို ပြပါပြီ မဟုတ်လောဟု အများသောသူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါ သင်တို့ကို ငါအလျှင်းမသိ၊ အဓမ္မအမှုကို ပြုသောသူတို့၊ ငါ့ထံမှ ဖယ်ကြဟု ထိုသူတို့အား အတည့်အလင်း ငါပြောမည်။"*

၉။ ဤအကြောင်းသည်၊ မှန်သော နောင်တရခြင်းနှင့်၊ ဘုရားသခင်ထံသို့ နှုတ်ဖျားအားဖြင့် ဆက်ကပ်ခြင်းတို့၏အရေးကြီးသောပတ်သက်ရာများ၌ ဘာတွေ ပြောပြသနည်း။

၁၀။ (ဟေရှာယ ၅၅း၇) ကို ဖတ်ပါ။ ဆိုးသောသူသည် ဘာလုပ်ရမည်နည်း။

**ဟေရှာယ ၅၅း၇** - *"ဆိုးသောသူသည် မိမိလမ်းကိုင်း၊ မတရားသောသူသည် မိမိအကြံတို့ကိုင်း စွန့်ပစ်၍ ထာဝရဘုရားထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ ဘုရားသခင့်ထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင်အထူး သဖြင့် အပြစ်ကို လွှတ်တော်မူ လိမ့်မည်။"*

၁၁။ ဖြောင့်မတ်ခြင်းမရှိသူ ပြုသည့်အရာ နစ်ခုသည် ဘာလဲ။

၁၂။ အထက်ဖော် ပြအရာများ ပြုလုပ်သောသူတို့ကို ဘုရားသခင်သည် မည်သို့ ပြုလိမ့်မည်နည်း။

၁၃။ (လုကာ ၁၅း၇) ကို ဖတ်ပါ။ နောင်တရသော အပြစ်သား တစ်ယောက်အတွက် ကောင်းကင်ဘုံသည် မည်သို့ တုံ့ပြန်သနည်း။

**လုကာ ၁၅း၇** - *"ထိုနည်းတူ ဖြောင့်မတ်၍ နောင်တရစရာအကြောင်းမရှိသောသူ ကိုးဆယ့်ကိုးယောက်တို့၌ ကောင်းကင်သားတို့ သည် ဝမ်းမြောက်ခြင်းရှိသည်ထက်၊ နောင်တရသောလူဆိုးတစ်ယောက်၌ သာ၍ ဝမ်းမြောက်ခြင်းရှိကြသည် ဟု ငါဆို၏။"*

၁၄။ (တမန်တော် ၃း၁၉) ကို ဖတ်ပါ။ သင်သည် နောင်တရ၍ ပြောင်းလဲခြင်းသို့ရောက်လျှင်၊ သင့်အပြစ်များသည် ဘာဖြစ်သွား မည်နည်း။

**တမန်တော် ၃း၁၉-၂၀** -*"ထို့ကြောင့်၊ ထာဝရဘုရားအထံတော်မှ ချမ်းအေးသောအချိန်ကာလသည် ရောက်လာ၍ ..... သင်တို့ အပြစ်များကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။"*

# အဖြေ သော့ချက်

၁။ နောင်တရခြင်း အဓိပ္ပာယ်ကို ရှင်းပြပါ။
**(က) ဆက်ကပ်ခြင်းအသစ်ဆီသို့ "ဦးတည်ရာပြောင်းခြင်း" ဖြစ်သည်။**
**(ခ) စိတ်ထားပြောင်းလဲခြင်းတစ်ရပ် ဖြစ်သည်။**
**(ဂ) လူတစ်ယောက်၏ လမ်းဟောင်းမှသည် ဘုရားသခင်၏ လမ်းကြောင်းဆီသို့၊ လူတစ်ယောက် ဘုရားသခင့်ထံ လှည့်ပြန်ခြင်း၌ အကျိုးထွက်ဖြစ်သော စိတ်နှလုံး အပြောင်းအလဲ တစ်ခု ဖြစ်သည်။**
**(ဃ) ဦးတည်ရာပြောင်းလဲခြင်း၊ စုံလင်ခြင်းကို မဆိုလို။**
**(င) လူတစ်ယောက်ဘဝ၌ ဦးတည်ရာ လုံးလုံးလျားလျား ပြောင်းလဲရန် ဆုံးဖြတ်ဆောင်ရွက်ခြင်း တစ်ခု။**
**(စ) လမ်းဟောင်းမှ လှည့်ထွက်၍ လုံးလုံးလျားလျား ဘုရားသခင်ထံဆက်ကပ်ခြင်းဖြင့် ကိုယ်တော်၏လမ်းကြောင်းဆီသို့။**
**(ဆ) လူတစ်ဦးတစ်ယောက်ဆီမှ လှည့်ထွက်၍ ယေရှုခရစ်မှတစ်ဆင့် ဘုရားသခင်ဆီသို့ နာခံခြင်း။**

၂။ (လုကာ ၁၃း၁-၅)ကို ဖတ်ပါ။ ပျက်စီးခြင်းသို့ မရောက်စေရန်အလို့ငှါ လူတစ်ယောက် ဘာလုပ်ရမည်နည်း။
**နောင်တရခြင်း**

၃။ (၂ ပေ ၃း၉)ကို ဖတ်ပါ။ လူအပေါင်းတို့အတွက် ဘုရားသခင့်အလိုဆန္ဒသည် ဘာလဲ။
**လူအပေါင်းတို့သည် နောင်တရကြပြီး**

၄။ (လုကာ ၁၆း၁၉-၃၁) ကို ဖတ်ပါ။ (လုကာ ၁၆း၂၈) ၌ သူဌေးကြီးသည် တစ်စုံတစ်ယောက် သေရာမှ ပြန်ရှင်ပြီး သူ့ညီများကို အဘယ်ကြောင့် သွားစကားပြောရန် အလိုရှိသနည်း။
**သူ့ညီများသည် ပူပြင်းစွာခံရသည့် ထိုနေရာသို့ မလာကြစေရန်**

၅။ (လုကာ ၁၆း၃၀) ကို ဖတ်ပါ။ ထိုသူ၏ညီများသည် ပြင်းစွာပူလောင်ခံစားရသောနေရာ(ငရဲ)သို့ မရောက်လာစေရန် သူတို့ ဘာလုပ်ရမည်နည်း။
**သူတို့ နောင်တ ရရကြမည်။**

၆။ (တမန်တော် ၂၆း၁၈) ကို ဖတ်ပါ။ ဤကျမ်းချက်သည် သီးသန့်မဟုတ်သော်လည်း နောင်တရခြင်းအကြောင်းကိုပြောနေသည်။ နောင်တရသောသူသည် ဘာဖြစ်လာလိမ့်မည်နည်း။
**(က) သူတို့ မျက်စိများ ပွင့်လာကြလိမ့်မည်။**
**(ခ) အမှောင်မှ အလင်းသို့ လှည့်ပြောင်းကြမည်။**
**(ဂ) စာတန်၏တန်ခိုးအောက်မှ ဘုရားဆီသို့ လှည့်ပြောင်းလိမ့်မည်။**
**(ဃ) အပြစ် လွှတ်ခြင်း ခံရမည်။**
**(င) အမွေ ခံရလိမ့်မည်။**

၇။ (တမန်တော် ၂၆း၂၀) ကို ဖတ်ပါ။ ဤကျမ်းချက်၏ နောက်ဆုံးအပိုင်း၌ ပေါလုလူမျိုးတို့ လုပ်သင့်သည့်အရာ(၃)ခုကို ပြောထားသည်။ ၎င်းတို့မှာ ဘာတွေလဲ။
(က) **နောင်တရပါ။**
(ခ) **ဘုရားဆီသို့ လှည့်ပါ။**
(ဂ) **သူတို့ လုပ်ဆောင်ချက်အားဖြင့် သူတို့နောင်တရခြင်းကို သက်သေပြပါ။**

၈။ (မဿဲ ၇း၂၁-၂၃) ကို ဖတ်ပါ။ ယေရှုက ထိုသူတို့သည် ဘုရားအလိုတော်အစား ဘာတွေ လေ့ကျင့် လုပ်ဆောင်နေကြ သနည်း။
**ဆိုးညစ်သောအမှု ပြုခြင်း (သို့မဟုတ်) အဓမ္မအမှု ပြုခြင်း**

၉။ အကြောင်းသည်၊ မှန်သော နောင်တရခြင်းနှင့်၊ ဘုရားသခင်ထံသို့ နှုတ်ဖျားအားဖြင့်ဆက်ကပ်ခြင်းတို့၏အရေးကြီးသော ပတ်သက်ရာများ၌ ဘာတွေ ပြောပြသနည်း။
**ကယ်တင်ခြင်းသည် နှလုံးသားထဲမှ ဖြစ်၏။ နှုတ်ဖျားမှ မဟုတ်ပါ။**

၁၀။ (ဟေရှာယ ၅၅း၇) ကို ဖတ်ပါ။ ဆိုးသောသူသည် ဘာလုပ်ရမည်နည်း။
**သူတို့လမ်းကို စွန့်ရမည်။**

၁၁။ ဖြောင့်မတ်ခြင်းမရှိသူ ပြုသည့်အရာနှစ်ခုသည် ဘာလဲ။
**သူတို့အတွေးများကို စွန့်၍ ဘုရားသခင်ထံသို့ ပြောင်းလဲစေရမည်။**

၁၂။ အထက်ဖော်ပြ ပြအရာများ ပြုလုပ်သောသူတို့ကို ဘုရားသခင်သည် မည်သို့ ပြုလိမ့်မည်နည်း။
သနားခြင်းကရုဏာတော်နှင့် လွတ်ငြိမ်းချမ်းသာ အပြည့်အ၀ ပေးတော်မူ၏။

၁၃။ (လုကာ ၁၅း၇) ကို ဖတ်ပါ။ နောင်တရသော အပြစ်သား တစ်ယောက်အတွက် ကောင်းကင်ဘုံသည် မည်သို့ တုံ့ပြန်သနည်း။
**ကောင်းကင်ဘုံ၌ ၀မ်းမြောက်ခြင်း ရှိမည်။**

၁၄။ (တမန်တော် ၃း၁၉) ကို ဖတ်ပါ။ သင်သည် နောင်တရ၍ ပြောင်းလဲခြင်းသို့ရောက်လျှင်၊ သင့်အပြစ်များသည် ဘာဖြစ်သွားမည်နည်း။
**ကျွန်ုပ် အပြစ်များ ပြေငြိမ်းစေ၏။**

# သင်ခန်းစာ (၇)
# ဆက်ကပ်အပ်နှံခြင်း

**လုကာ ၁၄း၂၅-၂၆ - လူအစုအပေါင်းတို့သည်နောက်တော်သို့လိုက်ကြသည်ကို ယေရှုသည်လှည့်၍ ကြည့်တော်မူပြီးလျှင်၊ အကြင်သူသည် ငါ့ထံသို့လာ၍ မိဘ၊ သားမယား၊ ညီအစ်ကို၊ နှမတို့ကိုငင်း၊ ထိုမျှမကမိမိအသက်ကိုငင်းမမုန်း၊ ထိုသူသည် ငါ့တပည့် မဖြစ်နိုင်ရာ။**

"*လူအစုအပေါင်းတို့သည် နောက်တော်သို့ လိုက်ကြသည်ကို ယေရှုသည် လှည့်၍ ကြည့်တော်မူပြီးလျှင်၊*" (လုကာ ၁၄း၂၅)။

ယေရှုသာသနာပြုစဉ်အချိန်က လူအမြောက်အမြားသည် ယေရှုနောက်တော်သို့ လိုက်ပါခဲ့ကြသည်။ အင်္ဂလိပ်သာသာစကား၌ ဤဖော်ပြချက်သည် မစုံလင်ပါ။ ဂရိသာသာစကားအားဖြင့် ဤအဖြစ်အပျက်ကို အတိတ်ကာလဖြစ်ဆဲပြုဆဲပြု ဂိဘက်နှင့် သုံးထားသည်။ ဆိုလိုသည်မှာ၊ ထိုအချိန်၌ လူအမြောက်အမြားသည် ကိုယ်တော့်နောက်သို့ အဆက်မပြတ် အထပ်ထပ် လိုက်ပါနေခဲ့ကြသည်ဟုဆို သည်။ ယေရှုသည် ထူးဆန်း နိမိတ်လက္ခဏာများ ပြသနေ သောကြောင့်ငင်း၊ သူတို့ကို ကျွေးမွေးသောကြောင့်ငင်း ဖြစ်ကောင်းဖြစ်နိုင်မည် ဆိုသော်လည်း အတိအကျ အကြောင်းပြချက် မသိရသည့်တိုင်၊ လူအမြောက်အမြားသည် ကိုယ်တော့်နောက်သို့ လိုက်နေကြသည်။ ထိုအချိန်၌ပင် ယေရှုသည် နောက်တော်သို့လှည့်၍ ရည်ရွယ်ချက်ရှိရှိ ပြောလိုက်သောကြောင့်၊ လူများစွာကို နောက်ပြန်လှည့်သွားစေ သဖြင့် ကိုယ်တော့်နောက်သို့ ဆက် မလိုက်ကြတော့ပါ။

"*အကြင်သူသည် ငါ့ထံသို့ လာ၍* (ဤတွင် ဆိုသည်မှာ၊ ငါနှင့်သွားလာ၊ ငါနှင့်ပေါင်းသင်း၊ ငါ့နောက်ကိုလိုက်စသည့် လိုအပ် ချက်ကိုဆိုသည်။) *မိဘ၊ သားမယား၊ ညီအစ်ကို၊ နှမတို့ကိုငင်း၊ ထိုမျှမက မိမိအသက်ကိုငင်း မမုန်း၊ ထိုသူသည် ငါ့တပည့်မဖြစ်နိုင်ရာ။*" (လုကာ ၁၄း၂၆)။ ဤကျမ်းချက် ဖတ်ရင်း တွေးမိလိမ့်မည်။ *သခင်ဘုရား၊ ဒီလိုလုပ်လို့ မဖြစ်ဘူးလေ၊ "မုန်းရမည်" ဆိုသည်စကားက ဘာဆိုလိုတာလဲ။ ဖြစ်နိုင်တာ လျော့နည်းချစ်တာမျိုးလို တစ်ခုခု ဆိုလိုတာနေမှာပါ။* သို့ပါသော်ငြားလည်း ကျွန်ုပ် စတင်လေ့လာစဉ်က ဤစကားလုံး၏ တိုက်ရိုက် ဆိုလိုခြင်းသည် "မုန်းသည်" ဖြစ်ကြောင်း လေ့လာသိရှိလိုက်ရပါတော့သည်။

ယေရှုသည် ဆိုလိုချက်ကို ဖြစ်နိုင်သမျှအကြီးလေးဆုံးနှင့် အလေးအနက်ထား ပြောလိုက်ခြင်းဖြစ်သည်။ ကိုယ်တော်ပြော သည်မှာ၊ သင့်အဖေ၊ သင့်အမေ၊ သင့်ညီအစ်မ၊ သင့်ညီအစ်ကို၊ သင့်အသက်ကိုပင် မမုန်းဘူးဆိုလျှင်၊ ကိုယ်တော့်တပည့် မဖြစ်နိုင်ခြင်း ဖြစ်သည်။ ကျွန်ုပ်တစ်ခုမေးချင်သည်။ မြေကြီးပေါ်မှာ သင့်မှာ ရှိသမျှအထဲ အနီးစပ်ဆုံးဆက်ဆံနေသူမှာ မည်သူဖြစ်မလဲ။ သင့်အမေ၊ သင့်အဖေ(သို့မဟုတ်) သင့်အိမ်ထောင်ဖက်၊ သင့်ကလေးများ ဖြစ်လိမ့်မည်။ တကယ်လို့ သင့်အိမ်ထောင်ဖက်၊ သင့်ကိုခွဲ၍ကွာရှင်းခြင်း၊ (သို့မဟုတ်) မိဘနှစ်ပါး သေဆုံးခြင်းဖြစ်လျှင် ဘယ်လိုနေမလဲ။ ထိုသို့ဖြစ်လျှင် မည်သူက သင်နှင့် ကပ်နေမည်လဲ။ သင့်ရဲ့ ညီအစ်ကို မောင်နမတွေ ဖြစ်ပါလိမ့်မည်။ ယေရှုပြောတာ၊ သူတို့ကို သင် မမုန်းသရွေ့ သင်သည် ကိုယ်တော့်တပည့် မဖြစ်နိုင်ပါတဲ့။ ကိုယ်တော် ဘာပြောလာသနည်း။

ယေရှုပြောနေသည်မှာ ကျွန်ုပ်တို့၌ အမြဲ အရင်းနီးဆုံး ရှိနေရမည့်သူ အကြောင်းကို ပြောနေခြင်း ဖြစ်သည်။ ကိုယ်တော်က သင့်အတွက် အပ်နှံခြင်းတစ်ခုကို တောင်းဆိုနေခြင်း ဖြစ်သည်။ ကိုယ်တော်သည် အထွတ်အထိပ်နေရာ၌ ရှိသောကြောင့် ဆက်ကပ် အပ်နှံကြရန် တောင်းဆိုနေခြင်းလည်း ဖြစ်သည်။ သင့်ဘဝအထဲ ကိုယ်တော်ကို နံပါတ်တစ်နေရာမှာ ထားဖို့ ကိုယ်တော် လိုလားသည်။ မြေကြီးပေါ် သင်၌ရှိသည့် အနီးစပ်ဆုံးဆက်ဆံရေးနှင့်၊ သင့်အပေါ်ကိုယ်တော့်ဆက်ဆံရေးတို့အကြား ကိုယ်တော် နှိုင်းယှဉ်ပြောနေခြင်း ဖြစ်သည်။ "မုန်းလိုက်ပါ" ဆိုသည်မှာ နှိုင်းယှဉ်ခြင်းစကားလုံးအဖြစ် ဥပမာတင်စားချက် ဖြစ်သည်။ ယေရှု ပြောနေသည်။ "သင့်အပေါ် မှာ ငါ၏ ဆက်ဆံရေးဟာ အလွန်အရေးကြီးသောကြောင့်၊ မြေကြီးအရာအားလုံးရဲ့အထက်မှာထားဖို့ ငါ အလိုရှိတယ်။" လောကမှာ သင့်ဇနီးမယား၊ သင့်ကလေး၊ သင့်အဖေအမေ (သို့မဟုတ်) သင့်ညီအစ်ကိုမောင်နှမတွေထက် သင် ပိုချစ်သူတစ်ယောက် ရှိနေသည်။ ဘယ်သူလဲဆိုတာ သင်သိသလား။ ဘုရားသခင် မဟုတ်ပါဘူး။ သင်ကိုယ်တိုင်ပဲလေ။ သင်သည် သင့်ကိုယ်သင် ချစ်သည်မှာ သင်၏ အရင်းနီးဆုံးဆက်ဆံရေးထက် ပိုမိုပါသည်။

အိမ်ထောင်ဖက် ဘာကြောင့် ပျက်ရပါသလဲ။ လူတွေ ဘာကြောင့် ကွာရှင်းနေရသလဲ။ ဘာကြောင့်လဲဆိုတော့ သူတို့က သူတို့ရဲ့အိမ်ထောင်ဖက်ထက် သူတို့ကိုယ်သူတို့ ပိုချစ်ကြလို့ ဖြစ်၏။ "မင်းက ငါဖြစ်စေချင်သလို လိုက်မလုပ်ဘူး။ ငါ မင်းနဲ့ မပတ်သက် ချင်တော့ဘူး။"ယေရှုပြောသည်မှာ သင်၏ ကိုယ်ပိုင်ကိုယ်ကျိုးအတ္တဘဝ ချစ်ခြင်းရဲ့အထက်မှာရှိတဲ့ နံပါတ်တစ်နေရာမှာ ကိုယ်တော့်ကို နေရာပေးသော ဆက်ဆံရေး အကြောင်းကို ပြောပြနေခြင်း ဖြစ်သည်။ ဤအရာသည် မှန်သော ဆက်ဆံရေး ဖြစ်သည်။ ကိုယ်တော်သည် တန်ဖိုးမဲ့သော ဆက်ဆံရေးအကြောင်း ပြောနေသည် မဟုတ်ပါ။ ကိုယ်တော့်နောက်လိုက်ဖို့ ကိုယ်တော်တောင်းဆိုနေသည်။ ကျွန်ုပ်တို့ဘဝများ အထဲ ကိုယ်တော့်ကို နံပါတ်တစ်နေရာထားဖို့ တောင်းဆိုနေသည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (လုကာ ၉း၅၇-၆၂) ကို ဖတ်ပါ။ ခရစ်တော်နောက် လိုက်ပါခြင်းဆီသို့ ဆက်ကပ်အပ်နှံမှု အဆင့်အတွက် ဤကျမ်းချက်က ဘာသွန်သင်ပေးသနည်း။

**လုကာ ၉း၅၇-၆၂** - *"လမ်း၌ သွားကြစဉ်၊ လူတစ်ဦးက သခင်၊ ကိုယ်တော် ကြွတော်မူရာအရပ်ရပ်သို့ ကျွန်ုပ် လိုက်ပါမည်ဟု လျှောက် လေ၏။ ယေရှုကလည်း မြေခွေးသည် မြေတွင်းရှိ၏။ မိုးကောင်းကင်၌ ကျင်လည်သောငှက်သည် နားနေရာအရပ်ရှိ ၏။ လူသားမူကား ခေါင်းချရာမျှမရှိဟု မိန့်တော်မူ၏။ အခြားသောသူကို ငါ့နောက်သို့လိုက်လော့ဟု မိန့်တော်မူလျှင် ထိုသူက သခင်၊ ကျွန်ုပ်အဘကို ရှေးဦးစွာ သွား၍ သင်္ဂြိုဟ်ရသောအခွင့်ကို ပေးတော်မူပါဟု လျှောက်လေသော်၊ ယေရှုက၊ လူသေတို့သည် မိမိလူသေတို့ကို သင်္ဂြိုဟ်ပါလေစေ။ သင်မူကား သွား၍ ဘုရားသခင့်နိုင်ငံတော်၏ အကြောင်းကို ဟောပြောလော့ဟု မိန့်တော်မူ၏။ အခြားသောသူကလည်း၊ သခင်၊ ကိုယ်တော့်နောက်သို့ ကျွန်ုပ်လိုက် ပါမည်။ သို့သော်လည်း၊ ကျွန်ုပ်အိမ်၌ရှိရစ်သောသူတို့ကို အရင်သွား၍ အခွင့်ပန်ပါရစေဟုလျှောက်လျှင်၊ ယေရှုက၊ ထွန်ကိုင်းကို ကိုင်လျက် နောက်သို့ လှည့်ကြည့်သော သူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်နှင့် မထိုက်မတန် ဟု မိန့်တော်မူ၏။"*

၂။ (လုကာ ၈း၁၃-၁၄) ကို ဖတ်ပါ။ လူအချို့တို့သည် ခရစ်ယာန်ယုံကြည်ခြင်းမှ ဘာကြောင့် နောက်ပြန်ကျ၊ လှည့်ပြန်သွားကြရ သည်ဟု ထင်ရပါသနည်း။

**လုကာ ၈း၁၃-၁၄** - *"ကျောက်ပေါ် ၌ရှိသောသူကား၊ တရားစကားကိုကြား၍ ဝမ်းမြောက်သော စိတ်နှင့်ခံယူသော်လည်း စိတ်နှလုံး၌ အမြစ်မစွဲ၊ ခဏသာယုံကြည်သဖြင့် စုံစမ်းနှောင့်ယှက်ခြင်းကို ခံရသောအခါ ဖေါက်ပြန်သောသူကို ဆိုလိုသတည်း။ ဆူးပင်တို့တွင်ရှိသောသူကား၊ တရား စကားကိုကြားသည်ရှိသော် လောကီစိုးရိမ်ခြင်း၊ စည်းစိမ်ကြွယ်ဝခြင်း၊ ကာမဂုဏ် ခံစားခြင်း တို့သည် နှိပ်စက်၍ အသီးမသီးသောသူကို ဆိုလိုသတည်း။"*

၃။ (ယေဇကျေလ ၁၆း၈) ကို ဖတ်ပါ။ ဘုရားသခင်က ကိုယ်တော့်လူများနှင့် ကိုယ်တော့် ဆက်ဆံရေးကိုဖေါ်ပြရန် အိမ်ထောင်ပြုမှု ပုံခိုင်းချက်တစ်ခုကို သုံးထားသည်။ တစ်ဦး တစ်ယောက်၏ မည်သည့်ပိုင်ဆိုင်မှုသည် ဤဆက်ဆံရေးအထဲ ရောက်လာသနည်း။

**ယေဇကျေလ ၁၆း၈** - *"တစ်ဖန် ငါသည် လျှောက်သွား၍သင့်ကိုမြင်သောအခါ၊ သင်၌ ချစ်လိုဖွယ်သောအချိန်အရွယ်ရှိသောကြောင့်၊ ငါသည် ကိုယ်အဝတ်စွန်းကိုဖြန့်၍ သင်၌ အချည်းစည်းရှိခြင်းကို ဖုံးအုပ်၏။ ကျိန်ဆိုခြင်းကိုလည်း ပြု၍ သင်နှင့် ပဋိညာဉ်ဖွဲ့ သဖြင့်၊ သင်သည် ငါ၏ ခင်ပွန်းဖြစ်လေ၏။"*

၄။ (၁ ကော ၆း၁၉) ကို ဖတ်ပါ။ သင့်ကို မည်သူ ပိုင်ဆိုင်သနည်း။

**၁ ကော ၆း၁၉** - *"အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည်၊ ဘုရားသခင်ပေးသနားတော်မူသော ဂိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသောဂိညာဉ်တော်၏ ဗိမာန် ဖြစ်ကြောင်းကိုင်း၊ မိမိတို့ကိုမိမိတို့ မပိုင်ကြောင်း ကိုင်း မသိကြသလော။"*

၅။ (၁ ကော ၆း၂၀) ကို ဖတ်ပါ။ သင့်ဂိညာဉ်၊ သင့်ခန္ဓာကို မည်သူပိုင်ဆိုင်သနည်း။

**၁ ကော ၆း၂၀** - *"သင်တို့သည် အဖိုးနှင့်ဝယ်ယူတော်မူသောသူ ဖြစ်သောကြောင့်၊ ဘုရားသခင် ပိုင်တော်မူသောသင်တို့၏ ကိုယ်ခန္ဓာ နှင့် စိတ်ဂိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှား စေကြလော့။"*

၆။ (ယာကုပ် ၄း၄) ကို ဖတ်ပါ။ ဘုရားသခင်နှင့်ဆန့်ကျင်သော ဂိညာဉ်ဖေါက်ပြန်ခြင်းကို သင်လုပ်နိုင်သလား။

**ယာကုပ် ၄း၄** - *"မတရားသောမေထုန်၌ မှီဝဲသောယောက်ျားမိန်းမတို့၊ လောကီမိတ်သဟာယသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်ကို မသိကြသလော။ ဤလောကနှင့် မိတ်သဟာယဖွဲ့ လိုသောသူသည် ဘုရားသခင်၏ရန်သူဖြစ်၏။*

၇။ ဘုရားသခင်၏မျက်မှောက်တော်၌ ဂိညာဉ်ရေးရာဖေါက်ပြန်ခြင်းသည် မည်သို့ ဖြစ်သနည်း။ (ရောမ ၁း၂၅)ကို ဖတ်ကြည့်ပါ။

**ရောမ ၁း၂၅** - *"သူတို့သည် မှန်သောဘုရားသခင့်အရာ၌ အမှားကိုထားလျက်၊ ဖန်ဆင်း တတ်သောသခင်ကို ပယ်၍ ဖန်ဆင်းအပ် သောအရာကို ဂတ်ပြုကိုးကွယ်သောသူ ဖြစ်ကြ၏။ ထိုသခင်သည် ထာဝရ မင်္ဂလာရှိတော်မူ၏။"*

၈။ (ယော ၂း၂၃-၂၅) ကို ဖတ်ပါ။ ဤကျမ်းချက်မှ ဆက်ကပ်ခြင်းနှင့် ယုံကြည်ခြင်းအကြောင်းကို ကျွန်ုပ်တို့ ဘာလေ့လာယူနိုင်

**ယော ၂း၂၃-၂၅** - *"ပသခါပွဲအတွင်းတွင် ယေရှုသည် ယေရုရှလင်မြို့ ၌ရှိ၍၊ နိမိတ်လက္ခဏာတို့ကို များစွာသောသူတို့သည် မြင်ရသဖြင့်၊ ကိုယ်တော်ကို ယုံကြည်ခြင်းသို့ ရောက်ကြ၏။ သို့သော်လည်း ယေရှုသည် ထိုသူတို့၌ ကိုယ်ကို အပ်တော် မမူ။ အကြောင်းမူကား ခပ်သိမ်းသောသူတို့ကို သိတော်မူ၏။ လူတို့အထဲ၌ ရှိသမျှကို သိတော်မူ သောကြောင့်၊ လူ၏အကြောင်းကို သက်သေခံ စေခြင်းငှါ အဘယ်သူကိုမျှ အလိုတော်မရှိ။"*

၉။ (လုကာ ၁၄း၂၈-၃၀) ကို ဖတ်ပါ။ ယေရှုနောက်သို့လိုက်ရန် သင်သည် အဖိုးအခ ပေးနိုင်သလား။ ကိုယ်တော့်နောက်သို့ သင် လိုက်ပါရန် ဆန္ဒရှိပါသလား။

**လုကာ ၁၄း၂၈-၃၀** - *"သင်တို့တွင် တစ်ယောက်သောသူသည် တိုက်ကိုတည်မည်ဟု အကြံရှိလျှင်၊ ထိုတိုက်ပြီးအောင် ငွေလောက် မည် မလောက်မည်ကို သိခြင်းငှါ ရှေ့ဦးစွာထိုင်၍ ကုန်ကျစရိတ်ကို မချင့်တွက်ဘဲ နေမည်လော။ သို့မဟုတ်၊ တိုက်မြစ်ကိုတည်၍ တိုက်ကို မပြီးနိုင်လျှင် သိမြင်သောသူအပေါင်းတို့က၊ ဤသူသည် တည်စပြု၍ အစမသတ်နိုင် ဟု ကဲ့ရဲ့ ကြလိမ့်မည်။"*

# အဖြေ သော့ချက်

၁။ (လုကာ ၉း၅၇-၆၂) ကို ဖတ်ပါ။ ခရစ်တော်နောက်လိုက်ပါခြင်းဆီသို့ ဆက်ကပ်အပ်နှံမှု အဆင့်အတွက် ဤကျမ်းချက်က ဘာသွန်သင်ပေးသနည်း။
**အကြွင်းမဲ့ အရှုံးပေးအပ်နှံခြင်း**

၂။ (လုကာ ၈း၁၃-၁၄) ကို ဖတ်ပါ။ လူအချို့တို့သည် ခရစ်ယာန်ယုံကြည်ခြင်းမှ ဘာကြောင့် နောက်ပြန်ကျ၊ လှည့်ပြန်သွားကြရ သည်ဟု ထင်ရပါသနည်း။
**သူတို့သည် ဘုရားသခင့်စကားတော်၌ ဘယ်သောအခါမျှ အမြစ်တည်အောင် မလုပ်ခဲ့ကြ။ လောကီစိုးရိမ်ခြင်း၊ စည်းစိမ်ကြွယ်ဝခြင်း၊ ကာမဂုဏ်ခံစားခြင်းတို့နှင့် ကြုံရသောအခါ သူတို့ကို ဆွဲယူထုတ်လိုက်သည်။**

၃။ (ယေဇကျေလ ၁၆း၈) ကို ဖတ်ပါ။ ဘုရားသခင်က ကိုယ်တော့်လူများနှင့် ကိုယ်တော့်ဆက်ဆံရေးကို ဖော်ပြရန် အိမ်ထောင်ပြုမှု ပုံခိုင်းချက်တစ်ခုကို သုံးထားသည်။ တစ်ဦးတစ်ယောက်၏ မည်သည့်ပိုင်ဆိုင်မှုသည် ဤဆက်ဆံရေးအထဲရောက်လာ သနည်း။
**ဘုရားသခင့်၏ ပိုင်ဆိုင်မှု**

၄။ (၁ ကော ၆း၁၉) ကို ဖတ်ပါ။ သင့်ကို မည်သူ ပိုင်ဆိုင်သနည်း။
**ဘုရားသခင်**

၅။ (၁ ကော ၆း၂၀) ကို ဖတ်ပါ။ သင့်ဝိညာဉ်၊ သင့်ခန္ဓာကို မည်သူပိုင်ဆိုင်သနည်း။
**ဘုရားသခင်**

၆။ (ယာကုပ် ၄း၄)ကို ဖတ်ပါ။ ဘုရားသခင်နှင့်ဆန့်ကျင်သော ဝိညာဉ်ဖေါက်ပြန်ခြင်းကို သင် လုပ်မိနိုင်သလား။
**လုပ်မိနိုင်သည်**

၇။ ဘုရားသခင်၏မျက်မှောက်တော်၌ ဝိညာဉ်ရေးရာဖေါက်ပြန်ခြင်းသည် မည်သို့ ဖြစ်သနည်း။ (ရောမ ၁း၂၅)ကို ဖတ်ကြည့်ပါ။
**ဘုရားသခင်မှ လှည့်ထွက်၍ ရုပ်တုကိုးကွယ်ခြင်းသို့ စိတ်ရောက်ခြင်း၊(၎င်းကို ဘုရားထက် ပို၍အရေးကြီးသောအရာအဖြစ် ထားရှိသည်။) ရောမ ၁း၂၅ ဖတ်ကြည့်ပါ။**

၈။ (ယော ၂း၂၃-၂၅) ကို ဖတ်ပါ။ ဤကျမ်းချက်မှ ဆက်ကပ်ခြင်းနှင့် ယုံကြည်ခြင်းအကြောင်းကို ကျွန်ုပ်တို့ ဘာလေ့လာယူနိုင်သနည်း။
**ယေရှုသည် ကျွန်ုပ်တို့ စိတ်နှလုံး အလုံးစုံကို လိုလားတော်မူ၏။ (လုံးလုံးလျားလျား ဆက်ကပ်အပ်နှံမှု)**

၉။ (လုကာ ၁၄း၂၈-၃၀) ကို ဖတ်ပါ။ ယေရှုနောက်သို့လိုက်ရန် သင်သည် အဖိုးအခ ပေးနိုင်သလား။ ကိုယ်တော့်နောက်သို့ သင် လိုက်ပါရန် ဆန္ဒရှိပါသလား။
**ရှိပါသည်။**

## သင်ခန်းစာ (၈)

# ရေနှင့် ဗတ္တိဇံ ခံခြင်း

**မေးခွန်း။** "သင်သည် ကောင်းကင်ဘုံသို့ရောက်ဖို့ နှစ်ခြင်းခံရန် လိုအပ်ပါလျှင် ကျွန်ုပ် မေးခွန်းမေးလိုပါသည်။ ကျွန်ုပ်သည် ဘုရားသခင်ကို ချစ်၍ အသက်ခုနစ်နှစ်အရွယ်ရောက်သောအခါ နှစ်ခြင်းခံယူခဲ့ပါသည်။ ယခု ကျွန်ုပ်အသက်(၁၈)နှစ်ရှိပါသည်။ ဂိုဏ်းဂဏမဲ့ အသင်းတော်တစ်ပါးမှ လူတစ်ယောက်က ကျွန်ုပ်ကို ပြောလာသည်။ ထိုသို့အသက်အရွယ် ငယ်ငယ် ခုနစ်နှစ်မှာ နှစ်ခြင်းခံ ခြင်းသည် ကယ်တင်ခြင်း မရဟူ၍ ပြောလာသည်။ သင် ကောင်းကင်ဘုံရောက်ချင်ရင် နှစ်ခြင်း ခံယူရမည်ဟု သူတို့ ပြောလာသည်။ ကျွန်ုပ် နှစ်ခြင်းမိသားစုက ကျွန်ုပ်အား ခံရန် မလိုအပ်ဟု ပြောလာသည်။ ကျွန်ုပ်ကတော့ ကောင်းကင်ဘုံကိုပဲ ရောက်ချင်သည်။ ကျွန်ုပ်သည် ဖြစ်နိုင်သမျှ နည်းလမ်းအတိုင်းနှင့် ဘုရားသခင်အတွက် အသက်ရှင်နေထိုင်လျက်ရှိသည်။ သို့သော် ကျွန်ုပ် သိချင်နေတာက၊ ကျွန်ုပ် သည် နှစ်ခြင်းခံယူရန် အသက်အရွယ် ရောက်နေပြီဆိုလာတော့၊ ဒီအချိန်မှာ တဖန် နှစ်ခြင်းဗတ္တိဇံ ခံယူရမည်လော။ ကျေးဇူးပြုပြီး ဖြစ် နိုင်သမျှ မြန်မြန် ကျွန်ုပ်ကို အကူအညီပေးကြပါ။ ဘုရားသခင် ကောင်းကြီးပေးပါစေ။ ကျေးဇူးတင်ပါတယ်။"

**အဖြေ။** ကယ်တင်ခြင်းနှင့် အပြစ်ခွင့်လွှတ်ခြင်းသည်၊ ယေရှုခရစ်၌ ယုံကြည်ခြင်း မှတစ်ဆင့် ဆုကျေးဇူးတစ်ခုအဖြစ် လွတ် လွတ်လပ်လပ် ရခြင်းဖြစ်သည်။ (တမန်တော် ၁၀း၄၃)၌ ရှင်းပြထားသည်။ "*ထိုသခင်ကို ယုံကြည်သောသူရှိသမျှသည်၊ နာမတော် အားဖြင့် အပြစ်လွှတ်တော်မူခြင်း ကျေးဇူးကို ခံရကြလတ္တံ့ ဟူ၍ ပရောဖက် အပေါင်းတို့သည် ထိုသခင်၏ သက်သေခံဖြစ်ကြသည်၊...* " ကယ်တင်ခြင်းသည် ယုံကြည်ခြင်း မှတစ်ဆင့် ရသည်။ ၎င်းမှာ၊ သင်သည် ဘုရားသခင်ရှေ့ မှန်မှန်ကန်ကန် ရပ်တည်နေနိုင်ရန်အတွက်၊ ယေရှုနှင့် ယေရှု သွန်းပေးခဲ့သော အသွေးအပေါ် ယုံကြည်ခြင်းနှင့် အားထားခြင်း ဖြစ်သည်။ (တမန်တော် ၁၀း၄၄-၄၈)၌ သူတို့နှစ်ခြင်း မခံယူမီ (ကယ်တင်ခြင်းကို အတည်ပြုပေးခြင်းအဖြစ်) သန့်ရှင်းသော ဝိညာဉ်တော်ကို အပ်နှင်းပေးထားပြီး ဖြစ်သည်။

ဤအမြင်မှန်ကန်သည် ဆိုသော်လည်း၊ အခြားအချိန်အခါ နေရာတွင် အပြစ် ခွင့်လွှတ်ခြင်းသည် နှစ်ခြင်းခံယူသည့် အခါမှသာ ရကြောင်း ထင်မြင်ရပါသေးသည်။ (တမန်တော်၂း၃၈)။ ၎င်းကဲ့သို့ ဖြစ်ရသည့်အကြောင်းမှာ၊ နှစ်ခြင်းဗတ္တိဇံသည် ဖေါ်ပြချက်တစ်ရပ်၊ သို့မဟုတ်၊ နောင်တရခြင်းနှင့် ယုံကြည်ခြင်းအားဖြင့် ယေရှုဆီသို့ ပြောင်းလဲ ရောက်ရှိသူ တစ်ယောက်က ယူဆောင်လာသော သူ၏ ဆောင်ရွက်ခြင်း၊ ယုံကြည်ခြင်းတို့ ဖြစ်သည်။ (မာကု ၁၆း၁၆)၌ ပြောထားပါသည်။ "*ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင် တော်မူခြင်းသို့ ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတ္တံ့။*" ၎င်းအချက်မှာလည်း အသိအမြင် ရှင်းလင်း ကြည်လင်စွာဖြင့် ဘုရားသခင်ထံ ဆုတောင်းခြင်းလည်း ဖြစ်သည်။ (တမန်တော် ၂၂း၁၆၊ ၁ ပေ ၃း၂၁)။

အကယ်၍ သင်သည် အသက် ခုနစ်နှစ်အရွယ် နှလုံးသားဖြင့် ယေရှုဆီသို့ အမှန်ပြောင်းလဲပြီး၊ နှစ်ခြင်း ခံယူခဲ့သည်ဖြစ်လျှင်၊ ဘုရားသခင်သည် သူငယ်ကဲ့သို့သော သင့်ယုံကြည်ခြင်းကို လက်ခံပါသည်။

နှစ်ခြင်းခံယူခြင်းသည် လိုအပ်ချက်များ ရှိပါသည်။ လိုအပ် ချက်များအနက်တစ်ခုသည်၊ နောင်တရခြင်း ဖြစ်သည်။ အပြစ်တရားမှ ယေရှုဆီသို့ပြောင်းလဲ၍ ကိုယ်တော်၏ အပြစ်လွှတ်ခြင်းအကျိုး ရလဒ်ဖြစ်သော နှလုံးသားပြောင်းလဲခြင်း၊ စိတ်ထားပြောင်းလဲခြင်း သင့်၌ ရှိပါသလား။ (တမန်တော် ၂း၃၈၊ ၂၀း၂၁၊ ၁၇း၃၀)။ သင်သည် ယေရှုခရစ်တော်ကို သခင်နှင့် ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံ ကျင့်သုံး ခဲ့ပါသလား။ (မာကု ၁၆း၁၆၊ ယော ၃း၁၆၊ ရောမ ၁၀း၉-၁၀)။ အကယ်၍ မဟုတ်ခဲ့ပါလျှင်၊ ယခု ယေရှုဆီသို့ ပြောင်းလဲပါ။ သင့် ဒုစရိုက်များအတွက် နောင်တရပါ။ ထိုနောက် ရေ၌ နှစ်ခြင်း ခံယူခြင်းအားဖြင့် ယေရှုနောက်လိုက်ရန် ဆုံးဖြတ်ချက်ကို အခိုင်အမာချပါ။

ဗတ္တိဇံ ခံယူခြင်းသည် လူတစ်ယောက်၏ ယေရှု၌ ယုံကြည်ခြင်းကို ထုတ်ဖော်ပြသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ ထို ယုံကြည်ခြင်းသာ မပါလျှင် သူ၏လုပ်ဆောင်ချက်သည် အဓိပ္ပာယ်မရှိပြီ။ ယေရှုဆီသို့ သခင်နှင့်ကယ်တင်ရှင်အဖြစ် ပြောင်းလဲရောက်ရှိလာသော သူသည် ယုံကြည်ခြင်းကို ဖော် ပြလိုသောဆန္ဒရှိပြီး၊ အများတကာတို့ရှေ့တွင် ယေရှုကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံကြသည်။

ယေရှုမိန့်တော်မူခြင်းကို "လက်မခံ"ဟု ပြောသောသူသည် အတိုင်းအတာတစ်ခုအထိ ယုံကြည်ခြင်းအသေ ဖြစ်၏။ (ယာကုပ် ၂း၁၈-၁၉) အရ၊ လူသည် ထုတ်ဖော် ပြောဆိုလိုခြင်းမရှိသောအခါ ယုံကြည်ခြင်းသည် အသေ ဖြစ်သည်။ ယုံကြည်ခြင်း တစ်ခုတည်းဖြင့် သာလျှင် ကယ်တင်သည်။ သို့သော် ကယ်တင်သောယုံကြည်ခြင်းသည် ဘယ်တော့မျှတစ်ခုတည်း မနေပါ။ ၎င်းကိုယ်၌က ထုတ်ဖော် ပြောလိုသည့် ဆန္ဒ အမြဲရှိနေပါသည်။ ဤတွင် ဗတ္တိဇံသည် ၎င်းယုံကြည်ခြင်းကို ထုတ်ဖော်ပြောသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ဗတ္တိဇံက ကယ်တင်လိုက်သည် မဟုတ်ပါ။ ယေရှုက ကယ်တင်လိုက်သည်။ ထိုနေရာတွင် ရေသည် အပြစ်များကို ဆေးကြော ပေးလိုက်သည် မဟုတ်ပါ။ ယေရှု၏ အသွေးတော်မြတ်က ဆေးကြောပေးလိုက်သည်။

ယုံကြည်ခြင်းသည် သင့်၌ ကိုယ်တော့် အသွေးတော်ကို ရည်ညွှန်းသည်။ ထို့ကြောင့် ထိုယုံကြည်ခြင်းကို တစ်ခါတစ်ရံ လူတစ်ယောက်ဗတ္တိဇံ ခံယူသောအချိန်တွင် ထုတ်ဖော် ပြောဆိုရခြင်း ဖြစ်သည်။ (တမန်တော် ၂၂း၁၆)။ မေးခွန်းရှိနေတာက သင်သည် နောင်တရပါသလော။ ကိုယ်တော် (ယေရှု) ကို သင် ယုံကြည်ပါသလား။ သို့ဖြစ်လျှင် မနှောင့်မနှေးစေဘဲ၊ ထ၍ နှစ်ခြင်းဗတ္တိဇံ ခံယူပါလော့။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ ဤလူငယ်သည် ဘာကို မေးနေသနည်း။

၂။ (တမန်တော် ၁၀း၄၃)ကျမ်းချက်အရ ကျွန်ုပ်တို့ဆီ ကယ်တင်ခြင်း မည်သို့ ရောက်လာသနည်း။

**တမန်တော် ၁၀း၄၃** - *"ထိုသခင်ကို ယုံကြည်သောသူရှိသမျှတို့သည် နာမတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်းကျေးဇူးကို ခံရ လတ္တံ့ ဟူ၍ ပရောဖက်အပေါင်းတို့သည် ထိုသခင်၏ သက်သေခံဖြစ်ကြသည်ဟု ပေတရုမြွက်ဆို၏။"၃။ ဗတ္တိဇံသည် ကယ်တင်ခြင်းရသည့်အချိန်၌ နေရာယူနေကျအတိုင်း ယုံကြည်ခြင်းကို ထုတ်ဖေါ်ပြောဆိုခြင်း ဖြစ်သည်။ ဤ အမှန်တရားကို (တမန်တော် ၂း၃၈) ၌ မည်သို့ ဖေါ် ပြသနည်း။*

**တမန်တော် ၂း၃၈** - *"ပေတရုကလည်း၊ သင်တို့၏အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှ မကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဂိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။"*

၄။ ဤအမှန်တရားကို (မာကု ၁၆း၁၆) ၌ မည်သို့ ဖေါ် ပြသနည်း။

**မာကု ၁၆း၁၆** - *"ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ်စီရင် ခြင်းကို ခံရလတ္တံ့။"*

၅။ ဗတ္တိဇံသည် ဘုရားသခင်ကို ဆုတောင်းခြင်းနည်းလမ်းတစ်ခု ဖြစ်သည်။ ဤအမှန်တရားကို (တမန်တော် ၂၂း၁၆)၌ မည်သို့ ဖေါ်ပြသနည်း။

**တမန်တော် ၂၂း၁၆** - *"ယခုလည်း သင်သည် အဘယ်ကြောင့် ဆိုင်းလင့်၍နေသနည်း။ ထလော့။ သခင်ဘုရားကို ပဌနာပြုလျက် ဗတ္တိဇံခံ၍ သင့်အပြစ်များကို ဆေးကြောလော့ဟု ဆိုပါ၏။"*

၆။ ဗတ္တိဇံသည် အသိအမြင် ကြည်လင်ခြင်းအတွက် ဘုရားသခင်ကို ဆုတောင်းခြင်း နည်းလမ်း တစ်ခု ဖြစ်သည်။ ဤအမှန်တရား ကို (၁ ပေ ၃း၂၁) ကျမ်းချက်က အတည်ပြုပေးသလား။

**၁ ပေ ၃း၂၁** - *"ထိုသို့သောဥပမာအတိုင်း၊ ယခုတွင် ဗတ္တိဇံသည် ယေရှုခရစ်ထမြောက်တော်မူသောအားဖြင့်၊ ငါတို့ကို ကယ်တင် တတ်၏။ ဗတ္တိဇံဟုဆိုသော် ကိုယ်ကာယ၏အညစ်အကြေးဆေးကြောခြင်းကို မဆိုလို။ ကိုယ်ကိုကိုယ်သိသောစိတ် ကြည်လင်၍ ဘုရားသခင့်ရှေ့ ၌ ဂန်ခံခြင်းကို ဆိုလိုသတည်း။"*

၇။ (တမန်တော် ၂း၃၈) အရ ဗတ္တိဇံအတွက် လိုအပ်ချက်များသည် ဘာတွေလဲ။

၈။ (မာကု ၁၆း၁၆) အရ ဗတ္တိဇံအတွက် လိုအပ်ချက်များသည် ဘာတွေလဲ။

၉ ။ မွေးစကလေးတစ်ယောက်သည် နောင်တ ရနိုင်သလား။

၁၀။ မွေးစကလေးတစ်ယောက်သည် ယုံကြည်ခြင်း ရှိနိုင်သလား။

၁၁။ (တမန်တော် ၁၀း၄၃-၄၈)ကို ဖတ်ပါ။ ယုံကြည်သူတစ်ယောက်အနေနှင့် လုပ်သွားသင့်သည့် ယေရှုကိုယုံကြည်ပြီးနောက် နောက်ထပ်ခြေလှမ်းသည် ဘာဖြစ်မည်နည်း။

**တမန်တော် ၁၀း၄၄-၄၈** - "*ထိုစကားကို မြွက်ဆိုစဉ်၊ နှုတ်ကပတ်တရားတော်ကို ကြားနာရသော သူအပေါင်းတို့အပေါ်သို့ သန့်ရှင်း သောဝိညာဉ်တော်သည် သက်ရောက်တော်မူ၏။ တစ်ပါး အမျိုးသား တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်၏ ကျေးဇူးကို သွန်းလောင်းသောကြောင့်၊ အရေဖျား လှီးခြင်းကို ခံသောသူတည်းဟူသော ပေတရုနှင့်ပါသမျှသော တပည့်တော်တို့သည်၊ မိန်းမော တွေဝေခြင်း ရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် အမျိုးမျိုးသောဘာသာစကား အားဖြင့်ပြော၍ ဘုရားသခင်ကို ချီးမွမ်းသည်ကို ကြားကြလေသည်။ ထိုအခါ ပေတရုက ငါတို့ကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်ကိုခံရသော ဤသူတို့ကိုဗတ္တိဇံမပေးစေခြင်းငှါ အဘယ်သူသည် ရေကို တားမြစ်နိုင်သနည်း ဟုဆိုလျက် သခင်ဘုရား၏နာမ၌ ဗတ္တိဇံကိုခံစေမည်အကြောင်း စီရင်လေ၏။ ထိုနောက်မှ ပေတရုသည် ကာလ အတန်အရာ နေပါမည်အကြောင်းကို သူတို့သည် တောင်းပန်ကြ၏။*"

# အဖြေ သော့ချက်

၁။ ဤလူငယ်သည် ဘာကို မေးနေသနည်း။
**သူသည် ကောင်း ကင်ဘုံသို့ရောက်ရန် ဗတ္တိဇံခံယူဖို့ လိုအပ်သည်ဆိုလျှင်၊ ....**

၂။ (တမန်တော် ၁၀း၄၃)ကျမ်းချက်အရ ကွန်ပ်တို့ဆီ ကယ်တင်ခြင်း မည်သို့ ရောက်လာသနည်း။
**ယေရှုခရစ်၌ ယုံကြည်ခြင်း မှတစ်ဆင့် ဆုကျေးဇူးတစ်ခုအနေနှင့် လွတ်လွတ်လပ်လပ် ရရှိသည်။**

၃။ ဗတ္တိဇံသည် ကယ်တင်ခြင်းရသည့်အချိန်၌ နေရာယူနေကျအတိုင်း ယုံကြည်ခြင်းကို ထုတ်ဖေါ်ပြောဆိုခြင်း ဖြစ်သည်။ ဤ အမှန်တရားကို(တမန်တော် ၂း၃၈)၌ မည်သို့ ဖေါ်ပြသနည်း။
**နောင်တရ၍ ဗတ္တိဇံကို ခံကြလော့ဟု ပေတရုဆိုလေ၏။**

၄။ ဤအမှန်တရားကို (မာကု ၁၆း၁၆)၌ မည်သို့ ဖေါ်ပြသနည်း။
**ယေရှုပြောသည်၊“ယုံကြည်၍ ဗတ္တိဇံကိုခံယူလျှင် ကယ်တင်ခြင်း သို့ ရောက်လတ္တံ့။” ထိုအချိန်၌ ဖြစ်နိုင်မှုကို ပေါ်လွင်အောင် ပြောဆိုခြင်းဖြစ်သည်။**

၅။ ဗတ္တိဇံသည် ဘုရားသခင်ကို ဆုတောင်းခြင်းနည်းလမ်းတစ်ခု ဖြစ်သည်။ ဤအမှန်တရားကို (တမန်တော် ၂၂း၁၆)၌ မည်သို့ ဖေါ်ပြသနည်း။
**ဤကျမ်းချက်ကပြောသည်မှာ ဘုရားသခင်ကို ပတ္တနာပြုသော သူတစ်ယောက်သည် အပြစ်များဆေးကြော ခြင်းခံရလိမ့်အကြောင်း ဖြစ်သည်။ ထင်ထင်ပေါ်ပေါ် ဘုရားသခင်အား ဆုတောင်းခြင်းသည်ငှင်း၊ ကိုယ်တော်သည် စကားသံ အားဖြင့်(လုကာ ၁၈း၁၃)၊ သို့မဟုတ်၊ ဗတ္တိဇံကို ခံခြင်းအားဖြင့်ငှင်း၊ ဤကျမ်းချက်အထဲ ဖေါ်ပြသည့်အတိုင်း ဖြစ်သည်။**

၆။ ဗတ္တိဇံသည် အသိအမြင် ကြည်လင်ခြင်းအတွက် ဘုရားသခင်ကို ဆုတောင်းခြင်း နည်းလမ်း တစ်ခု ဖြစ်သည်။ ဤအမှန်တရားကို (၁ ပေ ၃း၂၁) ကျမ်းချက်က အတည်ပြု ပေးသလား။
**အတည်ပြုပေးပါသည်။**

၇။ (တမန်တော် ၂း၃၈) အရ ဗတ္တိဇံအတွက် လိုအပ်ချက်များသည် ဘာတွေလဲ။
**နောင်တရခြင်း**

၈။ (မာကု ၁၆း၁၆) အရ ဗတ္တိဇံအတွက် လိုအပ်ချက်များသည် ဘာတွေလဲ။
**လူတစ်ယောက်သည် ယုံကြည်ခြင်း ရှိရမည်။**

၉။ မွေးစကလေးတစ်ယောက်သည် နောင်တ ရနိုင်သလား။
**မရနိုင်ပါ။**

၁၀။ မွေးစကလေးတစ်ယောက်သည် ယုံကြည်ခြင်း ရှိနိုင်သလား။
**မရှိနိုင်ပါ။**

၁၁။ (တမန်တော် ၁၀း၄၃-၄၈)ကို ဖတ်ပါ။ ယုံကြည်သူတစ်ယောက်အနေနှင့် လုပ်သွားသင့်သည့် ယေရှုကို ယုံကြည်ပြီးနောက် နောက်ထပ်ခြေလှမ်းသည် ဘာဖြစ်မည်နည်း။
**ရေနှင့် ဗတ္တိဇံ ခံယူခြင်း။**

# သင်ခန်းစာ (၉)

# ခရစ်တော်၌ ထပ်တူကျခြင်း (အပိုင်း- ၁)

(၂ ကော ၅း၁၇) က ဤသို့ဆိုသည်။ "*လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါ ဖြစ်၏။ ဟောင်းသောအရာတို့ သည်ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြ၏။*" "ခရစ်တော်၌" ဆိုသည် စကား အသုံးအနှုန်းသည် ဓမ္မသစ်ကျမ်းစာထဲတွင် အကြိမ်ပေါင်း (၁၀၀) ကျော်သုံးစွဲထားသော ပညာရပ် ဝေါဟာရ တစ်ခုဖြစ်သည်။ ၎င်းသည် ဘုရားသခင်နှင့် အလွန်အရေးကြီးသော စုပေါင်းဆက်ဆံရေးကို အစဉ်ရည်ညွှန်းထားသည်။ ဤနေရာရောက်သည်နှင့် သင်သည် အသစ်ပြုပြင်သော သတ္တဝါ ဖစ်လာပါသည်။ အချို့ တကယ့် ဘာသာပြန်ချက်တွင် "သတ္တဝါသစ်ဖြစ်လာသည်"ဟု ဖွင့်ဆိုပါသည်။

ဤအတွက် အတိမ်းအစောင်းမခံသောအကြောင်းရှိစေသည်မှာ၊ ခရစ်တော်၌ သင်၏ ကိုယ်ပိုင်လက္ခဏာအသစ်ကို နားလည် သဘောပေါက်ခြင်းသည် အလွန်အရေးပါသည်ဟု ကျွန်ုပ် ယုံကြည်သည်။ ၎င်းသည် ရုပ်လောက၌ နေရာမယူ။ သင့်ခန္ဓာနှင့်ပတ်သက် ပြီး၊ ကြည့်လိုက်ရင် ပြောင်းလဲသည်ကို မြင်ရသော လုံးဝပြောင်းလဲသွားခြင်းကို ပြောနေခြင်းမဟုတ်။ လူတစ်ယောက် သူ ကယ်တင်ခြင်း မရမီက ဝကစ်နေသည်ဖြစ်လျှင်၊ နောက်ပိုင်းလည်း အရင်အတိုင်း ဝကစ်နေမည်သာ ဖြစ်သည်။ အစားအစာ ချင့်တွက်စားသောက် လေ့ကျင့်မှသာ ခန္ဓာကိုယ် ပြောင်းလဲလိမ့်မည်။ ၎င်းမှာ သင်၏ စိတ်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ခံစားမှုအပိုင်းနှင့် ပတ်သက်ပြီး ပြောနေသည်လည်း မဟုတ်ပါ။ လူအတော်များများက သူတို့ "တကယ့်လူတစ်မျိုး" အဟုတ်မှတ်နေကြသည်။ ကယ်တင်ခြင်း မတိုင်မီက သင်သည် ချက်ချာပါးနပ်သူ မဟုတ်ဘူးဆိုလျှင်၊ ကယ်တင်ခြင်းခံယူပြီးနောက်ပိုင်း၌လည်း အလွန်ချက်ချာ ပါးနပ်သူတစ်ယောက် ဖြစ်မလာပါ။ သင့်၌ များစွာသော မှတ်ဉာဏ်နှင့်အတွေးများ အတူတူ ရှိနေပါသေးသည်။

၎င်း၌ တတိယပိုင်း အပြောင်းအလဲရှိသည်။ ဤကျမ်းချက်အရ ဖယ်ရှားခြင်းဖြစ်စဉ်အားဖြင့်၊ ကျွန်ုပ်တို့၏ အပိုင်းတစ်ပိုင်းသည် ပြောင်းလဲသွားသည်။ ဂိညာဉ်လူ ဖြစ်လာသည်။ သမ္မာကျမ်းစာထဲက အမှန်အတည်ပြုပေးနိုင်သည်မှာ (၁ သက် ၅း၂၃)၌ သက်သာ လောနိတ်အသင်းသားများအတွက် ပေါလု၏ဆုတောင်းချက်တွင် ဖြစ်သည်။ "*ငြိမ်သက်ခြင်းအရှင် ဘုရားသခင် ကိုယ်တော်တိုင်လည်း၊ သင်တို့ကို အကုန်အစင် သန့်ရှင်းစေတော်မူ ပါစေသော။ ငါတို့သခင် ယေရှုခရစ်ကြွတော်မူလာသောအခါ၊ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဂိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူပါစေသော။*" ဤကျမ်းစာပိုဒ်အရ ကျွန်ုပ်တို့၌ ခန္ဓာ၊ စိတ်၊ ဂိညာဉ် ရှိသည်ကို သိရသည်။ ခန္ဓာအပိုင်းသည် အလွန်မြင်လွယ်သည်။ ၎င်းသည် မျက်မြင်ရသော ကျွန်ုပ်တို့၏ အစိတ်အပိုင်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အပြင်လူ ဖြစ်သည်။ ခန္ဓာကိုကျော်လွန်သော အပိုင်းတစ်ခုရှိသည်ကို ကျွန်ုပ်တို့အကုန် စိတ်မှန်းနှင့် သိရှိကြသည်။ ၎င်းမှာ ကျွန်ုပ်တို့၏ စိတ်ခံစားမှုအပိုင်းဖြစ်၍ သမ္မာကျမ်းစာက စိတ်ဂိညာဉ်ဟု ခေါ်သည်။ လူတစ်ယောက်က ကျွန်ုပ်တို့ကို ရုပ်ပိုင်းအားဖြင့် ထိတွေ့မှု မရှိသော်လည်း သူတို့ပြောစကားများအား ဖြင့်၊ အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ ကျွန်ုပ်တို့၌ ထိခိုက်မှုရှိလာပါသည်။ လူအများစုသည် ရုပ်ပိုင်းနှင့် စိတ်ဂိညာဉ်ပိုင်းတို့၌ ပုံမှန် ဇောကပ်လျက်ရှိကြပါသည်။ သမ္မာကျမ်းစာအရ နောက်ထပ်အပိုင်းတစ်ပိုင်းရှိပါသေးသည်။

၎င်းကို နံ့ဂိညာဉ်ဟု ခေါ်သည်။ နံ့ဂိညာဉ်ပိုင်းသည် ပြောင်းလဲသွားသော ကျွန်ုပ်တို့အထဲကအပိုင်းဖြစ်သည်။ ကယ်တင်ခြင်းရပြီးနောက် အသစ်ဖြစ်လာသည်။

အမှန်တော့ ၎င်းသည် အသက်ပေးသောအပိုင်း ဖြစ်သည်။ (ယာကုပ် ၂း၂၆) က ဆိုသည်။ "*ဂိညာဉ်နှင့်ကင်းသော ကိုယ်သည် အသေဖြစ်သကဲ့သို့၊ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်၏။*" ၎င်းမှာ ကျွန်ုပ်တို့၏ရုပ်ခန္ဓာအထဲသို့ အမှန်အကန် မှုတ်သွင်းနေ သောအသက်သည် နံ့ဂိညာဉ်ဖြစ်ကြောင်းကို ပြသနေပါသည်။ ၎င်းသည် ကျွန်ုပ်တို့၌ အသက်ဖြစ်လာသည်နေရာ ဖြစ်သည်။ ကမ္ဘာဦးကျမ်း အခန်းကြီး(၂)၌ ဘုရားသခင်သည် လူအာဒံနှင့် ဧဝကို ဖန်ဆင်းရာတွင်၊ အာဒံ၏ ရုပ်ပိုင်းသည် လုံးလုံးလျားလျား ဖြစ်လာ သော်လည်း၊ ဘုရားသခင်သည် လူအထဲသို့ ဇီဂအသက် (ဂင်သက်ထွက်သက်) ကို မှုတ်သွင်းတော်မူခဲ့သည်။ ဤတွင် "ဇီဂအသက်"ကို ဓမ္မဟောင်းကျမ်း ဟေဗြဲစကားလုံးအရ ကျွန်ုပ်တို့အသုံးပြုသော ဂင်သက်ထွက်သက် စကားနှင့် အတိအကျ ထပ်တူကျလေသည်။ ၎င်းကို အခြားနေရာများ၌ နံ့ဂိညာဉ်ဟူ၍ ပြန်ဆိုဖေါ် ပြတတ်ပါသည်။ ဘုရားသခင်သည် လူအာဒံ၏ ရုပ်ခန္ဓာနှင့် စိတ်ခန္ဓာပိုင်းကို ဖန်ဆင်းပြီး နောက် ကိုယ်တော်သည် လူ၏နှာခေါင်းထဲသို့ ဇီဂအသက်ကို မှုတ်သွင်းတော်မူသဖြင့်၊ အာဒံသည် အသက်ရှိသော ဂိညာဉ်လူဖြစ်လာ ရပါသည်။ နံ့ဂိညာဉ်သည် ကျွန်ုပ်တို့အား အသက်ပေးသော ကျွန်ုပ်တို့၏ အပိုင်းတစ်ခု ဖြစ်သည်။

ကယ်တင်ခြင်းအရင်၊ လူတစ်ယောက်သည် သူ့ဘဂကို လုံးလုံးလျားလျား ဆက်ကပ်ခြင်း မပြုမီ ဘုရားသခင်သည် သူ့ဆီသို့ ကြွလာတော်မူသဖြင့်၊ သူ့အထဲက ဂိညာဉ်ပိုင်းသည် အသေကဲ့သို့ ဖြစ်၏။ (ဖေက် ၂း၁)၌ ဤသို့ဆိုသည်။ "*ဒုစရိုက်အပြစ်တို့၌ ကျင် လည်ကြ၍ ထိုအပြစ်တို့၌ သေလျက်ရှိသော သင်တို့ကိုပင် ဘုရားသခင်သည် **အသက်ရှင်စေ** တော်မူပြီ။*" ကျွန်ုပ်တို့သည် ဒုတိယ မွေးဖွားခြင်းမခံမီမှာ အသက်ရှင်နေတာ သိပါတယ်။ ဒီမှာ "သေသည်"ဟု ဆိုသည်မှာ ဂိညာဉ်အကြောင်းပြောနေခြင်းဖြစ်သည်။ သမ္မာ ကျမ်းစာထဲတွင် သေသည်ကို ယနေ့လူတချို့ တွေးနေသလို ပါဂင်နေမှုရပ်စဲသွားခြင်း မဟုတ်ပါ။ တိုက်ရိုက်အဓိပ္ပာယ်မှာ "လမ်းခွဲထွက်ခြင်း"ကို ဆိုလိုသည်။ လူသားသည် ကိုယ်ခန္ဓာ သေဆုံးသွားသောအခါ သူတို့ပါရှိခြင်းသည် မရပ်ပါ။ သမ္မာကျမ်းစာ အလိုအရ သူတို့သည် ချက်ချင်း ဘုရားရှေ့တော်မှောက်တော်သို့ ရောက်၏၊ သို့မဟုတ်၊ ငရဲသို့ ရောက်၏။ သူတို့၏ စိတ်ဂိညာဉ်နှင့် နံ့ဂိညာဉ်သည် ဆက်ရှိနေသည်။ ဤတွင် မြေမှုန့်ဖြစ်၍ ယိုယွင်းပျက်ဆီးသွားသော ရုပ်ခန္ဓာကိုယ်မှ လမ်းခွဲခြင်းဟု ဆိုရမည် ဖြစ်သည်။

ကမ္ဘာဦးကျမ်း (၂း၁၇)၌ "စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကို ပညတ်ထားကြောင်း" ပြောထားသည်။ ၎င်းတွင် သူတို့ ရုပ်ပိုင်းသေဆုံးမည်ကို မဆိုလိုဘဲ၊ ဂိညာဉ်သေခြင်းကို ပြောပါသည်။ ထိုနေရာတွင် သူတို့သည် ဘုရားသခင်နှင့် လမ်းခွဲထွက်ခဲ့ရပါ သည်။ ကျွန်ုပ်တို့အပေါ် ဘုရားမှုတ်သွင်းပေးထားသော ကျွန်ုပ်တို့အား အသက်ကိုပေးသော၊ လှုံ့ဆော်မှုပေးသော ဂိညာဉ်သည် ဘုရားသခင်၏သဘာဂလွန် အသက်တော်ထဲမှ လမ်းခွဲ ထွက်လာခဲ့ရသည်။ ဘုရားသခင်၏ အသက်တော်သည် သန့်ရှင်းခြင်းနှင့် ဥသုံပြည့်ဂသော အသက်ဖြစ်၏။ ၎င်းကို ကျမ်းစာထဲတွင် "**zoe**" ဟုခေါ်၍ "လုံးဂနှင့် ပြည့်ဂသည့် အမြင့်ရှိ အသက်" ဖြစ်သည်။ လူသား သည် စတင်ကျဆင်းလာသည်။ ဘုရားသခင်သည် လည်ပတ် အသုံးချ ပေးနေပါသည်။ သို့သော် လူသည် လွတ်လတ်လပ်လပ် လည်ပတ်၍ ကိုယ်တော်နှင့် ခွဲခွါ နေလာကြသည်။ ဤအချက်သည် ကျွန်ုပ်တို့ဘဂများအတွင်း ပြဿနာအားလုံး၊ စိတ်အာရုံ ဖိစီးမှု အားလုံးကို ဖြစ်ပေါ် စေ ပါတော့သည်။

လူတစ်ယောက်သည် ဘုရားသခင်ဆီ ပြန်လှည့်လာသောအခါ၊ နံဂိညာဉ်အသစ်ကို သူတို့ လက်ခံရလိုက်သဖြင့် ဒုတိယ မွေး ဖွားခြင်းရလာသည်။ ဒုတိယမွေးဖွားခြင်းကို စကားဝေါဟာရအဖြစ် (ယော ၃း၅) ၌ ယေရှုအသုံးပြုခဲ့သည်။ ထိုနည်းအတိုင်း လူသည် ရုပ်လောကအတွင်း မွေးဖွားစဉ် ကိုယ်ခန္ဓာ၊ စိတ်ဂိညာဉ်နှင့် နံဂိညာဉ်တို့ ပါဝင်လာပြီး၊ ဒုတိယမွေးဖွားခြင်း ခံယူသောအခါ သူသည် ခရစ်တော်၏ဂိညာဉ်ကို လက်ခံရရှိသည်။ (ဂလာတိ ၄း၆)၌ ဤသို့ပြောသည်။ "ထိုသို့ သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟု ခေါ်တတ်သော သားတော်၏ ဂိညာဉ်တော်ကို သင်တို့ စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏။" ဘုရားသခင်သည် ကျွန်ုပ် တို့အထဲသို့ ကိုယ်တော်၏ဂိညာဉ်ကို တိုက်ရိုက်နေရာချထား တော်မူသည်။ ယခု ကျွန်ုပ်တို့သည် ဘဝ အရည်အသွေးအသစ်၊ ကိုယ်ပိုင် လက္ခဏာအသစ်နှင့် ကျွန်ုပ်တို့၏ ဂိညာဉ်သည် ပုဂ္ဂိုလ်အသစ် လုံးဝ ဖြစ်လာပါသည်။ ကျွန်ုပ်တို့၏ ခရစ်ယာန်ဘဝ ကျန်သည့်အပိုင်း သည်၊ မိမိ၏ ဂိညာဉ်ရေးရာနှင့်၊ ဂိညာဉ်ပိုင်း၌ နေရာယူမည့် စိတ်ပိုင်းဆိုင်ရာနယ်မြေတို့ကို လေ့လာခြင်း ဖြစ်သည်။ အမှန်တော့၊ သင့်ကယ်တင်ခြင်း၏ သုံးပုံတစ်ပုံသည် ယေရှုခရစ်ကို သခင်ဘုရားအဖြစ် သင်တို့လက်ခံ လိုက်သည့်အပေါ် ရှိနေမည်။ သင့်ဂိညာဉ်သည် လုံးဝပြောင်းလဲလာသည်။

ထိုသို့ အတိအကျတူညီသော ဂိညာဉ်သည် ထာဝရကာလတစ်လျှောက် သင့်၌ ရှိနေလိမ့်မည်။ ၎င်းတွင် ချစ် ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းတို့သည် အသင့်ရှိနေပြီး၊ ဘုရားမျက်မှောက်တော်၌ အပြည့်ရှိနေသည်။ သင့်ဂိညာဉ်ထဲတွင် လျော့နည်းခြင်း၊ အားနည်းခြင်းလည်း မရှိသည်ဖြစ်၍၊ သင်၏ခရစ်ယာန်အသက်တာ၌ နှုတ်ကပတ်တော် လေ့လာခြင်းသည် အလွန် အရေးကြီးကြောင်း အကြောင်းပြချက် နှင့်အတူ သင်လက်ခံရယူရပါမည်။ သင်သည် လုံးလုံးလျားလျား လူသစ်တစ်ယောက် ဖြစ်လာသော်လည်း၊ သင့်အသိဉာဏ် မကြွယ်ဝမချင်းတော့ သင် ပြောင်းလဲလိမ့်မည် မဟုတ်ပါ။ ခရစ်ယာန်ဘဝ အောင်မြင်ခြင်းသို့ ရောက်လာ သည်မှာ၊ နှုတ်ကပတ် တရားတော်ကို လေ့လာနိုင်စွမ်းရည် သင့်၌ရှိနေသောအချိန်၌ ဖြစ်သည်။ ၎င်းမှာ သင်မည်သူဖြစ်သည်၊ သင့်အပေါ် ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့် ၎င်းကို ယုံကြည်မှု စတင်လာသော သင်၏ဂိညာဉ်ရေးရာနှင့်အသက်တာ ဖြစ်သည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (၂ ကော ၅း၁၇) ကိုဖတ်ပါ။ ခရစ်တော်၌ရှိသူ မည်သူမဆိုသည် ဘာဖြစ်လာသလဲ။

**၂ ကော ၅း၁၇** - *"လူမည်သည်ကား ခရစ်တော်၌ရှိလျှင်၊ အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ် ဖြစ်ကြပြီ။"*

၂။ (၂ ကော ၅း၁၇) ကို ဖတ်ပါ။ ဟောင်းသောအရာများ ဘာဖြစ်သွားသလဲ။

၃။ (၂ ကော ၅း၁၇ ) ကို ဖတ်ပါ။ ဘာတွေ အသစ် ဖြစ်လာကြသနည်း။

၄။ (ဖေက် ၂း၁) ကို ဖတ်ပါ။ သင်တို့သည် ဒုတိယမွေးဖွားခြင်း (သို့မဟုတ်) အသက်ရှင်စေခြင်းမတိုင်မီက ဘာအခြေအနေရှိနေ သနည်း။

**ဖေက် ၂း၁** - *"ဒုစရိုက်အပြစ်၌ သေလျက်ရှိသော သင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင် စေတော်မူပြီ။"*

၅။ (ဖေက် ၂း၂) ကို ဖတ်ပါ။ ယုံကြည်သူတစ်ယောက်အဖြစ် သင်မည်သို့ အသက်ရှင် သွားလာသနည်း။

**ဖေက် ၂း၂** - *"သင်တို့သည် အထက်က လောကီတရားသို့လိုက်၍ အာကာသ ကောင်းကင်၏ တန်ခိုးကို အစိုးရသော မင်းတည်း ဟူသော ငြင်းဆန်သောသူတို့၌ ပြုပြင်သောဝိညာဉ်၏အလို နှင့်အညီ ဒုစရိုက်အပြစ်၌ ကျင်လည်ကြ၍ ...."*

၆။ (ဖေက် ၂း၃-၅ ) ကို ဖတ်ပါ။ ဘုရားသခင်၏ ကြွယ်ဝခြင်းသည် ဘာလဲ။

**ဖေက် ၂း၃-၅** - *"ထိုငြင်းဆန်သောသူတို့နှင့်တကွ၊ ငါတို့ရှိသမျှသည်၊ အထက်က ကိုယ်ကာယ၏အလိုသို့၎င်း၊ စိတ်အလိုသို့၎င်း လိုက်သဖြင့်၊ ကာမဂုဏ်တို့၌ ကျင်လည်သည်ဖြစ်၍၊ ကြွင်းသောသူတို့ကဲ့သို့ပင် ပကတိအတိုင်းအမျက်တော်ကို ခံရသောသူ ဖြစ်ကြ၏။ သို့သော်လည်း ကရုဏာနှင့်ကြွယ်ဝတော်မူသောဘုရားသခင်သည်၊ ငါတို့ကို ချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့်၊ ဒုစရိုက်အပြစ်၌ သေလျက်ရှိသောငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင် စေတော်မူပြီ။ ကျေးဇူးတော်ကြောင့်သာ ကယ်တင်တော်မူခြင်းသို့ ရောက်ရ၏။"*

၇။ (ဖေက် ၂း၄) ကို ဖတ်ပါ။ ဘုရားသခင်သည် အဘယ်ကြောင့် ကရုဏာတော်နှင့် ကြွယ်ဝ သနည်း

၈။ (ဖေက် ၂း၅) ကို ဖတ်ပါ။ ငါတို့သည် ဒုစရိုက်အပြစ်၌သေလျက်ရှိစဉ်တွင်၊ ငါတို့အတွက် ဘုရားသခင် ဘာလုပ်ပေးသနည်း။

၉ ။ (ဖေက် ၂း၅) ကို ဖတ်ပါ။ ဘုရားသခင်သည် ငါတို့ကို ဘယ်လို ကယ်တင်သနည်း။

၁၀။ (၁ ကော ၆း၉-၁၀) ကို ဖတ်ပါ။ စာရင်းထဲ ဖေါ်ပြချက် တစ်ခုခုနှင့် သင်သည် ပတ်သက် နေနိုင်သလား။

**၁ ကော ၆း၉-၁၀** - *"မတရားသောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရသည်ကို သင်တို့ မသိကြသလော?။ အလွဲ မယူကြနှင့်။ မတရားသောမေထုန်၌ မှီဝဲသောသူ၊ ရုပ်တု ကိုးကွယ်သောသူ၊ သူ့မယားကို ပြစ်မှားသောသူ၊ ယောကျ်ားချင်း မေထုန်ကို ပြုသောသူ၊ ထိုအမှု ကို*
*ခံသောသူ၊ သူ့ဥစ္စာကို ခိုးသောသူ၊ လောဘလွန်ကျူးသောသူ၊ သေရည်သေရက်နှင့် ယစ်မူးသော သူ၊*
*ဆဲရေးကဲ့ရဲ့သောသူ၊ အနိုင်အထက်လုယူသောသူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြ။"*

၁၁။ (၁ ကော ၆း၁၁) ကို ဖတ်ပါ။ "ဖြစ်ကြသော်လည်း (were)" စကားလုံးသည် မည်သည့် အတိတ်၊ ပစ္စုပ္ပန် ၊ အနာဂတ်ပြ အခြေ အနေဖြစ်ပါသလား။

**၁ ကော ၆း၁၁** - *"အထက်က သင်တို့တွင် အချို့သောသူတို့သည် ထိုသို့သောသူဖြစ်ကြသော်လ ည်း၊*
*ယခုတွင် ယေရှုခရစ်၏ နာမတော်အားဖြင့်၎င်း၊ ငါတို့ဘုရားသခင်၏ ဂိညာဉ်တော်အားဖြင့်၎င်း ဆေးကြောသန့်ရှင်း၍ ဖြောင့်မတ်ရာသို့ ရောက်ကြပြီ။"*

၁၂။ (၁ ကော ၆း၁၁) ကို ဖတ်ပါ။ သင်သည် "ဒုတိယမွေးဖွားခြင်း" ခံရသောအခါ၊ သင်၌ ဖြစ်လာသောအရာ(၃)ခုသည် ဘာလဲ။

၁၃။ (၁ ကော ၆း၁၁) ကို ဖတ်ပါ။ ဤကျမ်းချက်သည် မည်သည့် အတိတ်၊ ပစ္စုပ္ပန် ၊ အနာဂတ်ပြ အခြေအနေ ဖြစ်ပါသလဲ။

၁၄။ (၁ ကော ၆း၁၇ ) ကို ဖတ်ပါ။ "သခင်ဘုရား၌ မှီဝဲသောသူသည်၊ ထိုသခင်နှင့် ---_ ဖြစ်၏။"

**၁ ကော ၆း၁၇** - *"ဘုရားသခင်၌ မှီဝဲသောသူသည် ထိုသခင်နှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်၏။"*

# အဖြေ သော့ချက်

၁။ (၂ ကော ၅း၁၇) ကိုဖတ်ပါ။ ခရစ်တော်၌ရှိသူ မည်သူမဆိုသည် ဘာဖြစ်လာသလဲ။
**အသစ်ပြုပြင်သောသတ္တဝါ (သတ္တဝါသစ်)**

၂။ (၂ ကော ၅း၁၇) ကို ဖတ်ပါ။ ဟောင်းသောအရာများ ဘာဖြစ်သွားသလဲ။
**ဟောင်းသောအရာများ ချုပ်ငြိမ်းကုန်၏။**

၃။ (၂ ကော ၅း၁၇) ကို ဖတ်ပါ။ ဘာတွေ အသစ် ဖြစ်လာကြသနည်း။
**အရာခပ်သိမ်း (အကုန်လုံး)**

၄။ (ဧဖက် ၂း၁) ကို ဖတ်ပါ။ သင်တို့သည် ဒုတိယမွေးဖွားခြင်း(သို့မဟုတ်) အသက်ရှင်စေခြင်းမတိုင်မီက ဘာအခြေအနေရှိနေ
**သနည်း။ ငါတို့သည် ဒုစရိုက်အပြစ်တို့၌ သေလျက်ရှိကြ၏။**

၅။ (ဧဖက် ၂း၂) ကို ဖတ်ပါ။ ယုံကြည်သူတစ်ယောက်အဖြစ် သင် မည်သို့ အသက်ရှင်သွားလာသနည်း။
**ငါတို့သည်အထက်ကလောကီတရားသို့လိုက်၍အာကာသကောင်းကင်၏တန်ခိုးကို အစိုးရသောမင်း(စာတန်)တည်းဟူသော ငြင်းဆန်သော သူတို့၌ ပြုပြင်သော ဝိညာဉ်၏ အလိုနှင့်အညီ ဒုစရိုက်အပြစ်၌ ကျင်လည်ကြ၏။**

၆။ (ဧဖက် ၂း၃-၅) ကို ဖတ်ပါ။ ဘုရားသခင်၏ ကြွယ်ဝခြင်းသည် ဘာလဲ။
**သနားခြင်း ကရုဏာ**

၇။ (ဧဖက် ၂း၄) ကို ဖတ်ပါ။ ဘုရားသခင်သည် အဘယ်ကြောင့် ကရုဏာတော်နှင့် ကြွယ်ဝသနည်း။
**ကျွန်ုပ်တို့အပေါ်၌ ထားတော်မူသော ကိုယ်တော်၏ မဟာမေတ္တာတော်ကြောင့်၊**

၈။ (ဧဖက် ၂း၅) ကို ဖတ်ပါ။ ငါတို့သည် ဒုစရိုက်အပြစ်၌သေလျက်ရှိစဉ်တွင်၊ ငါတို့အတွက် ဘုရားသခင် ဘာလုပ်ပေးသနည်း။
**ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူသည်။**

၉ ။ (ဧဖက် ၂း၅) ကို ဖတ်ပါ။ ဘုရားသခင်သည် ငါတို့ကို ဘယ်လို ကယ်တင်သနည်း။
**ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့်**

၁၀။ (၁ ကော ၆း၉-၁၀) ကို ဖတ်ပါ။ စာရင်းထဲ ဖော် ပြချက် တစ်ခုခုနှင့် သင်သည် ပတ်သက်နေနိုင်သလား။
**ပတ်သက်နေနိုင်ပါသည်။**

၁၁။ (၁ ကော ၆း၁၁) ကို ဖတ်ပါ။ "ဖြစ်ကြသော်လည်း(were)" စကားလုံးသည် မည်သည့် အတိတ်၊ ပစ္စုပ္ပန် ၊ အနာဂတ်ပြ အခြေအနေ ဖြစ်ပါသလား။
**အတိတ်ကာလပြ အခြေအနေ**

၁၂။ (၁ ကော ၆း၁၁) ကို ဖတ်ပါ။ သင်သည် "ဒုတိယမွေးဖွားခြင်း" ခံရသောအခါ၊ သင်၌ ဖြစ်လာသောအရာ(၃)ခုသည် ဘာလဲ။
**သင်သည် ဆေးကြောခြင်းခံရ၏။ သန့်ရှင်းစေ၏။ ဘုရားသခင့်ရှေ့ ၌ ဖြောင့်မတ်ရာ သို့ ရောက်ရ၏။**

၁၃။ (၁ ကော ၆း၁၁) ကို ဖတ်ပါ။ ဤကျမ်းချက်သည် မည်သည့် အတိတ်၊ ပစ္စုပ္ပန် ၊ အနာဂတ်ပြ အခြေအနေ ဖြစ်ပါသလဲ။
**ပစ္စုပ္ပန်ကာလပြ အခြေအနေ**

၁၄။ (၁ ကော ၆း၁၇) ကို ဖတ်ပါ။ "သခင်ဘုရား၌ မှီဝဲသောသူသည်၊ **ထိုသခင်နှင့် တစ်စိတ် တစ်ဝမ်းတည်း** ဖြစ်၏။"

## သင်ခန်းစာ (၁၀)

# ခရစ်တော်၌ ထပ်တူကျခြင်း (အပိုင်း-၂)

အထက်ပါနောက်ဆုံးသင်ခန်းစာ၌ ကျွန်ုပ်တို့ဂိညာဉ်အထဲ၊ ကျွန်ုပ်တို့စိတ်နလုံးအထဲ ပြောင်းလဲခြင်းရှိသည့်၊ ဒုတိယမွေးဖွားခြင်းဆိုင်ရာ အကြောင်းများကို ဆွေးနွေးခဲ့ကြသည်။ ကျွန်ုပ်တို့သည် (၂ ကော ၅း၁၇) ကို အသုံးပြုခဲ့ကြသည်။ "*လူမည်သည်ကား ခရစ်တော်၌ ရှိလျှင်၊ အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ် ဖြစ်ကြပြီ။*" ကျွန်ုပ်တို့ဒုတိယမွေးခြင်း ခံရပြီးသည့်အခါ ကျွန်ုပ်တို့၏ဂိညာဉ် အထဲနေရာယူလာသည့် လုံးလုံးလျားလျား အသွင်ပြောင်းလဲခြင်း တစ်ရပ်ကို ကျွန်ုပ်တို့စတင် ကြည့်ရှု လာခဲ့ကြသည်။ ကျွန်ုပ်တို့ ဂိညာဉ်အထဲ ဖြစ်ပျက်လာသည့်အရာများကို သိရန် တစ်ခုတည်းသော နည်းလမ်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့်သာ ဖြစ်ပါသည်။ အပြင်ပိုင်း အရာများမှတစ်ဆင့် ကျွန်ုပ်တို့ သတိပြုမိလိမ့်မည် မဟုတ်သလို၊ ကျွန်ုပ်တို့၏ စိတ်ခံစားရမှုများ အားဖြင့်လည်း ဆင်ခြင်မိနိုင်မည် မဟုတ်ပါ။ အကြောင်းမှာ ၎င်းသည် ဂိညာဉ်နယ်မြေ ဖြစ်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့၏ ဂိညာဉ်အပိုင်းထဲ၌ လုံးလုံးလျားလျား အသွင် ပြောင်းလဲခြင်းတစ်ခု ဖြစ်လာပါသည်။

လူတွေ ယေရှုကို လက်ခံပြီးသောအခါ၊ သူတို့ဘဝအထဲ နေရာယူလာသည့် အရာ များကိုပြပေးသော သမ္မာကျမ်းစာကျမ်းချက်အချို့ကိုသုံး၍ ကျွန်ုပ်ပြောပြလိုပါသည်။ (ဖေက် ၄း၂၄)၌ ဆိုသည်။ "*မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီအားဖြင့် ဘုရားသခင်နှင့် အတူအမျှ ဖန်ဆင်းသောလူသစ်ကို ယူတင်ဝတ်ဆောင်မည့်အကြောင်း၊ ....* " လူတစ်ယောက် ဒုတိယ မွေးဖွားခြင်း ခံရပြီးသောအခါ သူတို့၏ဂိညာဉ်သည် ဖြောင့်မတ်ခြင်းနှင့် မှန်သောသန့်ရှင်းခြင်း ရှိလာသည်။ တကယ်တော့ သမ္မာကျမ်းစာသည် ဖြောင့်မတ်ခြင်း အမျိုးအစား(၂)ခု ရှိသည်ကို ပြောနေသည်။ သင့်ကိုယ်ပိုင်ဆောင်ရွက်ခြင်းအားဖြင့် ဖြစ်လာသောဖြောင့်မတ်ခြင်းတစ်ခု ရှိသည်။ သင်သည် ထိုသို့သော ဖြောင့်မတ်ခြင်းကို အခြားသူများနှင့် ဆက်ဆံရာတွင် ထိန်းသိမ်းအသုံးပြုရသည်။ သင်သည် မှန်ကန်စွာမနေ၊ မှန်ကန်စွာမလုပ်လျှင် သင့်အလုပ်ရှင်က သင့်ကို အလုပ်ထုတ်ပစ်မည်။ သင့်အိမ်ထောင်ဖက်သည် သင့်ကိုစွန့်ပစ်လေမည်။ ထို့ကြောင့် သင့်ကိုယ်ပိုင် ဖြောင့်မတ်ခြင်းရှိဖို့ သင်လိုအပ်သည်။ သို့သော်ငြားလည်း ဘုရားသခင်သည် သင့်အပြင်ပိုင်း ဖြောင့်မတ်ခြင်းကို အခြေခံ၍ သင့်ကို လက်ခံသည် မဟုတ်ပါ။ ဘုရားသခင်သည် ကိုယ်တော်၏ဖြောင့်မတ်ခြင်းကို တိုက်ရိုက် သင့်အား ပေးတော်မူသည်။

(၂ ကော ၅း၂၁)၌ ခမည်းတော်ဘုရားသခင်သည် သားတော်ကို အပြစ်ရှိသောသူ ဖစ်စေသောအားဖြင့်၊ ကိုယ်တော်၌ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အပေါ် ဖြစ်စေ သည်ဟု ဆိုထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အပြင်ပိုင်းဖြောင့်မတ်ခြင်းကို ကျော် သွားသော ဖြောင့်မတ်ခြင်း တစ်ခုရှိသည်ဖြစ်၍၊ ယင်းအခြေခံအားဖြင့် ကျွန်ုပ်တို့အတွက် ဘုရားသခင် ပြုတော်မူခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို တိုက်ရိုက်လက်ခံရရှိသည်။ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်း နှင့်မှန်သော သန့်ရှင်းခြင်း၌ ဖန်ဆင်းခံရသူများ ဖြစ်ကြသည်။ဖြောင့်မတ်ခြင်းအထဲတွင် ကျွန်ုပ်တို့ ကြီးထွား လာကြသည် မဟုတ်ဘဲ၊ ကျွန်ုပ်တို့သည် ဖြောင့်မတ်ပြီးသား ဖြစ်ကြသည်။ ရိုးရိုးလေး

အဓိပ္ပာယ်ဖွင့်ချက်တစ်ခုအရ ပြောရလျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မှန်ကန်စွာ ရပ်တည် နေနိုင်ပြီး ဖြစ်ကြသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို အခြားမည်သူတစ်ဦးတစ်ယောက်ပေါ်တွင်မျှ မဟုတ်ဘဲ၊ ခရစ်တော်အပေါ် အခြေခံလျက် ကျေနပ်နှစ်သက်တော်မူသည်။ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်း၊ မှန်သောသန့်ရှင်းခြင်း၌ ဖန်ဆင်းခံထားနှင့်ပြီးဖြစ်သည့်အတိုင်း၊လူသစ်များ ဖြစ်ကြပါသည်။ (ဧဖက် ၂း၁၀)က ပြောပါသည်။ "*အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည် ကောင်းသောအကျင့်ကို ကျင့်မည်အကြောင်း ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာ ဖြစ်ကြ၏။*" ကျွန်ုပ်တို့ဂိညာဉ်၌ ကျွန်ုပ်တို့သည် ပြည့်ဝစုံလင်ကြသည်။ အပြစ်လုပ်ခြင်း မရှိ။ အားနည်းခြင်းမရှိ။ (ဧဖက် ၁း၁၃)၌ ပြောထားသည်။ "*သင်တို့သည်... ခရစ်တော်ကို ယုံကြည်ပြီးမှ၊ ကတိတော်နှင့်ယှဉ်သော သန့်ရှင်းသော ဂိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကို ခံရကြပြီ။*" သင်တို့အချို့ တွေးတောကြလိမ့်မည်။ *ကောင်းပါပြီ။ ဦးဆုံး ကျွန်ုပ်ဘုရားသခင်ကို ယုံကြည်ပါပြီ။ ကျွန်ုပ် လုံးဝအပြစ်လွတ် ခြင်းခံရပြီး စင်ကြယ်စေခဲ့ပြီလို့လည်း ယုံကြည်ပါပြီ။ အခြေအနေ အားလုံးကောင်းနေပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်ုပ် အပြစ် လုပ်မိခဲ့တယ်။ ကျွန်ုပ် ဘုရားသခင်ကို နောက်ထပ်ဆုံးရှုံးလိုက်ရပါပြီ။* သင်သည် အပြစ်လုပ်ခဲ့သော်၊ သင့်လုပ်ဆောင်ချက်၊ သင့်စိတ်နှင့် ခံစားချက်အပိုင်းတွေမှာ ဆုံးရှုံးမှုရှိပါသည်။ သို့သော် သင့်ဂိညာဉ်သည် အပြစ်မရှိပါ။ အမျိုးသမီးတစ်ယောက်က သစ်သီးများကို ဖန်ပုလင်းအထဲ ထည့်၍ ညစ်ညမ်းမှုဖြစ်စေမည့်အရာအားလုံးမှ ကာကွယ်ရန် အပေါ်မှာ ဖရောင်းအုပ်ပစ်ထားသကဲ့သို့၊ သင့်ကို ဘုရား သခင်သည် တံဆိပ်ခတ် ထားပါသည်။ ထို့ကြောင့် သင်သည် ဒုတိယမွေးဖွားခြင်းခံရသောအခါ၊ သင်သည် ဂိညာဉ်အသစ်ကို လက်ခံရ ရှိပြီး၊ အပြစ်တရားသည် သင့်ဂိညာဉ်ကို ထိုးဖေါက်ရန် မစွမ်းပါ။ သင်သည် ကိုယ်ပိုင်လက္ခဏာ အသစ်နှင့်ဖြစ်သည်။ သင်သည် ဘုရားသခင်နှင့် ဆက်ဆံခြင်းရှိသည့် အကြောင်းကြောင့်၊ သင့် အသွေးအသား၌မဟုတ်ဘဲ၊ သင့်ဂိညာဉ်၌ ရှိနေသည့်အပေါ် အခြေခံလျက်၊ သင်သည် ဘုရားသခင်ကို မိတ်သဟာယဖွဲ့လျက် ဂတ်ပြုကိုးကွယ်ခြင်း ပြုရသည်။

လူတစ်ယောက်သည် ၎င်းတို့ကိုယ်ပိုင်လက္ခဏာ ပြောင်းလဲစေသော ခရစ်ယာန် အသက်တာ၌ အသွင်ပြောင်းလဲမှုကြီး အမှန်ရှိ လာပါသည်။ သင်သည်၊ ရုပ်ပိုင်းကဏ္ဍတွင် သင် လုပ်သမျှ အကြောင်းအရာများ၌၎င်း၊ သင့်စိတ်တွင် သင်တွေးတောနေသမျှ အကြောင်းအရာ များ၌၎င်း အခြေခံလျက် ဘုရားသခင်နှင့် ဆက်ဆံနေရသည်မဟုတ်ဘဲ၊ ကိုယ်တော်သည် သင့်အတွက် လုပ်ဆောင်တော်မူခြင်း အကြောင်းအရာများအပေါ် အခြေခံလျက် ဂိညာဉ်လူ ဖြစ်သော သင့်ကို ဆက်ဆံတော်မူလေသည်။ ဤသည်မှာ (တက်လိုက်ကျလိုက် ပြောင်းလဲနေသော) မတည်ငြိမ်သော အနေအထားမဟုတ်ဘဲ၊ ပြည့်စုံခြင်းအမှုတော် ဖြစ်သည်။ သင်သည် ဖြောင့်မတ်ခြင်းနှင့် မှန်သော သန့်ရှင်းခြင်းအထဲသို့ ဖန်ဆင်းတော်မူခြင်း ခံရပါသည်။ ၎င်းသည် သင်၏ဂိညာဉ်အပိုင်းတစ်ခု ဖြစ်လာပြီး ဘုရားသခင်နှင့် မိတ်သဟာယ ဖွဲ့ရသည်။ သင်သည် နံဂိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ဘုရားသခင်ကို ဂတ်ပြုကိုးကွယ်ရပါသည်။ သင်သည် ခရစ်တော်၌ရသော ဤကိုယ်ပိုင်လက္ခဏာဖြင့် ရပ်တည်နေရမည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (၁ ကော ၆း၁၇) ကို ဖတ်ပါ။ ကျွန်ုပ်တို့ဝိညာဉ်အတွင်းနေရာယူ၍ လုံးလုံးလျားလျား အသွင်ပြောင်းစေသည့် တစ်ခုတည်းသော နည်းလမ်းသည် ဘုရားသခင့်နှုတ်ကပတ် စကားတော်အားဖြင့်သာ ဖြစ်သည်။ ဤကျမ်းချက်က ကျွန်ုပ်တို့အပေါ် ဘာဖြစ်လာမည်ဟု ပြောသနည်း။

**၁ ကော ၆း၁၇** - *"ဘုရားသခင်၌ မှီဝဲသောသူသည် ထိုသခင်နှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်၏။"*

၂။ (ဖေက် ၃း၁၇) ကို ဖတ်ပါ။ ခရစ်တော်သည် ဘယ်မှာ ကျိန်းဝပ်နေသနည်း။

**ဖေက် ၃း၁၇** - *"ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏စိတ်နှလုံးထဲ၌ ကျိန်းဝပ်တော်မူမည်အကြောင်း၊ ဘုန်းတော် ကြွယ်ဝပြည့်စုံခြင်းနှင့် ညီလျော်စွာ သင်တို့အား ပေးသနားတော်မူ၍၊ မေတ္တာ၌ စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျ တည်ခြင်း ရှိသဖြင့်၊"*

၃။ (ဖေက် ၃း၁၇) ကို ဖတ်ပါ။ ဤအရာ ဘယ်လို ဖြစ်လာသနည်း။

၄။ (၁ ယော ၅း၁၂) ကို ဖတ်ပါ။ ကယ်တင်ခြင်းရရန် မည်သူ့ကို ကျွန်ုပ်တို့ ပိုင်ဆိုင်ထားရမည်နည်း။

**၁ ယော ၅း၁၂** - *"သားတော်ကို ရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကို မရသောသူမူကား အသက်ကို မရ။"*

၅။ (ကော ၁း၂၆-၂၇) ကို ဖတ်ပါ။ ယခုအခါ လူသိရှင်ကြားဖြစ်ပြီးသော ခေတ်ကာလ မျိုးဆက်တစ်လျှောက် ဖုံးကွယ်ထားသည့် နက်နဲရာသည် ဘာလဲ။

**ကောလော ၁း ၂၆-၂၇** - *"ရှေးကပ်ကာလပတ်လုံး ဂုက်ထားလျက်ရှိသော်လည်း၊ ယခုတွင် သန့်ရှင်းသူတို့အား ဖော်ပြသော နက်နဲရာ တည်းဟူသော ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို အကုန်အစင် ဟောပြောစေခြင်းငှါ၊ .... တစ်ပါးအမျိုးသား တို့တွင်၊ ဤနက်နဲသောအရာနှင့်ဆိုင်သော မဟာစည်းစိမ်ကား၊ အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသူတို့သည် သိစေခြင်းငှါ ဘုရားသခင် အလိုရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကိုမျှော်လင့်ခြင်းအကြောင်း တည်းဟူသော သင်တို့အထဲ၌ တည်တော်မူသော ခရစ်တော်ပေတည်း။"*

၆။ (ဖေက် ၄း၂၃-၂၄) ကို ဖတ်ပါ။ ဖြောင့်မတ်ခြင်းနှင့် မှန်စွာသန့်ရှင်းခြင်း၌ ဖန်ဆင်းထားသော အရာသည် ဘာလဲ။

**ဖေက် ၄း၂၃-၂၄** - *"စိတ်နှလုံးသဘောသစ်ကို ရပြီးလျှင်၊ မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း ပါရမီအားဖြင့် ဘုရားသခင်နှင့် အတူ ဖန်ဆင်းသောလူသစ်ကို ယူတင်ဝတ်ဆောင်မည်အကြောင်း၊.."*

၇။ (၂ ကော ၅း၂၁) ကို ဖတ်ပါ။ ကျွန်ုပ်တို့ ပိုင်ဆိုင်ထားသည်မှာ မည်သူ၏ဖြောင့်မတ်ခြင်းလဲ။

**၂ ကော ၅း၂၁** - *"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ် ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည်၊ ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ် သောသူ ဖြစ်မည်အကြောင်းတည်း။"*

၈။ (ဧဖက် ၁း၄) ကို ဖတ်ပါ။ ဘုရားသခင်ရှေ့ ၌ ယုံကြည်သူ၏ရပ်တည်မှုသည် ဘာလဲ။

**ဧဖက် ၁း၃-၄** - *"ငါတို့သည် ဘုရားသခင့်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက် ဖြစ်မည်အကြောင်း ဤကမ္ဘာမတည်မရှိမီ ငါတို့ကို ခရစ်တော်၌ ရွေးကောက် တော်မူသည်နှင့်အညီ၊ ...."*

၉။ (ဧဖက် ၁း၆) ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဘယ်လို လက်ခံခြင်းရခဲ့ပါသလဲ။

**ဧဖက် ၁း၆** - *"ထိုဘုရားသခင်သည် ချစ်တော်မူသော သားတော်ကြောင့်၊ ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ဘုန်း အသရေကို ချီးမွမ်းစေခြင်းငှါ ...."*

# အဖြေ သော့ချက်

၁။ (၁ ကော ၆း၁၇) ကို ဖတ်ပါ။ ကျွန်ုပ်တို့ဝိညာဉ် အတွင်းနေရာယူ၍ လုံးလုံးလျားလျား အသွင်ပြောင်းစေသည့်တစ်ခုတည်းသော နည်းလမ်းသည် ဘုရားသခင့်နှုတ်ကပတ် စကားတော်အားဖြင့်သာ ဖြစ်သည်။ ဤကျမ်းချက်က ကျွန်ုပ်တို့အပေါ် ဘာဖြစ်လာ မည်ဟု ပြောသနည်း။
**ကျွန်ုပ်တို့ဝိညာဉ်များသည် ဘုရားသခင်ကို ဆက်သွယ်ခဲ့ကြသည်။**

၂။ (ဖေက် ၃း၁၇) ကို ဖတ်ပါ။ ခရစ်တော်သည် ဘယ်မှာ ကိန်းဝပ်နေသနည်း။
**ကျွန်ုပ်တို့၏ နှလုံးသားထဲမှာ**

၃။ (ဖေက် ၃း၁၇) ကို ဖတ်ပါ။ ဤအရာ ဘယ်လို ဖြစ်လာသနည်း။
**ယုံကြည်ခြင်းအားဖြင့်**

၄။ (၁ ယော ၅း၁၂)ကိုဖတ်ပါ။ ကယ်တင်ခြင်းရရန် မည်သူ့ကို ကျွန်ုပ်တို့ပိုင်ဆိုင်ထားရမည်နည်း။
**သားတော်ဘုရား(ယေရှုခရစ်)**

၅။ (ကောလော ၁း၂၆-၂၇) ကို ဖတ်ပါ။ ယခုအခါ လူသိရှင်ကြား ဖြစ်ပြီးသော ခေတ်ကာလမျိုးဆက်တစ်လျှောက် ဖုံးကွယ်ထားသည့် နက်နဲရာသည် ဘာလဲ။
**ကျွန်ုပ်တို့အထဲ၌ရှိသောခရစ်တော်၊ ဘုန်းတော်ကို မျှော်လင့်ခြင်း**

၆။ (ဖေက် ၄း၂၃-၂၄) ကို ဖတ်ပါ။ ဖြောင့်မတ်ခြင်းနှင့် မှန်စွာသန့်ရှင်းခြင်း၌ ဖန်ဆင်းထားသော အရာသည် ဘာလဲ။
**လူသစ်ကျွန်ုပ်တို့ (ဒုတိယမွေးဖွားခြင်းခံရသောဝိညာဉ်များ)**

၇။ (၂ ကော ၅း၂၁) ကို ဖတ်ပါ။ ကျွန်ုပ်တို့ ပိုင်ဆိုင်ထားသည်မှာ မည်သူ၏ဖြောင့်မတ်ခြင်းလဲ။
**ခရစ်တော်၌ ဘုရားသခင်၏ဖြောင့်မတ်ခြင်း**

၈။ (ဖေက် ၁း၄) ကို ဖတ်ပါ။ ဘုရားသခင်ရှေ့ ၌ ယုံကြည်သူ၏ရပ်တည်မှုသည် ဘာလဲ။
**သန့်ရှင်းခြင်းနှင့် အပြစ်တင်ခံရမှုမရှိခြင်း**

၉။ (ဖေက် ၁း၆) ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဘယ်လို လက်ခံခြင်းရခဲ့ပါသလဲ။
**ချစ်မြတ်နိုးစွာဖြင့် (ယေရှုခရစ်၏)**

## သင်ခန်းစာ (၁၁)

# ခရစ်ယာန်တစ်ယောက် အပြစ်လုပ်သည့်အခါ၊ ဖြစ်လာသည့်အဖြစ်အပျက်များ

"ယနေ့ ခရစ်ယာန်တစ်ယောက် အပြစ်လုပ်သည့်အခါ ဘာဖြစ်သလဲ" ဆိုသည့် အကြောင်းအရာကို ရှာကြည့်ကြမည်။ (၁ ယောဟန်၁း၈-၉) ၌ သမ္မာကျမ်းစာက ပြောထားသည်။ "*ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင်၊ ကိုယ်ကိုကိုယ်လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာတရားမရှိ။ ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှတို့နှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ငြင်း၊ ဖြောင့်မတ်ခြင်းတရား နှင့်ငြင်း ပြည့်စုံ တော်မူ၏။*" ခရစ်ယာန်များအနေနှင့်၊ ကျွန်ုပ်တို့သည် နောက်ဆုံးတော့ ထိမိလဲတတ်ကြသည်။ နောက်ဆုံးတော့ ကျွန်ုပ်တို့ အပြစ်လုပ်မိကြလိမ့်မည်။ ကျွန်ုပ်တို့ပြောင်းလဲခြင်းမတိုင်မီ အခြေအနေသည် ယခုသဘာဝသစ်၌ ကျွန်ုပ်တို့ရှိနေရခြင်းဖြင့် ခြားနားမှု ဘာရှိလာသလဲ။ ဒုစရိုက် လုပ်မိခြင်းက ကျွန်ုပ်တို့ကို ဂမ်းနည်းစေသည်။ ကျွန်ုပ်တို့ဒုစရိုက် မကျူးလွန်ချင်ကြဘူး။ ဖြောင့်မတ်ခြင်း ရှိတဲ့ဘဝနှင့် ကျွန်ုပ်တို့ နေထိုင်သွားချင်တယ်။ ဒါပေမဲ့ ကျွန်ုပ်တို အပြစ်လုပ်မိတဲ့အခါ ဘာဖြစ်သွားမလဲ။ ကျွန်ုပ်တို့ ကယ်တင်ခြင်း နောက်ထပ်ရဖို့ လိုသေးသလား။ အဲဒီမှာ သမ္မာကျမ်းစာက ဘာပြောထားသလဲ။ ဤကိစ္စမှာ ကျွန်ုပ်တို့၌ လုံခြုံမှု ပျောက်သွားသည်။ အမြင်တချို့ အားဖြင့်လည်း ကျွန်ုပ်တို့သည် လောကသားတွေထက် ပို၍ဆိုးရကြကုန်ပြီ။ အနည်းဆုံးတော့ လောကသားများသည် အပြစ်တရား အသိအမြင်အားဖြင့် နှိပ်စက်ခြင်း မခံရကြပါ။ ယုံကြည်သူများ အနေနှင့်၊ အပြစ်တရားကို ကျွန်ုပ်တို့ အာရုံခံစူးစိုက်ထားနေရမည် မဟုတ်ပါ။ (ဟေဗြဲ ၁၀း၂)က ပြောသည်မှာ၊ ယေရှု၏ယဇ်ပူဇော်ခြင်း ပြီးခဲ့သည်မှစ၍ ယုံကြည်သူအပေါင်းသည် အပြစ်တရားအသိစိတ် ပိုမို အာရုံမထားသင့်ကြောင်း ဖြစ်သည်။ တစ်နည်းပြောရလျှင်၊ အပြစ်တရားသည် ကျွန်ုပ်တို့ဘဝများအထဲတွင် အာရုံစိုက်ရာ မဖြစ်သင့်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ စေ့စေ့ဆင်ခြင် အာရုံထားရာ ဖြစ်သင့်သည်။

(ရောမ ၄း၂)၌ "*အာဗြဟံသည် အကျင့်အားဖြင့် ဖြောင့်မတ်ရာ (ဖြောင့်မတ်သည်ဟု ကြွေးကြော်ခြင်း) သို့ ရောက်သည်မှန်လျှင် ဂါကြွားစရာအကြောင်းရှိ၏။ ဘုရားသခင့်ရှေ့တော်၌ ထိုသို့ မဟုတ်*" ဟု ဆိုထားသည်။ အကယ်၍ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့ လုပ်တဲ့အလုပ်ဖြစ်တဲ့ ကောင်းမှုကုသိုလ်အပေါ်၌ ရှိသည်ဆိုလျှင်၊ ကျွန်ုပ်တို့ လေလုံးထွားရနိုင်သည်။ ကျွန်ုပ်တို့ ဒီလို ပြောကြမည်။ "အိုဘုရားသခင်၊ လက်ဂါးကပ်တိုင်ပေါ် ကိုယ်တော်ပြုသောအမှုအတွက် ကျွန်ုပ် တကယ် ချီးကျူးတယ်။ ဒါပေမဲ့ ကျွန်ုပ် လုပ်ခဲ့တဲ့အရာများ ကိုလည်း ကိုယ်တော် သတိရပါဦး။" သို့နှင့် ထာဝရကာလ တစ်လျှောက်လုံးမှာ၊ ယေရှုကို ချီးမွမ်းသွားမည်၊ ကျွန်ုပ်တို့ လုပ်ခဲ့တဲ့အရာ များ အားလုံးအတွက်လည်း ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ ချီးမွမ်းသွားကြမည်။ ဒီလိုမဟုတ်ပါ။ ဘုရားသခင်သည် ကယ်တင်ခြင်းကို ပုံစံချပေးသွားသည့်နည်းလမ်းမှာ၊ လူသားတို့ပြုသောအပိုင်း၌ ဂါကြွားခြင်း၊ချီးကျူးထောမနာပြုခြင်း ရှိနေရလိမ့်မည်မဟုတ်ပါ။ ချီးမွမ်းထောမနာပြုခြင်းနှင့် ဂါကြွားခြင်းသည် သခင်ယေရှုခရစ်တော်၌သာ ရှိရလိမ့်မည်။ (ရောမ ၃း၂၇)။ ထာဝရအသက်အတွက် ဆုကျေးဇူးသည် အမှန်အကန် ဆုကျေးဇူး တစ်ခု ဖြစ်နေရမည်။ ထိုက်ထိုက်တန်တန် အခယူလို့ရနိုင်တာ မဟုတ်ပါ။ (ရောမ၆း၂၃)။

(ရောမ ၄း၂)၌ အကယ်၍ အာဗြဟံသည် သူ့ဆောင်ရွက်ချက်အရ ဖြောင့်မတ်ခြင်းရခဲ့သော် ဂါကြွားစရာအကြောင်းအချို့ သူ၌ ရှိလိမ့်မည် ဖြစ်သော်လည်း ထိုသို့ ဖြစ်မလာခဲ့ပါ။ လူတစ်ယောက် ကယ်တင်ခြင်းရရန် သမ္မာကျမ်းစာက မည်သို့ ပြောသနည်း။ သူပြု သည့်အရာများ အားဖြင့်လား။ အာဗြဟံသည် မည်သို့ ဖြောင့်မတ်ခြင်း မှတ်ယူခံရသနည်း။ ဖြောင့်မတ်ခြင်းကို မည်သို့ ကြေညာ ယူခဲ့သနည်း။ သူပြုခဲ့သည့်အရာများ အားဖြင့်လား။ သူ မပြုလုပ်ခဲ့သည့်အရာများ အားဖြင့်လား။ သို့မဟုတ် သူသည် ဘုရားသခင်ကို ရိုးရိုးလေး စိတ်ချ၊ ယုံကြည်၊ မှီခိုခြင်း ရှိသောအားဖြင့်လား။ သမ္မာကျမ်းစာ စာအုပ်၏ (ရောမ ၄း၃)က ဤသို့ဆိုသည်။ "*ကျမ်းစာ၌ အဘယ်သို့ လာသနည်း။ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။*" ကျွန်ုပ်သည် ကျရှုံး၍ အပြစ်လုပ်မိသောအခါ၊ ထိုကာလများ၌ပင်လျှင်၊ မည်သည့်အခြေအနေက ကျွန်ုပ်ကို ပျက်စီးခြင်းသို့ မရောက်စေရန် ထိန်းသိမ်းထားပေးသနည်း။ ၎င်းမှာ ယေရှုသည် ကျွန်ုပ်၏အပြစ်အား လုံးကို လက်ဝါးကပ်တိုင်ပေါ်သို့ ယူတင်သော အကြောင်းကြောင့် ဖြစ်ပြီး၊ ကိုယ်တော်၌ ယုံကြည်ခြင်းအားဖြင့် (ကျွန်ုပ်ကိုယ်တိုင်ပြုသောအရာများကြောင့် မဟုတ်ဘဲ) ကျွန်ုပ်သည် ဖြောင့်မတ်ခြင်း ရရှိသည်။ (ဘုရားသခင်ရှေ့ ၌ ဖြောင့်မတ်သူဟု မှတ်ယူခံရသည်။)

(ရောမ ၄း၆)၌ "*ဘုရားသခင်သည် အကျင့်ကိုမထောက်ဘဲလျက် ပေးတော်မူသော ဖြောင့်မတ်ခြင်းကို ရသောသူ၏မင်္ဂလာကို ဒါဝိဒ်သည် ရည်မှတ်၍...*"ဟု ဆိုသည်။ ဓမ္မဟောင်း ကျမ်းထဲမှ ဒါဝိဒ်က ပြောနေသည်မှာ ဖြောင့်မတ်ခြင်း အတွက် လူတို့၏ လုပ်ဆောင်မှုကြောင့် မဟုတ်ဘဲ ဘုရားသခင်သည် ဖြောင့်မတ်ခြင်း၊ မှန်မှန်ကန်ကန် ရပ်တည်ခြင်းကို ပဋိညာဉ် တရားသစ်၌ မှတ်ယူတော်မူသော နေ့ရက်တစ်ရက် ရောက်လာလိမ့်မည် ဆိုသည့်အကြောင်း ဖြစ်သည်။ အခန်းငယ်(၇)၌ ဆက်ပြောသည်။ "*အပြစ်မှလွတ်ခြင်း၊ ဒုစရိုက် အပြစ်ကို ဖုံးအုပ်ခြင်းသို့ ရောက်သောသူသည် မင်္ဂလာရှိကြ၏။*" ဤသည်မှာ အဆုံးအဖြတ် တစ်ခုဖြစ်သည်။ "*ထာဝရဘုရား အပြစ်တင်တော်မူခြင်းနှင့် လွတ်သောသူသည် မင်္ဂလာရှိ၏။*" (ရောမ ၄း၈)။ ဤတွင် ကိုယ်တော် အပြစ်မတင်ဟု မပြော။ တစ်ခါတစ်ရံ အပြစ် တင်လိမ့်မည်။ တစ်ခါတစ်ရံ အပြစ်တင်တော်မူမည် မဟုတ် ဖြစ်သည်။ ပြောထားသည်မှာ၊ "*ထာဝရဘုရား အပြစ်တင်တော်မူခြင်းနှင့် လွတ်သောသူသည် မင်္ဂလာရှိ၏*"ဟူ၍ ဖြစ်သည်။ ဂရိဘာသာ၌ ခိုင်လုံမှု ဆန့်ကျင်ဘက်တစ်ခုကို မှတ်ယူခြင်းအကြောင်း ဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်တော်သည် ဘယ်သောအခါမျှ၊ အစဉ်အမြဲ၊ ကျွန်ုပ်တို့အပေါ် အပြစ်တင်လိမ့်မည် မဟုတ်ဟူ၍ ဖြစ်သည်။ ဤအချက်သည် ပဋိညာဉ်တရားတော်သစ်၏သတင်းကောင်း ဖြစ်သည်။ (ဟေဗြဲ ၁၀း၁၆)၌ ပြောသည်။ "ငါ ထာဝရဘုရားသည် ငါ့ ပညတ်တို့ကို သူတို့နှလုံးထဲမှာ ပေးသွင်းမည်။ သူတို့စိတ်ဝိညာဉ်ပေါ်မှာ ရေးသွင်းမည်။" ထို့နောက် ကတိတော်အပိုင်းတစ်ခုအဖြစ် အငယ်(၁၇)၌ ဘုရားသခင် မိန့်ဆိုသည်။ "*သူတို့ ပြစ်မှားခြင်း၊ လွန်ကျူးခြင်းအမျိုးမျိုးကို ငါ မအောက်မေ့ဘဲ နေမည်။*"

သင်သည်၊ အပြစ်လုပ်မိသည့်အခါ၊ အပြစ်ဝန်ခံရန် အချိန်မရသည့်အခါများ၌ပင်လျှင် ဖြောင့်မတ်ခြင်းနှင့် မှန်မှန်ကန်ကန်ရပ် တည်နေခြင်းအတွက် မည်သည့်အခြေအနေတွင် သင် ရပ်တည်နေမည်နည်း။ ၎င်းအဖြေမှာ သင်သည် ယေရှုခရစ်၌ ယုံကြည်ခြင်းရှိရမည်။ နာမတော်သည် ယေရှုဖြစ်ပြီး၊ ကိုယ်တော်သည် လူတို့အပြစ်များအတွက် လူတွေကို ကယ်တင်တော်မူ လေသည်။ (မဿဲ ၁း၂၁)။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ရောမ ၄း၅)ကို ဖတ်ပါ။ ------_ သောသူတို့ကို ဘုရားသခင်သည် ဖြောင့်မတ်စေတော်မူသည်။ (ဖြောင့်မတ်သည်ဟု မှတ်တော်မူ၏)

**ရောမ ၄း၅** - -*"အကျင့်မရှိသောသူမည်သည်ကား၊ မတရားသောသူ၏အပြစ်ကိုဖြေသောသူကို ယုံကြည်လျှင်၊ သူ၏ယုံကြည်ခြင်း ကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်လျက်ရှိ၏။"*

၂။ (ရောမ ၄း၂-၃)ကို ဖတ်ပါ။ အာဗြဟံသည် (ယုံကြည်လာသောအခါ) သူ၌ ယခင်က မရှိခဲ့ဘူးသည့် အရာတစ်ခုကို ဘုရားသခင်သည် သူ့အပေါ် မှတ်သားတော်မူသည်။ ဘာပါလိမ့်။

**ရောမ ၄း၂-၃** - *"အာဗြဟံသည် အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည်မှန်လျှင် ဂါကြွားစရာအကြောင်းရှိ၏။ ဘုရားသခင့် ရှေ့တော်၌ ထိုသို့ မဟုတ်။ ကျမ်းစာ၌အဘယ်သို့ လာသနည်း။ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်း ကဲ့သို့ မှတ်တော်မူလ။"*

၃။ (ရောမ ၄း၂၂-၂၄) ကို ဖတ်ပါ။ အာဗြဟံ ယုံကြည်သကဲ့သို့ ကျွန်ုပ်တို့ ယုံကြည်ကြလျှင်၊ ကျွန်ုပ်တို့အပေါ် ဘုရားသခင် မည်သို့ မှတ်ယူတော်မူမည်နည်း။

**ရောမ ၄း၂၂-၂၄** - *"ထိုကြောင့် သူ၏ယုံကြည်ခြင်းကို သူ၏ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။ ထိုသို့မှတ်တော်မူသည်ဟု အာဗြဟံ အကျိုးအလို့ငှါသာ ကျမ်းစာ၌ ရေးထားသည်မဟုတ်။ ငါတို့ အကျိုးအလို့ငှါ ရေးထားသတည်း။ ငါတို့သခင် ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသော သူကို ငါတို့သည် ယုံကြည်လျှင်၊ ထိုယုံကြည်ခြင်းကို ငါတို့၏ ဖြောင့်မတ်ခြင်း ကဲ့သို့ မှတ်တော်မူလတ္တံ့။"*

၄။ (ရောမ ၄း၆) ကို ဖတ်ပါ။ ဘုရားသခင်သည် လူတစ်ယောက်အပေါ် ဖြောင့်မတ်ခြင်း (မှန်မှန်ကန်ကန်ရပ်တည်ခြင်း) အဖြစ် အောက်ပါတစ်ခုခုအရ မှတ်တော်မူသည်။

(က) သူတို့၏ အလုပ်များအရ

(ခ) သူတို့၏အလုပ်များမှ လွဲလို့ အခြားအကြောင်းအရ

(ဂ) သူတို့ မည်မျှကောင်းသည့်အပေါ် မူတည်ခြင်းအရ

*(ရောမ ၄း၆)၌ "ဘုရားသခင်သည် အကျင့်ကိုမထောက်ဘဲလျက် ပေးတော်မူသော ဖြောင့်မတ်ခြင်းကို ရသောသူ၏မင်္ဂလာကို ဒါဝိဒ်သည် ရည်မှတ်၍..."*

၅။ (ဟေဗြဲ ၁၀း၁၄)ကို ဖတ်ပါ။ ယုံကြည်သူများသည် ဘုရားရှေ့တော်၌ မည်မျှကြာကြာ စုံလင်ခြင်းရှိနေမည်နည်း။

**ဟေဗြဲ ၁၀း၁၄** - *"အကြောင်းမူကား၊ စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကို ရစေခြင်းငှါ၊ တစ်ခါတည်းပူဇော်ခြင်း အားဖြင့် ပြုတော်မူ၏။"*

၆။ (ရောမ ၅း၁၇)ကို ဖတ်ပါ။ အောက်ပါတစ်ခုခုဖြင့် ဖြောင့်မတ်ခြင်းကို လက်ခံရရှိသည်။

(က) ထိုက်ထိုက်တန်တန် အခရယူခြင်းအားဖြင့်
(ခ) ဆုကျေးဇူးတစ်ခုအဖြစ်
(ဂ) ထိုအတွက် အလုပ် လုပ်ယူခြင်းအားဖြင့်

**ရောမ ၅း၁၇** - *"ထိုမှတစ်ပါး၊ လူတစ်ယောက်သည် ပြစ်မှားသောကြောင့်၊ ထိုတစ်ယောက်သောသူအားဖြင့် သေခြင်းတရားသည် အစိုးရ၏။ ကျေးဇူးတော်၏ ကြွယ်ဝခြင်းကိုငှင်း၊ ဖြောင့်မတ်ရာသို့ သွင်းပေးတော်မူခြင်းကိုငှင်း ခံရသောသူတို့သည် တစ်ယောက်သောသူ တည်းဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက် သာ၍ စိုးစံရကြလတ္တံ့။"*

၇။ "ဆုကျေးဇူး" စကားလုံးသည် ဘာကို ပေါ်လွင်စေသနည်း။

၈။ ယေရှုကို သင့်ကယ်တင်ရှင်အဖြစ် စိတ်ချရမှုရှိစေရန်၊ အောက်ပါ လမ်းခရီးတစ်လျှောက်လုံးသို့ သင့်အား ခေါ်ဆောင်သွားမည်ဟူ၍ ကိုယ်တော်၌ စိတ်ချ အပ်နှံထားရမည်။

(က) အသင်းတော်
(ခ) ကောင်းကင်ဘုံ
(ဂ) ရှုရှားပြည်

# အဖြေ သော့ချက်

၁။ (ရောမ ၄း၅)ကို ဖတ်ပါ။ အကျင့်မရှိ သောသူ တို့ကို ဘုရားသခင်သည် ဖြောင့်မတ်စေ တော်မူသည်။ (ဖြောင့်မတ်သည်ဟုမှတ် တော်မူ၏)

၂။ (ရောမ ၄း၂-၃)ကို ဖတ်ပါ။ အာဗြဟံသည် (ယုံကြည်လာသောအခါ) သူ၌ ယခင်က မရှိခဲ့ဘူးသည့်အရာတစ်ခုကို ဘုရားသခင်သည် သူ့အပေါ် မှတ်သားတော်မူသည်။ ဘာပါလိမ့်။
**ဖြောင့်မတ်ခြင်းကဲ့သို့ (သို့မဟုတ်) ဘုရားသခင်နှင့်အတူ မှန်စွာ ရပ်တည်နေခြင်းကဲ့သို့**

၃။ (ရောမ ၄း၂၂-၂၄) ကို ဖတ်ပါ။ အာဗြဟံ ယုံကြည်သကဲ့သို့ ကျွန်ုပ်တို့ ယုံကြည်ကြလျှင်၊ ကျွန်ုပ်တို့အပေါ် ဘုရားသခင် မည်သို့ မှတ်ယူတော်မူမည်နည်း။
**ဖြောင့်မတ်ခြင်းကဲ့သို့ (သို့မဟုတ်) ဘုရားသခင်နှင့်အတူ မှန်စွာရပ်တည်နေခြင်းကဲ့သို့**

၄။ (ရောမ ၄း၆) ကို ဖတ်ပါ။ ဘုရားသခင်သည် လူတစ်ယောက်အပေါ် ဖြောင့်မတ်ခြင်း (မှန်မှန်ကန်ကန် ရပ်တည်ခြင်း) အဖြစ် အောက်ပါတစ်ခုခုအရ မှတ်တော်မူသည်။
**(ခ) သူတို့၏အလုပ်များမှ လွဲလို့ အခြားအကြောင်းအရ**

၅။ (ဟောဗြ ၁၀း၁၄)ကို ဖတ်ပါ။ ယုံကြည်သူများသည် ဘုရားရှေ့တော်၌ မည်မျှကြာကြာ စုံလင်ခြင်းရှိနေမည်နည်း။
**အမြဲတမ်း**

၆။ (ရောမ ၅း၁၇)ကို ဖတ်ပါ။ အောက်ပါတစ်ခုခုဖြင့် ဖြောင့်မတ်ခြင်းကို လက်ခံရရှိသည်။
**(ခ) ဆုကျေးဇူးတစ်ခုအဖြစ်**

၇။ "ဆုကျေးဇူး" စကားလုံးသည် ဘာကို ပေါ်လွင်စေသနည်း။
**လက်ခံရသူက တန်ဖိုး မပေးရဘဲ ရရှိသည့် အခမဲ့ပေးကမ်းခြင်း တစ်စုံတစ်ရာ၊**

၈။ ယေရှုကို သင့်ကယ်တင်ရှင်အဖြစ် စိတ်ချရမှုရှိစေရန် အောက်ပါ လမ်းခရီးတစ်လျှောက်လုံးသို့ သင့်အား ခေါ်ဆောင်သွားမည် ဟူ၍ ကိုယ်တော်၌ စိတ်ချအပ်နှံထားရမည်။
**(ခ) ကောင်းကင်ဘုံ**

## သင်ခန်းစာ (၁၂)

# ဘုရားသခင့် စကားတော် တည်တံ့ခိုင်မြဲခြင်း

မာကု ခရစ်ဝင်ကျမ်း အခန်းကြီး(၄) သည် ဘုရားသခင့်စကားတော် တည်တံ့ခိုင်မြဲခြင်းနှင့် ပတ်သက်၍ အလွန်အမင်း ကောင်းသောအခန်းကြီးတစ်ခု ဖြစ်သည်။ ၎င်းတွင် တန်ခိုးတော်၊ စရိုက်လက္ခဏာတော်နှင့် ယုံကြည်ခြင်းတို့ ပါရှိသည်။ ဤတွင် နေ့တစ်နေ့တည်း၌အနည်းဆုံး ပုံဥပမာ ဆယ်ခုကို သင်ပေးထားသည်။ ၎င်းတို့ကို ချဉ်းကပ်လေ့လာရန် သင်သည် မာကုအခန်းကြီး(၄)၊ မဿဲအခန်းကြီး(၁၃)နှင့် လုကာ အခန်းကြီး(၈)တို့ကို နှိုင်းယှဉ်ကြည့်ရလိမ့်မည်။ ပုံဥပမာ အတော်များများ လည်း ပါရှိသည်။ ၎င်းတို့ အနက်တစ်ခုမှာ မျိုးစေ့ကြဲသူက မျိုးစေ့ကြဲသည့်အကြောင်း ဖြစ်သည်။ (မာကု ၄း၂၆-၂၇)တွင် ဤသို့ဆိုသည်။ "*ထိုမှတစ်ပါး လူသည် မျိုးစေ့ကို ကြဲပြီးမှ၊... အပင်ပေါက်၍ကြီးပွားသည်နှင့် ဘုရားသခင်၏နိုင်ငံတော် တူ၏။*" အခန်းငယ်(၁၄)တွင် မျိုးစေ့သည် ဘုရားသခင် စကားတော်ဖြစ်ကြောင်း ပြောထားသည်ကို အမှတ်ရပါ။ သင်သည် လယ်သမားတစ်ယောက် အမှန်ဖြစ်လာရန် ဘုရားသခင် သွန်သင်နေသည် မဟုတ်ပါ။ သို့သော် ဝိညာဉ်ရေးရာအမှန်တရားကို ရှင်းပြရန်၊ ဤသဘာဝအကြောင်းအရာကို ကိုယ်တော်အသုံးပြုခြင်း ဖြစ်သည်။ အခန်းငယ် (၂၇)က "*နောက်တစ်ဖန် မိမိ မကြည့် မမှတ်၊ ညဉ့်၊ နေ့၊ အိပ်လျက်၊ နိုးလျက်နေသော်လည်း အပင်ပေါက်၍ ကြီးပွားသည်နှင့်၊...*" ဟု ဆိုပါသည်။ ဤအချက် အရေးကြီးသည်ကို ယခု ကျွန်ုပ်ယုံကြည်ပါပြီ။ လူသည် အမှန်တကယ်နားလည်သဘော မပေါက် ကြောင်း ဆိုထားသည်။ ဘယ်လို ဖြစ်ပျက်ကြီးပွားလာသည်ကိုပင် သူမသိပါ။

လူတချို့ပြောကြလိမ့်မည်။ "ခင်ဗျား ဘာပြောနေလဲဆိုတာကိုတော့ ကျုပ်နားမလည်ဘူးဗျာ။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ဖတ်လိုက်တာနဲ့ ကျွန်ုပ်ကို အဘယ်သို့အမှန်တကယ် ပြောင်းလဲစေပြီး၊ ဘုရားသခင်ရဲ့အသက် ကျွန်ုပ်အထဲ ရောက်လာမယ်လို့ ဘာကြောင့် ဆိုရသလဲ။ ကျုပ် လုံးဝနားမလည်ပါဘူး၊ ဒါပေမဲ့ အလုပ်လုပ်နေတာတော့ သိတယ်။ ခင်ဗျားက အစေ့ သေးသေးလေး တစ်စေ့ကို မြေထဲချလိုက်တာနဲ့ အချိန်တန်တော့ ပြောင်းရိုးတန်ရှည်ရှည်နဲ့ ပြောင်းဖူးတွေ ထွက်လာတာရယ်၊ ဒီလို အဆတစ်ရာ တိုးပွားလာ တာကို ဘယ်လိုဖြစ်လာသလဲ ဆိုတာ ကျုပ် နားမလည်နိုင်ပါဘူးဗျာ။ တကယ်လည်း ဘယ်သူမှ နားမလည်ကြပါဘူး။ ဒါပေမဲ့ ဖြစ်လာ တာပဲ။ ကျွန်ုပ်ပြောပြလိုသည်မှာ ထိုသို့ ဖြစ်မည့်အကြောင်း ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ခြင်းနှင့် သင့်အပြုအမူ၊ သင့်အတွေ့အကြုံနှင့် သင့်ရှုထောင့်များ ပြောင်းလဲမှု ပြည့်ဝစေရန်အတွက် အစပြုခွင့်ပေးလိုက်ပါ။

ဤခန်းငယ်(၂၈)တွင် "*မြေကြီးသည် မိမိ အလိုအလျောက် အသီးကို သီးစေ၏*" ဟု ဆိုထား သည်။ မြေကြီးသည် အစေ့ကိုဖေါက်၊ အညှောက်ထွက်စေ၍ အသက်ကို ထုတ်လွှတ် လိုက်သည်။ သင့်စိတ်နှလုံးသားသည် ဘုရားသခင်၏ စကားသံတော်အတွက် ဖန်ဆင်း ထားသည်။ တကယ်လည်းမှန်သည်။ ဘုရားစကားသံတော်သည် သင့်စိတ်နှလုံးသားအထဲ နေရာ ချပေးထားပါသည်။ သင်သည် သမ္မာကျမ်းစာအုပ်ကို ပိတ်လျက်ကိုင်ထားပြီး၊ ကော်ဖီစားပွဲပေါ် တင်ထားမည် (သို့မဟုတ်) သွားလေရာ ယူသွားခြင်းဖြင့် သင့်အ တွက် ကောင်းကွက် တစ်ခုမျှ မရှိပါ။ ထိုသို့ဖြင့် သင့်ဘဝအတွက် တန်ခိုးကို

ထုတ်မပေးပါ။ သင့်အနေနှင့် နှုတ်ကပတ်တရားကို နာ၍ မျိုးစေ့အသွင်ဖြင့် သင့်စိတ်နှလုံးအထဲ စိုက်ပျိုးရမည်။ ထိုသို့ သင်ပြုလျှင်၊ သင့်စိတ်နှလုံးသည် ကိုယ်တိုင် အကျိုးထွက်စေရန် ပုံစံချ ထားပြီး ဖြစ်သည်။ သင့်ဘဝအထဲ လုပ်ဆောင်သောအရာများ လမ်းကြောင်းအပြောင်းအလဲသည် အလိုအလျောက် ဖြစ်လာလိမ့်မည်။ အခန်းငယ်ကဆက်ပါသည်။ *"ရှေးဦးစွာ အညှောက်၊ ထိုနောက်အနှံ၊ ထိုနောက် အနှံထဲမှာ အောင်မာသောအဆန်ကို ဖြစ်စေ တတ်၏။"*

ဤတွင် ကြီးပွားရင့်ကျက်လာရန် အဆင့်၊ ခြေလှမ်းများရှိသည်ကို ပေါ်လွင်စေသည်။ လူတွေ ကျွန်ုပ်ဆီလာပြီး၊ သူတို့ တစ်စုံတစ်ရာ ကောင်းကောင်း နေထိုင်နေရသည့်အတွက် ဘုရားသခင်ကို ယုံကြည်ကြောင်း တစ်ချိန်လုံး လာပြောပြ နေတတ်ကြသည်။ ဒါက ဘုရားသခင်ကို မွေ့လျော်ခြင်းဖြစ်လို့ ကျွန်ုပ်လည်း သူတို့နှင့် တစ်သဘောတည်းရှိခဲ့ပါသည်။ ဒါပေမဲ့ သူတို့သည် ဘာမျှ လုပ်ဆောင်ခြင်း မရှိခဲ့ ရင်၊ လူတစ်ယောက်ကိုမျှ ဘုရားသခင်ဆီ သူတို့ မပို့နိုင် ခဲ့ဘူးဆိုရင်၊ ကျွန်ုပ် အသေအချာ ပေါ်ထုတ်နိုင်သည်။ သူတို့သည် နောက် သီတင်းပတ် အနည်းငယ် လောက်တော့၊ ရေဒီယို၊ တယ်လီဗီးရှင်း ဧဝံဂေလိတရားကို နားထောင်ဖို့လိုနေပါပြီ။

ဤအတွက် သင်သည် အဆင့်အလိုက် လုပ်သွားရမည်။ ဘုရားသခင် သွန်သင်မည်ကို လက်ခံရန် အဆင့်အလိုက် ရှိပါသည်။ ထို့ကြောင့် အထက်ပါ ပုံဥပမာက ပုံဆောင်ပြနေခြင်းဖြစ်သည်။ ပထမဦးဆုံးတော့ သင်သည် စလိုက်ရမည်။ နောက် မျှော်လင့်ချက် ထားပါ။ နောက် ယုံကြည်ပါ။ နောက် အကျိုးရလဒ် ထွက်လာပါလိမ့်မည်။ အောင်မြင်ရန် အမြဲတမ်း အသွားခြေလှမ်းများ ရှိပါသည်။ သုညကနေ စပြီး၊ တစ်နာရီ မိုင်ထောင်သောင်းနှုန်းနှင့် တစ်ချက်တည်း အပေးကြီး ရောက်သွား နိုင်သူတစ်ယောက်မျှ မရှိပါ။ ဘုရားဂတ် မွေ့လျော်ခြင်း ဖြစ်နိုင်သည် ဆိုသည့်တိုင်၊ ထိုလမ်းကြော င်းနှင့် အလုပ်လုပ်သွားလို့ မရနိုင်ပါ။ ဘုရားသခင်၏နိုင်ငံသည် မျိုးစေ့နှင့် တူသည်ဟု သမ္မာကျမ်းစာက ပြောပြနေသည်။ နှုတ်ကပတ်စကားတော်သည် သင့်နှလုံးသားအတွင်း စိုက်ပျိုးရမည်။ ကြီးပွားခြင်းက အဆင့်နှင့် ဖြစ်လာမည်။ ရှေးဦးစွာ အညှောက်၊ ထိုနောက်အနှံ၊ ထိုနောက် အနှံထဲမှာ အောင်မာသောအဆန် ဖြစ်လာသည်။ သမ္မာ ကျမ်းစာက ဆက်ပြောသည်။ "အသီးမှည့်၍ ရိတ်သိမ်းချိန်ရောက်သောအခါ လယ်ရှင်သည် မဆိုင်းမလင့် တံစဉ်နှင့် ရိတ် စေတတ်၏။" ကြီးပွားရန် အဆင့်တွေရှိခဲ့သည်။ နောက်ဆုံးတော့ အသီးနှင့်ပြည့်ပြီး ရင်မှည့်သော ကာလတစ်ခု ရောက်လာပါလိမ့်မည်။

ဆိုလိုချက်သည် အခန်းငယ် (၃၅) အရောက်တွင် တွေ့ရသည်။ "ထိုနေ့ ညအချိန်၌ ကိုယ်တော်က၊ ကမ်းတစ်ဘက်သို့ ကူးကြ ကုန်အံ့ဟု မိန့်တော်မူလျှင်၊ ..." ယေရှုသည် တစ်နေ့လုံး၊ နှုတ်ကပတ်စကားသည် မျိုးစေ့ဖြစ်ကြောင်း၊ သူတို့ဘဝများအထဲ ဘုရားသ ခင်၏ အသက်တာ ရှင်သန်စေမည့် အကြောင်းဖြစ်သည့် နှုတ်ကပတ်တော်၏ တန်ခိုးတော်အကြောင်းကို သွန်သင်ပေးနေခဲ့သည်။ ဤအ တွက် ပုံဥပမာ အနည်းဆုံးဆယ်ခုကို ကိုယ်တော် သွန်သင် ပေးခဲ့ပြီးဖြစ်၍ ယခု ဤတွင် စမ်းသပ်မှုပြုနေခြင်း ဖြစ်သည်။ ကိုယ်တော် သူတို့ကို ပြောသည်။ "ကောင်းပြီ၊ ဘုရားသခင်ရဲ့စကားတော်အရ၊ ဒီမှာ ကန်တစ်ဘက်ကမ်းသို့ ကူးကြစို့။" ကိုယ်တော်က "လှေပေါ် တက်ကြမယ်၊ ကန်ဖြတ် ခရီးတစ်ဂက်ရောက်ရင် လှေနစ်မြုပ်မယ်"လို့ မပြောပါ။ သို့သော်"ကမ်းတစ်ဘက်သို့ ကူးကြကုန်အံ့"ဟု ဆိုလိုက်သည်။ ကိုယ်တော်သည် လှေပေါ်တက်၍ အိပ်စက်တော်မူသည်။ ဇာတ်လမ်းက မုန်တိုင်းကြီးတစ်ခုရောက်လာပြီး၊ လှေကို ရေနှင့်ပြည့်စေ၏။ သင် တွေးကြည့်ပါ။ သူတို့စီးသွားကြသည်မှာ၊ လှေကုန်းပတ်အောက် အိပ်ခန်းငယ်ကလေးနှင့် ယေရှုသည် ခြောက်ခြောက်သွေ့သွေ့ အိပ်စက်တော်မူလျက်၊ လှေပေါ်မှာ ဘာဖြစ်နေသည်ကို မသိလောက်နိုင်သည့် ခရီးသည်တင်သင်္ဘောမျိုးမဟုတ်ပါ။ ကုန်းပတ်ပွင့် လှေငယ်ကလေးဖြစ်ပြီး၊ ရေပြင်ပေါ်

ဘောင်ဘင်ခတ်လျက်ရှိစဉ် ယေရှု အိပ်ပျော်နေပါသည်။ တပည့်တော်များသည် စိတ်ပျက်လက်ပျက်နှင့် ကိုယ်တော်အနား ရောက်လာပြီး အော်ပြောတော့သည်။ "ကိုယ်တော်၊ ကျွန်ုပ်တို့ ပျက်စီးခြင်းသို ရောက်သည်ကို လျစ်လျူသောစိတ် ရှိသလော။" တခြားစကားနှင့်ပြောရင် သူတို့ ပြောနေပါလိမ့်မည်။ "တစ်ခုခု လုပ်ပေးပါ။ လက်ဆွဲပုံး ဆွဲပြီး ရေခပ်ထုတ်ပစ်ပါ။ လေ့လျှော်ပေး၊ တစ်ခုခု လုပ်ကြ။ အို၊ ကိုယ်တော် ကိုယ့်တာဝန် ကိုယ်မကျေဘူး။"

ယနေ့ လူတွေ အချိန်တော်များများ၌ ဘုရားသခင်နှင့် ထိုအတိုင်း ဖြစ်နေကြ၍ ပြောတတ် ကြသည်။ "ဘုရားသခင် ကိုယ်တော် ဘာကြောင့် တစ်ခုခု မလုပ်ပေးတာလဲ။" အမှန်တော့ ဘုရားသခင် တစ်ခုခု လုပ်ပေးပြီးဖြစ်သည်။ သခင်ယေရှုဘုရား၏ အပြစ် ဖြေရာယဇ်အားဖြင့် ကျွန်ုပ်တို့ လိုအပ်သော အရာအားလုံးကို ပေးကမ်းထားပါသည်။ ကိုယ်တော်သည် နှုတ်ကပတ်စကားတော်ကို ထုတ်ဖော် ပြထားပြီး၊ ထိုမျိုးစေ့အားလုံးကို ကျွန်ုပ်တို့အား ပေးထားသည်။ ကျွန်ုပ်တို့ လုပ်ရမည်မှာ နှလုံးသားထဲ မျိုးစေ့ကြဲရန် ဖြစ်ပြီး၊ အသက်တာများ လွှဲပြောင်းပေးသည့်တိုင်အောင် နှုတ်ကပတ်တရားအပေါ် အာရုံထား လေ့ကျင့်ပေးနေရမည်။ သို့သော် တပည့်တော်များက ကိုယ်တော်ကို အိပ်ယာက ထစေလို၍ ပြောလေ၏။ "*ကိုယ်တော် ဘာကြောင့် တစ်ခုခု မလုပ်ပေးသလဲ။*" ကိုယ်တော် သည် ထ၍ လေနှင့် ပင်လယ်လှိုင်းလုံးများကို ဆုံးမတော်မူသဖြင့် လေသည်ငြိမ်၍ အလွန်သာယာလေ၏။ ထိုနောက် ကိုယ်တော်သည် လှည့်၍ တပည့်တော်များကို ပြောရသည်။ "သင်တို့သည် အဘယ်ကြောင့် ဤမျှလောက် ကြောက်ရသနည်း။ အဘယ်ကြောင့် ယုံကြည်ခြင်းစိတ်နှင့် ကင်းသနည်း။ ကိုယ်တော် ဒီလိုမပြော။ "*အို မိတ်ဆွေတို့၊ ကျွန်ုပ် ဝမ်းနည်းပါတယ်။ ကျွန်ုပ် တစ်ခုခု လုပ်ပေး သင့်တာပေါ့။*" မပြောပါ။ ကိုယ်တော့်အပိုင်းသည် သူတို့အား နှုတ်ကပတ်တော် သင်ပေးပြီး ကတိတော် ပေးရန်ဖြစ်သည်။ သူတို့အပိုင်း သည် နှုတ်ကပတ်တော်ကို ရယူပြီး ကတိတော်ကို ယုံကြည်ရန် ဖြစ်သည်။ မြေကြီးပေါ် သို့ ယေရှုကို စေလွှတ်တော်မူခြင်းအားဖြင့်၊ ဘုရားသခင်သည် အရာခပ်သိမ်းကို ပြဋ္ဌာန်းပေးထားပြီး ဖြစ်သည်။ ဘုရားသခင်သည်၊ နှုတ်ကပတ်တော်၌ မျိုးစေ့ပုံစံဖြင့်၊ သင့်ဘဝ၏ နယ်မြေအသီးသီးကို ကျော်လွှားအောင်မြင်သွားရန် သင့်အား ပေးထားပြီး ဖြစ်သည်။ သင်လုပ်ရမည့်အရာအားလုံးမှာ၊ ဘုရားသခင်၏ နှုတ်ကပတ်စကားတော်မျိုးစေ့ကို ယူ၍ ဖတ်ရှုခြင်း၊ မှတ်သားလေ့ကျင့်ခြင်း၊ ဆင်ခြင်တွေးဆခြင်းနှင့် သင့်အတွင်း၌ အမြစ်တွယ်စေခြင်း တို့အားဖြင့်၊ သင့်နှလုံးသားထဲမှာ စိုက်ပျိုးထားရန် ဖြစ်သည်။ ထိုသို့ သင်ပြုသောအခါ သင်သည် ထ၍ သင့်ဘဝထဲကမုန်တိုင်းကို ရပ်စဲ နိုင်စွမ်း ရှိလာပါလိမ့်မည်။

ကျွန်ုပ်သည် ဘုရားသခင်၏ အကောင်းဆုံးကို ယုံကြည်သည်မှာ၊ ယေရှုသည် ထိုနေ့၌ ကိုယ်တော့်တပည့်တော်များ အတွက်ကိုယ်တော် သွန်သင်ပေးသော သင်ကြားချက်၌ ဖြစ်သည်။ "ကမ်းတစ်ဘက်သို့ ကူးကြကုန်အံ့"ဟု ယေရှုမိန့်တော်မူသည်။ ဤနေရာ တွင် ဒီလို ပြောလို့ရနိုင်သည်။ "ယနေ့ ကျွန်ုပ်တို့ကို ကိုယ်တော်သွန်သင်ပေးခဲ့သမျှ အားလုံးသည် ကတိတော် တစ်ခု ဖြစ်သည်။ ဤ တွင် လောကကြီးကို ဖန်ဆင်းသောအရှင်က၊ ကမ်းတစ်ဘက်သို့ ကူးကြ ကုန်အံ့ဟု ပြောလိုက်ခြင်းဖြစ်သည်။ လမ်းတစ်ဝက်မှာ ရေနစ်ရကြကုန်အံ့ဟု မပြောပါ။ သူတို့သည် နှုတ်ကပတ် တရားစကားကို ကတိတော်နှင့်ရောနှောယူ၍၊ လေနှင့်လှိုင်းလုံးများကို ဆုံးမ၍ ရနိုင်ကြသည်။ ဤအတွက်ပင် ယေရှု သူတို့ကိုပြောခဲ့ပါသည်။ "ယုံကြည်ခြင်းနည်းပါးလှသော သူတို့၊ အဘယ့်ကြောင့် သံသယထားသနည်း။"ဒီမှာ သင် သိလား။ သူတို့သည် ဘုရား နှုတ်ကပတ် စကားတော်ကို ယုံကြည်ခြင်းဖြင့် လုပ်ဆောင်ရန်သာ လိုအပ်သည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (မဿဲ ၁၃း၁၉) ကို ဖတ်ပါ။ ဘုရားနှုတ်ကပတ်စကားတော်ကို ကျွန်ုပ်တို့ စိတ်နှလုံးအထဲ စိုက်ပျိုးခြင်း မရှိလျှင်၊ ဘာဖြစ်သွားမည်နည်း။

**မဿဲ ၁၃း၁၉** - *"လမ်း၌ အစေ့ကို ကြဲခြင်း အကြောင်းအရာကား၊ နိုင်ငံတော်၏တရားစကားကိုကြား၍ နှလုံးမသွင်းသည်ရှိသော်၊ နတ်ဆိုးလာ၍ နှလုံး၌ ကြဲသောအစေ့ကို နှုတ်ယူတတ်သည်ဟု ဆိုလိုသတည်း။"*

၂။ (ယောရှု ၁း၈) ကို ဖတ်ပါ။ ဘုရားနှုတ်ကပတ်စကားတော်ကို ကျွန်ုပ်တို့ ဘယ်အချိန်မှာ မှတ်သားလေ့ကျင့်ရမည်နည်း။

**ယောရှု ၁း၈** - *"ထိုပညတ္တိကျမ်းစာ၌ ရေးသားသမျှအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်းအလို့ငှါ၊ ကျမ်းစာကို မဖတ်မရွတ်ဘဲ မနေ၊ နေ့ညဉ့်မပြတ် ကြည့်ရှုဖတ်ရွတ်ရမည်။ သို့ပြုလျှင် သင်သည် အကြံထမြောက်၍ အောင်မြင်လိမ့်မည်။"*

၃။ (ယော ၆း၆၃) ကို ဖတ်ပါ။ ဤကျမ်းချက်အရ ဘုရားနှုတ်ကပတ်စကားတော်ဆိုသည်မှာ

**ယော ၆း၆၃** - *"ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျှဉ်းမတတ်နိုင်။ ငါပြောသောစကားသည် ဝိညာဉ် ဖြစ်၏။ အသက်လည်း ဖြစ်၏။"*

၄။ (မဿဲ ၄း၄) ကို ဖတ်ပါ။ လူသားသည် မုန့်အားဖြင့်သာ အသက်မွေးရမည် မဟုတ်၊ --- အားဖြင့် အသက်မွေးရမည်။

**မဿဲ ၄း၄** - *"ယေရှုကလည်း၊ လူသည်မုန့်အားဖြင့်သာအသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အ သက်ကို မွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။"*

၅။ (ဧဖက် ၆း၁၇) ကို ဖတ်ပါ။ ဘုရားနှုတ်ကပတ်စကားတော်သည် မည်သည့် လက်နက် အမျိုးအစားနည်း။

**ဧဖက် ၆း၁၇** - *"ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံးကိုင်၍၊ ဘုရားသခင်၏ နှုတ်ကပတ်တော်တည်း ဟူသော ဝိညာဉ် တော်၏ ဓားကိုင်၍ ယူကြလော့။"*

၆။ ဓားတစ်လက်သည် ရန်သူကို ထိခိုက်ပျက်စီးစေနိုင်သလား။

၇။ (ရောမ ၈း၆) ကို ဖတ်ပါ။ ဘုရားနှုတ်ကပတ်စကားတော်ကို ကျွန်ုပ်တို့ဘဝများအထဲ မှန်မှန်ကန်ကန် နေရာပေးလျှင်၊ -----_ ကျွန်ုပ်တို့ ရကြလိမ့်မည်။

**ရောမ ၈း၆** - *"ဇာတိပကတိစိတ်သဘောသည် သေခြင်းအကြောင်း ဖြစ်၏။ ဝိညာဉ်ပကတိ စိတ်သဘောသည် အသက်ရှင်ခြင်း အကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်း ဖြစ်၏။"*

၈။ (၂ ကော ၃း၁၈) ကို ဖတ်ပါ။ ကျွန်ုပ်တို့ အာရုံထားသည့်အပေါ် ကျွန်ုပ်တို့ အပြည့်ရကြလိမ့်မည်။ ကျွန်ုပ်တို့၏ စေ့စေ့ဆင်ခြင် အာရုံထားသင့်သည့် အရာသည် ဘာလဲ။

**၂ ကော ၃း၁၈** - *"ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့၊*
*သခင်ဘုရား၏ ဘုန်းအသရေကို ကြည့်မြင်၍၊*
*ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော် မူသည့်အတိုင်း၊*
*ငါတို့သည် ဘုန်းအသရေ တိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်း ရှိရကြ၏။"*

# အဖြေ သော့ချက်

၁။ (မဿဲ ၁၃း၁၉) ကို ဖတ်ပါ။ ဘုရားနှုတ်ကပတ်စကားတော်ကို ကျွန်ုပ်တို့ စိတ်နှလုံးအထဲ စိုက်ပျိုးခြင်း မရှိလျှင်၊ ဘာ ဖြစ်သွားမည်နည်း။
**နတ်ဆိုးလာ၍ မျိုးစေ့ကိုနှုတ်ယူသွားသောကြောင့် ကျွန်ုပ်တို့ဘဝ၌ အသီး မသီးနိုင်**
**ကြတော့ပါ။**

၂။ (ယောရှု ၁း၈) ကို ဖတ်ပါ။ ဘုရားနှုတ်ကပတ်စကားတော်ကို ကျွန်ုပ်တို့ ဘယ်အချိန်မှာ မှတ်သားလေ့ကျင့်ရမည်နည်း။
**နေ့ည မပြတ်**

၃။ (ယော ၆း၆၃) ကို ဖတ်ပါ။ ဤကျမ်းချက်အရ ဘုရားနှုတ်ကပတ်စကားတော်ဆိုသည်မှာ ဝိညာဉ်ဖြစ်၏။ အသက်ဖြစ်၏။

၄။ (မဿဲ ၄း၄) ကို ဖတ်ပါ။ လူသားသည် မုန့်အားဖြင့်သာ အသက်မွေးရမည် မဟုတ်၊ **ဘုရားသခင် မိန့်တော်မူသမျှ** အားဖြင့် အသက်မွေးရမည်။

၅။ (ဖေက် ၆း၁၇) ကို ဖတ်ပါ။ ဘုရားနှုတ်ကပတ်စကားတော်သည် မည်သည့် လက်နက် အမျိုးအစားနည်း။
**ဓား တစ်လက်**

၆။ ဓားတစ်လက်သည် ရန်သူကို ထိခိုက်ပျက်စီးစေနိုင်သလား။
**ထိခိုက်ပျက်စီးနိုင်ပါသည်။**

၇။ (ရောမ ၈း၆) ကို ဖတ်ပါ။ ဘုရားနှုတ်ကပတ်စကားတော်ကို ကျွန်ုပ်တို့ဘဝများအထဲ မှန်မှန်ကန်ကန် နေရာပေးလျှင်၊ **အသက်ရှင်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ကို** ကျွန်ုပ်တို့ ရကြလိမ့်မည်။

၈။ (၂ ကော ၃း၁၈) ကို ဖတ်ပါ။ ကျွန်ုပ်တို့ အာရုံထားသည့်အပေါ် ကျွန်ုပ်တို့ အပြည့်ရကြလိမ့်မည်။ ကျွန်ုပ်တို့၏ စေ့စေ့ဆင်ခြင် အာရုံထားသင့်သည့် အရာသည် ဘာလဲ။
**သခင်ဘုရားနှင့် ကိုယ်တော့်ဘုန်းအသရေတော်။**

## သင်ခန်းစာ (၁၃)

# ဘုရားသခင်၏ ပြစ်ဒဏ်ကို မခံရခြင်း

ကျွန်ုပ်ဘဝအထဲ ဘုရားသခင် အမြဲပြုတော်မူသမျှ၏ အရေးကြီးဆုံးအရာများ ထဲက တစ်ခုကို ယနေ့ ကျွန်ုပ်ဝေမျှပေးပါမည်။ လူတွေ သူတို့၌ ဖြစ်လာသမျှ အရာအားလုံးသည်၊ အရာအားလုံးကို ဘုရားသခင်ထိန်း ချုပ်ထားသောကြောင့် ဘုရားသခင်ထံမှသာ ဖြစ်သည်ဟု အလိုလို ထင်နေကြပါသည်။ ဤအတွက် အကြောင်းပြချက်မှာလည်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက် အားဖြင့်၊ ဘုရားသခင်သည် အထွဋ်အမြတ်ဖြစ်ခြင်းနှင့် တန်ခိုးတော်အပြည့်အဝ ရှိခြင်းတို့ကြောင့်၊ သူတို့သည် သူတို့ဘဝများအထဲ ဖြစ်သမျှအရာအားလုံးကို ကိုယ်တော်ထိန်းချုပ်ထားသည်ဟု ယူဆထားကြသောကြောင့် ဖြစ်သည်။ မယုံကြည်သူများပင်လျှင် ဤသို့ယုံကြည်ကြသည်။ ဤအယူအဆကို ခရစ်ယာန် အတော်များများက အားပေးကြပြီး၊ သူတို့ဘဝထဲ၌ စူးဝင်လျက်ရှိ၏။ သမ္မာတရားက သွန်သင်ပေးသည်မှာ ဤ အယူနှင့်ဆန့်ကျင်ဘက်ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ ဤသင်ခန်းစာကို သင်လေ့လာယူရန်လည်း အလွန်အရေးကြီးပါသည်။ (ယာကုပ် ၁း၁၃-၁၇)က ပြောထားပါသည်။

"အပြစ်သွေးဆောင်ခံရသောသူမည်သည်ကား၊ ဘုရားသခင်သည် ငါ့ကို သွေးဆောင်တော်မူသည်ဟု မပြောစေနှင့်။

မကောင်းသောအရာသည် ဘုရားသခင်ကို သွေးမဆောင်နိုင်ရာ။ ကိုယ်တော်သည်လည်း အဘယ်သူကိုမျှ အပြစ်သို့ သွေးဆောင်တော်မမူ။ မိမိတပ်မက်သောစိတ် ဆွဲငင်ဖြားယောင်းခြင်းကို ခံသောသူမည်သည်ကား၊ အပြစ်သွေးဆောင်ရာသို့ ရောက်တတ်၏။ တပ်မက်သောစိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကို ဖွားတတ်၏။ ဒုစရိုက်သည်လည်းပြည့်စုံလျှင် သေခြင်းကိုဖွားတတ်၏။ ငါချစ်သောညီအစ်ကိုတို့ အလွဲမယူကြနှင့်။ ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည်ဖြစ်၍ အထက်အရပ်မှ လာကြ၏။ ထိုအဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော်မူ၏။"

ဤကျမ်းချက်များက အလွန်ရှင်းလင်းစွာ ပြောနေသည်မှာ၊ ဘုရားသခင်သည် ကောင်းသော အရာအားလုံးကို စုံလင်စေသော သူဖြစ်ကြောင်း ဆိုလိုပါသည်။ (ယော ၁၀း၁၀)၌ ယေရှု ပြောပါသေးသည်။ "သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာ လာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်းငှါ လာသတည်း။" အကယ်၍ ကောင်း သည့်အရာများဖြစ်လျှင်၊ ဘုရားထံတော်မှ ဖြစ်ပြီး၊ မကောင်းမသင့်အရာများသည် စာတန်ထံမှ ဖြစ်၏။ ဤသည်မှာ အလွန်ရိုးရှင်းသောသီဩလော်ဂျီဖြစ်လေသည်။ ဤအတွက် အလွန် အပြစ်မြင်တတ်သော အကြောင်းပြချက်ရှိသောကြောင့် (ယာကုပ် ၄း၇)၌ ထပ်ရှင်းပြပါ သည်။ "ထို့ကြောင့် ဘုရားသခင်၏ အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင် သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။" ဤတွင်ပြောသည်မှာ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ အပ်နှံ (သို့မဟုတ်) ထိန်းချုပ်ထားမှုများ အလျှော့ပေးကြရန် နှင့် စာတန်မာရ်နတ်ကို ဆီးတားရန် ဖြစ်သည်။ "ဆီးတား"သည်ဆိုသည့်စကားလုံးအဓိပ္ပာယ်မှာ ထိထိရောက်ရောက် ခုခံတိုက်ခိုက်ရန် ဖြစ်ပါသည်။

ဘဂတွင် ဖြစ်လာသမျှ အရာအားလုံးသည် လုံးလုံးလျားလျား ဘုရားသခင်ထံမှ ဖြစ်သည်ဟု လူတွေ ယုံကြည်ကြ သောအခါ၊ -ဥပမာ- ဖျားနာခြင်း၊ စီးပွားဆုံးရှုံးခြင်း၊ အလုပ်ပြုတ်ခြင်း၊ သားသမီးများ မနာခံကြခြင်း(သို့မဟုတ်) အိမ်ထောင်ပြိုကွဲခြင်း စသည်ဖြင့်၊ ဤ အမှုများအားလုံးသည် သူတို့ကို မတုန်မလှုပ် အခြေအနေသို့ ပို့လိုက်တတ်သည်။ အကယ်၍ သူတို့က ဘုရားသခင်သည် အခြေအနေ တစ်ခုကိုစီမံသူနှင့် သူတို့အားအပြစ်ပေးခြင်း(သို့မဟုတ်) ပြောင်းလဲစေခြင်းအတွက် လုပ်နေသည်ဟု တကယ် ယုံကြည်သည်ဖြစ်လျှင် အခြေအနေကို သူတို့တားဆီးနေပါက သူတို့သည် ကိုယ်တော်ကို ရင်ဆိုင်တိုက်ခိုက်နေကြသူများ ဖြစ်လာကြလိမ့်မည်။ ထို့ကြောင့် (ယာကုပ် ၄း၇)က ပြောသည်မှာ၊ စာတန်ကို တားဆီးရန်နှင့်၊ ၎င်းသည် ထွက်ပြေးလိမ့်မည်ဆိုခြင်း ဖြစ်သည်။ ဤလောကထဲ၌ စာတန် ၏အင်အားတစ်ခု ရှိနေပါသည်။ သင့်ဘဂထဲ ဖြစ်လာသမျှ အားလုံးသည် ဘုရားသခင်ထံမှ မဟုတ်ပါ။ ဒါကို သင် သဘောမပေါက် လျှင်၊ သင်သည် စာတန်ကို အပ်နှံခြင်းနှင့် အဆုံးသတ်နေရပြီး၊ စာတန်ကို တကယ်အာဏာလွှဲအပ် ပေးလိုက်ခြင်း ဖြစ်လာပါသည်။

ရောမဩဝါဒစာစောင်မှ ကျမ်းချက်တစ်ခုကို ကျွန်ုပ် ဆွဲထုတ်ပြလိုပါသည်။ အကြောင်းမှာ၊ ၎င်းကို မကြာခဏ လွဲမှားအသုံးပြု နေသောကြောင့် ဖြစ်သည်။ အမှန်တော့ ကျွန်ုပ်သည် အသုဘ မြေချပွဲသို့ ရောက်တတ်ပြီး၊ ထိုနေရာတွင် ဘုရားကျောင်း မတက်သူများ၊ သမ္မာကျမ်းချက် တစ်ခုခုကိုမျှ မသိကြသူများ၊ ဘုရားသခင် အကြောင်းကိုလည်း တစ်ခုခုမျှ မသိကြသူတို့သည်၊ ဤတစ်ခုကိုတော့ သူတို့ သိကြသည်။ (ရောမ ၈း၂၈) ဖြစ်သည်။ "ဘုရားသခင်ကို ချစ်သောသူ တည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသော သူတို့၏အကျိုးကို ခပ်သိမ်းသော အရာတို့သည်၊ တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏။" ဤကျမ်းချက်ကို ဤသို့ ပြော၍ လည်း အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။ သင့်ဘဂတွင် ဖြစ်လာသမျှသည် ဘုရားသခင် ပြုတော်မူခြင်းဖြစ်ပြီး၊ တစ်နည်းနည်းအားဖြင့် ကောင်း ဖို့အတွက် ကိုယ်တော်လုပ်ဆောင်တော်မူခြင်း ဖြစ်၏။ ကောင်လေးတစ်ယောက်နှင့် ကောင်မလေး တစ်ယောက်တို့၏ အသုဘ မြေသို့ အပ်နှံပွဲကို ကျွန်ုပ် အမှန် တက်ရောက်ခဲ့ပါသည်။ သူတို့နှစ်ယောက်သည် အရက်နှင့် ဘိန်းကို တွဲသုံးနေကြသူများ ဖြစ်သည့်ပြင်၊ သူတို့ ကားမောင်းထွက်သွားကြစဉ် ချောသောလမ်းပေါ်မှာ အမြန် မောင်းနှင်သဖြင့်၊ လမ်းချော်ပြီး တယ်လီဖုံးတိုင်ကို ဂင်တိုက်သောကြောင့် နှစ် ယောက်စလုံး သေပွဲဂင်ခဲ့ကြရသည်။ မြေချတရားဟောဆရာက ဤကျမ်းချက်ကို ညွှန်းဆိုသည်။ "ခပ်သိမ်းသော အရာတို့သည်၊ တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏။" ဤသို့ ဖြစ်စေသည်မှာ ဘုရားသခင်၌ အကြံအစည်တော်ရှိကြောင်း သူဆက်ပြော သည်။ ဘုရားသခင်သည် ဤစုံတွဲကို သတ်သူ မဟုတ်ပါ။ အသိအမြင်အားဖြင့်လည်း၊ ဤအမှုကို စာတန်ပြုသည် ဟူ၍ပင် သင် မပြော နိုင်ပါ။ သူတို့သည် ဆယ်ကျော်သက်တွေ ဖြစ်ကြ၏။

ကျွန်ုပ်အသေအချာ ပြောနိုင်သည်မှာ၊ စာတန်သည် သူတို့မိဘများ၏ ဆုံးမခြင်းများနှင့် အခြားသူတို့၏သွန်သင်ချက်များကို နားမထောင်ဖို့ သွေးဆောင်ခဲ့ခြင်းဖြစ်သည်။ သို့သော် နောက်ဆုံးတော့ သူတို့၏ ရွေးချယ်မှုသာ ဖြစ်သည်။ သူတို့သည်သာလျှင် အရက်နှင့် ဘိန်း၊ မူးယစ်ဆေး သုံးစွဲသူများ ဖြစ်၏။ သူတို့သည်သာလျှင်၊ ကားမောင်းပြီး တယ်လီဖုန်းတိုင်ကို ဂင်တိုက်ခဲ့သူ ဖြစ်၏။ ဖြစ်တတ်သည့် သဘာဂအကြောင်းအရာလည်း ဖြစ်၏။ ဘုရားသခင် လုပ်ဆောင်သည် ဆိုသည့် အခြေခံအကြောင်းရင်း မရှိပါ။

"ခပ်သိမ်းသောအရာတို့သည်၊ တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏။"ဟု ပြောသောအခါ ဘာ အဓိပ္ပာယ်ထွက် ပါသလဲ။ ဦးဆုံးရှင်းပြရလျှင်၊ ဤတွင် ခပ်သိမ်းသောအရာတို့သည် ဘုရားသခင့်ထံတော်က ရောက်လာပြီး၊ တညီတညွတ်တည်း ပြုစု ကြသည်ဟူ၍ မပြောပါ။ ၎င်း၌ ပြောသည်မှာ ခပ်သိမ်းသောအရာတို့သည် "ဘုရားသခင်ကိုချစ်သော သူတည်းဟူသော" ဆိုသည့် ကန့်သတ်ချက်ထည့်၍ တညီတညွတ်တည်းပြုစုကြသည်ဟု ဆိုပါသည်။ ဤ ကျမ်းချက်သည် ဘုရားသခင်ကို မချစ်သောသူတစ်ယောက် အပေါ်မှာ အလုပ်မလုပ်ပါ။ ဤတွင် ပြောစရာ မရှိလောက်အောင် အလွန်ပင် ထင်ရှားနေပါသည်။ မူးယစ်ဆေးစွဲလျက် အရက်သောက် သော ဤလူငယ်တို့၏ ဖြစ်ရပ်နှင့်ပတ်သက်ပြီး၊ လူတွေ ဘယ်လိုအသုံးချပြောဆိုနေကြသည်မှာ အံ့ဩဖို့ ကောင်းလှသည်။ သူတို့သည် ဘုရားသခင်နှင့် ကိုယ်တော့်နိယာမများကို လုံးဝဆန့်ကျင် ပုန်ကန်နေကြသူများသာ ဖြစ်သည်။ ကျမ်းချက်က ပြောသည်မှာ၊ ဘုရားသ ခင်ကိုချစ်သောသူတို့ အတွက်သာလျှင် ကောင်းကျိုးကို တညီတညွတ်တည်း ပြုစုပေးနေခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်တော်၏ ရည်ရွယ်ချက်အရ ခေါ်ယူခြင်းခံရသူတို့ အတွက် ဖြစ်ပါ၏။

(၁ ယော ၃း၈)၌ ပြောထားပါသည်။ "မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှါ၊ ဘုရားသခင်၏ သားတော်သည် ထင်ရှားပေါ်ထွန်း တော်မူ၏။" စာတန်၏အလုပ်ကို ဖျက်ဆီးရန်၊ ဘုရားသခင်သည် ကိုယ်တော်တိုင် ထင်ရှားပေါ်ထွန်းတော်မူခဲ့ပြီ။ ၎င်းသည် ကိုယ်တော်၏ ရည်ရွယ်ချက်ဖြစ်ပြီး၊ ကိုယ်တော်ကို ချစ်သောသူတို့ ကောင်းကျိုးအတွက်သာလျှင် တညီတညွတ်တည်း ပြုစုလိမ့်မည် ဖြစ်၍၊ ဤသို့ ကိုယ်တော့်ရည်ရွယ်ချက် နှင့်အညီလည်း ခေါ်ယူတော်မူခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ၊ ဤသို့ခေါ်ယူတော်မူခြင်း၌ သွားလာသောသူတို့ သည် မာရ်နတ်ကို ဆီးတားလျက်၊ စာတန် အလုပ်များကို တိုက်ဖျက်ရန် ရှေ့ထွက်လာကြသည်။ စာတန်ကို တားဆီးလျက် ဘုရားသခင် အတွက် အသက်ရှင်နေထိုင်သူတို့သည်၊ သူတို့ဘဝအထဲ စာတန်လုပ်သမျှကို အမှုမထားဘဲ၊ ဘုရားသခင် ပြန်လုပ်ပေးနိုင်ကြောင်း နှင့် ကောင်းဖို့အတွက် ကိုယ်တော်ပြုစု တော်မူလိမ့်မည်ဟု ပြောဆို နိုင်ကြသည်။

ကျွန်ုပ်တို့၏ဘဝထဲမှာ ဘုရားသခင်သည် အရာခပ်သိမ်းကို ထိန်းချုပ်မထားကြောင်း ကျွန်ုပ်တို့ စတင်သတိပြုမိ ကြရပါမည်။ ဤတွင် ရန်သူသည် ခိုးရန်၊ သတ်ရန်၊ ဖျက်ဆီးရန် ရောက်လာ နေသည်ဖြစ်သော်လည်း၊ ယေရှုသည် ကျွန်ုပ်တို့အား အသက်ကိုပေးရန် ရှိနေပါသည်။ ကျွန်ုပ်တို့သည်၊ အသက်ကိုရွေး၍၊ ကျွန်ုပ်တို့ဘဝအထဲ ဖြစ်လာသော အရာခပ်သိမ်းအတွက် ဘုရားသခင် ပြစ်ဒဏ်ပေးခြင်း မဟုတ်ကြောင်းကို စိတ်ပါလျက် အသိအမှတ်ပြုကြရလိမ့်မည်။

အကယ်၍သာ ဘုရားသည် ရုပ်ခန္ဓာအားဖြင့် လူသားဖြစ်နေခဲ့ပါလျှင်၊ ထိုအရာများ ကဲ့သို့သော လူသား၌ ဖြစ်သည့် ကင်ဆာရောဂါ၊ ကိုယ်အင်္ဂါ ချွတ်ယွင်းနေခြင်းများ၊ စိတ်ကျရောဂါ၊ ဂမ်းနည်းခြင်း၊ ပူဆွေးခြင်း များအတွက် အစွပ်စွဲခံရနိုင်ပါသည်။ ကျွန်ုပ် အသေအချာ ပြောနိုင်ပါသည်။ ဘုရားသခင်ကို ဖမ်းဆီးထောင်ချ (သို့မဟုတ်) ကိုယ်တော်မလုပ်နိုင် မကိုင်နိုင်စေဖို့ မြေကြီးပေါ်မှာ ဘယ်အစိုးရမျှ မရှိကြောင်း ဖြစ်ပါသည်။ သို့တိုင်၊ ကျွန်ုပ်တို့ဘဝထဲ တွေ့ဆုံမိသမျှ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ထက် အများကြီးပို၍ ကျွန်ုပ်တို့အပေါ် သနားခြင်းကရုဏာ ရှိတော်မူသော ဘုရားသခင်သည် လူ့ဂန်းကျင်တစ်ဂန်းတိုက်ခိုက်၍ ဤသို့ပြုနေသည်ဟု ကျွန်ုပ်တို့ တွေးမိလိမ့်မည်။

ဤလောကထဲ၌ စာတန်တိုက်ခိုက်ဖျက်ဆီးသော အရာအချို့ ရှိပါသည်။ သဘာဝအတိုင်း ဖြစ်နေတတ်သည်များလည်း အချို့ရှိသည်။ ဘေးဒုက္ခများ အားလုံးသည် ဘုရားသခင် စီမံအပ်နှင်းတော်မူခြင်း မဟုတ်ရပါ။ အာမခံကုမ္ပဏီများသည် သူတို့၏ အာမခံ မူဂါဒထဲတွင် ဤသို့ ထည့်ရေးတတ်သည်။ "မြေငလျင်လှုပ်ခြင်း၊ ကပ်ဘေးကျရောက်ခြင်းကဲ့သို့သော ဘုရာသခင်ပြုတော်မူခြင်းများကိုမူကား၊" အိုး..မဟုတ်ရပါ။ ဘုရားသခင်သည် အရာခပ်သိမ်းကို စီမံပြုစုသူ မဟုတ်ပါ။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ယာကုပ် ၁း၁၃)ကိုဖတ်ပါ။ ဘုရားသခင်သည် လူကို စာတန်မာရ်နတ်အားဖြင့်သွေးဆောင်ခံရရန်ဖြစ်စေသလော။

**ယာကုပ် ၁း၁၃** - *"အပြစ်သွေးဆောင်ခြင်းကို ခံရသောသူမည်သည်ကား၊ ဘုရားသခင်သည်*

*ငါ့ကို သွေးဆောင်တော်မူသည်ဟု မပြောစေနှင့်။ မကောင်းသောအရာသည် ဘုရားသခင်ကို မသွေးဆောင် နိုင်ရာ။ ကိုယ်တော်သည်လည်း အဘယ်သူကိုမျှ အပြစ်သို့ သွေးဆောင်တော်မမူ။"*

၂။ (ယာကုပ် ၁း၁၇)ကိုဖတ်ပါ။ ကောင်းမြတ်သောဆုကျေးဇူးသည် ဘယ်ကရောက်လာသနည်း။

**ယာကုပ် ၁း၁၇** - *"ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည် ဖြစ်၍၊ အထက်အရပ်မှ လာကြ၏။ ထိုအဘသည် ရွေ့လျော့ တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော မူ၏။"*

၃။ (ယော ၁၀း၁၀)ကိုဖတ်ပါ။ သူခိုးသည် မည်သူနည်း။

**ယော ၁၀း၁၀** - *"သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာ လာတတ်သည်။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်းငှါ လာသတည်း။"*

၄။ (ယော ၁၀း၁၀)ကိုဖတ်ပါ။ သူ့အကြံအစည်သည် ဘာလဲ။

၅။ (ယော ၁၀း၁၀)ကိုဖတ်ပါ။ ယေရှုကြွလာတော်မူသည့် အကြောင်းပြချက်သည် ဘာလဲ။

၆။ (ယာကုပ် ၄း၇)ကိုဖတ်ပါ။ သင့်ကိုယ်သင်ဘုရားသခင်ထံ အပ်နှံ၍ စာတန်မာရ်နတ်ကို ဆီးတားခြင်း၏ အကျိုးသည်ဘာလဲ။

**ယာကုပ် ၄း၇** - *"ထို့ကြောင့်၊ ဘုရားသခင်၏အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတား ကြလော့။ သို့ပြုလျှင်၊ သူသည သင်တို့ထံက ပြေးသွားလိမ့်မည်။"*

၇။ (ရောမ ၈း၂၈)ကိုဖတ်ပါ။ အရာခပ်သိမ်းသည် ဘုရားသခင်အထံတော်မှဖြစ်သည်ဟု(ရောမ ၈း၂၈)၌ ဆိုပါသလား။

**ရောမ ၈း၂၈** - *"ဘုရားသခင်ကိုချစ်သောသူ တည်းဟူသော*

*ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသော သူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစု ကြသည်ကို ငါတို့သိကြ၏။"*

၈။ (တမန်တော် ၁၀း၃၈)ကိုဖတ်ပါ။ ဖျားနာခြင်းသည် ဘုရားသခင်ထံတော်မှ ဖြစ်ပါသလား။

**တမန်တော် ၁၀း၃၈** - *"ထိုအကြောင်းအရာဟူမူကား၊ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း၊ တန်ခိုးတော်နှင့်၎င်း၊ နာဇရက်မြို့သားယေရှုကို ဘိသိက်ပေးတော်မူသဖြင့်၊ ထိုသူသည် ဘုရားသခင်၏အခွင့်တော်နှင့် ကျေးရွာပြုလျက် မာရ်နတ်ညှဉ်းဆဲသောသူအပေါင်းတို့အား ချမ်းသာကိုပေးလျက် လှည့်လည်တော်မူ၏။"*

၉။ (၁ ယော ၃း၈)ကိုဖတ်ပါ။ ဘုရားသခင်၏သားတော် ထင်ရှားစေခြင်း ရည်ရွယ်ချက်သည် ဘာလဲ။

**၁ ယော ၃း၈ (ခ)** - *"မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှါ၊ ဘုရားသခင်၏သားတော်သည် ထင်ရှား ပေါ်ထွန်းတော်မူ၏။"*

# အဖြေ သော့ချက်

၁။ (ယာကုပ် ၁း၁၃)ကို ဖတ်ပါ။ ဘုရားသခင်သည် လူကို စာတန်မာရ်နတ် အားဖြင့် သွေးဆောင် ခံရရန် ဖြစ်စေသလော။
**မဟုတ်ပါ။**

၂။ (ယာကုပ် ၁း၁၇)ကိုဖတ်ပါ။ ကောင်းမြတ်သောဆုကျေးဇူးသည် ဘယ်ကရောက်လာသနည်း။
**အလင်း၏ အဘထံတော်မှ**

၃။ (ယော ၁၀း၁၀)ကိုဖတ်ပါ။ သူခိုးသည် မည်သူနည်း။
**စာတန်မာရ်နတ်**

၄။ (ယော ၁၀း၁၀)ကိုဖတ်ပါ။ သူ့အကြံအစည်သည် ဘာလဲ။
**ခိုးရန်၊ သတ်ရန်၊ ဖျက်ဆီးရန်**

၅။ (ယော ၁၀း၁၀)ကိုဖတ်ပါ။ ယေရှုကြွလာတော်မူသည့် အကြောင်းပြချက်သည် ဘာလဲ။
**ကျွန်ုပ်တို့၌ အသက်နှင့် ပြည့်စုံစေခြင်းငှါ၊**

၆။ (ယာကုပ် ၄း၇)ကိုဖတ်ပါ။ သင့်ကိုယ်သင် ဘုရားသခင်ထံအပ်နှံ၍ စာတန်မာရ်နတ်ကိုဆီးတားခြင်း၏အကျိုးသည် ဘာလဲ။
**ကိုယ်တော်သည် ကျွန်ုပ်တို့ထံမှ စာတန်ကို ထွက်ပြေးစေလိမ့်မည်။**

၇။ (ရောမ ၈း၂၈)ကိုဖတ်ပါ။ အရာခပ်သိမ်းသည် ဘုရားသခင်အထံတော်မှဖြစ်သည်ဟု(ရောမ ၈း၂၈)၌ ဆိုပါသလား။
**မဆိုပါ။**

၈။ (တမန်တော် ၁၀း၃၈)ကိုဖတ်ပါ။ ဖျားနာခြင်းသည် ဘုရားသခင်ထံတော်မှ ဖြစ်ပါသလား။
**မဟုတ်ပါ။**

၉။ (၁ ယော ၃း၈)ကိုဖတ်ပါ။ ဘုရားသခင်၏သားတော် ထင်ရှားစေခြင်း ရည်ရွယ်ချက်သည် ဘာလဲ။
**စာတန်၏ အလုပ်ကို ဖျက်ဆီးရန်ဖြစ်သည်။**

## သင်ခန်းစာ (၁၄)

# ဝိညာဉ်တော်နှင့်ပြည့်သော အသက်တာ၏စွမ်းရည်

(မာကု ၁၆း၁၅-၁၆)သည် ယေရှု၏ မဟာစေခိုင်းချက်ဖြစ်ကြောင်း လူသိများသည်။ ယေရှုက သူ၏ တပည့်တော်များကို ပြောခဲ့သည်။ "*သင်တို့သည်၊ လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့ သွား၍၊ ဂေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတ္တံ့။*"

တမန်တော်ဝတ္ထု အခန်းကြီး(၈)၏ အငယ် (၅ မှ ၁၂) အထိတွင်လည်း၊ ဤအမှုတော်မြတ်သည် ရှမာရိပြည်၌ ဖိလိပ္ပု တရားဟောပြောခြင်း မှတစ်ဆင့် အလုပ်ဖြစ်ခဲ့သည်ကို ကျွန်ုပ်တို့တွေ့ရသည်။ "*ဖိလိပ္ပုသည်လည်း ရှမာရိမြို့သို့ သွား၍ ခရစ်တော်၏ အကြောင်းကို ဟောလေ၏။... ဖိလိပ္ပုသည် ဘုရားသခင်၏နိုင်ငံတော်နှင့်၎င်း၊ ယေရှုခရစ်၏နာမတော်နှင့်၎င်း၊ စပ်ဆိုင်သော ဧဝံဂေလိတရားကို၎င်း ဟောပြော၍ ထိုသူတို့သည် ယုံကြည်သောအခါ၊ ယောက်ျားမိန်းမတို့သည် ဗတ္တိဇံကို ခံကြ၏။* "

မေးခွန်းမှာ၊ ရှမာရိပြည်မှလူတို့သည် (မာကု ၁၆း၁၅-၁၆)နှင့်အညီ ခရစ်ယာန်များ ဖြစ်လာကြသလားဟူ၍ ဖြစ်သည်။ ဖြစ်ပါ သည်။ သူတို့ ခရစ်ယာန်များ ဖြစ်လာကြသည်။ ဖိလိပ္ပုသည် ရှမာရိမြို့သို့ သွားရောက်ခဲ့ပြီး၊ ယေရှု အကြောင်းကို ဟောပြောသောအခါ၊ ယောကျာ်းမိန်းမတို့သည် ခရစ်တော်၌ ယုံကြည်ခြင်း အားဖြင့် ဗတ္တိဇံကို ခံယူခဲ့ကြသည်။ ယေရှု၏ မဟာစေခိုင်းချက်နှင့် အညီ၊ ထိုသူများသည် ကယ်တင်ခြင်း ရကြောင်း ကျွန်ုပ်တို့ ဆိုနိုင်ပါသည်။ သို့သော်လည်း သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံကို ခံယူခဲ့ ရကြပါသလား။

သမ္မာကျမ်းစာက ရေ၌ ယောဟန်၏ဗတ္တိဇံအကြောင်းကို ပြောပြသည်။ ယေရှုခရစ် တစ်ပါးတည်းသာလျှင် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံပေးနိုင်ပါသည်။ သမ္မာကျမ်းစာ ဖေါ်ပြချက် အရ၊ ယုံကြည်သောသူသည် ကယ်တင်ခြင်းရရှိပြီး၊ ရေ၌ ဗတ္တိဇံကိုခံယူ ခဲ့ကြသော်လည်း သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံကို သူတို့ မရရှိခဲ့ကြပါ။ (တမန်တော် ၈း၁၄-၁၇)၌ ဆိုထားပါသည်။ "*ရှမာရိမြို့ သားတို့သည်၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ခံယူကြပြီဟု ယေရှုရှလင်မြို့ ၌ရှိသော တမန်တော်တို့သည် သိတင်းကြားလျှင်၊ ပေတရုနှင့်ယောဟန်တို့ကို စေလွှတ်ကြ၏။ ထိုမြို့သူမြို့သား တို့သည်သခင်ယေရှု၏နာမ၌ ဗတ္တိဇံကိုခံရုံမျှသာ ရှိသဖြင့် တစ်စုံတစ်ယောက်သော သူအပေါ်၌ သန့်ရှင်းသော ဝိညာဉ်တော်သည် သက်ရောက်တော်မမူသေးသည် ဖြစ်၍၊ တမန်တော်တို့သည် ရောက်ကြလျှင်၊ ဝိညာဉ်တော်ကို ခံရမည်အကြောင်း ထိုမြို့သူမြို့သားတို့အဖို့ ဆုတောင်း၍ ထိုသူတို့အပေါ်၌ လက်ကို တင်သောအားဖြင့် သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံရကြ၏။* "

ကျွန်ုပ်တို့သည်၊ သမ္မာကျမ်းစာအရသိမြင်ရသည်မှာ၊ လူတစ်ယောက်သည် ယုံကြည်ပြီး၊ ဗတ္တိဇံခံယူခဲ့သည့် အကြောင်းကြောင့် ကယ်တင်ခြင်းရလိုက်သည် ဆိုသည်မှာ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံကိုခံယူခြင်း ရှိရမည်ကို မဆိုလိုပါ။ သန့်ရှင်းသော ဝိညာဉ်တော်

သူတို့ဘ၀အထဲ ရောက်လာသည်မှာ၊ (ယော ၂၀း၂၂)၌ ကျွန်ုပ်တို့ တွေ့ရသည့်အတိုင်း သန့်ရှင်းသော ဂိညာဉ်တော်သည်၊ တပည့်တော်များကို ပြန်လည်ဖြစ်ဖွားစေခြင်း အကြောင်းဖြစ်သည်။ သို့သော် ၎င်းမှာ ပင်တေကုတ္တေပွဲနေ့ရောက်မှသာ ဖြစ်ခဲ့သည်။ ထိုနေ့၌ သူတို့သည် သန့်ရှင်းသောဂိညာဉ်တော်နှင့် ဗတ္တိဇံခံခဲ့ရပြီး ဘုရားသခင်အားဖြင့် အခွင့်အာဏာ လွှဲအပ်ခံယူခဲ့ရသည်။ ဤတွင် ကယ်တင်ခြင်း၌ သန့်ရှင်းသော ဂိညာဉ်တော်အားဖြင့် ထက်မြက်လာခြင်းနှင့်၊ တစ်ဦးတစ်ယောက်အပေါ် သန့်ရှင်းသော ဂိညာဉ်တော် သက်ရောက်လာသောအခါ၊ သန့်ရှင်းသောဂိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းအကြား ကွဲပြားမှုဖြစ်သည်။ လူတစ်ဦးတစ်ယောက် အပေါ်သို့ သက်ရောက်လာသော သန့်ရှင်းသောဂိညာဉ်တော်၌ နှစ်ခြင်း ခံယူပြီး၊ သူတို့အား အခွင့်အာဏာလွှဲအပ်ပေးခြင်းများ ရှိပါသည်။ လူတစ်ဦးတစ်ယောက်သည် ကယ်တင်ခြင်း ရလိုက်သည်ဆိုသည်နှင့်၊ သူတို့သည် သန့်ရှင်းသောဂိညာဉ်တော်၌ ဗတ္တိဇံကို ခံယူပြီးခဲ့ သည်ဟု မဆိုလိုပါ။

(တမန်တော် ၁၉း၁-၂) ၌ ဖော်ပြထားသည်။ "*အာပေါလုသည် ကောရိန်သုမြို့၌နေစဉ် ပေါလုသည် အထက် အရပ်များကို လျှောက်သွားပြီးမှ၊ ဖေက်မြို့သို့ရောက်၍၊ တပည့်တော်အချို့တို့ကို တွေ့လျှင်၊ သင်တို့သည် ယုံကြည်သည်နောက် သန့်ရှင်းသောဂိညာဉ်တော်ကို ခံကြပြီလောဟု မေးသည်ရှိသော်၊ သန့်ရှင်းသောဂိညာဉ်တော် သက်ရောက်သည်ကို ကျွန်ုပ်တို့ မသိပါဟု ပြောဆိုကြ၏။" ဤတွင် ပေါလုက မေးသည်။ "သင်တို့သည် ယုံကြည်သည်နောက် သန့်ရှင်းသော ဂိညာဉ်တော်ကို ခံကြပြီလော။"* သူတို့က "သန့်ရှင်းသော ဂိညာဉ်တော် သက်ရောက်သည်ကို ကျွန်ုပ်တို့ မသိပါ" ဟု ပြောဆိုကြ၏။ ကျွန်ုပ်ယုံသည်။ ပေါလုက ယေရှုသည် ခရစ်တော်ဖြစ် ကြောင်းကို အသေအချာ ရှင်းပြပါလိမ့်မည်။ ထိုယုံကြည်သူများသည် ရေဗတ္တိဇံအားဖြင့် ယေရှုကို ရွေးချယ် သိရှိခဲ့ကြသူများ ဖြစ်ကြ သည်။ အခန်းငယ် ၆-၇ ၌ ဤသို့ ဖြစ်လာသည်။ "*ပေါလုသည်လည်း၊ သူတို့အပေါ်၌ လက်ကိုတင်လျှင်၊ သန့်ရှင်းသော ဂိညာဉ်တော်သည် ဆင်းသက်တော်မူသဖြင့်၊ ထိုသူတို့သည် အမျိုးမျိုးသောဘာသာစကားကို ပြော၍ ပရောဖက်ပြုကြ၏။ ထိုသူတို့သည် အရေအတွက် အားဖြင့်၊ တစ်ကျိပ်နှစ်ယောက်မျှလောက် ရှိသတည်း။*"

ထိုသူတို့သည် မေရှိယကြွလာတော်မူမည်ကို ယုံကြည်ကြသောသူများဖြစ်၍ တပည့်တော်များဖြစ်လာကြသည့်တိုင်အောင်၊ သူတို့သည် သန့်ရှင်းသော ဂိညာဉ်တော်နှင့် ဗတ္တိဇံ ခံယူခဲ့ရကြသည် မဟုတ်ပါ။ လူတစ်ယောက်သည် သန့်ရှင်းသော ဂိညာဉ်တော်နှင့် ဗတ္တိဇံခံယူခြင်းမရှိဘဲ၊ ဒုတိယ မွေးဖွားခြင်းနှင့် ရေ၌ ဗတ္တိဇံကို ခံယူနိုင်ပါသည်။ သန့်ရှင်းသော ဂိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းသည်၊ ပြောင်းလဲခြင်းမှ သီးခြားဖြစ်ပြီး ထူးခြားသော အတွေ့အကြုံဖြစ်ပါသည်။

ကျွန်ုပ်သည် လူတစ်ယောက်ကို ရေ၌ဗတ္တိဇံ ပေးနိုင်ပါသော်လည်း၊ သန့်ရှင်းသော ဂိညာဉ်တော်၌ သူ့ကို ဗတ္တိဇံ မပေးနိုင်ပါ။ ယေရှုသာလျှင် ပေးနိုင်ပါသည်။ အကယ်၍ သင်သည် သန့်ရှင်းသောဂိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်း မရှိသေးလျှင်၊ ယေရှုအား အဘယ်ကြောင့် မမေးဘဲနေသနည်း၊ ယခုပင် ကိုယ်တော်ထံမှ အဘယ်ကြောင့် မတောင်းဆိုသနည်း။ (လုကာ ၁၁း၁၃)၌ ပြောပါသည်။ "*သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသော အရာကိုပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဂိညာဉ်တော်ကို သာ၍ ပေးတော်မူမည်မဟုတ်လော ဟုမိန့်တော်မူ၏။*"

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (မာကု ၁၆း၁၆)ကို ဖတ်ပါ။ ယခု (တမန်တော် ၈း၅,၁၂) ကို ဖတ်ပါ။ (တမန်တော် ၈း၁၂)၌ ဖော်ပြသောလူများသည် ခရစ် ယာန် ဖြစ်လာပါသ လား။

**မာကု ၁၆း၁၆** - *"ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ် စီရင်ခြင်းကို ခံရလတ္တံ့။"*

**တမန်တော် ၈း၅, ၁၂** - *"ဖိလိပ္ပုသည်လည်း ရှမာရိမြို့သို့သွား၍ ခရစ်တော်၏အကြောင်းကို ဟောလေ၏။"... "ဖိလိပ္ပုသည် ဘုရား သခင်၏နိုင်ငံတော်နှင့်ဋင်း၊ ယေရှုခရစ်၏နာမတော်နှင့်ဋင်း စပ်ဆိုင်သောဧဝံဂေလိတရားကို ဟောပြော၍ ထိုသူတို့ သည် ယုံကြည်သောအခါ၊ ယောကျ်ား မိန်းမတို့သည် ဗတ္တိဇံကို ခံကြ၏။"*

၂။ (တမန်တော် ၈း၁၄-၁၆)ကို ဖတ်ပါ။ ထိုသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ဗတ္တိဇံကို ခံယူခဲ့ကြသလား။

**တမန်တော် ၈း၁၄-၁၆** - *"ရှမာရိမြို့သားတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုခံယူကြပြီဟု ယေရုရှလင်မြို့ ၌ရှိသောတမန်တော် တို့သည် သိတင်းကြားလျှင်၊ ပေတရုနှင့်ယောဟန်တို့ကို စေလွှတ်ကြ၏။ ထိုမြို့သူမြို့သားတို့သည် သခင်ယေရှု၏ နာမ၌ ဗတ္တိဇံကို ခံရုံမျှသာရှိသဖြင့်၊ တစ်စုံတစ်ယောက်သောသူအပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်သည် သက် ရောက်တော် မမူသေးသည်ဖြစ်၍၊ တမန်တော်တို့သည် ရောက်ကြလျှင်၊ ဝိညာဉ်တော်ကို ခံရမည်အကြောင်း မြို့ သူ မြို့သားတို့အဖို့ ဆုတောင်း၍…"*

၃။ (တမန်တော် ၁၉း၁-၅)ကို ဖတ်ပါ။ ဤသူတို့သည် ယုံကြည်သူများဖြစ်ကြပါသလား။

**တမန်တော် ၁၉း၁-၅** - *"အာပေါလုသည် ကောရိန်သုမြို့ ၌နေစဉ်၊ ပေါလုသည် အထက်အရပ်များကို လျှောက်သွားပြီးမှ ဧဖက်မြို့သို့ ရောက်၍၊ တပည့်တော်အချို့တို့ကို တွေ့လျှင်၊ သင်တို့သည် ယုံကြည်သည်နောက်၊ သန့်ရှင်းသော ဝိညာဉ်တော်ကို ခံကြပြီလောဟု မေးသည်ရှိသော်၊ သန့်ရှင်းသော ဝိညာဉ်တော်သက်ရောက်သည်ကို ကျွန်ုပ်တို့ မသိပါဟုပြောဆိုကြ၏။ ပေါလုကလည်း သို့ဖြစ်လျှင်၊ သင်တို့သည် အဘယ်မည်သော ဗတ္တိဇံကိုခံကြသနည်းဟုမေးလျှင်၊ ယောဟန်၏ ဗတ္တိဇံကို ခံပါသည်ဟုပြောဆိုကြ၏။ ပေါလုကလည်း၊ ယောဟန်က ငါ့နောက်ကြွလာသောသူကို ယုံကြည်ရမည်ဟု လူတို့အားပြောဆိုလျက်၊ နောင်တနှင့်စပ်ဆိုင်သော ဗတ္တိဇံကို ပေး၏။ ထိုသို့ဆိုရာ၌ ယေရှုခရစ်ကို ဆိုလိုသည် ဟူသောစကားကို ကြားလျှင်၊ ထိုသူတို့သည် သခင်ယေရှုနာမ၌ ဗတ္တိဇံကို ခံကြ၏။"*

၄။ (တမန်တော် ၁၉း၆-၇) ကို ဖတ်ပါ။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကို ခံယူရရှိခဲ့ကြပါသလား။

**တမန်တော် ၁၉း၆-၇** - *"ပေါလုသည်လည်း၊ သူတို့အပေါ်၌လက်ကိုတင်လျှင်၊ သန့်ရှင်းသော ဂိညာဉ်တော်သည် ဆင်းသက်တော်မူ သဖြင့်၊ ထိုသူတို့သည် အမျိုးမျိုးသော ဘာသာစကားကို ပြော၍ ပရောဖက်ပြုကြ၏။ ထိုသူတို့သည် အရေအတွက် အားဖြင့်၊ တစ်ကျိပ်နှစ်ယောက်မျှလောက် ရှိသတည်း။"*

၅။ (လုကာ ၁၁း၁၃)ကို ဖတ်ပါ။ သန့်ရှင်းသောဂိညာဉ်တော်ကို လက်ခံရရန် (လုကာ ၁၁း၁၃) က ကျွန်ုပ်တို့ကို ဘာလုပ်ဖို့ လိုသည်ဟု ပြောသနည်း။

**လုကာ ၁၁း၁၃** - *"သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဂိညာဉ်တော်ကို သာ၍ပေးတော်မူမည် မဟုတ်လောဟု မိန့်တော်မူ၏။"*

၆။ (၁ ကော ၁၄း၂)ကို ဖတ်ပါ။ လူတစ်ယောက်သည် အခြားသောဘာသာစကားနှင့် ပြောသောအခါ၊ သူတို့ ဘာလုပ်ကြ သနည်း။

**၁ ကော ၁၄း၂** - *"အကြောင်းမူကား၊ အခြားသောဘာသာစကားအားဖြင့် ပြောသောသူသည်၊ လူတို့အား မပြော၊ ဘုရားသခင်အား ပြော၏။ သူ၏စကားကို အဘယ်သူမျှ နားမလည်။ နက်နဲသော အရာတို့ကို ဂိညာဉ်တော်အား ပြော၏။"*

၇။ (၁ ကော ၁၄း၁၄)ကို ဖတ်ပါ။ လူတစ်ယောက်သည် အခြားသောဘာသာစကားနှင့် ပြောသောအခါ၊ သူတို့ ဘာလုပ်ကြ သနည်း။

**၁ ကော ၁၄း၁၄** - *"အဘယ်ကြောင့်နည်းဟူမူကား၊ အခြားသော ဘာသာစကားဖြင့် ငါဆုတောင်းလျှင်၊ ငါ့စိတ်နှလုံးဆုတောင်းသော် လည်း၊ ငါ့ဉာဏ်သည် အကျိုးကို မပေး။"*

၈။ (၁ ကော ၁၄း၁၆-၁၇)ကို ဖတ်ပါ။ လူတစ်ယောက်သည် အခြားသောဘာသာစကားနှင့် ပြောသောအခါ၊ သူတို့ ဘာလုပ်ကြသနည်း။

**၁ ကော ၁၄း၁၆-၁၇** - *"သို့မဟုတ်၊ သင်သည် စိတ်နှလုံးနှင့် ကျေးဇူးတော်ကို ချီးမွမ်းသောအခါ၊ မတတ်သောလူစု အဂင် ဖြစ်သောသူသည်၊ သင်၏စကားကို နားမလည်သောကြောင့်၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းသို့လိုက်၍၊ အာမင်ဟု အဘယ်သို့ ဝန်ခံနိုင်မည်နည်း။ သင်သည် ကျေးဇူးတော်ကို ကောင်းမွန်စွာ ချီးမွမ်းသည် မှန်စေတော့၊ အခြားသောသူမူကား၊ တည်ဆောက်ခြင်း အကျိုးမရှိ။"*

၉။ (တမန်တော် ၂း၄)ကို ဖတ်ပါ။ တစ်စုံတစ်ယောက်သည် အခြားသော ဘာသာစကားနှင့် ပြောသောအခါ၊ သန့်ရှင်းသော ဂိညာဉ်တော်က စကားပြောသလား။ (သို့မဟုတ်) ကိုယ်တိုင်ကိုယ်ကျ တစ်ဦးတစ်ယောက်က စကားပြောသလား။

**တမန်တော် ၂း၄** - *"ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်၍၊ ဝိညာဉ်တော်သည် ပေါပြောသောအခွင့် ကို ပေးတော်မူသည်အတိုင်း၊ အမျိုးမျိုးသော ဘာသာစကားဖြင့် ပေါပြောကြ၏။"*

၁၀။ (တမန်တော် ၂း၄)ကို ဖတ်ပါ။ လူပုဂ္ဂိုလ်ကို မည်သူက ဖွင့်ဟစကားပြောလာသနည်း။

# အဖြေ သော့ချက်

၁။ (မာကု ၁၆း၁၆)ကို ဖတ်ပါ။ ယခု (တမန်တော် ၈း၅,၁၂) ကို ဖတ်ပါ။ (တမန်တော် ၈း၁၂)၌ ဖော်ပြသောလူများသည် ခရစ်ယာန် ဖြစ်လာပါသလား။
**ဖြစ်လာပါသည်။**

၂။ (တမန်တော် ၈း၁၄-၁၆)ကို ဖတ်ပါ။ ထိုသူတို့သည် သန့်ရှင်းသောဂိညာဉ်တော်နှင့် ဗတ္တိဇံကို ခံယူခဲ့ကြသလား။
**မခံယူခဲ့ကြပါ။**

၃။ (တမန်တော် ၁၉း၁-၅)ကို ဖတ်ပါ။ ဤသူတို့သည် ယုံကြည်သူများ ဖြစ်ကြပါသလား။
**ဖြစ်ပါသည်။**

၄။ (တမန်တော် ၁၉း၆-၇) ကို ဖတ်ပါ။ သူတို့သည် သန့်ရှင်းသောဂိညာဉ်တော်၌ ဗတ္တိဇံကို ခံယူရရှိခဲ့ကြပါသလား။
**မခံယူခဲ့ကြပါ။ မှတ်ချက်။ ။ ကယ်တင်ခြင်းမှ ကွဲပြားထူးခြားမှု ရှိနေစေရန် ဤအငေတွ့အကြုံက ပြနေသည်။**

၅။ (လုကာ ၁၁း၁၃)ကို ဖတ်ပါ။ သန့်ရှင်းသောဂိညာဉ်တော်ကို လက်ခံရရန် (လုကာ ၁၁း၁၃) က ကျွန်ုပ်တို့ကို ဘာလုပ်ဖို့ လို သည်ဟု ပြောသနည်း။
**ဆုတောင်းပါ။**

၆။ (၁ ကော ၁၄း၂)ကို ဖတ်ပါ။ လူတစ်ယောက်သည် အခြားသော ဘာသာစကားနှင့် ပြောသောအခါ၊ သူတို့ ဘာလုပ်ကြ သနည်း။
**ဘုရားသခင်ကို စကားပြောသည်။ နက်နဲဆန်းကြယ်သောအရာများကို ပြောဆိုသည်။**

၇။ (၁ ကော ၁၄း၁၄) ကို ဖတ်ပါ။ လူတစ်ယောက်သည် အခြားသောဘာသာစကားနှင့် ပြောသောအခါ၊ သူတို့ ဘာလုပ်ကြ သနည်း။
**သူတို့၏ ဝိညာဉ်သည် ဘုရားသခင်အား ဆုတောင်းနေကြသည်။**

၈။ (၁ ကော ၁၄း၁၆-၁၇)ကို ဖတ်ပါ။ လူတစ်ယောက်သည် အခြားသောဘာသာစကားနှင့် ပြောသောအခါ၊ သူတို့ ဘာလုပ်ကြ သနည်း။
**သူတို့ဝိညာဉ်နှင့် ဘုရားသခင်အား ကောင်းချီးပေးသည်။ ကျေးဇူးတော် ချီးမွမ်းသည်။** (**ဘုရားသခင်အား ချီးမွမ်းခြင်း**)

၉။ (တမန်တော် ၂း၄)ကို ဖတ်ပါ။ တစ်စုံတစ်ယောက်သည် အခြားသောဘာသာစကားနှင့် ပြောသောအခါ၊ သန့်ရှင်းသောဂိညာဉ်တော်က စကားပြောသလား။ (သို့မဟုတ်) ကိုယ်တိုင်

ကိုယ်ကျ တစ်ဦးတစ်ယောက်က စကားပြောသလား။
**ထိုပုဂ္ဂိုလ် စကားပြောနေသည်**

၁၀။ (တမန်တော် ၂း၄)ကို ဖတ်ပါ။ လူပုဂ္ဂိုလ်ကို မည်သူက ဖွင့်ဟစကားပြောလာသနည်း။
**သန့်ရှင်းသောဝိညာဉ်တော်**

# သင်ခန်းစာ (၁၅)

# သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံယူနည်း

သန့်ရှင်းသောဝိညာဉ်တော်ကို ဘယ်လိုလက်ခံရမည်အကြောင်းနှင့် ပတ်သက်၍ ယနေ့ ကျွန်ုပ်တို့ ပြောကြမည်။ (တမန်တော်၁၀း၁) ၌ဆိုပါသည်။ "*ကဲသရိမြို့ ၌ ဣတလိတပ်ဟု ခေါ်ဝေါ်သောတပ်တွင် လူတစ်ရာကို အုပ်ချုပ်ရသော တပ်မှူးကော်နေလိအမည် တွင်သောသူ တစ်ယောက်ရှိ၏။*" ၎င်းသည် စစ်ဘက်ဆိုင်ရာ ရာထူးအဆင့်အတန်းဖြစ်မည်။ ဖြစ်နိုင်သည်မှာ တပ်ရင်းတစ်ခု၏ ဗိုလ်ကြီး တစ်ယောက်ဖြစ်နိုင်သည်။ အခန်းငယ် (၂) က ဆက်ပြောသည်။ "*ထိုသူသည် မိမိအိမ်တွင် ရှိသမျှသောသူတို့နှင့်တကွ ဘုရားဝတ်၌မွေ့ လျော်၍ ဘုရားသခင်ကိုကြောက်ရွံ့ ခြင်းရှိသဖြင့်၊ လူတို့အား များစွာသောစွန့်ကြဲခြင်းကိုပြု၍ ဘုရားသခင်ကိုအစဉ်ဆုတောင်းလေ့ရှိ၏။*" သူသည် ဖြောင့်မတ်သောသူဖြစ်သည်။ မှန်ကန်သောအလုပ်ကိုလုပ်၍ဘုရားသခင်ကိုကြောက်ရွံ့သောသူဖြစ်ပြီး၊ ဆင်းရဲသူတို့ကိုလည်းငွေများစွာပေးကမ်းတတ်သည်။ သမ္မာကျမ်းစာက ပြောသည်မှာ သူသည် ဘုရားသခင်ကို အစဉ်ဆုတောင်းနေသည်ဟု ဆိုသည်။ ဤတွင် ကျွန်ုပ်တို့လေ့လာကြမည်။ အံ့သြဖို့ကောင်းနေသည်မှာ၊ သူသည် ဖြောင့်မတ်သူဖြစ်သော်လည်း၊ ဘုရားသခင်ကို ကြောက်ရွံ့ ပြီး ဆုတောင်းသောအသက်တာရှိသော်လည်း၊ သူသည် ယေရှုခရစ်အားဖြင့် ဘုရားသခင်နှင့်ပုဂ္ဂိုလ်ရေး အဆက်အဆံမရှိခြင်း ဖြစ်သည်။

ဤအတွက် အငယ် ၃-၆ ထိ ဆက်ပြောပြသည်။ "*တစ်နေ့သ၌ နေ့သုံးချက်တီးအချိန်တွင် ဘုရားသခင်၏ ကောင်းကင်တမန်သည် ကော်နေလိ ဟုခေါ်လျက် ရောက်လာသည်ကို ထိုသူသည် ထင်ရှားသော ဗျာဒိတ်ရူပါရုံအားဖြင့် မြင်ရ၏။ ကောင်းကင်တမန်ကို စေ့စေ့ကြည့်လျှင် ထိတ်လန့်ခြင်းရှိသည်ဖြစ်၍၊ သခင်၊ အဘယ်အခွင်းရှိပါသနည်းဟုမေးသော်၊ ကောင်းကင်တမန်က၊ သင်ပြုသော ဆုတောင်းပတ္ထနာနှင့် စွန့်ကြဲပေးကမ်းခြင်းတို့သည် ဘုရားသခင့်ရှေ့တော်၌ အောက်မေ့စရာဖို့တက်ကြပြီ။ ထို့ကြောင့်၊ ယခုပင် ယုပ္ပေ မြို့သို့ လူတို့ကိုစေလွှတ်၍၊ ပေတရုအမည်သစ်ကိုရသော ရှိမုန်ကို ခေါ်ပင့်လော့။ ထိုသူသည် သားရေအလုပ်သမား ရှိမုန်၏အိမ်၌ တည်းနေ၏။ ထိုအိမ်သည် ပင်လယ်နားမှာ ရှိသည်ဟု ပြောဆို၏။*" (ထူးခြားမှုကို ကျွန်ုပ် မျဉ်းသားပေးထားသည်။)

ထိုသူသည်၊ မှန်သောအရာများလုပ်နေသမျှ ဖြောင့်မတ်သောသူနှင့် ဘုရားသခင့် ရှေ့မှောက်၌ ဆုတောင်းခြင်းအသက်တာ ရှိနေပါသော်လည်း၊ သူ ဘာဆက်လုပ်ရမည် အကြောင်းကို ပြောပြမည်ဖြစ်သော ရှိမုန်ပေတရုကို သွားခေါ်ရန် ကောင်းကင်တမန်က သူ့ကို လာရောက် ပြောကြားခဲ့ရသည်။ ပေတရုသည်လည်း သူ့ကို ပြောပြရန် လမ်းညွှန် ခံရကြောင်းကို (တမန်တော် ၁၀း၄၃)၌ ကျွန်ုပ် တို့ အတိအကျ သိရပြန်သည်။ "*ထိုသခင်ကို ယုံကြည်သောသူရှိသမျှတို့သည်၊ နာမတော်အားဖြင့် (ယေရှုနာမတော်၌) အပြစ်လွှတ် တော်မူခြင်းကျေးဇူးကို ခံရကြလတ္တံ့ ဟူ၍ ပရောဖက်အပေါင်းတို့သည် ထိုသခင်၏ သက်သေခံဖြစ်ကြသည်ဟု ပေတရုမြွက်ဆို၏။*" (ကွင်းစကွင်းပိတ်သည် ကျွန်ုပ်၏ဖြည့်စွက်ခြင်းသာဖြစ်သည်။) အံ့သြစရာ မကောင်းဘူးလား။ ဂုဏ်ယူစရာများစွာရှိသော

ထိုသူသည်၊ ယေရှုခရစ်တော် ပုဂ္ဂိုလ်အားဖြင့် ဘုရားသခင်နှင့် ကိုယ်ရေးအဆက်အဆံ မရှိခြင်းဖြစ်နေသည်။ ဘုရားသခင် မိန့်ဆိုပါသည်။ "သင် လုပ်နေသော အလုပ်များသည် ကြီးမြတ်၏၊ အံ့သြဖွယ်ဖြစ်၏၊ ငါ့အရှေ့ မှာ မှတ်တမ်းတစ်ခုဖြစ်သည်။ သို့သော် သင့်အဖို့ ငါ လုပ်ဆောင် ပေးမည်။ သင်သည် ပေတရုအမည်ရသောလူတစ်ယောက်ကို ဆင့်ခေါ်ဖို့ သင့်အားပြောပြရန် ကောင်းကင်တမန်ကို သင့်ဆီ ငါလွှတ် လိုက်မည်။ ကောင်းကင်တမန်က သင့်ကို ဘာလုပ်ရမည်အကြောင်း ပြောပြလိမ့်မည်။" (တမန်တော် ၁၀း၄၃)၌ ပေတရုသည် ကော်နေလိ အိမ်သို့သွား၍ ပြောကြားခဲ့သည်။ "ထိုသခင်ကို ယုံကြည်သောသူရှိသမျှတို့သည် နာမတော်အားဖြင့် (ယေရှုနာမတော်၌) အပြစ်လွှတ်တော်မူခြင်းကျေးဇူးကို ခံရကြလတ္တံ့။.." (ကွင်းစကွင်းပိတ်၌ ကျွန်ုပ်ဖြည့်စွက်ချက်ဖြစ်သည်။) ဤတွင် ဘာဖြစ်သည်ကို ကြည့်ပါ။ ပေတရုသည်၊ "*ထိုစကားကိုမြွက်ဆိုစဉ်၊ နှုတ်ကပတ်တရားတော်ကို ကြားနာရသောသူအပေါင်းတို့ အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော်သည် သက်ရောက်တော်မူ၏။*"(တ ၁၀း၄၄) ကော်နေလိသည် ယေရှုခရစ်၌ ယုံကြည်ခြင်းကို ကြားရသည့်အတိုင်း ယုံကြည်လေသည်။ သူ၏အပြစ်များ ခွင့်လွှတ်ခြင်းရဖို့အတွက် ခရစ်တော်၌ သူ၏ယုံကြည်ခြင်းကို တည်ထား လိုက်သည်။ သူယုံကြည်သည်နှင့် တစ်ပြိုင်နက်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့အပေါ်နှင့် သူ့အိမ်ရှိလူတို့အပေါ်သို့ ဆင်းသက်လာပါသည်။ အငယ်(၄၅) ၌ ပြောပါသည်။ "*တပါးအမျိုးသား တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော်၏ကျေးဇူးကို သွန်းလောင်းသောကြောင့်၊ အရေဖျား လှီးခြင်းကို ခံသောသူတည်းဟူသော ပေတရုနှင့် ပါသမျှသော တပည့်တော်တို့သည် မိန်းမော တွေဝေခြင်းရှိကြ၏။*" သူတို့ ဘယ်လိုလုပ်သိကြသနည်း။ "*အကြောင်းမူကား၊ ထိုသူတို့သည် အမျိုးမျိုးသောဘာသာစကားအားဖြင့်ပြော၍၊ ဘုရားသခင်အား ချီးမွမ်းကြသည်ကို ကြားကြလေ၏။*" (အငယ်-၄၆) ဓမ္မသစ်ကျမ်း၌ လူတစ်ဦး တစ်ယောက်အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သည့် အခါတိုင်း ဝိညာဉ်တော် ဆုကျေးဇူးသည် ထင်ရှားပြ၍၊ သူတို့သည် ဝိညာဉ်တော်နှင့် ပြည့်ဝကြောင်းကို သက်သေထူပေးပါသည်။ ဓမ္မသစ်ကျမ်း၌ သူတို့သည် ဘာသာစကားပြောခြင်း (သို့မဟုတ်) ပရောဖက်ပြုခြင်း လုပ်ဆောင်နေကျ ရှိပါသည်။

Texas ပြည်နယ်၊ Dallas မြို့ ကွင်းပြင်တစ်ခု၌ ကျွန်ုပ် ဒူးထောက်ချ ဆုတောင်းခဲ့ပါသည်။ "ဘုရားသခင် လူတွေပြောနေကြသည့် အမျိုးမျိုးသော ဘာသာစကားပြောခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် နှစ်ခြင်းခံယူခြင်းအကြောင်းတို့ကို ကျွန်ုပ် နားမလည် ဖြစ်နေပါသည်။ သို့သော်၊ အကယ်၍ ကိုယ်တော်ကို ကျွန်ုပ် ကျေးဇူးတင်လိုသောနည်းလမ်းတစ်ခု၊ ကိုယ်တော်အား ကျွန်ုပ် ချီးမွမ်းကိုးကွယ်လိုသောနည်းလမ်းတစ်ခု၊ ကျွန်ုပ်၏လူသား အင်္ဂလိပ်ဘာသာစကားထက်ကျော်လွန်သောဘာသာစကား တစ်ခုတို့နှင့် ကျွန်ုပ် စကားပြောဆိုနိုင်သည်များရှိပါလျှင်၊ ကျွန်ုပ် လိုချင်ပါသည်။ ထိုနေရာ၌ ကျွန်ုပ် ဘုရားသခင်အား စတင်ဂုဏ်ပြုခြင်းပြုသည့်အခါ၊သန့်ရှင်းသောဝိညာဉ်တော်သည် ဘာသာစကားတစ်ခုကို ကျွန်ုပ်အား ပေးပါသည်။ ကျွန်ုပ်မသိ၊ ကျွန်ုပ်လေ့လာ မရနိုင်သည့် စကား ဖွင့်ဟခြင်းကို ကျွန်ုပ်ပြုခဲ့သည်။ တမန်တော်ဝတ္ထု(၂း၄)၌ ဆိုထားပါသည်။ "*ထိုသူ အပေါင်းတို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်၍၊ ဝိညာဉ်တော်သည် ပေးပြောသောအခွင့်ကိုပေးတော်မူသည်အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏။*" မည်သူတို့က ထိုသို့စကားပြောကြသနည်း။ သူတို့ပြောခဲ့ကြသည်။ နှုတ်ဖွင့်ဟခြင်းကို မည်သူ ပေးသနည်း။ သန့်ရှင်းသောဝိညာဉ်တော်။

(လုကာ ၁၁း၁၃)၌ ပြောထားသည်။ "*သင်တို့သည် အဆိုးဖြစ်လျက်ပင်၊ ကိုယ်သားတို့အားကောင်းသောအရာကိုပေးတတ် လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသော*

*သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဂိညာဉ်တော်ကို သာ၍ ပေးတော်မူမည် မဟုတ်လောဟု မိန့်တော်မူ၏။"* ယခု သင်လုပ်ရန် အလုံးစုံသည် ရမည်ဟု ယုံကြည်ခြင်းနှင့် ဆုတောင်းရန်ဖြစ်သည်။ သင့်ကိုယ်သင် ဘုရားသခင်ထံ အလျော့ပေး၍၊ ကိုယ်တော်ကို စတင်ဂတ်ပြုလျှင်၊ ဂတ်ပြုခြင်း၌ နှုတ်ဖွင့်ဟခြင်းကို ကိုယ်တော်ပေးလိမ့် မည်ဖြစ်ပြီး၊ သင် ဘယ်တုန်းကမျှ မသင်မယူခဲ့ဘူးသော ဘာသာစကားတစ်ခုနှင့် ကိုယ်တော်ကို ချီးမွမ်းနေလိမ့်မည် ဖြစ်သည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ ကယ်တင်ခြင်းအတွက် သမ္မာကျမ်းစာက အသုံးပြုသော စည်းကမ်းချက်များ အချို့တို့ကို ဖေါ်ပြပါ။

**ယော ၃း၃** - *"ယေရှုက၊ ဒုတိယမွေးခြင်းကို မခံသောသူ မည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရဟု ငါ အမှန်အကန် ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။"*

**တမန်တော် ၃း၁၉,၂၀** -" *ထို့ကြောင့် ထာဝရဘုရားထံတော်မှ ချမ်းဖသောအချိန်ကာလသည် ရောက်လာ၍၊... သင်တို့အပြစ်များကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။"၆*

**ကာလောသဲ ၂း၁၃** - *"ဒုစရိုက်အပြစ်၌၎င်း၊ ဇာတိပကတိ၏အရေဖျားလှီးခြင်းကိုမခံသောအပြစ်၌၎င်း၊ သေလျက်ရှိသောသင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍၊ သင်တို့အပြစ်ရှိသမျှတို့ကို လွှတ်တော်မူ၏။"*

**ရောမ ၈း၉** - *"သို့သော်လည်း ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ သင်တို့သည် ဇာတိပကတိ ဘက်၌ ရှိကြသည် မဟုတ်။ ဝိညာဉ်ပကတိဘက်၌ ရှိကြ၏။ ခရစ်တော်၏ ဝိညာဉ်ကို မရသောသူ မည်သည်ကား ခရစ်တော်နှင့် မဆိုင်။"*

**မဿဲ ၂၅း၄၆** - " *ထိုသူတို့သည် ထာဝရအပြစ်ဒဏ်ခံရာသို့၎င်း၊ ဖြောင့်မတ်သောသူတို့မူကား၊ ထာဝရအသက်ရှင်ရာသို့၎င်း၊ သွားရ ကြလတ္တံ့ဟု မိန့်တော်မူ၏။"*

၂။ (တမန်တော် ၁၁း၁၅)ကိုဖတ်ပါ။ ဤကျမ်းချက်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ဗတ္တိဇံခံခြင်း အတွေ့အကြုံကို ဘယ်လို ဖေါ်ပြထားသနည်း။

**တမန်တော် ၁၁း၁၅** - *"ငါသည် ဟောပြောစပြုစဉ်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ရှေးဦးစွာ ငါတို့အပေါ်သို့ သက်ရောက်တော် မူသည် နည်းတူ၊ ထိုသူတို့အပေါ်သို့လည်း သက်ရောက် တော်မူ၏။"*

၃။ ယေရှု၏တပည့်များသည် သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရခဲ့ကြသော်လည်း (ယော ၂၀း၂၂)၊ ရက်အနည်းငယ်ကြာသော နောက်မှသာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ဗတ္တိဇံကို အမှန်တကယ် ခံယူခဲ့ရကြသည်။ (တမန်တော် ၂း၁-၄)။ (ယော ၂၀း၂၂)နှင့် (တမန်တော် ၂း၁-၄) ကျမ်းချက်နှစ်ခုတို့၏ အဖြစ်မှန်များကို လေ့လာ၍ နှိုင်းယှဉ်ပြပါ။

**ယောဟန် ၂၀း၂၂** - *"ထိုသူတို့အပေါ်သို့ မှုတ်လျက်၊ သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ခံကြလော့။"*

**တမန်တော် ၂း၁-၄** - "*ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ ထိုသူအပေါင်းတို့သည်၊ တညီတညွတ်တည်းစည်းဝေး၍နေကြ၏။ ထိုအခါ လေပြင်းမုန်တိုင်းကဲ့သို့သောအသံသည်၊ တခဏခြင်းတွင် ကောင်းကင်မှလာ၍၊ ထိုသူတို့နေထိုင်သော အိမ်၌ ပြည့်လေ၏။ ထိုခဏခြင်းတွင် ကွဲပြားသောလျှာတို့သည် မီးလျှာကဲ့သို့ထင်ရှား၍၊ ထိုသူအသီးသီးတို့အပေါ်၌ တည်နေကြ၏။ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍၊ ဝိညာဉ်တော်သည် ဟောပြော သောအခွင့်ကို ပေးတော်မူသည်အတိုင်း၊ အမျိုးမျိုးသောဘာသာစကားဖြင့် ဟောပြောကြ၏။*"

၄။ (တမန်တော် ၁း၈) ကို ဖတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်နှင့် နှစ်ခြင်းခံယူခြင်း အဓိပ္ပာယ်သည် ဘာလဲ။

**တမန်တော် ၁း၈** - "*ထိုသို့ မရှိသော်လည်း သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍၊ ယေရုရှလင်မြို့ မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြ လိမ့်မည်ဟု မိန့်တော်မူ၏။*"

၅။ (တမန်တော် ၂း၃၈-၃၉ နှင့် ၁ ကော ၁း၇)တို့ကို ဖတ်ပါ။ ယနေ့ ကျွန်ုပ်တို့အဖို့ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဗတ္တိဇံခံယူ သည့် ရည်ရွယ်ချက် ဖြစ်ပါသလား။

**တမန်တော် ၂း၃၈-၃၉** - "*ပေတရု ကလည်း၊ သင်တို့၏အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ် ၏နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြ လိမ့်မည်။ အကြောင်းမူကား၊ ကတိတော်သည် သင်တို့နှင့်၎င်း၊ သင်တို့၏ သားသမီးတို့နှင့်၎င်း၊ ဝေးသောသူတို့တွင်၊ ငါတို့၏ဘုရားသခင် ထာဝရဘုရားခေါ်တော်မူသောသူတို့နှင့်၎င်း ဆိုင်သည်ဟု ဟော၏။*"

**၁ ကော ၁း၇** - "*ထို့ကြောင့် သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ ပေါ်ထွန်းတော်မူခြင်းကို မျှော်လင့်၍နေစဉ်၊ ဆုတော် တစ်စုံ တစ်ခုမျှ မလျော့ဘဲ၊ စုံလင်လျက် ရှိကြ၏။*"

၆။ (လုကာ ၁၁း၁၃)ကို ဖတ်ပါ။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ဗတ္တိဇံ ခံယူခဲ့ခြင်း zမရှိပါက၊ ယခု သင်ဘာလုပ်ရမည်နည်း။

**လုကာ ၁၁း၁၃** - "*သင်တို့သည် အဆိုးဖြစ်လျက်ပင်၊ ကိုယ်သားတို့အားကောင်းသောအရာကိုပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင် ဘုံ၌ ရှိတော်မူသောသင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကို သာ၍ ပေးတော် မူမည် မဟုတ်လောဟု မိန့်တော်မူ၏။*"

၇။ (တမန်တော် ၂း၄)ကို ဖတ်ပါ။ သင့်အား ဘုရားပေးသော ဆုတောင်းခြင်းဘာသာစကားအားဖြင့်၊ သင်သည် ဘုရားသခင်ကို ဆုတောင်းခြင်း၊ လက်ခံခြင်း၊ စကားပြောခြင်းနှင့် ဂုဏ်ပြုခြင်း ပြုလိမ့်မည်လား။

**တမန်တော် ၂း၄** - *"ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍၊ ဝိညာဉ်တော်သည် ပေါပြောသော အခွင့် ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုးသော ဘာသာစကားအားဖြင့် ပေါပြောကြ၏။"*

# အဖြေ သော့ချက်

၁။ ကယ်တင်ခြင်းအတွက် သမ္မာကျမ်းစာက အသုံးပြုသော စည်းကမ်းချက်များ အချို့တို့ကို ဖော်ပြပါ။
**ဒုတိယမွေးဖွားခြင်း ခံရခြင်း။ (ယော ၃း၃)၊ ပြောင်းလဲခြင်းသို့ (တ ၃း၁၉)၊ ယုံကြည်၍ ဗတ္တိဇံကို ခံကြလော့ (မာကု ၁၆း၁၆)၊ အပြစ်လွတ်ခံရခြင်း (ကောလော ၂း၁၃)၊ ခရစ်တော်၏ဝိညာဉ်ကို လက်ခံရခြင်း (ရောမ ၈း၉)၊ ထာဝရအသက် (မဿဲ ၂၅း၄၆)။**

၂။ (တမန်တော် ၁၁း၁၅)ကို ဖတ်ပါ။ ဤကျမ်းချက်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ဗတ္တိဇံခံခြင်း အတွေ့အကြုံကို ဘယ်လိုဖော်ပြထားသနည်း။
**တစ်စုံတစ်ယောက်အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ**

၃။ ယေရှု၏တပည့်များသည် သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရခဲ့ကြသော်လည်း(ယော ၂၀း၂၂)၊ ရက်အနည်းငယ်ကြာသော နောက်မှသာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ဗတ္တိဇံကို အမှန်တကယ် ခံယူခဲ့ရကြသည်။ (တမန်တော် ၂း၁-၄)။ (ယော ၂၀း၂၂) နှင့် (တမန်တော် ၂း၁-၄) ကျမ်းချက်နှစ်ခုတို့၏ အဖြစ်မှန်များကို လေ့လာ၍ နှိုင်းယှဉ်ပြပါ။
**(ယော ၂၀း၂၂)၌ တပည့်တော်များသည် သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရ၏။ (တ ၂း၁-၄)၌ တပည့်တော်ဖြစ်လာကြသူများသည် ချက်ချင်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်လေ၏။ (အတွင်းအားဖြင့်၄င်း၊ အပြင်အားဖြင့်၄င်း နှစ်ခြင်းကို ခံယူသည်။)**

၄။ (တမန်တော် ၁း၈)ကို ဖတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်နှင့် နှစ်ခြင်းခံယူခြင်း အဓိပ္ပာယ်သည် ဘာလဲ။
**အမှုဆောင်ရန်(သက်သေခံရန်) အခွင့်အာဏာပေးသည်။**

၅။ (တမန်တော် ၂း၃၉-၃၉ နှင့် ၁ ကော ၁း၇) တို့ကို ဖတ်ပါ။ ယနေ့ ကျွန်ုပ်တို့အဖို့ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဗတ္တိဇံခံယူသည့် ရည်ရွယ်ချက် ဖြစ်ပါသလား။
**မှန်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးသည် ခရစ်တော် ဒုတိယအကြိမ် ကြွလာ တော်မူသည့်အခါ ပျက်ပြယ်လိမ့်မည်။ သို့သော် ယခု ထိုအချိန် မရောက်သေးပါ။**

၆။ (လုကာ ၁၁း၁၃)ကို ဖတ်ပါ။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ဗတ္တိဇံ ခံယူခဲ့ခြင်းမရှိပါက၊ ယခု သင်ဘာလုပ်ရမည်နည်း။
**ဆုတောင်း ဆိုရမည်။**

၇။ (တမန်တော် ၂း၄)ကို ဖတ်ပါ။ သင့်အား ဘုရားပေးသော ဆုတောင်းခြင်း ဘာသာစကားအားဖြင့်၊ သင်သည် ဘုရားသခင်ကို ဆုတောင်းခြင်း၊ လက်ခံခြင်း၊ စကားပြောခြင်းနှင့် ဂုဏ်ပြုခြင်း ပြုလိမ့်မည်လား။
**မှတ်ပါသည်။ ကျွန်ုပ် ပြောပါမည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်အား နှုတ်ဟဆိုခြင်း (ဘာသာစကား) ပေးတော်မူလိမ့်မည်။**

## သင်ခန်းစာ ( ၁၆ )

# အမျိုးမျိုးသော ဘာသာစကားနှင့် စကားပြောဆိုခြင်း၏ အကျိုးများ

ပထမဦးဆုံး သန့်ရှင်းသောဂိဉာဉ်တော်နှင့်နှစ်ခြင်းခံယူသောအခါ၊ ဖြစ်ပျက်သောအရာတစ်ခုသည်၊ ထိုနေရာရှိ လူအားလုံးကအမျိုးမျိုးသော သာသာစကားနှင့် စကားပြောခဲ့ကြခြင်း ဖြစ်သည်။ (တမန်တော် ၂း၄)က ပြောသည်မှာ၊ ပင်တေကုတ္တေပွဲနေ့၌ ထိုသူတို့သည် သန့်ရှင်းသောဂိဉာဉ်တော်နှင့် ပြည့်၍ ဂိဉာဉ်တော်က သူတို့အား နှုတ်ဖွင့်ဟပေးလိုက်သည့်အတိုင်း၊ အမျိုးမျိုးသော ဘာသာစကားနှင့်ဟောပြောကြ၏ဟု ဆိုသည်။ တမန်တော်ဂတ္တုစာအုပ်တစ်လျှောက် ညီညွတ်စွာဖြင့်ပင် သန့်ရှင်းသောဂိဉာဉ်တော်ကို လူတွေ လက်ခံရရှိကြသောအခါ၊ ဘုရားသခင့်မျက်မှောက်တော် ထင်ရှားခြင်း ရှိခဲ့သည်။

အမှန်တော့၊ အမျိုးမျိုးသောဘာသာစကားပြောဆိုခြင်းထက်၊ သန့်ရှင်းသောဂိဉာဉ်တော်သည် အများကြီးပို၍ ထင်ရှားသည်။ သို့သော် ၎င်းသည် အရေးပါသော ထင်ရှားပြခြင်းများအနက် တစ်ခုဖြစ်သည်။ (၁ ကော ၁၄း၁၃-၁၄)က ပြောထားသည်။ "*ထို့ကြောင့် အခြားသောဘာသာစကားကို ပြန်ပြောသောသူသည်၊ အနက်ကိုလည်း ဖေါ်ပြနိုင်မည်အကြောင်း ဆုတောင်းစေ။ အဘယ်ကြောင့်နည်းဟူမူကား၊ အခြားသောဘာသာစကားဖြင့် ငါဆုတောင်းလျှင်၊ ငါ့စိတ်နှလုံးဆုတောင်းသော်လည်း ငါဉာဏ်သည် အကျိုးကိုမပေး။*" သင်သည် အမျိုးမျိုးသော ဘာသာစကားနှင့် ဆုတောင်းသောအခါ၊ သင့်ဂိဉာဉ်သည် ဆုတောင်း၏။ သင်သည် အမျိုးမျိုးသော ဘာသာစကားနှင့်ပြောပြောချင်း၊ အနက်ဖေါ်နိုင်ရန် ဆုတောင်းပါ။ ထိုသို့အားဖြင့် သင့်ဉာဏ်သည် အကျိုးရှိလာလိမ့်မည်ဟု သဘောပေါက်ပါလိမ့်မည်။

ကျွန်ုပ်၏ကိုယ်တွေ့ သက်သေခံချက်ကို ကျွန်ုပ်ပြောပြပါမည်။ သန့်ရှင်းသောဂိဉာဉ်တော်နှင့် ကျွန်ုပ် ဗတ္တိဇံ ခံယူပြီး အခြားသောဘာသာစကားနှင့် ကျွန်ုပ် စတင်စကားပြောလာသောအခါ၊ ကျွန်ုပ်၏အသက်တာသည် ဆန်းကြယ်စွာ ပြောင်းလဲလာပါသည်။ ကျွန်ုပ် ဒုတိယမွေးဖွားခြင်းခံယူသောအခါ ခရစ်တော်သည် ကျွန်ုပ်အတွင်း၌ ကိုန်းဝပ်ရောက်လာပြီးလျှင်၊ အရာများစွာကို အပ်နှံခြင်းခံ ရသည်ဟု ကျွန်ုပ် ယုံကြည်သည်။ သို့သော် သန့်ရှင်းသောဂိဉာဉ်တော်သည် ကျွန်ုပ်အပေါ်သို့ ဆင်းသက်လာသောအခါ၊ ကိုယ်တော် သည် ကျွန်ုပ်နှင့် အခြားသူများအပေါ်တွင် ထင်ရှားတော်မူလေသည်။ အရာအချို့လည်း ဖြစ်ပျက်လာပါသည်။ ပထမတစ်နှစ်တွင် ကျွန်ုပ်သည် အခြားဘာသာစကားနှင့် ဆုတောင်းလာခဲ့ရာ၊ ကျွန်ုပ်စိတ်ထဲက ဒါတွေအားလုံး အချိန်ဖြုန်းနေတာပဲဟု ပြောနေတတ် သည်။ ကျွန်ုပ်သည် အခြားသောဘာသာစကားနှင့် ဆုတောင်းရန် ကျွန်ုပ်အဖို ယုံကြည်ခြင်း တည်ဆောက်ရသည်။ အကြောင်းမှာ၊ အလွန်သန့်ရှင်းသောယုံကြည်ခြင်းဖြင့် မိမိတို့ကိုယ်ကို မိမိတို့တည်ဆောက်ရန် (ယုဒ -၂၀)၌ ပြောထားသောအကြောင်းရှိသောကြောင့်ဖြစ်သည်။ ၎င်းသည် သင်၏ သဘာဂအတွေးနှင့် ဆင်ခြေများကို စွန့်ပစ်လိုက်ပြီး၊ သဘာဂလွန်ယုံကြည်ခြင်းနယ်မြေထဲသို့ သင့်ကို ရောက်ရှိသွားစေခြင်း ဖြစ်သည်။

ကျွန်ုပ်သည် အခြားသောဘာသာစကားနှင့်ဆုတောင်းသောအခါ၊ အတွေ့အကြုံရလိုက်သည့်နောက်ထပ်အရာတစ်ခုမှာ၊နှစ်များစွာ ကျွန်ုပ်မတွေးမိသည့် လူများသည် ကျွန်ုပ်၏မှတ်ဉာဏ်ထဲပြန်ရောက်လာခြင်းဖြစ်သည်။ သူတို့အတွက် ကျွန်ုပ်စတင်ဆုတောင်းပေးပြီး၊ သူတို့သည် ကျွန်ုပ်ထံ တစ်ရက်နှစ်ရက်အတွင်း အဆက်အသွယ်လုပ်လာရန်နှင့် နိမိတ်လက္ခဏာ တစ်စုံတစ်ရာကို ကျွန်ုပ်ရှာတွေ့လိုခြင်းဖြစ်သည်။ အကြိမ်အတော်များများ ဖြစ်ခဲ့ပါသည်။ အားလုံးကို နောက်ဆုံးအတူတကွ စတင်စုစည်းထားလိုက်ပြီး ကျွန်ုပ် အမှန်သိလာရသည်မှာ၊ ကျွန်ုပ်သည် အခြားသောဘာသာစကားနှင့် ဆုတောင်းနေသောအခါ ကျွန်ုပ်၏စိတ်စွမ်းအား ကျော်၍ ဉာဏ်ပညာနှင့် ဆုတောင်းနေသည့်အကြောင်း ဖြစ်သည်။ ကျွန်ုပ်၏ဝိညာဉ်သည် အားလုံးကိုသိခြင်းရှိနေသည်မှာ၊ ခရစ်တော်၏စိတ်သည် ကျွန်ုပ်၏ကိုယ်ပိုင်ရုပ်ခန္ဓာနားလည်မှုနှင့် ဘယ်လိုမျှမလုပ်နိုင်သည့်နည်းလမ်း၌ လူတွေအတွက် ကိုယ်တော်ဆုတောင်းပေးနေခြင်း ဖြစ်သည်။

တစ်နေ့မှာ ကျွန်ုပ်သည် အခြားသောဘာသာစကားနှင့် ဆုတောင်းနေစဉ်၊ ကျွန်ုပ်ပြောခဲ့သကဲ့သို့၊ အခြားသောဘာသာစကားနှင့်ဆုတောင်းကာ ယုံကြည်ခြင်းကို တည်ဆောက်ရမည်ဖြစ်သော်လည်း၊ "*မင်း ကယောက်ကယက်အဓိပ္ပာယ်မဲ့ စကားတွေနဲ့ ပြောနေမည့်အစား၊ ကောင်းကောင်းနားလည်နိုင်တဲ့ အင်္ဂလိပ်စကားနဲ့ မင်းပြောနိုင်တာပဲ*" ဆိုပြီး၊ အတွေးရောက်လာလို့၊ ကျွန်ုပ်သည် တိုက်ခိုက်နေရပါတော့သည်။ ဒီလိုတွေးမိနေတာကို ကျွန်ုပ် ဖြေရှင်းရမည်။ ဖယ်ရှားပစ်ရမည်။ သို့သော် ကျွန်ုပ် ဆက် ဆုတောင်းနေပါ သည်။ ထိုစဉ် ကျွန်ုပ် လေးနှစ်လောက်မတွေ့ရဘဲရှိခဲ့တဲ့ လူငယ်တစ်ယောက်သည် တံခါးခေါက်ပြီး အခန်းထဲ ဝင်လာပါသည်။ သူ သည် နှုတ်လည်းမဆက်၊ ဘာမျှလည်းမပြောဘဲ၊ ထိုင်ချလိုက်ပြီး၊ ငိုလျက် သူ့နှလုံးသားကို ဖွင့်ဖွင့်ချနေပါတော့သည်။ ဘာကြောင့်ဆို တော့ သူ့မှာ ပြဿနာများစွာရှိနေသောကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် ထိုင်လျက်ရှိပြီး စဉ်းစားသည်။ ဒီသူငယ်ကို၊ ကျုပ် အင်္ဂလိပ်လို ဆုတောင်းနေသင့်တာ။ ကျွန်ုပ်နောက်အတွေးတစ်ခုမှာ၊ သူ့ကို လွန်ခဲ့သောလေးနှစ်လောက်ကတည်းက မတွေ့ရဘဲ၊ အခု သူ့အတွက် ဆုတောင်းပေးဖို့ ဘာသိရတော့ပဲ့မလဲ။ သို့သော်၊ ရုတ်တရက် ဖွင့်ပြခြင်းတစ်ခု ကျွန်ုပ် စတင်ရလိုက်ပြီး သူ့ကို ပြောလိုက်ရပါတယ်။ "မင်းပြဿနာကို ငါသိပြီ။ " သို့နှင့် သူ့အတွက် သူ့အကြောင်းကို ကျွန်ုပ် အဆုံးသတ်လိုက်ပြီး၊ အဖြေပေးနိုင်ခဲ့ပါသည်။

ကျွန်ုပ်အကြောင်းပြောပြရလျှင်၊ အရင်က ကျွန်ုပ်သည် ဂိုဏ်းဂဏအဖွဲ့အစည်းတစ်ခုမှ ဖြစ်ပြီး သူနှင့်သိခဲ့ခြင်း ဖြစ်သည်။ သူသည် ကျွန်ုပ်ဘာဖြစ်နေသည်ကိုသိမည် ဟုတ်မဟုတ်ကို ကျွန်ုပ် မသေချာပါ။ ကျွန်ုပ်တို့နှစ်ယောက်စလုံးကို ခြောက်လှန့်နေပါလိမ့် မည်။ သို့သော် ၎င်းအဖြစ်မှာ ဘုရားသခင်ထင်ရှားပြတော်မူခြင်း၏ တန်ခိုးတော်ဖြစ်ပြီး၊ ကိုယ်တော်သည် သဘာဝလွန် အသုံးပြုခြင်း ဖြစ်ပါသည်။ ဤသည်ကိုပင် ကျွန်ုပ်ဆိုလိုပါသည်။ သင်သည် အခြားသောဘာသာစကားနှင့်ဆုတောင်းသောအခါ သင့်ဝိညာဉ်သည် ဆုတောင်းနေ၏။ သင့်ဝိညာဉ်သည် ဒုတိယမွေးခြင်းခံရ၍ ခရစ်တော်၏စိတ်ကိုရပြီး၊ ဘာလုပ်ရမည်ကို သိခြင်းရှိလာခြင်းဖြစ်သည်။ ၎င်း၌ ဘုရားသခင်မှ ဘိသိက်ဆီလိမ်းခြင်း(ဘိသိက်ပေးခြင်း)ဖြစ်သောကြောင့်၊ သင်သည် အားလုံးကို သိနေတော့သည်။ သင့်ဝိညာဉ်အထဲ ကန့်သတ်ချက်သည်လည်း မရှိတော့ပါ။ သင်သည် တန်းခိုးတော်ထဲ၌ သွားလာပြီး၊ သင့်ဝိညာဉ်သည် ဗျာဒိတ်ပေါ်ထွန်းလျှင်၊ ၎င်းသည် သင့်ရုပ်ပိုင်းဘဝကို အသွင်ပြောင်းပေးလိမ့်မည်။ ဤအတွက် လမ်းတစ်လမ်းတည်း မဟုတ်သော်လည်း၊ လုပ်ဆောင်ခြင်းလမ်းကြောင်းတစ်ခုမှာ

အခြားသောဘာသာစကားနှင့် စတင်စကားပြောနေခြင်းဖြစ်သည်။ သင်သည်လုပ်ဆောင်သောအခါ အသိအမှတ်ပြုယုံကြည်နေရမည်မှာ၊ သင့်ဝိညာဉ်သည် ဖုံးအုပ်ထားသည့် ဘုရားသခင့်ဉာဏ်တော်နှင့်ဆုတောင်းနေပြီး၊ ပြည့်စုံသော ဘုရားသခင့်ဗျာဒိတ်တော်ရောက်လာမည်ဖြစ်ကြောင်းနှင့်၊ အလွန်သန့်ရှင်းသောယုံကြည်ခြင်းကို သင်ကိုယ်တိုင်တည်ဆောက်နေခြင်း ဖြစ်သည်။ ထိုနောက် (၁ ကောဝ၄း၁၃)နှင့်အညီ၊ သင်သည် အနက်ဖွင့်နိုင်သောဆုတောင်းခြင်းကိုပြုနိုင်သည်။ ၎င်းမှာ အခြားသောဘာသာစကားနှင့် ဆုတောင်းခြင်းကိုရပ်၍ သင်နားလည်သော အင်္ဂလိပ်စကားနှင့်ဆုတောင်းရမည်ဟုမဆိုလိုပါ။ သင်၏နားလည်မှုသည်အကျိုးဖြစ်ထွန်းလာကြောင်းကိုသာ ဆိုလိုပါသည်။

ကျွန်ုပ်သည် အသင်းတော်ဂတ်ပြုပွဲ၌ အခြားသောဘာသာစကားနှင့် သီတင်းတစ်ခု ပေးလျှင်၊ သင်တို့သည် အင်္ဂလိပ်ဘာသာ စကားနှင့် အနက်ဖွင့်ပေးခြင်း မလုပ်ရပါ။ သင်တို့ကိုယ်တိုင်က ဆုတောင်းသောအခါ၊ ကျွန်ုပ်သည် အခြားဘာသာစကားနှင့်ဆုတောင်း နေစဉ်ပြုသည့်အတိုင်း၊ ဘုရားသခင်က ဗျာဒိတ်တော်ဖွင့်ပေးမည်ဖြစ်ကြောင်းကို ယုံကြည်ထားရမည်။ ကျွန်ုပ်၏အမှုအရာ တစ်ခုခု ပြောင်းလဲသွားသည်။ ကျွန်ုပ်ပြောရန် သီးသန့်စကားလုံး မရှိ။ သို့သော် ရုတ်တရက် အရာများစွာကို ရှင်းရှင်းလင်းလင်း မြင်လိုက်ပြီး၊ မတူသောရှုထောင့်တစ်ခုကို မြင်လိုက်သည်။ ၎င်း၌ ဗျာဒိတ်တော်အပြည့်အဝမရမီ ကျွန်ုပ်သည် တစ်ပတ်မျှ အချိန်ယူလိုက်နိုင်သည်။ သို့သော် ကျွန်ုပ်သည်အခြားသောဘာသာစကားနှင့် ကျွန်ုပ်ဆုတောင်းနေခြင်းကို ယုံကြည်ပြီး၊ အနက်ဖော်ပြခြင်းကိုလည်း ၎င်း၏အပိုင်းတစ်ခုအဖြစ် ယုံကြည်နေပါသည်။

အခြားသောဘာသာစကားနှင့်ဆုတောင်းခြင်းသည်၊ သန့်ရှင်းသောဝိညာဉ်တော်ကို သင် လက်ခံရကြောင်းသက်သေပေးခြင်း ထက် ပို၍ အသေအချာ အကြောင်းပြချက်များစွာပေးရန် အရေးကြီးပါသည်။ ၎င်းသည် နေ့စဉ်အသက်တာအပိုင်းတစ်ခု ဖြစ်ရမည်။ ခမည်းတော်ဘုရားသခင်နှင့် သင့်နှလုံးသားမှ တိုက်ရိုက်ဆက်သွယ်သော လမ်းကြောင်းတစ်ခုလည်း ဖြစ်သည်။ တွေးတောခြင်းနှင့် ကြောက်ရွံ့ ခြင်းသည်၊ သင့် ဦးနှောက်ကို ဖြတ်ကျော်သွားသည်။ ၎င်းသည် သင်၏ အလွန်သန့်ရှင်းသောယုံကြည်ခြင်း၌ တည်ဆောက် ပြီး၊ ဘုရားသခင်၏ဖုံးအုပ်ထားတော်မူသော ဉာဏ်ကို ထုတ်လွှတ်ပေးနေသည်။ သင်တို့အားလုံးသည် သင်တို့၏ယုံကြည်ခြင်းကို ထုတ်လွှတ်လျက်၊ အခြားသောဘာသာစကားပြောခြင်း၏ အကျိုးအပြည့်အဝကို လက်ခံယူခြင်းအတွက်၊ ဤအတိုင်း လိုက်လုပ်ကြလိမ့်မည်ဟု ယုံကြည်ခြင်းနှင့် သင်တို့အဖို့ ကျွန်ုပ် ဆုတောင်းပေးလိုက်ပါ၏။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ယုဒ-၂၀)ကို ဖတ်ပါ။ သန့်ရှင်းသောဂိညာဉ်တော်၌ ဆုတောင်းခြင်းအားဖြင့်၊ မည်သည့် အကျိုးကျေးဇူးကြီးများ ရသနည်း။

**ယုဒ ၁း ၂၀** - *"ချစ်သူတို့၊ သင်တို့သည် မိမိတို့ အလွန်သန့်ရှင်းသော ယုံကြည်ခြင်းအပေါ်မှာ မိမိတို့ကို တည်ဆောက်လျက်၊ သန့်ရှင်းသော ဂိညာဉ်တော်အားဖြင့် ဆုတောင်းပတ္ထနာပြုလျက်၊"*

၂။ (တမန်တော် ၂း၄)ကို ဖတ်ပါ။ သန့်ရှင်းသောဂိညာဉ်တော်နှင့် လူ ဘယ်လောက်များများ ပြည့်ဝကြသနည်း။

**တမန်တော် ၂း၄** -*"ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသော ဂိညာဉ်တော်နှင့် ပြည့်၍၊ ဂိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုးသော ဘာသာစကား အားဖြင့် ဟောပြောကြ၏။"*

၃။ (တမန်တော် ၂း၄)ကို ဖတ်ပါ။ အပြည့်အဝ လက်ခံရခြင်း အကျိုးတစ်ခုအဖြစ် ထိုသူတို့ ဘာလုပ်ခဲ့ကြသနည်း။

၄။ (၁ ကော ၁၄း၁၄) ကို ဖတ်ပါ။ အမျိုးအမည်မသိရသော ဘာသာစကားနှင့် သင်ဆုတောင်းသောအခါ၊ သင်၏ မည်သည့် အပိုင်းက ဆုတောင်းနေသနည်း။

**၁ ကော ၁၄း၁၄** - *"အဘယ်ကြောင့်နည်းဟူမူကား၊ အခြားသော ဘာသာစကားဖြင့် ငါဆုတောင်းလျှင်၊ ငါ့စိတ်နှလုံး ဆုတောင်း သော်လည်း၊ ငါ့ဉာဏ်သည် အကျိုးကို မပေး။"*

၅။ (၁ ကော ၁၄း၂)ကို ဖတ်ပါ။ အမျိုးအမည်မသိ ဘာသာစကားနှင့် လူတစ်ဦး ဆုတောင်းနေသောအခါ၊ သူ မည်သူနှင့် စကား ပြောနေသနည်း။

**၁ ကော ၁၄း၂** - *"အကြောင်းမူကား၊ အခြားသောဘာသာစကားအားဖြင့် ပြောသောသူသည် လူတို့အား မပြော၊ ဘုရားသခင်အား ပြော၏။ သူ၏စကားကို အဘယ်သူမျှ နားမလည်။ နက်နဲသော အရာတို့ကို ဂိညာဉ်တော်အားဖြင့် ပြော၏။"*

၆။ (၁ ကော ၁၄း၂)ကို ဖတ်ပါ။ အမျိုးအမည်မသိ ဘာသာစကားနှင့် လူတစ်ဦး ဆုတောင်းနေသောအခါ၊ သူ ဘာပြောနေသည် ကို အခြားလူများ နားလည်ကြပါသလား။

၇။ (၁ ကော ၁၄း၂)ကို ဖတ်ပါ။ အမျိုးအမည်မသိ ဘာသာစကားနှင့် သင်သည် ဆုတောင်းသောအခါ၊ သင့်ဂိညာဉ်သည် ဘာ ပြောနေသနည်း။

၈။ (၁ ကော ၁၄း၄)ကို ဖတ်ပါ။ သင်သည် အခြားဘာသာစကားနှင့် ဆုတောင်းသောအခါ၊ သင်ဘာလုပ်သနည်း။

**၁ ကော ၁၄း၄** - *"အခြားသောဘာသာစကားအားဖြင့် ပြောသောသူသည် ကိုယ်ကိုသာ တည်ဆောက်၏။ ပရောဖက်ပြုသောသူ မူကား၊ အသင်းတော်ကို တည်ဆောက်၏။"*

၉။ (၁ ကော ၁၄း၁၆)ကို ဖတ်ပါ။ သင်သည် အခြားဘာသာစကားနှင့်ဆုတောင်းသောအခါ၊ သင်ဘာလုပ်နေသနည်း။

**၁ ကော ၁၄း၁၆** - " *သို့မဟုတ်၊ သင်သည် စိတ်နှလုံးနှင့် ကျေးဇူးတော်ကို ချီးမွမ်းသောအခါ၊ မတတ်သော လူစုအဂင်ဖြစ်သောသူသည်၊ သင်၏စကားကို နားမလည်သောကြောင့်၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းသို့ လိုက်၍၊ အာမင်ဟု အဘယ်သို့ ဝန်ခံ နိုင်မည်နည်း။*

# အဖြေ သော့ချက်

၁။ (ယုဒ ၁း၂၀ )ကို ဖတ်ပါ။ **သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းခြင်းအားဖြင့်၊ မည်သည့် အကျိုးကျေးဇူးကြီးများ ရသနည်း။**
**သန့်ရှင်းသောဝိညာဉ်တော်နှင့် ကျွန်ုပ်ဆုတောင်းသောအခါ ကျွန်ုပ်ကိုကိုယ် ကျွန်ုပ် တည်ဆောက်၏။**

၂။ (တမန်တော် ၂း၄)ကို ဖတ်ပါ။ သန့်ရှင်းသောဂိညာဉ်တော်နှင့် လူ ဘယ်လောက်များများ ပြည့်ဂ ကြသနည်း။
**သူတို့အားလုံး**

၃။ (တမန်တော် ၂း၄)ကို ဖတ်ပါ။ အပြည့်အဂ လက်ခံရခြင်း အကျိုးတစ်ခုအဖြစ် ထိုသူတို့ ဘာလုပ်ခဲ့ကြသနည်း။
**အမျိုးမျိုးသောဘာသာစကားနှင့် သူတို့ ပြောကြသည်။**

၄။ (၁ ကော ၁၄း၁၄)ကို ဖတ်ပါ။ အမျိုးအမည်မသိရသော ဘာသာစကားနှင့် သင် ဆုတောင်း သောအခါ၊ သင်၏ မည်သည့် အပိုင်းက ဆုတောင်းနေသနည်း။
**ကျွန်ုပ်၏ဝိညာဉ်သည် ဆုတောင်းနေသည်။**

၅။ (၁ ကော ၁၄း၂)ကို ဖတ်ပါ။ အမျိုးအမည်မသိ ဘာသာစကားနှင့် လူတစ်ဦး ဆုတောင်း နေသောအခါ၊ သူ မည်သူနှင့် စကားပြောနေသနည်း။
**ဘုရားသခင်**

၆။ (၁ ကော ၁၄း၂)ကို ဖတ်ပါ။ အမျိုးအမည်မသိ ဘာသာစကားနှင့် လူတစ်ဦး ဆုတောင်း နေသောအခါ၊ သူ ဘာ ပြောနေသည်ကို အခြားလူများ နားလည်ကြပါသလား။
**နားမလည်ကြပါ။**

၇။ (၁ ကော ၁၄း၂)ကို ဖတ်ပါ။ အမျိုးအမည်မသိ ဘာသာစကားနှင့် သင်သည် ဆုတောင်း သော အခါ၊ သင့်ဂိညာဉ်သည် ဘာပြောနေသနည်း။
**နက်နဲဆန်းကြယ်ခြင်း၊ လျှို့ဝှက်အရာများ၊ ဘုရားသခင်နှင့် ကျွန်ုပ်အကြား ရင်းနှီးမှုရှိ လာခြင်း**

၈။ **(၁ ကော ၁၄း၄)ကို ဖတ်ပါ။ သင်သည် အခြားဘာသာစကားနှင့် ဆုတောင်းသောအခါ၊ သင် ဘာလုပ်သနည်း။**
**ကျွန်ုပ်ကိုယ်ကျွန်ုပ် တည်ဆောက်သည်။** (**တိုးတက်တည်ဆောက်နေခြင်း**)

၉။ (၁ ကော ၁၄း၁၆)ကို ဖတ်ပါ။ သင်သည် အခြားဘာသာစကားနှင့်ဆုတောင်းသောအခါ၊ သင် ဘာလုပ်နေသနည်း။
**ဘုရားသခင်ကို ကောင်းချီးပေးခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း**

# တပည့်တော်ဖြစ်
# သာသနာပြုလုပ်ငန်းသင်တန်း

အဆင့် ( ၂ )

သင်ခန်းစာ ( ၁၆ )

# မာတိကာဇယား

## အဆင့် ( ၂ )

| | |
|---|---|
| သင်ခန်းစာ (၁) ကိုယ့်ကိုကိုယ် ဗဟိုပြုနေခြင်း | 2-112 |
| သင်ခန်းစာ (၂) ဘုရားသခင်၏စကားတော်ကို အာရုံထားဆင်ခြင်ရမည့် နည်းလမ်း | 2-118 |
| သင်ခန်းစာ (၃) စိတ်နှလုံးကို အသစ်ပြုပြင်ခြင်း | 2-122 |
| သင်ခန်းစာ (၄) ခရစ်တော်၏အသင်းတော်၌ အရေးကြီးခြင်း | 2:129 |
| သင်ခန်းစာ (၅) လွတ်မြောက်စေခြင်း | 2-138 |
| သင်ခန်းစာ (၆) ယုံကြည်သူ၏ အခွင့်အာဏာ | 2-145 |
| သင်ခန်းစာ (၇) အပြစ်ဖြေရာဌာနအတွင်း အနာငြိမ်းစေခြင်း | 2-153 |
| သင်ခန်းစာ (၈) အနာငြိမ်းခြင်း၌ အတားအဆီးများ | 2-160 |
| သင်ခန်းစာ (၉) အခြားသူတို့ကို အပြစ်လွှတ်ခြင်း | 2-168 |
| သင်ခန်းစာ (၁၀) အိမ်ထောင်ပြုခြင်း အပိုင်း(၁) | 2-178 |
| သင်ခန်းစာ (၁၁) အိမ်ထောင်ပြုခြင်း အပိုင်း(၂) | 2-184 |
| သင်ခန်းစာ (၁၂) ဘုရားသခင်၏မေတ္တာတော်အမျိုးအစား (အပိုင်း-၁) | 2-193 |
| သင်ခန်းစာ (၁၃) ဘုရားသခင်၏မေတ္တာတော်အမျိုးအစား (အပိုင်း-၂) | 2-201 |
| သင်ခန်းစာ (၁၄) ဘဏ္ဍာရေး (အပိုင်း- ၁) | 2-209 |
| သင်ခန်းစာ (၁၅) ဘဏ္ဍာရေး (အပိုင်း- ၂) | 2-215 |
| သင်ခန်းစာ (၁၆) သင့်ဆုတောင်းချက်များ၌ အဖြေမရသောအခါ လုပ်ရမည့် နည်းလမ်းများ | 2-220 |

## သင်ခန်းစာ (၁)

# ကိုယ့်ကိုကိုယ် ဗဟိုပြုနေခြင်း

ကိုယ်ကိုကိုယ် ဗဟိုပြုနေခြင်းသည် ကျွန်ုပ်တို့တွေ့ ကြုံနေရသည့် အလွန်များစွာ၏ အမြစ်ဖြစ်သည်။ သုတ္တံကျမ်း အခန်းကြီး(၁၃)အထဲကျမ်းချက်တစ်ချက်ကို သင်သည် အမှန်တကယ် ဖွင့်လှန်ဖတ်ကြည့်သင့်သည်။ အကြောင်းမှာ၊ သင့်ကိုယ်ပိုင် သမ္မာကျမ်းစာအုပ်ထဲမှ သင်ကိုယ်တိုင်ဖတ်မကြည့်ဘူးလျှင်၊ သင်သည် ဘယ်တော့မှယုံလိမ့်မည် မဟုတ်သောကြောင့် ဖြစ်သည်။

အခန်းငယ်-၁၀ မှာ ရေးထားသည်။ *"မာနကြောင့်သာ ရန်တွေ့ ခြင်းဖြစ်၏။ သတိပေးသောစကားကို နားခံသောသူမူကား ပညာရှိ၏။"* ပထမဦးဆုံးလူ အတော်များများက ဤထုတ်ပြန်ချက်ကိုကြားရပြီး ပြောလိမ့်မည်။ "နေပါဦးဗျ။ မာနဟာ လူတွေကို ယှဉ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း ဖြစ်စေတဲ့အကြောင်းတစ်ခုတည်း မဟုတ်ပါဘူး။ (သုတ္တံ ၁၇း၄) မှာ ပြောထားတာ၊ ပြိုင်ဆိုင်ခြင်း ဆိုတာ၊ ရန်တွေ့ခြင်းရဲ့အစပဲလေ။ ဒါကြောင့် ရန်တွေ့ခြင်းက မာနထက် ပိုပြီးတော့ အရင်းခံ ဖြစ်စေတာပါ။ ဒီမှာ ကျုပ်ကိုဘာလို့ ဖြစ်လာစေရမလဲ။" အခြားသူတို့လည်း ပြောကြမည်။ "မင်းနားမလည်လို့ပါ။ ငါက အဲဒီလိုလူမျိုးပဲလေ။" မဟုတ်ဘူးဗျ။ သမ္မာကျမ်းစာက ပြောထားတယ်။ မာနကြောင့်သာ ရန်တွေ့ခြင်းဖြစ်ပါတယ်။ ဒါက ဖြစ်ဖို့အကြောင်း တစ်ခု မဟုတ်ဘူး။ ဖြစ်တဲ့အကြောင်းတစ်ခုပဲ ဖြစ်တယ်။ ဒါကိုလူတစ်ချို့က ဤပြောဆိုချက်ကို ကြားပြီး ပြန်ပြော လိမ့်မည်။ *"ငါ့မှာ ပြဿနာ အမျိုးအစားတွေတစ်ပုံကြီးပါကွာ။ မာနက အဲဒီအထဲက တစ်ခု မဟုတ်ပါဘူး။ ကျုပ် တစ်ခု ခုဖြစ်ခဲ့ရင်၊ ကိုယ့်ကိုကိုယ်တန်ဖိုးထားမှု နိမ့်ကျသွားတယ်။ အဲဒီမှာ တစ်ယောက်ယောက်က ကျုပ်ကို မာနကြောင့်လို့ လာမစွပ်စွဲနိုင်ပါဘူး။ "*မာန ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ကျွန်ုပ်တို့ ထပ်ပြောရကြပါမည်။ ၎င်းမှာ သင်သည်အခြားလူတစ်ဦး တစ်ယောက်ထက်ပင် ပိုကောင်းသည်ဟူ၍ သင်အတွေးရောက်နေဖို့ မဟုတ်ပါဘူး။ ရိုးရိုးစကား အသုံးအနှုန်းနဲ့ ပြောရလျှင်၊ ၎င်းမှာ အရာခပ်သိမ်းရဲ့ ဗဟို အဖြစ် သင့်ကိုယ်သင်ရှုမြင်နေခြင်းဖြစ်၏။ ကိုယ်ကိုကိုယ် ဗဟိုပြုနေခြင်းသည် မာနအားလုံး၏ အမှန်တကယ်အရင်းအမြစ်ဖြစ်သည်။

တောလည်ရာကျမ်း (၁၂း၂) မှာ၊ မောရှေ၏ အစ်မနှင့်အစ်ကိုဖြစ်သော မိရိအံနှင့် အာရုန်တို့သည်အခြားသော အမျိုးသမီးနှင့် မောရှေ လက်ထပ်ခြင်းကိစ္စ အတွက်နှင့် မောရှေကို ထိပ်တိုက်ပြစ်တင်လျက်ပြောကြသည်။ *"ထာဝရဘုရားသည် မောရှေအားဖြင့်သာ ဗျာဒိတ် ပေးတော်မူသလော။ ငါတို့အားဖြင့်လည်းပေးတော် မမူလောဟု ဆိုကြ၏။"* သမ္မာကျမ်းစာက ဆက်၍ အခန်း-၃ ၌ မောရှေ နှင့်ပတ်သက်ပြီးသီးခြားခွဲထုတ် ပြောပြသည်။ မောရှေသည် မြေကြီး ပေါ်မှာရှိသော သူအပေါင်းတို့ထက် သာ၍နူးညံ့သိမ်မွေ့သော သဘောရှိ၏။ သူ၏ အစ်ကို အစ်မများ ပြောလာသည်ကို ပြန်လည်နှုတ်လှန်မည့်အစားမောရှေသည် သူတို့အတွက် ကိုယ်စားပြု ဆုတောင်းခြင်း၊ ဘုရားသခင်အား  တောင်းပန်ခြင်းတို့ကို ပြုခဲ့၏။

မောရှေသည် မြေကြီးပေါ်မှာရှိသော လူအပေါင်းတို့ထက် သာ၍ နူးညံ့သိမ်မွေ့သော သဘောရှိ၏ဟုကျမ်းစာက ပြောသည်ကို သင်သည် ကြားရလျှင် အသေအချာ တွေးဆ ဆင်ခြင်ကြည့်ပါ။ မြေကြီးပေါ်မှာ

လူဘယ်လောက်များများရှိသည်ကို ကျွန်ုပ်တို့ မသိရနိုင် ပါသော်လည်း၊ လူသန်းပေါင်းများစွာ ရှိမည်မှာ သေချာပြီး၊ ၎င်းတို့အထဲမှာ မောရှေသည် လူအားလုံး တို့ထက် နူးညံ့သိမ်မွေ့ဆုံးသော လူတစ်ယောက်ဖြစ်ပါသည်။ ဤတွင် တကယ့်အံ့သြစရာ ထုတ်ဖော်ချက်ကို ရေးသားခဲ့သည့် သူသည်၊ မောရှေကိုယ်တိုင် ဖြစ်နေသည့် ကိစ္စ ဖြစ်သည်။ လူတွေအများဆုံးက တွေးနေသည်မှာ၊ သင်သည် အမှန်အကန် စိတ်နှိမ့်ချခြင်း (သို့မဟုတ်) နူးညံ့သိမ်မွေ့ခြင်း ရှိနေလျှင်၊ ၎င်းကို သင်သည် မသိရသည့်တိုင်အောင် ဖြစ်နေတတ်ကြောင်း ဖြစ်သည်။ ၎င်းမှာ အမှန်တကယ် မာနရှိခြင်းအကြောင်းနှင့် မှားယွင်းသောခံစားချက် ဖြစ်ပေသည်။ မာနဆိုသည်မှာ သင်သည် လူအပေါင်းတို့ထက် ပိုကောင်းသည်ဟု တွေးနေခြင်း သက်သက် မဟုတ်ပါ။ ၎င်းသည်၊ ကိုယ့်ကိုကိုယ် ဇဟိုပြုနေခြင်း ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ယောက်၏ တစ်ဖက် မျက်နှာစာ၌ မာနနှင့်အတူ ရှိနေပြီး၊ အခြားမျက်နှာစာ၌ ကိုယ်ကိုကိုယ် တန်ဖိုးထားမှု နှိမ့်ချ ထားခြင်းမျိုး ဖြစ်သည်။ ၎င်းသည် အကြောင်းအရာတစ်ခုတည်း၌ ဆန့်ကျင်ဘက် ကို ထုတ်ဖော်ပြခြင်း ဖြစ်သော်လည်း၊ လူပုဂ္ဂိုလ် တစ်ယောက်တည်း၌ နှစ်ခုစလုံး ရှိနေခြင်း ဖြစ်သည်။ ဒါကို ကိုယ့်ကိုယ်ကို ဇဟိုပြုခြင်းဟု ခေါ်ပါသည်။ သင်သည် တစ်စုံတစ်ယောက်ထက် ပိုကောင်းနေသည်။ (သို့မဟုတ်) တစ်စုံတစ်ယောက်ထက် ပိုညံ့နေသည် ဘာပဲဖြစ်ဖြစ် အကြောင်းမဟုတ်ပါ။ ၎င်းအနေအထား၌ သင်သည် လုံး၀ ကိုယ့်ကိုကိုယ် ဇဟိုပြုနေခြင်း ဖြစ်သည်။ အရာအားလုံးသည် ၎င်းမှတဆင့် တဖြည်းဖြည်း ပျံ့နှံ့သွားသည်။ ကြောက်တတ်ရက်တတ် တွန့်ဆုတ်တွန့်ဆုတ် နေသောသူသည် ကိုယ့်အဖို့ပဲ ကိုယ်တွေးနေတတ်သည့် အလွန်မာနကြီးပြီး၊ ကိုယ့်ကိုယ်ကို ဇဟိုပြုသူ ဖြစ်ပါသည်။

ကျွန်ုပ်ပြောနေသည့် အချက်မှာ ကိုယ့်ကိုယ်ကို ဇဟိုပြုခြင်းသည် မာနအားလုံး၏ တကယ့် အရင်းအမြစ် ဖြစ်ကြောင်းနှင့် တကယ်လို့ သင်သည် "*မာနကြောင့်သာ ရန်တွေ့ခြင်းဖြစ်၏။*" ဟုဆိုသည့် (သုတ္တံ ၁၃း၁၀)ကို ထည့်တွက်ကြည့်တတ်လျှင်၊ ၎င်း၌ ပြောသည်မှာ၊ ကျွန်ုပ်တို့ ကိုယ်တိုင်၏ ကိုယ့်ကိုယ်ကို ဇဟိုပြုခြင်းသည် လူတွေ ကိုယ့်ကို လာလုပ်လို့ မဟုတ်ဘဲ၊ ကိုယ့်ကိုသာကိုယ် အမျက်ထွက်ခြင်း ဖြစ်စေသည်။ လူတွေ လုပ်လာသည်ကို ပြန်တုံ့ပြန်ရန် ကျွန်ုပ်တို့ကို အရင်းခံအကြောင်း ဖြစ်စေသည်မှာ ကိုယ့်ကိုကိုယ် ဇဟိုပြုနေခြင်းဖြစ်သည်။ သင် လမ်းမှား နေသည်ကို ထောက်ပြနေသော လူတွေ ရပ်သွားအောင် သင်သည် ဘယ်သောအခါမျှ မျှော်လင့် မရနိုင်ပါ။ ဖြစ်လာမည်လည်း မဟုတ်ပါ။ ယုံကြည်ခြင်းဆိုသည်မှာ အခြားသူများကို ထိန်းချုပ်ဖို့ မဟုတ်ပါ။ သို့သော် သင်ကိုယ်တိုင် သင် ဖြေရှင်းခြင်း၌ အကူအညီပေးပြီး၊ သင့်အတွင်းရှိ ကိစ္စရပ်များကို ရင်ဆိုင်ဖြေရှင်းယူရန် ဖြစ်သည်။ ထို့ကြောင့် လူတွေ သင့်အပေါ် လာပြီး ဘာလုပ်လုပ် အကြောင်း မဟုတ်ပါလေ။

ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံရစဉ်၊ ကိုယ်တော့်အား လက်ဝါးကပ်တိုင်ပေါ် တင်ကြသည့် သူများဘက်သို့ လှည့်၍ စကားမိန့်ဆိုတော်မူသည်။ "အိုအဘ၊ သူတို့အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြဟု မြွက်ဆို တော်မူ၏။" ဤတွင် ကိုယ်တော်သည် ထိုသူတို့ကို ထိန်းချုပ်ခြင်းအစား ကိုယ့်ကိုယ်တိုင်ကိုသာ ထိန်းချုပ်တော်မူသည်။ ကျွန်ုပ်တို့ကို ဒေါသထွက်စေသည်မှာ ကိုယ့်ကိုကိုယ် ဇဟိုပြုခြင်းကြောင့်သာ ဖြစ်သည်။ ယေရှုသည် မြေကြီးပေါ်သို့ ကိုယ့်အတွက်ရောက် လာသည် မဟုတ်ပါ။ လောကကို ချစ်တော်မူ၍ ကျွန်ုပ်တို့အတွက် ရောက်လာခြင်း ဖြစ်သည်။ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်မှာ ချိတ်ဆွဲလျက်ရှိစဉ် မယ်တော် အကြောင်းကို တွေးမိသည်။ တပည့်တစ်ယောက်ကို မယ်တော်အား စောင့်ရှောက်ရန် မှာကြားခဲ့သည်။ ယေရှု သည် အပြစ်ခွင့်လွှတ်နိုင်ပြီး၊ မေတ္တာတရားနှင့် သက်ရောက်နိုင်စေခဲ့သည့် အကြောင်းမှာ၊

ကိုယ်တော်၏ လမ်းခရီးအထဲ ရောက်လာသည့်ပြင်းထန်သော မချိမဆန့်ဝေဒနာ၊ မတရားမှုနှင့် အရာအားလုံး၏အလယ်တွင်၊ ကိုယ်တော်သည် ကိုယ်ကိုကိုယ် ဗဟို မပြုခဲ့သောကြောင့် ဖြစ်သည်။

သင့်ကို အမျက်ထွက်စေသည်မှာ သင့်ကိုယ်တိုင်၏ အတ္တကြောင့်ဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာက သင့်ကိုယ်ကိုသင် ငြင်းပယ်ရမည်၊ အသေဖြစ်စေရမည် ဟု ဆိုထားသည်။ ကျွန်ုပ်ရှေ့တွင် လူသေအလောင်းတစ်လောင်းရှိလျှင်၊ ကျွန်ုပ် စော်ကားမှု ပြုနိုင် သည်။ ကန်ကျောက်မည်၊ တံထွေးနှင့်ထွေးမည်၊ စွန့်ပစ်ထားလိုက်မည်။ အကယ်၍ အသက် မရှိသော အလောင်းမှန်လျှင် တုံ့ပြန်လိမ့်မည်မဟုတ်ပါ။ သင့်ဂန်းကျင် တစ်ဝိုက် သင်လုပ်နေ သည့်အရာများအပေါ် သင်တုံ့ပြန်နေသည့် အကြောင်းရင်းမှာ၊ အပြင်ပိုင်း သဏ္ဍာန်ကြောင့် မဟုတ်ဘဲ၊ သင့်အတွင်းရှိ အကြောင်းများကြောင့် ဖြစ်သည်။ အနှောင့်အယှက် အားလုံးနှင့် သင့်လမ်းမှားခြင်းကိုလာပြီး ဆွပေးနေခြင်းအားလုံးကို၊ သင်သည် ဖယ်ထုတ်ပစ်နိုင်သည့် ယုံကြည်ခြင်း၌ အလွန်အားကောင်းခြင်းမျိုးကို ဘယ်တော့မှ သင် ရရှိလိမ့်မည် မဟုတ်ပါ။ သို့သော် သင့်ကိုယ်တိုင်ကို သင် ရင်ဆိုင်ဖြေရှင်း ယူနိုင်သည်။ ယေရှုကို သင့်ဘဝ၏ အရှင်ဘုရား နေရာထားလျက်၊ သင့်ကိုယ်သင် ချစ်သည်ထက်ပို၍ ကိုယ်တော့်နိုင်ငံတော်နှင့် အခြားသူတို့ကို ချစ်ခြင်း ပေးနိုင်သောနေရာဆီသို့ သင်သည် ရောက်လာနိုင်ပါသည်။ သင်သည် ထိုသို့ပြုလျှင်ငင်း၊ ကိုယ်ကျိုးအတ္တကို ရှင်းပစ်လိုက်လျှင်ငင်း၊ ပြိုင်ဆိုင်ခြင်းနှင့်ရန်တွေ့ ခြင်းသည် သင့်ဘဝထဲ၌ ရပ်စဲ သွားသည်ကို သင်တွေ့ရလိမ့်မည်။

သင့်ဘဝအထဲ ဘုရားသခင် လုပ်ဆောင်ခဲ့သမျှ အရာအားလုံးကို ကျင့်သုံးရန်အတွက် အဓိက အချက်ကြီးတစ်ချက်မှာ၊ ကိုယ်တော်သည် သင့်ကိုယ်ကျိုး ရည်ရွယ်ချက်အတွက် နိုင်ငံတော်ကို သင့်အား ပေးအပ်ခဲ့သည် မဟုတ်ကြောင်း အမှန်သိရှိရန် ဖြစ်သည်။ သင်လိုအပ်သမျှ အရာတိုင်းကို ပေးကမ်းရန်အတွက် သက်သက်နှင့် ဤအရာများကို ကိုယ်တော်ဖန်ဆင်းခဲ့သည် မဟုတ်ပါ။ သင့်ကိုယ်ကိုသင် ငြင်းပယ်ပြီး၊ သင့်အသက်ကိုစွန့်လွှတ်၍၊ သင့်ဘဝအလုံးစုံ အကြောင်းကို ရှာတွေ့ဖို့ အမှန်အကန်စတင်ရန် သင်သည် လေ့လာ သွားရပါလိမ့်မည်။ ၎င်းမှာ သင့်ကိုယ်သင် ချစ်သည်ထက် ပို၍ ဘုရားသခင်နှင့် အခြားသူများကို ချစ်ခြင်း ဖြစ်သည်။ ထိုသို့ဖြင့် သင့်အတွင်း၌ ရှိသည့်အရာအားလုံးနှင့်၊ အမျက်ဒေါသ၊ နာကျင်မှုတို့ကို ထိန်းချုပ်သွားနိုင်ရန် သင် စတင် လုပ်ဆောင်ရပါလိမ့်မည်။

ကျွန်ုပ်ပြောခဲ့သည် အကြောင်းအရာ အနည်းအကျဉ်းကို သင်တို့ဆီမှ ဘုရားသခင် ယူဆောင်ပြီး၊ သင်တို့၌ ဂမ်းနည်းခြင်းကိုဖြစ် စေသော ကိုယ်ကိုကိုယ် ဗဟိုပြုနေခြင်းကို သင်တို့ကိုယ်တိုင် အမှန်သိ၍၊ သင်တို့စိတ်နှလုံးကို ဖွင့်ပေးရာတွင် ကိုယ်တော်အသုံးပြုပါမည် အကြောင်း သင်တို့အဖို့ ယနေ့ ကျွန်ုပ်ဆုတောင်းပေးပါ၏။ အခြားတစ်နေရာရာမှာ အပြစ်တင် နေမည့်အစား၊ သင်သည် တာဝန်ရှိမှုကို လက်ခံဖို့ လိုသည်။ ရင်ဆိုင်လိုက်ပါ။ ဘုရားသခင့် ရှေ့တော်မှောက်၌ စိတ်နှိမ့်ချလိုက်ပါ။ သင်တို့၌ ကိုယ်တော် ကျိန်းဝပ်တော်မူပါမည့် အကြောင်း ဆုတောင်းလျက်၊ သင့်ဘဝအထဲ ကိုယ်တော့်ကို ကြီးမြတ်စေတော်မူပါ။ အောင်မြင်ခြင်း၌ သွားလာရန် သင့်အတွက် ဤ တစ်နည်းသာ ရှိပါသည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (မာကု ၉း၃၃-၃၄)ကို ဖတ်ပါ။ ကပေရနောင်မြို့သို့ လျှောက်သွားသောလမ်းပေါ်တွင် တပည့်တော်များ အငြင်းပွားနေသည့် အကြောင်းအရာသည် ဘာလဲ။

**မာကု ၉း၃၃-၃၄** - *"ကပေရနောင်မြို့သို့ရောက်၍ အိမ်၌ရှိတော်မူလျှင်၊ သင်တို့သည် လမ်း၌ အဘယ်အမှုကို အချင်းချင်း ငြင်းခုံကြ သနည်းဟုမေးတော်မူသည်ကို၊ သူတို့သည် တိတ်ဆိတ်စွာနေကြ၏။ အကြောင်းမူကား၊ အဘယ်သူသည် သာ၍ ကြီးမြတ်အံ့နည်းဟု လမ်း၌ အချင်းချင်း ငြင်းခုံကြ၏။"*

၂။ ဤအရာသည် ကျွန်ုပ်တို့အားလုံး၏ ကိုယ်ကျိုးရှာခြင်းအပေါ် ထင်ဟပ်မှု ရှိပါသလား။

၃။ (မာကု ၉း၃၅)ကို ဖတ်ပါ။ ဤကျမ်းချက်နှင့်အညီ၊ တစ်စုံတစ်ယောက်သည် အရင်အဦး ဖြစ်လိုလျှင်၊ သူတို့ ဘာဖြစ်လာရကြမည်နည်း။

**မာကု ၉း၃၅** - *"ထိုအခါ ကိုယ်တော်သည်ထိုင်လျက် တစ်ကျိပ်နှစ်ပါးတို့ကို ခေါ်တော်မူ၍၊ အရင်အဦး ဖြစ်လိုသောသူမည်သည် ကား၊ နောက်ဆုံးဖြစ်ရမည်။ အလုံးစုံတို့၏ အစေခံလည်း ဖစ်ရမည်ဟု မိန့်တော်မူ၏။"*

၄။ (လုကာ ၂၂း၂၄-၂၇)၌ ယေရှု၏ အသေးစိတ်သြဝါဒကို ရှင်းပြပါ။

**လုကာ ၂၂း၂၄**-- *"ထိုမှတစ်ပါး တပည့်တော်တို့သည် မိမိတို့တွင် အဘယ်သူသည် သာ၍ ကြီးမြတ်သနည်းဟု အချင်းချင်းငြင်းခုံ ခြင်းရှိသည်ဖြစ်၍၊ ကိုယ်တော်က လောကီမင်းတို့သည် အစိုးတရ ပြုတတ်ကြ၏။ အာဏာထားသောသူတို့ကိုလည်း ကျေးဇူးရှင်ဟူ၍ ခေါ်ဝေါ်ကြ၏။ သင်တို့မူကား၊ ထိုသို့ မပြုကြနှင့်။ သင်တို့တွင် အကဲအမှူးပြုသောသူကို ငယ်သား ကဲ့သို့ ဖြစ်စေ။ အုပ်စိုးသော သူကိုလည်း အစေခံကဲ့သို့ ဖြစ်စေ။ အဘယ်သူသည် သာ၍ ကြီးမြတ်သနည်း။ စားပွဲ၌ လျောင်းသောသူသည် ကြီးမြတ်သလော။ လုပ်ကျွေးသောသူသည် ကြီးမြတ်သလော။ စားပွဲ၌ လျောင်းသောသူ သည် ကြီးမြတ်သည် မဟုတ်လော။ သို့သော်လည်း ငါသည် သင်တို့တွင် လုပ်ကျွေးသောသူ ကဲ့သို့ ဖြစ်၏။"*

၅။ (သုတ္တံ ၁၃း၁၀) ကို ဖတ်ပါ။ ရန်တွေ့ ခြင်းကို ဖြစ်စေသော တစ်ခုတည်းသော အကြောင်းသည် ဘာလဲ။

**သုတ္တံ ၁၃း၁၀** - *"မာနကြောင့်သာ ရန်တွေ့ခြင်း ဖြစ်၏။ သတိပေးသောစကားကို နားခံသော သူမူကား ပညာရှိ၏။"*

၆။ (ဂလာတိ ၂း၂၀)ကို ဖတ်ပါ။ ကျွန်ုပ်တို့ မည်သို့ အသက်ရှင်နေထိုင်သင့်သနည်း။

**ဂလာတိ ၂း၂၀** - *"ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင် မရှင်။ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ငါရှင်သော အသက်သည် ဘုရားသခင် ၏သားတော်ကို ယုံကြည်ခြင်းအားဖြင့် တည်၏။ သားတော်သည် ငါ့ကို ချစ်၍ ငါ့အဖို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။"*

၇။ (မဿဲ ၇း၁၂)ကို ဖတ်ပါ။ ကိုယ်ကိုကိုယ် ဗဟိုပြုခြင်း၏ ဖြေဆေးသည် ဘာလဲ။

**မဿဲ ၇း၁၂** - *"သင်တို့သည် ကိုယ်၌ သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့၏ အချုပ်အချာပင် ဖြစ်သတည်း။"*

# အဖြေ သော့ချက်

၁။ (မာကု ၉း၃၃-၃၄)ကို ဖတ်ပါ။ ကပေရနောင်မြို့သို့ လျှောက်သွားသောလမ်းပေါ်တွင် တပည့်တော်များ အငြင်းပွားနေသည့် အကြောင်းအရာသည် ဘာလဲ။
**မည်သူသည် သာ၍ ကြီးမြတ်သနည်းဟု သူတို့ ငြင်းခုံနေကြသည်။**

၂။ ၎င်းအရာသည် ကျွန်ုပ်တို့အားလုံး၏ ကိုယ်ကျိုးရှာခြင်းအပေါ် ထင်ဟပ်မှု ရှိပါသလား။
**ထင်ဟပ်မှု ရှိပါသည်။**

၃။ (မာကု ၉း၃၅)ကို ဖတ်ပါ။ ဤကျမ်းချက်နှင့်အညီ၊ တစ်စုံတစ်ယောက်သည် အရင်အဦး ဖြစ်လိုလျှင်၊ သူတို့ ဘာဖြစ်လာရကြ မည်နည်း။
**လူအားလုံးတို့၏ အစေခံ ဖြစ်လာရမည်။**

၄။ (လုကာ ၂၂း၂၄-၂၇)၌ ယေရှု၏ အသေးစိတ်သြဂါဒကို ရှင်းပြပါ။
**"တပည့်တော်တို့သည် မိမိတို့တွင် အဘယ်သူသည် သာ၍ ကြီး မြတ်သနည်းဟု အချင်းချင်း ငြင်းခုံခြင်း ရှိသည်ဖြစ်၍၊ ကိုယ်တော်က လောကီမင်းတို့သည် အစိုးတရပြုတတ်ကြ၏။ အာဏာ ထားသောသူတို့ကိုလည်း ကျေးဇူးရှင်ဟူ၍ ခေါ်ဝေါ်ကြ၏။ သင်တို့မူကား၊ ထိုသို့ မပြုကြနှင့်။ သင်တို့တွင် အကဲအမှူးပြုသော သူကို ငယ်သားကဲ့သို့ ဖြစ်စေ။ အုပ်စိုးသောသူကိုလည်း အစေခံကဲ့သို့ ဖြစ်စေ။ အဘယ်သူသည် သာ၍ ကြီးမြတ်သနည်း။ စားပွဲ၌ လျောင်းသော သူသည် ကြီးမြတ်သလော။ လုပ်ကျွေးသောသူသည် ကြီးမြတ်သလော။ စားပွဲ၌ လျောင်းသောသူသည် ကြီးမြတ်သည်မဟုတ်လော။ သို့သော်လည်း ငါသည် သင်တို့တွင် လုပ်ကျွေးသောသူ ကဲ့သို့ ဖြစ်၏။"** (**လုကာ ၂၂း၂၄-၂၇**)

၅။ (သုတ္တံ ၁၃း၁၀) ကို ဖတ်ပါ။ ရန်တွေ့ ခြင်းကို ဖြစ်စေသော တစ်ခုတည်းသောအကြောင်းသည် ဘာလဲ။
**မာန**

၆။ (ဂလာတိ ၂း၂၀)ကို ဖတ်ပါ။ ကျွန်ုပ်တို့ မည်သို့ အသက်ရှင်နေထိုင်သင့်သနည်း။
**ခရစ်တော်၏ ယုံကြည်ခြင်းအားဖြင့် (ခရစ်တော်၌ယုံကြည်ခြင်းအားဖြင့်)၊ ကျွန်ုပ်တို့၏ခွန်အား (သို့မဟုတ်) ကျွန်ုပ်တို့၏အားနည်းခြင်းများအပေါ်တွင် ဗဟို မပြုပါ။**

၇။ (မဿဲ ၇း၁၂)ကို ဖတ်ပါ။ ကိုယ်ကိုကိုယ် ဗဟိုပြုခြင်း၏ ဖြေဆေးသည် ဘာလဲ။
**ဘုရားသခင်၌ ဗဟိုပြုခြင်း (သို့မဟုတ်) သူတစ်ပါး၌ဗဟိုပြုခြင်း၊ ကျွန်ုပ်တို့၌ သူတစ်ပါး ပြုစု စေလိုသည်အတိုင်း၊ သူတစ်ပါးကို ကျွန်ုပ်တို့ ပြုစုခြင်း**

## သင်ခန်းစာ ( ၂ )

# ဘုရားသခင်၏စကားတော်ကို အာရုံထားဆင်ခြင်ရမည့် နည်းလမ်း

ဆင်ခြင်သည် ဆိုသည့်အဓိပ္ပာယ်မှာ၊ "ပြန်ပြောင်းစဉ်းစားရန်၊ တွေးဆရန်၊ စိတ်ထဲ၌ စီမံရန်၊ ရည်ရွယ်ချက်ထားရန်၊ ကြံစည်ရန်" တို့ကို ဆိုလိုသည်။ ဂရိစကားအားဖြင့် ညွှန်ပြသည်မှာ၊ "စိတ်အတွင်း၌ တစ်စုံတစ်ရာကို ဗဟိုပြုနေရန်" ဖြစ်သည်။ ၎င်းကို စိတ်ကူး ကြည့်ရန်ဟူ၍ လည်း ဘာသာပြန် ကြသည်။

သမ္မာကျမ်းစာကို အာရုံပြုခြင်းအတွက် အကြောင်းပြချက်နှစ်ခုသည်၊ ဆုတောင်းခြင်း၊ ချီးမွမ်း ကိုးကွယ်ခြင်းနှင့်၊ ဘုရားသခင့် အကြောင်းကို ပြန်ပြောင်းစဉ်းစားခြင်း၊ တွေးဆ ဆင်ခြင်ခြင်း၊ စိတ်ကူးကြည့်ခြင်း ဖြစ်သော အာရုံထားရှိခြင်း တို့အားဖြင့် *"မှန်သောဉာဏ် ဖြင့် တွေးဆဆင်ခြင်ရန်၊ စိတ်အတွင်း နီးကြားလာခြင်းကဲ့သို့လည်း ရည်ညွှန်းခြင်းနှင့်၊ ဘုရားသခင်၏ စကားတော်နောက်၌ ကိုယ်တော် နှင့်ဆက်သွယ်ရန်"* တို့ဖြစ်သည်။

*ဆင်ခြင်အောက်မေ့ခြင်းကို ရေပန်းစားသော ခေါင်းစဉ်အလိုက် လေ့လာချက်များမှ ဆောင်ရွက် နိုင်သည်။* တွေးဆဆင်ခြင်ယူရန် ခေါင်းစဉ်တစ်ခုကို ရွေးချယ်ခြင်းဖြစ်သည်။ နမူနာအားဖြင့်၊ ဗတ္တိဇံခံခြင်း။ ဤစကားလုံးကို ဂရိ၊ ဟေဗြဲ(သို့မဟုတ်) အဘိဓာန်စာအုပ်ကောင်း တစ်အုပ်တို့မှ အနက်ဖွင့်ယူရသည်။ ယင်းစကားလုံး ဆင်းသက်လာသော စကားလုံး၏ အရင်းအမြစ် ကို ရှာပါ။ အပြစ်လွတ်ခြင်း (တ ၂း၃၈)၊ နောင်တရခြင်း(တ ၂း၃၈)၊ ယုံကြည်ခြင်း (မာကု ၁၆း၁၆)၊ ကိုယ်ကိုယ်ကို သိသောစိတ် ကြည်လင်ခြင်း (၁ ပေ ၃း၂၁)၊ ဘုရားသခင်အား ဆုတောင်းခြင်း (တ ၂၂း၁၆) စသည်ကဲ့သို့သော၊ အခြားဆက်စပ်ရာ ဘာသာရပ်များကိုလေ့လာရန် သင့်ကို ဦးဆောင် သွားမည့် ကျမ်းချက်များ၏ အဆက်အစပ်များအပေါ် စဉ်းစား၍ တွေးဆဆင်ခြင်ယူရမည်။

သင်သည် ရရှိလိုက်သည့်မေးခွန်းများ (သို့မဟုတ်) သမ္မာကျမ်းစာက တိုးမြှင့်ပေးခြင်းများကို တွေးဆရန် လိုအပ်သည်။ ဥပမာ၊ ဗတ္တိဇံ မခံယူမီ ကိုက်ညီရမည့် အရည်အချင်းများ ရှိပါသလား။ ဗတ္တိဇံ၏ ရည်ရွယ်ချက်သည် ဘာလဲ။ ဘယ်တော့ လက်တွေ့ ခံယူရ မလဲ။ အချိန်ကာလ ဘယ်တော့လဲ။

ဆင်ခြင် အောက်မေ့ခြင်းကို ရှင်းလင်းဖေါ်ပြသော လေ့လာချက်များမှ ဆောင်ရွက်နိုင်သည်။ ၎င်းမှာ သမ္မာကျမ်းစာအုပ် တစ်အုပ်၏ အခန်းငယ် တစ်ခုချင်းအလိုက် လေ့လာချက်များ ဖြစ်သည်။ အဓိကအချက်မှာ၊ ကျမ်းစာထဲက စာအုပ်တစ်အုပ်ကို အလွန် အချိန်ကြာမြင့်စွာ တွေးဆ စဉ်းစားနေ သောကြောင့် သင်သည် စာအုပ်၏မာတိကာ အကြောင်းအရာ များနှင့် ရင်းနှီးလာပါသည်။ (အခန်း ငယ်များနှင့် အခန်းကြီးများအားလုံးနှင့်)ဆင်ခြင်အောက်မေ့ခြင်းကို စကားလုံး လေ့လာချက် များမှတဆင့် ဆောင်ရွက်နိုင်သည်။ ကေန်အမှန် စကားလုံးများ၏အဓိပ္ပာယ်သည် ဘာလဲ။ ယုံကြည်ရန် ၎င်း၏အဓိပ္ပာယ်သည် ဘာလဲ။ ဘုရားသခင်ဆိုသည့် စကားလုံး၏ အဓိပ္ပာယ်သည် ဘာလဲ။

ယေရှုဆို သည့်စကားလုံး၏ အဓိပ္ပာယ်သည် ဘာလဲ။ ခရစ်တော် ဆိုသည့် စကားလုံး၏ အဓိပ္ပာယ်သည် ဘာလဲ။ ဖြောင့်မတ်မှန်ကန်ခြင်း ဆိုသည့် စကားလုံး၏ အဓိပ္ပာယ်သည် ဘာလဲ၊ စသည်ဖြင့်၊ ဆင်ခြင်အောက်မေ့ခြင်းကို ကျမ်းစာထဲရှိ ကျမ်းစာပိုဒ်များမှ ဆောင်ရွက်နိုင်သည်။ ကျမ်းစာပိုဒ်တစ်ခုသည် စာရေးသားခြင်း၌ အတွေးအခေါ် အခြေခံအတိုင်းအတာ စံနှုန်း တစ်ရပ် ဖြစ်၍ ဝါကျများစွာဖြင့် ပါဝင်ဖွဲ့စည်းထားနေကျ ဖြစ်သည်။ စာရေးသူတစ်ဦးသည် သူတို့ ရေးနေသည့် အကြောင်းအရာ အလေးထားမှုကို ပြောင်းသောအခါ စာပိုဒ်အသစ်တစ်ခုကို စတင် ကူးပြောင်းသွားလေသည်။

သမ္မာကျမ်းစာမှတစ်ဆင့် ဆင်ခြင်အောက်မေ့ခြင်းသည် မေးခွန်းညွှန်းမှတ် ကဲ့သို့သော ပုဒ်ဖြတ်ပုဒ်ရပ်များ ရှာထည့်ကြသည်။ ဤမေးခွန်းကို ဘာကြောင့် မေးနေကြသနည်း။ ဆက်စပ် အကြောင်းအရာနှင့် ဘယ်လိုပတ်သက်မှု ရှိသနည်း၊ စသည်ဖြင့်။ သမ္မာကျမ်းစာကို ဆင်ခြင် အောက်မေ့ခြင်းသည် စကားလုံးများကို ရှာဖွေကြည့်ရုံသက်သက် မဟုတ်ဘဲ၊ စကားလုံးနောက်၌ ဘုရားသခင်ကို ရှာကြည့်ပါသည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ "ဆင်ခြင်အောက်မေ့သည်" ဆိုသည့် စကားလုံးအဓိပ္ပာယ်သည် ဘာလဲ။

၂။ သမ္မာကျမ်းစာကို ဆင်ခြင်အောက်မေ့ခြင်းအတွက် အကြောင်းပြချက် နှစ်ခုသည် ဘာလဲ။

၃။ ရေပန်းစားသောခေါင်းစဉ်အလိုက်လေ့လာခြင်း ဆိုသည်မှာ ဘာလဲ။

၄။ သမ္မာကျမ်းစာ ရှင်းလင်းဖော်ပြသောလေ့လာချက်များဆိုသည်မှာ ဘာလဲ။

၅။ (လုကာ ၆း၄၆)ကို ဖတ်ပါ။ "ဘုရားသခင်" ဆိုသည့် စကားလုံးအဓိပ္ပာယ်ကို သင်သည် ဘာတွေးယူသနည်း။

**လုကာ ၆း၄၆** - *"ငါ့စကားကို နားမထောင်ဘဲလျက်၊ ငါ့ကို သခင်သခင်ဟု အဘယ်ကြောင့် ခေါ်သနည်း။"*

၆။ (မဿဲ ၁း၂၁)ကို ဖတ်ပါ။ "ယေရှု" ဆိုသည့် စကားလုံးအဓိပ္ပာယ်ကို သင်သည် ဘာတွေးယူသနည်း။

**မဿဲ ၁း၂၁** - *"သားယောကျ်ားကို ဖွားမြင်လိမ့်၏။ ထိုသားသည် မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူဖြစ်သောကြောင့်၊ ယေရှု ဟူသော အမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန် ဆို၏။"*

၇။ (လုကာ ၂၃း၁-၂)ကို ဖတ်ပါ။ "ခရစ်တော်" ဆိုသည့် စကားလုံးအဓိပ္ပာယ်ကို သင်သည် ဘာတွေးယူသနည်း။

**လုကာ ၂၃း၁-၂** - *"ထိုအခါ မင်းအရာရှိအပေါင်းတို့သည် ထ၍ ကိုယ်တော်ကို ပိလတ်မင်းထံသို့ ဆောင်သွားကြပြီးလျှင်၊ ဤသူသည် ပြည်သူပြည်သားများကိုလှည့်ဖြား၍၊ မိမိသည် ခရစ်တော် တည်းဟူသော ရှင်ဘုရင်ဖြစ်ကြောင်းကိုဆိုလျက်၊ ကဲသာ ဘုရင်ကို အခွန်မဆက်နှင့်ဟု ပြ မစ်တားသည်ကို အကျွန်ုပ်တို့ တွေ့ပါပြီဟု အပြစ်တင်ကြ၏။"*

၈။ စာပိုဒ်တစ်ခု ဆိုသည်မှာ ဘာလဲ။

၉။ သမ္မာကျမ်းစာကို ဆင်ခြင်အောက်မေ့ခြင်းသည် စကားလုံးများကို ရှာကြည့်ရုံသက်သက် မဟုတ်ပါ။ သို့သော် -----

# အဖြေ သော့ချက်

၁။ "ဆင်ခြင်အောက်မေ့သည်" ဆိုသည့် စကားလုံးအဓိပ္ပာယ်သည် ဘာလဲ။
**ပြန်ပြောင်းစဥ်းစားရန်၊ တွေးဆရန်နှင့် စိတ်အတွင်း၌ တစ်စုံတစ်ရာကို ဗဟိုပြုနေရန်**

၂။ သမ္မာကျမ်းစာကို အာရုံထားဆင်ခြင်ခြင်းအတွက် အကြောင်းပြချက် နှစ်ခုသည် ဘာလဲ။
**မှန်သောဉာဏ်ဖြင့် တွေးဆဆင်ခြင်ရန်၊** (**စိတ်အတွင်းနိုးကြားလာစေရန်**)**နှင့်၊ ဘုရားသခင်၏ စကားတော်နောက်၌ ကိုယ်တော်နှင့် ဆက်သွယ်ရန်** (**ပြန်ပြောင်းစဥ်းစားခြင်း၊ တွေးဆ ဆင်ခြင်ခြင်း၊ စိတ်ကူးကြည့်ခြင်းအားဖြင့်**)

၃။ ရေပန်းစားသောခေါင်းစဥ်အလိုက်လေ့လာခြင်း ဆိုသည်မှာ ဘာလဲ။
**တွေးဆဆင်ခြင်ယူရန် ခေါင်းစဥ်တစ်ခုကို ရွေးချယ်ခြင်းဖြစ်သည်။**

၄။ သမ္မာကျမ်းစာ ရှင်းလင်းဖေါ် ပြသောလေ့လာချက်များဆိုသည်မှာ ဘာလဲ။
**၎မှာ သမ္မာကျမ်းစာအုပ် တစ်အုပ်၏ အခန်းငယ် တစ်ခုချင်းအတိုက် လေ့လာချက်များ ဖြစ်သည်။**

၅။ (လုကာ ၆း၄၆)ကို ဖတ်ပါ။ "ဘုရားသခင်" ဆိုသည့် စကားလုံးအဓိပ္ပာယ်ကို သင်သည် ဘာတွေးယူသနည်း။
**ကျွန်ုပ်တို့ နားထောင်ရမည့် တစ်ဦးတစ်ယောက်၊** (**အလုပ်ရှင်သူဌေးလိုမျိုး**)

၆။ (မဿဲ ၁း၂၁)ကို ဖတ်ပါ။ "ယေရှု" ဆိုသည့် စကားလုံးအဓိပ္ပာယ်ကို သင်သည် ဘာတွေးယူ သနည်း။
**သူတစ်ပါးကို သူတို့အပြစ်များမှ ကယ်တင်ပေးသော ကယ်တင်ရှင်တစ်ယောက်**

၇။ (လုကာ ၂၃း၁-၂)ကို ဖတ်ပါ။ "ခရစ်တော်" ဆိုသည့် စကားလုံးအဓိပ္ပာယ်ကို သင်သည် ဘာတွေး ယူသနည်း။
**ဘုရင်တစ်ပါးဖြစ်ရန် ဘိသိက်ခံရသောအရှင်**

၈။ စာပိုဒ်တစ်ခု ဆိုသည်မှာ ဘာလဲ။
**စာရေးသားခြင်း၌ အတွေးအခေါ် အခြေခံအတိုင်းအတာ စံနှုန်းတစ်ရပ်ဖြစ်သည်။**

၉။ သမ္မာကျမ်းစာကို ဆင်ခြင်အောက်မေ့ခြင်းသည် စကားလုံးများကို ရှာကြည့်ရုံသက်သက် မဟုတ်ပါ။ သို့သော် **စကားလုံးနောက်၌ ဘုရားသခင်ကို ရှာကြည့်ပါသည်။**

## သင်ခန်းစာ ( ၃ )
# စိတ်နှလုံးကို အသစ်ပြုပြင်ခြင်း

ယနေ့ စိတ်နှလုံးကို အသစ်ပြုပြင်ခြင်းခြင်းအကြောင်းကို ကျွန်ုပ်တို့ လေ့လာကြမည်။ ကျမ်းစာပုဒ်နှစ်ခုကို ကျွန်ုပ်ဖတ်ကြည့်မည်။ ပထမတစ်ခုမှာ (ဖိလိပ္ပိ ၄း၈) မှ ဖြစ်သည်။ "ကြွင်းသေးသော စကားဟူမူကား၊ ညီအစ်ကိုတို့၊ သမ္မာတရားနှင့်ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတစ်ပါး နှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဖွယ်သောအကျင့် ရှိသမျှတို့ကိုငှင်း၊ ပါရမီတစ်ပါးပါး၊ ကောင်းသော သီတင်းတစ်ပါးပါး နှင့်ဆိုင်သော အကျင့်တို့ကိုငှင်း၊ နှလုံးသွင်းကြလော့။" တမန်တော်ရှင်ပေါလုက ကျွန်ုပ်တို့ နှလုံးသွင်းထားသင့်သည့် အရာများရှိသည်ကို အထင်အရှား ပြောပြပေးနေသည်။ တစ်နည်းအားဖြင့် ဆိုလျှင်၊ ကျွန်ုပ်အတွေးများကို ရွေးချယ်သင့်ကြောင်းဖြစ်သည်။ ယခု ကျွန်ုပ် သိလိုက်ရသည်မှာ (ရောမ ၇း၂၂-၂၃) အရ ဘုရားသခင်၏ နှုတ်ကပတ် စကားတော်နှင့် တစ်စုံတစ်ရာ ဆန့်ကျင်နေသည့် ကျွန်ုပ်တို့၏ အတွေးများ ရှိနေသည်ဆိုသော အကြောင်း ဖြစ်သည်။ အပြစ်တရား ပညတ်ချက်များသည် ကျွန်ုပ်တို့၏ စိတ်ထဲ၌ ကျွန်ုပ်တို့နှင့် စစ်ခင်းလျက်ရှိ၏။ ဖိလိပ္ပိသြဝါဒ စာစောင်အရ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့ကိုပြောနေသည်မှာ ကျွန်ုပ်တို့သည် ထိုင်လျက်နေပြီး၊ ကိုယ်စိတ်နှလုံး သွင်းလိုသည်များ ကို ရွေးချယ်နိုင်သော ကျွန်ုပ်တို့အတွေးများက အသိုက်တစ်ခု ဆောက်နေသည်ကို အခွင့်မပေးရန် ဖြစ်သည်။ သမ္မာကျမ်းစာကလည်း ပြောသေးသည်မှာ လူသည် စိတ်ထင်သည့်အတိုင်း ဖြစ်၏ဟူ၍ဆိုသည်။ (သုတ္တံ ၂၃း၇) ထို့ကြောင့် ကျွန်ုပ်တို့နှလုံးသွင်းသည့် အကြောင်းသည် အမှန်တကယ် အရေးကြီးပါသည်။

(ရောမ ၁၂း၁-၂)၌ ဆိုထားသည်။ "ညီအစ်ကိုတို့၊ အသက်ရှင်ခြင်း လက္ခဏာ၊ သန့်ရှင်းခြင်း လက္ခဏာ၊ ဘုရားသခင်နှစ်သက် တော်မူဖွယ်သော လက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူ သော သင်တို့ပြုအပ်သော ဂုဏ်ကို ပြုမည်အကြောင်း ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်းနှိုးဆော် ပေး၏။ သင်တို့သည် လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာ တည်းဟူသော ဘုရားသခင် အလိုရှိသောအရာသည်၊ အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း စိတ်နှလုံးကို အသစ်ပြင်ဆင် ၍ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသို့ရောက်ကြလော့။" သမ္မာကျမ်းစာက ကျွန်ုပ်တို့၏ စိတ်နှလုံးကို အသစ်ပြုပြင်ပြီး ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်နိုင်ကြောင်း ပြောထားသည်။ အပိုလို အာကာသယာဉ်သည် အာကာသသို့ တက်ရောက်သွားသောအခါ၊ ဆယ်မိနစ်ရောက်တိုင်း လမ်းကြောင်းအမှားပြင်ခြင်း ဆောင်ရွက်ခဲ့သည်ကို သင်သိပါသလား။ သူတို့ လကမ္ဘာသို့ သွားနေသည်မှာ မြွေလိမ် မြွေကောက် လမ်းကြောင်းမျိုး ဖြစ်သည်။ လပေါ်သို့ သူတို့ ဆင်းသက်သည့်အခါ၊ သူတို့အတွက် သတ်မှတ်ဆင်းသက် နယ်ပယ်ကို မိုင် (၅၀၀)အတွင်း သတ်မှတ် ပေးထားသော်လည်း၊ သူတို့သည် သတ်မှတ်နယ်မြေ၏ ပေအနည်းငယ်အကွာတွင် ဆင်းသက်နိုင်ခဲ့သည်။ ပျံသန်းမှု တစ်ခုလုံးသည် အောင်မြင်ခဲ့သည်။ ကျွန်ုပ်တို့သည် လမ်းကြောင်းတစ်ခု သတ်မှတ်ထားရန် လိုအပ်ပြီး၊ အသက်ရှင်သောယဇ်ကို ပူဇော်ခြင်းအားဖြင့်၊ သခင်ယေရှုခရစ်ကို လုံးလုံးလျားလျား ဆက်ကပ်မှု ပြုရကြမည်။ အသက်ရှင်သော

ယဇ်ကို ပူဇော်ရာ၌ ပြဿနာသည်၊ တစ်ခါတစ်ရံ ပလ္လင်မှ တွားထွက်လိုသည့်ဆန္ဒ ဖြစ်ပေါ်မှု ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွေးထဲ၌ လမ်းကြောင်းအမှားပြင်ခြင်းကို ပြုလုပ်ရန် ဖြစ်သည်။ ကျွန်ုပ်တို့၌ ဤသို့ပြောသည့် နှလုံးသား ရှိရမည်။ "ဘုရားသခင် ကိုယ်တော်ကို ကျွန်ုပ်လိုသည်။ ကိုယ်တော့် လမ်းကြောင်းကို ကျွန်ုပ် လိုက်ပါလိုပါသည်။"

ကျွန်ုပ်တို့သည် လုံးလုံးလျားလျား အပ်နှံမှုပြုဖို့ လိုအပ်သည်သာမက၊ ကျွန်ုပ်တို့၏ စိတ်နှလုံး နိုးကြားခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် နောက်တစ်ဆင့် တက်လှမ်း၍ အသွင်းပြောင်းလဲခြင်း ရှိစေသောအောင်မြင်သော ခရစ်ယာန်အသက်တာ လိုအပ်ချက် ကဏ္ဍတစ်ခုလည်း ရှိရပါမည်။ လောကအကျိုးရလဒ်ကို ကျွန်ုပ်တို့ မလိုလားဘူး ဆိုပါက၊ လောကနည်းတူ ကျွန်ုပ်တို့ မတွေးနိုင်ကြပါ။ (ဖိလိပ္ပိ ၄း၈) ကို ကျွန်ုပ်တို့ ဖတ်ကြည့်ပြီး ကျွန်ုပ်တို့အတွေးကို ရွေးချယ်ယူနိုင်ပါသည်။ "ဖြောင့်မတ်သော အကျင့်၊.. သူတစ်ပါးနှစ်သက်ဖွယ်သော အကျင့်၊... ပါရမီတစ်ပါးပါး၊ ကောင်းသော သီတင်းတစ်ပါးပါး နှင့်ဆိုင်သော အကျင့်တို့ကိုငင်း၊ နှလုံးသွင်းကြလော့။" ဓမ္မဟောင်းကျမ်း၌ သူတို့ လုပ်ခဲ့သည်မှာ၊ ဘုရားသခင့် စကားတော်ကို အိမ်အဝင်တံခါး တိုင်ထိပ်နှင့် သူတို့၏ ခြံထည်ပေါ်တွင် ရေးမှတ်ထားခြင်းဖြစ်သည်။ ၎င်းစာသားသည် သူတို့မျက်နှာစာရှေ့မှာ အမြဲတမ်း ရှိနေခဲ့သည်။ သူတို့သည် ဘုရားသခင့်စကားတော်ကို လက်တွေ့ နားခံရမည့် အကြောင်း နေ့နေ့ညည ပြောဆိုဆွေးနွေးနေကြရန် ကိုယ်တော် လမ်းညွှန်တော်မူခဲ့သည်။ သူတို့သည် ထိုအကြောင်း အရာများအားလုံးကို သူတို့သားသမီးများအား သွန်သင်ပေးနေ ရမည်လည်း ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ နှလုံးသွင်းရမည့် အလွန်အရေးကြီးသော အချက် ဖြစ်သည်။ ကျွန်ုပ်တို့သည် အောင်မြင်သော အသက်တာကို အမှန်တကယ်ရရှိရန်အလို့ငှါ တစ်ချိန်လုံးမှာ လူအားလုံး၏ ရှေ့ ၌ ဘုရားသခင့် စကားတော်ကို စောင့်ထိန်းရခြင်းသည် အလွန်အရေးကြီးပါသည်။ ဖြောင့်မတ်သောအကျင့်၊ သူတစ်ပါး နှစ်သက်ဖွယ်သော အကျင့်၊ ကောင်းသော သီတင်းတစ်ပါးပါးနှင့်ဆိုင်သော အကျင့်တို့ကို နှလုံးသွင်းခြင်း၏ ဆန့်ကျင်ဘက်သည်၊ ဘုရားသခင်၏အရာများ၊ ဂိညဉ်တော်၏ အရာများကို နှလုံး မသွင်းခြင်းဖြစ်သည်။ "ဇာတိပကတိ စိတ်သဘောသည် သေခြင်းအကြောင်းဖြစ်၏" ဟု (ရောမ ၈း၆)က ဆိုသည်။ ၎င်းကျမ်းချက်က ဆက်ပြောထားသည်။ "ဂိညာဉ်ပကတိ စိတ်သဘောသည် အသက်ရှင်ခြင်း အကြောင်းနှင့် ငြိမ်သက်ခြင်း အကြောင်း ဖြစ်၏။" ဘုရားသခင်၏ ဂိညာဉ်တော် နှင့် ဆိုင်သောအရာများကို နှလုံးသွင်းရန်မှာ အသက်ရှင်ခြင်းနှင့် ငြိမ်သက်ခြင်းအကြောင်း ဖြစ်သည်။ အကယ်၍သင်သည် အိမ်ထောင်ရေးဖေါက်ပြန်ခြင်း၊ ငွေကြေး၊ လောဘဇောတိုက်မှု စသည်ဖြင့် လောကအရာများကို အတွေးရောက်နေပါလျှင်၊ သင်တို့၏ဘဝအထဲ ဘာဖြစ်လာမည်ကို သိကြပါ သလား။ လူသည် မိမိစိတ်ထင်သည့်အတိုင်း ဖြစ်တတ်၏။ ထိုအရာများကို လုပ်ဖို့ ကျွန်ုပ်တို့ စလိုက်ကြမည်။ ထိုအရာများနှင့် ကစားဖို့ ကျွန်ုပ်တို့ စလိုက်ကြမည်။ ဤသို့ဖြင့် ကျွန်ုပ်တို့ ဘဝများ ပျက်စီးလာပါလိမ့်မည်။ တွေ့သည် မဟုတ်လော။ ယုံကြည်သူများအတွက် တကယ့် ဂိညာဉ်တိုက်ပွဲသည်၊ စာတန်ကို တစ်ချိန် လုံး အမှန် ရင်ဆိုင်တိုက်ခိုက် ဆုံးမနေရခြင်း မဟုတ်ပါ။ ထိုသို့ပြုရန် ကျွန်ုပ်တို့အတွက် လိုအပ်သောအချိန်တော့ ရှိပါသည်။ သို့သော် ကျွန်ုပ်တို့ လုပ်ဆောင်ရန် ဂိညာဉ်တိုက်ပွဲသည်၊ ကျွန်ုပ်တို့ အတွေးရောက်နေသည့်အကြောင်းနှင့် ကျွန်ုပ်တို့ မှီနေသည့် အကြောင်းများ နှင့်အတူ ရှိနေပါသည်။

(ဟေရှာယ ၂၆း၃)၌ သမ္မာကျမ်းစာက ဆိုပါသည်။ "စိတ်နှလုံး တည်ကြည်သောသူသည်၊ ကိုယ်တော်၌ ခိုလှုံသောကြောင့်၊ ငြိမ်သက်ခြင်းရှိမည်အကြောင်း စောင့်ရှောက်တော်မူလိမ့်၏။"

ဦးတည်ရာချိန်ညှိယူရန် ကျွန်ုပ်တို့ အားလုံးအတွက် လိုအပ်မည့် နေ့ရက်အချိန် ရောက်လာပါလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့ ဆိုကြမည်။ "ဘုရားသခင်၊ မှားယွင်းခြင်းရှိနေပါ၏။ ကျွန်ုပ်သည် ကိုယ်တော့်ထံ ပြန်လှည့်ပြီး၊ စိတ်နှလုံးကို အသစ်ပြုပြင်လျက်၊ ဖြောင့်မတ်သောအကျင့်၊ သူတစ်ပါး နစ်သက်ဖွယ်သော အကျင့်၊ ကောင်းသော သီတင်းတစ်ပါးပါး နှင့်ဆိုင်သောအကျင့်တို့ကို စတင် နှလုံးသွင်းပါမည်။"

ထို့ကြောင့် သင်သည် အမာခံမြေပေါ် နင်းမိလျှင်၊ ချုပ်နှောင်ခံနေရပါလျှင်၊ မတွေးသင့်သည် များကို တွေးမိနေကြောင်း သိလိုက်လျှင်၊ ချက်ချင်း မိမိကိုယ်မိမိ စိတ်ထိန်းချုပ်ဖို့ လိုပါသည်။ သမ္မာကျမ်းစာက ဆိုပါသည်။ "ဘုရားသခင်၏ အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင် သူသည် သင်တို့ထံမှ ပြေးသွားလိမ့်မည်။" ကျွန်ုပ်၏ဘဝ၌ လုပ်ဆောင်ခြင်း အရာများ လွဲမှားသဖြင့်၊ စိတ်ဓာတ်ကျခံစားရခြင်း မြင့်တက်သော ကာလများ ရှိခဲ့ပါသည်။ ထိုအချိန်များ၌ ကျမ်းစာအုပ်ကို ကောက်ကိုင်ပြီး၊ ကျမ်း ချက်ဖတ်၍ ဤသို့ ပြောထွက်ဖို့ ခက်ခဲလှပါသည်။ "ဘုရားသခင်၊ ကိုယ်တော် ကျွန်ုပ်ကို မည်သည့်စကား မိန့်ဆိုပါသနည်း၊ ဤအတိုင်း ကျွန်ုပ် နေနေရပါမည်လော၊ ကိုယ်တော်သည် ကျွန်ုပ်၏ ခွန်အား ဖြစ်ပါသည်။ " သင် ပြောဖို့ လိုသည်မှာ၊ "ကျွန်ုပ်အပေါ် စာတန်တိုက် ခိုက်ရန် အခွင့်ပေးခဲ့မိသည်ကို ယခု ကျွန်ုပ် တားဆီးသွားပါတော့မည်။ ကျွန်ုပ် ထိုင်ချပြီး ကျမ်းစာအုပ်ကိုဖွင့်၍ ဖတ်ပါမည်။ ကျွန်ုပ်သည် ကျမ်းစာ စာမျက်နှာထဲက စကားလုံးများကို ဖတ်ရှုနေခြင်း သက်သက်မျှ မဟုတ်ဘဲ၊ စကားတော်နှင့်အတူ ကိုယ်တော်ကို ဆက် သွယ် သွားပါမည်။ ကျွန်ုပ်၏ စိတ်နှလုံးကို ကိုယ်တော်အပေါ်၌ ရှိနေစေပါမည်။ ဘုရားသခင်၊ ကျွန်ုပ်အား ကိုယ်တော် မိန့်တော်မူသည်အတိုင်း၊ ကျွန်ုပ်သည် အပြစ်ခွင့်လွှတ်ခြင်း ခံရလေပြီ။ ကိုယ်တော် မိန့်တော်မူသည်အတိုင်း ကျွန်ုပ်သည် သန့်ရှင်းစင်ကြယ်ပါပြီ။ ကိုယ် တော် မိန့်တော်မူ သည်အတိုင်း ကျွန်ုပ်သည် ကိုယ်တော့်မေတ္တာတော်နှင့် ဘယ်အရာမျှ မကွာစေပါပြီ။" သင်သည် ထိုင်လျက်၊ ဘုရားသခင် သင့်အဖို့ လုပ်ဆောင်တော်မူခဲ့သမျှ ကောင်းသော အရာအားလုံးကို တစ်ခဏတာမျှ ဆင်ခြင်စဉ်းစားနေပါလျှင်၊ အခြားသောအရာ အားလုံးကို မေ့ထားနိုင်လိမ့်မည် ဖြစ်သည်။

လက်တွေ့အဖြစ်တစ်ခု ကျွန်ုပ်ပြောပြပါမည်။ လူတစ်ယောက်က ကျွန်ုပ်ကို တစ်ကြိမ်ပဲ ပြောလာသည်။ "အခုမှ၊ နောက် ဆယ်မိနစ်လောက် ပန်းရောင်ဆင်အကြောင်း မတွေးမိဖို့ ကျွန်ုပ် သတိပေး ပါတယ်" တဲ့။ ဘာဖြစ်လာသလဲ ခင်ဗျားသိလား။ ကျွန်ုပ်တို့အားလုံး ပန်းရောင်ဆင် အကြောင်း တွေးနေတော့တာပဲ။ ဒါနဲ့ ထိုသူက ဆက်မေးတယ်။ "လေဘာတီ ရုပ်တုရဲ့ အရောင်က ဘာအရောင်လဲ။ လူတချို့က အစိမ်းရောင်လို့ ပြောလိုက်တယ်။ သူက "ကောင်းပြီ၊ လေဘာတီရုပ်တုရဲ့ မည်သည့်လက်မောင်းက မြှောက်တင်ထားသလဲ။" လူတချို့က ညာလက်လို့ ဖြေလိုက်တယ်။ "ဒါဆို၊ မြှောက်တင်ထားတဲ့လက်ထဲ ဘာကိုင်ထားသလဲ။ မီးတိုင်လို့ လူတွေ ဖြေကြပြန်ရော။ ထိုနောက်သူက၊ "ခင်ဗျားတို့ တွေးနေတဲ့ ပန်းရောင် ဆင်တစ်ကောင် ဘာဖြစ်သွားလဲ" ဟု မေးလိုက်သည်။ မရှိတော့ပြီ။ ဤတွင်ပြောစရာ ရှိလာသည်။ "ထိုအတွေးများကို သင်တို့ မတွေးဘဲ နေကြသလော။" ဘာကြောင့်ဆိုတော့၊ ထိုအတွေးများကို သင်တို့တွေး နေကြကုန်၏။ သမ္မာကျမ်းစာက အမှန်ပဲ ကျွန်ုပ်တို့ကို ပြောပါသည်။ ထိုအတွေးများကို ဘုရားသခင်၏ အတွေးများနှင့် အစားထိုးဖို့ လိုအပ်သည်။ ထိုအရာများသည် ကျွန်ုပ်တို့ကိုတိုက်ခိုက်ရန် ရောက်လာ နေပြီး၊ ကျွန်ုပ်တို့မတွေးသင့်သည့် တစ်ခုခုကို ကျွန်ုပ်တို့တွေးနေမိ သောအခါ၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင် လက္ခဏာအသစ်ဆီသို့ စိတ်နှလုံးကို ချက်ချင်း ခေါ်ယူရန်

လိုအပ်လာပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ ချက်ချင်းလှည့်ပြောင်း၍၊ စာမျက်နှာပေါ်မှ နှုတ်ကပတ်စကားတော်နှင့် အတူ သက်သက် မဟုတ်ဘဲ၊ စကားတော်နောက်မှ ကိုယ်တော်နှင့် ဆက်သွယ်ယူရမည်။ (ရောမ ၈း၆)၌ ကျမ်းစာကပြောသည့်အတိုင်း၊ ကျွန်ုပ်တို့ပြုသည့်အခါ၊ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ကိုယ်တော်နှင့် ဂိညာဉ်အရာများအပေါ်၌ တည်လျက်နေသည်ဖြစ်၍၊ ဘုရားသခင်ပေးသော အသက်တာ အသွင်ပြောင်းလဲခြင်းနှင့် ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့ မြင်ရလိမ့်မည် ဖြစ်သည်။ ကျွန်ုပ်၏ ညီအစ်ကိုတို့၊ သင်တို့သည် ထိုအရာများကိုနှလုံးသွင်းလျက်၊ ခရစ်တော်သည် သင်တို့အတွက် အဖိုးပေး၍ဝယ်ယူပေးခဲ့သော လွတ်လပ်ရေးနှင့် လွတ်လပ်ခွင့်နေ့ရက်များအတွင်း သွားလာ ကြပါကုန်လော့။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ရောမ ၁၂း၁)ကို ဖတ်ပါ။ ကျွန်ုပ်တို့၏ခန္ဓာကိုယ်နှင့်အတူ ကျွန်ုပ်တို့ ဘာလုပ်ရမည်နည်း။

**ရောမ ၁၂း၁** - *"ညီအစ်ကိုတို့ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူဖွယ်သော လက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကို ပြုမည်အကြောင်း ဘုရားသခင်၏ ကရုဏာတော်ကိုထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်း နှိုးဆော်ပေ၏။"*

၂။ (ရောမ ၁၂း၂)ကို ဖတ်ပါ။ ဤကျမ်းချက်က ကျွန်ုပ်တို့ကို ပြောနေသော ကျွန်ုပ်တို့၌ ထူးခြားလာ ရမည်မှာ၊

**ရောမ ၁၂း၂** - *"သင်တို့သည် လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သော အရာတည်းဟူသော ဘုရားသခင်အလိုရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း စိတ်နှလုံးကို အသင့်ပြင်ဆင်၍ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသို့ ရောက်ကြလော့။"*

၃။ (တမန်တော် ၁၇း၁၁)ကို ဖတ်ပါ။ ကျွန်ုပ်တို့ တွေးတောဆင်ခြင် ကြည့်ရှုရမည်များမှာ ဘာတွေလဲ။

**တမန်တော် ၁၇း၁၁** - *"ဗေရိမြို့သားတို့သည် သက်သာလောနိတ်မြို့သားတို့ထက် ထူးမြတ်သဖြင့်၊ အလွန်ကြည်ညိုသော စေတနာ စိတ်နှင့်၊ နှုတ်ကပတ်တရားတော်ကို ခံယူ၍ မှန်သည်မမှန်သည်ကို သိခြင်းငှါ၊ ကျမ်းစာကို နေ့တိုင်းအစဉ် စေ့စေ့ ကြည့်ရှုကြ၏။"*

၄။ (ရောမ ၈း၅-၆)ကို ဖတ်ပါ။ ဂိညာဉ်ရေးရာ စိတ်ထားရှိရမည့်အရာများမှာ၊

**ရောမ ၈း၅-၆** - *"ဇာတိပကတိရှိသော သူတို့သည် ဇာတိပကတိနှင့် စပ်ဆိုင်သောအရာတို့ကို စွဲလမ်းသော စိတ်သဘောရှိကြ၏။ ဂိညာဉ်ပကတိရှိသောသူတို့မူကား၊ ဂိညာဉ်ပကတိနှင့် စပ်ဆိုင်သော အရာတို့ကို စွဲလမ်းသောစိတ်သဘော ရှိကြ၏။ ဇာတိပကတိ စိတ်သဘောသည် သေခြင်း အကြောင်းဖြစ်၏။ ဂိညာဉ်ပကတိ စိတ်သဘောသည် အသက်ရှင်ခြင်း အကြောင်းနှင့် ငြိမ်သက်ခြင်း အကြောင်း ဖြစ်၏။*

၅။ (ရောမ ၁၂း၁-၂)ကို ဖတ်ပါ။ ဤကျမ်းချက်နှင့်အညီ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာနှစ်ခုမှာ ဘာတွေလဲ။

**ရောမ ၁၂း၁-၂** - *"ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူဖွယ်သော လက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည် ပူဇော်၍၊*

*မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်း ဟူသော သင်တို့ပြုအပ်သောဝတ်ကို ပြုမည်အကြောင်း ဘုရားသခင်၏ ကရုဏာတော်ကိုထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏။ သင်တို့သည် လောကီ ပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သော အရာတည်းဟူသော ဘုရားသခင် အလိုရှိတော်မူသော အရာသည် အဘယ်အရာ ဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသို့ ရောက်ကြလော့။"*

၆။ (ယေရှာယ ၂၆း၃)ကိုဖတ်ပါ။ စုံလင်သောငြိမ်သက်ခြင်းဖြင့် ကျွန်ုပ်တို့ မည်သို့နေထိုင် ရမည်နည်း။

**ဟေရှာယ ၂၆း၃** - "*စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ ခိုလှုံသောကြောင့်၊ ငြိမ်သက်ခြင်း သက်သက် ရှိမည် အကြောင်း၊ စောင့်ရှောက်တော်မူလိမ့်မည်။"*

၇။ (ယေရှာယ ၂၆း၄)ကိုဖတ်ပါ။ ဘုရားသခင်၌ ကျွန်ုပ်တို့စိတ်ဂိညာဉ်ကို စောင့်ထိန်းထားနိုင်သောနည်းလမ်းအချို့မှာဘာတွေလဲ။

**ဟေရှာယ ၂၆း၃-၄** - "*ထာဝရဘုရား၌ အစဉ်အမြဲခိုလှုံကြလော့။ ထာဝရဘုရားသည် နိစ္စထာဝရ ခိုလှုံရာ ဖြစ်တော်မူ၏။"*

# အဖြေ သော့ချက်

၁။ (ရောမ ၁၂း၁)ကို ဖတ်ပါ။ ကျွန်ုပ်တို့၏ခန္ဓာကိုယ်နှင့်အတူ ကျွန်ုပ်တို့ ဘာလုပ်ရမည်နည်း။
**ဘုရားသခင်၌ သူတို့ဆက်ကပ် အပ်နှံကြ၏။**

၂။ (ရောမ ၁၂း၂)ကို ဖတ်ပါ။ ဤကျမ်းချက်က ကျွန်ုပ်တို့ကို ပြောနေသော ကျွန်ုပ်တို့၌ ထူးခြားလာရမည်မှာ၊
**လောကနှင့် (သို့မဟုတ်) မယုံကြည်သူတို့နှင့် ကွဲပြားခြင်းဖြစ်သည်။**

၃။ (တမန်တော် ၁၇း၁၁)ကို ဖတ်ပါ။ ကျွန်ုပ်တို့ တွေးတောဆင်ခြင်ကြည့်ရှုရမည်များမှာ ဘာတွေလဲ။
**နှုတ်ကပတ်တော်၊ ဘုရားစကားတော်**

၄။ (ရောမ ၈း၅-၆)ကို ဖတ်ပါ။ ဂိညာဉ်ရေးရာစိတ် ထားရှိရမည့်အရာများမှာ၊
**အသက်ရှင်ခြင်း၊ ငြိမ်သက်ခြင်း**

၅။ (ရောမ ၁၂း၁-၂)ကို ဖတ်ပါ။ ဤကျမ်းချက်နှင့်အညီ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာနှစ်ခုမှာ ဘာတွေလဲ။
**မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းနှင့် စိတ်နှလုံးကို အသစ်ပြုပြင်ခြင်း**

၆။ (ယေရှာယ ၂၆း၃)ကိုဖတ်ပါ။ စုံလင်သောငြိမ်သက်ခြင်းဖြင့် ကျွန်ုပ်တို့ မည်သို့နေထိုင်ရ မည်နည်း။
**ကျွန်ုပ်တို့စိတ်နှလုံးသည် ဘုရားသခင်၌ ခိုလှုံနေရမည်။**

၇။ (ယေရှာယ ၂၆း၃)ကိုဖတ်ပါ။ ဘုရားသခင်၌ ကျွန်ုပ်တို့စိတ်ဂိညာဉ်ကို စောင့်ထိန်းထားနိုင်သော နည်းလမ်းအချို့မှာ ဘာတွေလဲ။
**ဆုတောင်းခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်း၊ နှုတ်ကပတ်တရားတော်ကို ဆင်ခြင်အောက်မေ့ခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း စသည်ဖြင့်၊**

## သင်ခန်းစာ ( ၄ )

# ခရစ်တော်၏အသင်းတော်၌ အရေးကြီးခြင်း

ယနေ့ ခရစ်တော်၏ အသင်းတော်၌ အရေးကြီးသည့်အကြောင်းကို ကျွန်ုပ်တို့ပြောကြမည်။ သမ္မာကျမ်းစာထဲက (ဟေဗြဲ ၁၀း ၂၅) ကို ကျွန်ုပ် ကောက်နှုတ်ပြလိုပါသည်။ "လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း၊ အချင်းချင်း စည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်းနိုးဆော်ကြလော့။ ကာလအချိန် ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ ကြိုးစားကြလော့။" ခရစ်တော်၏ အသင်းတော်၌အရေးကြီးခြင်းကို ကျွန်ုပ်တို့ ရှာကြည့်ကြသည့်အခါ၊ ကျွန်ုပ် မေးခွန်းမေးရပါမည်။ အသင်းတော်ဆိုတာ ဘာလဲ။

ကျွန်ုပ်သည် Xxxxxxxx ပြည်နယ်၊ xxxxxxx မြို့၌ ဒေသန္တရ အသင်းတော်တစ်ပါးတွင်၊ တပည့်တော်ဖြစ်ခြင်း ဧဝံဂေလိ ဟောပြောခြင်း အစီအစဉ်တစ်ခုကို လုပ်ဆောင်ခဲ့ပါသည်။ အသင်းတော်ထဲမှ လူတွေကို ကျွန်ုပ်တို့ သင်တန်းပေးပြီး၊ ကွင်းဆင်း လုပ်ဆောင် စေခဲ့ပါသည်။ ဤဒေသန္တရ အသင်းတော်နှင့် ခြောက်ပတ်မျှ လုပ်ဆောင်အပြီးတွင်၊ ကျွန်ုပ်တို့သည် အသင်းတော်ပြင်ပ၌ ကျမ်းစာဝိုင်းပေါင်း(၂၀)ကို တည်ထောင် ပေးနိုင်ခဲ့သည်။ ထိုကျမ်းစာ ဝိုင်းများအတွင်း လအတော်ကြာကြာ၊ ကျွန်ုပ်တို့ သမ္မာကျမ်းစာကို လေ့လာခြင်း ပြုခဲ့ကြပါသည်။ အသင်းတော် သင်းအုပ်သည် ကျွန်ုပ်လုပ်ဆောင်နေသည်ကို တကယ် စိတ်ပျက်လာပြီး တစ်နေ့ ထုတ်ပြောလာသည်။

"ကျမ်းစာက ပြောထားတာ၊ သခင်ဘုရားသည် ကယ်တင်ခြင်း ခံရသူများကို အသင်းတော်သို့ နေ့စဉ် သွင်းတော်မူသည်ဖြစ်ရာ၊ အခု ကျမ်းစာဝိုင်းက လူတွေ အသင်းတော်ထဲ ဘာကြောင့် ရောက်လာတာ မမြင်ရသလဲဗျာ။"ကျွန်ုပ်တို့ ကွင်းဆင်းပြီး၊ လူတွေကို တပည့်တော် ဖြစ်စေရန်၊ ကယ်တင်ခြင်းခံရရန်နှင့် ပြုစုခြင်းခံရရန် သွန်သင်ပေးခဲ့ပါသည်။

ဤတွင် အသင်းတော်သင်းအုပ် ပြောဆိုသော အမှန်ရည်ရွယ်ချက်မှာ၊ "သူတို့တစ်တွေ အသင်းတော် အဆောက်အအုံထဲ၊ တနင်္ဂနွေနေ့ နံနက်ဝတ်ပြုပွဲကို အတူတကွ ဘာကြောင့် မရောက်လာနိုင်ကြပါသလဲ" ဟု ဆိုလိုပါသည်။ ကျွန်ုပ်၏ အသင်းတော်အပေါ်၌ ရှုထောင့်သည် နည်းနည်း လွဲနေပါပြီ။ သင်းအုပ်၏ အမေးသည် ကျွန်ုပ်ကို တကယ် အခက်တွေ့စေပြီး၊ ကျွန်ုပ် ဘာလုပ်ရမည်မသိ ဖြစ်ရတော့သည်။ ကျွန်ုပ်တွေးမိသည်။ "တပည့်တော်ဖြစ်ခြင်း ဧဝံဂေလိ ဟောပြောမှုအစီအစဉ်သည် တကယ်ပဲ အလုပ်ဖြစ်နေသလား။" လူ တွေရဲ့ ဘဝတွေအထဲ ကျွန်ုပ်တို့ အမှန်တကယ် ရောက်ရှိသွားနေပြီလား။ လူများစွာဆီသို့ ကျွန်ုပ်တို့ ရောက်ခဲ့ကြပါသည်။ သို့သော်၊ ကျွန်ုပ်အတွက် စိတ်ရှုပ်နေသည်မှာ၊ သူတို့ ဘာကြောင့် တနင်္ဂနွေနေ့ ဝတ်ပြုပွဲသို့ မလာနိုင်ကြပါသလဲဟု ဖြစ်သည်။

ကျွန်ုပ်သည် "အသင်းတော်" ဆိုသည့် ခေါင်းစဉ်ဖြင့် ကျမ်းစာသင်ပေးဖို့ ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ယင်းသင်ခန်းစာထဲ ဘာသင်ပေးရမည်ကို ကျွန်ုပ် ရှာတွေ့လိုက်ပါသည်။ ရောမ ၁၆း၃၊

၁ ကော ၁၆း၁၉၊ ကောလောသဲ ၄း၁၅၊ ဖိလေမုန် ၂၊ တမန်တော် ၅း၄၂ နှင့် တမန်တော် ၂၀း၂၀ တို့၌ တွေ့ရသည်။ သမ္မာကျမ်းစာသည် အခြေခံအားဖြင့် ဓမ္မသစ်ကျမ်း စောစောပိုင်းကာလ၌ လူတစ်ဦး တစ်ယောက်အိမ်တွင် အသင်းတော် အစည်းအဝေး လုပ်ဆောင်ခဲ့သည်ကို ပြောနေသည်။ အိမ်အသင်းတော်များ၊ အုပ်စုငယ်အသင်း တော်၊ အသင်းအဖွဲ့ ကြီးများနှင့် အလွန့်အလွန်ကြီးမားသော ရောမအသင်းတော်ကြီးများ ရှိခဲ့သည်။ ကျမ်းစာထဲမှ ကျွန်ုပ်အတွေး အာရုံထဲသို့ အမှန်ရောက်လာသည့်အရာတစ်ခုမှာ၊ ဓမ္မသစ်ကျမ်း အသင်းတော်သည် လူနေအိမ်၌ အုပ်စုငယ်နှင့် အတူတကွ ဂုဏ်ပြုရန်ဖြစ်သည်ဟု မြင်လိုက်ရပါသည်။

Lawrence O. Richards ၏ သမ္မာကျမ်းစာ စကားလုံးအနက်ဖွင့် အဘိဓာန်စာအုပ် (စာမျက်နှာ-၁၆၄) ၌ ဆိုထားပါသည်။ "အသင်းတော်ဆိုသည့် စကားလုံးအဓိပ္ပာယ်နှင့် ပတ်သက်၍ အနည်းငယ် စိတ်ရှုပ်ထွေးနေကြခြင်းအတွက် တစ်စုံတစ်ယောက်သည် ခွင့်လွှတ်ခံရ နိုင်ပါသည်။ ဤစကားလုံးကို နည်းလမ်းများစွာဖြင့် ကျွန်ုပ်တို့ သုံးကြပါသည်။ သီးသန့် အဆောက်အအုံတစ်ခုလည်း ဆိုကြသည်။ (ဥပမာ_ လေးလမ်းအသင်းတော် စသည်ဖြင့်၊)။ ဂိုဏ်းဂဏ အသင်းအဖွဲ့ (သို့မဟုတ်) ဖွဲ့စည်းယုံကြည်ခြင်း (အမေရိကန်ပြည်၌ ပြုပြင်ပြောင်းလဲရေးအသင်းတော်များ ၊သို့မဟုတ်၊ နှစ်ခြင်းအသင်းတော်များ) တနင်္ဂနွေနေ့ အစည်းအဝေး တစ်ခုပင်လျှင်(ဥပမာ- သင် ယနေ့ အသင်းတော် တက်ရောက်သလား) စသည်တို့ ဖြစ်သည်။ ထိုသို့ ပြောဆိုသည့် တစ်ခုတစ်လေမျှသည် အထူးသဖြင့် သမ္မာကျမ်းစာ အလိုအတိုင်း မဟုတ်ပါ။" ထို့ကြောင့် ကျွန်ုပ် တွေးမိပါသည်။ တကယ့် အဓိပ္ပာယ်သည် ဘာဖြစ်မလဲ။ "အသင်းတော်" ဆိုသည့် အမှန်အဓိပ္ပာယ်သည် ဘာဖြစ်မလဲ။ ရှေ့ဆက်၍ ကျွန်ုပ်ညွှန်းဆို ပြောပါမည်။ "လူအတော်များများက ဘုရားရှိခိုးရန် ချိတ်ဆက်ထားသည့် အသင်းအဖွဲ့ဆိုသည်ထက် အသင်းတော်သည် ဘာသာရေး ဂုဏ်ပြုဖို့အတွက် အဆောက်အအုံ တစ်ခုဖြစ်ကြောင်း တွေးယူနေသည့် အတွက် အသင်းတော် ဖြစ်စေခြင်း အထင်အမြင် လွဲမှားစေနိုင်ပါသည်။" အသင်းတော်အတွက် ဂရိစကားလုံးသည် ecclesia ဖြစ်သည်။ တိုက်ရိုက်အဓိပ္ပာယ်မှာ၊ ဘုရားရှိခိုးရန်၊ ဆုတောင်းရန်၊ ကျေးဇူးတော်ချီးမွမ်းရန်နှင့် ဘုရားသခင်ကို ဖူးမြော်ရန်ရည်ရွယ်ချက်နှင့်၊ လူတွေ အတူတကွ စုရုံးမှုတစ်ခု ဖြစ်သည်။ ဤတွင် အခြားဖေါ် ပြချက်အချို့ကို ကျွန်ုပ် ဖတ်ပြလိုပါသည်။ "ဓမ္မသစ်ကျမ်း၌ အသင်းတော်သည်၊ ယုံကြည်သူအရေအတွက် တစ်ခုခုကို ခြုံငုံပြောဆိုခြင်း ဖြစ်သည်။ (ရောမ ၁၆း၅)အရ နေအိမ်ကျ၌ တွေ့ဆုံစည်းဝေးသော အုပ်စုငယ်ကိုလည်း သုံးနိုင်ပါသည်။ (တမန်တော် ၁၁း၂၂) အရ မြို့ ကြီးတစ်မြို့ ၌ နေထိုင်သော ယုံကြည်သူ အားလုံးလည်း အကျုံးဝင်ပါသည်။ သို့မဟုတ်၊ အာရှိပြည်၊ ဂလာတိပြည် ကဲ့သို့သော ပထဝီဒေသ တစ်ခုလည်းအကျုံးဝင်ပါသည်။" ဆက်ရေးထားပါသေးသည်။ "အသင်းတော် အမှန်အစည်းအဝေး ထုံးစံသည် နေအိမ်၌ ဖြစ်သည်။ ထိုသို့ အသင်းအဖွဲ့ အစည်းအဝေး ကျင်းပသောအခါ၊ "လူတိုင်းကဓမ္မသီချင်းကျူးခြင်း၊ ဆောက်တည်ခြင်း၊ စကားပြောဆိုခြင်း၊ ဗျာဒိတ်ဖွင့်ခြင်း၊ အမျိုးမျိုး ဘာသာစကား (သို့မဟုတ်) အနက်ဖွင့်ခြင်း ပြုကြ၏။ (၁ ကော၁၄း၂၆)" ပုဂ္ဂိုလ်တစ်ဦးချင်းက ဝေမျှပြောဆို၍ အခြားသူတို့က "ပြောသည်များကို လေ့လာချိန်ဆခြင်း ပြုကြ၏။ (၁ ကော ၁၄း၂၉)" ယင်းကဲ့သို့ ဝေမျှဟောပြောခြင်းသည် ယုံကြည်ခြင်း ရပ်ဝန်းတစ်ခုကဲ့သို့ အသင်းတော်၌ ပါဝင်မှုအဖြစ် လိုအပ်ချက် ဖြစ်လာရပါသည်။ ပါဝင်သည့် လူတိုင်းသည်လည်း၊ အလှူငွေထည့်ဝင်ရန်နှင့် သူတို့၏ဂိုဏ်ဥ်ဆုကျေးဇူးများဖြင့် သူတစ်ပါးကို ပြုစုရန်ရည်မှန်းချက် ထားရှိရပါသည်။

(ဟေဗြဲ ၁၀း၂၅)၌ "အချင်းချင်း စည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်"ဟု ဆိုထားသည်။

အသင်းတော်ဆိုသည်မှာ၊ ယေရှုဘုရားကို ဖူးမြော်ရန်၊ ကျေးဇူးတော်ချီးမွမ်းရန်၊ ဘုရားသခင်ထံမှ လမ်းပြခြင်းခံယူရန်နှင့် ထိုလမ်းပြချက်များအတိုင်းလိုက်ပါရန် ရည်ရွယ်ချက်များဖြင့်၊ လူတွေ အတူတကွ ရောက်ရှိလာကြသည့် ညီလာခံတစ်ခု ဖြစ်သည်။ စောစောပိုင်း ဓမ္မသစ်ကျမ်း အသင်းတော်၏ အဓိကရည်ရွယ်ချက်သည် တည်ဆောက်ခြင်းဖြစ်သည်။ ယုံကြည်ခြင်းကို အချင်းချင်း တည်ဆောက်ရန် ရည်ရွယ်ချက်နှင့် သူတို့ အတူတကွ တွေ့ဆုံစည်းဝေး ခဲ့ကြခြင်း ဖြစ်သည်။

ကနဦးအသင်းတော်သည် ဧဝံဂေလိပြုသော အသင်းတော်ဖြစ်သည်။ လူတွေ နေရာအနှံ့သို့ ရောက်ရှိသွားကြပြီး၊ ရောက်သည့်အရပ်တွင် ယေရှုခရစ်၌ သူတို့၏ယုံကြည်ခြင်းကို ဝေမျှဟောပြော ကြသည့်အတိုင်း၊ ဘုရားသခင်သည် အသင်းတော်သို့ လူများ ပေါင်းထည့် ပေးလာသည်။ အဆောက်အအုံအထဲသို့ မဟုတ်ပါ။ နောင်တရပြီး ယုံကြည်သူများ ဖြစ်လာကြသည့်အတိုင်း ဘုရားသခင်၏ လူများအဖြစ်နှင့် ပေါင်းထည့်ပေးခြင်း ဖြစ်သည်။ ထို့နောက် သူတို့သည် အချင်းချင်းတိုက်တွန်းအားပေးရန်၊ သူတို့၏ဂိဉာဉ်ဆုကျေးဇူး များကို လေ့ကျင့်ရန်၊ တစ်ယောက်ကို တစ်ယောက် ပြုစုရန်၊ အတူတကွ အစားအစာ မျှဝေပေးခြင်းအားဖြင့် အချင်းချင်း မိတ်သဟာယဖွဲ့ခြင်း အချိန်ယူရန်များ လုပ်ဆောင်ရန်အတွက် သူတို့ကိုယ်တိုင် အတူတကွ စည်းဝေး ခဲ့ကြသည်။ သူတို့အတူတကွရှိစဉ်၊ အချင်းချင်း စိတ်ဓာတ်မြှင့်တင်ပေးဖို့ အတွက် သူတို့၏ ဂိဉာဉ် ဆုကျေးဇူးများကို လေ့ကျင့်ကြသည်။ ထို့နောက် သူတို့ အပြင်ထွက်၍ ဧဝံဂေလိ ဟောပြော ကြ၏။ ဖြစ်စဉ် လည်ပတ်မှုတစ်ခုလုံး ပြန်စတင်လာပြန်သည်။ သခင်ယေရှု ခရစ်တော်၌ သူတို့ ယုံကြည်ကြ၏။ သူတို့ အတူတကွ စည်းဝေးကြ၏။ သူတို့ စည်းဝေးတွေ့ဆုံသည့်နေရာသည် အကြောင်း မဟုတ်ပါ။ အဆောက်အအုံ တစ်ခုထဲ(သို့မဟုတ်) အိမ်တစ် အိမ်မှာ ဖြစ်နိုင်သည်။ လူအုပ် ကြီးကြီးမားမားလည်း ဖြစ်နိုင်သလို၊ အိမ်တစ်အိမ်အထဲ အုပ်စုငယ်တစ်ခုလည်း ဖြစ်နိုင် သည်။ ၎င်းတို့ သည် သူတို့အတွက် တကယ့်အကြောင်းမဟုတ်ပါ။ သခင်ဘုရား၏ နာမ၌ သူတို့တွေ့ ဆုံစည်းဝေးနေသမျှ ကာလပတ်လုံး၊ သူတို့သည်သူတို့၏ ဆုကျေးဇူးများကို လေ့ကျင့်ရန်၊ အချင်းချင်း အားပေးကြရန်နှင့် အချင်းချင်းကို စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ တည်ဆောက်စေခြင်း အကျိုး ထွက်သည့်တိုင် တစ်ယောက်နှင့်တစ်ယောက် မိတ်သဟာယဖွဲ့ နေကြရန်တို့အတွက် လုပ်ဆောင် နေကြကုန်၏။

စောစောပိုင်းက ကျွန်ုပ်ဖော်ပြခဲ့သော ဒေသန္တရအသင်းတော် မှတစ်ဆင့် ကျွန်ုပ်တို့ လုပ်ဆောင် နေသည့် တပည့်တော် ဖြစ်စေခြင်း၊ ဧဝံဂေလိဟောပြောခြင်း အစီအစဉ်၌ ကျွန်ုပ် ရာဖွေ သိရှိလိုက်သည်မှာ မြို့အနှံ့ရှိမတူသော ကျမ်းစာလေ့လာခြင်း ဝိုင်း (၂၀) ၌ ကျွန်ုပ်တို့ တွေ့ဆုံခြင်းသည် မတူသော အသင်းတော်(၂၀)တွင် ကျွန်ုပ်တို့ စည်းဝေးခြင်း ဖြစ်ပါသည်။ ၎င်းသည် ယနေ့ ကျွန်ုပ်တို့သိသည့် အသင်းတော်မျိုးတော့ မဟုတ်ပါ။ သို့သော် တစ်ပတ်လျှင် အကြိမ် (၂၀) နှင့် အသင်းတော်တစ်ခုစီအဖြစ် ကျွန်ုပ်တို့ တွေ့ဆုံစည်းဝေးနေခြင်း ဖြစ်သည်။ ဘာကြောင့် ဆိုတော့၊ ကျွန်ုပ်တို့သည် သခင်ယေရှု နာမတော်၌ အချင်းချင်း တိုက်တွန်းအားပေးရန်၊ သခင်ယေရှုအား ကိုးကွယ်ရန်၊ နှုတ်ကပတ်တရားတော်၏လမ်းညွှန်ခြင်းခံယူရန်နှင့် ကျွန်ုပ်တို့၏ ဂိဉာဉ် ဆုကျေးဇူးများကို လေ့ကျင့်ရန် စည်းဝေးနေကြခြင်း ဖြစ်ပါသည်။

မည်သည့်အသင်းသို့ သင်သွားတက်နေသည်မှာ အကြောင်းမဟုတ်ပါ။ သင်သည် ဂိုဏ်းဂဏ အသင်းတော်(သို့မဟုတ်) ဂိုဏ်းဂဏမဲ့ အသင်းတော်သို့ တက်ရောက်နေလျှင်၎င်း၊ ရောမအသင်းကြီး

(သို့မဟုတ်) အိမ်အသင်းတော် အုပ်စုငယ်သို့ တက်ရောက်နေလျှင်၎င်း အကြောင်း မဟုတ်ပါ။ သမ္မာကျမ်းစာသည် နေ့ရက်အချိန် နီးကပ်နေခြင်းနှင့် အပြစ်တရား ပေါလိုင်နေခြင်း ကဲ့သို့ ဘုရားသခင်၏ ကျေးဇူးတော်တရားသည် ပို၍ပေါလိုင်လျက် ရှိသည်ကို ကျွန်ုပ်တို့အား ပြောပြပေးနေပါသည်။ ဘုရားသခင့်လူတို့၏ ဤအစည်းအဝေးများ အထဲ၌ ကျေးဇူးတော်သည် ပေါများကြွယ်ဝစွာ ရောက်လာနေပါသည်။ ယုံကြည်သူ တစ်ဦးချင်း၏ ယေရှုခရစ် သာသနာနယ် ကဏ္ဍတစ်ခုစီ အဖြစ်တည်ရှိရာ အသင်းတော်ထဲ၌ သင်တို့သည် အချင်းချင်း အစေခံ ပြုစုပေးနိုင်ကြသည်။ အချင်းချင်းအလေးအနက် အားပေးနိုင်ကြသည်။ အချင်းချင်းတို့၏ ဂိညာဉ် ဆုကျေးဇူးများကို လေ့ကျင့်သည့်အခါ၊ တစ်ဦးကိုတစ်ဦး အားပေးနိုင်ကြသည်။

ကျွန်ုပ်တို့အားလုံးသည် ဤနည်းလမ်းအတိုင်း ယုံကြည်သူအုပ်စု နှင့်အတူ စည်းဝေးခြင်း အားဖြင့် အကျိုးရကြလိမ့်သည်။ အကယ်၍ ယေရှုခရစ်၏ နာမတော်၌ တွေ့ဆုံစည်းဝေးကြသူ နှစ်ဦးသုံးဦးလောက်သာ ရှိသည်ဖြစ်စေ ပုံမှန်အခြေခံနှင့် ကျွန်ုပ်တို့ တွေ့ဆုံစည်းဝေးဖို့ လိုပါသည်။ ကျွန်ုပ်တို့၏ ဂိညာဉ်ဆုကျေးဇူးများကို အသုံးပြုရန်၊ အချင်းချင်း တိုက်တွန်းရန်၊ အချင်းချင်း အားပေးရန်၊ အတူတကွ ယေရှုကို ကိုးကွယ်ရန်နှင့် တစ်ယောက်အတွက် တစ်ယောက် ဆုတောင်းပေးကြရန် ကျွန်ုပ်တို့ တွေ့ဆုံစည်းဝေးရခြင်းသည် ကောင်းမြတ် ပါပေသည်။ အသင်းတော်နှင့် ပတ်သက်၍ ကျွန်ုပ်တို့များစွာ ဖေါ်ပြရန်ရှိပါသည်။ အသင်းတော်၏ အသင်းလူကြီးများ၊ ကြီးကြပ်ရေးမှူးများ၊ သင်းအုပ်များနှင့် အသင်းတော် အုပ်ချုပ်ရေး အကြောင်းများကို ကျွန်ုပ်တို့ ပြောပြနိုင်ပါသော်လည်း၊ ၎င်းသည် ယနေ့ ကျွန်ုပ်တို့ သွန်သင်သည့်ရည်ရွယ်ချက် မဟုတ်ပါ။ ကျွန်ုပ်တို့သင်ပေးနေသည့် ရည်ရွယ်ချက်မှာ အသင်းတော်၏ ရည်ရွယ်ချက်ကို သိရှိရန်နှင့်၊ ကိုယ့်တစ်ယောက်တည်းအတွက် ကျွန်းတစ်ကျွန်းထဲ အဖေါ်မဲ့ နေနေရမည် မဟုတ်ကြောင်း ကျွန်ုပ်တို့ သိကြရန်ဖြစ်သည်။ ထိုနည်းလမ်းနှင့်လည်း ကျွန်ုပ်တို့ အသက်ရှင် မနေနိုင်ကြပါ။ ကျွန်ုပ်တို့ ကယ်တင်ခြင်းခံရသောအခါ၊ ဘုရားသခင်သည် ခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ ယုံကြည်သူများ ခန္ဓာကိုယ် အထဲသို့ သွင်းပါသည်။ ကျွန်ုပ်တို့တစ်ဦးကိုတစ်ဦးလိုအပ်သည်။ အချင်းချင်း အားပေးရန်နှင့် ဘုရားသခင်ပေးထားသော ဂိညာဉ်ဆုကျေးဇူးများဖြင့် အချင်းချင်းပြုစုကြရန်၊ ဘုရားသခင်၏ အသင်းတော်၌ အတူတကွ ကျွန်ုပ်တို့စည်းဝေးကြရန် လိုအပ်ပါသည်။ ဘုရားသခင်၏ လူတို့နှင့် တွေ့ဆုံစည်းဝေးကြရန် သင်တို့အား ကျွန်ုပ် တိုက်တွန်းပါ၏။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ဟေဗြဲ ၁ဝး၂၅)ကို ဖတ်ပါ။ ကျွန်ုပ်တို့ ပစ်ပယ်ရန်မဖြစ်သည့်အရာသည် ဘာလဲ။

**ဟေဗြဲ ၁ဝး၂၅** - *"လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း၊ အချင်းချင်း စည်းဝေးခြင်းအမှုကို မရှောင်လွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ ကြိုးစားကြလော့။"*

၂။ (တမန်တော် ၅း၄၂)ကို ဖတ်ပါ။ ဗိမာန်တော်ထဲနှင့် နေအိမ်၌ ယေရှုသည် နေ့စဉ် ---_ လုပ်ဆောင်သည်။

**တမန်တော် ၅း၄၂** - *"ဗိမာန်တော်၌၎င်း၊ အိမ်၌၎င်း နေ့တိုင်းအစဉ် ဆုံးမသွန်သင်လျက်၊ ယေရှုသည် ခရစ်တော်ဖြစ်၏ ဟူ၍ ဧဝံဂေလိ တရားကို မပြတ် ဟောပြောလျက်နေကြ၏။"*

၃။ (တမန်တော် ၂း၄၂)ကို ဖတ်ပါ။ ကနဦး အသင်းတော်က ဆက်လက် လုပ်ဆောင်သည့် အရာ (၄) ခုသည် ဘာလဲ။

**တမန်တော် ၂း၄၂** - *"ထိုသူများသည် တမန်တော်တို့၏ ဆုံးမသြဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်း တို့ကို အမြဲဆောင်ရွက်၍ နေကြ၏။"*

၄။ (တမန်တော် ၂း၄၄-၄၅)ကို ဖတ်ပါ။ ကနဦးအသင်းတော်သည် အသင်းတော်၏ ယာဉ် ရပ်နားစခန်း ဆောက်ရန် ရန်ပုံငွေကို ဆက်လက်ထည့်ဝင်သည်။ မှန်သလား၊ မှားသလား။

**တမန်တော် ၂း၄၄-၄၅** - *"ယုံကြည်သောသူအပေါင်းတို့သည် တစ်စုတစ်ဝေးတည်းနေသဖြင့်၊ မိမိတို့၌ ရှိသမျှကို ဆက်ဆံ၍သုံးဆောင် ကြ၏။ မိမိတို့ဥစ္စာပစ္စည်းများကိုရောင်းပြီးလျှင်၊ လူများ ဆင်းရဲသည် အတိုင်းအသီးသီတို့အား ဝေငှခြင်းကို ပြုကြ၏။"*

၅။ (၁ ကော ၁၂း၂၈)ကို ဖတ်ပါ။ ဘုရားသခင့်အသင်းတော်၌ ကိုယ်တော် ချမှတ်ပေးထားသော ဆုကျေးဇူး (၈) မျိုးကို စာရင်းလုပ်ပေးပါ။

**၁ ကော ၁၂း ၂၈** - *"ဘုရားသခင်သည် ပထမအရာ၌ တမန်တော်တို့ကို၎င်း၊ ဒုတိယအရာ၌ ပရောဖက် တို့ကို၎င်း၊ တတိယအရာ၌ ဆရာတို့ကို၎င်း၊ ထိုနောက် တန်ခိုးပြသောသူကို၎င်း၊ ထိုနောက် အနာရောဂါကို ငြိမ်းစေနိုင်သော အခွင့်ရှိသောသူ တို့ကို၎င်း၊ သင်းထောက်တို့ကို၎င်း၊ စီရင်အုပ်စိုးသော သူတို့ကို၎င်း၊ အမျိုးမျိုးသော ဘာသာစကားကိုပြောနိုင်သောသူ တို့ကို၎င်း အသင်းတော်၌ ခန့်ထားတော်မူ၏။"*

၆။ (၁ ကော ၁၄း၂၆)ကို ဖတ်ပါ။ ဘုရားသခင်၏လူတို့သည် အသင်းတော်ထဲ၌ စည်းဝေးကြသည့်အခါ၊ သူတို့၏ ဆုကျေးဇူးများကိုထုတ်ပြရန် လွတ်လွတ်လပ်လပ်ရှိကြ၏။ သူတို့တွေ့ဆုံသည့်အခါ ဖြစ်လာသည့်အရာ(၅)ခုကို ရေးချပေးပါ။

**၁ ကော ၁၄း၂၆** - *"ညီအစ်ကိုတို့၊ အဘယ်သို့နည်း။ သင်တို့စည်းဝေးကြသောအခါ၊ ဆာလံသီချင်းကို ရသောသူ၊ ဆုံးမသြဝါဒ စကားကို ရသောသူ၊ အခြားသော ဘာသာစကားကိုရသောသူ၊ ဗျာဒိတ်တော်ကိုရသောသူ၊ အနက်ဖေါ်ပြရာ ကို ရသောသူ အသီးသီးရှိကြသည် ဖြစ်၍၊ ခပ်သိမ်းသော အမှုတို့ကို တည်ဆောက်ခြင်းအလို့ငှါ စီရင်ကြလော့။"*

၇။ (တမန်တော် ၆း၁)ကို ဖတ်ပါ။ ဓမ္မသစ်ကျမ်း ကနဦးအသင်းတော်သည် နေ့စဉ်အစာကို ဝေမျှပေးကြသူများမှာ

**တမန်တော် ၆း၁** - *"ထိုကာလ၌ တပည့်တော်တို့သည် များပြားသည်ရှိသော်၊ နေ့ရက်အစဉ်အတိုင်း လုပ်ကျွေးသောအခါ၊ ဟေလေနစ်အမျိုး မုဆိုးမတို့ကို မလုပ်မကျွေးဟု ထိုအမျိုးသားတို့သည် မြည်တမ်း၍ ဟေဗြဲလူတို့ကို အပြစ် တင်ကြ၏။"*

၈။ (ယာကုပ် ၁း၂၇)ကို ဖတ်ပါ။ ဘုရားသခင် အလေးထားသောတစ်ခုတည်းသောဘာသာရေးအမျိုးအစားဆိုသည်မှာ၊

**ယာကုပ် ၁း၂၇** - *"ခမည်းတော် ဘုရားသခင်ရှေ့ ၌ စင်ကြယ်သန့်ရှင်းသော သီလဟူမူကား၊ မိဘမရှိသော သူငယ်တို့နှင့် မုဆိုးမတို့သည် ဆင်းရဲခံရသောအခါ၊ သူတို့ကိုကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း လောကီအညစ်အကြေးနှင့် ကင်းစင်အံ့ သောငှာ စောင့်ရှောက်ခြင်းပေတည်း။"*

၉။ (၁ တိ ၅း၉-၁၁)ကို ဖတ်ပါ။ ဓမ္မသစ်ကျမ်း ကနဦးအသင်းတော်က ထောက်ပံ့ပေးသော မုဆိုးမများသည် မည်သည့် မှတ် ကျောက်နှင့် ကိုက်ညီရမည်နည်း။

**၁ တိ ၅း၉-၁၁** - *"မုဆိုးမသည် အသက်ခြောက်ဆယ်မပြည့်လျှင်၊ စာရင်းအင်း မဝင်စေနှင့်။ လင်တစ်ယောက်တည်း ရှိဖူးသောသူ၊ ကောင်းသောအကျင့်ကို ကျင့်၍ အသရေရှိသောသူ၊ သူငယ်တို့ကို ကျွေးမွေးခြင်း၊ ဧည့်သည်ဝတ်ကို ပြုခြင်း၊ သန့်ရှင်းသူတို့၏ ခြေကိုဆေးခြင်း၊ ဆင်းရဲသော သူတို့ကိုလုပ်ကျွေးခြင်း၊ ကောင်းသော အမှုရှိသမျှတို့၌ ကြိုးစားအားထုတ်ခြင်းကို ပြုဖူးသော သူဖြစ်လျှင်၊ စာရင်းအင်းဝင်စေ။ အသက်အရွယ် နုပျိုသောမုဆိုးမတို့ကို ပယ်လော့။ အကြောင်းမူကား ထိုသူတို့သည် ခရစ်တော်၏ဆုံးမခြင်းကို သည်းမခံ။ အိမ်သင့်ခြင်းငှာ အလိုရှိလျှင်၊..."*

၁၀။ (၁ ကော ၉း၁၄)ကို ဖတ်ပါ။ မုဆိုးမများ၊ မိဘမဲ့များနှင့် သူဆင်းရဲများတို့အား အသင်းတော်သည် ထောက်ပံ့ပေးသည့်အပြင်၊ အခြားထောက်ပံ့ပေးသူများမှာ၊

**၁ ကော ၉း၁၄** - *"ထိုနည်းတူ၊ ဧဝံဂေလိတရားကိုဟောသောသူတို့သည် ဧဝံဂေလိတရားကို အမှီပြု၍ အသက်မွေးရမည် အကြောင်း သခင်ဘုရား၏ ပညတ်တော်မူချက် ရှိ၏။"*

၁၁။ (မဿဲ ၂၅း၃၅-၄၀)ကို ဖတ်ပါ။ ဘုရားသခင်အားပေးရန် တစ်ခုတည်းသော နည်းလမ်းသည် အလှူခံခွက်အထဲ ငွေထည့်ရန်ဖြစ်သည်ကို လူတွေ ဘယ်လို တွေးကြသနည်း။

**မဿဲ ၂၅း၃၅-၄၀** - *"အကြောင်းမူကား၊ ငါသည်မွတ်သိပ်သောအခါ၊ သင်တို့သည် ကျွေးကြ၏။ ငါသည် ရေငတ်သောအခါ၊ သင်တို့သည် သောက်ဖို့ပေးကြ၏။ ငါသည် ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကို ပြုကြ၏။ ငါသည် အဝတ်အချည်း စည်းရှိသောအခါ သင်တို့သည် အဝတ်နှင့် ဖုံးလွှမ်းကြ၏။ ငါသည် အနာရောဂါစွဲသော အခါ သင်တို့သည် ကြည့်ရှုပြုစုကြ၏။ ငါသည် ထောင်ထဲမှာ နေရသောအခါ သင်တို့သည် ငါ့ထံသို့ လာကြ၏ဟု မိန့်တော်မူလျှင်၊ ဖြောင့်မတ်သော သူတို့က၊ သခင်၊ ကိုယ်တော်သည် မွတ်သိပ်တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ် တို့သည် မြင်၍ ကိုယ်တော်ကို လုပ်ကျွေးပါသနည်း။ ရေငတ်တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ် တို့သည်မြင်၍ ကိုယ်တော်ကို သောက်ဖို့ ပေးပါသနည်း။ ဧည့်သည် ဖြစ်တော်မူသည်ကို အဘယ် အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ဧည့်သည်ဝတ်ကို ကိုယ်တော်အားပြုပါသနည်း။ အဝတ်အချည်း စည်းရှိတော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည် မြင်၍ ကိုယ်တော်ကို အဝတ်နှင့် ဖုံးလွှမ်းပါသနည်း။ အနာစွဲတော်မူသည်ကိုငင်း၊ ထောင်ထဲမှာ နေတော်မူသည်ကိုငင်း အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ အထံတော်သို့ ရောက်ပါသနည်းဟု ပြန်၍ လျှောက်ကြသော်၊ မင်းကြီးက၊ ငါအမှန် ဆိုသည်ကား၊ သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသော သူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အား ပြုကြပြီဟု ပြန်၍ မိန့်တော်မူလတံ့။"*

၁၂။ (တမန်တော် ၄း၃၂-၃၅ နှင့် သုတ္တံ ၃း၉-၁၀)ကို ဖတ်ပါ။ ကနဦးအသင်းတော်၏ အသင်း လူကြီးများနှင့် သင်းအုပ်တို့သည်အသင်းတော် ဘဏ္ဍာရေးနှင့်ပတ်သက်၍ မည်သို့ ဆောင်ရွက် ကြသနည်း။

**တမန်တော် ၄း၃၂-၃၅** - *"ယုံကြည်သောသူအပေါင်းတို့သည်၊ စိတ်နှလုံးတညီတညွတ်တည်းရှိကြ၍၊ အဘယ်သူမျှ မိမိဥစ္စာတစ်စုံ တစ်ခုကို ငါ့ဥစ္စာဟူ၍ မဆိုဘဲလျက်၊ ရှိသမျှသောဥစ္စာတို့ကို ဆက်ဆံသဖြင့် သုံးဆောင်ကြ၏။ ဘုရားသခင်ယေရှု ထမြောက်တော်မူခြင်းအကြောင်းကို တမန်တော်တို့သည် ကြီးသောတန်ခိုးနှင့် သက်သေခံ၍၊ ထိုသူအပေါင်းတို့ သည်၊ ကြီးသောကျေးဇူးတော်နှင့် ပြည့်စုံကြ၏။ ထိုသူတို့တွင် ဆင်းရဲသောသူ တစ်ယောက်မျှ မရှိ။ အကြောင်းမူကား၊ အိမ်၊ မြေကွက်ကို ပိုင်သောသူ ရှိသမျှတို့သည် ရောင်းပြီးလျှင် ရသောအဖိုးကို ယူဆောင်ခဲ့၍၊ တမန်တော် တို့၏ ခြေရင်း၌ ထားကြသဖြင့်၊ လူများ ဆင်းရဲသည်အတိုင်း အသီးသီးတို့အား ဝေ၍ ပေးကမ်းကြ၏။"*

**သုတ္တံ ၃း၉-၁၀** - *"သင်သည် ကိုယ်ဥစ္စာနှင့် အဦးသီးသော အသီးအနှံရှိသမျှကို ထာဝရဘုရားအား ပူဇော်လော့။ သို့ပြုလျှင်၊ သင်၏ စပါးကျီတို့သည် ကြွယ်ဝ၍၊ စပျစ်သီးနယ်ရာ တန်ဆာတို့ကို အသစ်သော ဝစပျစ်ရည် လျှံလိမ့်မည်။"*

# အဖြေ သော့ချက်

၁။ (ဟေဗြဲ ၁၀း၂၅)ကို ဖတ်ပါ။ ကျွန်ုပ်တို့ ပစ်ပယ်ရန်မဖြစ်သည့်အရာသည် ဘာလဲ။
**ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့ကိုယ်တိုင်၏ အတူတကွ စည်းဝေးခြင်းအမှု**

၂။ (တမန်တော် ၅း၄၂)ကို ဖတ်ပါ။ ဗိမာန်တော်ထဲနှင့် နေအိမ်၌ ယေရှုသည် နေ့စဉ်၊ **သွန်သင်ခြင်းနှင့် ဟောပြောခြင်းတို့ကို** လုပ်ဆောင်သည်။

၃။ (တမန်တော် ၂း၄၂)ကို ဖတ်ပါ။ ကနဦးအသင်းတော်က ဆက်လက်လုပ်ဆောင်သည့်အရာ(၄)ခုသည် ဘာလဲ။
**ထိုသူများသည် တမန်တော်တို့၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း (အတူစားသောက်ခြင်းနှင့် ပိုင်ဆိုင်မှု များကို ဝေပေးခြင်း)၊ ပတ္ထနာပြုခြင်းတို့ကို အမြဲ ဆောင်ရွက်လျက် နေကြ၏။**

၄။ (တမန်တော် ၂း၄၄-၄၅)ကို ဖတ်ပါ။ ကနဦးအသင်းတော်သည်၊ အသင်းတော်၏ ယာဉ်ရပ်နားစခန်းဆောက်ရန် ရန်ပုံငွေကို ဆက်လက်ထည့်ဝင်သည်။ မှန်သလား၊ မှားသလား။
**မှားပါသည်။**

၅။ (၁ ကော ၁၂း၂၈)ကို ဖတ်ပါ။ ဘုရားသခင့်အသင်းတော်၌ ကိုယ်တော် ချမှတ်ပေးထားသော ဆုကျေးဇူး(၈)မျိုးကို စာရင်းလုပ်ပေးပါ။
**တမန်တော်၊ ပရောဖက်၊ ဆရာ၊ တန်ခိုးပြသောသူ၊ အနာရောဂါ ငြိမ်းစေနိုင်သော အခွင့်ရှိသော သူသင်းထောက်၊ စီရင်အုပ်စိုးသောသူ၊ အမျိုးမျိုးသော ဘာသာစကားပြောနိုင်သောသူ**

၆။ (၁ ကော ၁၄း၂၆) ကို ဖတ်ပါ။ ဘုရားသခင်၏လူတို့သည် အသင်းတော်ထဲ၌ စည်းဝေးကြသည့်အခါ၊ သူတို့၏ဆုကျေးဇူးများကို ထုတ်ပြရန် လွတ်လွတ်လပ်လပ်ရှိကြ၏။ သူတို့တွေ့ဆုံသည့်အခါ ဖြစ်လာသည့်အရာ(၅)ခုကို ရေးချပေးပါ။
**ဆာလံသီချင်းကိုရသောသူ၊ ဆုံးမဩဝါဒစကားကိုရသောသူ၊ အခြားသော ဘာသာစကား ကိုရသောသူ၊ ဗျာဒိတ်ကိုရသောသူ၊ အနက်ဖော်ပြရာကိုရသောသူ**

၇။ (တမန်တော် ၆း၁)ကို ဖတ်ပါ။ ဓမ္မသစ်ကျမ်း ကနဦးအသင်းတော်သည် နေ့စဉ်အစာကို ဝေမျှပေးကြသူများမှာ၊ **မုဆိုးမများ ဖြစ်သည်။**

၈။ (ယာကုပ် ၁း၂၇)ကို ဖတ်ပါ။ ဘုရားသခင် အလေးထားသော တစ်ခုတည်းသော ဘာသာရေး အမျိုးအစား ဆိုသည်မှာ၊
**မိဘမရှိသောသူငယ်တို့နှင့် မုဆိုးမတို့ သည်ဆင်းရဲသောအခါ၊ သူတို့ကိုကြည့်ရှုပြုစုခြင်း၊**

၉။ (၁ တိ ၅း၉-၁၁)ကို ဖတ်ပါ။ ဓမ္မသစ်ကျမ်း ကနဦးအသင်းတော်က ထောက်ပံ့ပေးသော မုဆိုးမများသည် မည်သည့်မှတ်ကျောက်နှင့် ကိုက်ညီရမည်နည်း။
**မုဆိုးမသည် အသက် ခြောက်ဆယ်မပြည့်လျှင်၊ စာရင်းအင်း မဝင်စေနှင့်။ လင်တစ်ယောက်တည်း ရှိဖူးသောသူ၊ ကောင်းသော အကျင့်ကို ကျင့်၍ အသရေရှိသောသူ၊ သူငယ်တို့ကို ကျွေးမွေးခြင်း၊ ဧည့်သည်ဝတ်ကို ပြုခြင်း၊ သန့်ရှင်းသူတို့၏ ခြေကိုဆေးခြင်း၊ ဆင်းရဲသော သူတို့ကို လုပ်ကျွေးခြင်း၊ ကောင်းသော အမှုရှိသမျှတို့၌ ကြိုးစား အားထုတ်ခြင်းကို ပြုဖူးသော သူဖြစ်လျှင်၊ စာရင်းအင်းဝင်စေ။ အသက်အရွယ်နုပျိုသောမုဆိုးမတို့ကို ပယ်လော့။**

၁၀။ (၁ ကော ၉း၁၄)ကို ဖတ်ပါ။ မုဆိုးမများ၊ မိဘမဲ့များနှင့် သူဆင်းရဲများတို့အား အသင်းတော်သည် ထောက်ပံ့ပေးသည့်အပြင်၊ အခြားထောက်ပံ့ပေးသူများမှာ၊
**ဧဝံဂေလိတရားကို ဟောသောသူများ**

၁၁။ (မဿဲ ၂၅း၃၅-၄၀)ကို ဖတ်ပါ။ ဘုရားသခင်အား ပေးရန် တစ်ခုတည်းသောနည်းလမ်းသည် အလှူခံခွက်အထဲ ငွေထည့်ရန် ဖြစ်သည်ကို လူတွေ ဘယ်လို တွေးကြသနည်း။
**သူတို့ သွန်သင်ခံယူခဲ့ရခြင်း အကြောင်းကြောင့်၊**

၁၂။ (တမန်တော် ၄း၃၂-၃၅ နှင့် သုတ္တံ ၃း၉-၁၀)ကို ဖတ်ပါ။ ကနဦးအသင်းတော်၏ အသင်းလူကြီးများနှင့် သင်းအုပ်တို့သည် အသင်းတော် ဘဏ္ဍာရေးနှင့်ပတ်သက်၍ မည်သို့ ဆောင်ရွက်ကြသနည်း။
**ဆင်းရဲသူတို့အား ပေးကမ်းရန်နှင့် ပေးကမ်းခြင်းနှင့်အတူ ထာဝရဘုရားအား ပူဇော်ရန်**

## သင်ခန်းစာ ( ၅ )

# လွှတ်မြောက်စေခြင်း

ယနေ့ ကျွန်ုပ်တို့ နတ်ဆိုးဂါဒအကြောင်း ပြောဆိုကြမည်။ မြေကြီးပေါ်မှာ ယေရှု၏ သာသနာနယ်သည် နတ်ဆိုးနှင်ထုတ်ခြင်း၊ အနာငြိမ်းခြင်း၊ သေသူကို ရှင်ပြန်စေခြင်းနှင့် အခြား နိမိတ်လက္ခဏာများကို ပြတော်မူခဲ့သည်။ ကိုယ်တော်၏သာသနာခရီး လေးပုံတစ်ပုံသည်၊ လူတို့ထံမှ နတ်ဆိုး နှင်ထုတ်သည့် အချိန်အဖြစ် သုံးခဲ့ရသည်။ သမ္မာကျမ်းစာ၏ (တမန်တော် ၁၀း၃၈)၌ ပြောထားသည်။ "ထိုအကြောင်းအရာ ဟူမူကား၊ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း၊ တန်ခိုးတော်နှင့်၎င်း၊ နာဇရက်မြို့သား ယေရှုကို ဘိသိက်ပေး တော်မူသဖြင့် ထိုသူသည် ဘုရားသခင်၏ အခွင့်တော်နှင့် ကျေးဇူးပြုလျက် မာရ်နတ်ညှဉ်းဆဲသောသူ အပေါင်း တို့အား ချမ်းသာကို ပေးလျက် လှည့်လည်တော်မူ၏။" (၁ ယော ၃း၈) ၌လည်း ပြောပါသည်။ "မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှါ၊ ဘုရားသခင်၏ သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏။" ကျွန်ုပ်သည် မတူသောနတ်ဆိုး ဂါဒအမြင်ကို ပြောလေ့ရှိသည်။ နတ်ဆိုး၊ မကောင်းသော ဝိညာဉ်၊ မစင်ကြယ်သော ဝိညာဉ်၊ စာတန်မာရ်နတ်၊ ၎င်းကို သင်ခေါ်ချင်သလို ခေါ်နိုင်ပါသည်။ အိန္ဒိယနိုင်ငံ (သို့မဟုတ်) တတိယကမ္ဘာ့နိုင်ငံတွေမှာ မှန်သော အသက်ရှင်သော ဘုရားသခင်ကို ကိုးကွယ်ခြင်းထက် ရုပ်တုကို ကိုးကွယ်ခြင်းသည် ထင်ထင်ပေါ်ပေါ် ဖြစ်နေပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်က Texas ပြည်နယ် Dallas မြို့ ၌ ကျွန်ုပ် ကြုံတွေ့ ခဲ့ရသည့် အတွေ့အကြုံ တစ်ခုကို  ပြောပြလိုပါ သည်။ လူအားလုံးက ဓမ္မသီချင်းသီကျူးနေစဉ်၊ ရုတ်ချည်း ကလေးမလေး တစ်ယောက် ကြမ်းပြင်ပေါ်လဲကျသွားသည်။ ကလေးမသည် ထိန်းချုပ်မှု တစ်ခုခံနေရသည်ဟု မြင်ရသည်။ ထိုသို့ဖြစ်စဉ် ပရိသတ်အထဲ Dr. Rice အမည်ရှိ ဆေးဆရာဝန် တစ်ယောက် ရှိနေပါသည်။

အသင်းတော်သို့ ရောက်လာသူများအထဲ လူအချို့သည် အသင်းတော်မှ တစ်ကွက်ကျော်တွင် နေအိမ်ရှိကြသည်။ ဆရာဝန်က ကလေးမကို ဆေးကုဖို့ အိမ်သို့ခေါ်သွားရန် ပြောပါသည်။ ကလေးမ၏ အိမ်သို့ ရောက်သွားသောအခါ ကလေးမသည် ကြောင်ရိုင်း တစ်ကောင်လို ဖြစ်နေ ပါပြီ။ မျက်လုံး ပြူးကျယ်နေသည်။ ကိုယ်အလေးချိန် ပေါင်တစ်ရာအောက်လောက်သာ ရှိမည့် သေးကွေးသော ဆယ်ကျော်သက် ကလေးမလေးထံမှ ခိုင်မာသော ယောကျ်ားသံ ထွက်နေပါသည်။ ကလေးမသည် ရုတ်တရက် ကျွန်ုပ်ဘက်လှည့်လာပြီး စကားပြောဆို တိုက်ခိုက်လာပါသည်။ "မင်း ငရဲ ရောက်မယ်။" ကျွန်ုပ်က ပြန်ပြောသည်။ "ငါ မရောက်ဘူးကွ။" ဤအဖြစ်မျိုး တစ်ခုခုကို တစ်ခါဖူးမျှ မမြင်ဘူးသောကြောင့် ကျွန်ုပ်ကြောက်နေပါသည်။ ၎င်းက ပြန်အော်သည်။ "မင်း ငရဲ ရောက်ရမှာပဲ။" "မဟုတ်ဘူး၊ မရောက်ဘူး၊ ငါ ငရဲ မရောက်ဘူး။" ၎င်း၌ ထင်ရတာ ကျွန်ုပ်အပေါ် တန်ခိုးနှင့် အစိုးပိုင်မှု ရှိနေသလို ဖြစ်နေပြီး၊ ကျွန်ုပ်သည် ဘာလုပ်ရမည်ကို မသိ၊ ဒီကလေးမ အထဲက ထွက်လာတာကို ဘယ်လို ဖြေရှင်း ရမည်ကိုလည်း မသိ ဖြစ်နေပါသည်။

ကျွန်ုပ်ရဲ့အကောင်းဆုံး မိတ်ဆွေ တစ်ယောက်ကလည်း အလွန်ကြောက်လန့်ပြီး နေရာကနေ

ချက်ချင်း ထွက်သွားသဖြင့် ကျွန်ုပ်တစ်ဦးတည်း ကျန်နေခဲ့သည်။ ကျွန်ုပ် တွေး နေသည်။ ငါ ဒီလောကထဲ ဘာလာလုပ်သလဲ။ ကလေးမမှာ သဘာဝလွန် အစွမ်းနှင့် သူ တစ်ခါဖူးမျှ မသင်ခဲ့ဘူးတဲ့ ဂျာမန်စကားလိုမျိုး တစ်စုံတစ်ရာ စတင်ပြောဆို လာပါသည်။ စာတန် မာရ်နတ်၏ ရိုင်းစိုင်းသောပြော ဆိုချက်များအမျိုးစုံသည် ကလေးမအထဲက ထွက်လာနေပါသည်။ ကလေးမသည် နတ်ဆိုးစွဲနေသည်။ ကျွန်ုပ် ဘာလုပ်ရမည်ကို မသိသော်လည်း သမ္မာကျမ်းစာသည် အမြဲတမ်း တန်ခိုးရှိသည်ကို ကျွန်ုပ်ယုံကြည်သည်။ ၎င်းမှာ ကျွန်ုပ်တို့ ငယ်စဉ်အခါက ကြောက်စရာ ဒရက်ကူလာရုပ်ရှင် ကြည့်နေရသလိုမျိုး ဖြစ်သည်။ သွေးစုပ်ဖုတ်ကောင်သည် လူအနား တဖြည်းဖြည်း ချဉ်းကပ်လာနေစဉ် ရုတ်တရက်ထိုသူက လက်ဝါးကပ်တိုင် ဆွဲထုတ် ပြလိုက်သည်နှင့် သွေးဆုပ်ဖုတ်ကောင်သည် "ဂါးအားအား"နှင့် ဖြစ်ပျက်အော်ဟစ်သည်ကို တွေ့ရ လိမ့်မည်။ သမ္မာကျမ်းစာသည် ထိုသို့နည်းအတိုင်း လုပ်မည်ဟု ကျွန်ုပ်တွေးနေသည်။ တန်ခိုးရှိသည်ကို ကျွန်ုပ်သိသည်။ ကျမ်းစာထဲက တန်ခိုးကို ဘယ်လိုထုတ်သုံးရမည် ကျွန်ုပ် မသိသေးပါ။ ဘုရားသခင့် ကျေးဇူးတော်သည် ကျွန်ုပ်ကို ကူညီပါလိမ့်မည်။ အကြောင်းမှာ ယခင်က ဤလိုမျိုး တစ်ခုခု ကျွန်ုပ်အတွေ့အကြုံမရှိသေးသောကြောင့်ဖြစ်သည်။ ကျွန်ုပ်သည် ကျမ်းစာအုပ်ကို ယူပြီး၊ ဓမ္မသစ်ကျမ်းကိုဖွင့်လိုက်ရာ၊ ဖိလိပ္ပိဩဝါဒစာစောင်ကို ဖွင့်မိသည်။ ကျွန်ုပ်သည် အခန်းကြီး(၂) အငယ်(၈-၁၁)ကို စတင်ဖတ်သည်။ "ထိုသို့ လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက် အသေခံခြင်း သာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေ ကျွန်ခံ၍၊ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန် ချီးမြောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သောဘွဲ့နာမတော်ကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီး အောက်၌ရှိသော သတ္တဝါ တည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့် ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို
ထင်ရှား စေကြမည်အကြောင်းတည်း။"

ထိုအခါ နတ်ဆိုးက "မဆိုနဲ့၊ ငါ နားမခံနိုင်ဘူး။ မရွတ်နဲ့ မဆိုနဲ့ "ဟုအော်သည်။ ကျွန်ုပ် တွေးမိ သည်။ "ထိရောက်နေတာပဲ။ "ထိုအခါ ကျွန်ုပ်က ပြောလိုက်သည်။ "ကောင်းပြီလေ၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူ သော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှုနာမတော်ကို ဒူးထောက်ရမည်။" "မဆိုနဲ့၊ ငါ နားမခံနိုင်ဘူး။ မရွတ်နဲ့ မဆိုနဲ့ "ဟု ကလေးမ စူးစူးဝါးဝါး အော်ချလာသည်။ ကျွန်ုပ်သိလိုက်ပြီ။ ကလေးမအထဲက နတ်ဆိုးသည် ရှုံးသွပ်ခြင်းသို့ ရောက်နေသဖြင့်၊ ကျွန်ုပ်သည် ဘုရား စကားတော်ကို ဆက်ဖတ် နေဖို့သာ ရှိတော့သည်။ ထိုကြောင့် ကျွန်ုပ် ကျမ်းစာပဲ ဆက်ဖတ်နေသည်။ "ထိုသို့ လူ၏ဂုဏ် အင်္ဂါလက္ခဏာ နှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေ ကျွန်ခံ၍၊ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ ၏။ ထို့ကြောင့် ထိုဘုရားသခင်သည်၊ ကိုယ်တော်ကို အလွန် ချီးမြောက်၍ ဘွဲ့နာမတကာ တို့ထက် ကြီးမြတ်သောဘွဲ့နာမတော်ကို ပေးသနားတော်မူ၏။ " "မဆိုနဲ့၊ ငါ့နား မခံနိုင်ဘူး၊ မရွတ်နဲ့ မဆိုနဲ့။" ထိုအခါ နတ်ဆိုးသည် ကလေးမ၏ နားနှစ်ဖက်ကို ကုတ်ခြစ်၍၊ "မဆိုနဲ့၊ ငါ့နား မခံနိုင်ဘူး။ မရွတ်နဲ့ မဆိုနဲ့" ဟုအော်ပြီး၊ ကလေးမကို ကျွန်ုပ်၏ရှေ့ ၌ လှဲချ လိုက်သည်။ ယေရှု၏ နာမ၌ ကလေးမ စတင် ဦးချလာပါပြီ။ ကျွန်ုပ် ဆက်လက် ဖတ်ရပါသည်။ "ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှုနာမတော်ကို ဒူးထောက်ရမည်။"

ဤတခဏမတိုင်မီက စာတန်မာရ်နတ်သည် ကျွန်ုပ်အပေါ်တွင် အုပ်စိုးခြင်းနှင့် တန်ခိုး ရှိခဲ့သည်။ ထိုစဉ်က ကျွန်ုပ်တွေးမိသည် မှာ၊ ထိုနေရာမှ ကျွန်ုပ်ကို ဆွဲထုတ်မည်၊ ရိုက်နှက်မည်၊ အပြင်သို့ တွန်းပစ်မည် ထင်ရသည်။ ကျွန်ုပ် မသိ။ ကျွန်ုပ် သိသမျှအားလုံးမှာ ကျမ်းစာသည် တန်ခိုး ရှိသည့် အကြောင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ် ကျမ်းစာအုပ်ဖွင့်၍ စတင်ဖတ်ပြခဲ့သည်။ သမ္မာကျမ်းစာ (ဧဖက် ၆း၁၇)က ပြောထားသည်။ "ဘုရားသခင်၏ နှုတ်ကပတ်တည်း ဟူသောဝိညာဉ်တော်၏ ဓားကိုငင်း ယူကြလော့။" တွေ့သလော၊ ရန်သူကို ဖြတ်တောက် နာကျင်စေမည့် ဓားတစ်လက်နှင့်တူသည့် တိုက်ခိုက်ရေးလက်နက်ကို ယူခိုင်းထားပါသည်။ ၎င်းသည် ဘုရားသခင်၏ နှုတ်ကပတ်တည်းဟူသော ဝိညာဉ်တော်၏ဓား ဖြစ်သည်။ ယေရှု သွေးဆောင်ခံ ရသည့်အဖြစ်ကို သင် မှတ်မိပါသလား။ စာတန်သည် ကိုယ်တော့်ထံလာ၍ ပြောသည်။ စာတန်က "ကိုယ်တော်သည် ငါ့ကို ညွတ်ပျပ်ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်ဟု ဆိုလေ၏။" ယေရှုကလည်း၊ "အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်၏ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည် ကျမ်းစာလာသည်ဟု မိန့်တော်မူ၏။" (မဿဲ ၄း၉-၁၀)။ စာတန်သည် ကိုယ်တော်ကို သွေးဆောင်ပြန်၏။ နောက်ထပ် တစ်ဖန်လည်း သွေးဆောင်ပြန်၏။ အခါတိုင်းလည်း ယေရှု မိန့်ဆိုခဲ့သည်။ "ကျမ်းစာလာသည်ကား၊ စာတန်၊...ကျမ်းစာလာ သည်ကား၊" ကိုယ်တော်သည် ဘုရားစကားတော် ကျမ်းစာကိုသာ ညွှန်းဆိုခဲ့သည်။ ကိုယ်တော်သည် ဝိညာဉ်တော်ဓားကို အသုံးပြုခဲ့ ခြင်းခြင်းဖြစ်၏။ သမ္မာကျမ်းစာထဲတွင် စာတန်သည် ကိုယ်တော့်ထံမှ ထွက်သွား၍ ကာလအတန်အရာနေလေ၏ဟု ဆိုပါသည်။

ရန်သူကိုနှိမ်နင်းရန် ကျွန်ုပ်တို့၏ တစ်ခုတည်းသော လက်နက်သည်၊ ဝိညာဉ်တော်ဓား ဖြစ်သော၊ ဘုရားသခင်၏စ ကားတော် ဖြစ်ပေသည်။ ၎င်းမှ ကျွန်ုပ် ဘာသင်ယူခဲ့သည်ကို သင် သိပါသလား။ ဤသို့ ကျွန်ုပ် သင်ယူရရှိခဲ့သည်။ နှုတ်ကပတ်တော်ကို ကျွန်ုပ် လေ့လာ ယူသည့် အခါတိုင်း၊ ကျွန်ုပ် မည်မျှ ဆာငတ်သည်ကို တွေးမိတတ်ပြီး၊ တစ်စုံတစ်ခု မှီဝဲရန် ရှာဖွေကြည့်ပါသည်။ ထို့ပြင် ထိုနေ့၌ အရာအားလုံးကို ကျွန်ုပ် မပြုနိုင်သည်ကိုလည်း သိလိုက်သည်။ တပည့်တော်ဖြစ် သင်တန်းထဲ၌ လူတွေ ဘာကြောင့် မရောက်လာနိုင် သည့်သူတို့၏ ဆင်ခြေအမျိုးအစား အားလုံး ကိုလည်း ကျွန်ုပ်သိလိုက်သည်။ ဘာကြောင့်ဆိုသည်ကို နောက်ဆုံး ကျွန်ုပ်တွက်ထုတ်ခဲ့ သည်။ သမ္မာကျမ်းစာထဲ၌ ဘုရားသခင်သည် ကျွန်ုပ်တို့အား သိစေလိုသည့် အရာများရှိပြီး၊ စာတန် သည် ကျွန်ုပ်တို့ကို မသိစေလိုပါ။ ထို့ကြောင့် ဘုရားစကားတော်ကိုသင်ယူရန် သင်သည် ရောက်လာသည့် အခါတိုင်း (သို့မဟုတ်) တပည့်တော်ဖြစ် အတန်းထဲသို့ ရောက်လာသည့်အခါတိုင်း ရန်သူက သင့်ကို မသိစေလိုသည့် ဘုရားစကားတော်ထဲ၌ တစ်စုံတစ်ရာရှိပါသည်။ စာတန်သည် နှုတ်ကပတ်တော် နောက်ရှိ ဘုရားသခင်ကိုသိရှိရန် သင်တို့အား မလိုလားခြင်း ဖြစ်သည်။

ဤတွင် အမှောင်နိုင်ငံတော်ရှိသလို၊ ဘုရားသခင် ချစ်သောသားတော်၏ နိုင်ငံတော် ရှိသည်။ (ကော ၁း၁၃)၌ ပေါလုကပြော သည်။ "မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုနှုတ်၍၊ ချစ်တော်မူသော သားတော်၏ နိုင်ငံထဲသို့ သွင်းတော်မူ၏။" သင်သည် မည်သည့် နိုင်ငံတော်အထဲ ရှိနေသနည်း။ နိုင်ငံတော်တစ်ခုဆိုသည်မှာ တစ်ယောက်ယောက်က အုပ်ချုပ်မင်း လုပ်နေသည့် နေရာကို ဆိုလိုသည်။ ယေရှုခရစ်သည် ဘုရင်တစ်ပါးဖြစ်သည်။ သင့်အသက်တာကို ကိုယ်တော်၌ သင်အပ်နှံဖူးပါသလား။ ကိုယ်တော့်နောက်သို့ ယနေ့ သင်လိုက်ပါနေ ပါသလား။ သို့မဟုတ်၊ သင့်ဘဝထဲ အခြားအရာများကို

ဦးစားပေးနေပါသလား။ (လုကာ ၆း၄၆) ၌ ယေရှု မိန့်တော်မူခဲ့သည်။ "ငါ့စကားကို နားမထောင်ဘဲလျက်၊ ငါ့ကို သခင်၊ သခင်ဟု အဘယ်ကြောင့် ခေါ်ကြသနည်း။" ကိုယ်တော်သည် သင့်ဘဝအထဲ နံပါတ်တစ်အဖြစ် ပြိုင်ဘက်ကင်း ရှိထားစေလိုသည်။ သင့်ဘဝကို အုပ်စိုးနေသောနေရာ၌ ယေရှုကို ပြိုင်ဘက်ကင်း မထားရှိစေရန် ကြိုးစားနေသော အမှောင် နိုင်ငံတော်တစ်ခု ရှိပါသည်။ ဤအတွက် အကြောင်းပြချက်မှာ ရန်သူသည် ပြိုင်ဘက်ကင်း ထိုနေရာသို့ တက်နေရန် အလိုရှိခြင်း ဖြစ်သည်။ ၎င်း၏အမည်သည် စာတန်ဖြစ်ပြီး အမှောင်တန်ခိုး ရှိသူဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် စာတန်အပေါ် အစိုးပိုင်ခွင့်ရှိသည်ဟု ကျမ်းစာက ပြောနေပါသည်။

ယေရှုက(မဿဲ ၁၀း၈)၌ ဆိုပါသည်။ "နာသောသူတို့အား ချမ်းသာပေးကြလော့။ သေသောသူ တို့ကို ထမြောက်စေကြလော့။ နူသောသူတို့ကို သန့်ရှင်းစေကြလော့။ နတ်ဆိုးတို့ကိုလည်း နှင်ထုတ် ကြလော့။ သင်တို့သည် အဖိုးမပေးဘဲ ကျေးဇူးတော်ကို ခံရပြီဖြစ် ၍ အဖိုးမခံဘဲ ပေးကမ်း ကြလော့။" နိုင်ငံတော်သတင်းကောင်းကို ဟောပြောပါ။ သင် သွားရောက်လေရာရာ၌ နတ်ဆိုးကို အောင်ရ သောအခွင့် ရှိကြသည်။ သင့်ဘဝအထဲ ဘုရားသခင် ဘယ်တော့မှ မရှိတော့ဟု ရန်သူ ပြောလာသည်ကို အခွင့်မပေးကြနှင့်။ ယေရှုကို သင့်ဘဝ၌ သခင်နေရာနှင့် ပထမနေရာတွင် ထားပါ။ သင်သည် ဘယ်သောအခါမျှ ဂမ်းနည်းစရာ ဖြစ်လာတော့မည် မဟုတ်ပါ။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ဖေက် ၆း၁၂)ကို ဖတ်ပါ။ ဤကျမ်းချက်သည် နတ်ဆိုးနယ်မြေအတွင်း ကျွန်ုပ်တို့၏ဂိညာဉ်ရေးရာတိုက်ပွဲအကြောင်း မည်သို့ ဖော်ပြထားသနည်း။

**ဖေက် ၆း၁၂** - *"အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင် တိုက်လှန်ရသည် မဟုတ်။ အထွဋ် အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရ ပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုးကောင်း ကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း ဆိုင်ပြိုင် တိုက်လှန်ရကြ၏။"*

၂။ (မာကု ၁၆း၁၇)ကို ဖတ်ပါ။ ယုံကြည်သူများ၏ အစိုးပိုင်ခြင်းနှင့် ပတ်သက်၍ ဤကျမ်းချက်က ကျွန်ုပ်တို့ကို ဘာ သွန်သင်ပေး လာသနည်း။

**မာကု ၁၆း၁၇** - *"ယုံကြည်သောသူတို့၌ ဖြစ်အံ့သောနိမိတ်လက္ခဏာဟူမူကား၊ ငါ၏နာမကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ် လတ္တံ့။ ထူးခြားသော ဘာသာစကားမျိုးတို့ကို ပြောကြလတ္တံ့။"*

၃။ (ယာကုပ် ၄း၇)ကို ဖတ်ပါ။ လူတစ်ယောက်သည် နတ်ဆိုးပြုစားခြင်းမှ မည်သည့် လွတ်မြောက်မှုကို ရာရမည်နည်း။

**ယာကုပ် ၄း၇** - *"ထို့ကြောင့်၊ ဘုရားသခင်၏အလိုတော်သို့လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင်၊ သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။"*

၄။ (ယာကုပ် ၁း၁၄)ကို ဖတ်ပါ။ ကျွန်ုပ်တို့ကို နတ်ဆိုး ခိုလှုံချင်စရာ တစ်ခုခုဖြစ်စေရန် စာတန်သည် ကျွန်ုပ်တို့ကို မည်သို့ လှည့်ဖြားသနည်း။

**ယာကုပ် ၁း၁၄** - *"မိမိတပ်မက်သောစိတ် ဆွဲငင်ဖြားယောင်းခြင်းကို ခံသောသူမည်သည်ကား၊ အပြစ်သွေးဆောင်ခြင်းသို့ ရောက် တတ်၏။"*

၅။ (ရောမ ၆း၁၃)ကို ဖတ်ပါ။ လူတစ်ယောက်သည် ခရစ်တော်၏အရာများနှင့် သူတို့ဘဝအထဲ ပြည့်ဂနေစေလျှင် နတ်ဆိုးသည် မအီမသာဖြစ်ပြီး ၎င်းကိုယ်တိုင် ထွက်ပြေးလိမ့်မည်။ ဤကျမ်းချက်က ကျွန်ုပ်တို့ကို ဘာလုပ်ဖို့ ပြောနေသနည်း။

**ရောမ ၆း၁၃** - *"သင်တို့၏ကိုယ်အင်္ဂါများကို ဒုစရိုက်လက်နက်ဖြစ်စေ၍၊ အပြစ်တရားအား မဆက်ကြနှင့်။ သေခြင်းမှထမြောက်၍ အသက်ရှင်သောသူကဲ့သို့၊ ဘုရားသခင်အား ကိုယ်ကို ကိုယ် ဆက်ကြလော့။"*

၆။ (ရောမ ၁၃း၁၄)ကို ဖတ်ပါ။ ဇာတိပကတိအလုပ်အပေါ်တွင် နတ်ဆိုးသည် မှီဂဲနေသည်။

ဘုရားသခင်၏ မေတ္တာတော်နှင့် စင်ကြယ်မှု နည်းလမ်း၌ သွားလာခြင်းအားဖြင့် နတ်ဆိုးကို တော်မွတ်စေသည်။ ကျွန်ုပ်တို့သည် ကိုယ်ကာယ -----_ မလိုက်ကြရပါ။

**ရောမ ၁၃း၁၄** - " *သခင်ယေရှုခရစ်တော်ကို ယူတင်ဝတ်ဆောင်ကြလော့။ ကိုယ်ကာယ၏ တပ်မက်ခြင်းအလိုငှါ မကြံစည်ကြနှင့်။"*

၇။ (လုကာ ၁၀း၁၇-၁၉)ကို ဖတ်ပါ။ ယေရှုသည် ကိုယ်တော့်ထံမှနတ်ဆိုးနှင်ထုတ်ရန် ကိုယ်တော်အား ဆုတောင်းပေးဖို့ ဘယ်တော့မှ မပြောပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အား အခွင့်အာဏာ ပေးတော်မူသည်။ ဤကျမ်းချက်သည်၊ မည်သည့်အပေါ်တွင် တန်ခိုးနှင့် အာဏာရှိသည်ဟု ပြောနေသည်မှာ၊

**လုကာ ၁၀း၁၇-၁၉** - "*ထိုခုနစ်ကျိပ်သော တပည့်တော်တို့သည်၊ ဝမ်းမြောက်သောစိတ်နှင့် ပြန်လာ၍၊ သခင်၊ ကိုယ်တော်၏ နာမ အားဖြင့်၊ အကျွန်ုပ်တို့သည် နတ်ဆိုးကိုပင် နိုင်ပါသည်ဟုလျှောက်ကြ၏။ ယေရှုကလည်း၊ စာတန်သည် လျှပ်စစ် ကဲ့သို့ ကောင်းကင်မှကျသည်ကို ငါမြင်ပြီ။ သင်တို့သည် မြွေ၊ ကင်းမြီးကောက်တို့ကို နိုင်ရသောအခွင့်နှင့် ရန်သူများ ကို နိုင်ရသောအခွင့်တန်ခိုးကို ငါပေးမည်။ သင်တို့ကို အဘယ်ဘေးမျှ မညှဉ်းဆဲရ။"*

# အဖြေ သော့ချက်

၁။ (ဖေက် ၆း၁၂)ကို ဖတ်ပါ။ ဤကျမ်းချက်သည် နတ်ဆိုးနယ်မြေအတွင်း ကျွန်ုပ်တို့၏ဂိညာဉ်ရေးရာတိုက်ပွဲအကြောင်း မည်သို့ ဖေါ်ပြ ထားသနည်း။
**ဆိုင်ပြိုင်တိုက်လှန်ရသည်ကဲ့သို့ ဖေါ်ပြထားသည်။**

၂။ (မာကု ၁၆း၁၇)ကို ဖတ်ပါ။ ယုံကြည်သူများ၏ အစိုးပိုင်ခြင်းနှင့်ပတ်သက်၍ ဤကျမ်းချက်က ကျွန်ုပ်တို့ကို ဘာ သွန်သင်ပေးလာသနည်း။
**ယေရှု၏နာမတော်အားဖြင့်၊ နတ်ဆိုးတို့ကို နှင်ထုတ်နိုင်သော အခွင့်အာဏာရှိသည်။**

၃။ (ယာကုပ် ၄း၇)ကို ဖတ်ပါ။ လူတစ်ယောက်သည် နတ်ဆိုးပြုစားခြင်းမှ မည်သည့် လွတ်မြောက်မှုကို ရှာရမည်နည်း။
**ဘုရားသခင်၏အလိုတော်သို့လိုက်၍ မာရ်နတ်ကို ဆီးတားခြင်းဖြင့်၊**

၄။ (ယာကုပ် ၁း၁၄)ကို ဖတ်ပါ။ ကျွန်ုပ်တို့ကို နတ်ဆိုး ခိုလှုံချင်စရာ တစ်ခုခုဖြစ်စေရန် စာတန်သည် ကျွန်ုပ်တို့ကို မည်သို့လှည့်ဖြားသနည်း။
**ကျွန်ုပ်တို့၏တပ်မက်ခြင်းစိတ်အပေါ်တွင် စာတန် လုပ်ချတတ်သည်။** (**နတ်ဆိုးခိုလှုံချင် စရာ တစ်ခုခုကို လုပ်နေခြင်းကြောင့်**)

၅။ (ရောမ ၆း၁၃)ကို ဖတ်ပါ။ လူတစ်ယောက်သည် ခရစ်တော်၏အရာများနှင့် သူတို့ဘဝအထဲ ပြည့်ဝနေစေလျှင် နတ်ဆိုးသည် မအီမသာဖြစ်ပြီး ၎င်းကိုယ်တိုင် ထွက်ပြေးသွားလိမ့်မည်။ ဤကျမ်းချက်က ကျွန်ုပ်တို့ ကို ဘာလုပ်ဖို့ ပြောနေသနည်း။
**စာတန်အလိုသို့ မလိုက်ဘဲ၊ ကိုယ့်ကိုယ်ကို ဘုရားသခင်အား ဆက်ကပ်ကြပါ။** (**ဖြောင့်မတ်သော အလုပ်များလုပ်ကိုင်သည့် တန်ဆာပလာများ ဖြစ်ကြသော ကျွန်ုပ်တို့၏ အသင်းသားများ**(**ခန္ဓာကိုယ်အဖွဲ့ဝင်များ**)**ကို ဆက်ကပ်ကြစေပါ။**

၆။ (ရောမ ၁၃း၁၄)ကို ဖတ်ပါ။ ဇာတိပကတိအလုပ်အပေါ်တွင် နတ်ဆိုးသည် မှီဝဲနေသည်။ ဘုရားသခင်၏ မေတ္တာတော်နှင့် စင်ကြယ်မှု နည်းလမ်း၌ သွားလာခြင်းအားဖြင့် နတ်ဆိုးကို ငတ်မွတ်စေသည်။ ကျွန်ုပ်တို့သည် ကိုယ်ကာယ **တပ်မက်ခြင်းအလိုသို့** မလိုက်ကြရပါ။

၇။ (လုကာ ၁၀း၁၇-၁၉)ကို ဖတ်ပါ။ ယေရှုသည် ကိုယ်တော့်ထံမှ နတ်ဆိုးနှင်ထုတ်ရန် ကိုယ်တော်အား ဆုတောင်းပေးဖို့ ဘယ်တော့မှမပြောပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အား အခွင့်အာဏာပေးတော်မူသည်။ ဤကျမ်းချက်သည် မည်သည့်အပေါ်တွင် တန်ခိုးနှင့် အာဏာရှိသည်ဟု ပြောနေသည်မှာ၊
**ရန်သူများ၏ တန်ခိုးအားလုံးအပေါ်**

## သင်ခန်းစာ ( ၆ )

# ယုံကြည်သူ၏ အခွင့်အာဏာ

ယနေ့ သင်ကြားမှု ကဏ္ဍအဖြစ်၊ ယုံကြည်သူများအား ဘုရားသခင် အပ်နှင်းထားသော အာဏာ အကြောင်းကို ကျွန်ုပ်ပြောပြပါမည်။ ဤသို့ ပြောပြရာတွင်၊ ကျွန်ုပ်တို့ရထားသည့် အခွင့်အာဏာ တစ်ခုတည်းကိုသာ ကျွန်ုပ်တို့ ဖြေရှင်းရမည် မဟုတ်ဘဲ၊ စာတန်၏ တန်ခိုးကိုလည်း ကျွန်ုပ်တို့ ရင်ဆိုင်ရကြမည်။ စာတန်သည် အစိတ်အပိုင်းတစ်ခုအဖြစ်မှ ဖယ်ရှားခံရသည်။ ခရစ်ယာန်များသည်၊ ကျွန်ုပ်တို့ထက် သာလွန်သော တန်ခိုးရှိသည့်ပုဂ္ဂိုလ်နှင့် ကျွန်ုပ်တို့တိုက်ခိုက်နေရကြောင်းနှင့် ကျွန်ုပ်တို့ တိုက်ခိုက် ပြီးစီးရုံမျှသာရှိကြောင်းကို၊ ကျွန်ုပ်တို့ ယုံကြည်ရန် ဦးတည်နေခဲ့ပါသည်။ သို့သော် သမ္မာကျမ်းစာက ထိုသို့ လုံး၀ မသွန်သင်ခဲ့ပါ။ (ဖေက် ၆း၁၂) ၌ ပြောထားပါသည်။ *"အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည် မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီ မှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏။"* ထိုကြောင့် စာတန်သည် အခြေခံအကြောင်းတစ်ခု ဖြစ်သည်။ သူ ရှိနေသည်။ စာတန်သည် ကျွန်ုပ်တို့ ရင်ဆိုင်နေရသည့် အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း ကြီးစဥ်ငယ်လိုက် ရှိနေပါသော်လည်း၊ ယင်းကျမ်းချက်မရောက်မီ ကျွန်ုပ်တို့ကို ပြောသည်မှာ၊ စာတန်မာရ်နတ်၏ ပရိယာယ်တို့ကို ကျွန်ုပ်တို့ ဆီးတားကြရန် ဖြစ်သည်။ ကျွန်ုပ်တို့ကို အမှန်တကယ် တိုက်ခိုက်လာနိုင်သည့် စာတန်၏ တစ်ခုတည်းသော တန်ခိုးမှာ၊ ကျွန်ုပ်တို့ကို လှည့်ဖြားခြင်း ဖြစ်သည်။ သူ့၌ ကျွန်ုပ်တို့ကိုတိုက်ခိုက်အောင်နိုင် သွားနိုင်သည့် တန်ခိုးမရှိပါ။

ကမ္ဘာဦးကျမ်းအခန်းကြီး(၃)၌ ကျွန်ုပ်တို့တွေ့ရသည်မှာ၊ အာဒံနှင့်ဧ၀တို့သည် ပထမဦးဆုံး တိုက်ခိုက်လာသော သွေးဆောင် ဖြားယောင်းခြင်း ခံရသောအခါ၊ စာတန်သည် သာလွန်သော စွမ်းအားနှင့် ရောက်လာသည် မဟုတ်ပါ။ ဥပမာပြောရရင်၊ စာတန်သည် ရေမဆင်ကြီး တစ်ကောင်၌ ၀င်စားပြီး၊ အာဒံ၏ဦးခေါင်းအပေါ် ခြေတင်လျက် "ငါ့ကို အစေခံမလား၊ အသေခံမလား" ဟူ၍ ခြိမ်းခြောက် မေးလာသည့်အစား၊ ဘုရားသခင် ဖန်ဆင်းတော်မူသော ပရိယာယ်နှင့် အလိမ္မာဆုံးသော မြွေတစ်ကောင်၌ ၀င်နေခဲ့သည်။ ဤတွင် "ပရိ ယာယ်နှင့်လိမ္မာသည်" ဆိုသည့်စကားလုံးသည် "မရိုးသားခြင်း၊ လှည့်ဖြားခြင်း၊ ကောက်ကျစ်ခြင်း" အဓိပ္ပာယ် ဖြစ်သည်။ စာတန် သည် မြွေတစ်ကောင် အနေနှင့် ရောက်လာရသည့် အကြောင်းမှာ၊ အာဒံနှင့် ဧ၀တို့ကို တစ်ခုခု လုပ်နိုင်သည့်တန်ခိုး သူ့၌ မရှိသောကြောင့် ဖြစ်သည်။ စာတန်သည် လှည့်ဖြားခြင်းသာ ပြုနိုင်သည်။ စာတန်သည် ဘုရားသခင်၏ သဘာ၀တော်နှင့် သိက္ခာတော်တို့ကို တိုက်ခိုက် ရန် ရောက်လာပြီး၊ ကိုယ်တော်အား စတင် အပြစ်တင်လျက် လူကို ပြောဆို၏။ "မင်းတို့ကို ဘုရားသခင် တကယ် မချစ်ပါဘူး။..... မင်းတို့ဆီက ကောင်းတဲ့အရာများကို ဘုရားသခင် ချုပ်ကိုင်ထားတယ်။" ဘုရားသခင်အား ဆန့်ကျင်သောအပြစ်လုပ်ရန် အာဒံနှင့်ဧ၀ တို့သွေးဆောင်ခံရဖို့ လှည့်စား ဖြားယောင်းခြင်းကို စာတန်အသုံးပြုလိုက်သည်။ အာဒံနှင့်ဧ၀သည် အုပ်စိုးမှုအလုံးစုံ ရှိသူတွေ ဖြစ်သည်။ ဤလှည့်ဖြားခြင်းနည်းလမ်းကို စာတန်အသုံးပြုရသည့်အကြောင်းမှာ၊ ဘုရားသခင်အား ဆန့်ကျင်ရန် သူ့၌ တန်ခိုးမရှိသောကြောင့် ဖြစ်သည်။

ပြောစရာအများကြီးရှိသော်လည်း အချိန်မလုံလောက်၍ မပြောတော့ပါ။ သို့သော် အဓိက အချက်တစ်ခုကို ကျွန်ုပ် ပြောပြလို သည့်မှာ၊ သင်တို့အပေါ်၌ စာတန်၏တန်ခိုးနှင့် အာဏာ လုံး၀ မရှိကြောင်းကို သင်တို့ သိမှတ်ထားဖို့ ဖြစ်သည်။ စာတန်သည် တိုက်ခိုက်နှိမ်နင်းခံရသည့် ရန်သူ ဖြစ်သည်။ သင်တို့ကို တိုက်ခိုက်လာနိုင်သည့် စာတန်၏တစ်ခုတည်းသော တန်ခိုးသည်၊ သင်တို့ဆီသို့ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်းနှင့်အတူ ရောက်လာခြင်းသာဖြစ်သည်။ အကယ်၍ သင်သည် ပျက်စီးခြင်းသို့ရောက်လျှင်၊ သင်သည် "စာတန် ငါ့ကို သေနတ်နဲ့ ပစ်ချ လိုက်တာ ဖြစ်တယ်"လို့ သင်ပြောနိုင်ပါသော်လည်း၊ တကယ်တော့ စာတန်ကို ကျည်ဆံပေးသူမှာ သင် သာလျှင် ဖြစ်သည်။ စာတန်၏လိမ်လည်မှု၊ လှည့်ဖြားမှုတို့ကို လက်ခံခဲ့သောသူမှာ သင်ပဲဖြစ်၏။ စာတန်၏ အလိုသို့ သင် မလိုက်ခဲ့လျှင်၊သူသည် သင့်ကိုတိုက်ခိုက်ရန် ထိုးဖေါက်ခြင်း၊ တန်ခိုးပြခြင်း မရှိ ဖြစ်လိမ့်မည်။ (၂ ကော ၁၀း၃-၅)၌ ရေးထားသည်။ *"အဘယ်ကြောင့် နည်းဟူမူကား၊ ငါတို့သည် လူ့ဇာတိ၌ ကျင်လည်သော်လည်း၊ ဇာတိပကတိအလိုသို့ လိုက်၍ စစ်တိုက်ကြသည် မဟုတ်။ (ငါတို့စစ်တိုက်၍ သုံးစွဲသောလက်နက်သည် ဇာတိပကတိ လက်နက်မဟုတ်၊ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့ရိုး မြို့ပြတို့ကို ဖြိုဖျက်နိုင်သော လက်နက်ဖြစ်၏။) ထိုလက်နက်အားဖြင့် လူတို့၏အကြံအစည်တို့ကိုငင်း၊ ဘုရားသခင်ကို သိသောပညာကို ဆီးတားသော မာန်မာန ရှိသမျှတို့ကိုငင်း၊ နှိမ့်ချမှောက်လှန်၍ ခပ်သိမ်းသော စိတ်တို့ကို ဖမ်းသွား ချုပ်ထားလျက်၊ ခရစ်တော်၏စကားကို နားထောင်စေကြ၏။"* ဤကျမ်းချက်သည်၊ သင်၏ ဂိညာဉ်တိုက်ပွဲ လက်နက်အကြောင်းကို ပြောနေခြင်းဖြစ်ပြီး၊ ဖေါ်ပြထားသော လက်နက်အားလုံးသည်၊ သင့် အတွေးကို အဖြေပေးသော သင့်စိတ်ဂိညာဉ်ကို ရည်ညွှန်းနေပါသည်။ စာတန်သည်၊ သင့်ကို လိမ်လည် လှည့်ဖြားခြင်းမှလွဲ၍၊ သင့်အပေါ် တစ်ခုခုလုပ်ရန် တန်ခိုးမရှိပါ။

ကျွန်ုပ်တစ်ခုခုကို အမြန်အကျဉ်းချုပ် ပြောပြပါမည်။ အစအဦး၌ ဘုရားသခင်သည် အမှန်ပါပဲ၊ အခွင့်အာဏာ အလုံးစုံ ရှိတော်မူ၏။ တန်ခိုးနှင့် အာဏာအားလုံးသည် ဘုရားသခင်ထံမှ ပေါ်ထွက်လာ ခဲ့သည်။ အကြောင်းမှာ ကိုယ်တော်တိုင်၌သာ တန်ခိုးရှိသော တစ်ပါးတည်းသော ပုဂ္ဂိုလ် ဖြစ်သောကြောင့်ပေတည်း။ အရာခပ်သိမ်းပင်လျှင် ကိုယ်တော့်ထံမှ ခွဲ၀ေအပ်နင်းခြင်း ဖြစ်သည်။ ကောင်းကင်နှင့် မြေကြီးကို ကိုယ်တော်ဖန်ဆင်းသောအခါ၊ ကိုယ်တော်သည် တန်ခိုးနှင့် အာဏာ အားလုံးရှိသည်။ ထို့နောက် ကမ္ဘာဦးကျမ်း(၁း၂၆)၌ ဘုရားသခင်သည် အာဒံနှင့်ဧ၀ တို့ကို ဖန်ဆင်းပြီးသောအခါ မိန့်တော်မူခဲ့သည်။ *"မြေတပြင်လုံး အပေါ်ရှိသမျှတို့ကို၊... အုပ်စိုးစေ၊..."* ၎င်းကျမ်းချက်ကို (ဆာလံ ၁၁၅း၁၆)နှင့် အတူယှဉ်ကြည့်ပါ။ *"ကောင်းကင်ကား၊ ထာ၀ရဘုရား၏ ကောင်းကင်ဖြစ်၏။ မြေကြီးကိုကား လူသားတို့အား ပေးတော်မူပြီ။"* ဘုရားသခင်သည် ဖန်ဆင်းခြင်းပြုသော ပုဂ္ဂိုလ်၏မူပိုင်အရ အရာခပ်သိမ်းကို ပိုင်ဆိုင်သူဖြစ်သော်လည်း မြေကြီးကို ရုပ်ခန္ဓာရှိသော လူသားတို့အား အုပ်ချုပ်မှုနှင့် အာဏာပေးတော်မူသည်။ စာတန်သည် မြေကြီးကို အုပ်စိုးရန်၊ ရပိုင်ခွင့်နှင့် အာဏာ ဘယ်သောအခါမျှ မရခဲ့ပါ။ စာတန်သည် လူသားတို့အား လှည့်စား၍ အပြစ်လုပ်စေခြင်းအားဖြင့် ၎င်းကို ယူထားခဲ့သည်။

ဘုရားသခင်သည် လူသားကို တန်ခိုးပေးခဲ့သော်လည်း၊ လူသားကျဆုံးသောအခါ သူသည် ဘုရားပေးခဲ့သော တန်ခိုးနှင့်အာဏာကို စာတန်လက်ထဲသို့ အပ်နှံခဲ့ရသည်။ စာတန်သည် လူသားကို နှိပ်စက်ရန် (သို့မဟုတ်) မြေကြီးကို အုပ်စိုးရန်အတွက် ဘုရားသခင်က ဘယ်တော့မှ တန်ခိုး ပေးအပ်ခြင်း မခံခဲ့ရပါ။

သမ္မာကျမ်းစာသည် စာတန်ကို ဤလောက၏ဘုရားဟု ပြောပါသော်လည်း၊ ဘုရားသခင်သည်

၎င်းကို ဤလောက၏ ဘုရား အဖြစ် ဖန်ဆင်းခဲ့သောအကြောင်း မရှိပါ။ ဘုရားသခင်သည် စာတန်ကို လူသားအထက်အဆင့်၌ ဘယ်တော့မှ နေရာချထား မပေးပါ။ မြေကြီးပေါ် အုပ်စိုးမှုနှင့် အာဏာကို လူသားတို့အား ကိုယ်တော် ပေးအပ်ခဲ့သည်။ စာတန်သည် လူကိုနိုပ်စက်ရန်၊ စိုးမိုးရန်၊ သူလုပ်သမျှ ပြဿနာအားလုံး ဖြစ်စေရန်၊ လုပ်နိုင်သည့် တစ်ခုတည်းသော အကြောင်းပြချက်မှာ၊ လူသည် ဘုရားပေးထားသည့် အာဏာကို စာတန်သို့ အပ်နှံခဲ့သောကြောင့် ဖြစ်သည်။ ဤအချက်သည် ဘုရားသခင်အတွက် တကယ့်ပြဿနာ ဖြစ်လာခဲ့သည်။ အကြောင်းမှာ၊ ကိုယ်တော်သည် နံဂိညာဉ်ဖြစ်တော်မူပြီး၊ ကိုယ်ခန္ဓာရှိသော လူသားကို မြေကြီးပေါ်အုပ်စိုးရန် ကိုယ်တော်အပ်နှံထားခဲ့သောကြောင့် ဖြစ်သည်။ ရုပ်ခန္ဓာရှိသော လူသားသာလျှင်၊ မြေကြီးပေါ်မှာအုပ်စိုး၍ ဩဇာလွှမ်းမိုးမှု သက်ရောက်စေရန် အာဏာနှင့်တန်ခိုး ရှိကြသည်။ စာတန်သည် ကျွန်ုပ်ဆီသို့ရောက်လာပြီး၊ သူ့ကို ကျွန်ုပ်တို့၏အာဏာ လွှဲအပ်နှံရန် ကျွန်ုပ်တို့ကို ဖမ်းစားသည်။ ဤအကြောင်းပြချက်နှင့် စာတန်သည် ဝင်နေဖို့ ကိုယ်ခန္ဓာတစ်ခု လိုအပ်လာသည်။ သမ္မာကျမ်းစာ၌ စာတန်မာရ်နတ်သည် ပိုင်ဆိုင်ထားရန် ခန္ဓာတစ်ခု လိုအပ်သည်။ အကြောင်းမှာ၊ စာတန်သည် လုပ်ဆောင်ရန် လူသားရုပ်ခန္ဓာကိုယ်ကို အသုံးမပြုပါက၊ ဘာတစ်ခုမျှ မလုပ်ဆောင်နိုင်သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် နံဂိညာဉ်ဖြစ်ပြီး၊ ရုပ်ခန္ဓာကိုယ်ရှိသော လူသားကို အာဏာအပ်နှင်းထား တော်မူသောကြောင့်၊ ဤ အမြင်အရ ကိုယ်တော်သည် ဆက်နွှယ်ကူညီ နေတော်မူရမည် ဖြစ်သည်။ ထိုသို့ မဖြစ်ပါ။ အကြောင်းမှာ၊ ကိုယ်တော်၏ သိက္ခာတော် အကြောင်းကြောင့်၊ ကိုယ်တော်သည် ဤအတွက် တန်ခိုးနှင့်အာဏာ မရှိပါ။ ကိုယ်တော်သည် ရုပ်ခန္ဓာရှိသော လူသားကို အာဏာ အပ်နှင်းထားပြီး၊ ကိုယ်တော်၏ စကားတော်၌ သစ္စာတည် နေစေလိုပါသည်။ ကိုယ်တော်သည် ၎င်းကို ပြန်ယူပြီး ဤသို့ ပြောလိမ့်မည် မဟုတ်ပါ။ "ငါလိုချင်သလို ဖြစ်မလာဘူး။ ရပ်တော့၊ အချိန်စေ့ပြီ။ ငါတို့ အသစ် ပြန်စမယ်"ဟူ၍ မပြောပါ။ ဘုရားသခင်သည် ကိုယ်တော်၏ စကားတော်အားဖြင့် ကိုယ်တော်တိုင် တည်ကြည်လျက် ရှိနေပါသည်။ သမိုင်းတစ်လျှောက်၊ ကိုယ်တော် ချခင်းပေးနိုင်မည့် တစ်စုံတစ်ယောက်ကို မျှော်ကြည့် တော်မူသည်။ သို့သော် ပြဿနာမှာ၊ လူအားလုံးသည် ဖေါက်ပြန်တတ်ပြီး၊ သူတို့ကိုယ်တိုင်က စာတန်ကို အပ်နှံရန် လိုလားနေကြကုန်၏။ ထို့ကြောင့် ကိုယ်တော် ပြုလုပ်ရန် ဘာရှိပါသလဲ။

ဘုရားသခင်နောက်ဆုံး ပြုတော်မူခဲ့သည်မှာ၊ ကိုယ်တော်တိုင် လူသားတစ်ယောက်အဖြစ် မြေကြီးပေါ် ကြွလာတော်မူခြင်း ဖြစ်သည်။ သင်သဘောပေါက်လျှင် ၎င်းမှာ ဧရာမ အမှုတော်ကြီး ဖြစ်သည်။ အကြောင်းမှာ၊ စာတန်သည် ပြဿနာကြီး တက်လေတော့သည်။ ကိုယ်တော်သည် လူသားကို ပေးခဲ့သောတန်ခိုးကို အသုံးပြုသည်။ ဤပြဿနာအားလုံးကို ဘုရားသခင် တိုက်ရိုက် ဝင် မစွက်ခဲ့ပါ။ ပြဿနာမှာ၊ လူသည် ဘုရားပေးထားသည့် အာဏာကို စာတန်အား ဆန္ဒရှိရှိ တရားဝင် ပေးခဲ့လိုက်သောကြောင့် ဖြစ်သည်။ စာတန်သည် လုပ်ဆောင်ရာ၌ အမှား လုပ်ခဲ့သည်။ သူ့ကို လူသားက ပေးခဲ့သည့် အာဏာနှင့်တန်ခိုးကို လူသားဥစ္စာအဖြစ် ပြန်ပေးရန် ဖြစ်သည်။ ထို့ကြောင့် ယခု ဘုရား ကြွလာတော်မူပြီး၊ နံဂိညာဉ်သက်သက် မဟုတ်ဘဲ၊ ရုပ်ခန္ဓာအသွေးအသား သဏ္ဍာန်နှင့် ကြွလာတော် မူပါသည်။ စာတန်အတွက် အခြေအနေမကောင်းပါ။ အကြောင်းမှာ ဘုရားသခင်သည် ကောင်းကင်ဘုံတွင်သာ အာဏာရှိသည် မဟုတ်ဘဲ မြေကြီးပေါ်သို့ ဘုရားအပ်နှင်းသည့်အာဏာနှင့် လူသားဘုရား ဖြစ်လာပါသည်။ (ယော ၅း၂၆-၂၇)၌ ယေရှုမိန့်ဆိုပါသည်။ *"အကြောင်းမူကား၊ ခမည်းတော်သည် ကိုယ်၌ အသက်ရှိတော်မူသည်နည်းတူ သားတော်သည် မိမိ၌ အသက်ရှိရသော*

*အခွင့်ကို ပေးတော်မူ၏။ သားတော်သည် လူသားဖြစ်သောကြောင့် တရားစီရင်ခြင်း အခွင့်ကိုလည်း အပ်ပေးတော်မူ၏။"* ယေရှုသည် ကိုယ်တော်၏ ရုပ်ခန္ဓာကို ရည်ညွှန်းမိန့်ဆိုခြင်း ဖြစ်သည်။

ယေရှုသည် ဘုရားသခင်၏ အာဏာကို လက်တွေ့ကျင့်ရန် ရောက်လာပါသည်။ စာတန်မာရ်နတ်သည် ကိုယ်တော်အား သွေးဆောင် တော်မူခဲ့သော်လည်း ကိုယ်တော်သည် စာတန်ကို အပ်နံတော်မမူ။ တိုက်ပွဲတိုင်း၌ စာတန်ရှုံးခဲ့သည်။ ယေရှုသည် ကျွန်ုပ် တို့၏အပြစ် များကိုယူ၍ အသေခံတော်မူခဲ့ပြီး မရဏာနိုင်ငံသို့ ရောက်ပြီးနောက် အသက်ရှင် ထမြောက် တော်မူခဲ့သည်။ (မဿဲ ၂၈း၁၈) ၌ဆိုပါသည်။ "ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုး ရှိသမျှတို့ကို ငါခံရပြီ။" ယေရှုသည် အသွေးအသား နှင့်ရောက်လာပြီး၊ လူသား အလွဲအမှား ပြုခဲ့သော ဘုရားပေးထားသည့် အာဏာကို ပြန်ယူတော်မူသည်။ ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ယခုကိုယ်တော် ခံယူလိုက်ပါပြီ။ ဆက်လက် ကျမ်းချက်၌ ကိုယ်တော် မိန့်ဆိုသည်။ "သင်တို့သွား၍ " ဤအရာများကို ပြုလုပ်ကြရန် ဖြစ်သည်။ အမှန်ကိုယ်တော် ရည်ရွယ်ပြောဆိုသည်မှာ၊ "ကောင်းကင်ဘုံ၌၎င်း၊ မြေကြီး ပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ယခု ငါခံရပြီဖြစ်၍ သင်တို့အား ငါ ဝေမျှပေးသည်" ဖြစ်၏။ သို့ပါသော်ငြားလည်း ဤ တစ်ကြိမ်၌ ကျွန်ုပ်တို့အား ဘုရားသခင် ထူးထူးခြားခြား ပြန်ပေးတော်မူသော အာဏာသည်၊ ကျွန်ုပ်တို့ယုံကြည်သူအဖြစ်၌ ပေးခြင်းဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့နှင့်သခင် ယေရှုခရစ်တော်အကြား ပူးတွဲအာဏာဖြစ်သည်။ ၎င်းသည် အာဒံနှင့်ဧဝ တို့ရရှိသကဲ့သို့၊ တစ်ဦး တည်းပိုင် အဖြစ် ကျွန်ုပ်တို့အား ဘယ်တော့မျှ ပေးခဲ့သည် မဟုတ်တော့ပါ။ အာဒံနှင့်ဧဝတို့သည် အာဏာကို လွှဲပေး၍ သူတို့ကို စာတန်မာရ်နတ် နိုပ်စက်ရန် အခွင့်ပေးခဲ့သဖြင့်၊ အရင်းခံအားဖြင့် မျှော်လင့်ခြင်း ကင်းမဲ့ရကြကုန်သည်။ သို့သော် ယနေ့တွင်ယေရှုခရစ်နှင့် အတူအာဏာကို မျှဝေ ရခဲ့ကြပါပြီ။ ၎င်းမှာ ဘဏ်တစ်ခုတွင် ပူးတွဲဘဏ်စာရင်းတစ်ခု ဖွင့်ထားသည်နှင့်တူပြီး၊ ငွေထုတ်ရန် ချက်လက်မှတ် အပေါ် လူနစ်ယောက် လက်မှတ်ထိုးပေးမှ ရမည့်သဘော ဖြစ်သည်။ ကျွန်ုပ်တို့၏ အာဏာသည် ယေရှုခရစ်နှင့်အတူ ဝေမျှယူ၏။ ကိုယ်တော် အာဏာသည် အသင်းတော်နှင့်အတူ ဝေမျှယူ၏။

ကျွန်ုပ်တို့ ဆုံးရှုံးနိုင်ပါသော်လည်း၊ ဘုရားသခင်သည် စာတန်အား ဘယ်တော့မှ တရားဝင် အာဏာ လွှဲပေးတော့မည် မဟုတ်ပါ။ စာတန်သည် လုံးလုံးလျားလျား အာဏာကင်းမဲ့၏။ သင်သည် စာတန်လုပ်ညှိစားလာသည်ကို ကိုယ့်သဘောနှင့်ကိုယ် အပ်နံလိုက် ခြင်းမှလွဲ၍၊ သင့်ဘဝထဲတွင် တစ်စုံတစ်ခုမျှ စာတန်လုပ်နိုင်စွမ်း မရှိတော့ပါ။ သင့်ဘဝ၌ စာတန်ကို အာဏာလွှဲအပ်နိုင်ပြီး၊ ထိုအတွက် သင့် ကိုယ်တိုင်ကိုယ်ကျ ဝေဒနာ ခံစားရနိုင်ပါသော်လည်း၊ လူသားအား ဘုရားသခင် ပေးထားသော အာဏာသည် စာတန်အတွက် တစ်ဦးတည်းပိုင် ဘယ်တော့မှ နောက်ထပ် ပြန်ပေးတော့မည် မဟုတ်ပါ။ ၎င်းကို ကျွန်ုပ်တို့နှင့် သခင်ယေရှုအကြား အပ်နှင်းပေးထား သည် ဖြစ်၍၊ အခြားဘာကိုမျှ ထည့်မစဉ်းစားဘဲ၊ ကိုယ်တော်သည် သစ္စာတည်နေမည် ဖြစ်သည်။ သင့်အနေနှင့် သိထားရမည်မှာ၊ သင်သည် ယခုအခါ တန်ခိုးနှင့် အာဏာရှိသည်ကိုပင် ဖြစ်သည်။ စာတန်သည် တွေးတောမှုများနှင့် သင့်ကို တိုက်ခိုက်လာနိုင်သည်။ သင့် လက်နက်သည် ထိုတွေးတောမှုများကို ဖမ်းချုပ်ထားရန် ဖြစ်သည်။ စာတန်သည် သင့်ခန္ဓာကို နိုပ်စက်ရန် ဆိုသည်မှာ မှားယွင်းကြောင်း နှင့် အနာငြိမ်းစေခြင်း ကျမ်းချက်ကို သမ္မာကျမ်းစာထဲ ရှာတွေ့ နိုင်ကြောင်း သိထားရမည်။ (ယော ၈း၃၂)၌ "*သမ္မာတရားကို သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွတ်လိမ့်မည်*"ဟု ဆိုပါသည်။ သင်တို့သည် တန်ခိုးနှင့်အာဏာ ရှိသူများဖြစ်ကြသည်။ သင်တို့အား

ဘုရားသခင် ပေးထားပြီးဖြစ်သည်။ သင်သည် ၎င်းအရာကို ထုတ်မသုံးနိုင်ဘဲဖြစ်ရသည့်တစ်ခုတည်းသော အကြောင်းမှာ သင်၏ တွေး တောမှုများကို သင်သည် ဖမ်းမချုပ်ထားသောကြောင့် ဖြစ်သည်။ သင့်စိတ်ဓာတ်ကို နိုးကြားစေရန်နှင့် သင့်၌ ရှိသည်အရာကို အမှန် သိရှိရန်အတွက်၊ ထိုဂိုဏ်လက်နက်ကို သင်သည် ထုတ်မသုံးခဲ့သေးပါ။ သင်တို့သည် အာဏာနှင့် တန်ခိုး ရှိသူများ ဖြစ်ကြောင်း ရှာတွေ့နိုင်ခြင်းသည် အားတက်စရာဖြစ်ပေသည်။

ထိုအရာများကို သင်တို့အားလုံးသည် သိရှိ၍၊ အာရုံထားခြင်းအားဖြင့်၊ သင်တို့သည် စာတန်တုန်လှုပ်ရမည့်သူများ ဖြစ်ကြရ မည့်အကြောင်း သင်တို့အား ဘုရားသခင် ဖွင့်ပြ ပေးတော်မူပါရန် ကျွန်ုပ် ဆုတောင်းပေးလိုက်ပါ၏။ စာတန်ကို သင်တို့ တုန်လှုပ်နေရ မည် မဟုတ်ပါ။ အကြောင်းမှာ သင်တို့သည် ဘုရားပေးသောအာဏာနှင့် တန်ခိုးရှိသူများ ဖြစ်ကြသောကြောင့် ဖြစ်သည်။ သင်တို့သည် စာတန်ကို ဆီးတားလျှင် သင်တို့ထံမှ ပြေးသွားလိမ့်မည်။(ယာကုပ် ၄း၇)

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ကမ္ဘာ ၃း၁)ကို ဖတ်ပါ။ စာတန် ရှိပါသည်။ စာတန်၏ အမှန်တန်ခိုးသည် ကျွန်ုပ်တို့ကို လှည့်ဖြားနိုင်စွမ်းရှိခြင်းအထဲ၌သာ ရှိသည်။ မြွေ(စာတန်)သည် ဧဝကို လှည့်ဖြားဖို့ ဘာမေးခွန်းမေးရန် ကြိုးစားခဲ့သနည်း။

**ကမ္ဘာဦးကျမ်း ၃း၁** - *"မြွေသည် ထာဝရအရှင် ဘုရားသခင်ဖန်ဆင်းတော်မူသော မြေတိရစ္ဆာန်တို့ထက် လိမ္မာသည်ဖြစ်၍၊ မိန်းမအား၊ သင်တို့သည်၊ ဥယျာဉ်၌ရှိသမျှသောအပင်တို့၏အသီးကိုမစားရဟု ကေန်စင်စစ် ဘုရားသခင်မိန့်တော်မူသလောဟု မေး၏။"*

၂။ (ကမ္ဘာ ၃း၁)ကို ဖတ်ပါ။ စာတန်သည် လှည့်ဖြားခြင်းကို အသုံးပြုခဲ့သည်မှာ ဘာကြောင့်ဟု သင်ထင်သနည်း။

၃။ (ကမ္ဘာ ၁း၂၆,၂၈)ကို ဖတ်ပါ။ လူ၏အာဏာကို လူအား မည်သူ ပေးသနည်း။

**ကမ္ဘာဦးကျမ်း ၁း၂၆** - *"တစ်ဖန်၊ ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့် တစ်ညီတစ်သဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးကိုငှင်း၊ မိုးကောင်းကင်ငှက်တို့ကိုငှင်း၊ သားယဉ်တို့ကိုငှင်း၊ မြေတစ်ပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုငှင်း အုပ်စိုးစေဟု အမိန့်တော် ရှိ၏။"*

**ကမ္ဘာဦးကျမ်း ၁း၂၈** - *"အချင်းတို့၊ များပြားစွာ မွေးဖွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါး တို့ကိုငှင်း၊ မိုးကောင်းကင်ငှက်တို့ကိုငှင်း၊ အသက်ရှင်၍မြေပေါ်မှာလှုပ်ရှားတတ်သောတိရစ္ဆာန်အပေါင်းတို့ကိုငှင်း အုပ်စိုးကြ လော့ဟု မိန့်တော်မူ၍ သူတို့ကို ကောင်းကြီးပေးတော်မူ၏။"*

၄။ (ဆာလံ ၈း၄-၈)ကို ဖတ်ပါ။ ဘုရားသခင်သည် လူကို မည်သို့ ဖန်ဆင်းခဲ့သနည်း။

**ဆာလံ ၈း၄-၈** - *"လူသည် အဘယ်သို့သော သူဖြစ်၍ ကိုယ်တော်သည် အောက်မေ့တော်မူရ သနည်း။ လူသားသည် အဘယ်သို့သောသူဖြစ်၍ အကြည့်အရှု ကြွလာတော်မူသနည်း။ သူ့ကို ကောင်းကင်တမန် တို့အောက်၌ အနည်းငယ်နိမ့် တော်မူပြီ။ သူ၏ခေါင်းကို ဘုန်းအသရေနှင့် ပတ်ရစ်တော်မူပြီ။ ဖန်ဆင်းတော်မူသောအရာများကို အုပ်စိုးစေ၍ သိုးနွား အစရှိသောမြေတိရစ္ဆာန်၊ မိုးကောင်းကင်ငှက်၊ ပင်လယ်ငါးနှင့် ပင်လယ်လမ်း၌ သွားတတ်သောတိရစ္ဆာန် မှစ၍ ခပ်သိမ်းသော အရာတို့ကို သူ၏ခြေအောက်၌ ချထားတော်မူပြီ။"*

၅။ (၂ ကော ၄း၄)ကို ဖတ်ပါ။ ဤကျမ်းချက်က ဘာဖြစ်သည်ဟူ၍ ညွှန်းပြသနည်း။

**၂ ကော ၄း၄** - *"ထိုသို့ မယုံကြည်သောသူတို့ကား၊ ဘုရားသခင်၏ ပုံသဏ္ဍာန်တော် တည်းဟူသော ခရစ်တော်၏ ဘုန်းအသရေနှင့် ပြည့်စုံသောဧဝံဂေလိတရား၏အရောင်သည် အလင်းကို မပေး စေခြင်းငှါ၊ ဤလောကကိုအစိုးရသောဘုရားသည် သူတို့၏ဉာဏ်မျက်စိကို ကွယ်စေ၏။"*

၆။ (မဿဲ ၄း၈-၉)ကို ဖတ်ပါ။ ဤကျမ်းချက်များသည် ဆိုလိုချက်ကို အားဖြည့်ပေးပါသလား။

**မဿဲ ၄း၈-၉** - *"တစ်ဖန် မာရ်နတ်သည် ယေရှုကို အလွန်မြင့်လှစွာသော တောင်ပေါ်သို့ ဆောင်သွား၍၊ ဤလောက၌ ရှိသမျှသော တိုင်းနိုင်ငံတို့ကိုငှင်း၊ ထိုတိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်ကိုငှင်း ပြညွှန်၍၊ ကိုယ်တော်သည် ငါ့ကို ညွှတ်ပျပ်ကိုးကွယ်လျှင်၊ ယခုပြလေသမျှတို့ကို ငါပေးမည်ဟု ဆိုလေ၏။"*

၇။ (မဿဲ ၂၈း၁၈)ကို ဖတ်ပါ။ ယေရှု အသေခံ၍ အသက်ရှင်ထမြောက်တော်မူပြီးနောက်၊ ကောင်းကင်ပေါ်၌ငှင်း၊ မြေကြီးပေါ်၌ငှင်း၊ တန်ခိုးအာဏာအားလုံးသည် ယခုအခါ မည်သူ၌ ရှိသနည်း။

**မဿဲ ၂၈း၁၈** - *"ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌ငှင်း၊ မြေကြီး ပေါ်၌ငှင်း၊ စီရင်ပိုင်သောအခွင့်တန်ခိုး ရှိသမျှတို့ကို ငါခံရပြီ။"*

၈။ (မဿဲ ၂၈း၁၈-၁၉)ကို ဖတ်ပါ။ ဤကျမ်းချက်နှင့်အညီ၊ အာဏာသည် မည်သူ့၌ရှိသည်ဟု ရည်ညွှန်းဖော်ပြသနည်း။

**မဿဲ ၂၈း၁၉** - *"သင်တို့ သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။"*

၉။ (ဧဖက် ၁း၁၉)ကို ဖတ်ပါ။ ဘုရားသခင့်တန်ခိုးတော် ကြီးမြတ်ခြင်းထက် ပိုလွန်ခြင်းသည် မည်သူဆီ၌ရှိသနည်း။

**ဧဖက် ၁း၁၉** - *"ယုံကြည်သော ငါတို့၌ ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကို ငှင်း၊ သင်တို့သည် သိစေခြင်းငှါ၊ သင်တို့၏ ဉာဏ်မျက်စိကို လင်းစေပါမည် အကြောင်း ဆုတောင်းပဌနာပြု၏။"*

# အဖြေ သော့ချက်

၁။ (ကမ္ဘာ ၃း၁)ကို ဖတ်ပါ။ စာတန် ရှိပါသည်။ စာတန်၏ အမှန်တန်ခိုးသည် ကျွန်ုပ်တို့ကို လှည့်ဖြားနိုင်စွမ်းရှိခြင်းအထဲ၌သာ ရှိသည်။ မြွေ(စာတန်)သည် ဧဝကို လှည့်ဖြားဖို့ ဘာမေးခွန်းမေးရန် ကြိုးစားခဲ့သနည်း။
**ဘုရားသခင့်စကားတော် (ဧကန်စင်စစ် ဘုရားသခင်မိန့်တော်မူသလော။)**

၂။ (ကမ္ဘာ ၃း၁)ကို ဖတ်ပါ။ စာတန်သည် လှည့်ဖြားခြင်းကို အသုံးပြုခဲ့သည်မှာ ဘာကြောင့်ဟု သင်ထင်သနည်း။
**စာတန်သည် လူကို အကျပ်ကိုင်၍ မခိုင်းနိုင်ပါ။ လူ့အာဏာကို စွန့်လွှတ်ရန်၊ စာတန်သည် လူကို လှည့်ဖြားရမည် ဖြစ်သည်။**

၃။ (ကမ္ဘာ ၁း၂၆,၂၈)ကို ဖတ်ပါ။ လူ၏အာဏာကို လူအား မည်သူက ပေးသနည်း။
**ထာဝရဘုရားသခင်**

၄။ (ဆာလံ ၈း၄-၈)ကို ဖတ်ပါ။ ဘုရားသခင်သည် လူကို မည်သို့ ဖန်ဆင်းခဲ့သနည်း။
**ကိုယ်တော်(ဘုရားသခင်)၏ လက်တော်နှင့် ဖန်ဆင်းတော်မူသော အရာများကို အုပ်စိုးစေခြင်း**

၅။ (၂ ကော ၄း၄)ကို ဖတ်ပါ။ ဤကျမ်းချက်က ဘာဖြစ်သည်ဟူ၍ ညွှန်ပြသနည်း။
**စာတန်သည် လူ၏အာဏာကို ယူ၍ ဤလောကကို အစိုးရသောဘုရား ဖြစ်လာသည်။** (**ဤလောကစနစ်၊ ဤခေတ်**)

၆။ (မဿဲ ၄း၈-၉)ကို ဖတ်ပါ။ ဤကျမ်းချက်များသည် ဆိုလိုချက်ကို အားဖြည့်ပေးပါသလား။
**မှန်ပါသည်။**

၇။ (မဿဲ ၂၈း၁၈)ကို ဖတ်ပါ။ ယေရှု အသေခံ၍ အသက်ရှင်ထမြောက်တော်မူပြီးနောက်၊ ကောင်းကင်ပေါ်၌ရင်း၊ မြေကြီးပေါ်၌ရင်း၊ တန်ခိုးအာဏာအားလုံးသည် ယခုအခါ မည်သူ၌ ရှိသနည်း။
**ယေရှု**

၈။ (မဿဲ ၂၈း၁၈-၁၉)ကို ဖတ်ပါ။ ဤကျမ်းချက်နှင့်အညီ အာဏာသည် မည်သူ၌ ရှိသည်ဟု ရည်ညွှန်းဖော်ပြသနည်း။
**ယုံကြည်သူ**

၉။ (ဧဖက် ၁း၁၉)ကို ဖတ်ပါ။ ဘုရားသခင့်တန်ခိုးတော် ကြီးမြတ်ခြင်းထက် ပိုလွန်ခြင်းသည် မည်သူဆီ၌ ရှိသနည်း။
**ယုံကြည်သော ကျွန်ုပ်တို့ဆီသို့**

# သင်ခန်းစာ ( ၇ )

# အပြစ်ဖြေရာဌာနအတွင်း အနာငြိမ်းစေခြင်း

ယနေ့သင်ခန်းစာသည် အနာငြိမ်းခြင်းအကြောင်း ဖြစ်သည်။ ယေရှုက ကျွန်ုပ်တို့အတွက် တန်ဖိုးထားရှိစေခဲ့သော အပိုင်းတစ်ခုလည်း ဖြစ်သည်။ ရှင်မာကုခရစ်ဝင်ကျမ်း အခန်းကြီး(၂)နှင့် ရှင်လုကာခရစ်ဝင်ကျမ်း အခန်းကြီး(၅)တွင် ယေရှုသည် ပြည့်သိပ်နေသော လူအုပ်ကြီးနှင့် အိမ်တစ်အိမ်အတွင်း ဆုံးမဩဝါဒပေးနေစဉ်၊ လက်ခြေသေသော လူတစ်ယောက်ကို သူ့မိတ်ဆွေများက အိမ်အမိုးဖေါက်၍ ကိုယ်တော်ထိုင်နေသည့် နေရာပေါ်သို့ လျှောချခဲ့သည်။ ယေရှုသည် အံ့ဖွယ်နိမိတ်ပြ၍ သူ့ကို အနာငြိမ်းစေခဲ့သည်။ (မဿဲ ၈း၁၄-၁၆) ၌ ယေရှုသည် လူတွေကို အနာငြိမ်းစေ ခဲ့ပြီးသည့်နောက်၊ သမ္မာကျမ်းစာ၌ ရေးသားခဲ့သည်။ *"ထိုနောက်မှ ယေရှုသည် ပေတရုအိမ်သို့ ကြွ၍ ပေတရု၏ ယောက္ခမသည် ဖျားနာစွဲလျက် တုံးလုံးနေသည်ကို တွေ့မြင်တော်မူ၏။ ထိုမိန်းမ၏လက်ကို တို့တော်မူလျှင် သူသည်အဖျား ပျောက်သဖြင့် ထ၍ ညွှေ့သည်ဝတ်ကို ပြုလေ၏။ ညဦးယံ၌ နတ်ဆိုးစွဲသော သူအများတို့ကို အထံတော်သို့ ဆောင်ခဲ့၍ နှုတ်တော်မြွက်ကာမျှနှင့် ထိုနတ်တို့ကို နှင်တော်မူ၏။ နာသောသူ ရှိသမျှတို့ကိုလည်း သက်သာစေတော်မူ၏။"* ထို နောက် အခန်း၄ယ်-၁၇ သည် ဤအဖြစ်များအတွက် အကြောင်းပြချက် ကိုပေး၏။ *"ထိုအကြောင်းအရာမူကား၊ သူသည် အကျွန်ုပ်တို့ အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက် လေသည်ဟု ပရောဖက်ဟေရှာယ ဟောဖူးသောစကား ပြည့်စုံမည်အကြောင်း ဖြစ်သတည်း။" ဤအဖြစ်၌ ယေရှုသည်လူများစွာကိုသက်သာစေတော်မူခဲ့သည်။ အထူးသဖြင့်* (ဟေရှာယ၅၃း၃-၅) ကျမ်းချက်မှ အကြောင်းကိုပြန်၍ ရည်ညွှန်းပြောဆိုခဲ့သည်။ *"မထီမဲ့မြင်ပြုခြင်းကို ခံ၍၊ လူတို့တွင် အယုတ်ဆုံးသောသူ* (သခင်ယေရှုခရစ်ကို ပရောဖက် ပြုခြင်းဖစ်သည်။) *ဖြစ်၏။ ငြိုငြင်သောသူ၊ နာကျည်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူ ဖြစ်၏။ သူတစ်ပါး မျက်နှာလွှဲခြင်းကို ခံရသောသူ ကဲ့သို့ ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍ ငါတို့သည် မရိုသေကြ။ သို့သော်လည်း ထိုသူသည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင် ဆောင်ရွက်လေ၏။ ဒဏ်ခတ် တော်မူခြင်းကိုငင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုငင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့ လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်း ချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည်အနာပျောက်လျက်ရှိကြ၏။"* (ကွင်းစကွင်းပိတ် အတွင်းသည် ကျွန်ုပ်၏ မှတ်ချက်ဖြစ်သည်။)

၎င်းတို့သည် တန်ခိုးပါသော ကျမ်းချက်များ ဖြစ်ကြ၏။ လူအချို့က ယုံကြည်ပြီး ပြောကြသည်။ "ဟုတ်တယ်လေ။ ဂိညာဉ်ရေး ရာအမြင်နဲ့ ပြောနေတာပါ။" ကျွန်ုပ် တက်ရောက်လာခဲ့သော အသင်းတော်သည် ခန္ဓာကိုယ်ရောဂါ *အနာငြိမ်းခြင်းကို* မယုံကြည်ကြပါ။ ဤလိုမျိုးကျမ်းချက်ကို သူတို့ဖတ်ပြီး၊ စိတ်ဂိညာဉ်သဘောကို ယူလိုက်ကြသည်။ ကျွန်ုပ်တို့ စိတ်ခံစားချက် ဒဏ်ရာများ ရှိကြသည်ဟု သူတို့ပြော နေကျဖြစ်၏။ ဘုရားသခင်ထံ ကျွန်ုပ်တို့၏ အသက်တာများကို အပ်နှံ လိုက်သည့်အခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို အနာငြိမ်းစေသည်။ အကယ်၍ ဤကျမ်းပိုဒ်ကို ကျွန်ုပ်တို့ စခဲ့သည့်ကျမ်းပိုဒ်နှင့်အတူ ထားလိုက်ပါလျှင်၊ ဤကျမ်းချက်ကို အသုံးချမှုသည် အမြဲတမ်း

အဆုံးသတ် သွားပါသည်။ ယေရှုသည် သင့်စိတ်ခံစားချက်များကို သက်သာစေသည်မှာ မှန်ပါသည်။ သို့သော် ဤ ကျမ်းချက်များသည် ခန္ဓာကိုယ်အတွက် ရုပ်ပိုင်း အနာငြိမ်းခြင်းအကြောင်း ပြောဆို နေခြင်းဖြစ်သည်။ (မဿဲ ၈း၁၇)၌ ပြောသည်များကြောင့် သင်သည် မြင်တွေ့ နိုင်သည်။ ၎င်း၌ ပြောထားသည်မှာ၊ ဤအနာငြိမ်းခြင်းသည်၊ ပရောဖက်ဟေရှာယ ဟောဖူးသောစကား ပြည့်စုံမည် အကြောင်းဖြစ်ပြီး၊ *"သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက် ရှိကြ၏။"* ဟူ၍ ကျွန်ုပ်တို့ ဖတ်လိုက်ရသည်။ ဤအရာသည် ကိုယ်တော်တိုင် ငါတို့ရောဂါဝေဒနာများကို ယူတင် ဆောင်ရွက်သော ပြည့်စုံခြင်းအကြောင်းကို ပြောနေသည်။ ဤအရာသည် ရုပ်ခန္ဓာ အမှန် ဖျားနာခြင်း၊ နာကျင်ထိုးခြင်းနှင့် ဝေဒနာများကို ပြောဆိုနေခြင်းဖြစ်သည်။ ယေရှုခံရသော ဒဏ်ချက်တော် အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏ ဟုဆိုသော ကျမ်းချက် ပြည့်စုံစေရန် လူအပေါင်း တို့အား ရုပ်ခန္ဓာ အနာငြိမ်းစေတော်မူခဲ့ပါသည်။

သမ္မာကျမ်းစာက (၁ ပေ ၂း၂၄) ၌ ဆက်ပြောသည်။ *"ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်း အရာ၌ အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီ။ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာ ပျောက်လျက် ရှိကြ၏။"* ဤတွင် အတိတ်ကာလကို ဖေါ်ပြသော ကြိယာကိုသုံးထားသည်။ ယေရှု ကြွလာတော်မူခဲ့သည်။ ကိုယ်တော်ကြွလာတော်မူခြင်း၏ အပိုင်းတစ်ခုသည် သင်တို့၏ ရုပ်ခန္ဓာကို အနာငြိမ်းစေဖို့အတွက် ဖြစ်သည်။ ကျွန်ုပ်သည် သင်တို့ကို အပြစ်လွှတ်ရန် ကိုယ်တော် ကြွလာသည့် အမှန်တရားကို သေးသိမ်အောင် လုပ်နေသည် မဟုတ်ပါ။ ၎င်းမှာ အရေးကြီးပါသည်။ အပြစ်လွှတ်ခြင်းသည် အရာခပ်သိမ်းသို့ အဝင်လမ်း တံခါးမကြီးဖြစ်သည်။ သိရမည်မှာ ကိုယ်တော်သည် သင်တို့ကို အပြစ်လွှတ်ဖို့ တစ်ခုတည်းအတွက် ကြွလာတော်မူခြင်း မဟုတ်ပါ။ သင်တို့၏ အနာရောဂါများကို သက်သာစေရန်အတွက်လည်း ကြွလာတော်မူသည်။ ဓမ္မသစ်ကျမ်းအထဲ ကယ်တင်ခြင်းအတွက် သုံးသော ဂရိစကားသည် sozo ဖြစ်သည်။ မတူသော အရာများစွာ၌ အသုံးပြုသော အလုံးစုံ ခြုံငုံမိသည့် စကားလုံးဖြစ်သည်။ သို့သော် သင် အသေအချာ လေ့လာကြည့်လျှင်၊ "အနာငြိမ်းစေသည်" ဟုလည်း ဘာသာပြန်ဆိုနိုင် သည်။ (ယာကုပ် ၅း၁၄-၁၅)၌ တွေ့ရသည်။ "နာသောသူရှိလျှင်၊ သင်းအုပ်တို့ကိုခေါ်၍ သူတို့သည် သခင်ဘုရား၏ နာမတော်ကို အမှီပြုလျက်၊ လူနာကိုဆီနှင့်လူး၍ သူ့အပေါ်မှာ ဆုတောင်းစေ။ ထိုသို့ပြုလျှင် ယုံကြည်ခြ င်း၏ပဌနာသည် လူနာကို ကယ်ဆယ်၍ သခင်ဘုရားသည် သူ့ကို ထမြောက်စေတော်မူမည်။ " ဤတွင် "ကယ်ဆယ်သည်" ဆိုသည့်စကားလုံးသည် ဂရိစကားလုံး sozo ဖြစ်၏။ ပြောပြနေသည်မှာ ဖျားနာသောသူတို့၏ ခန္ဓာများ၌ ရုပ်ပိုင်းဆိုင်ရာ အနာငြိမ်းခြင်း အကြောင်းဖြစ်သည်။ အပြစ်လွှတ်ခြင်းအတွက် ဘာသာပြန် ယူသော ဤအလားတူ စကားလုံးသည် ဓမ္မသစ်ကျမ်းထဲတွင် အကြိမ်ရာချီ အသုံးပြုထားပြီး၊ အနာငြိမ်းစေသည် ဟူ၍လည်း ဘာသာပြန်ဆိုသည်။

ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး(၁၀)၌ ယေရှုသည် တပည့်များကို စေလွှတ်တော်မူသော အခါ၊ နာသောသူတို့အား ချမ်းသာပေးရန်၊ သေသောသူတို့ကို ထမြောက်စေရန်၊ နူသောသူ တို့ကိုသန့်ရှင်းစေရန်၊ နတ်ဆိုးတို့ကိုနှင်ထုတ်ရန်နှင့် သတင်းကောင်း ကြားပြောကြရန် မိန့်တော် မူခဲ့သည်။ နိုင်ငံတော် တည်လုနီးပြီဆိုသည်ကို ဟောပြောကြရန် ကိုယ်တော်ပြောဆိုသည့် လေသံအတိုင်း၊ နာသောသူတို့အား ချမ်းသာပေးရန်၊ နူသောသူတို့ကို သန့်ရှင်းစေရန်၊ နတ်ဆိုးတို့ကို နှင်ထုတ်ရန် ကိုယ်တော် ပြောဆိုခြင်း ဖြစ်သည်။ အနာငြိမ်းစေခြင်းသည် သင်တို့အသက်တာ အထဲ

အပြစ်လွှတ်ခြင်း ကဲ့သို့ပြည့်စုံစေရန် ယေရှုကြွလာတော်မူခြင်း၏ ကဏ္ဍကြီးတစ်ခု ကဲ့သို့ပင် ဖြစ်ပါသည်။

ထိုနည်းတူ သင်သည် မည်သည့်အခါမျှ မစဉ်းစားမိသည်မှာ၊ သခင်ဘုရားသည် သင်၏ အပြစ်ကျူးလွန်ခြင်း၌ အပြစ်တရားမှ တစ်ဆင့် တစ်စုံတစ်ရာကို လေ့လာယူနိုင်ကြောင်း သင့်အား သွန်သင်ပေးလို တော်မူသကဲ့သို့၊ ကိုယ်တော်သည် သင့်ကို ဖျားနာခြင်း ဖြင့်နေထိုင်ရန် ဘယ်သော အခါမျှ လိုလားတော်မမူခြင်း အကြောင်း ဖြစ်သည်။ ဘုရားသခင်သည် သင့်ဘဝအထဲ ဖျားနာခြင်းကို ဖန်တီးသူ မဟုတ်ပါ။ တချို့လူတွေ ဤသို့ ပြောတတ်သည်။ "ဟုတ်တယ်။ ဖျားနာခြင်းဟာ ဘုရားသခင်ဆီက တကယ့်ကောင်းကြီးမင်္ဂလာ ပါပဲ။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်ဆီ ကျွန်ုပ်တို့ ပြန်လှည့်ကြတယ်။" မှန်ပါသည်။ အကျပ်အတည်း ကာလများမှာ လူတွေ ဘုရားသခင်ဘက်သို့ လှည့်ကြသည် ဆိုသော်လည်း၊ သင်တို့ကို သွန်သင်ရန် ဖျားနာခြင်းကို ပို့လိုက်သည် မဟုတ်ပါ။ သင်တို့၌ အပြစ်ရှိစေ မည်ဆိုသည်ထက်၊ တစ်ခုမျှ ပို၍ ကိုယ်တော် လုပ်ဆောင်တော်မူမည် မဟုတ်ပါ။ သင်သည် အပြစ်လုပ်လျက် နေထိုင်သွားလျှင်၊ တစ်ခုခု လေ့လာသိရှိနိုင် ပါသလား။ အကယ်၍ သင်သည် မတရားမေထုန် (သို့မဟုတ်) လိင်တူဆက်ဆံခြင်းတို့နှင့် နေထိုင်သဖြင့်၊ ရောဂါရလိုက်သည်ဆိုလျှင်၊ သင့်ဘဝ နေထိုင်ပုံ မှားခဲ့သည်ကို သင်သည် လေ့လာ ယူနိုင်သလား။ အမှန်ပဲ လေ့လာယူနိုင်၏။ သို့သော် ဘုရားသခင်သည် သင့်ကို ထိုသို့သော ဘဝပုံစံနှင့် နေထိုင်စေရန်အကြောင်း ဖြစ်စေသည် မဟုတ်ပါ။ ကိုယ်တော်သည် သင့်ဘဝအထဲ အပြစ်သင့်စေသူ မဟုတ်ပါ။ သို့သော်လည်း သင်သည် အပြစ်လုပ်မိခြင်းမှ လေ့လာသင်ယူနိုင်သည်။ သင်သည် နံရံကို ခေါင်းနှင့် ဝင်ဆောင့်လိုက်နိုင်ပြီး ထိုသို့ပြုရန် မသင့်ကြောင်းကို လေ့လာသင်ယူနိုင်သည်။ ထို့ပြင် သင်သည် နံရံကို သင့်ရုပ်ခန္ဓာ ဦးခေါင်းနှင့် ဝင်ဆောင့်ရန် မလိုအပ်ကြောင်းကိုလည်း လေ့လာသင်ယူနိုင်ပါသည်။ သင်သည် အရာရာကို ခပ်ကြမ်းကြမ်း တီးခေါက်သင်ယူခြင်း မရှိခဲ့ပါ။ သင့်ကို စိတ်နိမ့်ချစေပြီး၊ တစ်စုံတစ်ရာ သွန်သင်ရန် ဘုရားသခင်သည် သင့်ဘဝအထဲ ဖျားနာခြင်းကို မပေး။ ယေရှုသည် သင့် အပြစ်များကို ခွင့်လွှတ်ပေးရန်နှင့် သင့်အနာ ရောဂါများကိုလည်း သက်သာစေရန်၊ သင့်အတွက် အသေခံ တော်မူခဲ့သည်။ ကိုယ်တော်သည် သင်တို့၏အပြစ်များကို ကိုယ်တော်တိုင် ကိုယ်ခန္ဓာအပေါ် ယူတင် တော်မူပြီးလျှင်၊ ဒဏ်ချက်တော်များအားဖြင့် သင်တို့၏အနာ ရောဂါများသည် ပျောက်ကင်း လျက်ရှိ၏။

ဘုရားသခင်၏ သဘာဝလွန် အနာငြိမ်းစေခြင်းသည်၊ ကျွန်ုပ်တို့အားလုံး ရနိုင်ကြပြီး၊ ယေရှု အသေခံတော်မူ၍ ပေးလာသော အပြစ်ဖြေရာယဇ်၏ အပိုင်းတစ်ခု ဖြစ်သည်။ သင်သည် အနာငြိမ်းခြင်းကို လက်ခံမရရှိပါလျှင်၊ သင့်ကို ဘုရားသခင် စိတ်မပျက်ပါ။ သင်သည် ဘုရားသခင်အား ချစ်ရန် အနာငြိမ်းခြင်းရှိရမည် မဟုတ်ပါ။ အနာငြိမ်းခြင်းကို မယုံကြည် ဘဲလျက်၊ စိတ်နှလုံး အကြွင်းမဲ့နှင့် သင်သည် ဘုရားသခင်ကို ချစ်နိုင်ပြီး၊ ကောင်းကင်ဘုံသို့ ရောက်နိုင် ပါသေးသည်။ အမှန်ကိုပြောရလျှင်၊ သင်သည် ကျန်းမာစွာ မည်သို့ သွားလာ နေထိုင်ရမည်ကို မသိသောကြောင့် ယခု အလျင်အမြန် သိလာရန်အကြောင်း ရှိကောင်း ရှိလာပါလိမ့်မည်။ ၎င်းကို ပေးရန် ယေရှုသည် သင့်အတွက် အသေခံတော်မူခဲ့သည်။ ဘုရားသခင်သည် သင့်ကို ကျန်းမာစေလိုတော်မူ၏။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (မဿဲ ၈း၁၆-၁၇)ကို ဖတ်ပါ။ ယေရှု အနာငြိမ်းစေသောသူ မည်မျှ ရှိသနည်း။

**မဿဲ ၈း၁၆-၁၇** - *"ညဦးယံ၌ နတ်ဆိုးစွဲသောသူအများတို့ကို အထံတော်သို့ ဆောင်ခဲ့၍ နှုတ်တော်မြွက်ကာမျှနှင့် ထိုနတ်တို့ကို နှင် ထုတ်တော်မူ၏။ နာသောသူ ရှိသမျှတို့ကို သက်သာစေတော်မူ၏။ ထိုအကြောင်းအရာမူကား၊ သူသည် ကျွန်ုပ်တို့၏အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေသည်ဟု ပရောဖက်ဟေရှာယ ဟောဖူးသောစကား ပြည့်စုံ မည်အကြောင်း ဖြစ်သတည်း။"*

၂။ (ဟေရှာယ ၅၃း၃-၅)ကို ဖတ်ပါ။ ဤကျမ်းချက်သည် မည်သည့်အနာငြိမ်းခြင်းအမျိုးအစားကို ပြောနေသနည်း။

**ဟေရှာယ ၅၃း၃-၅** - *"မထီမဲ့မြင်ပြုခြင်းကိုခံ၍၊ လူတို့တွင် အယုတ်ဆုံးသောသူ (သခင် ယေရှုခရစ်ကို ပရောဖက် ပြုခြင်းဖြစ်သည်။) ဖြစ်၏။ ငြိုငြင်သောသူ၊ နာကျည်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူ ဖြစ်၏။ သူတစ်ပါးမျက်နှာလွှဲခြင်းကိုခံရသောသူကဲ့သို့ ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍ ငါတို့သည် မရိုသေကြ။ သို့သော်လည်း ထိုသူသည်၊ ငါတို့ရောဂါ ဝေဒနာများကို ယူတင် ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ် များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်း ချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာ ပျောက်လျက် ရှိကြ၏။"*

၃။ (မဿဲ ၈း၁၇)ကို ဖတ်ပါ။ ကျွန်ုပ်တို့၏အနာရောဂါဝေဒနာများသည် ဘာဖြစ်သွားသနည်း။

**မဿဲ ၈း၁၇** - *"ထိုအကြောင်းအရာမူကား၊ သူသည် ကျွန်ုပ်တို့အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေသည်ဟု ပရောဖက်ဟေရှာယ ဟောဖူးသောစကား ပြည့်စုံမည်အကြောင်း ဖြစ်သတည်း။"*

၄။ (၁ ပေ ၂း၂၄)ကို ဖတ်ပါ။ ဤကျမ်းချက်၌ ကျွန်ုပ်တို့အတွက် ယေရှုပြုတော်မူခဲ့သော အရာနှစ်ခု သည် ဘာလဲ။

**၁ ပေး ၂း၂၄** - *"ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်း အရာ၌ အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်ပေါ်မှာခံတော်မူပြီ။ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာ ပျောက်လျက်ရှိကြ၏။"*

၅။ (ယာကုပ် ၅း၁၄-၁၅)ကို ဖတ်ပါ။ အငယ်-၁၅ ၌ "ကယ်ဆယ်သည်"ဆိုသည့် ဂရိစကားလုံးသည် sozo ဖြစ်သည်။ ဘာသာပြန်ဆိုရလျှင် "လွှဲအပ်ရန်၊ ကာကွယ်ရန်၊ အနာငြိမ်းစေရန်၊ ထိန်းသိမ်းပေးရန်၊ တစ်စုတည်းရှိစေရန်" ဖြစ်သည်။ သမ္မာကျမ်းစာက "ကယ်တင်ခြင်း" ကို ညွှန်းသောစကားလုံးနှင့် အတူတူဖြစ်သည်။ ဤကျမ်းချက်အရရင်း၊ ကယ်တင်ခြင်းအတွက် ဂရိစကားလုံး အနက်ဖွင့်ချက်အရရင်း၊ ကယ်တင်ခြင်း၌ ဘာတွေ ပါရှိသနည်း။

**ယာကုပ် ၅း၁၄-၁၅** - *"နာသောသူရှိလျှင်၊ သင်းအုပ်တို့ကိုခေါ်၍ သူတို့သည် သခင်ဘုရား၏ နာမတော်ကို အမှီပြုလျက်၊ လူနာကို ဆီနှင့်လူး၍ သူ့အပေါ်မှာ ဆုတောင်းကြစေ။ ထိုသို့ပြုလျှင် ယုံကြည်ခြင်း၏ ပဌနာသည် လူနာကို ကယ်ဆယ်၍ သခင်ဘုရားသည် သူ့ကိုထမြောက် စေတော်မူမည်။ "*

၆။ (မဿဲ ၁၀း၇)ကို ဖတ်ပါ။ ယေရှုသည် တပည့်များကိုစေလွှတ်သောအခါ၊ သူတို့ကို ဘာပြောဆိုရန် ကိုယ်တော် မိန့်မှာတော်မူ သနည်း။

**မဿဲ ၁၀း၇** - *"သွားစဉ်တွင်၊ ကောင်းကင်နိုင်ငံတော် တည်လုနီးပြီဟု သိတင်းကြားပြောကြလော့။"*

၇။ (မဿဲ ၁၀း၈)ကို ဖတ်ပါ။ ယေရှုသည် သူတို့ကို ဘာလုပ်ရန် မိန့်မှာတော်မူသနည်း။

**မဿဲ ၁၀း၈** - *"နာသောသူတို့အား ချမ်းသာပေးကြလော့။ သေသောသူတို့ကို ထမြောက် စေကြလော့။ နူသောသူတို့ကို သန့်ရှင်း စေကြလော့။ နတ်ဆိုးတို့ကိုလည်းနှင်ထုတ်ကြလော့။ သင်တို့သည် အဖိုးမပေးဘဲ ကျေးဇူးတော်ကို ခံရကြပြီဖြစ်၍ အဖိုးမခံဘဲ ပေးကမ်းကြလော့။"*

၈။ (မာကု ၁၆း၁၅)ကို ဖတ်ပါ။ ယေရှုသည် ကိုယ်တော့်တပည့်တော်များကို ဘာလုပ်ရန် မိန့်မှာ တော်မူသနည်း။

**မာကု ၁၆း၁၅** - *"သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။"*

၉။ (မာကု ၁၆း၁၆)ကို ဖတ်ပါ။ ဧဝံဂေလိသတင်းကို တုံ့ပြန်ကြသူတို့သည် ဘာလုပ်ရကြမည်နည်း။

**မာကု ၁၆း၁၆** - *"ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတ္တံ့။ "*

၁၀။ (မာကု ၁၆း၁၇)ကို ဖတ်ပါ။ ယုံကြည်သူများအတွက် နိမိတ်လက္ခဏာသည် ဘာလဲ။

**မာကု ၁၆း၁၇** - *"ယုံကြည်သောသူတို့၌ ဖြစ်အံ့သောနိမိတ်လက္ခဏာဟူမူကား၊ ငါ၏နာမကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်ကြ လတ္တံ့။ ထူးခြားသော ဘာသာစကားမျိုးတို့ကို ပြောကြလတ္တံ့။"*

၁၁။ (မာကု ၁၆း၁၈)ကို ဖတ်ပါ။ ယုံကြည်သူများအတွက် အခြားသောနိမိတ်လက္ခဏာသည် ဘာလဲ။

**မာကု ၁၆း၁၈** - *"မြွေတို့ကို ဖမ်းကိုင်ကြလတ္တံ့။ သေစေတတ်သော အဆိပ်အတောက်ကို သောက်စားလျှင် ဘေးဥပဒ်နှင့် ကင်းလွတ် ကြလတ္တံ့။ မကျန်းမမာသော သူတို့အပေါ်မှာ လက်ကို တင်၍ ချမ်းသာပေးကြလတ္တံ့ဟု မိန့်တော်မူ၏။"*

# အဖြေ သော့ချက်

၁။ (မဿဲ ၈း၁၆-၁၇)ကို ဖတ်ပါ။ ယေရှု အနာငြိမ်းစေသောသူ မည်မျှ ရှိသနည်း။
**အထံတော်သို့ရောက်လာကြသည့်လူအားလုံး**

၂။ (ဟေရှာယ ၅၃း၃-၅)ကို ဖတ်ပါ။ ဤကျမ်းချက်သည် မည်သည့်အနာငြိမ်းခြင်းအမျိုးအစားကို ပြောနေသနည်း။
**ရုပ်ခန္ဓာပိုင်းအပါအဝင်၊ အနာငြိမ်းစေခြင်း အမျိုးအစား အားလုံး**

၃။ (မဿဲ ၈း၁၇)ကို ဖတ်ပါ။ ကျွန်ုပ်တို့၏အနာရောဂါဝေဒနာများသည် ဘာဖြစ်သွားသနည်း။
**ယေရှု ယူတင်ဆောင်ရွက်သွားသည်။**

၄။ (၁ ပေ ၂း၂၄)ကို ဖတ်ပါ။ ဤကျမ်းချက်၌ ကျွန်ုပ်တို့အတွက် ယေရှုပြုတော်မူခဲ့သော အရာနှစ်ခု သည် ဘာလဲ။
**ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များကို ကိုယ်တော်ခန္ဓာပေါ်မှာ ကိုယ်တိုင်ယူတင်သည်။ ကျွန်ုပ်တို့အနာငြိမ်းစေခြင်းအတွက် ဒဏ်ချက်တော်များကို ခံယူသည်။**

၅။ (ယာကုပ် ၅း၁၄-၁၅)ကို ဖတ်ပါ။ အငယ်-၁၅ ၌ "ကယ်ဆယ်သည်"ဆိုသည့် ဂရိစကားလုံးသည် sozo ဖြစ်သည်။ ဘာသာပြန်ဆိုရလျှင်၊ "လွှဲအပ်ရန်၊ ကာကွယ်ရန်၊ အနာငြိမ်းစေရန်၊ ထိန်းသိမ်းပေးရန်၊ တစ်စုတည်းရှိစေရန်" ဖြစ်သည်။ သမ္မာကျမ်းစာက "ကယ်တင်ခြင်း"ကို ညွှန်းသောစကားလုံးနှင့် အတူတူဖြစ်သည်။ ဤကျမ်းချက်အရင်း၊ ကယ်တင်ခြင်းအတွက် ဂရိစကားလုံးအနက်ဖွင့်ချက်အရင်း၊ ကယ်တင်ခြင်း၌ ဘာတွေ ပါရှိသနည်း။
**အနာငြိမ်းစေခြင်း**

၆။ (မဿဲ ၁၀း၇)ကို ဖတ်ပါ။ ယေရှုသည် တပည့်များကိုစေလွှတ်သောအခါ၊ သူတို့ကို ဘာပြော ဆိုရန် ကိုယ်တော် မိန့်မှာတော်မူ သနည်း။
**ကောင်းကင်နိုင်ငံတော် တည်လုနီးပြီ**

၇။ (မဿဲ ၁၀း၈)ကို ဖတ်ပါ။ ယေရှုသည် သူတို့ကို ဘာလုပ်ရန် မိန့်မှာတော်မူသနည်း။
**နာသောသူတို့အား ချမ်းသာပေးကြလော့။ သေသောသူတို့ကို ထမြောက်စေကြလော့။ နတ်ဆိုးတို့ကိုလည်း နှင်ထုတ်ကြလော့။**

၈။ (မာကု ၁၆း၁၅)ကို ဖတ်ပါ။ ယေရှုသည် ကိုယ်တော့်တပည့်တော်များကို ဘာလုပ်ရန် မိန့်မှာတော်မူသနည်း။
**လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောပြောကြလော့။**

၉။ (မာကု ၁၆း၁၆)ကို ဖတ်ပါ။ ဧဝံဂေလိသတင်းကို တုံ့ပြန်ကြသူတို့သည် ဘာလုပ်ရကြမည်နည်း။
**ယုံကြည်၍ ဗတ္တိဇံကို ခံကြသည်။**

၁၀။ (မာကု ၁၆း၁၇)ကို ဖတ်ပါ။ ယုံကြည်သူများအတွက် နိမိတ်လက္ခဏာသည် ဘာလဲ။
**သူတို့သည် နတ်ဆိုးတို့ကို နှင်ထုတ်၍၊ ထူးခြားသောဘာသာစကားမျိုးတို့ကို ပြောကြသည်။**

၁၁။ (မာကု ၁၆း၁၈)ကို ဖတ်ပါ။ ယုံကြည်သူများအတွက် အခြားသောနိမိတ်လက္ခဏာသည် ဘာလဲ။
**မကျန်းမမာသောသူတို့အပေါ်မှာ လက်ကိုတင်၍ ချမ်းသာပေးကြသည်။**

## သင်ခန်းစာ ( ၈ )

# အနာငြိမ်းခြင်း၌ အတားအဆီးများ

ဤအရင်သင်ခန်းစာ၌ ဘုရားသခင်သည် အနာငြိမ်းစေလို တော်မူသည်နှင့် အနာ ငြိမ်းခြင်းသည် အပြစ်ဖြေရာယဇ်၏ အပိုင်းတစ်ခု ဖြစ်ကြောင်းကို ပြောဆိုကြပါမည်။ များစွာလည်း ပြောစရာ ရှိနေပါသည်။ အကြောင်းမှာ ၎င်းကို သင်လက်ခံသည်ဖြစ်၍ သမ္မာကျမ်းစာ ထဲ၌လည်းတွေ့ မြင်ရသည့်တိုင် မေးခွန်းမေးစရာများစွာ ဖြစ်လာပါသေးသည်။ "ကျွန်ုပ်တို့၌ ဘုရားသခင် အနာငြိမ်းစေတော်မူသည် ဖြစ်လျှင်အခြားသောသူများ၌ အဘယ်ကြောင့် အနာမငြိမ်းစေ သနည်း။ ၎င်း၌ အကြောင်းပြချက် များစွာ ရှိသည်။ ကျွန်ုပ် သိခဲ့သည်များကို ကျွန်ုပ် လုန်လျော ရှာကြည့်မိသည်။ ကျွန်ုပ် နားလည်နိုင်စွမ်း မရှိသည်ကို ရိုးသားစွာ ပြောပြလိုသော အချက်အလက် များစွာလည်း ရှိနေပါသည်။ သို့သော်လည်း ဘုရားသခင်သည် အနာငြိမ်းစေရန် လိုလားတော်မူပါလျှင် လူတွေ ဘာကြောင့် မသက်သာရသည့် အကြောင်းကို ကျွန်ုပ် ပြောပြသွား လိုပါသည်။ အကြောင်းပြချက်တစ်ခုမှာ မသိနားမလည်မှု ဖြစ်သည်။ သင်သည် မသိမကျွမ်း၊ နားမလည်သည့်တစ်ခုခုကို အကျိုးရှိအောင် မလုပ်နိုင်သည်မှာ၊ ကျွန်ုပ်အတွက်တော့ တကယ့် အဖြစ်မှန် ဖြစ်ခဲ့ပါသည်။

ကျွန်ုပ်သည် ဘုရားသခင့် အလိုတော်ကို အလိုလို ယုံကြည်ခြင်းရှိရန် သွန်သင်ခံယူသည့် အချိန် ပြီးမြောက်ခဲ့သည်။ သို့သော် ကျွန်ုပ်၌ အခွင့်အာဏာ၊ အစွမ်းအစ (သို့မဟုတ်) ထိုအတွက် ပြောစရာတစ်ခုမျှ မရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်၏မသိ နားမလည်မှုကြောင့် အရာများစွာ ဖြစ်ပျက် လာခဲ့ပါသည်။ ကျွန်ုပ် တစ်ဆယ့်နှစ်နှစ်အရွယ်တွင် အဖေဆုံးခဲ့ပါသည်။ ကျွန်ုပ်အသက် နှစ်ဆယ်တစ်နှစ် ရောက်သည့်အခါ၊ ကျွန်ုပ် မျက်စိအောက်တွင် လူသုံးလေးယောက် သေသည်ကို တွေ့ခဲ့ရသည်။ ထိုသူများ သက်သာစေဖို့ ကျွန်ုပ်ဆုတောင်း နေခဲ့ပါသော်လည်း ထင်ထင်ရှားရှား သက်သာလာသည်ကို ကျွန်ုပ် မမြင်ခဲ့ရ။ ဘုရားသခင့်အလိုတော် မဟုတ်သည်ကြောင့် မဟုတ်ဘဲ၊ ကျွန်ုပ်ဘက်က မသိနားမလည်မှု အကြောင်းကြောင့်သာ ဖြစ်ပါသည်။ မသိနားမလည်မှုသည် အရာများစွာကို ဖြစ်ပျက်စေသော အကြောင်းဖြစ်ပါသော်လည်း၊ ထိုအတွက် ဆင်ခြေပေးလို့ မရပါ။ ကမ္ဘာ့မြေကြီးဆွဲအားနှင့် တူပါသည်။ လူတစ်ယောက်ယောက်က "ဘယ်နှယ့်လုပ်မလဲ။ ဆယ်ထပ်တိုက် အပေါ်ကနေ ကျုပ်ထွက်ပြီး လမ်းလျှောက်လိုက်ရင် သေမယ်ဆိုတာ ကျုပ် မသိခဲ့ဘူး" ဟု ပြောလာနိုင်သည်။ ပညတ်တရားသက်ရောက်မှု အပြည့်အဝသည် သင့်အပေါ် ထိခိုက်မှု ရှိလာသည်ကို သင်သည် နားမလည်နိုင်ခဲ့ပါ။ လူ များသည် ဘုရားသခင်၏ ပညတ်တော်နှင့် ပတ်သက်၍ မသိနားမလည်ခြင်း ရှိခဲ့ပါသည်။ အနာငြိမ်းခြင်းစနစ် မည်သို့ အလုပ်လုပ်သည်ကို သူတို့ မသိရှိကြသဖြင့်၊ မသိနားမလည်ခြင်းသည် လူများစွာကို အသက်သေဆုံးနေစေပါသည်။

အနာငြိမ်းခြင်းကို လက်ခံရရှိခြင်းမှ ကျွန်ုပ်တို့ကို တားဆီးနေသော နောက်ထပ် အရာ တစ်ခုမှာ အပြစ်တရားဖြစ်သည်။ ဤအရာကို သင်ထုတ်ပြောလိုက်လျှင် လူတွေ တကယ် စိတ်ပျက် သွားကြသည်။ အကြောင်းမှာ အားလုံးသော ဖျားနာခြင်းသည် ကျွန်ုပ် တို့အပိုင်းက အပြစ်တစ်ခုခု လုပ်မိသော ရလဒ်အဖြစ်၊ သင်ကပြောသည်ဟု သူတို့ အဓိပ္ပာယ် ကောက်ယူ လိုက်ကြသောကြောင့် ဖြစ်သည်။

ထိုသို့ ကောက်ယူလျှင် မမှန်ပါ။ ကျွန်ုပ်ပြောလိုသည့်အကြောင်းမှာလည်း ထိုသို့မဟုတ်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး (၉) ၌ ဖြစ်ရပ်တစ်ခုရှိပါသည်။ ယေရှုသည် ဗိမ္မာန်တော်ထဲမှ ထွက်လာသောအခါ ကိုယ်တော်၏ တပည့်များသည် မျက်စိမမြင်သော သူတစ်ဦးကို လက်ညှိုးထိုး၍ ပြောပါသည်။ (အငယ်- ၂) "တပည့်တော်တို့က၊ အရှင်ဘုရား၊ ဤသူသည် အဘယ်သူ၏ အပြစ်ကြောင့် မျက်စိကန်း သနည်း။ ကိုယ်အပြစ်ကြောင့် ကန်းသလော။ မိဘအပြစ်ကြောင့် ကန်းသလောဟု မေးလျှောက် ကြ၏။" တစ်နည်းပြောရလျှင်၊ သူတို့က ထိုသူ၏အပေါ်တွင် ကျရောက်လာသော ဖျားနာခြင်း ဖြစ်စေခဲ့သည့် အကြောင်းသည် ထိုသူ (သို့မဟုတ်) ထိုသူ့ မိဘတို့၏ အပြစ်ကြောင့် ဖြစ်ပါသလော ဟူ၍ မေးခြင်းဖြင့်၊ ဖျားနာခြင်းသည် တိုက်ရိုက် အပြစ်တရားနှင့် ပတ်သက်ကြောင်းကို သူတို့ဆိုလိုခြင်း ဖြစ်ပေသည်။ ယေရှု ပြန်ဖြေသည်မှာ သူနှင့်သူ့မိဘတို့၏ အပြစ်ကြောင့် တစ်ခုမျှမဟုတ်ကြောင်း ဖြစ်၏။ ၎င်းမှာ မိဘနှင့် သူ၏သားတို့သည် အစဉ်အမြဲ အပြစ်လုပ်ကြသည် မဟုတ်ဘဲ သူတို့၏အပြစ်ကြောင့် သူတို့သား၌ မျက်စိမမြင်ခြင်း ဖြစ်စေသည်မှာမဟုတ်ကြောင်း ပြောလိုက်ခြင်းဖြစ်သည်။ ဖျားနာခြင်းအားလုံးသည် အပြစ်တရားနှင့် ပတ်သက်နေသည် ဟုပြောသည်မှာ မမှန်ပါ။ ၎င်းတွင် အပြစ်တရားသည် အကြောင်းရင်းတစ်ရပ် မဟုတ်ကြောင်း ပြောသည်မှာလည်း မမှန်ပါ။

ရှင်ယောဟန်အခန်းကြီး(၅)၌ ဖြစ်ရပ်တစ်ခုတွင် ယေရှုသည် ဗေသေသဒရေကန်နားသို့ ရောက်သောအခါ၊ ကိုယ်တော်သည် လူတစ်ယောက်ကို သဘာဝလွန်ဖြစ်ရပ်နှင့် အနာငြိမ်းစေ ခဲ့သည်။ ထိုနေရာတွင် လူအများအပြားရှိသော်လည်း တစ်ယောက်သာလျှင် အနာငြိမ်းစေ ပါသည်။ အခန်းကြီး၏ အခန်းငယ်-၁၂ နောက်ပိုင်းအဖြစ်တွင် ဂျူးများက သူ့ကို မေးသည့်အခါ မည်သူသည် သူ့ကို အနာ ငြိမ်းစေခဲ့ကြောင်း သူမသိဟု ဖြေဆိုခဲ့သည်ကို ကျွန်ုပ်တို့တွေ့ ခဲ့ရသည်။ *"ယုဒလူတို့ကလည်း ကိုယ်အိပ်ယာကို ဆောင်၍ လှမ်းသွားလော့ဟု သင့်အားဆိုသော သူကား အဘယ်သူနည်းဟု မေးမြန်းကြ၏။"* အငယ်-၁၃၊ ၁၄ ၌ ဆိုပါသည်။ *"ထိုသူကား အဘယ်သူဖြစ် သည်ကို ရောဂါကင်းသောသူသည် မသိ။ အကြောင်းမူကား၊ ထိုအရပ်၌ လူစုဝေးလျက် ရှိသည်ဖြစ်၍ ယေရှုသည် မထင်မရှားထွက်ကြွ တော်မူ၏။ ထိုနောက်မှ ယေရှုသည် ဗိမာန်တော်၌ ထိုသူကိုတွေ့ တော်မူလျှင်၊ သင်သည် ကျန်းမာခြင်းရှိ၏။ သာ၍ဆိုးသောဘေးနှင့် ကင်းလွတ်မည်အကြောင်း နောက်တစ်ဖန် ဒုစရိုက်ကိုမပြုနှင့်ဟု မိန့်တော်မူ၏။"* ဤတွင် ယေရှုပြောသည်မှာ၊ အပြစ်တရားသည် ထိုသူ၏ ခြေလက်သေသော ရောဂါထက်သာ၍ ဆိုးသောရောဂါများ ဖြစ်လာစေမည်ကို ပြောခြင်းဖြစ်သည်။ ကိုယ်တော်သည် အပြစ်တရားနှင့် ဖျားနာခြင်းရလဒ်ကို ချည်နှောင်ထားခြင်း ဖြစ်သည်။ ရှင်ယောဟန်အခန်းကြီး (၅) ၌ လူတစ်ယောက် မျက်စိကန်းသည်မှာ၊ ထိုသူ၏အပြစ်ကြောင့် မဟုတ်ကြောင်း ကိုယ်တော်ပြောဆိုခဲ့သည်လည်း ရှိ၏။ အကြောင်းအရာတချို့ သဘာဝလွန် ဖြစ်ပျက်သည်များ ရှိတတ်သည်။ သို့သော် ဖျားနာခြင်း၊ ရောဂါရခြင်းနှင့် ပြဿနာများသည် အပြစ်တရားကြောင့် တိုက်ရိုက်ရလဒ် ထွက်သည့်ကာလများ လည်းရှိပါသည်။ ထိုသို့ဖြစ်ပျက်လာသည်ဆိုလည်း၊ ကျွန်ုပ်တို့အပေါ်သို့ ထိုသို့ဖြစ်လာစေသော ပုဂ္ဂိုလ်သည် ဘုရားသခင်ဖြစ်သည်ဟု မဆိုလိုပါ။ ဥပမာ အားဖြင့်၊ လူတစ်ယောက်သည် လိင်တူ ဆက်ဆံခြင်း ဘဝပုံစံနှင့် နေထိုင်သည်ဆိုပါက၊ သဘာဝ ဖောက်ပြန်မှုတစ်ခု ဖြစ်ကြောင်း မှတ်ယူ ရမည်။ လိင်ဆက်ဆံမှုကြောင့် ဖြစ်လာသောရောဂါများသည် ထိုသို့နေထိုင်ကြသော ဘဝပုံစံ များကြောင့် ဖြစ်လာပါသည်။ ဘုရားသခင်သည် ထိုသို့သော ရောဂါများကို ဖန်တီးသူတစ်ဦး မဟုတ်ပါ။ သဘာဝကို ပုန်ကန်နေထိုင်ခြင်းကြောင့်သာ ဖြစ်ပြီး၊ ထိုနည်းတူ နေထိုင်ရန် ဘုရားသခင်သည်

ပြဋ္ဌာန်းတော်မူခြင်း မရှိပါ။ ဥပမာဆိုပါစို့၊ သင်သည် အပြင်ထွက်ပြီး မကောင်းသော အစားအစာကို စားသည်ဆိုလျှင်၊ သင့်ခန္ဓာသည် ခံစားရလိမ့်မည်။ ဤတွင် ထိုသို့ဖြစ်လာစေရန် ဘုရားသခင် လုပ်ဆောင်သည် မဟုတ်ပါ။ ထို့ကြောင့် လူတွေ အနာမငြိမ်းစေရခြင်း အကြောင်းတစ်ခုမှာ အပြစ်တရားကြောင့် ဖြစ်၏ ဆိုသည်မှာလည်း မှန်ပါသည်။

သင့်ဘဝအထဲ သိသာသော အပြစ်တစ်ခုရှိသည်ဖြစ်၍ အနာငြိမ်းစေရန်အတွက် ဘုရားသခင်အား သင်သည် ယုံကြည်သည် ဆိုပါလျှင်၊ အပြစ်လုပ်နေသည်ကို သင် ရပ်ပစ်ရမည်။ သို့မဟုတ်ပါက၊ သင့်ဘဝတွင် ဘုရားသခင် မစတော်မူခြင်းကို လက်ခံနိုင်သည့် တိုက်ရိုက် အဝင်လမ်းဝ၌ စာတန်ကို တားဆီးရန် အခွင့်ပေးထားခြင်း ဖြစ်နေ၏။ (ရောမ ၆း၁၆)၌ ဆိုပါသည်။ *"အကြင်သူ၏ အထံ၌ အစေခံကျွန်ဖြစ်ခြင်းငှါ၊ သင်တို့ဝင်၍ အစေခံ၏။ ထိုသူသည် သေခြင်းနှင့် ယှဉ်သောအပြစ်တရားဖြစ်စေ၊ ဖြောင့်မတ်ရာသို့ရောက်ခြင်း နှင့်ယှဉ်သော နားထောင်ခြင်း တရားဖြစ်စေ၊ သင်တို့သည် သခင်ဖြစ်သည်ကို မသိကြသလော။"* ဤတွင် သင်သည် ကယ်တင်ခြင်းဆုံး ရှုံးသွားပြီး၊ ငရဲရောက်သွားမည့် အမြင်နှင့် စာတန်သည် သင့်သခင် ဖြစ်လာမည်ကို ပြောနေသည် မဟုတ်ပါ။ သို့သော် ဆိုလိုသည်မှာ၊ သင်သည် ခရစ်ယာန်ဖြစ်စေ၊ ခရစ်ယာန်မဟုတ်သည် ဖြစ်စေ၊ အပြစ်ကို ထွက်လုပ်နေပါလျှင် သင့်ဘဝ၌ စာတန်ကို အဝင် လမ်းဖွင့်ပေး ခြင်းဖြစ်လာပါသည်။ (ယောဟန် ၁၀း၁၀)၌ ပြောထားပါသည်။ သူခိုးသည် ခိုးရန်၊ သတ်ရန်၊ ဖျက်ဆီးရန် ရောက်လာသည်မှလွဲ၍ အခြားရည်ရွယ်ချက် မရှိကြောင်း ဖြစ်သည်။ သို့သော် ယေရှုသည် သင့်အား အသက်ပေးရန် ရောက်လာပါသည်။ ထို့ကြောင့် သင့်အား သင့်ဘဝထဲ ယေရှုအသက်တာနှင့် ကျန်းမာခြင်းကို ကြိုးစားပေးရန် ရောက်လာသော ကိုယ်တော်ကို ရသလို သင့်ဘဝအထဲ ဖျားနာခြင်းကို ကြိုးစားပေးနေသော စာတန်ကိုလည်း ရ၏။ သင်သည် အပြစ်တရားကို လုပ်နေလျှင် စာတန်ကို သင့်ကိုယ်သင် အပ်နှံသဖြင့် သင်ကိုယ်တိုင် စာတန်ကို အာဏာလွှဲပေးလိုက်ပြီး၊ သင့်ဘဝ အခွင့်အလမ်းများကိုလည်း ပေးကမ်းလိုက်ခြင်း ဖြစ်ပေသည်။ ဤသို့ဖြင့် သင်သည် သင်လိုချင်သော အနာငြိမ်းခြင်းအားလုံးကိုရရန် ဘုရားသခင်ထံ ဆုတောင်းနေသော်လည်း၊ သင့်အပြုအမူက စာတန်ကို ရောက်လာစေပြီး၊ ဖျားနာခြင်းယူလာစေရန် အခွင့်ပေးနေခြင်း ဖြစ်ပေသည်။ ထို့ကြောင့် သင်သည် အပြစ်လုပ်လျက် နေထိုင်သည် ဖြစ်လျှင် ရပ်ပစ်ဖို့ လိုသည်။

ကျွန်ုပ်ထပ်မံ ပြောလိုသည်မှာ၊ သင်သည် ကိုယ့်စိတ်ခံစားမှု အမြင်များကို စစ်ဆေးတတ်သူ ဖြစ်၍၊ "ဟုတ်ပဲ့၊ ငါဟာ ငါ ဖြစ်သင့် တာထက်၊ အမြဲလျော့နေတာကို သိပါတယ်" ဟုပြောပြီး၊ သင်သည် ဘုရားသခင် အနာငြိမ်းစေသည်ကို ယုံကြည်ခြင်း၊ သင့်၌ မထိုက်တန်၍ ကိုယ်တော် မစတော် မမူသည်ကိုလည်း ယုံကြည်ခြင်းတို့ ဖြစ်သည်ပင်လျှင်၊ ဤအခြေအနေကို သင် လက်ခံ ထားရပေတော့မည်။ ဒါလည်း အမှန် မှားပါသည်။ ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်မျှ ဘုရားသခင်ထံမှ အနာငြိမ်းခြင်းကို ထိုက်တန်သဖြင့် အစဉ် လက်ခံရရှိသွားနိုင် ကြသူများ မဟုတ်ကြပါ။ ဘုရားသခင်အတွက် အရည်အချင်းပြည့် လုပ်ဆောင်သူ တစ်ဦးတစ်ယောက်မျှ ကိုယ်တော် ရရှိခဲ့သေးသည် မဟုတ်ပါ။ ထို့ကြောင့် သင်၏သန့်ရှင်းခြင်းအတွက် သင်၏ လုပ်ဆောင်ချက် အရသာလျှင် သင့်ဘဝထဲမှာ ဘုရားသခင်ရွေ့စေခြင်းကို ဆက်ဆံဖို့ မလိုအပ်တော့မှာ ဖြစ်သည်။ ၎င်း၏လိုအပ်ချက်မှာ သင့်အတွက် ယေရှု ပြုတော်မူခြင်းနှင့် ကိုယ်တော်၌ သင်၏ ယုံကြည်ခြင်းတို့အပေါ် အခြေခံရမည် ဖြစ်သည်။ တစ်ချိန်တည်းတွင်၊ သင်သည် သင့်ကို စာတန်တားဆီးခြင်း မရှိရစေရန် သင့်အပြု အမူများနှင့် ကိုယ့်ကိုယ်တိုင် အပ်နှံခြင်းများကို လျစ်လျူရှု မနေနိုင် တော့ပါ။ သင်သည် နောင်တရ၍ သင့်ဘဝအထဲ

စာတန်ထိုးဖေါက် ဝင်ရောက်လာရန် အခွင့်ပေးသော သင်လုပ်ဆောင်နေသည့် မည်သည့်အလုပ်မဆို ဖြတ်တောက်ပစ်လိုက်ပါလျှင်၊ သင့်အပေါ် အနာငြိမ်းခြင်းသည် ပို၍လွယ်ကူခြင်း၊ ပို၍ကောင်းမွန်ခြင်းတို့ကို တွေ့ရပါလိမ့်မည်။

အနာငြိမ်းခြင်းနှင့် ပတ်သက်၍ နောက်ထပ်အကြောင်းရင်း တစ်ခုမှာ၊ လူအချို့တို့က အဆိုးမြင်ပြီး များစွာ အထင်မကြီးခြင်းနှင့် အခြားသူတို့၏ မယုံကြည်ခြင်းများသည် သင့်ကို ထိခိုက်မှု ရှိလာနိုင်သည်။ ဤအတွက် နမူနာအမျိုးအစား တစ်ခုသည်၊ ရှင်မာကုခရစ် ဝင်ကျမ်းအခန်းကြီး (၆) အထဲ၊ ယေရှု၏မွေးရပ်မြေ၌ ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ ထိုအရပ်တွင် လူများသည် ယေရှုကို မွေးစကလေးဘဝ ကတည်းက သိရှိခဲ့ကြသောကြောင့် ကိုယ်တော်အား မလေးစားကြပါ။ ကိုယ်တော်၏ မိဘများ၊ ညီများနှင့်နမများကို သူတို့ သိကြသဖြင့် လူအချို့လေးစားသမှု ပြသကဲ့သို့ သူတို့ မပြုနိုင်ကြပါ။ (မာကု ၆း၄-၆)၌ ပြောပါသည်။ *"ယေရှုကလည်း၊ ပရောဖက်သည် မိမိမြို့၊ မိမိ အဆွေတို့နေရာ၊ မိမိအိမ်မှတစ်ပါး အခြားသောအရပ်၌ အသရေရှိသည်ဟု ထိုသူတို့အား မိန့်တော်မူ၏။ မကျန်းမမာသော သူအချို့တို့ အပေါ်မှာ လက်တော်ကိုတင်၍ အနာကို ငြိမ်းစေခြင်း မှတစ်ပါး အဘယ်တန်ခိုးတော်မျှ ထိုအရပ်၌ ပြတော်မမူနိုင်။ ထိုသူတို့သည် မယုံကြည်ကြသည်ကို အံ့သြခြင်း ရှိတော်မူ၏။"* ဤတွင် ယေရှုသည် ကြီးမားသောအမှုကို ပြုမည်မဟုတ်ဟု မပြောပါ။ ကိုယ်တော်လုပ်ပြု နိုင်ပါသည်။ ယေရှုသည် လူသားတစ်ယောက်အဖြစ်နှင့် မြေကြီးပေါ်သို့ ကြွလာ တော်မူသော၊ ယုံကြည်ခြင်း၌ အမှားမရှိသော ဘုရားသခင်၏သားတော် ဖြစ်သည်။ ထို့အပြင် ကိုယ်တော့်ဘဝထဲသို့ အပြစ်တရားထိုးဖေါက် ဝင်ရောက်လာခြင်း တစ်ခုမျှ မရှိခဲ့ပါ။ သို့တိုင် ကိုယ်တော်သည်၊ လူတွေရဲ့မယုံကြည်ခြင်း အကြောင်းကြောင့်၊ သူတို့အတွက် လုပ်ဆောင်ပေး နိုင်သည်များကို ကန့်သတ်တော်မူခဲ့ခြင်း ဖြစ်သည်။ ဤအတွက် (မဿဲ ၁၃း၅၈)၌ ပြောခဲ့သည်များနှင့်အတူ မှတ်ယူနိုင်သည်။ *"မြို့သားများတို့သည် မယုံကြည်ကြသောကြောင့် ထိုအရပ်၌ များစွာသောတန်ခိုးကို ပြတော်မမူ။"* ဤတွင် ယေရှုကို ကျွန်ုပ်တို့ တွေ့ရ၏။ ကိုယ်တော်တိုင်အားဖြင့် ကန့်သတ်ချက် မထားခြင်းနှင့် ကိုယ်တော့်အသက်တာအထဲ စာတန် ထိုးဖေါက်လာသော အပြစ်တရား ဧကန်မရှိခြင်းတို့ကြောင့် ကိုယ်တော့်အနီးတစ်ဝန်းရှိ လူတို့အတွက် ကိုယ်တော် လုပ်ဆောင်ပေးနိုင်သည်များကို ကန့်သတ်တော်မူခဲ့ခြင်း ဖြစ်သည်။

ဤတွင် အချိန်မရွေး လူခပ်သိမ်းတို့ကို အနာငြိမ်းစေရန်မှာ ဘုရားသခင့် အလိုတော် ဖြစ်ကြောင်း၊ ကျွန်ုပ်ပြောနေသည်များကို နားလည်သဘောပေါက်ရန် အမှန်တကယ် အရေးကြီး ပါသည်။ အကယ်၍ သင်သည် ယုံကြည်ခြင်းရှိ၍၊ ဆေးရုံသို့သွားပြီး ဖျားနာသူ အားလုံး ကင်းမဲ့စေရန် သွားရောက် အမှားလုပ်ဆောင်မှု ဖြစ်နိုင်ခြေ ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် သင်သည် သူတို့အားလုံးကို အနာငြိမ်းစေရန် ဘုရားသခင်အလိုတော် ရှိသည်ဟူ၍ သင်ယုံကြည်နေ သောကြောင့် ဖြစ်သည်။ သူတို့အားလုံး အနာငြိမ်းစေရန် ဘုရားသခင် အလိုတော်ရှိသည်မှာ မှန်ပါသော်လည်း၊ ထိုသူတို့၏ ကိုယ်ပိုင်ဆန္ဒကို ဆန်၍ ကိုယ်တော်ရွေ့စေမည် မဟုတ်ပါ။ ဘုရားသခင်သည် သူတို့ဖျားနာနေခြင်း အခွင့်နှင့် အနာငြိမ်းရန် မလိုလာခြင်း အခွင့်များကို ကာကွယ် ပေးလိမ့်မည်။
သူတို့အနာငြိမ်းစေရေးအတွက် မည်သူ တစ်ဦးတစ်ယောက်မျှအတင်းအကျပ် လုပ်မပေးနိုင်ပါ။ လူတစ်ဦးတစ်ယောက်၌ ယုံကြည်ခြင်းရှိသည် ပင်လျှင် သူတို့ကို အနာငြိမ်းစေမှု မပြုနိုင်ပါ။ သူတို့ရုန်းကန် ထွက်လိုပါလျှင် လူတစ်ဦးတစ်ယောက်၏ ယုံကြည်ခြင်းက ကူညီပေး နိုင်သော်လည်း၊ သူတို့အတွက် မည်သူမျှဝင်၍ မလုပ်ပေးနိုင်ပါ။ ကားတစ်စီးကို ဂီယာထိုးမထားလျှင် သင်သည် တွန်းရွေ့နိုင်သော်လည်း၊

ကားရပ် ဘရိတ်အုပ်ထား လျှင်၊ သင်သည် ရှေ့တွန်းမရနိုင်၊ နောက်တွန်းမရနိုင် ဖြစ်ပါမည်။ အကယ်၍ လူတစ်ယောက်သည် အနားငြိမ်းခြင်းကို ဆန့်ကျင် နေပါလျှင်၊ သင်သည် မအောင်မြင်နိုင်ပါ။ ဤအကြောင်းကြောင့်၊ သင်သည် ဆေးရုံတစ်ရုံသို့သွား၍ လူနာကင်းမဲ့စေရန် မလုပ်နိုင်ပါ၊ သို့မဟုတ်၊ အသင်းတော် ဂတ်ပြပွဲတစ်ခုသို့ သွား၍ လူတို့၏ပူးပေါင်းပါဝင်မှုမရှိဘဲ လူတိုင်းအနာငြိမ်းစေခြင်းကို မြင်ရလိမ့်မည် မဟုတ်ပါ။

ဤအကြောင်းနှင့် ပတ်သက်၍ များစွာပြောရန်လည်း ရှိနိုင်ပါသည်။ ယေရှုသည် လူတွေကို အနာငြိမ်းစေရာတွင်၊ သေသူကို အသက်ရှင်စေသော အခါ၌ပင်လျှင်၊ ကိုယ်တော်သည် တစ်ဦးတစ်ယောက်ဆီသွားပြီး" ငိုကြွေးခြင်း မရှိနှင့်" ဟု ပြောပါသည်။ ကိုယ်တော်သည် အမေတစ်ယောက်ကို ငိုကြွေးခြင်း မရှိရန်ပြောပြီး၊ ၎င်း၏သားကို သေခြင်းမှ ပြန်ရှင် စေတော်မူခဲ့သည်။ တစ်စုံတစ်ယောက်၏ယုံကြည်ခြင်းသည် တစ်နေရာရာ၌ အသုံးကျမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့အပိုင်း၌လည်း ယုံကြည်ခြင်းလိုအပ်ပါသည်။ အနာငြိမ်းခြင်း၌ ပါဝင်သော အခြားအကြောင်းအရာ များလည်း အလွန်များစွာ ရှိပါသည်။ ဤတွင် ကျွန်ုပ် အနည်းငယ်ကိုသာ ဆွေးနွေး ထားပါသည်။ သင်တို့အတွက် အထောက်အကူဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ မှတ်သားဖို့လိုသည့် အဓိကအကြောင်းအရာများ အနက်တစ်ခုမှာ၊ ဘုရားသခင်သည် သစ္စာတည်တော်မူသည်ကို ဖြစ်သည်။ သင့်အတွက် အနာငြိမ်းခြင်းသည်၊ ဘုရားသခင့် အလိုတော် ဖြစ်သည်ဆို သော်လည်း၊ သင်သည် ကိုယ်တော်နှင့် မည်သို့ပူးပေါင်း လုပ်ဆောင် ရမည်ကို လေ့လာရမည် ဖြစ်သည်။ သင့်အတွက် ကိုယ်တော် လုပ် မပေးနိုင်ပါ။ သင့်အားဖြင့် ကိုယ်တော် လုပ်ဆောင်ရန် ရှိ၏။ ၎င်းသည် သင့်အတွင်းထဲက ရလာသည့်အရာ ဖြစ်သည်။

ဤအကြောင်းအရာများသည် သင်တို့အထဲ ဘုရားတန်ခိုးတော် စီးဝင်စေရန်နှင့် ကိုယ်တော်၏ သဘာဝလွန် ကျန်းမာရေးနှင့် အတူသင်တို့သွားလာနိုင်ကြရန် သင်တို့ကိုယ်တိုင် စတင် အပ်နှံရာတွင် အကူအညီ ဖြစ်စေပါမည်အကြောင်း ကျွန်ုပ်ဆုတောင်းပေးပါ၏။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (မဿဲ ၈း၁၇)ကို ဖတ်ပါ။ ကျွန်ုပ်တို့အတွက် အနာငြိမ်းရရှိစေရန် ယေရှု ဘာလုပ်ပေးခဲ့သနည်း။

**မဿဲ ၈း၁၇** - *"ထိုအကြောင်းအရာမူကား၊ သူသည် ကျွန်ုပ်တို့အနာရောဂါဝေဒနာများကို ယူတင် ဆောင်ရွက်လေသည်ဟု ပရောဖက်ဟေရှာယ ဟောဖူးသောစကား ပြည့်စုံမည်အကြောင်း ဖြစ်သတည်း။"*

၂။ (ဟောရှေ ၄း၆)ကို ဖတ်ပါ။ လူအချို့သည် အောက်ပါ အကြောင်းတစ်ခုခုကြောင့် အနာမငြိမ်း ခဲ့ကြပါ။

(က) မသိနားမလည်ခြင်းကြောင့်၊ ( ဉာဏ်ကင်းမဲ့သောကြာင့်၊)
(ခ) အသင်းတော်သို့ မတက်ရောက်သောကြောင့်၊
(ဂ) လုံလောက်စွာမကောင်းသောကြောင့်၊

**ဟောရှေ ၄း၆** - *"ငါ့လူတို့သည် ပညာနည်းသောကြောင့် ဆုံးရှုံးကြ၏။ သင်သည် ပညာကို ပယ်သောကြောင့်၊ ငါ့ယဇ်ပုရောဟိတ် အဖြစ်သို့ မရောက်စေခြင်းငှါ သင့်ကို ငါပယ်မည်။ သင်၏ဘုရားသခင့်တရားကို သင်မေ့လျော့သောကြောင့်၊ သင်၏ သားသမီးတို့ကို ငါမေ့လျော့မည်။"*

၃။ (ယော ၉း၁-၃)ကို ဖတ်ပါ။ ဤလူ၏မျက်စိကန်းရခြင်းအကြောင်းကို တပည့်တော်များ မည်သို့ တွေးထင်သနည်း။ သူတို့တွေးထင်သည်မှာ မှန်ကန်ပါသလား။

**ယောဟန် ၉း၁-၃** - *"လမ်း၌သွားတော်မူစဉ်၊ အမိဝမ်းတွင်းကပင် မျက်စိကန်းသော သူတစ်ယောက်ကို တွေ့မြင်တော်မူ၏။ တပည့် တော်တို့က၊ အရှင်ဘုရား၊ ဤသူသည် အဘယ်သူ၏ အပြစ်ကြောင့် မျက်စိကန်းသနည်း။ ကိုယ်အပြစ်ကြောင့် ကန်းသလော။ မိဘအပြစ်ကြောင့် ကန်းသလောဟု မေးလျှောက်ကြ၏။ ယေရှုကလည်း၊ ကိုယ်အပြစ်ကြောင့်မဟုတ်။ မိဘအပြစ်ကြောင့် လည်းမဟုတ်။ ဘုရားသခင်၏အမှုတော်ကို သူ၌ ထင်ရှားစေမည် အကြောင်းတည်း။"*

၄။ (ယော ၅း၁၄)ကို ဖတ်ပါ။ အပြစ်တရားသည် ဖျားနာခြင်းတံခါးကိုဖွင့်ပေး သော်လည်း အမြဲမဟုတ်ပါ။ ဖျားနာခြင်းအပြင်အပြစ်တရားသည် လူတစ်ဦးတစ်ယောက်ကို မည်သည့် အရာများ ဖန်တီးပေးနိုင်သေးသနည်း။

**ယောဟန် ၅း၁၄** - *"ထိုနောက်မှ ယေရှုသည် ဗိမာန်တော်၌ ထိုသူကိုတွေ့တော်မူလျှင်၊ သင်သည် ကျန်းမာခြင်းရှိ၏။ သာ၍ဆိုး သောဘေးနှင့် ကင်းလွတ်မည်အကြောင်း နောက်တစ်ဖန် ဒုစရိုက်ကို မပြုနှင့်ဟု မိန့်တော်မူ၏။"*

၅။ (ရောမ ၅း၁၂-၁၄)ကို ဖတ်ပါ။ အပြစ်တရားသည် ဖျားနာခြင်းကို အမြဲဖြစ်စေသည် မဟုတ်လျှင်၊ အခြားသော ဖြစ်စေသည့် အကြောင်းရင်းသည် ဘာလဲ။

**ရောမ ၅း၁၂-၁၄** - *"ဤအကြောင်းအရာဟူမူကား၊ အပြစ်တရားသည် တစ်ယောက်သောသူ အားဖြင့် ဤလောကသို့ဝင်၍၊ အပြစ် တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏။ ပညတ်တရားကို မထားမီ တိုင်အောင် ဤလောက၌ အပြစ်ရှိ၏။ အဘယ်ပညတ်တရားမျှ မရှိလျှင်၊ အပြစ်ရှိသည်ဟု မှတ်စရာ မရှိ။ သို့သော်လည်း အာဒံလက်ထက်မှစ၍ မောရှေလက်ထက်တိုင်အောင် သေခြင်းတရားသည် အစိုးရ၏။ အာဒံပြစ်မှားသည်နည်းတူ မပြစ်မှားသောသူတို့ကိုပင် အစိုးရ၏။ ထိုအာဒံသည် နောက်လာလတ္တံ့ သောသူ၏ ပုံပမာဖြစ်သတည်း။"*

၆။ (တမန်တော် ၁၀း၃၈)ကို ဖတ်ပါ။ ဤကျမ်းချက်အရ ဖျားနာခြင်းသည်၊ ဤသို့အားဖြင့် ဖြစ်စေနိုင်သည်။ ဘာလဲ။

**တမန်တော် ၁၀း၃၈** - *"ထိုအကြောင်းအရာဟူမူကား၊ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း၊ တန်ခိုးတော်နှင့်၎င်း၊ နာဇရက်မြို့သားယေရှုကို ဘိသိက်ပေးတော်မူသဖြင့်၊ ထိုသူသည် ဘုရားသခင်၏ အခွင့်တော်နှင့် ကျေးဇူးပြုလျက် မာရ်နတ်ညှဉ်းဆဲသော သူအပေါင်း တို့အား ချမ်းသာကိုပေးလျက် လှည့်လည်တော်မူ၏။"*

၇။ (မဿဲ ၁၃း၅၈)ကို ဖတ်ပါ။ အနာငြိမ်းခြင်းသည် ဤသို့အားဖြင့် တားဆီးခံရနိုင်၏။ ဘာလဲ။

**မဿဲ ၁၃း၅၈** - *"မြို့သားများတို့သည် မယုံကြည်ကြသောကြောင့်၊ ထိုအရပ်၌ များစွာသောတန်ခိုးကို ပြတော်မမူ။"*

၈။ (ယာကုပ် ၅း၁၅)ကို ဖတ်ပါ။ ဖျားနာခြင်းကို ဘာက ကယ်တင်ပေးလိမ့်မည်နည်း။ -

**ယာကုပ် ၅း၁၅** - *"ထိုသို့ပြုလျှင်၊ ယုံကြည်ခြင်း၏ ပဌနာသည် လူနာကို ကယ်ဆယ်၍၊ သခင်ဘုရားသည် သူ့ကို ထမြောက်စေ တော်မူမည်။ သူသည် အပြစ်ပြုမိသော်လည်း ထိုအပြစ်ကို လွှတ်တော်မူမည်။"*

# အဖြေ သော့ချက်

၁။ (မဿဲ ၈း၁၇) ကို ဖတ်ပါ။ ကျွန်ုပ်တို့အတွက် အနာငြိမ်းရရှိစေရန် ယေရှု ဘာလုပ်ပေးခဲ့သနည်း။
**ကိုယ်တော်သည် ကျွန်ုပ်တို့ အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေသည်။**

၂။ (ဟောရှေ ၄း၆)ကို ဖတ်ပါ။ လူအချို့သည် အောက်ပါ အကြောင်းတစ်ခုခုကြောင့် အနာမငြိမ်း ခဲ့ကြပါ။
(**က**) **မသိနားမလည်ခြင်းကြောင့်၊** (**ဉာဏ်ကင်းမဲ့သောကြောင့်**)

၃။ (ယော ၉း၁-၃)ကို ဖတ်ပါ။ ဤလူ၏မျက်စိကန်းရခြင်းအကြောင်းကို တပည့်တော်များ မည်သို့ တွေးထင်သနည်း။
**အပြစ်ကြောင့်၊ သူတို့တွေးထင်သည်မှာ မှန်ကန်ပါသလား။ မမှန်ပါ**

၄။ (ယော ၅း၁၄)ကို ဖတ်ပါ။ အပြစ်တရားသည် ဖျားနာခြင်းတံခါးကို ဖွင့်ပေးသော်လည်း အမြဲ မဟုတ်ပါ။ ဖျားနာခြင်းအပြင် အပြစ်တရားသည် လူတစ်ဦးတစ်ယောက်ကို မည်သည့်အရာများ ဖန်တီးပေးနိုင်သေးသနည်း။
**ဖျားနာခြင်းထက် သာ၍ ဆိုးသောအရာများစွာ သေသည်အထိတိုင်အောင် ဖြစ်စေသည်။** (**ရောမ ၆း၂၃**)

၅။ (ရောမ ၅း၁၂-၁၄) ဖတ်ပါ။ အပြစ်တရားသည် ဖျားနာခြင်းကို အမြဲဖြစ်စေသည် မဟုတ်လျှင်၊ အခြားသော ဖြစ်စေသည့် အကြောင်းရင်းသည် ဘာလဲ။
**လူသား ကျဆုံးခြင်း (ကမ္ဘာဦးကျမ်း အခန်းကြီး-၃)၊ အာဒံသည် သူ၏အပြစ်ပြုခြင်းအားဖြင့်၊ လူသားမျိုးနွယ်တစ်ခုလုံးသို့ အပြစ်တရားနှင့် ဖျားနာခြင်းတို့ကို လက်ဆင့်ကမ်းပေးခဲ့သည်။**

၆။ (တမန်တော် ၁၀း၃၈)ကို ဖတ်ပါ။ ဤကျမ်းချက်အရ ဖျားနာခြင်းသည် ဤသို့အားဖြင့် ဖြစ်စေနိုင်သည်။ ဘာလဲ။
**စာတန်မာရ်နတ် ညှဥ်းဆဲသောအားဖြင့်**

၇။ (မဿဲ ၁၃း၅၈)ကို ဖတ်ပါ။ အနာငြိမ်းခြင်းသည် ဤသို့အားဖြင့် တားဆီးခံရနိုင်၏။ ဘာလဲ။
**မယုံကြည်ကြသောကြောင့်**

၈။ (ယာကုပ် ၅း၁၅)ကို ဖတ်ပါ။ ဖျားနာခြင်းကို ဘာက ကယ်တင်ပေးလိမ့်မည်နည်း။
**ယုံကြည်ခြင်း၏ ပတ္ထနာ**

## သင်ခန်းစာ ( ၉ )

# အခြားသူတို့ကို အပြစ်လွှတ်ခြင်း

ယနေ့ ကျွန်ုပ်တို့သည် (မဿဲ ၁၈း၂၁-၂၂)၌ ဖေါ်ပြသည့် အပြစ်လွှတ်ခြင်းဘာသာရပ်ကို လေ့လာသွားကြမည်။ *"ထိုအခါ ပေတရုသည်(ယေရှုထံ) ချဉ်းကပ်၍၊ သခင်၊ ညီအစ်ကိုသည် ကျွန်ုပ်ပြစ်မှား၍ အကျွန်ုပ်သည် သူ၏အပြစ်ကို ဘယ်နှစ်ကြိမ် လွှတ်ရပါအံ့နည်း။ ခုနစ်ကြိမ်မြောက်အောင် လွှတ်ရပါအံ့လောဟု မေးလျှောက်သော်၊ ယေရှုက၊ ခုနစ်ကြိမ်မြောက်အောင် လွှတ်ရမည်ကို ငါမဆို။ အကြိမ်ခုနစ်ဆယ်ခုနစ်လီ မြောက်အောင် လွှတ်ရမည် ငါဆို၏။"* ပေတရုသည် သူ့ကို ပြစ်မှားသောသူ တစ်စုံတစ်ယောက်အား ဘယ်နှစ်ကြိမ် ခွင့်လွှတ်ပေးရမည်အကြောင်း မေးခြင်း၌ သူသည် အလွန်စိတ်ကောင်းရှိသူဟု တွေးနေမည်ဟု ကျွန်ုပ်ထင်သည်။ "တစ်ရက်တွင် ခုနစ်ကြိမ်တဲ့လား။" ယေရှု ပြောပါသည်။ "ပေတရု၊ ခုနစ်ကြိမ်မဟုတ်ဘူး။ အကြိမ်ခုနစ်ဆယ် ခုနစ်လီမြောက်အောင် လွှတ်ရမယ်။" ၎င်းမှာ (၄၉၀)အကြိမ်ဖြစ်၏။ သို့သော် အကြိမ်(၄၉၀) ပြည့်ပြီးနောက်၊ သင်သည် ခွင့်မလွှတ်ရဟု မဆိုလိုပါ။ ဤတွင် လူတစ်ဦး တစ်ယောက်အတွက် တစ်ရက်အတွင်း ကျူးလွန်မည့်၊ မဖြစ်နိုင်သော ပြစ်မှုအရေအတွက်ကို ယေရှု ပြောလိုက်ခြင်းဖြစ်သည်။ အပြစ်လွှတ်ခြင်းသည် တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်နေရမည်ကို ယေရှု ပြောဆိုခြင်း ဖြစ်သည်။ အပြစ် ခွင့်လွှတ်ခြင်းသည် ခရစ်ယာန်တို့အတွက် မှန်ကန်သော သဘောထားဖြစ်သည်။ (လုကာ ၂၃း၃၄)၌ ယေရှု မိန့်ဆိုခဲ့သည်။ *"အိုအဘ၊ သူတို့၏အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြ။.."* ထို့ပြင် ကိုယ်ကျိုးစွန့်သည့် လူစွမ်းကောင်း သတေဖန်ကလည်း (တမန်တော် ၇း၆၀) ၌ ပြောသည်။ *"သခင်၊ ဤသူတို့ပြုသော ဒုစရိုက်အပြစ်ကို မှတ်တော်မမူပါနှင့်၊ ..."* လူခပ်သိမ်းသည် အပြစ်လွှတ်ခြင်းကို ခံရလိမ့်မည် မဟုတ်သော်လည်း၊ ခရစ်ယာန်တို့ စိတ်နှလုံးအထဲရှိသဘောထားသည် အစဉ်အမြဲ အပြစ်လွှတ်ပေး နေရမည် ဖြစ်သည်။

ယေရှုသည် ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး(၁၈)၏ အခန်းငယ် (၂၃) မှဆက်၍ အပြစ်လွှတ်ခြင်းနှင့် ပတ်သက်ပြီး ပုံဥပမာတစ်ခုကို ပြောပြသည်။ *"ထို့ကြောင့် ကောင်းကင် နိုင်ငံတော်သည်၊ မိမိကျွန်များတို့ကို စာရင်းယူခြင်းငှါ အလိုရှိသော မင်းကြီးတစ်ဦးနှင့် တူ၏။ စာရင်းယူစဉ်တွင်၊ ငွေအခွက်တစ်သိန်း* (ခန့်မှန်းဒေါ်လာဆယ်သန်း) *ကြွေးတင်သောသူ တစ်ယောက်ကို ရှေ့တော်သို့ ဆောင်ခဲ့ကြ၏။ ထိုသူသည် ကြွေးဆပ်ရန် မရှိသောကြောင့်၊ ကိုယ်မှစ၍ သားမယားဥစ္စာ ရှိသမျှတို့ကိုရောင်း၍ ကြွေးကိုဆပ်စေဟု သူ၏သခင်စီရင်၏။ ထိုကျွန်သည် ညွတ်ပြပ်ဂပ်တွားလျက်၊ သခင်၊ ကျွန်တော်ကို သည်းခံတော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါမည်ဟု လျှောက်လျှင်၊..."* ယခု အခြေအနေ ဤသို့ဖြစ်သည်။ လူတစ်ယောက်သည် သူ့သခင်ကို ဒေါ်လာ(၁၀)သန်း အကြွေးဆပ်ရန်ရှိသည်။ သူသည် အကြွေးဆပ်နိုင်ရန် နည်းလမ်း မရှိတော့ပါ။ သူမပေးနိုင်သည်ကို သူသိသလို၊ သူ့သခင်ကလည်း သူမပေးနိုင်သည်ကို သိသည်။ ထိုနေ့ရက်ကာလ၌ ယနေ့ အမေရိကန်ပြည်လို ဒေဝါလီခံပစ်လို့ မရပါ။ အကြွေးဆပ်ရန်သင့် ကိုယ်မှစ၍ သားမယား ဥစ္စာရှိသမျှတို့ကို သူတို့ ရောင်းချလိုက်မည်ဖြစ်၍ သင်သည် ကျွန်ဘဝနှင့် နေထိုင်ရပါတော့မည်။ သင်သည် အကြွေးအကုန်အစင် ပေးချေပြီးသည်တိုင်အောင် ထောင်ထဲ နေရမည်။ ဘယ်တော့မှ အကြွေးမကျေလျှင်၊ သင်သည် တစ်သက်လုံး ထောင်ထဲ၌ နေရ တော့မည်။ ဤလူသည် လုပ်ဆောင်ရန်

သူသိသည့်အရာ တစ်ခုတည်းကိုသာ လုပ်ခဲ့သည်။ သူသည် သခင့်ရှေ့တွင် ဒူးထောက်ပျပ်ဝပ်လျက်၊ သနားပါရန် ငိုးကြွေးတောင်းပန်သည်။ "သခင်၊ ကျွန်တော့်ကို သည်းခံတော်မူပါ၊ သခင်၊ ကျွန်တော်တောင်းပန်ပါသည်၊ ကြွေးရှိသမျှကို ပေးဆပ်ပါမည်၊ ကျွန်တော့်ကို အချိန်ပေးပါ။" အခန်းငယ်-၂၇ ၌ ဘာဖြစ်လာသည်ကို ကြည့်ပါ။ ထိုအခါ သခင်သည် သနားခြင်းရှိသဖြင့် ကြွေးရှိသမျှကိုလွှတ်၍ ချမ်းသာပေးလေ၏ဟု ဆိုပါသည်။

ကျွန်ုပ်တို့သည် မပေးဆပ်နိုင်သည့် အကြွေးတင်လျက်ရှိသည်။ အပြစ်၏ အဖိုးအခသည် သေခြင်းဟု သမ္မာကျမ်းစာက ဆိုထားသည်။ (ရောမ ၆း၂၃)။ ဘုရားသခင်နှင့် ထာဝရလမ်းခွဲသွားရလေမည်။ ကမ္ဘာပေါ်ရှိ ရွှေငွေအကုန်လုံးနှင့် ကျွန်ုပ်တို့ကို ပြန်ရွေးထုတ်လို့ မရနိုင်ပါ။ ထိုအခါ ဘုရားသခင်သည် ကျွန်ုပ်တို့အား သနားခြင်း စိတ်ရှိပြီး၊ ကျွန်ုပ်တို့ မပေးနိုင်သော အကြွေးကိုပေးရန် တစ်ပါးတည်းသော သားတော် ယေရှုခရစ်ကို လောကသို့ စေလွှတ် တော်မူခဲ့သည်။ ဘုရားသခင်သည် သနားခြင်းကရုဏာစိတ်နှင့် ကျွန်ုပ်တို့ကိုကြည့်ရှုပြီး မိန့်တော် မူသည်။ "သင်တို့အကြွေးကို ငါခွင့်လွှတ်မည်။" အကြွေးဒေါ်လာ ဆယ်သန်းလောက်ကို အလွှတ်ခံခဲ့ရတဲ့ ဤသူသည် သူ့လိုအစေခံအပေါင်းအသင်းထဲမှ လူတစ်ယောက်ဆီက အကြွေး ဒေါ်လာနှစ်ဆယ်လောက်လိုမျိုးကို ရစရာရှိသူ ဖြစ်ပါသည်။ ထိုသူကို သူတွေ့လို့ ပြောလိုက် သင့်သည်မှာ၊ "ဟေး၊ ငါတော့ အကြွေး ဒေါ်လာဆယ်သန်း အလွှတ်ခံလိုက်ရပြီကွ။ မင်းဆီက ငါရစရာ ဒေါ်လာနှစ်ဆယ်လောက်က ဘာလုပ်ရမှာလဲ။ မင်းကို ငါ့လိုပဲ အကြွေးကင်းတဲ့ လူလွတ်ဖြစ်စေချင်တယ်။ အကြွေးကို မေ့ပစ်လိုက်တော့၊ ပေးစရာမလိုတော့ဘူး။ ငါက အကြွေးဒေါ်လာ ဆယ်သန်းတောင် အလွှတ်ခံခဲ့ရတာ။" ဒါက သူဒီလို ပြောသင့်တာပါ။ သို့သော် သူမပြော။ ၎င်းကျမ်းပိုဒ်ရဲ့ အခန်းငယ် (၂၈-၃၁) မှာ ဘာဖြစ်သလဲ ဖတ်ကြည့်ရအောင်။ "*ထိုကျွန်သည် ထွက်သွားရာတွင် မိမိငွေဒေနာရိတစ်ရာ ကြွေးတင်သော ကျွန်ချင်းတစ်ယောက်ကို တွေ့လျှင်၊ လည်ပင်းကိုကိုင်ညှစ်၍ ငါ့ငွေကိုဆပ်ပေးလော့ဟု ဆို၏။ ထိုကျွန်ချင်းသည် ကြွေးရှင်၏ ခြေရင်း၌ ပြပ်ဝပ်လျက် ကျွန်တော်ကို သည်းခံတော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါမည်ဟု တောင်းပန်သော်လည်း၊ ငွေရှင်သည် နားမထောင်ဘဲသွား၍ ကြွေးကိုမဆပ်မီ တိုင်အောင် ထောင်ထဲမှာ လှောင်ထား၏။ ထိုအမှုအရာကို အခြားသောကျွန်ချင်းတို့သည် မြင်လျှင်၊ အလွန် နာကြည်းသော စိတ်နှင့်သွား၍ ပြုလေသမျှတို့ကို မိမိတို့သခင်၌ ကြားလျှောက်ကြ၏။*" အကြွေး ဒေါ်လာဆယ်သန်းကို အလွှတ်ခံခဲ့ရသောသူသည် သူ့ထံ၌ အကြွေး ဒေါ်လာနှစ်ဆယ် လောက်တင်သူကို ထောင်ထဲထည့်ခဲ့သည်။ သင်တို့ စိတ်ကူးကြည့်လို့ရသလား။

အခန်းငယ် (၃၂-၃၄)၌ ဆက်ပါသည်။ "*ထိုအခါ သခင်သည် ထိုကျွန်ကိုခေါ်၍၊ ဟယ် ဆိုးညစ်သောကျွန်၊ သင်သည် ငါ့ကို တောင်းပန်သောကြောင့်၊ သင်၌တင်သမျှသော ကြွေးကို ငါရှင်းလင်းစေ၏။ ငါသည် သင့်ကိုသနားသကဲ့သို့ သင်သည်လည်း ကျွန်ချင်း ကို မသနားအပ်သလော ဟုဆိုလျက်၊ အမျက်ထွက်၍ ကြွေးရှိသမျှကို မဆပ်မီတိုင်အောင် အာဏာသားတို့လက်ကို အပ်လေ၏။*" ဤလူသည် သူ့ကျွန်ချင်းတစ်ယောက်အပေါ် ဆက်ဆံပုံ မမှန်သောကြောင့်၊ ထောင်ထဲ ဆွဲသွင်းခံရလေသည်။ ဤအကြောင်းကြောင့်လည်း သူ၏မူလ ခွင့်လွှတ်ခြင်းသည် ပြန်ရုပ်သိမ်း ခံလိုက်ရသည်။ အခန်းငယ် (၃၅) ၌ ယေရှုပြောသည်။ "*သင်တို့သည်လည်း ညီအစ်ကို အချင်းချင်းတို့ကို စိတ်နှလုံးပါလျက် အပြစ်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏အဘသည် ထိုနည်းတူ သင်တို့ကို စီရင် တော်မူလတ္တံ့ဟု မိန့်တော်မူ၏။*" သေခြင်းနှင့်အတူ ဘုရားသခင်နှင့် ထာဝရအဆက်ပြတ်ခြင်း အဖိုးအခပေးရမည်ဖြစ်သော အပြစ်အားလုံး လွှတ်ခြင်း ခံရပြီးနောက်၊

သူတစ်ပါးကိုခွင့်လွှတ်ရန် ငြင်းဆန်ခြင်းသည် မမိုက်မဲပေဘူးလား။ ကျွန်ုပ်တို့သည် ဘုရားသခင်အား အသနားခံတောင်းပန်လျက်၊ "အပြစ်လွှတ်တော်မူပါ၊ သခင်ယေရှုမှတစ်ဆင့် ကျွန်ုပ်ကို သနားကြင်နာတော်မူပါ" ဟု ဆုတောင်းသဖြင့်၊ ကျွန်ုပ်တို့ပြုသမျှ အရာများအားလုံးအတွက် အပြစ်များ လွှတ်ခြင်းခံရပြီးနောက်၊ ကျွန်ုပ်တို့က အမှုကြီးသည်ဟုထင်၍ အကြောင်းအရာ အနည်းငယ်လေးနှင့် အခြားသူတို့ကို အပြစ်လွှတ်ပေးရန်ငြင်းဆန်နေသောသူကို ဘုရားသခင်သည် ဆိုးညစ်သူဟု သတ်မှတ်ပြောဆိုပါသည်။

မကြာမီက ကျွန်ုပ်သည် အသင်းတော်တစ်ပါး၌ သင်းအုပ် အလုပ်လုပ်နေစဉ် အသင်းတော်ထဲ၌ အနာဂတ်အရာများကို မြင်နိုင်စွမ်းရှိသော အမျိုးသမီးငယ်တစ်ယောက် ရှိသည်။ တစ်နေ့ ကျွန်ုပ်ဆီ သူလာပြီးမေးပါသည်။ "သန့်ရှင်းသောဝိညာဉ်တော်က ဖြစ်လာမည့်အရာတွေ ကျွန်မကို ပြောပါသလား၊ အနာဂတ်အရာတွေ ကျွန်မကို ပြသလား။ လူတစ်ယောက်ယောက် သေတော့မယ် ဆိုရင် ကျွန်မသိနေတယ်။ တစ်စုံတစ်ယောက် ကားအပျက်အစီးနဲ့ကြုံရမယ်ဆိုရင်လည်း ကျွန်မ သိနေတယ်။ အဲဒီလိုမျိုးတွေ။" ကျွန်ုပ် ပြန်ဖြေပါသည်။ "ကျုပ်အဖြေကို ခင်ဗျားနှစ်သက်မှာ မဟုတ်ဘူး။ ဘာလို့ဆိုတော့ အဲဒါ သန့်ရှင်းသောဝိညာဉ်တော်ဆီကလို့ ကျုပ် မယုံပါဘူး။ အဲဒါ မှော်ဂင် နတ်ဆိုးဝိညာဉ်လို့ ကျုပ်ထင်တယ်။ တမန်တော်အခန်းကြီး(၁၆)မှာ တမန်တော်ရှင်ပေါလုကို လိုက် နှောင့်ယှက်တဲ့ ဝိညာဉ်မျိုးနဲ့ တူပါတယ်။ နောက်ဆုံး ရှင်ပေါလုက ဆုံးမပြီး၊ အဲဒီကလေးမ အထဲက ထွက်သွားဖို့ အမိန့်ပေးလိုက်တယ်။ ကလေးမလည်း အနာဂတ်အရာများ ပြောနိုင်တဲ့ အစွမ်းပျောက်ဆုံး သွားတယ်။ သိလား။" သူ၌ ရှိသည့်အစွမ်းသည် ဘုရားအထံတော်က မဟုတ်ကြောင်း ဆက်ပြီး ရှင်းပြလိုက်ပါသည်။ "သင့်အနေနှင့် ယေရှုကို ရည်မှန်းပြီးဆုတောင်းပါ။ သခင်ဘုရား၊ ကျွန်မ ခရစ်ယာန် မဖြစ်ခင် ကတည်းကပင်၊ ကျွန်မကို လာပြောနေသည်များ၊ သတင်းပေးသည်များသည် ဘာပါလိမ့်။ ကိုယ်တော်ရဲ့ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်ပါသလား (သို့မဟုတ်) အခြားတစ်ခုခု ဖြစ်ပါ သလား။" တစ်နေ့ကျတော့ ကလေးမသည် ကျွန်ုပ်ဆီ ပြန်ရောက်လာပြီး ပြောပါသည်။ "ကျွန်မ သခင်ဘုရားနဲ့ စကားပြောခဲ့ရတယ်။ မှန်တာပေါ့လို့ ပြန်ပြောသံကြားရတယ်လို့ ကျွန်မထင်တယ်။" ကျွန်ုပ် ပြန်ပြောလိုက်သည်။ "သခင်ဘုရားက မှန်တာပေါ့လို့ ပြန်ပြောတာ၊ ဘာဖြစ်ဖြစ်၊ ငါကတော့ သိုးထိန်းကြီး တစ်ယောက် မဟုတ်ဘူး။"

၁၉၈၆ စောစောပိုင်း ဖြစ်သည်။ ၁၉၈၆ ခုနှစ်က ဘာဖြစ်ခဲ့သည်ကို သင်တို့သိကြသလား။ Challenger ဆိုတဲ့ လွန်းပျံ အာကာသယာဉ်တစ်စင်းသည် လူရှစ်ယောက်လိုက်ပါဖို့ စီစဉ် ထားသည်။ ၎င်းတို့အထဲက တစ်ယောက်သည် ကျောင်းဆရာမ တစ် ယောက်ဖြစ်၏။ မှော်ဂင် ကလေးမသည် တယ်လီဖီးရှင်းကြည့်နေရင်း၊ အာကာသယာဉ်နှင့်လိုက်ပါမည့် အမျိုးသမီး စကား လာပြောသည်ဆိုသည်။ "မနက်ဖြန် ကျမ Challenger နဲ့ တက်သွားတော့မယ်။" ပြောနေစဉ် ဝိညာဉ်တစ်ခု ကလေးမဆီ ရောက်လာပြီး ပြော သည်။ "အဲဒီ မိန်းမသေမယ်။ အဲဒီ မိန်းမ သေမယ်။" နောက်တစ်နေ့ Challenger ပစ်လွှတ်လိုက်သည့်အခါ၊ တစ်ကမ္ဘာလုံးက ကြည့်နေတုန်း ပေါက်ကွဲပြီး လိုက်ပါသူအားလုံး သေကုန်ကြ၏။ ကလေးမ ကျွန်ုပ်ဆီ ပေါက်ချလာပြီး၊ "အစ်ကိုကြီး ဒွန်၊ ကျွန်မကို လာပြောတာ၊ သတင်းလာပေးတာ၊ သန့်ရှင်းသောဝိညာဉ်တော်က မဟုတ်ဘူးလို့ ကျွန်မထင်တယ်။ ကျွန်မအတွက် ဆုတောင်းပေးပါလား။" ထိုနေ့ည ဂတ်ပြုပွဲပြီးသည်နောက် လူတွေ ပြန်သွားကြသောအခါ ကျွန်ုပ်သည် သူ့ကိုလက်တင်ပြီး ဆုတောင်းပေးလိုက်သည်။" မစင်ကြယ်သော

နတ်ဆိုးဂိညာဉ်၊ ကလေးမဆီက ထွက်သွားလော့။" ဘာမျှ ဖြစ်မလာပါ။ ကျမ်းစာထဲမှာ ယေရှု၏ တပည့်များသည် လူငယ်တစ်ယောက်ထဲက မစင်ကြယ်သောဂိညာဉ်ကို ကြိုးစားမောင်း ထုတ်ရာတွင်၊ သူတို့ မလုပ်နိုင်ခဲ့ကြပါ။ ယေရှု မိန့်တော်မူသည်။ "ထိုသူငယ်ကို ငါ့ထံ ယူလာကြ။" ထို့ကြောင့် ယခုကျွန်ုပ် ဆုတောင်းရ၏။ "ဒီမှာ ဘာဖြစ်နေသည်ကို ကျွန်ုပ်သိသည်ဟု ထင်ခဲ့မိ ပါတယ်။ သို့သော် ဤကလေးမကို ကိုယ်တော်ရှေ့သို့ ကျွန်ုပ်ယူလာပါတယ်။ ဘာဖြစ် နေသည်ကို ကျွန်ုပ်အား ပြတော်မူပါအရှင်။" ကျွန်ုပ်၏ ဇနီးသည်လည်း ကျွန်ုပ်တို့နှင့်အတူ ဆုတောင်းနေ၏။ ဘုရားသခင့် အထံတော်မှ ဉာဏ်သည် သူ့ဆီရောက်လာပြီး ပြောထုတ် လာပါသည်။ "ဒါဟာ သူ့အမေနဲ့လုပ်ရမည့် ကိစ္စတစ်ခုပဲ။" ကျွန်ုပ်သည်လည်း ကလေးမကို မေးလိုက်သည်။ "မင်း အမေကိုမင်း ခွင့်လွှတ်နိုင်မလား။" ကျွန်ုပ်ပြောလိုက်သည့် တစ်ခဏချင်း ကလေးမသည် ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။ "မဖြစ်ဘူး၊ အမေ ကျွန်မကို ပေးထားတာ။" ကျွန်ုပ်ကလည်း၊ "မသန့်ရှင်းသောဂိညာဉ်၊ သင့်ကို ငါချည်နှောင်တယ်။" ကလေးမ ကိုလည်း အမေကို ခွင့်လွှတ်မလား အထပ်ထပ် မေးပါသည်။ နောက်ဆုံးကလေးမသည် သူ့အမေကို ခွင့်လွှတ် လိုက်ပြီး၊ အမေသည် ဘုရားသခင်၏ ကျေးဇူးတော်နှင့် မစတော်မူခြင်း အားဖြင့် ထွက်ခွာ သွားပါသည်။ သူငယ်မသည် ခွင့်လွှတ်ခြင်းကို ဆုံးဖြတ်၍လုပ်ဆောင်ခဲ့ခြင်း အားဖြင့်၊ အမေကို ထွက်ခွင့် ပေးလိုက်ပြီးနောက်၊ သူမသည် ကယ်ဆယ်ခြင်းနှင့် လွတ်လပ်ခြင်းကို လက်ခံရရှိ လိုက် ပါတော့သည်။

ရှင်မဿဲ ခရစ်ဝင်ကျမ်း အခန်းကြီး (၁၈) ပုံဥပမာထဲ၌ ယေရှုမိန့်တော်မူ သကဲ့သို့ ကျွန်ုပ် ပြောလိုသည်မှာ၊ ကျွန်ုပ်တို့၏ ကောင်းကင်ဘုံရှင် ဘုရားသခင်က ကျွန်ုပ်တို့၏ အကြွေး တစ်ပုံ တစ်ပင်ကြီးကို လွှတ်တော်မူပြီးသည့်နောက်၊ ကျွန်ုပ်၏စိတ်နှလုံးထဲမှ သူတစ်ပါးကို ခွင့်မလွှတ်နိုင် ကြပါလျှင်၊ နှိပ်စက်ညှဉ်းဆဲသူ လက်ထဲသို့ ကျွန်ုပ်တို့ လွှဲအပ်ခြင်း ခံရကြမည် ဖြစ်သည်။ နှိပ်စက်ညှဉ်းဆဲသူ ဆိုသည်မှာ ဘာလဲ။ မျိုးစုံ ရှိနိုင်သည်။ နတ်ဆိုးအမာခံ နယ်မြေများ၊ ဖိနှိပ်ခြင်းများ၊ ဖျားနာခြင်းများ၊ နှိပ်စက်ခြင်းများနှင့် အခြား အတော်များများ အရာတွေ ဖြစ်ပါသည်။ အမြစ်သည် ခွင့်မလွှတ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်လွှတ်ခြင်း ခံရကြပြီးနောက်၊ ခွင့်လွှတ်ခြင်း မရှိ ပါလျှင်၊ စာတန်ကို ကျွန်ုပ်တို့ဘဝထဲ ခြေကုပ်နေရာ ပေးထားလိုက်ခြင်းဖြစ်သည်။ ခွင့်လွှတ်ရန် ကျွန်ုပ်တို့ စိတ်ဆုံးဖြတ်ရမည့်အကြောင်း သမ္မာကျမ်းစာက ပြောထားပါသည်။ (မဿဲ ၆း၉-၁၁)၌ သခင်ဘုရား၏ ဆုတောင်းခြင်းအထဲတွင်၊ ကျွန်ုပ်တို့ အပြစ်လွှတ်ခံရသကဲ့သို့ အပြစ်လွှတ်ကြရန် ယေရှု မိန့်တော်မူခဲ့ပါသည်။

(မာကု ၁၁း၂၅-၂၆)၌ ကျွန်ုပ်တို့ဆုတောင်းသောအခါ၊ တစ်ဦးတစ်ယောက်အပေါ် တစ်ခုခု မကျေနပ်သည်များရှိလျှင်၊ ကျွန်ုပ်တို့ ခွင့်လွှတ်ကြရမည်ဟု ပြောထားသည်။ ဘာကို ဆိုလိုသနည်း။ ကျွန်ုပ်တို့စိတ်နှလုံးထဲ ခွင့်မလွှတ်ခြင်းသည် ဘယ်လောက်ကြာကြာ ရှိနေမည် နည်း။ သခင်ဘုရားရှေ့မှောက်သို့ ကျွန်ုပ်တို့ဆုတောင်းလျှောက်သည့် အချိန် လောက်သာလျှင် ကြာလိမ့်မည်။ အကယ်၍ လူတစ်ယောက်အပေါ် ခွင့်မလွှတ်နိုင်မှု အနည်း အကျဉ်းကလေး ရှိနေသည်ဖြစ်လျှင်၊ ကျွန်ုပ်တို့ ထုတ်ပစ်၍ ဆုတောင်းရမည်။ "ဘုရားသခင်၊ ကျွန်ုပ် သူတို့ကို ယနေ့ လွှတ်လိုက်ပါမည်။ သူတို့အပြစ်ကို ကျွန်ုပ်ခွင့်လွှတ်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်၏ အပြစ် ကြီးစွာကို လွှတ်တော်မူခဲ့သည်ဖြစ်၍ ဤအတွက် ကျွန်ုပ်ဆုံးဖြတ်ချက် ချလုပ်ဆောင် ပါသည်။"

ဤသင်ခန်းစာကို ဖတ်နေသူမည်သူမဆိုသည် သူတို့ဘဝအထဲ ခွင့်မလွှတ်နိုင်ခြင်း များအတွက်၊

ခွင့်လွှတ်ရမည့်ပုဂ္ဂိုလ် ရှင်နေ သေးသည်ဖြစ်စေ၊ သေပြီးသော်ငြား ဖြစ်စေ၊ ဤအချိန် တစ်ခဏ၌ ထိုပုဂ္ဂိုလ်ကိုလွှတ်ပေးရန် ဆုံးဖြတ်ချမှတ်နိုင်ပါမည့်အကြောင်း ဆု တောင်းပေးပါ၏။ သူတို့သည် ခွင့်လွှတ်နိုင်ကြလိမ့်မည် အကြောင်းနှင့် ယနေ့ ကိုယ်တော်၏ တန်ခိုးတော်၊ ကျေးဇူးတော်အားဖြင့် သူတို့ ၏နာကျင်မှုများကို သက်သာခွင့် ပေးတော်မူပါရန်လည်း ဆုတောင်း ပါ၏။ ဘုရားသခင်၊ ကိုယ်တော်အား ကျေးဇူးတင်ပါ၏။ ယေရှုခရစ် ၏နာမတော်၌၊ အာမင်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (မဿဲ ၁၈း၂၁)ကို ဖတ်ပါ။ ပေတရုသည် အပြစ်ခွင့်လွှတ်ရန် အကြိမ်မည်မျှ ပေးသနည်း။

**မဿဲ ၁၈း၂၁** - *"ထိုအခါ ပေတရုသည် ချဉ်းကပ်၍၊ သခင်၊ ညီအစ်ကိုသည် အကျွန်ုပ်ကို ပြစ်မှား၍၊ ကျွန်ုပ်သည် သူ၏အပြစ်ကိုဘယ် နှစ်ကြိမ်လွှတ်ရအံ့နည်း။ ခုနစ်ကြိမ်မြောက်အောင် လွှတ်ရပါအံ့လော ဟုမေးလျှောက်သော်၊ ယေရှုက၊..."*

၂။ (မဿဲ ၁၈း၂၂)ကို ဖတ်ပါ။ ကျွန်ုပ်တို့ အပြစ်ခွင့်လွှတ်ရန် အကြိမ်ဘယ်လောက်ရှိရမည်ဟု ယေရှုပြောခဲ့သနည်း။

**မဿဲ ၁၈း၂၂** - *"ယေရှုက၊ ခုနစ်ကြိမ်မြောက်အောင် လွှတ်ရမည်ဟု ငါမဆို။ အကြိမ် ခုနစ်ဆယ် ခုနစ်လီ မြောက်အောင် လွှတ်ရမည် ငါဆို၏။"*

၃။ (မဿဲ ၁၈း၂၃,၂၄)ကို ဖတ်ပါ။ ဤကျွန်သည် သူ၏သခင်၌ ငွေဘယ်လောက် အကြွေးတင်ရှိနေသနည်း။

**မဿဲ ၁၈း၂၃-၂၄** -*"ထိုကြောင့်၊ ကောင်းကင်နိုင်ငံတော်သည်၊ မိမိကျွန်များတို့ကို စာရင်းယူခြင်းငှါ အလိုရှိသော မင်းကြီးတစ်ဦးနှင့် တူ၏။ စာရင်းယူစဉ်တွင် ငွေအခွက်တစ် သိန်းကြွေးတင်သော သူတစ်ယောက်ကို ရှေ့တော်သို့ ဆောင်ခဲ့ကြ၏။"*

၄။ (မဿဲ ၁၈း၂၅)ကို ဖတ်ပါ။ ဤကျွန်သည် ဒေဝါလီခံရန် စွဲတင်ခံရခြင်းမျိုးမရှိနိုင်ဟုဆိုသည့်အတွက်၊ သူ ဘာဖြစ်သွားမည်နည်း။

**မဿဲ ၁၈း၂၅** - *"ထိုသူသည် ကြွေးဆပ်ရန် မရှိသောကြောင့်၊ ကိုယ်မှစ၍ သားမယားဥစ္စာရှိသမျှတို့ကို ရောင်း၍ ကြွေးကိုဆပ်စေဟု သူ၏သခင် စီရင်၏။"*

၅။ (မဿဲ ၁၈း၂၆)ကို ဖတ်ပါ။ ထိုကျွန်၏ တောင်းဆိုချက်မှာ ဘာလဲ။ အကြွေးကို သူပြန်ဆပ်ပေးနိုင်ခဲ့ပါသလား။

**မဿဲ ၁၈း၂၆** - *"ထိုကျွန်သည် ညွတ်ပျပ်ဝပ်တွားလျက်၊ သခင်၊ ကျွန်တော်ကို သည်းခံတော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါမည်ဟု လျှောက်လျှင်၊.."*

၆။ (မဿဲ ၁၈း၂၇)ကို ဖတ်ပါ။ သခင်သည် သူ့ကျွန်ကို ဘာသဘောထား ပြသခဲ့သနည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့အကြွေး (အပြစ်တရား) နှင့်ပတ်သက်၍ ဘာသဘောထား ပြသခဲ့သနည်း။

**မဿဲ ၁၈း၂၇** - *"သူ၏သခင်သည် သနားခြင်းရှိသဖြင့်၊ ကြွေးရှိသမျှကို လွှတ်၍ ချမ်းသာပေးလေ၏။"*

၇။ (မဿဲ ၁၈း၂၈)ကို ဖတ်ပါ။ အပြစ်လွှတ်ခံခဲ့ရသောကျွန်သည် သူ့ကျွန်ချင်း၌ အကြွေးရစရာ မည်မျှ ရှိသနည်း။

**မဿဲ ၁၈း၂၈** - *"ထိုကျွန်သည် ထွက်သွားရာတွင်၊ မိမိငွေ ဒေနာရိတစ်ရာ ကြွေးတင်သော ကျွန်ချင်းတစ်ယောက်ကို တွေ့လျှင်၊ လည်ပင်းကိုကိုင်ညှစ်၍ ငါ့ငွေကို ဆပ်ပေးလော့ဟု ဆို၏။"*

၈။ (မဿဲ ၁၈း၂၈)ကို ဖတ်ပါ။ ကျွန်ချင်းအပေါ် ထိုကျွန်၏ သဘောထားသည် ဘာလဲ။

၉။ (မဿဲ ၁၈း၂၉-၃၀)ကို ဖတ်ပါ။ ထိုကျွန်သည် သူ၏ကျွန်ချင်းကို ဘာလုပ်ခဲ့သနည်း။

**မဿဲ ၁၈း၂၉-၃၀** -*"ထိုကျွန်ချင်းသည် ကြွေးရှင်၏ခြေရင်း၌ ပြပ်ဝပ်လျက်၊ ကျွန်တော်ကို သည်းခံ တော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါ မည်ဟု တောင်းပန်သော်လည်း၊ ငွေရှင်သည် နားမထောင်ဘဲ သွား၍ ကြွေးကို မဆပ်မီတိုင်အောင်၊ သူ့ကို ထောင်ထဲမှာ လှောင်ထား၏။"*

၁၀။ (မဿဲ ၁၈း၃၁-၃၃)ကို ဖတ်ပါ။ အပြစ်မလွှတ်သောကျွန်ကို သခင်သည် မည်သည့်အမည်နှင့် ခေါ် လိုက်သနည်း။

**မဿဲ ၁၈း၃၁-၃၃** -*"ထိုအမှုအရာကို အခြားသော ကျွန်ချင်းတို့သည်မြင်လျှင်၊ အလွန်နာကြည်းသော စိတ်နှင့်သွား၍၊ ပြုလေသမျှ တို့ကို မိမိတို့သခင်၌ ကြားလျှောက်ကြ၏။ ထိုအခါ သခင်သည် ထိုကျွန်ကိုခေါ်၍၊ ဟယ်ဆိုးညစ်သောကျွန်၊ သင် သည် ငါ့ကို တောင်းပန်သောကြောင့်၊ သင်၌ တင်သမျှသော ကြွေးကို ငါရှင်းလင်းစေ၏။ ငါသည် သင့်ကိုသနား သကဲ့သို့၊ သင်သည်လည်း ကျွန်ချင်းကို မသနားအပ်သလောဟု ဆိုလျက်၊..."*

၁၁။ (မဿဲ ၁၈း၃၃)ကို ဖတ်ပါ။ သခင်သည် သူ့ကျွန်ကို ဘာလုပ်သင့်သည်ဟု ပြောဆိုခဲ့သနည်း။

**မဿဲ ၁၈း၃၃** - *"ငါသည် သင့်ကိုသနားသကဲ့သို့၊ သင်သည်လည်း ကျွန်ချင်းကို မသနားအပ် သလောဟု ဆိုလျက်၊..."*

၁၂။ (မဿဲ ၁၈း၃၄)ကို ဖတ်ပါ။ သူ့ကျွန်ဘာလုပ်ခဲ့သည်ကို သခင်သည် တွေ့ရှိသောအခါ၊ သူ၌ စိတ်ခံစားချက် မည်သို့ ဖြစ်သနည်း။

**မဿဲ ၁၈း၃၄** - *"အမျက်ထွက်၍ ကြွေးရှိသမျှကို မဆပ်မီတိုင်အောင်၊ အာဏာသားတို့လက်ကို အပ်လေ၏။"*

၁၃။ (မဿဲ ၁၈း၃၄)ကို ဖတ်ပါ။ အပြစ်မလွှတ်သော ကျွန်၏လုပ်ဆောင်ချက် (သို့မဟုတ်၊ ဆုံးဖြတ်ချက်) သည်၊ မူလက သူ့အား ပေးထားသည့် အပြစ်လွှတ်ခြင်းကို ပြန်ရုပ်သိမ်း ခံလိုက်ရ စေပါသလား။

၁၄။ (မဿဲ ၁၈း၃၅)ကို ဖတ်ပါ။ ဤပုံဥပမာ၏ ဆိုလိုချက်သည် ဘာလဲ။

**မဿဲ ၁၈း၃၅** - *"သင်တို့သည်လည်း ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါလျက် အပြစ်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏အဘသည် ထိုနည်းတူ သင်တို့ကို စီရင်တော်မူ လတံ့ဟု မိန့်တော်မူ၏။"*

# အဖြေ သော့ချက်

၁။ (မဿဲ ၁၈း၂၁)ကို ဖတ်ပါ။ ပေတရုသည် အပြစ်ခွင့်လွှတ်ရန် အကြိမ်မည်မျှ ပေးသနည်း။
**ခုနစ်ကြိမ်**

၂။ (မဿဲ ၁၈း၂၂)ကို ဖတ်ပါ။ ကျွန်ုပ်တို့ အပြစ်ခွင့်လွှတ်ရန် အကြိမ်ဘယ်လောက်ရှိရမည်ဟု ယေရှုပြောခဲ့သနည်း။
**အကြိမ် လေးရာနှင့် ကိုးဆယ်** (**သို့မဟုတ်၊ အဆုံးမရှိ၊ အဆက်မပြတ် ခွင့်လွှတ်ပေးရမည်။**)

၃။ (မဿဲ ၁၈း၂၃,၂၄)ကို ဖတ်ပါ။ ဤကျွန်သည် သူ၏သခင်၌ ငွေဘယ်လောက် အကြွေးတင်ရှိနေသနည်း။
**ငွေအခွက်တစ်သိန်း** (**သို့မဟုတ်**) **ဒေါ်လာဆယ်သန်း၊** (**ဘယ်တော့မှ ဆပ်မရနိုင်သည့် ငွေပမာဏ ဖြစ်နိုင်သည်။**)

၄။ (မဿဲ ၁၈း၂၅)ကို ဖတ်ပါ။ ဤကျွန်သည် ဒေဝါလီခံရန် စွဲတင်ခံရခြင်းမျိုးမရှိနိုင်ဟုဆိုသည့်အတွက်၊ သူ ဘာဖြစ်သွား မည်နည်း။
**သူကိုယ်တိုင်၊ သူမယားသားသမီးများနှင့် ဥစ္စာရှိသမျှတို့ကို ကျွန်ဈေးကွက်တွင် လေလံတင် ရောင်းချပြီး အကြွေးဆပ်ရမည်။**

၅။ (မဿဲ ၁၈း၂၆)ကို ဖတ်ပါ။ ထိုကျွန်၏ တောင်းဆိုချက်မှာ ဘာလဲ။
**သခင်သည် သူ့ကိုသည်းခံပါ။ အကြွေးရှိသမျှကို သူပေးဆပ်မည်။**

အကြွေးကို သူပြန်ဆပ်ပေးနိုင်ခဲ့ပါသလား။
**မပေးဆပ်နိုင်ပါ။ မဖြစ်နိုင်ပါ။**

၆။ (မဿဲ ၁၈း၂၇)ကို ဖတ်ပါ။ သခင်သည် သူ့ကျွန်ကို ဘာသဘောထား ပြသခဲ့သနည်း။
**သနားခြင်းနှင့် အပြစ်လွှတ်ခြင်း သဘောထားတစ်ခု၊**
ဘုရားသခင်သည်၊ ကျွန်ုပ်တို့ကို၊ ကျွန်ုပ်တို့အကြွေး (အပြစ်တရား) နှင့်ပတ်သက်၍ ဘာသဘောထား ပြသခဲ့သနည်း။
**သနားခြင်းနှင့် အပြစ်လွှတ်ခြင်း သဘောထားတစ်ခု၊**

၇။ (မဿဲ ၁၈း၂၈)ကို ဖတ်ပါ။ အပြစ်လွှတ်ခံခဲ့ရသောကျွန်သည် သူ့ကျွန်ချင်း၌ အကြွေးရစရာ မည်မျှ ရှိသနည်း။
**ဒေနာရိ တစ်ရာ** (**တစ်နေ့တွက် လုပ်အားခ**)

၈။ (မဿဲ ၁၈း၂၈)ကို ဖတ်ပါ။ ကျွန်ချင်းအပေါ် ထိုကျွန်၏ သဘောထားသည် ဘာလဲ။
**သည်းမခံ၊ အကြမ်းဖက်ခြင်းနှင့် အပြစ်မလွှတ်သော သဘောထားတစ်ခု**

၉။ (မဿဲ ၁၈း၂၉-၃၀)ကို ဖတ်ပါ။ ထိုကျွန်သည် သူ၏ကျွန်ချင်းကို ဘာလုပ်ခဲ့သနည်း။
**ထိုကျွန်ချင်းကို သူ့အကြွေး အနည်းငယ်လေးကို မပေးနိုင်သည့်တိုင်အောင် ထောင်ထဲ ထည့် ထားသည်။**

၁၀။ (မဿဲ ၁၈း၃၁-၃၃)ကို ဖတ်ပါ။ အပြစ်မလွှတ်သောကျွန်ကို သခင်သည် မည်သည့်အမည်နှင့် ခေါ်လိုက်သနည်း။
**ဟယ် ဆိုးညစ်သော ကျွန်၊**

၁၁။ (မဿဲ ၁၈း၃၃)ကို ဖတ်ပါ။ သခင်သည် သူ့ကျွန်ကို ဘာလုပ်သင့်သည်ဟု ပြောဆိုခဲ့သနည်း။
**သခင်သည် သူ့ကို သနားခြင်းရှိခဲ့သည့်အတိုင်း၊ သူသည် ကျွန်ချင်းအပေါ် သနားစိတ် ရှိသင့်ပြီး၊ အချုပ်မှ လွှတ်၍ အကြွေးကိုလည်း ခွင့်လွှတ်ပေးရမည်ဟု ပြောသည်။**

၁၂။ (မဿဲ ၁၈း၃၄)ကို ဖတ်ပါ။ သူ့ကျွန်ဘာလုပ်ခဲ့သည်ကို သခင်သည် တွေ့ ရှိသောအခါ၊ သူ၌ စိတ်ခံစားချက် မည်သို့ ဖြစ်သနည်း။
**အမျက်ဒေါသ ထွက်၏။**

၁၃။ (မဿဲ ၁၈း၃၄)ကို ဖတ်ပါ။ အပြစ်မလွှတ်သော ကျွန်၏လုပ်ဆောင်ချက်(သို့မဟုတ်၊ဆုံးဖြတ်ချက်) သည်၊ မူလက သူ့အား ပေးထားသည့် အပြစ်လွှတ်ခြင်းကို ပြန်ရုပ်သိမ်းခံလိုက်ရ စေပါသလား။
**မှန်ပါသည်။**

၁၄။ (မဿဲ ၁၈း၃၅)ကို ဖတ်ပါ။ ဤပုံဥပမာ၏ ဆိုလိုချက်သည် ဘာလဲ။
**“သင်တို့သည် ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါလျက်၊ အပြစ်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ အဘသည်၊ ထိုနည်းတူ သင်တို့ကို စီရင်တော်မူလတံ့ဟု မိန့်တော်မူ၏။”** (**မဿဲ ၁၈း၃၅ သတင်းစကား**)

## သင်ခန်းစာ ( ၁၀ )

# အိမ်ထောင်ပြုခြင်း အပိုင်း(၁)

ယနေ့ အိမ်ထောင်ပြုခြင်း အကြောင်း ပြောကြမည်။ ဦးဆုံး သင်တို့ကို ကိန်းဂဏန်းတချို့ ပြပေးပါမည်။ မိသားစုယူနစ် အားလုံး၏ ၇၅% သည် အိမ်ထောင်ရေးတိုင်ပင်မှု အမျိုးအစားတချို့ လိုအပ်လျက် ရှိနေပါသည်။ အိမ်ထောင်နှစ်ခု အနက်တစ်ခုသည် ကွာရှင်းခြင်းနှင့် အဆုံးသတ်သွားနေသည်။ အိမ်ထောင်ပြုထားသည့် ၅၀% တွင် အိမ်ထောင်ဖက်တစ်ယောက်သည် ပထမငါးနှစ်အတွင်း အိမ်ထောင်အပေါ် သစ္စာဖေါက်ခဲ့ကြသည်။ ခရစ်ယာန်နယ်ပယ်၌ ပင်လျှင် လူတွေ ပြောနေကြသည်မှာ သင်းအုပ်များ၏ ၃၀% ထက် ပိုသော သင်းအုပ်များသည် အသင်းတော်ထဲက လူတစ်ယောက်ယောက်နှင့် မတော်မလျော်သော ဆက်ဆံရေးမျိုး ရှိနေကြသည်ဟု ဆိုသည်။ ကျွန်ုပ် မြင်မိသည်မှာ ဤကိန်းဂဏန်းသည် တစ်နေရာရာမှာ မှန်နေမည်ဆိုလျှင် သမ္မာကျမ်းစာ အခြေခံသဘောတရားကို ကျွန်ုပ်တို့ ရှင်းရှင်းလင်းလင်း နားမလည်ကြကြောင်း ထင်ရှားနေသည်။ ကျွန်ုပ်တို့သည် အိမ်ထောင်ပြုခြင်း ဘာသာရပ်နှင့် ၎င်းပတ်သက်ရာ၌ ဘုရားသခင် မိန့်တော်မူခဲ့ခြင်း အချို့တို့ကိုငင်း၊ အိမ်ထောင်ခိုင်မြဲရေးအတွက် ကျွန်ုပ်တို့ လုပ်ဆောင်ရမည့် နည်းလမ်းများကိုငင်း ရှာဖွေလေ့လာကြမည် ဖြစ်သည်။

ဦးဆုံးကျွန်ုပ်ပြောပြလိုသည်မှာ အိမ်ထောင်ပြုခြင်းသည် ဘုရားသခင်၏ အကြံအစည် ဖြစ်သည်။ ၎င်းကို ကိုယ်တော်ပုံစံချပေး ခဲ့သည်။ (ကမ္ဘာဦးကျမ်း ၂း၁၈)၌ *"ထာဝရအရှင် ဘုရားသခင်ကလည်း၊ ယောကျ်ားသည် တစ်ယောက်တည်းမနေကောင်း၊ သူနှင့်တော်သော အထောက်အမကို သူ့ဖို့ ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏။"* ဟု ပြောပါသည်။ (ကမ္ဘာဦးကျမ်း ၁း၃၁) ၌လည်း ဆိုထားသည်။ *"ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသော အရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၍ ညဦးနှင့်နံနက်သည် ဆဋ္ဌမနေ့ရက် ဖြစ်လေ၏။"* ဤအရာသည် ပြည့်စုံသော ဖန်ဆင်းခြင်းတစ်ခု ဖြစ်ကြောင်း သင်မှတ်သားထားရမည်။ ဘုရားသခင်သည် ဆင်းကြွလာတော်မူပြီး လူနှင့်အတူ မိတ်သဟာယဖွဲ့နေတော်မူသည်။ ကိုယ်တော်သည် လူနှင့် အံ့သြဖွယ်ဆက်ဆံရေး ရှိခဲ့သည်။ နေ့တိုင်း ညနေပိုင်း နေအေးချိန်တွင် အာဒံနှင့် လာရောက် မိတ်ဖွဲ့နေသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့ ထင်ကြသည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့ အပြည့်အဝ ဆက်ဆံရေးရှိခဲ့လျှင် ကျွန်ုပ်တို့ ဘာတစ်ခုမျှ မလိုအပ်တော့ဟု ဆိုသည်မှာ မှားပါသည်။ (ကမ္ဘာဦး ၁း၃၁) ၌ ဖန်ဆင်းသော အရာများနှင့် ပတ်သက်၍ *"အလွန်ကောင်းသည်"*ဟု မိန့်ဆိုခဲ့သည်။ ဘုရားသခင်က "မကောင်းပါ" ဟူ၍ ပြောသော ပထမဦးဆုံး အရာသည် (ကမ္ဘာဦးကျမ်း ၂း၁၈)၌ တွေ့ရသည်။ *"ယောကျ်ားသည် တစ်ယောက်တည်း မနေကောင်း။"* ထို့ကြောင့် အိမ်ထောင်ပြု ခြင်းသည် လူ၏ဘဝထဲ၌ တစ်ကိုယ်တည်းဖြစ်ခြင်းကို ဖြေရှင်းပေးရန်၊ လူ၌ အဖေါ်ရှိစေရန်နှင့်၊ လူ့လိုအပ်ချက် ပြည့်မီစေရန် ဖြစ်ပြီး၊ ဘုရားသခင်၏ အကြံအစည်တော် ဖြစ်ပေသည်။ အကယ်၍ အိမ်ထောင်ပြုခြင်းသည် လက်စွဲလမ်းညွှန်ချက်များနှင့် ဘုရားအလိုတော် များကို လိုက်နာသွားပါလျှင် နာကျင်ခံစားရမှုမရှိဘဲ ဂမ်းမြောက်စရာများ ယူလာပေးခြင်း ဖြစ်သည်။

ကမ္ဘာဦးကျမ်း (၂း၂၄) ၌ အိမ်ထောင်ပြုခြင်း အကြောင်းကို သမ္မာကျမ်းစာက ပထမဦးဆုံး များစွာ ပြောပြထားသည်။ "*ထို အကြောင်းကြောင့် ယောကျာ်းသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့် ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရလိမ့် မည်။*" အိမ်ထောင်ပြုခြင်းသည် သင့်ဘဝ၌ အခြားဆက်ဆံရေးများ အားလုံးကို ချန်ထားပြီး၊ နောက်ထပ် လူတစ်ဦးတစ်ယောက်အပေါ် အာရုံထား ဆက်ဆံရန်အတွက် ဖြစ်သည်။ ဤနည်းအတိုင်း ဘုရားသခင် ပုံစံချထားခဲ့သည်။ ၎င်းသည် သုံးခု စုစည်းမှု ဆက်ဆံရေး တစ်ခုကဲ့သို့ ဖြစ်သည်။ ကျွန်ုပ်ဆိုလိုသည်ကို သင်တို့နားလည်မည် မလည်မည်ကို ကျွန်ုပ်မသိပါ။ အိမ်ထောင်ရေးဆက်ဆံခြင်း၌ ဘုရား သခင်သည် အာဒံနှင့်ဧဝတို့ကို အတူတကွ ခေါ်ယူသည့်အခါ၊ ၎င်းသည် အာဒံက ဘုရားသခင်နှင့်ဆက်ဆံနေခြင်း (သို့မဟုတ်) ဧဝက ဘုရားသခင်နှင့် ဆက်ဆံနေခြင်း ဖြစ်၏။ အာဒံနှင့်ဧဝသည် ယူနစ်တစ်ခုတည်း ဖြစ်သောကြောင့် ဘုရားသခင်နှင့်ဆက်ဆံရေးသည် တစ်ခုတည်းသော ရည်ရွယ်ချက်ထဲ၌ ရှိသည်။ သမ္မာကျမ်းစာ (၁ ပေ ၃း၇) ထဲ၌ ပြောပါသည်။ "*ထိုနည်းတူ၊ ယောကျာ်းတို့၊ ဆုတောင်း ခြင်းအမှု၌ အဆီးအတား မရှိစေခြင်းငှါ၊ အသက်ရှင်ခြင်း ကျေးဇူးတော်ကို ဆက်ဆံ၍ အမွေခံရသော သူချင်းကဲ့သို့ သတိပညာနှင့် လျော်စွာ၊ ကိုယ်ခင်ပွန်းနှင့်အတူနေ၍ အားနည်းသော သူကို ပြုသင့်သည်အတိုင်း သူ့ကို (သင့်ဇနီးကို)စောင်မပြုစုကြလော့။*" (ကမ္ဘာ ၅း၁-၂) သည်လည်း တကယ်ကောင်းသော ကျမ်းချက်ဖြစ်သည်။ "*အာဒံ၏ သားစဉ်မြေးဆက်စာရင်း ဟူမူကား၊ လူကို ဖန်ဆင်းတော်မူ သောကာလ၌၊ မိမိပုံသဏ္ဍာန် နှင့်အညီ၊ ဘုရားသခင် ဖန်ဆင်းတော်မူ၏။ လူယောကျာ်း၊ လူမိန်းမတို့ကိုဖန်ဆင်း၍ ကောင်းကြီးပေးတော်မူ၏။ ဖန်ဆင်းသောနေ့၌လည်း သူတို့ကို အာဒံအမည်ဖြင့် မှည့်တော်မူ၏။*" မှတ်သားပါ။ အာဒံသည် သူ့မယားကို ဧဝ ဟု မှည့်၏။ ဘုရားသခင်သည် အာဒံနှင့်ဧဝ တို့ကို ယူနစ်တစ်ခုတည်း သတ်မှတ်၍ အာဒံဟု မှည့်ခေါ်သည်။ ထို့ကြောင့် အိမ်ထောင်ရေးဆက်ဆံခြင်းတွင် ဘုရားသခင်နှင့် ငါ၊ ဘုရားသခင်နှင့် ထိုမိန်းမဟူ၍ ဘယ်တော့မှ မပြောရတော့ပါ။ ငါနှင့်ငါ့မိန်းမသည် တစ်ယောက်တည်းဖြစ်၍၊ တစ်ယောက်တည်း အဖြစ် စုစည်းသွားလာရန် ရည်ရွယ်ချက်ဖြင့် ဘုရားသခင်အား အစေခံကြရန် ခေါ်ယူတော်မူသော ကျေးဇူးတော် ခံစားရကြသည့်အသက်တာ နှင့်အညီ အမွေခံများ ဖြစ်ကြ၏။"

ကျွန်ုပ်တို့ ယခုလေးတင်ဖတ်ခဲ့ပြီးသည့် (ကမ္ဘာ ၂း၂၄) ၌ ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်း (ဖက်တွယ်နေသည်) ဖြစ်ရလိမ့်မည်ဟု ဆိုပါသည်။ ဤတွင် "ဖက်တွယ်နေသည်" ဆိုသည့်စကား သည် စွဲကပ်နေရန်၊ စောင့်ထိန်းရန်၊ တစ်ယောက်တည်းဖြစ်ရန်၊ ရည်ရွယ်ချက်အားဖြင့် တစ်သား တစ်ကိုယ်တည်း ဖြစ်လာရန် ဆိုလို၏။

ယနေ့သင့်အိမ်ထောင်ရေး၌ ပြဿနာတစ်ခု ဖြစ်လာသည် ဆိုပါလျှင်၊ သင့်ကို မေးခွန်း အနည်းငယ် ကျွန်ုပ်မေးပါရစေ။ သင်လုပ်နေ သောအရာများအားလုံး၊ သင့်အိမ်ထောင်ဖက်ကို သင်ဆက်ဆံ နေပုံနည်းလမ်းများ၊ သူတို့ကို သင်ပြောနေသည့် စကားများသည်၊ တစ်သား တစ်ကိုယ်တည်း ဖြစ်လာဖို့၊ သင့်ကို အတူတကွ နီးစပ်မှု ဖြစ်စေပါသလား။ သို့မဟုတ်၊ ပြောသမျှ လုပ်သမျှသည် အိမ်ထောင်သစ္စာဖက်ဖို့ (သို့မဟုတ်) ကွာရှင်းဖို့ ဖြစ်နေစေသလား။ အိမ်ထောင် ပြုခြင်းအတွက် ပညတ်တော်မူချက်သည် ဖက်တွယ်စွဲကပ်နေရန်၊ တစ်သားတစ်ကိုယ်တည်း ဖြစ်ရန် ဖြစ်သည်။ ထို့ကြောင့် သင်လုပ်နေသမျှအရာ အားလုံးသည် သင့်အိမ်ထောင် ဆက်ဆံရေးကို တည် ဆောက်နေသလား၊ ဖြိုချနေသလား။ ၎င်းအတွက် အကြောင်းအရာတချို့ကို သင်လေ့လာ မှတ်သားဖို့လိုမည်။

အချစ်ကို စိတ်ခံစားမှုတစ်ခုဟု လူအချို့ထင်ကြသည်။ "မင်းကိုတော့ ချစ်နေကျပဲ။ ဒါပေမဲ့ ငါ

အချစ်ကို စိတ်ကုန်နေလို့ မင်းကိုငါ ချစ်လို့ မရတော့ဘူး။" သို့ဖြစ်လျှင် ချွတ်ယွင်းသောမိသားစု ထဲက သင်ထွက်လာတာ နေပါလိမ့်မည်။ သင်သည် လက်ထပ်ရန်၊ သင်းအုပ်ရှေ့ (သို့မဟုတ်) တရားသူကြီးရှေ့ရောက်ခဲ့ပြီး၊ ထိုလူတစ်ဦး တစ်ယောက်ကို သင့်ဘဝ အပ်နှံရန်နှင့်၊ သေသည့် တိုင်အောင် လက်တွဲနေထိုင် သွားမည်ဖြစ်ကြောင်း ဂန်ခံလက်မှတ် ရေးထိုးခဲ့သည်။ သို့သော် သင်သည် ချွတ်ယွင်းသော မိသားစုမှ ထွက်လာသူတစ် ယောက်ဖြစ်သောကြောင့်၊ သင်သည် အချစ်ကို ဘယ်အခါကမျှ နားမလည်ခဲ့၊ မိသားစုအထဲ အချစ်ကို ဖေါ်ထုတ်ခံစားခြင်းလည်း မရှိခဲ့၊ မိဘနှစ်ပါး တို့၏ မေတ္တာနှင့် သတိပေးစကားလည်း ဘယ်တုန်းကမျှ မကြုံခဲ့ဖူး ဖြစ်လိမ့်မည်။ သင့် အိမ်ထောင်ဖက်ကတော့ မေတ္တာကို ခံစားရသောမိသားစုမှ ရောက်လာခြင်း ဖြစ်နိုင်သည်။ သို့သော် သင်သည် ဘာကြောင့်ဆိုသည်ကို မသိနားမလည်။ ဤလူတစ် ယောက်ကိုချစ်ခင်လိုသဖြင့် ကိုယ်ကိုကိုယ် ဂန်ခံအပ်နှံလိုက်သည့်တိုင် အရင်က မေတ္တာကို ဘယ်တုန်းကမျှ ဖေါ်ထုတ်ခံစား လာရ သည် မရှိခြင်းနှင့် သင်ကိုယ်တိုင်က ချွတ်ယွင်းနေသော အကြောင်းကြောင့် သင်သည် အရှုံးနှင့် ရင်ဆိုင်ရ နိုင်သည်။ အခွင့်အရေးရှိနေ သည်မှာ နှစ်အနည်းငယ်လောက် အိမ်ထောင်ရေး အတိုင်ပင်ခံကို သွားတွေ့နေရမည်။ "ကျွန်ုပ်တို့ အတူတူမရှိတော့ဘူး၊ ကျွန်ုပ်လည်းသူတို့ကို ချစ်မရတော့ဘူး" ဟု ပြောပြရလိမ့်မည်။ ကောင်းပါပြီ။ ယနေ့ သင့်အတွက် သတင်းကောင်းရှိပါသည်။ တကယ်လို့ သင့်အိမ်ထောင်ရေးတွင် ပြဿနာများရှိနေခဲ့လျှင် တည့်မတ်ပေးနိုင်သော အရာအချို့ ရှိပါသည်။

သင်သည် ရေခဲသေတ္တာတစ်လုံးကို ဂယ်ပြီးနောက် ပြဿနာကြုံရသော အခါ၊ လက်စွဲ စာအုပ်ငယ်ကို ဖွင့်ကြည့်ရမည်ကို သင်သိပါသည်။ လက်စွဲစာအုပ်ငယ်က သင့်အားဘာများ နေသည်ကို ပြောပြမည် (သို့မဟုတ်) ပြင်ဆင်သူကို ခေါ်ဖို့လိုက သင်သည် ခေါ်ယူမည်။ ဤတွင် သင့်အိမ်ထောင်ရေး မှန်ကန်ဖို့ ကြည့်ရှုရန်လက်စွဲစာအုပ် ရှိသည်။ ဘုရားသခင်၏ နှုတ်ကပတ် စကားတော်ဟု ခေါ်သည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ပြောသည်မှာ (တိတု ၂း၄) ၌ ချစ်ခြင်းသည် သင်ယူရနိုင်သည့်အရာ၊ လေ့လာရယူနိုင်သည့်အရာ ဖြစ်ကြောင်းပေတည်း။ (၁ ယော ၅း၃) ၌ ပြောထားသည်။ "*ပညတ်တော်တို့ကို စောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏။ ပညတ်တော်တို့ကို စောင့်ခဲသည်မဟုတ်။*" ယေရှုခရစ်တော်၏ ပညတ်တော်များသည်၊ မေတ္တာကို မည်သို့ ပြရမည်ကိုဝင်း၊ ကြင်နာမှုနှင့် စိတ်စေတနာကောင်းခြင်းတို့ကို မည်သို့ထုတ်ဖေါ်ရမည်ကိုဝင်း၊ သင့်အိမ်ထောင်ရေး ဆက်ဆံခြင်းအထဲ တစ်ဖက်သူ၏ အရေးအရာများ မည်သို့ ရှာဖွေပြုစု ပေးရမည်ကိုဝင်း ကျွန်ုပ်တို့အား သွန်သင်ပေးလိမ့်မည်။ ဘုရားသခင်သည် သင့်အတွက် အခြေအနေ ရပ်ဂန်း တစ်ခုလုံးကို ပြောင်းလဲပေးလိမ့်မည်။

ဤအကြောင်းအရာများသည် အိမ်ထောင်ရေးဘာသာရပ်၏ နိဒါန်းသာ ဖြစ်သည်။ ဤအတွက် နောက်ထပ်သင်ခန်းစာများကို ကျွန်ုပ်တို့ လေ့လာသွားရကြမည်။ "သင်တို့ ဆက်လက် လေ့လာခြင်းများ၌ ဘုရားသခင်သည် ယနေ့ သင်တို့အား ကောင်းကြီး ပေးတော်မူပါစေသော"ဟု ကျွန်ုပ်ဆုတောင်းပေးပါ၏။ ဤဘာသာရပ်ကို သင်တို့လေ့လာပြီးသည်အတိုင်း၊ ဘုရားသခင်သည် သင်တို့ အား ဉာဏ်ပညာအသိပညာများ ပိုမိုပေးလာမည်ဟူ၍ ကျွန်ုပ်ယုံကြည်သည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ဖေက် ၅း၃၁-၃၂)ကို ဖတ်ပါ။ (ဖေက် ၅း၃၁) သည် (ကမ္ဘာ ၂း၂၄)ကို ညွှန်းထားသည်။ (ဖေက် ၅း၃၂)ကို ဆက်ကြည့်ခြင်းဖြင့် ဤကျမ်းချက်၌ ဘုရားသခင် အမှန်ပြောနေသည့်အကြောင်းအရာသည် ဘာဖြစ်မည်ဟု သင်ထင်သနည်း။

**ဖေက် ၅း၃၁-၃၂** - *"ထိုအကြောင်းကြောင့်၊ ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူနှစ်ယောက်တို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရလိမ့်မည်။ ဤအရာသည် အလွန်နက်နဲသောအရာဖြစ်ပေ၏။ ထိုသို့ဆိုသော်၊ ခရစ်တော်နှင့် အသင်းတော်ကို ရည်မှတ်၍ ဆိုသတည်း။"*

၂။ (ယာကုပ် ၄း၄-၅)ကို ဖတ်ပါ။ ဤကျမ်းချက်များက ဘာကို သွန်သင်ပေးသနည်း။

**ယာကုပ် ၄း၄-၅** - *"မတရားသောမေထုန်၌ မှီဝဲသော ယောကျ်ားမိန်းမတို့၊ လောကီမိတ်သဟာယသည် ဘုရားသခင်နှင့် ဆန့်ကျင် ဘက်ဖြစ်သည်ကို မသိကြသလော။ ဤလောကနှင့် မိတ်သဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ရန်သူဖြစ်၏။ ကျမ်းစာချက် အချည်းနှီးသက်သက် ဖြစ်သည်ဟူ၍၎င်း၊ ငါတို့၌ တည်နေသော ဝိညာဉ်တော်သည် ငြူစူစေချင်သော သဘောရှိသည် ဟူ၍၎င်း ထင်ကြသလော။"*

၃။ (၁ ပေ ၃း၇)ကို ဖတ်ပါ။ သင်၏ ဇနီး၊ ခင်ပွန်းတို့၌ စည်းရုံးခြင်းနှင့် မေတ္တာတရားများအားဖြင့် သင်သည် အဘယ်ကြောင့်သွားလာနေထိုင်သင့်သနည်း။

**၁ ပေ ၃း၇** - *"ထိုနည်းတူ၊ ယောကျ်ားတို့၊ ဆုတောင်းခြင်းအမှု၌ အဆီးအတား မရှိစေခြင်းငှါ အသက်ရှင်ခြင်း ကျေးဇူးတော်ကို ဆက်ဆံ၍ အမွေခံရသောသူချင်းကဲ့သို့ သတိပညာနှင့်လျော်စွာ ကိုယ်ခင်ပွန်းနှင့်အတူနေ၍ အားနည်းသောသူကို ပြုသင့်သည်အတိုင်း သူတို့ကို စောင့်မပြုစု ကြလော့။"*

၄။ (ယော ၁၅း၅)ကို ဖတ်ပါ။ သင့်အိမ်ထောင်ရေးသည် သင့်ဘဝ၏အရှင်သခင်အဖြစ် ခရစ်တော်မရှိဘဲ အောင်မြင်နိုင်မည်လော။

**ယော ၁၅း၅** - *"ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များ ဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသောအသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။"*

၅။ (တိတု ၂း၄)ကို ဖတ်ပါ။ ချစ်ခြင်းမေတ္တာသည် စိတ်ခံစားမှုတစ်ခု မဟုတ်ပါ။ ဤကျမ်းချက်အရ ချစ်ခြင်းမေတ္တာသည်

**တိတု ၂း၄** - *"ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ကဲ့ရဲ့ ခြင်းနှင့် ကင်းလွတ်စိမ့်သောငှါ၊ အသက်ပျိုသောမိန်းမတို့သည် ကိုယ်ခင်ပွန်းကို ချစ်သောသူ၊ သားသမီးကို ချစ်သောသူ၊..."*

၆။ (၁ ယော ၅း၃)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် ဘုရားပညတ်တော်၌ သွားလာနေထိုင်ကြသောအခါ၊ ကျွန်ုပ်တို့သည်၊

**၁ ယော ၅း၃** - *"ပညတ်တော်တို့ကို စောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏။ ပညတ်တော်တို့ကို စောင့်ခဲသည် မဟုတ်။"*

၇။ (မဿဲ ၇း၁၂)ကို ဖတ်ပါ။ အကယ်၍ ကျွန်ုပ်တို့အိမ်ထောင်ရေး၌ ပြဿနာများရှိခဲ့လျှင်၊ ၎င်းဖြစ်ရသည့်အကြောင်းမှာ၊ တစ်ယောက်ယောက်က မလိုက်နာနိုင်ခြင်း၊

**မဿဲ ၇း၁၂** - *"သင်တို့သည် ကိုယ်၌ သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့၏ အချုပ်အချာပင် ဖြစ်သတည်း။"*

၈။ (၁ ကော ၁၃း၄)ကို ဖတ်ပြီး၊ ချစ်ခြင်းမေတ္တာသည်၊

(က) စိတ်ခံစားရမှု ဖြစ်သည်။
(ခ) ခံစားချက် ရင်းနှီးမှုတစ်ခုကြောင့် ဖြစ်သည်။
(ဂ) ကြင်နာမှု ဖြစ်သည်။

**၁ ကော ၁၃း၄** - *"မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်း မရှိ၊ ဝါကြွားခြင်း မရှိ၊ မာန်မာန မရှိ။*

# အဖြေ သော့ချက်

၁။ (ဖေက် ၅း၃၁-၃၂)ကို ဖတ်ပါ။ (ဖေက် ၅း၃၁) သည် (ကမ္ဘာဦး ၂း၂၄)ကို ညွှန်းထားသည်။ (ဖေက် ၅း၃၂)ကို ဆက်ကြည့်ခြင်းဖြင့်၊ ဤကျမ်းချက်၌ ဘုရားသခင် အမှန်ပြောနေသည့် အကြောင်းအရာသည် ဘာဖြစ်မည်ဟု သင်ထင်သနည်း။
**ခရစ်တော်နှင့် ကိုယ်တော့်အသင်းတော်အကြား ဆက်ဆံရေးတစ်ခု ဖြစ်၏။** (**အိမ်ထောင်ပြုခြင်းတစ်ခု နည်းတူဖြစ်သည်။**)

၂။ (ယာကုပ် ၄း၄-၅)ကို ဖတ်ပါ။ ဤကျမ်းချက်များက ဘာကို သွန်သင်ပေးသနည်း။
**ဘုရားသခင်သည် ကျွန်ုပ်တို့၌ အပြစ်ရှိသည်ဟု ထင်သောဘုရား၊ ကျွန်ုပ်တို့ကို ကိုယ်တော်၌ အမှန်ရှိနေစေလိုသည်။**

၃။ (၁ ပေ ၃း၇)ကို ဖတ်ပါ။ သင်၏ ဇနီး၊ ခင်ပွန်းတို့၌ စည်းရုံးခြင်းနှင့် မေတ္တာတရားများအားဖြင့်၊ သင်သည် အဘယ်ကြောင့်သွားလာနေထိုင်သင့်သနည်း။
**ထို့ကြောင့် ကျွန်ုပ်၏ ဆုတောင်းခြင်းအမှု၌ အဆီးအတား မရှိစေခြင်းငှါ**

၄။ (ယော ၁၅း၅)ကို ဖတ်ပါ။ သင့်အိမ်ထောင်ရေးသည် သင့်ဘဝ၏အရှင်သခင်အဖြစ် ခရစ်တော် မရှိဘဲ အောင်မြင်နိုင်မည်လော။
**မအောင်မြင်နိုင်ပါ။**

၅။ (တိတု ၂း၄)ကို ဖတ်ပါ။ ချစ်ခြင်းမေတ္တာသည် စိတ်ခံစားမှုတစ်ခု မဟုတ်ပါ။
**ဤကျမ်းချက်အရ ချစ်ခြင်းမေတ္တာသည်၊ သွန်သင်ပေးသည်။**

၆။ (၁ ယော ၅း၃)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် ဘုရားပညတ်တော်၌ သွားလာနေထိုင်ကြသော အခါ၊ ကျွန်ုပ်တို့သည်၊...
**ချစ်ခြင်းမေတ္တာဖြင့် သွားလာနေထိုင်ကြသည်။**

၇။ (မဿဲ ၇း၁၂)ကို ဖတ်ပါ။ အကယ်၍ ကျွန်ုပ်တို့အိမ်ထောင်ရေး၌ ပြဿနာများရှိခဲ့လျှင်၊ ၎င်းဖြစ်ရသည့် အကြောင်းမှာ တစ်ယောက်ယောက်က မလိုက်နာနိုင်ခြင်း၊ **ချစ်ခြင်းမေတ္တာအားဖြင့် မနေနိုင်ခြင်းကြောင့် ဖြစ်၏။**

၈။ (၁ ကော ၁၃း၄)ကို ဖတ်ပြီး၊ ချစ်ခြင်းမေတ္တာသည်၊ ....
(**က**) **ကြင်နာမှု ဖြစ်သည်။**

## သင်ခန်းစာ ( ၁၁ )

# အိမ်ထောင်ပြုခြင်း အပိုင်း(၂)

ယနေ့တွင်လည်း အိမ်ထောင်ပြုခြင်းဘာသာရပ်ကို နောက်ထပ်လေ့လာမည်။ မေးခွန်းရှိသည်။ "အိမ်ထောင်ပြုခြင်းသည် ဘာလဲ။ ထိုအကြောင်းကို သင်သည် အမြဲဘာတွေးမိ နေသလဲ။ သမ္မာကျမ်းစာအလိုအရ၊ အိမ်ထောင်ပြုခြင်းသည် ဘုရားသခင်၏ အကြံအစည်တော် ဖြစ်သည်။ အိမ်ထောင်ပြုခြင်းသည် အတူတကွနေခြင်း၊ တစ်သားတစ်ကိုယ်တည်းဖြစ်ခြင်း၊ ပေါင်းစည်းခြင်း ဖြစ်သည်။ (ကမ္ဘာ ၂း၂၄) ၌ ပြောထားသည်။ "*ထိုအကြောင်းကြောင့်၊ ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊* (သူတို့ ပူပေါင်းမိလိမ့်မည်။ ယောကျ်ားသည် မိန်းမနှင့် ဖက်တွယ်နေရမည်။) *ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရ လိမ့်မည်။"* အိမ်ထောင်ပြုခြင်းသည်၊ ပူးပေါင်းခြင်းထက်ပိုသည်ကိုရင်း၊ တစ်သားတစ်ကိုယ်တည်း ဖြစ်ခြင်းထက်လည်း ပိုသည်ကိုရင်း သင်သိပါသလား။ ဥပမာအားဖြင့်၊ (၁ ကော ၆း၁၅-၁၆) ၌၊ အကယ်၍ သင်သည် ခရစ်ယာန်တစ်ယောက်ဖြစ်ပြီး၊ ပြည့်တန်ဆာနှင့် ပူးပေါင်းလျှင်၊ ပြည့်တန်ဆာ နှင့်အတူ တစ်သားတစ်ကိုယ်တည်း ဖြစ်လာသည်ဟု ပြောထားသည်။ ထိုနောက် (ကမ္ဘာ ၂း၂၄)မှ အိမ်ထောင်ပြုခြင်း ဖော်ပြချက်ကို ရည်ညွှန်း၍ စဉ်းစားပါ။ ပြည့်တန်ဆာနှင့် ပူးပေါင်းခြင်းသည် ကိုယ့်မယားနှင့် အလိုအလျောက် ကွာရှင်းသွားလိမ့်မည် မဟုတ် သော်လည်း၊ ကျွန်ုပ်သည် ပြည့်တန်ဆာ၌ လိင်မှီဝဲသော အကြောင်းကြောင့် ကျွန်ုပ်သည် ပြည့်တန်ဆာနှင့် အိမ်ထောင်ပြုလိုက်ခြင်း ဖြစ်ပါသည်။ ထိုကြောင့် အိမ်ထောင်ပြုခြင်းသည် ဘာလဲ။ အိမ်ထောင်ပြုခြင်းသည် တစ်လုံးတစ်ဂတည်း ဖြစ်သွားသည်ဟု ဆိုလျှင် အတူတကွ ပူးပေါင်းခြင်း ဖြစ်သည်ဟု ဆိုလျှင်၊ တစ်သားတစ်ကိုယ်တည်း ဖြစ်သွားသည်ဟုဆိုလျှင်၊ ဤအရာနှင့် ပြည့်တန်ဆာကို မှီဝဲဆက်ဆံခြင်းတို့အကြား ဘာခြားနားသေးသနည်း။ ရှင်းပါသည်။ သင်သည် ပြည့်တန်ဆာကို မှီဝဲလျှင် သင်သည် ထိုပြည့်တန်ဆာနှင့်အတူ တစ်သားတစ်ကိုယ်တည်း ဖြစ်သွားပါသည်။

သမ္မာကျမ်းစာက ပြောသည်မှာ၊ အိမ်ထောင်ပြုခြင်းသည်၊ တစ်လုံးတစ်ဂတည်းဖြစ်ခြင်း၊ အတူတကွ ပူးပေါင်းခြင်း၊ အတူတူ စည်းရုံးခြင်း ဖြစ်သည်။ သို့သော် ထိုထက်ပိုပါသည်။ ၎င်းသည် ပဋိညာဉ်ပြုခြင်းအားဖြင့် အတူတကွ စည်းရုံးနေခြင်းဖြစ်သည်။ "ပဋိညာဉ် ပြုသည်" ဆိုသည့် ဟေဗြဲစကားလုံးသည် berith ဖြစ်သည်။ ၎င်းသည် အတူတကွ ချည်နှောင်ထားခြင်းအတွက် အကြံအစည် ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ချင်း၏ ကိုယ့်အပိုင်းကို သေသည်အထိ လုပ်မည်ဟု အပ်နှံခြင်း၊ နောက်ဆုံးအပ်နှံခြင်း ဖြစ်သည်။ ယခု ပြည့်တန်ဆာဆီသို့ ကျွန်ုပ် ဂင်သွားသည်ဆိုလျှင်၊ ထိုသို့ဆိုးညစ် ယုတ်မာသောအပြစ်ကို ကျွန်ုပ် လုပ်ခဲ့သည်ဆိုလျှင်၊ ကျွန်ုပ်၏ အပိုင်းကို ကျွန်ုပ်ဇနီးထံ အပ်နှံထားသည် မဟုတ်တော့ပါ။ အိမ်ထောင်ပြုခြင်း၏ အနှစ်သာရသည် အစဉ်းဆုံး၌ အရာအားလုံးကို ကျောခိုင်းခြင်း ဖြစ်သည်။ သမ္မာကျမ်းစာက ပြောထားသည်။ ကိုယ်မိဘကို စွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲခြင်း ဖြစ်နေရပါမည်။ "*သင်သည် ငါ၏ ခင်ပွန်း ဖြစ်လေ၏။"* ပရောဖက် ယေဇကျေလ ပြောခဲ့သည်။ ၎င်းသည် ဤတစ်ယောက်အတွက် အားလုံးကို ကျောခိုင်းလိုက်ခြင်း၊ ဤ တစ်ယောက်အတွက် သင့်ကိုယ်ကို အပ်နှံခြင်း ဖြစ်ပေသည်။ ထင်ရှားသည်ကား၊

အကယ်၍ သင်သည်၊ အိမ်ထောင်ရှိလျက်နှင့် အခြား တစ်ယောက်ဆီသွား၍ မတရား မေထုန်ပြုလျှင်၊ အိမ်ထောင်အခြေခံ စည်းမျဉ်းကို ချိုးဖေါက်၏။ ပဋိညာဉ်ပြုခြင်း အားဖြင့် ရှိထားသော တစ်လုံးတစ်ဂဖြစ်ခြင်းနှင့် ပေါင်းစည်းခြင်း (သို့မဟုတ်) အပ်နှံခြင်း ပျက်လေ၏။ (ယေဇကျေလ ၁၆း၈) သည် အိမ်ထောင်ပဋိညာဉ်ကို ခေါ်ယူသည်။ ဖေက်ဩဂါဒစာစောင် အခန်းကြီး (၅) ၌ အိမ်ထောင်ရေးအကြောင်းကို ကျွန်ုပ်တို့လေ့လာရသည်။ ခရစ်တော်သည် အသင်းတော်ကို ချစ်သကဲ့သို့ လင်ယောက်ျားသည် ကိုယ်မိန်းမကို ချစ်ရမည်ဖြစ်သည်။ ၎င်းသည် မေတ္တာပဋိညာဉ် ဖြစ်သည် ၎င်းသည် မေတ္တာပဋိညာဉ် ဖြစ်ရသည့်အကြောင်းရင်းမှာ မေတ္တာသည် အိမ်ထောင်ပြုခြင်း၌ အုပ်ချုပ်ရေး အခြေခံစည်းမျဉ်း ဖြစ်သောကြောင့် ဖြစ်သည်။ အားလုံးကို ခြုံငုံပြောရလျှင် မေတ္တာသည် အိမ်ထောင်ပြုခြင်း၌ အုပ်ချုပ်ရေး အခြေခံစည်းမျဉ်း ဖြစ်ရမည်။

အိမ်ထောင်ပြုခြင်းသည် တစ်လုံးတစ်ဂတည်း ရှိခြင်းအတွက် ပဋိညာဉ်တစ်ခု ဖြစ်သည်။ (၁ ပေ ၃း၇) ၌ ပြောသည့်အတိုင်း၊ အကယ်၍ ကျွန်ုပ်သည်၊ အားနည်းသောသူအဖြစ်နှင့် ကျေးဇူးတော် အသက်တာကို ကျွန်ုပ်တို့ အတူတူအမွေခံရကြောင်း သိမှတ်သူ အဖြစ်၊ မိမိဇနီးကို ဂုဏ်ပြုခြင်း၊ တန်ဖိုးထားခြင်း မရှိလျှင်၊ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် အတားအဆီး ဖြစ်လာလိမ့်မည်။ တွေးကြည့်ပါ။ အိမ်ထောင် ဆက်ဆံရေးအတွက် ဘုရားသခင် ပုံစံချပေးထားသည့် ပေါင်းစည်းမှု၊ လိုက်ဖက်ညီမှုအတွင်း ကျွန်ုပ်တို့ မနေထိုင် နိုင်ကြဘူးဆိုလျှင်၊ ကျွန်ုပ်တို့၏ ဂိညာဉ်ရေး အသက်တာသည် နှောင့်ယှက် ခံရနိုင်သည်။ (သုတ္တံ ၂း၁၆-၁၇)တွင်၊ အသက်ငယ်စဉ် လမ်းညွှန် နှင့် မိမိဘုရား၏ ပဋိညာဉ်တရားဟုခေါ်သော အိမ်ထောင်ပြုခြင်း ဆက်ဆံရေးဖြစ်သော အိမ်ထောင် ပဋိညာဉ်ကို ပစ်ပယ်သည့် အမျိုးပျက်မိန်းမ တစ်ယောက်အကြောင်းကို ပြောထားသည်။ ဤတွင် အလွန်အရေးကြီးသည့် အကြောင်းဖြစ်သည်။ ၎င်းသည် လူတစ် ဦးတစ်ယောက်အတွက် ကျွန်ုပ်တို့ပြုသော ကတိသစ္စာ ဖြစ်သည်။ ထို့ပြင် ဘုရားသခင့် ရှေ့တော်မှောက်၌ ကျွန်ုပ်တို့ပြုသော ပဋိညာဉ်လည်း ဖြစ်ပေသည်။ လူတွေအပေါ် သင်းအုပ်အမှုပြုနေသည့် ကာလတစ်လျှောက်၊ ဘုရားသခင်သည် ဦးစားပေးမှုတစ်ခုဖြင့်၊ ကျွန်ုပ်၏ အိမ်ထောင်ရေးအပေါ် ကျွန်ုပ်ကို အာရုံထား စေတော်မူသည်။ အမှန်တကယ် အိမ်ထောင်ပြုခြင်းသည်၊ အခြားလူတစ်ဦးတစ်ယောက် အပေါ်တွင် ကျွန်ုပ်၏ဘဝကို အာရုံစိုက်ထားစေရန်ဖြစ်ပြီး၊ ကျွန်ုပ်ဆိုခဲ့သည်အတိုင်း၊ မေတ္တာသည် အုပ်ချုပ်ရေး အခြေခံစည်းမျဉ်းတစ်ခု ဖြစ်ပါသည်။

(မဿဲ ၇း၁၂)၌ ပြောပါသည်။ သူတစ်ပါးသည် ကိုယ်၌ပြုစေ လိုသမျှအတိုင်း သူတို့၌ ပြုရန်ဖြစ်၏။ အကြောင်းမှာ၊ ၎င်းသည် ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့၏ အချုပ် ဖြစ်သောကြောင့် ဖြစ်သည်။ ဤအချက်သည် အိမ်ထောင်ပြုခြင်း၌ အုပ်ချုပ်သင့်သည် အခြေခံ စည်းမျဉ်း အတိအကျ ဖြစ်ပေသည်။ ၎င်းသည် ကိုယ်ကျိုးစီးပွား မပါ၊ အတ္တအတွက်လည်း မဟုတ်၊ သူတစ်ပါးက ကိုယ်၌ပြု ပေးနိုင်သည့်အကြောင်းနှင့်လည်း မဆိုင်ပါ။ သမ္မာကျမ်းစာအထဲ (၁ ကော ၁၃း၄) ၌ မေတ္တာသည် ကျေးဇူးပြုတတ်၏ဟု ဆိုထားသည်။

၎င်း၌ ဆိုလိုသည်မှာ၊ အခြားသူတို့၏ ကိစ္စရပ်များကိုရှာဖွေကူညီရန်၊ စိတ်ကောင်းထားပြီး ကြင်နာတတ်ရန်၊ သူတစ်ပါးအတွက်အကောင်းဆုံးကို အစဉ် ရှာဖွေလုပ်ဆောင်ပေးရန် ဖြစ်သည်။ ဤနည်းလမ်းအတိုင်း အိမ်ထောင်ပြုခြင်းကို ပုံစံချထားသည့် အကြောင်းရင်းသည်၊ ကျွန်ုပ်တို့ ဘုရားသခင်နှင့် အမှန်တကယ် ဆက်ဆံရေးရှိသင့်သည့် နမူနာတစ်ခု၊ ပုံစံငယ်တစ်ခုအဖြစ်

ရှိနေသောကြောင့် ဖြစ်သည်။ ကိုယ်တော်သည် လက်စွဲစာအုပ်၌ လက်တွေ့သရုပ်ဖော် ပြပေးခဲ့သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကောင်းသော အိမ်ထောင်ရေး၊ ကြီးမြတ်သော အိမ်ထောင်ရေးကို ထူထောင်ရန် ပြသပေးတော်မူခဲ့သည်။ အကြောင်းမှာ ကိုယ်တော်နှင့် ရှိနေရန် မှန်သော ထာဝရ ဆက်ဆံရေး ပုံစံငယ်အမျိုးအစား ကျွန်ုပ်တို့၌ ရှိစေလိုတော်မူ၍ ဖြစ်သည်။ အိမ်ထောင်ရေးသည် ကျွန်ုပ်တို့လုပ်ရမည့် အပိုင်းကို သေသည့်တိုင်အောင် လုပ်နေရသည့် ယာယီကိစ္စသာဖြစ်၏။ သမ္မာကျမ်းစာက ဆိုထားပါသည်။ ထမြောက်ရာကာလ၌ အိမ်ထောင် ပြုခြင်း၊ (သို့မဟုတ်) ထိမ်းမြားလက်ထပ်ခြင်း တစ်ခုမျှ မရှိပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကောင်းသောအိမ်ထောင်မှုကို နားလည်စေလို တော်မူသည်။ ၎င်းမှာ၊ ချစ်ခြင်းမေတ္တာ အခြေခံ စည်းမျဉ်း၊ သူတစ်ပါးကို ကိုယ်ကျိုးမပါပေးသော အခြေခံစည်းမျဉ်း ဖြစ်သည်။ ကိုယ်တော် ပြောနေ ပါသည်။ "သင်တို့အား အမှန် သဘောပေါက်စေလိုသည်မှာ၊ ငါနှင့် အိမ်ထောင် ဆက်ဆံရေး တစ်ခုထဲသို့ သင့်တို့ကို ငါခေါ်ယူသည်။ ယာယီဆက်ဆံရေးတစ်ခု မဟုတ်၊ နှစ်အနည်းငယ်သာ တည်၍ နောင် ပျောက်ကွယ်သွားမည့် အရာလည်းမဟုတ်။ သင်တို့ အပေါ် ထာဝရနှင့်အစဉ်အမြဲ ထင်ရှားနေမည်ဖြစ်သည့် ငါ၏မေတ္တာတရားအလုံးစုံရှိသော ထာဝရဆက်ဆံရေး တစ်ခု ဖြစ်၏။"

အိမ်ထောင် အခြေခံစည်းမျဉ်းအချို့ကို ကျွန်ုပ် ပြောပြပါမည်။ အိမ်ထောင်ပြုခြင်းသည် အချင်းချင်း ပေါင်းသင်းခြင်း ဖြစ်သည်။ စီးပွားဖက်အဖြစ် (သို့မဟုတ်) အစုစပ်လုပ်ငန်းမဟုတ်ပါ။ ကမ္ဘာဦးကျမ်း အခန်းကြီး (၄) ၌သိမှတ်ခြင်း တစ်ရပ်အဖြစ်၎င်း၊ (၁ ပေ ၃း၇) ၌ အ သက်ရှင်ခြင်း ကျေးဇူးတော်ကို အမွေခံရသော သူချင်းကဲ့သို့၎င်း သမ္မာကျမ်းစာက ဆိုထားပါသည်။ အိမ်ထောင် ပြုခြင်းသည် ချည်နှောင်ထားသည့် ရည်ရွယ်ချက်နှင့် ကတိသစ္စာပြုရသော ပဋိညာဉ်တစ်ခု ဖြစ်သည်။ အချင်းချင်းအပ်နှံမှု ပါရှိသည်။ ကနဦးအသင်းတော်သို့ အပြစ် တရားမဝင်၊ ကနဦးအိမ်ထောင်သို့ အပြစ်တရား ဝင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လက်စွဲစာအုပ် လိုအပ်သည်။ အိမ်ထောင် လမ်းညွှန်ချက်ကို နာခံရမည်။ ကျွန်ုပ်တို့ဘဝအထဲ မေတ္တာအခြေခံ စည်းမျဉ်းများကို ထူထောင်ရမည်။ ကျွန်ုပ်တို့ မေးခွန်းမေးရကြမည်။ "မေတ္တာသည် ဘာလဲ။ တကယ့်မေတ္တာတရား အနက်သည် အာရုံထဲ၌ အတ္တကင်းမဲ့ခြင်း ဖြစ်သည်။ (ဟေရှာယ ၅၃း၆) ၌ ပြောသည် အတိုင်း၊ ငါတို့ ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးသီးလိုက်သွားနေကြသူများ ဖြစ်ကြသည်။ သို့သော် အိမ်ထောင်ပြုခြင်း၌၊ ကျွန်ုပ်တို့သည် တစ်ဦးတစ်ယောက်အပေါ် အာရုံထားလျက်၊ သူတို့၏ ကိစ္စများနှင့် အကျိုးစီးပွားများကို ရှာဖွေပြုစုကြရသည်။

သမ္မာကျမ်းစာ ဖေက်သြဂါဒ စာစောင်ထဲ၌ သင့်ဇနီးအား ချစ်ခြင်းသည် သင့်ခန္ဓာကိုယ်ကို ချစ်သကဲ့သို့ ဖြစ်ရမည်ဟု ဆိုထားသည်။ ကျွန်ုပ်တို့ ခင်ပွန်းယောကျ်ားများသည် ဘုရား ပေးထားသည့် ဇနီးကို ဂုဏ်ပြု ချီးမွမ်းရကြမည်။ တန်ဖိုးထား ပေါင်းသင်းရမည်ကို ဆိုလိုသည်။ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်ချစ်ရန်ဆိုသည်မှာ ကိုယ်ဘာသာကိုယ်ထိုင်လျက် ကိုယ်လက်ကိုယ်ကိုင်၊ ကိုယ့်ကိုယ်ကိုဖွဖွလေး ပုတ်၍ "အိုး၊ ချစ်စရာလေး" ဟု ပြောနေရမည် မဟုတ်ပါ။ လုံးဂလည်း မဟုတ်ပါ။ သင့်ကိုယ်သင်ချစ်ရန် ဆိုသည်မှာ၊ ကိုယ့်ကိုယ်ကို ကာကွယ်၊ ကိုယ့်ကိုယ်ကို ဖြည့်ဆည်း၊ ကိုယ့်ကိုယ်ကို သတိထားနေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ဇနီးမိန်းမကို အလကားရလိုက်သည်ဟု မထင်မှတ်သင့်ပါ။ သူ့အားနည်းချက်ကို လူသိရှင်ကြား ထုတ်ပြနေရမည် မဟုတ်ပါ။ မိန်းမကို ဟာသဖြစ်အောင် မလုပ်ရ။ နာကျင်စေရအောင် ဘယ်တော့မှ မလုပ်ရပါ။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ချစ်သကဲ့သို့ ဇနီး၊ မိန်းမကို ချစ်ရန် ဖြစ်သည်။

ကျွန်ုပ်သည် သင်တို့အား ဘုရားသခင်ထံ ဆုတောင်းခြင်း၌ စိတ်ဓာတ်မြှင့်တင်ပေးလိုသည်။ ပထမဆုံး ကိုယ်တော်သည် သင့်ကို ချစ်တော်မူသည့်အတွက် ကျေးဇူးတော် ချီးမွမ်းလိုက်ပါ။ ဒုတိယအချက် အနေနှင့် သင်လုပ်ရမည်မှာ၊ သင့်အား ဘုရားပေးထားသော သင်၏ အိမ်ထောင်ဖက် ဇနီးမယားအတွက် ကိုယ်တော်အား ကျေးဇူးတင်လိုက်ပါ။ ဤတွင် ပြဿနာရှိတဲ့ အပိုင်းဖြစ်သည်။ သင်သည် မိန်းမကို ဘယ်တော့မှ ကျေးဇူးမတင်တတ်ခဲ့။ အမြဲ နှိမ့်ချဆက်ဆံနေခဲ့သည်။ ၎င်းကို သမ္မာကျမ်းစာက အတ္တဆန်သည်၊ အပြစ်လုပ်သည်ဟု ဆိုပါသည်။ ဖေက်သြဂါဒစာ အခန်းကြီး (၅) ၌ ယေရှုသည် နှုတ်ကပတ်တော်ရေနှင့် ဆေးကြောခြင်းအားဖြင့် အသင်းတော်ကို စင်ကြယ်စေခဲ့သည်။ အသင်းတော်ကို နှုတ်ကပတ်တော်နှင့်သာ မိန့်ဆိုတော်မူသည်။ သင့်အိမ်ထောင်ဖက်ကို သင်သည် စကားပြော သောအခါ၊ သင့်ပြောစကား အဆင့်အတန်းအတိုင်းသာ သူတို့မြင့်တက် ရကြသည်။ အကယ်၍၊ သင်သည် "မင်းမကောင်းဘူး၊ မင်း ရုပ်ဆိုးတယ်၊ မင်း ဂလွန်းတယ်"ဟု ပြောလိုက်လျှင်၊ သင့်အိမ်ထောင်ရေးကို သင်သည် ဖိနှိပ်နေပြီး၊ တစ်လုံးတစ်ဂတည်း မဖြစ်ဘဲ၊ လမ်းခွဲခြင်း၊ စိမ်းကားခြင်း ဖြစ်နေပေမည်။ "အချစ်ကလေး၊ မင်းလုပ်ပေးတာတွေကို သိပ်ကျေးဇူးတင်တယ်။ တန်ဖိုးထားတယ်။ ချစ်တယ်ကွယ်" ဆိုပြီး၊ သင့်ရဲ့ ကြင်နာတဲ့ ပြောစကားများအရ၊ သင့်အပြုအမူ နှင့်အတူ ဇနီးသည်ကို အကာအကွယ်ပေးနေပြီး၊ အိမ်ထောင်ဖက်သည် ထိုစကားလုံးအဆင့်အတန်းသို့ မြင့်တက်လေ၏။

သင့်အိမ်ထောင် ဆက်ဆံရေး၌ ယနေ့ ပြဿနာများစွာ ဖြစ်နေရသည်ကို သင်ပြောခဲ့သော စကားလုံးများကြောင့် ဖြစ်သည်ဟု သင်သည် မမြင်နိုင်သလော။ သင်သည် အိမ်ထောင်ဖက်ကို မြှင့်တင်ပေးရမည့်အစား နှိမ့်ချနေခဲ့သည်။ ယနေ့ သင့်အိမ်ထောင်ဖက်ကို ကောင်းသော စကားများ ပြောဆိုရန် ကျွန်ုပ် တိုက်တွန်းပါသည်။ အချစ်သည် ခံစားချက် မဟုတ်။ အချစ်ဆိုသည်မှာ သင် ဘယ်လို ခံစားနေရသည်ဖြစ်ဖြစ်၊ တစ်ဖက်သား သူတစ်ပါး၏ ကိစ္စများနှင့် ကောင်းကျိုးများကို ရှာဖွေ ပြုစုပေးခြင်း ဖြစ်သည်။ ကြင်နာသော စကားများနှင့် ယနေ့ စတင်ဆောင်ရွက်ကြပါ။ သစ်သား ပရိဘောဂအပေါ် ရောင်တင်ဆီအထပ်ထပ် သုတ်လိမ်းသကဲ့သို့၊ ချစ်ခြင်းမေတ္တာကို တည်ဆောက် ယူရသည်။ လေးစားသမှုပြုခြင်း၊ ချီးကျူးခြင်း၊ တန်ဖိုးထားခြင်းတို့ဖြင့် သင်အိမ်ထောင်ဖက်ကို အချစ်စကားများ စတင် ပြောဆိုပါ။ ခြားနားချက် သင်မြင်လာရပါလိမ့်မည်။ ဤအခြေခံစည်းမျဉ်းကို သင်သည် တည်ဆောက်သည်အတိုင်း ဘုရားသခင်သည် သင့်အား ကောင်းကြီးပေးပါစေသော။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (သုတ္တံ ၁၈း၂၂)ကို ဖတ်ပါ။ အိမ်ထောင်ပြုခြင်းသည်၊ -

(က) ကောင်းသောအမှု ဖြစ်သည်။
(ခ) ကြောက်စရာကောင်းသည်။
(ဂ) ဘုရားသခင်ကို နှစ်သက်စေ၏။

**သုတ္တံ ၁၈း၂၂** - *"မယားကို ရသောသူသည် ကောင်းသောအရာကိုရ၍ ထာဝရဘုရား၏ ကျေးဇူးတော်ကို ခံရ၏။"*

၂။ (ဟေဗြဲ ၁၃း၄)ကို ဖတ်ပါ။ အိမ်ထောင်မှု၌ လိင်ဆက်ဆံရေးသည်။ (အိပ်ရာကုတင်)၊-

(က) အပြစ်လုပ်သည်။
(ခ) ညစ်ညမ်းစေသည်၊ ဆိုးညစ်ခြင်းဖြစ်သည်။
(ဂ) ညစ်ညမ်းစေသည် မဟုတ်။

**ဟေဗြဲ ၁၃း၄** - *"ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဂါသပြုခြင်းအမှုသည် အသရေရှိစေလော့။ မတရားသော မေထုန်ကိုပြုသောသူနှင့် သူ့မယားကို ပြစ်မှားသောသူကို ဘုရားသခင် စစ်ကြောစီရင်တော်မူလိမ့်မည်။"*

၃။ (ဒေသနာ ၉း၉)ကို ဖတ်ပါ။ ဘုရားဂတ်၌မွေ့လျော်သောအိမ်ထောင်သည် ဤဘဝ၌ သင်၏ဘုရားသခင်ထံမှ ဆုကျေးဇူးတစ်ခုနှင့် အကျိုးကို ရလိုက်ခြင်း ဖြစ်သည်။ မှန်လား၊ မှားလား။

**ဒေသနာ ၉း၉** - *"နေအောက်မှာ ပေးသနားတော်မူသော အနတ္တအသက်တာ ကာလပတ်လုံး သင်ချစ်သောမယားနှင့် ရွှင်လန်းစွာ အသက်ကာလကို လွန်စေလော့။ ဤရွေ့ကား၊ အသက်ရှင်၍ နေအောက်မှာ ကြိုးစားအားထုတ်ရာ၌ သင်ခံရသော အကျိုးပေတည်း။"*

၄။ (၁ ယော ၃း၁၈)ကို ဖတ်ပါ။ တရားသူကြီး Phillip Gilliam ၏ဖော် ပြချက်အရ၊ သူစီရင်ရသည့် ကလေးသူငယ် တရားရုံးအမှုပေါင်း (၂၈,၀၀၀)သည် မိဘနစ်ပါးအကြား မေတ္တာစိတ် ခေါင်းပါးခြင်းက ကလေးသူငယ်ဆိုးသွမ်းမှု၏ အကြီးမားဆုံးအကြောင်းရင်း ဖြစ်ရကြောင်း သူသိခဲ့ရ သည်ဟု ဆိုသည်။ မေတ္တာစိတ်ကို ကျွန်ုပ်တို့ မည်သို့ ပြသရမည်နည်း။

**၁ ယော ၃း၁၈** - *"ချစ်သားတို့၊ ငါတို့သည် စကားပြောကာမျှအားဖြင့်သာ မချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ကေန်အမှန် ချစ်ကြ ကုန်အံ့။"*

၅။ (ဖေက် ၅း၂၈)ကို ဖတ်ပါ။ ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို ပစ်ပယ်သည်ထက်၊ ကျွန်ုပ်၏ ဇနီးမယားကို ဘယ်တော့မှ ပစ်ပယ်ထားမည်မဟုတ်ပါ။ မှန်သလား၊ မှားသလား။

**ဧဖက် ၅း၂၈** - *"ထိုနည်းတူ၊ ယောက်ျားတို့သည် မိမိကိုယ်ကို ချစ်သကဲ့သို့ မိမိခင်ပွန်းတို့ကို ချစ်ရကြမည်။ ခင်ပွန်းကိုချစ်သော သူသည် ကိုယ်ကို ချစ်သောသူဖြစ်၏။"*

၆။ (၁ ယော ၃း၁၆)ကို ဖတ်ပါ။ သင်တို့သည် "မင်းကိုငါချစ်တယ်" ဆိုသည့်စကားလုံးကို အပြုအမူနှင့်အတူ နောက်ခံထားပြောလျှင်၊ လုပပေသည်။ ယေရှုသည် သူ၏စကားကို ကျွန်ုပ်တို့အတွက် အသက်ပေးခြင်းနှင့်အတူ နောက်ခံထား မိန့်တော်မူခဲ့သည်။ ကျွန်ုပ်သည်လည်း မိမိတို့အသက်ကို မိမိတို့၏ အိမ်ထောင်ဖက်များအတွက် လက်တွေ့ ဖြစ်နိုင်သမျှနည်းဖြင့် အသက်ပေးသင့်ကြ၏။ သင်သည် မေတ္တာပြခံရခြင်းကို ဖော်ပြနိုင်သော လက်တွေ့နည်းလမ်းအချို့ကို ဝေမျှပေးပါ။

**၁ ယော ၃း၁၆** - *"ခရစ်တော်သည် ငါတို့အဖို့အလို့ငှါ အသက်တော်ကို စွန့်တော်မူသည့်အရာကို ငါတို့သည်ထောက်၍၊ မေတ္တာတော်ကို သိရကြပြီ။ ငါတို့သည်လည်း ညီအစ်ကိုချင်းတို့အဖို့အလို့ငှါ အသက်ကို စွန့်ရကြ၏။"*

၇။ (ဧဖက် ၅း၂၅-၂၆)တို့ကို ဖတ်ပါ။ ကျွန်ုပ်၏ဇနီးသည်သည် သူ့အပေါ် ကျွန်ုပ်ပြောဆိုသည့်စကားအတိုင်း နေထိုင်သွားလာသည်။ သူ့အပေါ် ကျွန်ုပ်ပြောဆိုသည့်စကားသည် သူ့စွမ်းရည်ကို မြင့်တင်ပေးနေသည်။ မှန်သလား၊ မှားသလား။

**ဧဖက် ၅း၂၅-၂၆** - *"အချင်းယောက်ျားတို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့၊ သင်တို့လည်း ကိုယ်ခင်ပွန်းကို ချစ်ကြလော့။ ထိုအသင်းတော်ကို ခရစ်တော်သည် မိမိအား ဆက်သအံ့သောငှါ၊ နှုတ်ကပတ်တော်ရေ၌ ဆေးကြော ခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည် အကြောင်း၊ ထိုအသင်းတော် အဖို့အလို့ငှါ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။"*

၈။ (ရောမ ၈း၃၈-၃၉ နှင့် ၁ ယော ၄း၁၉)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် အပြုအမူပါလျက် ပြောလာသော ရင်းနှီးပြီးသားစကားလုံးများအားဖြင့် အဆွယ်ခံရသည်။ (သို့မဟုတ်၊ အချစ်ခံရသည်။) ဘုရားသခင်သည်၊ သမ္မာကျမ်းစာကဲ့သို့သော မေတ္တာစာ၊ မှတ်တမ်းများမှ ကျွန်ုပ်တို့ ရင်းနှီးပြီးသား စကားတော်များပြောလာခြင်းအာဖြင့် ကျွန်ုပ်တို့ကို ဆွယ်ယူ၏။ မှန်သလား၊ မှားသလား။

**ရောမ ၈း၃၈-၃၉** - *"အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန် ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတံ့သော အရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည်၊ ငါတို့သခင်ယေရှုအားဖြင့် ခံရသော ဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကို မကွာစေနိုင်ဟု ငါသည် သဘောကျလျက် ရှိ၏။"*

**၁ ယော ၄း၁၉** - *"ဘုရားသခင်သည် ငါတို့ကို ရှေ့ ဦးစွာ ချစ်တော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်ကို ချစ်ကြ၏။"*

၉။ (၁ ယော ၅း၃ နှင့် ၂ ယော ၆ )တို့ကို ဖတ်ပါ။ မေတ္တာကို မည်သို့နားလည်ရမည်ကို၊ ယေရှုပညတ်တော်များအားဖြင့်၊ ဖေါ်ပြခဲ့သည်။ သိစေခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စကားတော်မှ မေတ္တာတရား၏ အခြေခံစည်းမျဉ်းများကို လေ့လာနိုင်သည်။ မှန်သလား၊ မှားသလား။

**၁ ယော ၅း၃** - *"ပညတ်တော်တို့ကို စောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏။ ပညတ်တော်တို့ကို စောင့်ခဲသည် မဟုတ်။*

**၂ ယော ၆** - *"ပညတ်တော်တို့အတိုင်း ကျင့်စောင့်ခြင်းအရာသည်၊ ချစ်ရာရောက်၏။ သင်တို့သည်၊ ပညတ်တော်နှင့်အညီ ကျင့်မည်အကြောင်း၊ ရှေးဦးစွာကပင် သင်တို့ကြားရသည်အတိုင်း၊ ပညတ်တော်သည် ထိုသို့သောသဘောရှိ၏။"*

၁၀။ (ယော ၁၄း၁၅)ကို ဖတ်ပါ။ မေတ္တာသည် သင့်ခံစားချက်ကိစ္စမဟုတ် သင့်ဆန္ဒအရသာ ဖြစ်ရမည်။ သမ္မာကျမ်းစာထဲရှိ ပညတ် တော်များအားလုံးသည် လူ့ခံစားချက်အရ မဟုတ်ဘဲ လူ့ဆန္ဒအပေါ် မူတည်လျက် ပြဋ္ဌာန်းထားသည်။ ဘုရားသခင်သည် သင်မည်သို့ ခံစားနေရမည်ကို ဘယ်တော့မှ မပြော၊ သို့သော် အတိအကျဆိုလျှင် သင် မည်သို့လုပ်ရမည်ကို မိန့်တော်မူ၏။ မှန်သလား၊ မှားသလား။

**ယော ၁၄း၁၅** - *"ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့။"*

၁၁။ (ဂလာတိ ၅း၂၂-၂၃)ကို ဖတ်ပါ။ မေတ္တာသည် သဘာဂအတိုင်း ဖြစ်လာသည်မဟုတ်ပါ။ မေတ္တာသည် လေ့လာရမည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၊ လူသားထဲသို့ ဖြစ်ဖွား လာခဲ့သည်။ ထိုကြောင့် မေတ္တာသည် အောက်ပါတစ်ခုခု ဖြစ်၏။

(က) လူသား၏ အတွေးအခေါ် ဖြစ်သည်။
(ခ) လူသား၏ သဘာဝ ဖြစ်သည်။
(ဂ) ဘုရားသခင်၏ ဝိညာဉ်တော

**ဂလာတိ ၅း၂၂-၂၃** - *"ဝိညာဉ်ပကတိ၏ အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ် ချုပ်တည်းခြင်း ပေတည်း။ ထိုသို့သောအကျင့် ကို အဘယ်တရားမျှ မမြစ်တား။*

၁၂။ (ဖေက် ၅း၃၁-၃၂)ကို ဖတ်ပါ။ ကောင်းသောအိမ်ထောင်သည် မည်သည်၏ ပုံစံငယ်ကလေး ဖြစ်သနည်း။

**ဧဖက် ၅း၃၁-၃၂** - *"ထိုအကြောင်းကြောင့် ယောက်ျားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူနှစ်ယောက်တို့သည်၊ တစ်သားတစ်ကိုယ်တည်း ဖြစ်ရလိမ့်မည်။ ဤအရာသည် အလွန်နက်နဲသောအရာဖြစ်ပေ၏။ ထိုသို့ ငါဆိုသော် ခရစ်တော်နှင့် အသင်းတော်ကို ရည်မှတ်၍ ဆိုသတည်း။"*

# အဖြေ သော့ချက်

၁။ (သုတ္တံ ၁၈း၂၂)ကို ဖတ်ပါ။ အိမ်ထောင်ပြုခြင်းသည်၊-
(က) **ကောင်းသောအမှု ဖြစ်သည်။**
(ဂ) **ဘုရားသခင်ကို နှစ်သက်စေ၏။**

၂။ (ဟေဗြဲ ၁၃း၄)ကို ဖတ်ပါ။ အိမ်ထောင်မှု၌ လိင်ဆက်ဆံရေးသည် (အိပ်ရာကုတင်)၊-
(ဂ) **ညစ်ညမ်းစေသည် မဟုတ်။**

၃။ (ဒေသနာ ၉း၉)ကို ဖတ်ပါ။ ဘုရားဂုဏ်၌မွေ့လျော်သောအိမ်ထောင်သည် ဤဘဝ၌ သင်၏ ဘုရားသခင်ထံမှ ဆုကျေးဇူးတစ်ခုနှင့် အကျိုးကို ရလိုက်ခြင်း ဖြစ်သည်။ မှန်လား၊ မှားလား။
**မှန်သည်။**

၄။ (၁ ယော ၃း၁၈)ကို ဖတ်ပါ။ တရားသူကြီး Phillip Gilliam ၏ဖော်ပြချက်အရ၊ သူစီရင်ရသည့် ကလေးသူငယ် တရားရုံးအမှု ပေါင်း (၂၈,၀၀၀) သည်၊ မိဘနှစ်ပါးအကြား မေတ္တာစိတ်ခေါင်းပါးခြင်းက ကလေးသူငယ် ဆိုးသွမ်းမှု၏ အကြီးမားဆုံး အကြောင်းရင်း ဖြစ်ရကြောင်း သူသိခဲ့ရသည်ဟု ဆိုသည်။ မေတ္တာစိတ်ကို ကျွန်ုပ်တို့ မည်သို့ ပြသရမည်နည်း။
**အပြုအမူ နှင့် မှန်သော အလေးအနက် ဂရုစိုက် ပေးခြင်းအားဖြင့်**

၅။ (ဖေက် ၅း၂၈)ကို ဖတ်ပါ။ ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို ပစ်ပယ်သည်ထက်၊ ကျွန်ုပ်၏ ဇနီးမယားကို ဘယ်တော့မှ ပစ်ပယ်ထားမည် မဟုတ်ပါ။ မှန်သလား မှားသလား။
**မှန်သည်။**

၆။ (၁ ယော ၃း၁၆)ကို ဖတ်ပါ။ သင်တို့သည် "မင်းကိုငါချစ်တယ်" ဆိုသည့်စကားလုံးကို အပြုအမူနှင့်အတူ နောက်ခံထားပြောလျှင်၊ လုပပေသည်။ ယေရှုသည် သူ၏စကားကို ကျွန်ုပ်တို့ အတွက် အသက်ပေးခြင်းနှင့်အတူ နောက်ခံထား မိန့်တော်မူခဲ့သည်။ ကျွန်ုပ် သည်လည်း မိမိတို့အသက်ကို မိမိတို့၏ အိမ်ထောင်ဖက်များအတွက် လက်တွေ့ ဖြစ်နိုင်သမျှ နည်းဖြင့် အသက်ပေးသင့်ကြ၏။ **မှန်ပါသည်။** သင်သည် မေတ္တာပြ ခံရခြင်းကို ဖော်ပြနိုင်သော လက်တွေ့ နည်းလမ်းအချို့ကို ဝေမျှပေးပါ။

၇။ (ဖေက် ၅း၂၅-၂၆)တို့ကို ဖတ်ပါ။ ကျွန်ုပ်၏ဇနီးသည်သည် သူ့အပေါ် ကျွန်ုပ်ပြောဆိုသည့် စကားအတိုင်း နေထိုင်သွားလာသည်။ သူ့အပေါ် ကျွန်ုပ်ပြောဆိုသည့် စကားသည် သူ့စွမ်းရည်ကို မြှင့်တင်ပေးနေသည်။ မှန်သလား၊ မှားသလား။
**မှန်ပါသည်။ (ဖေက် ၅း၂၆) ၌သုံးထားသော ဂရိစကားလုံးသည်၊ rhema "နှုတ်တော်ထွက် စကား" ဖြစ်သည်။**

၈။ (ရောမ ၈း၃၈-၃၉ နှင့် ၁ ယော ၄း၁၉)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် အပြုအမူပါလျက်

ပြောလာသော ရင်းနှီးပြီးသားစကားလုံးများအားဖြင့် အဆွယ်ခံရသည်။ (သို့မဟုတ်၊ အချစ်ခံရသည်။) ဘုရားသခင်သည်၊ သမ္မာကျမ်းစာကဲ့သို့သော မေတ္တာစာ၊ မှတ်တမ်းများမှ၊ ကျွန်ုပ်တို့ ရင်းနှီးပြီးသား စကားတော်များပြောလာခြင်းအားဖြင့် ကျွန်ုပ်တို့ကို ဆွယ်ယူ၏။ မှန်သလား၊ မှားသလား။
**မှန်ပါသည်။ ဘုရားသခင့်စကားတော်များသည် ကျွန်ုပ်တို့အပေါ် မေတ္တာစကားများ ဖြစ်၏။**

၉။ (၁ ယော ၅း၃ နှင့် ၂ ယော ၆ )တို့ကို ဖတ်ပါ။ မေတ္တာကို မည်သို့နားလည်ရမည်ကို၊ ယေရှုပညတ်တော်များအားဖြင့် ဖေါ်ပြခဲ့သည်။ သိစေခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စကားတော်မှ မေတ္တာတရား၏ အခြေခံစည်းမျဉ်းများကို လေ့လာနိုင်သည်။ မှန်သလား၊ မှားသလား။
**မှန်ပါသည်။**

၁၀။ (ယော ၁၄း၁၅)ကို ဖတ်ပါ။ မေတ္တာသည် သင့်ခံစားချက်ကိစ္စမဟုတ် သင့်ဆန္ဒအရသာ ဖြစ်ရမည်။ သမ္မာကျမ်းစာထဲရှိ ပညတ်တော်များ အားလုံးသည် လူ့ခံစားချက်အရ မဟုတ်ဘဲ၊ လူ့ဆန္ဒအပေါ် မူတည်လျက် ပြဌာန်းထားသည်။ ဘုရားသခင်သည် သင်မည်သို့ ခံစားနေရမည်ကို ဘယ်တော့မှမပြော၊ သို့သော် အတိအကျဆိုလျှင် သင်မည်သို့ လုပ်ရမည်ကို မိန့်တော်မူ၏။ မှန်သလား၊ မှားသလား။
**မှန်ပါသည်။**

၁၁။ (ဂလာတိ ၅း၂၂-၂၃)ကို ဖတ်ပါ။ မေတ္တာသည် သဘာဝအတိုင်း ဖြစ်လာသည်မဟုတ်ပါ။ မေတ္တာသည် လေ့လာရမည်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်၊ လူသားထဲသို့ ဖြစ်ဖွားလာခဲ့သည်။ ထို့ကြောင့် မေတ္တာသည် အောက်ပါတစ်ခုခု ဖြစ်၏။
**(ဂ) ဘုရားသခင်၏ ဝိညာဉ်တော်**

၁၂။ (ဖေက် ၅း၃၁-၃၂)ကို ဖတ်ပါ။ ကောင်းသောအိမ်ထောင်သည် မည်သည်၏ ပုံစံငယ်ကလေး ဖြစ်သနည်း။
**ခရစ်တော် နှင့် သူ၏အသင်းတော်**

## သင်ခန်းစာ ( ၁၂ )

# ဘုရားသခင်၏မေတ္တာတော်အမျိုးအစား
# (အပိုင်း-၁)

ယနေ့ ကျွန်ုပ်တို့ ဘုရားသခင်၏ မေတ္တာတော်အမျိုးအစား အကြောင်းများကို ပြောကြမည်။ (၁ ကော ၁၃း၁၃) ၌ ဤသို့ ပြောထား သည်။ *"ယခုတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ ဤသုံးပါးတည်လျက်ရှိ၏။ ဤသုံးပါးတို့တွင်၊ ချစ်ခြင်းမေတ္တာသည်အမြတ်ဆုံး ဖြစ်သတည်း။"* နောက်ထပ်လည်း (၁ ကော ၁၄း၁) ၌ ပြောပါသည်။ *"ချစ်ခြင်းမေတ္တာကို မီအောင် လိုက်ကြလော့။ ဂိုဏ်ဆုကျေးဇူးကို အလိုရှိသည်တွင်၊ ပရောဖက်ပြုရသောအခွင့်ကို သာ၍ လိုချင်သောစိတ်ရှိကြလော့။"* သမ္မာကျမ်းစာက ပြောသည်မှာ၊ ချစ်ခြင်းမေတ္တာကို မီအောင်လိုက်၍ လေ့လာလိုက်စားပြီး၊ ၎င်းကို သင်၏အမြင့်ဆုံး ရည်ရွယ်ချက်အဖြစ် ထားရှိရန်ဖြစ်သည်။ အခြား ဘာသာပြန်က ဆိုသည်မှာ ချစ်မေတ္တာကို သင့်အကြီးမားဆုံး ရှာဖွေခြင်းပြုဖို့ ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ ဤဘဝထဲမှ ထာဝရကာလသို့ ရှာမှီးယူရမည့် တစ်ခုတည်းသော အရာဖြစ်သည်။ ကျွန်ုပ်တို့၏ အိမ်များ၊ ကားများ၊ ငွေများကို ကျွန်ုပ်တို့ ယူမသွားနိုင်ကြပါ။ သို့သော် သန့်ရှင်းသော ဂိုဏ်ဆုတော် အားဖြင့် ယေရှုခရစ်က ကျွန်ုပ်တို့အား ပေးထားသည့် ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ ယူသွားကြရလိမ့်မည်။ ချစ်ခြင်းမေတ္တာသည် ထာဝရတန်ဖိုးနှင့် အနှစ်သာရရှိသော တစ်ခုတည်းသော အရာ ဖြစ်လေသည်။

ချစ်ခြင်းမေတ္တာသည် အမှန်တကယ် ဘာအဓိပ္ပာယ်ရှိသနည်း။ ကျွန်ုပ်ဆိုလိုသည်မှာ ကျွန်ုပ်ဇနီးကို ကျွန်ုပ်ချစ်၏။ ရေခဲမုန့်ကို ချစ်၏။ ပန်းသီးပေါင်မုန့်ကို ချစ်၏။ ၎င်းသည် အင်္ဂလိပ်ဘာသာ စကားအားဖြင့် ချစ်ခြင်းမေတ္တာကို ဖော်ပြရသော တစ်ခုတည်းသော စကားလုံး ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်က မိန်းမကို ချစ်သည်၊ နောက်ပြီး ကြောင်ကိုလည်း ချစ်သည်ဟု ပြောလျှင် ကျွန်ုပ်မိန်းမသည် သဘောကျ ပါ့မလား။ လုံးဝ သဘောကျမှာ မဟုတ်ပါ။ အခုကျွန်ုပ် ဘာပြောလိုက်သည်ကို သင်မြင်ပါသလား။ ကျွန်ုပ်က ချစ်သည်ဆိုသည့် စကားလုံးကို သုံးသည့်အခါ၊ တချို့က လိင်ကိစ္စဟု တွေးလိမ့်မည်။ တချို့က အလွန်ပြင်းပြပူနွေးသည့် လိုချင်စိတ်ဆန္ဒ တောင့်တမှုတစ်ခုဟု တွေးကြ လိမ့်မည်။ လူတွေဆီမှာ ချစ်ခြင်းမေတ္တာအတွက် အဓိပ္ပာယ် နားလည်မှု အမျိုးအစား အားလုံး ရှိကြသည်။ ဂရိဘာသာစကားအားဖြင့်၊ အဓိကစကားလုံး (၄)လုံးဖြင့် ဖွဲ့စည်းထားသည်။ ပထမတစ်ခုမှာ eros ဖြစ်သည်။ ၎င်းစကားလုံးကို သမ္မာကျမ်းစာ၌ သုံးမထားပါ။ လိင်ဆွဲဆောင်ခြင်း (သို့မဟုတ်) လိင်ကိစ္စအချစ်ဟူ၍ အဓိပ္ပာယ်ရပါသည်။ ဘုရားသခင်က ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့် ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရလိမ့်မည်ဟူ၍ သူတို့ကို ဘိသိက်ပေးစဉ်အခါ၊ ထိုသို့သော ချစ်ခြင်းအမျိုးအစား ဖြစ်သည်။ သမ္မာကျမ်းစာ၌ ရှောလမုန် သီချင်းသည် အိမ်ထောင်မင်္ဂလာဆက်ဆံရေးတွင် ဘုရားသခင်ကန့်သတ် ချုပ်ချယ်ထားသည့် လိင်ကိစ္စ ချစ်ခြင်းအကြောင်း ဖြစ်သည်။ ဘုရားသခင်မိန့်တော်မူသော အခြားချစ်ခြင်းမေတ္တာ အမျိုးအစားသည် လူသားမျိုးနွယ်အားလုံးတို့က လွတ်လပ်စွာ အသုံးပြုနိုင်ကြသည်။ သို့သော် **eros** သည် အိမ်ထောင်မင်္ဂလာဆက်ဆံရေး၌ ဘုရားသခင်၏ ကန့်သတ်ချက် ပါရှိနေပါသည်။

နောက်ထပ် ချစ်ခြင်းမေတ္တာ အမျိုးအစားတစ်ခုမှာ **storge** ဟုခေါ်သည်။ မိသားစုတစ်ခု ဆက်ဆံရေးထဲမှာ သဘာဝအားဖြင့် ချည်နှောင်ထားခြင်း (သို့မဟုတ်) မြတ်နိုးသည့် ချစ်ခြင်း ဖြစ်သည်။ ထို့ပြင် နောက်တစ်ခုမှာ **phileo** ဖြစ်သည်။ ၎င်းမှာ အမြစ်တည် စကားလုံး **philia** မှ ယူလာသည်။ ဤစကားလုံးကို ဓမ္မသစ်ကျမ်းထဲတွင် အကြိမ်(၇၂) ကြိမ်သုံးထားပြီး၊ လေးနက်စွာဖြင့် မေတ္တာတရား အသွားအပြန်နှင့် နွေးထွေးစွာခံစားမှုဟု အဓိပ္ပာယ် ဖြစ်သည်။ အချစ်အကြောင်းကို တွေး၍ လူအများဆုံး ပြောနေကြသည်မှာ အမှန်တကယ် ချစ်ခြင်းဆိုသည်ကို "ငါ ချစ်မိသွားသည်၊ ငါ့အချစ် အချည်းနှီးဖြစ်သည်။" ဆိုသည့် အကြောင်းအရာများ၌ ဖြစ်သည်။ အကယ်၍ သင်သည် ဤအချစ်မျိုးနှင့် သင့်အိမ်ထောင်၌ တည်ဆောက်ထားသည်ဆိုပါလျှင်၊ သင်၌ အမြင့်ရောက်သည့် အချိန်ကာလ ရှိသလို အနိမ့်ရောက်အချိန်ကာလတို့ ရှိပါလိမ့်မည်။ သင်သည် ချစ်မိသွားနိုင်သည်။ ထို့ပြင် ၎င်းအပေါ် သင့်အချစ် အလကားဖြစ်သွားနိုင်သည်လည်း ရှိ၏။

သမ္မာကျမ်းစာက ပြောသည်မှာ ကျွန်ုပ်တို့သည် တစ်ယောက်ကိုတစ်ယောက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမျိုးနှင့် ချစ်ကြရန် ဆိုထားသည်။ ၎င်းအချစ်မှာ **agape** မေတ္တာ ဖြစ်သည်။ **agape** မေတ္တာဆိုသည်မှာ အဘယ်နည်း။ ဤတွင် ရှုထောင့်အမျိုးမျိုး ရှိနေသည်။ (၁ ကော ၁၃) အခန်းကြီးတစ်ခုလုံးသည် ချစ်ခြင်းမေတ္တာ ပတ်သက်မှုအကြောင်းကို တစ်ခုလုံး အနက်ဖွင့် ပေးထားခြင်း ဖြစ်သည်။ (၁ ယော ၅း၃) ၌ ဤသို့ဆိုသည်။ "*ပညတ်တော်တို့ကို စောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏။*" ယေရှု မိန့်ဆို တော်မူချက်များသည် ကျွန်ုပ်တို့အား ချစ်ခြင်းကို ဖေါ်ပြ၏။ သို့သော် ကျွန်ုပ်အတိုချုံး ပြောပြရလျှင် (မဿဲ ၇း၁၂) ကို ထုတ်ပြ လိုပါသည်။ "*သင်တို့သည် ကိုယ်၌သူတစ်ပါး ပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်း တို့၏ အချုပ်အချာပင် ဖြစ်သတည်း။*" အသင်းတော်ထဲက လူတွေအကုန်လုံးက ကျုပ်ကို မချစ်ဘူး၊ ဂရုမစိုက်ဘူး၊ ဟိုဟာ၊ သည်ဟာ၊ ပြောနေရမည်အကြောင်း မရှိပါ။ သမ္မာကျမ်းစာက ပြောသည်မှာ၊ တစ်ယောက်ယောက်က သင့်ကို တစ်ခုခု လာလုပ်ပေးစေလိုပါလျှင်၊ သင်သည် ထိုသူ့ကို အရင်ဆုံး လုပ်ပေးရန် ဖြစ်သည်။ ဒါဟာ ချစ်ခြင်းမေတ္တာ ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ အသွေးအသား အလိုနှင့် ဆန့်ကျင်ပြီး၊ ကိုယ့်အကျိုးအထက်မှာ အခြားသူတို့၏ကောင်းကျိုး ချမ်းသာနှင့် အကျိုးရှိမှုများကို ရှာပေးရန် စိတ်တိုင်းမကျ ဖြစ်ပေါ်နေ တတ်၏။ ကျွန်ုပ်ပြောသည်များ ဘုရားမပါဘဲ လက်တွေ့ထင်ရှားစေနိုင်မည်ဟူ၍ မတွေးကြပါနှင့်။ သမ္မာကျမ်းစာက ပြောသည်မှာ ဂိညာဉ်ပကတိ၏ အကျိုးသည် ချစ်ခြင်းဖြစ်သည်။ ဘုရားသခင်သည် ချစ်ခြင်းဖြစ်သည် ဆို၏။ ကိုယ်တော်သည် ချစ်ခြင်းမေတ္တာ၏ အမြစ် ဖြစ်၍၊ ကိုယ်တော့်ပညတ်တော်ကို လိုက်နာခြင်းအားဖြင့်၊ ကျွန်ုပ်တို့အား ချစ်တတ်ရန် သွန်သင်ပေးသောအရှင် ဖြစ်၏။ ကျွန်ုပ်တို့သည် အသွေးအသားဆန္ဒ တပ်မက်ခြင်း ရှိနေလင့်ကစား၊ မှန်ကန်သော အခြေခံနိယာမအပေါ်၊ မှန်သောရွေးချယ်မှု၊ ဆုံးဖြတ်မှု၊ လုပ်ဆောင်မှုများ ပြုရန် ကိုယ်တော်သည် ကျွန်ုပ်တို့ကို ခွန်အားပေးတော်မူလိမ့်မည်။

ကျွန်ုပ်သည် xxxxxxxxxxxxxxxxx သာသနာနယ်တွင် အမှုဆောင်နေစဉ် လွန်သော နှစ်များ၏ တစ်နေ့တွင်၊ အလုပ်လုပ်ပြီး ထုံးစံအတိုင်း၊ ပန်းခြံတစ်ခုအတွင်း ဆုတောင်း ရောက်ခဲ့သည်။ ကျွန်ုပ် ဆုတောင်းပါသည်။ "ဘုရားသခင် တစ်ယောက်ယောက်ကို ကျွန်ုပ် အမှန် အမှုဆောင် လိုပါတယ်။" ထိုနေ့သည်အတန်အသင့် ပူနွေးသော နေ့တစ်နေ့ဖြစ်ပါသည်။ ကလေးငယ် ယောက်ျားလေး တစ်ယောက်နှင့် မိန်းခလေးတစ်ယောက် ဒန်းလွှဲစီးနေသည်ကိုကျွန်ုပ်မြင်နေသည်။ ဒန်းစင် တစ်နေရာလွတ်နေသည်ကို

တွေ့သဖြင့် ကျွန်ုပ် ဂင်ထိုင်လိုက်သည်။ ကလေးမကလေးကို ကျွန်ုပ် စကား စပြောပါသည်။ "သာယာတဲ့နေ့ပဲကွ၊ ဟုတ်ဘူးလား"။ ကလေးမ ပြန်ပြောသည်။ "အင်္ဂလိပ်စကား သမီး မသိ။" ဒါနဲ့ ဘယ်ကလာသလဲလို့ မေးလိုက်တော့၊ ရှိမေးနီးယားနိုင်ငံကပါ လို့ဆိုတယ်။ ဤနယ်မြေထဲ ရှိမေးနီးယားလူမျိုးတို့ နေထိုင်ကြကြောင်း ကျွန်ုပ်သိသည်။ လူကြီးတွေက ကျွန်ုပ်ကို ကြည့်နေကြပြီး၊ သူတို့ကလေးကို လာစကားပြောသည့်အတွက် အံ့သြနေသည် ဖြစ်လောက် သည်။ သူတို့ဆီ ကျွန်ုပ်ရောက်သွားပြီး စကားပြောပါသည်။ "ခင်ဗျားတို့ကို ကျနော် အကူအညီ ပေးချင်တယ်။" သူတို့က၊ "အကူအညီ ပေးချင်တယ်။ ခင်ဗျား ဘာကြောင့် အကူအညီ ပေးချင် ရသလဲ။ ခင်ဗျား ကျုပ်တို့ကို သိတာလဲ မဟုတ်ဘဲနဲ့။" ပြောပါသည်။ "ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ကို အကူအညီပေးဖို့ ဘုရားသခင် အလိုတော်ရှိတယ်။" ကျွန်ုပ်ပြောပြသည်။ ထိုစဉ်က ကျွန်ုပ်သည် (၁ ယော ၃း၁၈)ကို ဖတ်ရှုအာရုံပြု ဆင်ခြင်နေခဲ့သည်။ "*ချစ်သားတို့၊ ငါတို့သည်* စကားပြောကာမျှဖြင့်သာ မချစ်ဘဲ စိတ်ပါကိုယ်ရောက် ကေန်အမှန် ချစ်ကြကုန်အံ့။" ကျွန်ုပ်တို့သည် ပါးစပ်က ပြောစကားများ အားဖြင့်သာ ချစ်သည်မဟုတ်ဘဲ၊ လုပ်ဆောင်ခြင်းအားဖြင့် ပြရလိမ့်မည်။ ကျွန်ုပ်သည် ပိုက်ဆံကို ဆောင်လေ့မရှိတတ်သော်လည်း ထိုနေ့က ကျွန်ုပ်အိတ်ကပ်ထဲ ပိုက်ဆံ အနည်းငယ် ပါသွားသည်။ "ပိုက်ဆံ အနည်းငယ် ကျနော်ပေးချင်တယ်" ဆိုပြီး၊ သူတို့ကို ကျွန်ုပ်ပိုက်ဆံ လှမ်းပေးပါသည်။ ထိုနေ့က ကျွန်ုပ် အစာရှောင်သောနေ့တစ်နေ့ ဖြစ်သည့်အတွက် စားစရာ အပိုလည်း ရှိနေပါသည်။ ထို့ကြောင့် ထိုအစားအစာများကို ပေးပါသည်။ "ခင်ဗျားတို့ မိသားစု အိမ်မှာ စားဖို့ပါ။" သူတို့တစ်တွေ အံ့သြ၍ မေးလာသည်။ "ခင်ဗျား ဘယ်သူလဲ။" ကျွန်ုပ် ပြောပြပါသည်။ "ဘုရားသခင်က ဒီနေ့ ခင်ဗျားတို့နဲ့ အခုလိုတွေ့ဖို့ ချိန်းချက်ပေးတာပါ။ နောက်လည်း ခင်ဗျားတို့နဲ့ ကျွန်ုပ် တွေ့ပါဦးမယ်။"

ကျွန်ုပ် အိမ်ပြန်ရောက်ပြီး ရှိမေးနီးယန်းလူမျိုးတွေနဲ့ တွေ့ဆုံခဲ့ရတဲ့ အကြောင်းကို မိန်းမကို ပြောပြခဲ့ပါသည်။ ကျွန်ုပ်သည် အမဲသားတုံးကို ရေခဲသေတ္တာထဲမှ ထုတ်ယူပြီး ချက်ပါသည်။ နောက်နေ့မှာ အိမ်သုံးပစ္စည်း ထုတ်ရောင်းချသောအိမ်က ပန်းကန်ခွက်ယောက် များပါသော သေတ္တာကြီး တစ်သေတ္တာ ဝယ်ယူထားပါသည်။ နောက်တစ်နေ့တွင် ကျွန်ုပ်နှင့်ဇနီးသည်တို့သည် စားစရာများ၊ ပစ္စည်းများ နှင့်အတူ ပန်းခြံသို့ ထွက်ခဲ့ကြပါသည်။ ရှိမေးနီးယန်းလူမျိုးများ၊ ကလေးများ ရှိနေကြပါသည်။ ကျွန်ုပ်ပြောပါသည်။ "ခင်ဗျားတို့ကို လက် ဆောင်ပစ္စည်းတွေ ပေးဖို့ ပါလာပါတယ်။ ပစ္စည်းကလေးတော့ ကားထဲမှာ ရှိပါတယ်။ ခင်ဗျားတို့နေတဲ့နေရာ လိုက်ပြရင်၊ အဲဒီ ခင်ဗျားတို့ အိမ်တွေမှာ လက်ဆောင်ပစ္စည်းတွေ ချပေးချင်ပါတယ်။" သူတို့နေထိုင်တဲ့ အိပ်ခန်းတစ်ခန်း နေအိမ်တွေဆီ ကျွန်ုပ်တို့ ရောက်ကြတဲ့အခါ၊ ကျွန်ုပ်သည် ပန်းကန် ခွက်ယောက်များ၊ တွဲဖက်ငွေထည် ပစ္စည်းများကို သေတ္တာကြီးထဲက ထုတ်ယူပြီး၊ တစ်ခုချင်း သူတို့ကို စတင် ဝေပေးပါသည်။ သူတို့ကို ကျွန်ုပ် လက်ကမ်းပေးလိုက်စဉ်မှာ သူတို့မျက်နှာပေါ်က မျက်ရည် လိမ့်ဆင်းကျလာကြပါသည်။ အမျိုးသမီး တစ်ယောက်က "ငါ ငိုချင်လာပြီ၊ ငါ ငိုချင်လာပြီ" လို့ ဆိုပါတယ်။ ကျွန်ုပ်ကလည်း၊ "လာမည့် တနင်္လာနေ့ညမှာ ကျွန်တော်အိမ်မှာ ကျမ်းစာသင်တန်းလေး ရှိပါတယ်။ ခင်ဗျားတို့ကို လာဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်" လို့ ပြောလိုက်ပါတယ်။ သူတို့က "ကျုပ်တို့ လာချင်တယ်၊ လာခဲ့မယ်" လို့ ပြန်ပြောကြပါတယ်။ သို့သော် ကျွန်ုပ်က "ခင်ဗျားတို့ကို လာစေချင်ပါတယ်။ ဒီပစ္စည်းတွေ ပေးလို့ လာတာမျိုး တော့ မဖြစ်စေချင်ဘူး" ဟု ပြောလိုက်တဲ့အခါ၊ သူတို့ ပြန်ပြော ကြပါသည်။ "မဟုတ်ပါဘူး၊ ကျုပ်တို့လာမယ်။ ခင်ဗျားတို့ မိတ်ဆွေတွေနဲ့ တွေ့ချင်တယ်။"

သူတို့မှာ ကားမရှိကြတာကြောင့် ကျွန်ုပ်လည်း သူတို့ကို ကားနဲ့လိုက်ခေါ်ပြီး၊ ကျွန်ုပ်၏ နေအိမ်

ကျမ်းစာ သင်တန်းဆီကို ခေါ်ယူခဲ့ပါ သည်။ များမကြာမီ ဘုရားသခင်သည် သူတို့ကို ထိတွေ့လာပါသည်။ သူတို့ အင်္ဂလိပ်စာ ကောင်းကောင်း မပြောနိုင်ကြပါသော်လည်း၊ ကျွန်ုပ်တို့ သူတို့အတွက် ဆုတောင်းပေးသည့်အခါ ကိုယ်တော်သည် သူတို့စိတ်ကို ထိတွေ့တော်မူခဲ့သည်။ ဘုရားသခင်၏ ချစ်ခြင်းသည် သူတို့အပေါ်မှာ လက်တွေ့ထင်ရှား ပြတော်မူပြီ။ များမကြာမီမှာပဲ၊ ရှိမေးနီယန်း စုံတွဲတစ်တွဲနှင့် ကျွန်ုပ် တွေ့ဆုံရသည်။ ထိုဦးဆုံး စုံတွဲကို ကျွန်ုပ် တောင်းဆိုလိုက်သည်။ "ကျုပ်နဲ့အတူလိုက်ပြီး တခြားရှိမေးနီးယန်းစုံတွဲတစ်တွဲကို သွားတွေ့ဖို့ ကူညီပေးနိုင်မလား။" သူတို့ သဘောတူ ကြပါသည်။ တစ်နေ့မှာ ကျွန်ုပ် ဖုန်းလက်ခံရပါသည်။ "မစ္စတာ Don, ခင်ဗျားအကြောင်း ကျုပ်တို့ ကြားပါတယ်။ ကျုပ်တို့ အဖေါ်မဲ့ အောက်ခြေထဲမှာ ရောက်နေကြလို့၊ ခင်ဗျားကို ကျုပ်တို့ တွေ့ချင်ပါတယ်။" သို့နှင့် ကျွန်ုပ်သည် ရှိမေးနီးယန်းစုံတွဲကို ခေါ်ပြီး သူတို့ဆီ သွားတွေ့ ခဲ့ကြပါသည်။ ကျွန်ုပ်နှင့်အတူ၊ အစားအသောက်များ၊ လက်ဆောင်များနှင့် သူတို့အတွက် ပစ္စည်းအမျိုး အစားများစွာ ယူသွားကြပါသည်။ သူတို့ကို အလည်အပတ်သွားခြင်း၊ လက်ဆောင် ပေးခြင်းများ လုပ်ခဲ့ပြီးသည့်အခါ အရာအားလုံး ချောမွေ့နေခဲ့ပါသည်။ သို့သော် ကျွန်ုပ်နဲ့ပါလာတဲ့ ဦးဆုံးရှိမေးနီးယန်း စုံတွဲထဲက တစ်ယောက်က ထုတ်ပြောလိုက်သည် အထိပါပဲ။ "ခင်ဗျားတို့ ကျမ်းစာသင်တန်းကို လိုက်ခဲ့ဖို့ လိုတယ်။ ယေရှုအကြောင်း ပြောပြတယ်။ သိပ်အံ့သြဖို့ ကောင်းတယ်။" သူတို့က ပြောလာ၏။ "နေပါဦး၊ ကျုပ်တို့က ကွန်မြူနစ်တိုင်းပြည်ကလာတာ။ ဘုရားရှိလည်း ကျုပ်တို့ မဆိုင်ဘူး။ ဒီ ယေရှုကိစ္စ ကျုပ်တို့ မလိုချင်ဘူး။" ကျွန်ုပ် ပြောပြပါသည်။ "မိတ်ဆွေ ဖြစ်ကြရအောင်။" ကျွန်ုပ်သည် သီတင်းပတ်ကုန်ရက်တွေမှာ သူတို့ကို ခေါ်ထုတ်ပြီး၊ အဂတ်အစား၊ ကုတ်အင်္ကျီနှင့် သူတို့လိုချင်သော ပစ္စည်းများ ဝယ်ပေးပါသည်။ သူတို့မှာ စိတ် ကသိကအောက်နှင့် အင်တင်တင် ဖြစ်နေပါသည်။ "ကောင်းပြီလေ၊ ခင်ဗျား ကုတ်အင်္ကျီ မလိုအပ်ဘူးလား။" "လိုပါတယ်ဗျာ၊ ဒါပေမဲ့၊ ..." "ဒါကြောင့် ဒီကုတ်အင်္ကျီကို ခင်ဗျားအတွက် ဝယ်လိုက်ကြရအောင်။" ကျွန်ုပ်သည် သူတို့အပေါ် ချစ်ခြင်းမေတ္တာကို လုပ်ဆောင်ခြင်းဖြင့် စတင်ပါသည်။ သူတို့ ကျမ်းစာဝိုင်းသို့ မလာကြပါ။ သို့သော် ကျွန်ုပ်က "ခင်ဗျားတို့ကို အလုပ်ပေးနိုင်တဲ့ အမေရိကန်တချို့ ကျမ်းစာဝိုင်းမှာ တွေ့နိုင်ပါတယ်" ဟု ပြောလိုက်သည့် အခါ သူတို့ ချက်ချင်းရောက်လာကြပါသည်။ ကျမ်းစာသင်ဝိုင်း ညတစ်ညမှာ ဘုရားသခင်ကို ကျွန်ုပ် မိုက်မိုက်မဲမဲ ဆုတောင်းမိပါ တယ်။ "ဘုရားသခင်၊ ယနေ့ညမှာ တကယ့်စစ်မှန်တဲ့အခြားဘာသာစကားပြောတဲ့ ဆုကျေးဇူးတစ်ခုကို ကျွန်ုပ်အားပေးမှုဖြစ်တော့မယ်။

ဘာကြောင့်ဆိုတော့၊ ဒီမှာ ကျွန်ုပ်တို့ အချင်းချင်းပင်လျှင် စကားအဆက်အသွယ် ကောင်းကောင်း မရလို့ ဖြစ်တယ်။" ကျမ်းစာသင်ဝိုင်း ထဲမှာ အမေရိကန်လူမျိုး တစ်ချို့က သူတို့ သက်သေခံချက်တွေ တင်ကြပြောကြ ပါသည်။ ကျွန်ုပ် စတင်စကားပြော သည့်အခါ၊ ဒုတိယ ရှိမေးနီးယန်း အတွဲမှ အမျိုးသမီးက စတင် လင်းလက် လာပါသည်။ တစ်ခုခု ထူးခြားသည်ကို ကျွန်ုပ် သိလိုက်ပါသည်။ ကျမ်းစာသင်ပြီးသည့်အခါ၊ "မင်းအတွက် ငါ ဆုတောင်းပေးမယ်" ဆိုပြီး၊ ကျွန်ုပ်ဆုတောင်းနေစဉ်၊ ဘုရားသခင်သည် သူတို့ကို တို့ထိသဖြင့်၊ အခန်း ဂန်းကျင်တစ်ပြင်လုံး ကိုယ်တော့် မေတ္တာတော်နှင့် ပြည့်လေ၏။ အမျိုးသမီးက ပြောပါသည်။ "ရှင်၊ သိလား၊ အမေရိကန်တွေ သက်သေခံ ပြောဆိုနေတာ သူတို့ဘာပြောနေတာ ကျွန်မ ဘာမှမသိဘူး။ ဒါပေမဲ့၊ ရှင် ထပြီး၊ ယေရှု မေတ္တာတော်အကြောင်း စပြောတဲ့အခါ ကိုယ်တော် ကျွန်မတို့ကို ချစ်ကြောင်း၊ ကိုယ်တော် ပြုတော်မူခဲ့သည်များက ကိုယ်တော်နှင့် ဆက်ဆံရေးကို ကျွန်မတို့ ရရှိစေတာ ဖြစ်တယ်။ ရှင်ပြောနေတဲ့ စကားလုံးတိုင်းကို ကျွန်မ နားလည်နေတယ်၊ အပြည့်အဝကို နားလည်နေတယ်။ အဲဒါ ဘုရား ပြုတော်မူခြင်းပဲ ဖြစ်မယ်။ ဒါ ဘုရားသခင်ပဲ ဖြစ်လိမ့်မယ်။" အကျိုးထွက်လာတာက၊ ရှိမေးနီးယန်း လူမျိုးများသာ မဟုတ်ဘဲ၊ အသက်တာများစွာ ပြောင်းလဲလာကြ၏။

နောက်တော့ ဘာဖြစ်လာသလဲဆိုတာ ကျွန်ုပ်ပြောပြပါရစေ။ ကျွန်ုပ်၏နေအိမ်သည် တနင်္လာနေ့ညများတွင်၊ နိုင်ငံတကာမှ လူတွေ၊ ရိုမေးနီးယား၊ ဘူဂေးရီးယား၊ ရုရှားက လူတွေနှင့် ပြည့်နေတော့သည်။ ဘုရားသခင်သည် လူတွေရဲ့ အသက်တာများကို ပြောင်းလဲစေသည်။ ကျွန်ုပ်တို့ သူတို့ကို ချစ်သည်ကို သူတို့ သိကြသည်။ ကျွန်ုပ်တို့ဝိုင်းတွင် အာဖရိကတိုက်မှ လူတွေလည်း ပါဝင်လာသည်။ ကျွန်ုပ်တို့ တစ်ယောက်ကိုတစ်ယောက် စကားပြောဆိုရန် အလွန်ခဲယဉ်း နေပါသော်လည်း၊ အရာတစ်ခုကိုတော့ သူတို့သိလိုက်ကြသည်။ ကျွန်ုပ်တို့ ဆုတောင်း ကြသောအခါ ဘုရားသခင် ကိုယ်တော်တိုင် သူတို့ကို ထင်ရှားပြတော်မူသည်။ ကျွန်ုပ်သည် သူတို့အတွက် ဘာတစ်ခုမျှ လုပ်မပေးနိုင်သည်ကို သူတို့သိကြမည်ဖြစ်ပြီး၊ ကျွန်ုပ် သူတို့ကို ချစ်သည်ကိုတော့ သူတို့ သိကြသည်။ ဘုရားသခင်သည် သူတို့ အသက်တာများနှင့် အခြားလူများစွာ၏ အသက်တာကို ပြောင်းလဲစေခဲ့သည်။ ဘယ်လို ဖြစ်သွားသည်ကို ကျွန်ုပ် ပြောပြပါမည်။ ဖြစ်ပျက်ခဲ့ပါသည်။ အကြောင်းမှာ တစ်နေ့ ပန်းခြံတစ်ခုတွင်၊ အခြား ကိုယ်အသားအရေ၊ အခြားသောနိုင်ငံသားတို့ကို ကျွန်ုပ် မြင်လိုက်ရသည်။ ကျွန်ုပ်၌ ပူပူနွေးနွေး‌ေ မတ္တာစိတ် ခံစားမှု မရှိပါ။ သို့သော် ကျွန်ုပ်သိသည်မှာ ချစ်ခြင်းမေတ္တာသည် ဤသို့ ဖြစ်သည်။ သင်၌ တစ်ယောက်ယောက် လာလုပ်ပေးစေလိုသည် မှန်သမျှကို သူတို့၌ သင်လုပ်ပေးလိုက်ရန် ဖြစ်သည်။ ကျွန်ုပ်သည် ခံစားနေရသည်များကို ဂရုမစိုက်ပဲ၊ သူတို့အတွက် ကောင်းကျိုးချမ်းသာနှင့် အကျိုးကျေးဇူးများကို ရှာဖွေပေးခဲ့ပါသည်။ ဘာဖြစ်လာသည်ကို သင်တို့ သိကြသလား။ သူတို့သည် အလွန်ကျေးဇူးတင်ကြပြီး၊ သူတို့အထဲ၌ **philia** မေတ္တာတရား ပေါ်ထွက်လာပါသည်။ ထိုမေတ္တာသည် ခံစားချက် ရှိသဖြင့် ကျွန်ုပ်ကို သူတို့ ပြောလာကြသည်။ "သင့်ကို ချစ်သည်။" ကျွန်ုပ်ကို ဖက်ပွေ့သည်။ နမ်းသည်။ ကျွန်ုပ်၌ ဖြစ်လာသည်မှာ သူတို့အတွက် ထိုမေတ္တာအမျိုးအစား ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ အကယ်၍ သင့်ဘဝထဲ၌ ခံစားချက်ရှိသော မေတ္တာတစ်မျိုးကို အလိုရှိပါလျှင်၊ **agape** ချစ်ခြင်းကို ရှာဖွေပါ။ သင်ခံစား နေရသည်များကို ဘေးဖယ်ပြီး၊ အခြားသူတို့၏ ကောင်းကျိုးချမ်းသာနှင့် အကျိုးရှိမှုများကို ရှာဖွေပေးပါ။ ဤအရာသည် ခံစားချက်ရှိသော ချစ်ခြင်းမေတ္တာတစ်ခု ပေါ်ထွက်စေပါလိမ့်မည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (၁ ယော ၅း၃)ကို ဖတ်ပါ။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ကိုယ်တော်၏ ___________ အားဖြင့်ပြသသည်။

**၁ ယော ၅း၃** - *"ပညတ်တော်တို့ကို စောင့်ခြင်းအရာသည်၊ ဘုရားသခင်ကို ချစ်ရာရောက်၏။ ပညတ်တော်တို့ကို စောင့်ခဲသည် မဟုတ်။"*

၂။ (ရောမ ၁၃း၉-၁၀)ကို ဖတ်ပါ။ ဤကျမ်းချက်ထဲ၌ ပညတ်ချက်က ချစ်ခြင်းမေတ္တာ ဖော်ပြထားသည်များကို ရှင်းပြပါ။

**ရောမ ၁၃း ၉-၁၀** - *"အကြောင်းမူကား သူ့မယားကို မပြစ်မှားနှင့်၊ လူ့အသက်ကို မသတ်နှင့်၊ သူ့ဥစ္စာကို မခိုးနှင့်၊ မမှန်သော သက်သေကို မခံနှင့်၊ သူ့ဥစ္စာကို တပ်မက် လိုချင်သောစိတ် မရှိစေနှင့် ဟူသော ပညတ်မှစ၍ အခြားသောပညတ်ရှိသမျှ တို့သည် ကိုယ်နှင့်စပ်ဆိုင်သော သူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသောပညတ်တစ်ခု အပါအဝင် ဖြစ်၏။ ချစ်ခြင်း မေတ္တာရှိသောသူသည် ကိုယ်နှင့် စပ်ဆိုင်သောသူ၏ အကျိုးကို မဖျက်ဆီးတတ်။ ထိုကြောင့် ချစ်ခြင်းမေတ္တာသည် အကျင့်တရား ပြည့်စုံရာ ဖြစ်သတည်း။"*

၃။ (ရောမ ၁၂း၁၉-၂၁)ကို ဖတ်ပါ။ ကျွန်ုပ်တို့ ရန်သူကို ကျွန်ုပ်တို့စိတ်ထဲ မနှစ်သက်ဘဲ မည်သို့ ချစ်နိုင်မည်နည်း။

**ရောမ ၁၂း၁၉-၂၁** - *"ချစ်သူတို့ သူတစ်ပါးသည် သင်တို့ကို ပြစ်မှားလျှင်၊ ကိုယ်တိုင် အပြစ်ပြန်၍ မတုံ့ကြနှင့်။ အမျက်တော်ကို အခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား ငါသည် အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေး မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ ထိုကြောင့် သင်၏ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော။ ရေငတ်လျှင် သောက်စရာဖို့ပေးလော့။ ထိုသို့ပြုလျှင် သင့်ဦးခေါင်း၌ မီးခဲကို ပုံထားလိမ့်မည်။ အဆိုးအားဖြင့် အရှုံး မခံနှင့်။ အကောင်းအားဖြင့် အဆိုးကို နိုင်လော့။"*

၄။ (တိတု ၂း၄)ကို ဖတ်ပါ။ ဤကျမ်းချက်က မေတ္တာအကြောင်း ဘာပြောထားသနည်း။

**တိတု ၂း၄** - *"ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ကဲ့ရဲ့ ခြင်းနှင့် ကင်းလွတ်စိမ့်သောငှါ၊ အသက်ပျိုသောမိန်းမတို့သည် ကိုယ်ခင်ပွန်းကို ချစ်သောသူ၊ သားသမီးကို ချစ်သောသူ၊ ..."*

၅။ (၁ ကော ၁၃း၄-၈)ကို ဖတ်ပါ။ မေတ္တာတရား နိယာမများကို အသေးစိတ် ဖော်ပြပေးပါ။

**၁ ကော ၁၃း၄-၈** - *"မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်း မရှိ၊ မာန်မာန မရှိ၊ မလျောက် ပတ်စွာ မကျင့်တတ်၊ ကိုယ်အကျိုးကို*

*မရှာတတ်၊ ဒေါသအမျက် မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်း မရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာတို့ကို သည်းခံတတ်၏။ မေတ္တာသည် ဖေါက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏။*

၆။ (၁ ယော ၃း၁၈)ကို ဖတ်ပါ။ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ မည်သို့ လေ့ကျင့်ရမည်နည်း။

**၁ ယော ၃း၁၈** - *"ချစ်သားတို့ ငါတို့သည်၊ စကားပြောကာမျှအားဖြင့်သာ မချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ကေန်အမှန် ချစ်ကြကုန်အံ့။"*

# အဖြေ သော့ချက်

၁။ (၁ ယော ၅း၃)ကို ဖတ်ပါ။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ကိုယ်တော်၏ **ကိုယ်တော့် ပညတ်တော်များ** အားဖြင့်ပြသသည်။

၂။ (ရောမ ၁၃း၉-၁၀)ကို ဖတ်ပါ။ ဤကျမ်းချက်ထဲ၌ ပညတ်ချက်က ချစ်ခြင်းမေတ္တာ ဖေါ်ပြ ထားသည်များကို ရှင်းပြပါ။
**မေတ္တာသည် မိမိစပ်ဆိုင်သူများအပေါ် မှားယွင်းခြင်းနှင့်ကင်း၏။ ပညတ်ချက်တစ်ခုချင်းစီသည် ကျွန်ုပ်တို့၏စပ်ဆိုင်သူများအပေါ် မည်သို့ တုံ့ပြန်သည်ကို ပြသခြင်းအားဖြင့် ချစ်ခြင်းမေတ္တာကို ပြသသည်။**

၃။ (ရောမ ၁၂း၁၉-၂၁)ကို ဖတ်ပါ။ ကျွန်ုပ်တို့ ရန်သူကို ကျွန်ုပ်တို့စိတ်ထဲ မနစ်သက်ဘဲ မည်သို့ ချစ်နိုင်မည်နည်း။
**ကျွန်ုပ်တို့၏ရန်သူသည် အစာငတ်လျှင် အစားအစာကိုပေး၏။ သူတို့ ရေငတ်လျှင် သောက်စရာ တစ်ခုခုကို ပေး၏။ ကျွန်ုပ်တို့ ခံစားနေရသည်များကို ဂရုမစိုက်ဘဲ၊ သူတစ်ပါး၏ ကောင်းကျိုးချမ်းသာနှင့် အကျိုးကျေးဇူးများကို ကျွန်ုပ်တို့ ရှာဖွေပြုစုပေးနိုင်သည်။**

၄။ (တိတု ၂း၄)ကို ဖတ်ပါ။ ဤကျမ်းချက်က မေတ္တာအကြောင်း ဘာပြောထားသနည်း။
**ချစ်ခြင်းမေတ္တာကို သွန်သင်ပေးနိုင်ကြ၏။ ခံစားချက် သက်သက်မျှ မဟုတ်။**

၅။ (၁ ကော ၁၃း၄-၈)ကို ဖတ်ပါ။ မေတ္တာတရား နိယာမများကို အသေးစိတ် ဖေါ်ပြပေးပါ။
**မေတ္တာသည်စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်း မရှိ၊ မာန်မာနမရှိ၊ မလျောက်ပတ်စွာ မကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊ ဒေါသအမျက် မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်း မရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကို ဖုံးအုပ် တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာတို့ကို သည်းခံတတ်၏။ မေတ္တာသည် ဖေါက်ပြန်ခြင်းသဘောနှင့် အစဉ် ကင်းလွတ်၏။**

၆။ (၁ ယော ၃း၁၈)ကို ဖတ်ပါ။ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ မည်သို့ လေ့ကျင့်ရမည်နည်း။
**စကားပြောရုံမျှနှင့်သာ မချစ်ဘဲ၊ ကျွန်ုပ်တို့ ဆောင်ရွက်ခြင်းအားဖြင့် ချစ်ကြရမည်။**

## သင်ခန်းစာ ( ၁၃)

# ဘုရားသခင်၏မေတ္တာတော်အမျိုးအစား (အပိုင်း ၂)

"ဘုရားသခင်၏ မေတ္တာတော်အမျိုးအစား (အပိုင်း -၁)" တွင် ပန်းခြံ၌ ကျွန်ုပ်တွေ့ဆုံခဲ့ရသည့် ရိုမေးနီးယန်း လူမျိုးများအကြောင်းကို ကျွန်ုပ် ပြောပြခဲ့ပြီး ဖြစ်သည်။ ၎င်း၌ ဘာဖြစ်ခဲ့သည်ကို ကျွန်ုပ်သည် အနည်းငယ် ပိုမို ပြောပြလိုပါ သေးသော်လည်း၊ မပြောမီ၊ ကျွန်ုပ်တို့ပြောခဲ့သည့် ဘုရားသခင်၏ မေတ္တာတော် အကြောင်းအရာတချို့ကို ပြန်လည်ဆန်းစစ်ခြင်း ပြုလိုပါသည်။ ယေရှုခရစ်သည် မြေကြီးမျက်နှာပေါ် ရောက်လာသမျှအထဲ သမ္မာကျမ်းစာ၌ မှတ်တမ်းတင်သမျှ အထိတိုင် အကြီးမားဆုံးသော ချစ်ခြင်းမေတ္တာထုတ်ဖေါ် ခြင်းဖြစ်ခဲ့သည်။ ကိုယ်တော်သည် "သင့်အား ကျွန်ုပ်ချစ်သည်" စကားလုံးကို ဘယ်တော့မှ မပြောခဲ့။ အံ့ဩစရာ မကောင်းလော။ အကြီးမားဆုံးသော မေတ္တာတရား ထုတ်ဖေါ်ခြင်းတွင် "သင့်ကို ကျွန်ုပ်ချစ်သည်" ဟု ဘယ်တော့မှ မပြော။ အဘယ်ကြောင့်ဆိုတာ သင်သိပါသလား။ ၎င်းမှာ ချစ်ခြင်းမေတ္တာသည် စကားပြော သည်ထက် ပိုသောကြောင့် ဖြစ်သည်။ ၎င်းသည် ဆောင်ရွက်ချက် ဖြစ်သည်။ ဆိုပါစို့၊ ကျွန်ုပ်၏ ဇနီးသည်ကို ကျွန်ုပ်က "မင်းကို ငါချစ်တယ်" လို့ပြောပြီး၊ အပြင်ထွက်၍ မိန်းမကို သစ္စာမရှိဘဲ၊ မိန်းမ လိုက်စားနေမည်လော။ ကျွန်ုပ်၏ ဇနီးသည် ကျွန်ုပ်စကားကို ယုံမည်လော၊ ကျွန်ုပ် လုပ်ဆောင်ချက်ကို ယုံမည်လော။ ကျွန်ုပ်၏ လုပ်ဆောင်ချက် အားဖြင့်သာလျှင် ကျွန်ုပ်၏မိန်းမ ကျွန်ုပ်ကို ယုံကြည်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မေတ္တာတရား၏ ၉၅% သည် စကားပြောအသံ မထွက်ပါ။ ၎င်းသည် သင်ပြောသောအရာများ မဟုတ်ဘဲ သင်လုပ်သော အရာများ ဖြစ်သည်။

(၁ ယော ၃း၁၈)၌ ပြောထားသည်။ "*ချစ်သားတို့၊ ငါတို့သည် စကားပြောကာမျှ အားဖြင့်သာ မချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ကေန်အမှန် ချစ်ကြကုန်အံ့။*" ထို့ကြောင့် ချစ်ခြင်းမေတ္တာသည် လုပ်ဆောင်ချက် စကားပြောသံ ဖြစ်လေသည်။ (မဿဲ ၂၅း၃၅-၃၆)၌ ယေရှု သည် လုပ်ဆောင်မှု နှိုးဆော်ပေးခြင်းအားဖြင့် ချစ်ခြင်းမေတ္တာကို ဖေါ်ပြခဲ့သည်။ "*ငါသည် မွတ်သိပ်သောအခါ သင်တို့သည် ကျွေးကြ၏။ ငါသည် ရေငတ်သောအခါ သင်တို့သည် သောက်ဖို့ ပေးကြ၏။ ငါသည် ဧည့်သည် ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကို ပြုကြ၏။ ငါသည် အဝတ် အချည်းစည်း ရှိသောအခါ သင်တို့သည် အဝတ်နှင့် ဖုံးလွှမ်းကြ၏။ ငါသည် အနာရောဂါစွဲသောအခါ သင်တို့သည် ကြည့်ရှု ပြုစုကြ၏။*" အခန်းငယ်-၄၀ ၌ ဆက်ပြောပါသည်။ "*သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အား ပြုကြပြီ။*" တွေ့သည် မဟုတ်လော။ ချစ်ခြင်းမေတ္တာသည် လုပ်ဆောင်ချက် ဖြစ်၏။ ၎င်းသည် သင်တို့ပြုသော တစ်ခုခုသော အရာ ဖြစ်သည်။ (ဟေဗြဲ ၆း၁၀) ၌ ပြောပါသည်။ "*အကြောင်းမူကား၊ သင်တို့သည် သန့်ရှင်း သူတို့ကို၊ အထက်က လုပ်ကျွေးသည်သာမက၊ ယခုပင် လုပ်ကျွေးခြင်း အမှုကိုင်၎င်း၊ ထိုသို့ ပြုသောအားဖြင့်၊ နာမတော်ကို ထောက်၍ ပြသော မေတ္တာကို၎င်း၊ ဘုရားသခင်သည် မေ့လျော့သည့်တိုင်အောင် အဓမ္မအမှုကို ပြုတော်မူသည် မဟုတ်။*" ရှင်မဿဲ ခရစ်ဝင်ကျမ်း အခန်းကြီး (၂၂) ၌လည်း၊ ယေရှုသည် အကြီးမားဆုံး ပညတ်တော်ကား

အဘယ်နည်းဟု အမေးခံရသောအခါ၊ ကိုယ်တော်က ဘုရားသခင်ကို ချစ်ရန်နှင့် ကိုယ်အပေါင်း အသင်းများအား ချစ်ရန် ဖြေကြားခဲ့သည်။ ဤပညတ်ချက် နှစ်ချက်သည် မှန်မှန်ကန်ကန် နားလည်ပါလျှင် တစ်ခုတည်းသာ ဖြစ်သည်။ သင်တို့သည် အငယ်ဆုံးသော သူတည်းဟူသော ငါ့ညီအစ်ကိုတို့ကို မေတ္တာပြလျှင်၊ ခရစ်တော်ကို ချစ်ကြောင်း အမှန်ပြသခြင်း ပင်ဖြစ်သည်ဟု ယေရှု မိန့်တော်မူပါသည်။ သမ္မာကျမ်းစာက သွန်သင်သည်မှာ အခြားသူများကို ချစ်ခြင်းအားဖြင့် ယေရှုခရစ်ကို လက်တွေ့ချစ်ပြရန် အံ့သြဖွယ်အခွင့်အရေး ကျွန်ုပ်တို့၌ ရှိကြသည်။

နောက်ဆုံးသင်ခန်းစာ၌ ပန်းခြံတွင် ရှိမေးနီးယန်း လူမျိုးများနှင့် ကျွန်ုပ်တွေ့ဆုံခဲ့ရသည့်အကြောင်းကို ပြောပြခဲ့သည်။ သူတို့ဘဝများ ပြောင်းလဲသွားသည်။ အကြောင်းမှာ ကျွန်ုပ်သည် ကိုယ်ခံစား နေရသည်ကိုဂရုမစိုက်ဘဲ သူတို့၏ကောင်းကျိုး ချမ်းသာနှင့် အကျိုးကျေးဇူးများကို ရှာပေးခဲ့သည်။ သူတို့သည် မတူသော ကိုယ်အသားအရောင်နှင့် တစ်ပြည်တစ်နိုင်ငံသားများ ဖြစ်ကြသည်။ ကျွန်ုပ် သိသည်။ ယေရှုပြုတော်မူ ခဲ့သည့်နည်းတူ၊ ကျွန်ုပ်တို့သည် သူတစ်ပါးဆီသို့ ရောက်၍ သူတို့၏ ကောင်းကျိုးချမ်းသာနှင့် အကျိုးရှိမှုများကို ရှာဖွေ ပေးသောအခါ၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ထုတ်ဖေါ်ပြသလေသည်။ ကိုယ်တော် ပြောဆိုပါသည်။ "အိုအဘ၊ ဤ အမှုအရာကို ကျွန်ုပ်မှ လွှဲတော်မူပါ။ သို့သော် ကျွန်ုပ်အလိုအတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော့် အလိုအတိုင်း ဖြစ်စေတော်မူပါ။" ဤတွင် ယေရှု သည် ကိုယ်တော်ခံစားနေရသည်ကို လစ်လျူရှု၍ ကျွန်ုပ်တို့၏ ကောင်းကျိုးချမ်းသာနှင့် အကျိုးကျေးဇူးများကို ရှာဖွေပေးခဲ့သည်။

တစ်နေ့တွင်၊ ကျွန်ုပ်သည် ရှိမေးနီးယန်းတို့ထံမှ ဖုန်းအခေါ်ရခဲ့သည်။ သူတို့ငိုကြွေး နေကြကုန်၏။ သူတို့ အမေရိကန်ပြည်သို့ ရောက်ခဲ့သည်မှာ ခုနစ်နှစ်ခွဲ ကြာခဲ့ပြီ။ အခု သူတို့သည် Kansas ပြည်နယ်တွင် နေထိုင်ပြီး အလုပ်လုပ် နေကြသည်။ သူတို့ ပြောပြသည်။ "ငါတို့ ဒီမှာ နိုင်ငံရေးခိုလှုံခွင့် စာရွက်စာတမ်းများ နောက်ဆုံး တင်ပြရမယ်လို့ ပြောလာတယ်။ အသနားခံစာ ရက်(၃၀) အခွင့်ပေးထားတယ်။ မတင်ပြနိုင်ရင် ပြန်ပို့မယ်တဲ့။" သာမန်အားဖြင့် ဤနိုင်ငံတွင် နိုင်ငံရေး ခိုလှုံခွင့်ရသည်လူများသည် ၂% မှ ၅%ထိသာ အခွင့်အရေး ရှိတတ်ပါသည်။ သူတို့ ရှေ့နေများနှင့် တွေ့ဆုံခဲ့ကြသည်။ ရှေ့နေက အခြေခံအားဖြင့် အခွင့်အရေး နည်းလှသည်ဟုပြောသည်။

ကျွန်ုပ်က ထိုသူများကို ကူညီဖို့ ဆုတောင်းပြီး ကြိုးစားကြရန် ပြောပြပါသည်။ ဘယ်လို ကူညီ မည်နည်း။ ကျွန်ုပ် မသိ။ သူတို့ကို နေရပ် ပြန်ပို့ခြင်းသည် အလွန်မတရားဟု ကျွန်ုပ် တွေးမိ ပါသည်။ အထူးသဖြင့် သူတို့သားသမီးများသည် ရှိမေးနီးယန်းစကား မပြောကြတော့ပါ။ ကျွန်ုပ်မိတ်ဆွေတစ်ယောက်က xxxxxxxxx အောက်လွှတ်တော်အမတ်ဆီ ဖုန်းဆက်ပေးပါသည်။ သူပြောပြသည်မှာ၊ xxxxx ပြည်နယ်က အထက်လွှတ်တော်အမတ် xxxxxxxxx ကို ဆက်သွယ်ရန် ဖြစ်သည်။ ဘာကြောင့်ဆိုတော့ ဤရှိမေးနီးယန်းများသည် xxxxxx ပြည်နယ်မှာ နေထိုင်ကြသောကြောင့် ဖြစ်သည်။ သိပ်ကောင်းသွားသည်။ ကျွန်ုပ်၏ အမျိုးသမီးမိတ်ဆွေ Kim သည်၊ အထက် လွှတ်တော်အမတ် xxxxxxx အတွက် အလုပ်လုပ်နေသူ ဖြစ်သည်။ ကျွန်ုပ်သည် Kim နှင့်ဆက်သွယ်ပြီး၊ သူသည် မြို့တော် xxxxxxxxxx ၌ ဤကိစ္စများ လုပ်ကိုင်နေသူ လေးယောက်နှင့် အဆက်အသွယ်ရှိသူ ဖြစ်သည်။ Kansas ပြည်နယ်၊ xxxxxxxxx အရပ်မှ ရှိမေးနီးယန်း လူမျိုးအသိုက်အဂန်းတို့၏ စုပေါင်းလက်မှတ်ရေးထိုး၍ အသနားခံစာတင်ပြကြရသည်။ "သူတို့ လူကောင်းတွေ ဖြစ်တယ်။ အခွန်ဆောင်သည်၊ အလုပ်ကြိုးစားကြသည်။ သူတို့ကို ဤနိုင်ငံတွင်

ရှိနေရန် လိုလားသည်။” ဤအဖြစ်အပျက်များအတွက် သတင်းစာ စာမျက်နှာအပြည့် ဖော်ထုတ်ရေးသားခြင်း ရှိလာသည်။ အံ့သြဖွယ်လက္ခဏာ ဖြစ်လာသည်။ အကြောင်းမှာ ကျွန်ုပ်တို့ အစိုးရအဆင့်မြင့်အရာရှိကြီးများက ဒီမှာ ဘာဖြစ်နေသည်ကို ကောင်းကောင်း နားလည် သွားကြသောကြောင့်၊ ရှိမေးနီးယန်းများအတွက် ထုတ်ပြန်စာ တစ်စောင်ထွက်လာပါသည်။ အရင်စာကိုပယ်ဖျက်ပြီး၊ ဤရှိမေးနီးယန်းများ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ခွင့်ရှိကြောင်း ထုတ်ပြန်စာဖြစ်ပါသည်။

ကျွန်ုပ်သည် Kansas ပြည်နယ်၊ xxxxxxx အရပ်သို့ သွားသည်။ ကျွန်ုပ်၏ မိတ်ဆွေများသည် ကျွန်ုပ်လာမည်ကို မသိကြ။ ကျွန်ုပ် ရောက်သွားသည့်အခါ၊ သူတို့သည် အထက်လွှတ်တော်အမတ် Sam Brownback ကိုဖုန်းဆက် နေကြပြီး၊ သူတို့နိုင်ငံရေး ခိုလှုံခွင့် ရဖို့ အကူအညီ ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောနေကြသည်။ သူသည် ကိုယ်တိုင်ကိုယ်ကျ လက်ခံစကားပြော နေရမည့် အခြေအနေ မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုနေ့သည် သမ္မတ ကလင်တန်၏ သံသယ စွဲတင်ချက် ကြားနာခြင်း နောက်ဆုံးနေ့ရက် ဖြစ်နေသည်။ xxxx နှင့် xxxx သတင်းဌာန ကင်မရာများ ရိုက်ကူးနေကြသည်။ အစီအစဉ် ဆိုင်းငံ့လိုက်သည်နှင့် လူတွေ ကျွန်ုပ်ဆီ ပြေးလာကြပြီး ဖက်ကြသည်။ မေးသူတွေ မေးနေကြ၏။ “သင် ဘယ်သူလဲ၊ ဒီလူတွေကို သင် ဘယ်လိုသိသလဲ။” ကျွန်ုပ်သည် ဖြစ်စဉ် အားလုံးကို ပြောပြရသည်။ သူတို့ကို ဘယ်လိုတွေ့သည်ကအစ၊ (မဿဲ ၇း၁၂) ၌ ယေရှုမိန့်တော်မူချက်နှင့် ဘုရားသခင်အတွက်ကြောင့် သူတို့၏ ကောင်းကျိုးချမ်းသာနှင့် အကျိုး ကျေးဇူးများ ရှာဖွေပေးခဲ့သည့် အကြောင်းများ ပြောပြခဲ့သည်။

ကျွန်ုပ်တို့ အားကစားရုံကြီးသို့ သွားကြသည်။ ရောင်စုံဘော်လုံး ဖြူနီပြာတို့ ဆွဲချိတ်ထားပြီး၊ လူတွေ မျိုးချစ်သီချင်းများ သီဆိုနေကြသည်။ ကျွန်ုပ်နှင့် မိတ်ဆွေများ ဝင်သွားသည့်အခါ လူတွေ အော်ဟစ်ကြိုဆိုကြပြီး၊ အချို့ ငိုကြသည်။ မြို့တော်ဝန် စကားပြောသည်။ “ဒီနေ့ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ဟာ၊ ဒီရှိမေးနီးယန်းတွေကို ဂုဏ်ပြုသောအားဖြင့်၊ xxxxx မိသားစုနေ့ ဖြစ်လာပါတယ်။” သူတို့သည် ရှိမေးနီးယန်းများကို ဂုဏ်ပြုရန်၊ မြို့တော် xxxxxxxxxx ရှိ၊ အထက်လွှတ်တော်အမတ်ဆီမှ သယ်ဆောင်လာသော အမေရိကန် အလံကိုယူလာပြီး၊ ရှိမေးနီးယန်းများအား အခမ်းအနားဖြင့် ပေးကြသည်။ မြို့တော်ဝန်သည် သူတို့သက်တမ်း တစ်လျှောက်လုံး တရားဝင်နေထိုင်ခွင့်ပြုသည့် စာရွက်စာတမ်းများကို လက်ကမ်းပေးပါသည်။ သူတို့ အားလုံးသည်လည်း သက်သေခံစကားပြောဆိုကြပြီး၊ ကျွန်ုပ်ကို ဆုတောင်းပေးရန် ဖိတ်ခေါ် ကြသည်။ ကျွန်ုပ် စကားပြောခွင့်ရ၏။ “ဒီနေ့ ငါတို့ လူတစ်ဦးကို အလုံအလောက် ကျေးဇူးတင်ကြောင်း မပြောကြသေးဘူး။ ထိုသူဟာ အနန္တတန်ခိုးတော်ရှင် ဘုရားသခင်ပဲဖြစ်တယ်။ လွန်ခဲ့တဲ့ ခုနစ်နှစ်ခွဲလောက်က၊ xxxxxxxxx ပန်းခြံထဲမှာ၊ ကျနော် ဘုရားထံ ဆုတောင်း နေတယ်။ အဲဒီနေ့မှာ ကိုယ်တော်ရဲ့ ချစ်ခြင်းမေတ္တာနှင့်အတူ လူတချို့ဆီရောက် သွားလိုကြောင်း ဘုရားသခင်ထံ ကျနော်ဆုတောင်းခဲ့ပါတယ်။ ကျနော်သည် ဤ ရှိမေးနီးယန်း လူမျိုးတွေဆီ ရောက်သွားတော့ တာပါပဲ။” ကျွန်ုပ်သည် ဖြစ်စဉ်တွေ ပြန်ပြောပြပြီးနောက်၊ ရှိမေးနီးယန်း ဘက်သို့လှည့်၍ ပြောဆိုပါသည်။ “ဘုရားသခင် သင်တို့ကို ကူညီမစ တော်မူတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံမှ ကြိုဆိုပါတယ်။”

ဖြစ်လာသည်များ အားလုံးသည် တန်ခိုးနိမိတ်များ ဖြစ်သည်။ လူမှန် နေရာမှန်နှင့် အချိန်မှန်ဖြစ်သည်ကို ကျွန်ုပ်သိခဲ့သည်။ ဤဖြစ်ရပ်များ မတိုင်မီ တစ်နှစ်က ကျွန်ုပ်၏မိတ်ဆွေ Kim က

Senator Brownback ကို ကျွန်ုပ်ရှိရာ xxxxxxxxxxxxxxxxxxxxxxx မှာ ကျွန်ုပ်နှင့်တွေ့ဆုံရန် အစီအစဉ် ပြုလုပ်ပေးခဲ့ပါသည်။ Kim က သူ့ဆရာကို "ရှင် Mr. Don နဲ့ တွေ့ဖို့လိုတယ်" လို့ ပြောခဲ့သည်။ ဘာကြောင့်လဲတော့ ကျွန်ုပ် မသိပါဘူး။ ကျွန်ုပ်လည်း သက်တောင့်သက်သာ မရှိပါဘူး။ ကျွန်ုပ် အနည်းငယ် သိလိုက်တာက၊ ဘုရားသခင်သည် မိသားစုတစ်ခုကို ကိုယ်တော်တိုင်နှင့် ကိုယ်တော့် မေတ္တာကို ဖွင့်ပြပြီး၊ အကူအညီပေးရန် ရိုးရိုးလေး စတင် စီစဉ်နေပြီ ဖြစ်ကြောင်းကို ဖြစ်သည်။ အကြောင်းမှာ ယေရှုမိန့်တော်မူခဲ့သည်အတိုင်း သူတစ်ပါးက ကိုယ်၌ ပြုစေလိုပါက သူတို့၌ ကိုယ်က ပြုလုပ်ပေးရမည် ဖြစ်သောကြောင့်ပေတည်း။ ၎င်းသည် သူတို့အတွက် ဘယ်တော့မှ မမေ့နိုင်သည့် တန်ခိုး နိမိတ်လက္ခဏာဖြစ်ပြီး၊ ယနေ့ သူတို့ ပြောပြပါလိမ့်မည်။ "ဒါဟာ ဘုရားသခင် မစတော်မူခြင်းပဲ။" ရိုမေးနီးယန်းအမျိုးသမီး Anka ပြောပြပါသည်။ "ကျမ ယုံကြည်ခြင်းက တုန်လှုပ် တယ်။ သို့သော်လည်း ဘုရားသခင်သည် သစ္စာတည်သောဘုရားဖြစ်တယ်။ ကျမတို့ကို အမေရိကန်ပြည်မှာ နေခွင့်ပေးတယ်။"

ယခု လူတစ်ပုံတစ်ခေါင်းတို့က ချစ်ခြင်းမေတ္တာအတွက် ငိုကြွေး၍ တမ်းတနေကြကုန်၏။ သူတို့ရနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ၊ ဘုရားသခင်၏ နှုတ်ကပတ် စကားတော်မှ မေတ္တာတရားအခြေခံ နိယာမတရားကို နားလည်သဘောပေါက်ရန် ကျွန်ုပ်တို့ အားလုံး စိတ်ဆုံးဖြတ် လုပ်ဆောင်ကြသည့်အခါ သူတို့ ရရှိနိုင်ပါလိမ့်မည်။ ချစ်ခြင်းသည် ကြင်နာတတ်၏။ သူတစ်ပါး ကောင်းကျိုး ချမ်းသာကို ရှာ၏။ ယေရှုသည် လက်ဂါးကပ်တိုင်ပေါ် တက်သည့်အခါ ကျွန်ုပ်တို့ ကောင်းကျိုး ချမ်းသာကို ရှာပေးသည့်နည်းတူ ဖြစ်၏။ သင်တို့သည် ဘုရားသခင်၏မေတ္တာမျိုးနှင့် ချစ်တတ်ရန်၊ ဤအခြေခံနိယာမတရား၏ အမှန်အကန်အဓိပ္ပာယ်ကို ပို၍ လေ့လာသွားခြင်းအားဖြင့် ဘုရားသခင်သည် သင်တို့အား ယနေ့ ကောင်းကြီးပေးပါစေသော။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (မဿဲ ၇း၁၂ )ကို ဖတ်ပါ။ သင့်ကိုယ်ပိုင်စကားလုံးဖြင့် ရွှေစည်းမျဉ်း ဘာဖြစ်သည်ကို ရှင်းပြပါ။

**မဿဲ ၇း၁၂** - *"သင်တို့သည် ကိုယ်၌ သူတစ်ပါး ပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့၏ အချုပ်အချာ ဖြစ်သတည်း။"*

၂။ (မဿဲ ၇း၁၂ ) ကို ဖတ်ပါ။ အချစ်ကို တွေ့ ရှိရန်ကြိုးပမ်းရာတွင် လူအတော်များများသည် လူမှန်ကို တွေ့ဖို့ ကြိုးစားရှာကြသည်။ သင်သည် လူမှန်တစ်ယောက်ကို ရှာတွေ့ဖို့ကြိုးစားမည်လား၊ (သို့မဟုတ်)လူမှန်တစ်ယောက်ဖြစ်ဖို့ ကြိုးစားမည်လော။

၃။ (၁ ယော ၅း၃)ကို ဖတ်ပါ။ အချစ်သည် စိတ်ခံစားမှုလား၊ (သို့မဟုတ်) သင်ပြုလုပ်လိုက်သည့် တစ်စုံတစ်ရာသည် အချစ်လား။

**၁ ယော ၅း၃** - *"ပညတ်တော်တို့ကို စောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏။ ပညတ်တော်တို့ကို စောင့်ခဲသည် မဟုတ်။"*

၄။ (၁ ယော ၃း၁၈)ကို ဖတ်ပါ။ အကယ်၍ သင်သည် ကိုယ့်ခင်ပွန်း (သို့မဟုတ်) ဇနီးကို "မင်းကို ငါချစ်တယ်"ပြောပြီး၊ အပြင်ထွက်သောအခါ အိမ်ထောင်ရေးဖေါက်ပြန်မှု ပြုလုပ်နေသည်ဆိုပါလျှင်၊ ထိုယောကျ်ား/မိန်းမသည်၊ သင့်အပြောကို ယုံမည်လော။ သင့်အပြုအမူကို ယုံမည်လော။

**၁ ယော ၃း၁၈** - *"ချစ်သားတို့၊ ငါတို့သည် စကားပြောကာမျှနှင့် မချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ကောန်အမှန် ချစ်ကြကုန်အံ့။"*

၅။ (ရောမ ၅း၆-၈) ကို ဖတ်ပါ။ ယေရှုသည် သေခြင်းကဲ့သို့ ခံစားရသည်ဟု သင် ထင်ပါသလား။

**ရောမ ၅း၆-၈** - *"ငါတို့သည် အကျိုးနည်းရှိစဉ်တွင် အချိန်တန်မှ ခရစ်တော်သည် မတရားသောသူတို့အတွက်ကြောင့် အသေခံ တော်မူ၏။ ဖြောင့်မတ်သောသူအတွက်ကြောင့် အသေခံမည့်သူ ရှိခဲ၏။ သူတော်ကောင်းအတွက်ကြောင့် အသေခံ ဝံ့ သောသူ ရှိကောင်းရှိလိမ့်မည် မှန်စေတော့။ ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံ တော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။"*

၆။ (ဂလာတိ ၅း၂၂)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် ဘဂကို ဗဟိုချက်ပြုလျက်၊ ဘုရားသခင်မပါဘဲ အမှန်တကယ် ချစ်နိုင်ပါမည်လော။

**ဂလာတိ ၅း၂၂**- *"ဝိညာဉ်ပကတိ၏ အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊*

၇။ (၁ ယော ၄း၈) ကို ဖတ်ပါ။ အခြားသူများကို ကျွန်ုပ်တို့ အမှန်ချစ်တတ်ဖို့ အကူအညီပေးရန် ကျွန်ုပ်တို့ ဘုရားသခင်လိုအပ်ကြောင်း အကြောင်းပြချက်မှာ၊ ကိုယ်တော်သည် ________ ________ ________ ဖြစ်သော တစ်ပါးတည်းသော အရှင် ဖြစ်သောကြောင့် ဖြစ်သည်။

**၁ ယော ၄း၈** - *"ချစ်ခြင်း မရှိသောသူသည် ဘုရားသခင်ကို မသိ။ အကြောင်းမူကား ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော် မူ၏။*

၈။ (၁ ကော ၁၃း၅)ကို ဖတ်ပါ။ အောက်ဖော်ပြပါ စကားလုံးများထဲမှ ချစ်ခြင်းမေတ္တာဖော်ပြချက်နှင့် မဆိုင်သောစကားလုံးများကိုရွေးပါ။ ရိုင်းစိုင်းမှု၊ တစ်ကိုယ်ကောင်းဆန်မှု၊ ခွင့်မလွှတ်နိုင်မှု၊

**သုတ္တံ ၁၀း၁၂** - *"မုန်းသောစိတ်သည် ရန်တွေ့ရာသို့ တိုက်တွန်းတတ်၏။ ချစ်သောစိတ်မူကား ခပ်သိမ်းသော အပြစ်တို့ကို ဖုံးအုပ် တတ်၏။"*

၉။ (၁ ကော ၁၃း၈) ကို ဖတ်ပါ။ သင်သည် ဤဘဝမှ နောင်ဘဝသို့(သို့မဟုတ်) သင်္ချိုင်းကိုကျော်၍၊ သင်နှင့်အတူ ယူသွားနိုင်သည့် တစ်ခုတည်းသောအရာသည် ဘာလဲ။

**၁ ကော ၁၃း၈** - *"မေတ္တာသည် ဖေါက်ပြန်ခြင်းသဘောနှင့် အစဉ် ကင်းလွတ်၏။ ပရောဖက်ဉာဏ်သော်၎င်း၊ အမျိုးမျိုးသောဘာသာ စကားကို ပြောနိုင်သောအခွင့်သော်၎င်း၊ သိပ္ပံ အတတ် သော်၎င်း ကွယ်ပျောက်လိမ့်မည်။"*

၁၀။ (သုတ္တံ ၁၀း၁၂ နှင့် ၁ ကော ၁၃း၅) ကို ဖတ်ပါ။ "မေတ္တာတရားသည် အမှားလုပ်ခဲ့သည့်တိုင် မှတ်တမ်းထားခြင်း မရှိတတ်။" "မေတ္တာသည် အပြစ်မည်မျှလောက်အထိ ဖုံးလွှမ်းပေးနိုင် သနည်း။"

**သုတ္တံ ၁၀း၁၂** - *"မုန်းသောစိတ်သည် ရန်တွေ့ရာသို့ တိုက်တွန်းတတ်၏။ ချစ်သောစိတ်မူကား ခပ်သိမ်းသော အပြစ်တို့ကို ဖုံးအုပ် တတ်၏။"*

**၁ ကော ၁၃း၅** - *"မလျောက်ပတ်စွာ မကျင့်တတ်။ ကိုယ်အကျိုးကို မရှာတတ်။ ဒေါသအမျက် မထွက်တတ်။ အပြစ်ရှိသည် ဟု မထင်တတ်။"*

# အဖြေ သော့ချက်

၁။ (မဿဲ ၇း၁၂ )ကို ဖတ်ပါ။ သင့်ကိုယ်ပိုင်စကားလုံးဖြင့်၊ ရွှေစည်းမျဉ်း ဘာဖြစ်သည်ကို ရှင်းပြပါ။ **သင့်အတွက် တစ်ယောက်ယောက်က လာလုပ်ပေးရန် သင်အလိုရှိသည်အရာကို သူတစ်ပါး၌ လုပ်ပေးလိုက်ပါ။**

၂။ (မဿဲ ၇း၁၂ ) ကို ဖတ်ပါ။ အချစ်ကို တွေ့ရှိရန်ကြိုးပမ်းရာတွင်၊ လူအတော်များများသည် လူမှန်ကို တွေ့ဖို့ ကြိုးစားရှာကြသည်။ သင်သည် လူမှန်တစ်ယောက်ကို ရှာတွေ့ဖို့ ကြိုးစားမည်လား၊ (သို့မဟုတ်) လူမှန်တစ်ယောက်ဖြစ်ဖို့ ကြိုးစားမည်လော။ **လူမှန် တစ်ယောက် ဖြစ်လာရန်၊**

၃။ (၁ ယော ၅း၃)ကို ဖတ်ပါ။ အချစ်သည် စိတ်ခံစားမှုလား၊ (သို့မဟုတ်) သင်ပြုလုပ်လိုက်သည့် တစ်စုံတစ်ရာသည် အချစ်လား။ **ဤမှာ ဘုရားသခင်၏ စည်းမျဉ်းနိယာမ (ပညတ်တော်များ) ထဲတွင် ကျွန်ုပ်တို့ သွားလာခြင်း အားဖြင့်၊ ကျွန်ုပ်တို့ ပြုလုပ်ပေးလိုက်သည့် တစ်စုံတစ်ရာ ဖြစ်သည်။**

၄။ (၁ ယော ၃း၁၈)ကို ဖတ်ပါ။ အကယ်၍ သင်သည် ကိုယ့်ခင်ပွန်း (သို့မဟုတ်) ဇနီးကို "မင်းကို ငါချစ်တယ်" ပြောပြီး၊ အပြင်ထွက်သောအခါ အိမ်ထောင်ရေး ဖေါက်ပြန်မှု ပြုလုပ် နေသည်ဆိုပါလျှင်၊ ထို ယောကျ်ား/မိန်းမသည်၊ သင့်အပြောကို ယုံမည်လော၊ သင့်အပြုအမူကို ယုံမည်လော။ **သင်၏ လုပ်ဆောင်ခြင်း၊ လုပ်ဆောင်ခြင်းသည် စကားပြောခြင်းထက် အသံ ပို၍ ကျယ်လောင် ပါလိမ့်မည်။**

၅။ (ရောမ ၅း၆-၈) ကို ဖတ်ပါ။ ယေရှုသည် သေခြင်းကဲ့သို့ ခံစားရသည်ဟု သင် ထင်ပါသလား။ **မဟုတ်ပါ။ သို့တိုင် ကိုယ်တော်သည် ခံစားနေသည်ကို အလေးထားတော်မမူဘဲ ကျွန်ုပ်တို့ အားလုံး၏ အကျိုးကျေးဇူးနှင့်ကောင်းကျိုးချမ်းသာကို ရှာပေးခဲ့သည်။**

၆။ (ဂလာတိ ၅း၂၂)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် ဘဂကို ဗဟိုချက်ပြုလျက်၊ ဘုရားသခင်မပါဘဲ အမှန်တကယ် ချစ်နိုင်ပါမည်လော။ **အမှန် မချစ်နိုင်ပါ။**

၇။ (၁ ယော ၄း၈) ကို ဖတ်ပါ။ အခြားသူများကို ကျွန်ုပ်တို့ အမှန်ချစ်တတ်ဖို့ အကူအညီပေးရန် ကျွန်ုပ်တို့ ဘုရားသခင်လိုအပ်ကြောင်း အကြောင်းပြချက်မှာ၊ ကိုယ်တော်သည် **ချစ်ခြင်းမေတ္တာ** ဖြစ်သော၊ တစ်ပါးတည်းသောအရှင် ဖြစ်သောကြောင့် ဖြစ်သည်။

၈။ (၁ ကော ၁၃း၅)ကို ဖတ်ပါ။ အောက်ဖော်ပြပါ စကားလုံးများထဲမှ ချစ်ခြင်းမေတ္တာဖော်ပြချက်နှင့် မဆိုင်သောစကားလုံးများကိုရွေးပါ။ ရိုင်းစိုင်းမှု၊ တစ်ကိုယ်ကောင်းဆန်မှု၊ ခွင့်မလွှတ်နိုင်မှု၊
**ချစ်ခြင်းမေတ္တာဖော်ပြချက်နှင့် မဆိုင်သောစကားလုံးများ အားလုံးဖြစ်သည်။ ရိုင်းစိုင်းမှု၊ တစ်ကိုယ်ကောင်း ဆန်မှု၊ ခွင့်မလွှတ်နိုင်မှု၊**

၉။ (၁ ကော ၁၃း၈) ကို ဖတ်ပါ။ သင်သည် ဤဘဝမှ နောင်ဘဝသို့၊သို့မဟုတ်၊ သင်္ချိုင်းကိုကျော်၍၊ သင်နှင့်အတူ ယူသွားနိုင်သည့် တစ်ခုတည်းသောအရာသည် ဘာလဲ။
**ချစ်ခြင်းမေတ္တာသည် ထာဝရအဆုံးထိ ရှိလိမ့်မည်။**

၁၀။ (သုတ္တံ ၁၀း၁၂ နှင့် ၁ ကော ၁၃း၅) ကို ဖတ်ပါ။ "မေတ္တာတရားသည် အမှားလုပ်ခဲ့သည့်တိုင် မှတ်တမ်းထားခြင်း မရှိတတ်။"
**"မေတ္တာသည် အပြစ်မည်မျှလောက်အထိ ဖုံးလွှမ်းပေးနိုင်သနည်း။" အပြစ်အားလုံးကို ဖုံးအုပ်၏။**

# သင်ခန်းစာ ( ၁၄ )

# ဘဏ္ဍာရေး (အပိုင်း- ၁)

ယေရှုသည် သင်တို့ကို ဘဏ္ဍာရေးအရ အဘယ်မျှ စီးပွားဖြစ်ထွန်း အောင်မြင်စေလိုကြောင်း၊ ယနေ့ ကျွန်ုပ်ပြောပြ သွားပါမည်။ ဤအရာသည် လူတိုင်းအတွက် အရေးကြီးသည့် ကိစ္စ တစ်ခုလည်း ဖြစ်သည်။ သင်တို့သည် နေထိုင်ရန် လိုအပ်သည်များ ဖြည့်ဆည်းရန်နှင့် အခြား သူများကို ကောင်းကြီးပေးရန် ငွေလိုသည်။ ဘုရားသခင်သည် ဤနယ်မြေ၌ ကျွန်ုပ်တို့ကို တစ်ယောက်တည်း ချန်ထားပြီး ဤသို့ ပြောလိမ့်မည်မဟုတ်ပါ။ "သင်တို့ ဝိညာဉ်ရေးရာ အပိုင်းကို ငါ တာဝန်ယူမည်။ သို့သော် သင်တို့ ဘဏ္ဍာရေးအပိုင်းအတွက် ငါဂရုမစိုက်။ သင်တို့ ကိုယ်တိုင် လုပ်ယူကြ။" မပြောပါဘူး။ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်ဝိညာဉ်၊ နံဝိညာဉ်တို့ကို နည်းလမ်းတိုင်း၌ သင်တို့ကို ဘုရားသခင် ချစ်၏။ သင်တို့အတွက် ကိုယ်တော်သည် ထောက်ပံ့ခြင်း ပြုတော်မူသည်။ ဘဏ္ဍာငွေကြေးပွားခြင်း အဆင့်အချို့ လိုအပ်သည်ဟု လူအများဆုံးက လက်ခံထားကြသည်။ သို့သော်လည်း ဘာသာရေးသည် အခြေခံအားဖြင့် ငွေကြေးအလျှံပယ်ကြွယ်ဝ ခြင်းကို ဆန့်ကျင်၍ ရပ်တည်နေပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် လောဘတပ်မက်ခြင်းကို နည်းအမျိုးမျိုးနှင့် ဆန့်ကျင် သွန်သင်ပါသော်လည်း၊ ဘဏ္ဍာငွေကြေးသည်၊ ကောင်းကြီးမင်္ဂလာ ဖြစ်ကြောင်း အလွန်ရှင်းလင်းစွာ ပြောထားပါသည်။ (၃ ယော ၂)၌ တမန်တော် ရှင်ယောဟန်က ဤသို့ ပြောပါသည်။ "*အချင်းချစ်သူ၊ သင်၏စိတ်နှလုံးသည် ကောင်းစားသကဲ့သို့၊ သင်သည် အရာရာ၌ ကောင်းစားခြင်းနှင့် ကျန်းမာခြင်းရှိမည်အကြောင်း ငါဆုတောင်း၏။*" ဘယ်လောက် အားကောင်းသော ထုတ်ပြန်ချက်ပေလဲ။ ရှင်ယောဟန် ပြောသည်မှာ "အရာရာ၌"ဖြစ်သည်။ ၎င်း၌ပြောနေသည်မှာ၊ အနာရောဂါငြိမ်းခြင်း၊ စိတ်ခံစားရခြင်း၊ ဆက်ဆံရေးနှင့် ဘဏ္ဍာရေးတို့ ပါဝင်သည်။ ဘုရားသခင်သည် သင်တို့အား အရာရာတိုင်း၏ အထက်မှာ ကောင်းစားခြင်းနှင့် ကျန်းမာခြင်း ရှိစေလိုသည်။ ကိုယ်တော်သည် သင်၏ ခန္ဓာကိုယ်၊ စိတ်ဝိညာဉ်၊ နံဝိညာဉ်တို့ကို တိုးတက် ကြီးပွားစေလိုတော်မူသည်။ ၎င်းသည် သင်အတွက် ဘုရားအလိုတော် ဖြစ်ပါ၏။

ဘာသာရေးသမား အတော်များများက ဘုရားသခင်သည် သင်တို့ကို ဆင်းရဲစွာ နေစေလိုကြောင်း၊ ဆင်းရဲခြင်းသည် ဘုရားဂုဏ်မွေ့လျော်ခြင်း ဖြစ်ကြောင်း၊ ပိုဆင်းရဲလေလေ၊ ပို၍ ဘုရားဂုဏ်မွေ့လျော်ကြောင်း စသည်ဖြင့် အမှန်လည်း ပြောတတ်ကြသည်။ ကျွန်ုပ်သည် ထိုသို့သော အတွေးအခေါ်နှင့် ကြီးပြင်းလာသူဖြစ်ပြီး၊ တရားဟောဆရာသည် သိပ်များများစားစား ပိုင်ဆိုင်မှုမရှိ၊ ခရစ်ယာန်ဆို လည်း ဘာမျှမရှိဘဲ အလုပ်လုပ်သူ ဖြစ်ကြသည်။ ဤအချက်ကို သမ္မာကျမ်းစာအထဲ၌ အထောက်အထားနှင့် သက်သေပြနိုင်သည် မဟုတ်ပါ။ အာဗြဟံသည် သူ့အချိန်၌ အချမ်းသာဆုံး ဖြစ်ခဲ့သည်။ အလွန်ချမ်းသာ ကြွယ်ဝသောကြောင့်၊ ရှင်ဘုရင်များသည် သူတို့ တိုင်းပြည်မှ ထွက်ခွာသွား စေလိုကြသည်။ အကြောင်းမှာ အာဗြဟံ၏ ကြွယ်ဝမှုက သူတို့ တိုင်းပြည်၏ ကြွယ်ဝမှုကို ထိခိုက်နေသောကြောင့် ဖြစ်သည်။ အလားတူပင် ဣဇာက် နှင့် ယာကုပ် တို့၌လည်း အမှန်ဖြစ်ခဲ့သည်။ ယောသပ်သည် ကောင်းစားခြင်းနှင့် အဆင့်မြင့်အလျှံပယ် ပေါကြွယ်သူ တစ်ယောက် ဖြစ်ခဲ့သည်။

ဘုရင်ဒါဂိဒ်သည် ဗိမာန်တော်တည်ဆောက်ရန် သူ့ကိုယ်ပိုင် ဘဏ္ဍာငွေတိုက်မှ ၂.၅ ဘီလီယံ ဒေါ်လာတန်ဖိုးရှိသော ရွှေနှင့်ငွေများကို ဘုရားသခင်ထံ ဆက်ကပ် ခဲ့သည်။ ဒါဂိဒ်၏သား ရှောလမုန်သည်၊ မြေကြီးမျက်နှာ ပြင်ပေါ်နေထိုင်ခဲ့သမျှအထဲ အချမ်းသာဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ သင်သည် သမ္မာကျမ်းစာအတွင်းကျကျ လေ့လာကြည့်လျှင် ဘုရားသခင်ကို အမှန်တကယ် ဆက်ကပ်အမှုဆောင်သော သူများသည် ဘဏ္ဍာရေးအရ ကောင်းကြီး ခံစားရသူများ ဖြစ်ကြသည်။

မရှိဘဲ ရုန်းကန်အလုပ်လုပ်ခဲ့ကြသည့် နမူနာပြစရာ လူတွေရှိပါသည်။ ရှင်ပေါလုက (ဖိလိပ္ပိ ၄း၁၃) ၌ ပြောခဲ့သည်မှာ ခရစ်တော်အားဖြင့် အရာရာကို သူ လုပ်ဆောင်နိုင်ကြောင်းနှင့် သူ၌ရှိသည့် အခြေအနေ ဘာဖြစ်ဖြစ် ကျေနပ်ရောင့်ရဲ လျက်ရှိကြောင်း ဖြစ်သည်။ သူသည် မည်သို့ နစ်နာစေ၊ မည်သို့ ပြည့်လျှံစေမည်ကို သိ၏ဟု ဆိုသည်။ ဘုရားသခင့် အမှုတော်ဆောင်များအတွက် ဆင်းရဲခြင်း၊ ခက်ခဲခြင်းများ ဖြတ်လျှောက်ရမည့် အချိန်ကာလများ ရှိ၏။ သို့သော် သင်သည် ပို၍ဆင်းရဲလေလေ ပို၍ ဘုရားဂုဏ်မွေ့လျော်လေလေ ဖြစ်ကြောင်းဖော်ပြချက်ကို ကျမ်းစာအထဲ တွေ့ရနိုင်သည် မဟုတ်ပါ။ ဤသည်မှာ မမှန်ပါ။ မမှန်ကြောင်း ထင်ထင်ရှားရှားကြီး သက်သေခံ နိုင်၏။ ထို့ကြောင့် လောဘတက်ခြင်းသည် များယွင်းကြောင်း ပြောထားတာရှိသည်။ (၁ တိ ၆း၁၀)တွင် ဤသို့ ပြောသည်။ *"အကြောင်းမူကား၊ ငွေကိုတပ်မက်ခြင်းသည် မကောင်းသော အမှုအပေါင်းတို့တွင် မူလအမြစ် ဖြစ်သတည်း။..."* လူအချို့က ငွေသည် မကောင်းသောအမှု အားလုံး၏မူလအမြစ် ဖြစ်၏ဟု ဆိုသည်၊ လူအချို့က ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအားလုံး၏ မူလအမြစ် ဖြစ်၏ဟု ပြောဆိုသည်။ ငွေကို တပ်မက်ပြီး ငွေအကြွေးစေ့ပင် မရှိသော သူများရှိတတ်သည်။ အခြားလူတို့၌ ကြီးစွာကြွယ်ဝချမ်း သာပါသော်လည်း၊ သူတို့သည် ငွေကို တပ်မက်ခြင်းမရှိဘဲ အသုံးပြု နေကြသည်။

(တရားဟော ၈း၁၈)၌ ဘဏ္ဍာငွေ ပေါကြွယ်ဝခြင်း၏ အမှန်ရည်ရွယ်ချက်ကို ပြောပြ ထားသည်။ ဘုရားသခင်သည် ဣသရေလတို့အား ပြောနေသည်။ သူတို့သည် အရင် ဘယ်အခါကမျှ မရခဲ့ဘူးသည့် ကျန်းမာခြင်းနှင့် စည်းစိမ်ကြွယ်ဝခြင်း လမ်းသို့ဝင်၍ တွေ့ကြုံရမည် ဖြစ်ကြောင်း ပြောဆိုနေသည်။ *"သင်၏ဘုရားသခင် ထာဝရဘုရားကိုသာ အောက်မေ့ရမည်။ အကြောင်းမူကား၊ သင်၏ဘိုးဘေး တို့အား၊ ကျိန်ဆိုတော်မူသော ပဋိညာဉ်တရားတော်ကို ယနေ့ ကဲ့သို့ တည်စေလိုသောငှါ၊ စည်းစိမ်ရတတ်သော အစွမ်းသတ္တိကို ဘုရားသခင် ပေးတော်မူ၏။"* ဤ ကျမ်းချက် အရ ကြွယ်ဝခြင်း၏ ရည်ရွယ်ချက်သည် သင့်ကိုယ်ပိုင် တစ်ကိုယ်ကောင်းဆန် သုံးစွဲရန် အလျှံပယ် ပေးထားခြင်း မဟုတ်ကြောင်းနှင့်၊ သင်သည် ဘုရားသခင့် ပဋိညာဉ်ကို ဤမြေကြီးပေါ် တည်စေနိုင်ရန် အကြောင်း ဖြစ်သည်။ တစ်နည်းအားဖြင့်၊ သင်သည် ကောင်းကြီးပေးတတ်သူ ဖြစ်သောကြောင့် ကောင်းကြီးခံစားရလိမ့်မည့်အကြောင်း ဖြစ်သည်။ (ကမ္ဘာဦး ၁၂း၂) ၌ ဘုရားသခင်သည် အာဗြဟံကို ပြောပါသည်။ *"ငါသည်သင့်ကို လူမျိုးကြီး ဖြစ်စေမည်။ ငါကောင်းကြီးပေး၍ သင်၏နာမကို ကြီးမြတ်စေမည်။ သင်သည် ကောင်းကြီးခံရသောသူ ဖြစ်လိမ့်မည်။"* သင်သည် တစ်ယောက်ယောက်ကို ကောင်းကြီးမပေးနိုင်မီ၊ သင်သည် ကောင်းကြီး ခံရသူ ဖြစ်ဖို့လိုသည်။

သင်သည် ဘုရားသခင် စိတ်ကြိုက်ဖြစ်ဖို့ ကေန်အရာများ၊ ကေန်လိုအပ်ချက်များ လိုအပ်သည်ဆိုလျှင် ၎င်းသည် တစ်ကိုယ်ကောင်းဆန်သည့်ကိစ္စသို့ ကျော်ရောက်သွားလိမ့်မည်။ ဘုရားသခင်သည် သင့်အား ကြီးပွားစေလိုတော်မူ၍ သင့်အား ကိုယ်တော့်ငွေများ အပ်နှင်းလာသည် ဆိုလျှင်၊ သင်သည် ကောင်းကြီးခံရခြင်း ဖြစ်နိုင်သည်။ (၂ ကော ၉း၈)၌ ဆိုထားသည်။ *"သင်တို့သည် အရာရာ၌ သုံးလောက်သောဥစ္စာ အမျိုးမျိုး*

*အစဉ်ရှိ၍၊ ကောင်းသောအကျင့် အမျိုးမျိုးနှင့် အထူးသဖြင့် ပြည့်စုံမည်အကြောင်း အမျိုးမျိုးသော*

*မင်္ဂလာ ကျေးဇူးနှင့် အထူးသဖြင့် ပြည့်စုံခြင်းငါ ဘုရားသခင် တတ်နိုင်တော်မူ၏။"* ဤတွင် သင့်အား ဘုရားသခင် ကောင်းစားခြင်းပေးမည့် အကြောင်း ဖြစ်၏။ ထို့ကြောင့် သင်သည် ကောင်းသောအကျင့် အမျိုးမျိုး၌ ကြွယ်ဝပြည့်စုံလိမ့်မည် ဖြစ်သည်။ ၎င်းသည် သမ္မာကျမ်းစာ အရ ကောင်းစားခြင်း အဓိပ္ပာယ် ဖွင့်ဆိုခြင်းကဲ့သို့ အမှန် တူနေသည်။ ကောင်းစားခြင်းဆိုသည်မှာ ဘာလဲ။ အိမ်ကောင်း၊ ကားကောင်း၊ အဝတ်အစား ကောင်းကောင်းနှင့် စားပွဲပေါ် စားစရာအပြည့်ရှိနေခြင်းကို ဆိုလိုပါသလား။ ဤကျမ်းချက်က ဆိုသည်မှာ သင့်အတွက် လိုအပ်ခြင်းများအားလုံး ရရှိပြီး ကောင်းသောအကျင့်အမျိုးမျိုးနှင့် ပြည့်စုံခြင်းဟူ၍ဖြစ်သည်။ အကယ်၍ သင်သည် ဘုရားသခင်က သင့်နှလုံးသားကို ထိတွေ့၍ ပေးစေလိုသောအရာများကို မပေးနိုင်ဟုခံစားနေရပါလျှင် အကယ်၍ သင်သည် အခြားသူ တစ်ယောက်ကို ကောင်းကြီးပေးလိုသော်လည်း မတတ်နိုင် ဖြစ်နေသည်ဆိုပါလျှင်၊ ထိုအခါသင်သည် သမ္မာကျမ်းစာက ပြောသည့်အတိုင်း သင့်၌ ကောင်းစားခြင်း မရှိသောကြောင့် ဖြစ်၏။ ဘုရားသခင် မိန့်တော်မူသည်မှာ သင့်၌ သုံးလောက်သောဥစ္စာ အမျိုးမျိုးအစဉ်ရှိ၍၊ ကောင်းသောအကျင့် အမျိုးမျိုး၌ ကြွယ်ဝပြည့်စုံ နေစေရမည်အကြောင်း ဖြစ်သည်။

သမ္မာကျမ်းစာအလို ကောင်းစားခြင်းသည် သင့်အလိုပြည့်စုံအောင် မပေးနိုင်သော်လည်း သင်သည် သူတစ်ပါးကို ကောင်းကြီးပေးသူ ဖြစ်နိုင်ပါသည်။ ကိုယ့်အတွက် တစ်ခုတည်း ကြည့်သောသူသည် တစ်ကိုယ်ကောင်းဆန်သူ ဖြစ်လေသည်။ အကယ်၍ တစ်စုံတစ်ယောက်က "ငါ ဘုရားသခင်ကို ပိုလို့ ယုံကြည်ချင်တယ်" ပြောနေပြီး၊ အခြားသူတွေက သူ့တို့ကို လောဘ လွန်ကျူးသည်၊ တစ်ကိုယ်ကောင်းဆန်သည်ဟု တွေးနေသည်ဆိုလျှင် ထိုအရာသည် အကြောင်းရင်း အပေါ် မူတည်လိမ့်မည်။ အကယ်၍ သင်သည် ဘုရားသခင်ကို ပို၍လိုအပ်သဖြင့် အိမ်ကြီးကြီးနှင့် ကားကောင်းကောင်း ရဖို့ဆုတောင်းသည်ဆိုလျှင် ကျမ်းစာအလို သဘောထား အမှန် မရောက်နိုင်ပါ။ အကယ်၍ သင်သည် လိုအပ်သည် ထက်ကျော်လွန်အောင် ရထားသည်ဟု မြင်ပြီး သူတစ်ပါးကို ကောင်းကြီးပေးလိုသောကြောင့် ဘုရားသခင်ထံမှ ပို၍ရမည်ဟု ယုံကြည်သည် ဆိုလျှင်၊ ဤသဘောထားသည် သင့်အပေါ်မှာ ကိုယ်တော်ရှိစေလိုသည့် သဘောထား ဖြစ်သည်။ ကိုယ်တော်သည် သင့်ကို ကြီးပွားချမ်းသာ စေလိုတော်မူ၏။ ၎င်းသည် ကိုယ်တော်၏ အလိုတော်လည်း ဖြစ်ပေသည်။

ရှင်မဿဲခရစ်ဝင် အခန်းကြီး(၆)သည် ကျွန်ုပ်တို့လိုအပ်သည့် အရာများအကြောင်းကို ပြောထား သည်။ ၎င်း၌ ပြောသည်မှာ ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ဦးစွာရှာလျှင် ကျန်အရာများအားလုံးကို ကျွန်ုပ်တို့အား ထည့်ပေါင်းပေးလိမ့်မည် ဖြစ်၏။ သင်သည် ဘုရားသခင်ကို ဦးထိပ်ထားပါလျှင် ကိုယ်တော်သည် အခြားအရာအားလုံးကို ပေးကမ်း တော်မူလိမ့်မည်။ သင်လိုသမျှ လုံလောက်စွာရသဖြင့် သင်သည် အခြားသူများအား ကောင်းကြီးပေးသူ ဖြစ်လိမ့်မည်။ ဘုရားသခင်သည် သင့်ကို ကြီးပွားချမ်းသာ စေလိုတော်မူ၏။ သို့သော် ဤနယ်ပယ်တွင် သင့်ရည်ရွယ်ချက်နှင့် သင့်လုပ်ဆောင်ချက်များသည် တကယ့်အခြေခံ အကြောင်းရင်း ဖြစ်ပါလိမ့်မည်။

ဤစာတမ်းသည် သင့်အတွက် စိန်ခေါ်ချက် ဖြစ်ပါစေ။ သင်သည် သင့်ကို ကြီးပွားချမ်းသာ စေလိုသော ဘုရားသခင်၏အကောင်းဆုံး မစတော်မူခြင်းကို ယနေ့ စတင်ယုံကြည်သွားနိုင်ရန် ကျွန်ုပ် ဆုတောင်းပေးလိုက်ပါ၏။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (၂ ကော ၈း၇-၈)ကို ဖတ်ပါ။ သင်သည် အခြားသူများ၏လိုအပ်ချက်ကို ပေးကမ်းသည့်အခါ၊ ဤအရာကို နည်းလမ်းတစ်ခုအဖြစ် သင်သည် သက်သေပေးနိုင်ပါသလား။

**၂ ကော ၈း၇-၈** - *"ထိုသို့နှင့်အညီ သင်တို့သည် ယုံကြည်ခြင်း၊ တရားဟောခြင်း၊ ဉာဏ်ရှိခြင်း၊ အမျိုးမျိုးသောသတိနှင့် ပြည့်စုံခြင်း၊ ငါတို့ကိုချစ်ခြင်းမှစသော အလုံးစုံတို့နှင့် ကြွယ်ဝပြည့်စုံသည်ဖြစ်၍ ထိုကျေးဇူးနှင့်လည်း ကြွယ်ဝပြည့်စုံခြင်းဖြစ်စေသတည်း။ ထိုသို့ဆိုသော်၊ ပညတ်အားဖြင့် ငါဆိုသည် မဟုတ်။ အခြားသောသူတို့၏ ကြိုးစား အားထုတ်ခြင်းကို အစွဲပြု၍၊ သင်တို့၏မေတ္တာသည်၊ မှန်သည် မမှန်သည်ကို စုံစမ်းသော အားဖြင့် ဆိုသတည်း။"*

၂။ (၂ ကော ၈း၁၃-၁၄)ကို ဖတ်ပါ။ ကျွန်ုပ်တို့အားလုံးသည် အတူတကွ ပေးကမ်းကြသည့်အခါ၊ ဘုရားသခင်သည် ဘာအမျိုးအစားတစ်ခုခု လုပ်ပေးလာနိုင်သနည်း။

**၂ ကော ၈း၁၃-၁၅** - *"ဤအမှုအရာ၌ အခြားသူတို့သည် ချမ်းသာရ၍ သင်တို့သည် ဆင်းရဲစေခြင်းငှါ ငါအကြံရှိသည် မဟုတ်။ များများ ရသောသူ မပို။ နည်းနည်းရသောသူ မလို ဟူသော ကျမ်းစကားနှင့်အညီ၊ မျှခြင်းတရားကို ထောက်၍၊ ယခု၌သင်တို့ ၏စည်းစိမ်သည် သူတို့၏ ဆင်းရဲကို မစသဖြင့်ငှင်း၊ နောင်၌ သူတို့၏စည်းစိမ်သည် သင်တို့၏ဆင်းရဲခြင်းကို မစသဖြင့် ငှင်း အညီအမျှ ဖြစ်စေခြင်းငှါ ငါအကြံရှိ၏။*

၃။ (၂ ကော ၈း၁၃-၁၄)ကို ဖတ်ပါ။ လူတစ်ဦးချင်းစီတိုင်းသည် အလိုဆန္ဒ မည်သို့ ပြည့်ဝ လာနိုင်သနည်း။

၄။ (ဖေက် ၄း၂၈)ကို ဖတ်ပါ။ သူခိုးဖြစ်ခဲ့သူတစ်ယောက်သည် ဘယ်တော့မှ ခိုးခြင်းအမှု မပြုတော့သော်လည်း၊ ထိုအစား အလုပ် စလုပ်ပြီး ကိုယ်ပိုင်ရပ်တည်နေထိုင်ရမည် ဖြစ်သည်။ ဤကျမ်းချက် (ဖေက် ၄း၂၈)၌ သူတို့ ဘာလုပ်သင့်သည်ဟု ပြောထားသနည်း။

**ဖေက် ၄း၂၈** - *"ခိုးတတ်သောသူသည် နောက်တစ်ဖန် မခိုးဘဲ၊ ဆင်းရဲသောသူအား ပေးကမ်းဝေငှရန် ရှိစေခြင်းငှါ၊ မိမိလက်နှင့် ကောင်းသောအလုပ်ကို လုပ်ဆောင် အားထုတ်စေ။"*

၅။ (ကမ္ဘာ ၁၃း၂၊ ၁၂း၂)ကို ဖတ်ပါ။ ဘုရားသခင်သည် ချမ်းသာကြွယ်ဝခြင်းနှင့်အတူ အာဗြဟံကို ယုံကြည်စိတ်ချ၏။ အကြောင်းမှာအာဗြဟံသည် ကိုယ်ကျိုးအတွက်မစဉ်းစားဘဲ သူတစ်ပါးအတွက ___________ ဖြစ်သည်။

**ကမ္ဘာ ၁၃း၂** - *"ထိုအခါ အာဗြံသည် သိုး၊နွား စသည်တို့ကိုငှင်း၊ ရွှေငွေကိုငှင်း အလွန်ရတတ်၏။"*

**ကမ္ဘာ ၁၂း၂** - *"ငါသည် သင့်ကို လူမျိုးကြီး ဖြစ်စေမည်။ ငါ ကောင်းကြီးပေး၍ သင်၏နာမကို ကြီးမြတ်စေမည်။ သင်သည် ကောင်းကြီးခံရသောသူ ဖြစ်လိမ့်မည်။"*

၆။ (၁ တိ ၆း၁၇-၁၈)ကို ဖတ်ပါ။ ဥစ္စာပစ္စည်း ချမ်းသာသူများ သူတို့ငွေကြေးနှင့်အတူ ဆောင်ရွက်ရန် အရာ(၃)ခုသည် ဘာလဲ။

**၁ တိ ၆း၁၇-၁၈** - *"ဤဘဝ၌ ငွေရတတ်သောသူတို့သည်၊ မာန်မာနစိတ်နှင့် ကင်းလွတ်၍ မမြဲသောစည်းစိမ်ကို မကိုးစားဘဲ၊ ငါတို့ ခံစားဖို့ရာ အလုံးစုံတို့ကို ကြွယ်ဝစွာ ပေးသနားတော်မူသော အသက်ရှင်တော်မူသော ဘုရားသခင်ကို ကိုးစားရမည် အကြောင်းနှင့်၊ သူတစ်ပါးအား ကျေးဇူးပြုခြင်း၊ ကောင်းသောအကျင့်၌ ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲချင်သောစေတနာ စိတ်ရှိခြင်း၊ အချင်းချင်း ဆက်ဆံခြင်း၊......."*

၇။ ဘဏ္ဍာငွေများနှင့်အတူ သင့်ကို ဘုရားသခင် စိတ်ချယုံကြည် နိုင်ပါသလား။

# အဖြေ သော့ချက်

၁။ (၂ ကော ၈း၇-၈)ကို ဖတ်ပါ။ သင်သည် အခြားသူများ၏လိုအပ်ချက်ကို ပေးကမ်းသည့်အခါ၊ ဤအရာကို နည်းလမ်းတစ်ခုအဖြစ် သင်သည် သက်သေပေး နိုင်ပါသလား။
**သင်၏ ချစ်ခြင်းမေတ္တာသည် စစ်မှန်ပါစေ။**

၂။ (၂ ကော ၈း၁၃-၁၄)ကို ဖတ်ပါ။ ကျွန်ုပ်တို့အားလုံးသည် အတူတကွ ပေးကမ်းကြသည့်အခါ၊ ဘုရားသခင်သည် ဘာအမျိုးအစားတစ်ခုခု လုပ်ပေးလာနိုင်သနည်း။
**သာတူညီမျှမှု၊ ဤအမှုကို လူတိုင်းကလည်း သူတို့တတ်နိုင်သမျှ ပေးသင့်၏။**

၃။ (၂ ကော ၈း၁၃-၁၄)ကို ဖတ်ပါ။ လူတစ်ဦးချင်းစီတိုင်းသည် အလိုဆန္ဒ မည်သို့ ပြည့်ဝလာနိုင်သနည်း။
**သင်တို့ တတ်နိုင်သမျှ၊ သင်တို့တတ်နိုင်သည့်အချိန်တွင် ပေးကမ်းခြင်းအားဖြင့်**

၄။ (ဧဖက် ၄း၂၈)ကို ဖတ်ပါ။ သူခိုးဖြစ်ခဲ့သူတစ်ယောက်သည် ဘယ်တော့မှ ခိုးခြင်းအမှု မပြုတော့သော်လည်း၊ ထိုအစား အလုပ် စလုပ်ပြီး၊ ကိုယ်ပိုင်ရပ်တည် နေထိုင်ရမည် ဖြစ်သည်။ ဤကျမ်းချက် (ဧဖက် ၄း၂၈)၌ သူတို့ ဘာလုပ်သင့်သည်ဟု ပြောထားသနည်း။
**ဆင်းရဲသူများ၊ လိုအပ်နေသည့်သူများအား ပေးကမ်းရမည်။**

၅။ (ကမ္ဘာ ၁၃း၂၊ ၁၂း၂)ကို ဖတ်ပါ။ ဘုရားသခင်သည် ချမ်းသာကြွယ်ဝခြင်းနှင့်အတူ အာဗြဟံကို ယုံကြည်စိတ်ချ၏။ အကြောင်းမှာ အာဗြဟံသည် ကိုယ်ကျိုးအတွက် မစဉ်းစားဘဲ သူတစ်ပါးအတွက် **ကောင်းကြီးပေးသူ** ဖြစ်သည်။

၆။ (၁ တိ ၆း၁၇-၁၈)ကို ဖတ်ပါ။ ဥစ္စာပစ္စည်းချမ်းသာသူများ သူတို့ ငွေကြေးနှင့်အတူ ဆောင်ရွက်ရန်အရာ(၃)ခုသည် ဘာလဲ။
**ကောင်းသောအမှုများပြုပါ။ သူဆင်းရဲတို့အား စေတနာစိတ်နှင့် ပေးကမ်းပါ။ ဘုရားသခင် သူတို့ကို ပေးကမ်း မစထားသောအရာ ဘာဖြစ်ဖြစ် အခြားသူများကို ဝေမျှပေးကမ်းပါ။**

၇။ ဘဏ္ဍာငွေများနှင့်အတူ သင့်ကို ဘုရားသခင် စိတ်ချယုံကြည် နိုင်ပါသလား။

# သင်ခန်းစာ ( ၁၅ )

# ဘဏ္ဍာရေး (အပိုင်း- ၂)

ယနေ့ သင်တို့နှင့်အတူ ဘဏ္ဍာရေးအကြောင်းကို ပိုမိုပြောကြမည်။ နောက်ဆုံးအခန်း၌ ဘုရားသခင်သည် သင့်ကို ကြွယ်ဝချမ်းသာစေရန် အလိုတော်ရှိကြောင်း ကျွန်ုပ် ရှင်းပြခဲ့ပါသည်။ ယခု ၎င်းတို့ အလုပ်ဖြစ်ခဲ့ကြသည့် အဓိကအချက်အချို့ အကြောင်းကို ကျွန်ုပ်ပြောပြပေးပါမည်။ (လုကာ ၆း၃၈) ၌ ပြောထားပါသည်။ *"သူတစ်ပါးအား ပေးကြလော့။ ပေးလျှင် သူတစ်ပါးသည် သင်တို့အား ပေးကြလိမ့်မည်။ အမှန်ခြင်ရုံမှုမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။ အကြောင်းမူကား၊ အကြင်ချိန်၊ တင်းပမာဏနှင့် သင်တို့သည် သူတစ်ပါးအား ပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။"* စည်းမျဉ်းနိယာမ တရားများစွာ ရှိပါသည်။ သို့သော် သင်သည် ပေးကမ်းခြင်းမရှိဘဲ၊ ကြွယ်ဝချမ်းသာခြင်းအကြောင်းကို ပြောပြနိုင်လိမ့်မည် မဟုတ်ပါ။

သင်တို့သည် ကြွယ်ဝချမ်းသာခြင်းအကြောင်း ပြောသောအခါ လူအများအပြားက ပြောတတ်သည်။ "ကောင်းပြီ။ ဘုရားသခင်က ကျုပ်ကို ချမ်းသာကြွယ်ဝစေချင်တယ်။ ဒါပေမဲ့ ကျုပ်မှာ ပေးစရာကို မရှိတာ။" ယေရှုသည် ကျမ်းစာထဲမှာ မုဆိုးမတစ်ယောက်၊ သူမရဲ့ပိုင်ဆိုင်မှု နည်းနည်းလေး နစ်ပြားကို အလှူခံပုံးထဲ ပစ်သွင်းတဲ့အကြောင်း ပြောပြသည်ကို သင် ဖတ်မိပါ လိမ့်မည်။ ကိုယ်တော်သည် လူချမ်းသာတို့ ငွေအပုံကြီး ထည့်ဝင်လှူခဲ့သည်ကို ကိုယ်တော် ကြည့်နေ ခဲ့သည်။ ကိုယ်တော်သည် တပည့်တော်များကို အတူတကွခေါ် ၍ ဤမုဆိုးမသည် ထိုသူတို့ထက် ပို၍ ပေးလှူပြီဟု မိန့်တော်မူ၏။ ကိုယ်တော် ပြောပြရသည့် အကြောင်းမှာ၊ လူချမ်းသာတို့သည် သူ တို့၏အလျှံပယ် ကြွယ်ဝခြင်းထဲက ထုတ်ယူပေးခဲ့သည်။ သို့သော် မုဆိုးမသည် ဆင်းရဲခြင်းထဲက ရှိသမျှ ပေးလိုက်ခြင်းဖြစ်၏ဟု ရှင်းပြ သည်။ ဘုရားသခင်သည် ငွေကြေးတန်ဖိုးအားဖြင့် သင်၏ ဆုကျေးဇူး ပမာဏကို တန်ဖိုးထားသည် မဟုတ်ပါ။ သို့သော်၊ အတိအကျ ပြောရလျှင်၊ ကိုယ်တော်သည် သင်တို့ပေးကမ်းသည့် တစ်စုံတစ်ရာ၏ ရာခိုင်နှုန်းကို သိမှတ်တော်မူ၏။ အကယ်၍ လူတစ်ယောက်က "ငါ့မှာ ဘာမျှ ပေးစရာမရှိဘူး" ဟုဆိုလျှင် မှားပါသည်။ တစ်ခုမျှ မရှိဘူး ဆိုရင်တောင်၊ သင့်အဂတ်အစား တစ်ထည်ထည်ကို ယူ၍ ပေးကမ်းစွန့်ကြဲ နိုင်သည်။ လူတိုင်းမှာ ပေးစရာတစ်ခုရှိကို ရှိပါသည်။ ထို့ကြောင်း ပေးစရာမရှိပါဘူးဟု အငြင်းပွား နေတာကို ဖယ်ရှား လိုက်ပါ။ အမှန်တရားကို ထည့်တွက်ပြောရရင်၊ သင်၌ တစ်စုံတစ်ရာ နည်းနည်းလေး သာရှိသည်ဟု သင်မြင်မိသည့်အချိန်တွင်၊ သင်က ထုတ်ယူပေးကမ်းစွန့်ကြဲ လိုက်ခြင်းသည်၊ အခြားအချိန်၌ ပေးကမ်းစွန့်ကြဲခဲ့သည်ထက် ရာခိုင်နှုန်း ပိုမို ကြီးမားနေနိုင်ပါသည်။ ဆယ်ဒေါ်လာ လောက်သာ ရှိသူတစ်ယောက်က ငါးဒေါ်လာကို ပေးလှူခြင်းသည်၊ ဒေါ်လာဘီလီယံပေါင်းများစွာ ပိုင်ဆိုင်ပြီး၊ တစ်မီလီယံဒေါ်လာ ပေးလှူသည့်လူထက် အလွန်ကြီးမားသော ဆုကျေးဇူးကို ပေးလှူခြင်း ဖြစ်ပေသည်။ ဘုရားသခင်သည် တစ်ဦးတစ်ယောက်ချင်းစီတိုင်း ပေးလှူနိုင်စေရန် ပြဌာန်း ပေးထားပါသည်။

ပေးကမ်းရန် အဘယ်ကြောင့် ကျွန်ုပ်တို့ကို ဘုရားသခင် ပြောနေရပါသနည်း။ ဤတွင် အကြောင်းအရာ များစွာ ပါဝင်နေသော် လည်း အဓိက ရည်ရွယ်ချက်တစ်ခုမှာ သင့်ဘဝကဏ္ဍတိုင်း၌ ဘုရားသခင်ကို ယုံကြည်စိတ်ချနေရန် ကိုယ်တော်အလိုတော်ရှိခြင်း အကြောင်းကြောင့် ဖြစ်သည်။

အကယ်၍ ဘုရားသခင် မရှိဟု ဆိုလျှင် ပြီးတော့၊ "ပေးပါ။ ထိုပမာဏအတိုင်း သင်သည် ပြန်ရလိမ့်မည်" ဟု ဘုရားသခင်မိန့်ဆိုသော စကားသည် မမှန်ဟုဆိုလျှင်၊ သင်၌ရှိသည့်အစိတ်အပိုင်းတစ်ခုကိုယူ၍ ပေးကမ်းလိုက်ခြင်းသည် သင် လုပ်ခဲ့သမျှအရာအထဲ အမိုက်မဲဆုံးအရာ ဖြစ်ပေလိမ့်မည်။ သင်သည် အလိုရှိသမျှအားလုံးရဖို့ ပန်းတိုင်ဆီသို့ သွားနေသည်ထက်၊ တကယ်လို့ ဘုရားသခင် သင့်အား ကောင်းကြီးပေးမည့် ကတိတော်မရှိလျှင် သင်သည် ပန်းတိုင်မှဝေးရာသို့ အမှန်တကယ် သွားနေ သလို ဖြစ်လိမ့်မည်။ ဘုရားသခင်မိန့်တော်မူသော နည်းလမ်းဖြင့် ပေးကမ်းနိုင်စွမ်းရှိခြင်းသည် ယုံကြည်ခြင်းကို ယူတင်ရ၏။ ၎င်းသည် ကိုယ်တော်မိန့်တော်မူသည်အတိုင်း သင့်အနေနှင့် လိုက်လုပ်ရန် အကြောင်းပြချက် ဖြစ်၏။

ရှင်လုကာခရစ်ဝင်အခန်းကြီး(၁၆)တွင် သူဌေးကိုလိမ်သော ဘဏ္ဍာစိုးတစ်ယောက် အကြောင်း ပုံဥပမာ ပြောထားသည်။ နောက်ဆုံး ဤသို့ နိဂုံးချုပ်လာသည်။ ကိုယ်တော်က အဆုံးသတ်ပြောသည်မှာ မမြဲသောလော ကီစည်းစိမ်(ငွေကြေး)ကို သုံးရာတွင် သင်တို့သည် သစ္စာမရှိလျှင် မှန်သောစည်းစိမ်ကို သင်တို့၌ အဘယ်သူအပ်မည်နည်း။ အကယ်၍ သင်သည် သေးငယ်သောအရာများ၊ ငွေကြေးအပါအဝင်များ၌ ဘုရားသခင်ကို ယုံကြည်မှု ရှိမထားလျှင် ဂိညာဉ်ရေးရာတန်ဖိုးကဲ့သို့သော ပိုမိုအရေးကြီးသောအရာများကို သင်၌အဘယ်သို့ ပေးအပ်ထားရ မည်နည်း။ ဤကဲ့သို့သော ကျမ်းချက်သည် ဘဏ္ဍာစိုးအငယ်လေး အဆင့်အတန်းရှိသူတစ်ယောက်၏ ငွေကြေး ကိုင်တွယ်မှုအကြောင်း၌ ဖြစ်သည်။ အကယ်၍ သင်သည် သင့်ဘဏ္ဍာငွေကြေးကို ဘုရားသခင်ထံ ယုံကြည်စိတ်ချ မထားနိုင်လျှင် သင်၏ထာဝရလားရာအတွက် ကိုယ်တော်ကို သင်မည်သို့ ယုံကြည်စိတ်ချထားနိုင်မည်နည်း။ ယေရှုခရစ်သည် သင်၏အပြစ်များကို ခွင့်လွှတ်ပြီး၊ သင်သည် ကောင်းကင်ဘုံ၌ ထာဝရနေသွားရမည်ကို ဘယ်လို ယုံကြည်နိုင်ပါ မည်နည်း။ နှိုင်းယှဉ်ချက်အားဖြင့် ကျွန်ုပ်တို့သည် သခင်ဘုရား၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို တည်ထားရသည်ဆိုသော ဂိညာဉ်ရေးရာ ကိစ္စများသည် ငွေထက် ပို၍ များစွာအရေးကြီးပါ ပေသည်။ ငွေသည် သာမညကိစ္စ ဖြစ်သော်လည်း၊ ၎င်းသည် ဘုရားသခင်အား ယုံကြည်စိတ်ချရန် အစပြုရသော အောက်ခြေမျဉ်းကြောင်း ဖြစ်ပါသည်။

(သုတ္တံ ၁၁:၂၄)၌ ပြောပါသည်။ ကြည့်ရသည်မှာ လိုအပ်သည်ထက်ပို၍ စွန့်ကြဲပေးကမ်းခြင်း အချို့ရှိသော်လည်း၊ ဥစ္စာတိုးပွားသော သူရှိသေး၏ဟုဆိုသည်။ တချို့လူတို့က သူတို့၌ရှိသမျှကို သိမ်းဆည်းသိုလှောင်လေ့ ရှိတတ်ကြ၏။ ၎င်းသည် သူတို့အထဲမှာ နောက်ဆုံး ဆင်းရဲခြင်းကို ဖြစ်စေခဲ့သည်။

အကယ်၍ သင်သည် ဘုရားသခင်၏နိုင်ငံတော်နှင့် ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားကို ဦးစွာရှာဖွေပါလျှင်၊ ထိုအရာများကို သင့် ဆီမှာ ကိုယ်တော် ထည့်ပေါင်းပေးလိမ့်မည်။ အကယ်၍ သင်သည် သင့်ဘဏ္ဍာရေးကို ကူညီရန် ဘုရားသခင် လိုအပ်သည်ဟု ဆိုပြီး၊ ကိုယ်တော့်အကူအညီရဖို့ သင်ဆုတောင်းနေသည်ဆိုလျှင်၊ သို့သော်လည်း ဘုရားသခင်၏နိုင်ငံတော်ကို ရှေ့ ဦးစွာရှာခြင်း မရှိပါလျှင် သင့်ဘဏ္ဍာရေးနှင့် ပေးကမ်းခြင်းတို့ကို ဘုရားသခင်၌ စိတ်ချယုံကြည်ထားခြင်းဆိုသည့် ယုံကြည်ခြင်းအဆင့်သို့ သင်သည် တက်လှမ်းနေသည် မဟုတ်တော့ဘဲ သင်သည်လည်း ဘုရားသခင်ကို အမှန်တကယ် စိတ်ချယုံကြည်သူ မဖြစ်နိုင်တော့ပါ။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ယော ၃း၁၆)ကို ဖတ်ပါ။ ဘုရားသခင်ကို ပေးကမ်းစေရန် ဘာက လှုံ့ဆော်နေသနည်း။

**ယော ၃း၁၆** - *"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေ ခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။"*

၂။ (၁ ကော ၁၃း၃)ကို ဖတ်ပါ။ ကျွန်ုပ်တို့ပေးကမ်းခြင်း၏ အရင်းခံအကြောင်းသည် ဘာဖြစ်ရမည်နည်း။

**၁ ကော ၁၃း၃** - *"သူတစ်ပါးကို ငါကျွေးမွေး၍ ဥစ္စာရှိသမျှကို စွန့်ကြဲသည်သာမက၊ ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှါ အပ်သော်လည်း၊ မေတ္တာမရှိလျှင် ငါ၌ အကျိုးမရှိ။"*

၃။ (ယာကုပ် ၂း၁၅-၁၆)ကို ဖတ်ပါ။ ဤကျမ်းချက်၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

**ယာကုပ် ၂း၁၅-၁၆** -*"ညီအစ်ကိုနှမတို့သည် အဝတ်အချည်းစည်းရှိ၍၊ နေ့တိုင်းစားရသောအစာမရှိသောအခါ၊ သင်တို့တွင် တစ်စုံ တစ်ယောက်သောသူက ငြိမ်ဝပ်စွာ သွားကြလော့။ နွေးကြလော့။ ဝကြလော့ ဟုပြောလျက်၊ သူတို့ကိုယ်နှင့် တော်လျော်သော အသုံး အဆောင်ကို မပေးဘဲနေလျှင် အဘယ်အကျိုး ရှိသနည်း။"*

၄။ (လုကာ ၆း၃၈)ကို ဖတ်ပါ။ ဤကျမ်းချက်က သင့်ကို ဘာပြောနေသနည်း။

**လုကာ ၆း၃၈** - *"သူတစ်ပါးအား ပေးကြလော့။ ပေးလျှင် သူတစ်ပါးသည် သင်တို့အား ပေးကြလိမ့်မည်။ အမှန် ခြင်ရုံမျှမက၊ သိပ်နက်လျက်၊ လှုပ်လျက်၊ လျှံလျက် ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။ အကြောင်းမူကား၊ အကြင် ချိန်တင်းပမာဏနှင့် သင်တို့သည် သူတစ်ပါးအား ပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။"*

၅။ (ဖေက် ၁း၈)ကို ဖတ်ပါ။ ဘုရားသခင်သည် ကိုယ်တော်၏ကြွယ်ဝခြင်းကို ပေးသလား၊(သို့မဟုတ်) ကိုယ်တော်၏ကြွယ်ဝခြင်းနှင့်အညီ ပေးသလား။ ခြားနားချက်ကို ရှင်းပြပါ။

**ဧဖက် ၁း၈** - *"ငါတို့၌ အတိုင်းထက်အလွန် များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။"*

၆။ (သုတ္တံ ၁၉း၁၇)ကို ဖတ်ပါ။ ဆင်းရဲသားများကို ပေးကမ်းသည့်အခါ သင် ဘာလုပ်သနည်း။
____________ ____________ ဘုရားသခင် ပြန်ပေးပါသလား။ ____________

**သုတ္တံ ၁၉း၁၇** - *"ဆင်းရဲသားကို သနားသောသူသည် ထာဝရဘုရားအား ချေးငှါးသောသူ ဖြစ်၍ သူပြုသောအမှု၏ အကျိုးကို ဆပ်ပေးတော်မူလိမ့်မည်။"*

၇။ (ဆာလံ ၄၁း၁-၃)ကို ဖတ်ပါ။ ဆင်းရဲသားများအား ပေးကမ်းသူများအတွက် ဘုရားသခင် ပြုတော်မူသောအရာ(၅)ခုကို ရေးချပါ။

**ဆာလံ ၄၁း၁-၃** - *"ဆင်းရဲသောသူကို အောက်မေ့သောသူသည် မင်္ဂလာရှိ၏။ ခဲယဉ်းသောကာလ၌ ထိုသူကို ထာဝရဘုရား ကယ်တော်မူမည်။ ထာဝရဘုရားသည် စောင့်မ၍ အသက်ချမ်းသာ ပေးတော်မူသဖြင့်၊ ထိုသူသည် ပြည်တော်၌ ကောင်းကြီးမင်္ဂလာကို ခံရလိမ့်မည်။ ထိုသူကို ရန်သူတို့အလိုသို့ ကိုယ်တော်သည် အပ်တော်မမူပါ။ သူသည် နာဖျား၍ တုံးလုံးနေသောအခါ ထာဝရဘုရားသည် ထောက်ပင့်တော်မူမည်။ နာ၍နေစဉ်ကာလ ကိုယ်တော်သည် သူ၏အိပ်ယာ ရှိသမျှတို့ကို လှန်ပြန်တော်မူမည်။"*

# အဖြေ သော့ချက်

၁။ (ယောဟ ၃း၁၆)ကို ဖတ်ပါ။ ဘုရားသခင်ကို ပေးကမ်းစေရန် ဘာက လှုံ့ဆော်လေသနည်း။
**ကိုယ်တော်၏ ချစ်ခြင်းမေတ္တာတော်**

၂။ (၁ ကော ၁၃း၃)ကို ဖတ်ပါ။ ကျွန်ုပ်တို့ပေးကမ်းခြင်း၏ အရင်းခံအကြောင်းသည် ဘာဖြစ်ရမည်နည်း။
**ချစ်ခြင်း _ ၎မှာ မိမိဘယ်လိုခံစားနေရသည်ကို အလေးမထားဘဲ၊ သူတစ်ပါး၏ကောင်းကျိုးချမ်းသာနှင့် အကျိုးကျေးဇူးများကို ရှာဖွေပေးခြင်း ဖြစ်သည်။** (မဿဲ ၇း၁၂)

၃။ (ယာကုပ် ၂း၁၅-၁၆)ကို ဖတ်ပါ။ ဤကျမ်းချက်၏ အဓိပ္ပာယ်ကို ရှင်းပြပါ။
**ချစ်ခြင်းမေတ္တာအားလုံး၏ ၉၅ % သည် စကားသံ မထွက်ပါ။ ၎သည် ကျွန်ုပ်တို့ အပြော၌ မရှိဘဲ ကျွန်ုပ်တို့လုပ်ဆောင်သည့်အရာများ၌ ချစ်ခြင်းမေတ္တာ ရှိ၏။**

၄။ (လုကာ ၆း၃၈)ကို ဖတ်ပါ။ ဤကျမ်းချက်က သင့်ကို ဘာပြောနေသနည်း။
**ပေးကမ်းခြင်း၌ သင်အသုံးပြုလိုက်သည့် ပမာဏ ဘာဖြစ်ဖြစ်** (**ကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ**) **သင်အသုံးပြုသည့်ပမာဏ အတိုင်း၊ သင် ပြန်လည် ရရှိလိမ့်မည်။**

၅။ (ဖေက် ၁း၈)ကို ဖတ်ပါ။ ဘုရားသခင်သည် ကိုယ်တော်၏ကြွယ်ဂခြင်းကို ပေးသလား (သို့မဟုတ်) ကိုယ်တော်၏ကြွယ်ဂခြင်းနှင့် အညီပေးသလား။ ခြားနားချက်ကို ရှင်းပြပါ။
**ကိုယ်တော်၏ကြွယ်ဝခြင်းနှင့်အညီ ပေးပါသည်။ ကျွန်ုပ်တို့ကို ရွေးနုတ်ကယ်တင်ရန် ကိုယ်တော်၏ တစ်ပါးတည်းသော သားတော်အပါအဝင် အရာအားလုံးကို ပေးသည်။**

၆။ (သုတ္တံ ၁၉း၁၇)ကို ဖတ်ပါ။ ဆင်းရဲသားများကို ပေးကမ်းသည့်အခါ သင် ဘာလုပ်သနည်း။
**ထာဝရဘုရားအား ချေးငှားသည်။** ဘုရားသခင် ပြန်ပေးပါသလား။ **ပြန်ပေးပါသည်။**

၇။ (ဆာလံ ၄၁း၁-၃)ကို ဖတ်ပါ။ ဆင်းရဲသားများအား ပေးကမ်းသူများအတွက် ဘုရားသခင် ပြုတော်မူသောအရာ(၅)ခုကို ရေးချပါ။
**ကိုယ်တော်သည် ခက်ခဲသောကာလ၌ သူတို့ကို ကယ်ဆယ်သည်။ သူတို့ကို ကာကွယ်သည်။ ကိုယ်တော်သည် သူတို့ကို ကောင်းစားစေသည်။ သူတို့ကို ရန်သူလက်မှ ကယ်လွှတ်တော်မူသည်။ ကိုယ်တော်သည် သူတို့ကို အနာငြိမ်းစေ၏။ ၎မှာ ပြန်လည် ကျန်းမာလာစေရန် ပြုစုစောင့်ရှောက်ပေးခြင်း ဖြစ်သည်။**

## သင်ခန်းစာ ( ၁၆ )

# သင့်ဆုတောင်းချက်များ၌ အဖြေမရသောအခါ လုပ်ရမည့် နည်းလမ်းများ

ယနေ့ ကျွန်ုပ်သည် သင့်ဆုတောင်းချက်များ၌ အဖြေမရဟူ၍ ထင်ရသည့်အခါ၊ ဘာလုပ်ရမည်ကို ကျွန်ုပ် ပြောပြပေးမည်။ ဤတွင် သင့်ဆုတောင်းချက်များ၌ အဖြေမရ ဟူ၍ "ထင်ရသည့်အခါ" ဆိုသည့် အဖြစ်မှန်ကို အလေးအနက်ထား ပြောလိုပါသည်။ အမှန်တရား သည် ဤသို့ဖြစ်သည်။ ဘုရားသခင်သည် ယုံကြည်ခြင်း၌ ကိုယ်တော့်နှုတ်ကပတ်တော် နှင့်အညီ ဆုတောင်းသည့် ဆုတောင်းခြင်း တစ်ခုခုကို အမြဲ၊ အမြဲတမ်း အဖြေပေးနေပါသည်။ (၁ ယော ၅း၁၄-၁၅)၌ ပြောထားသည်။ "*ငါတို့သည် ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်း အကြောင်း ဟူမူကား၊ ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခုသောဆုကို တောင်းလျှင်၊ ဘုရားသခင်သည် နားထောင် တော်မူ၏။ ဆုတောင်းသမျှသော စကားတို့ကို နားထောင်တော်မူသည်ကို ငါတို့သိလျှင်၊ အထံတော်၌ တောင်းသောဆု တို့ကိုရမည်ဟု သိရကြ၏။*" ဤကျမ်းချက်တွင် ယုံကြည်စိတ်ချရမှု များစွာရှိ၏။ ဘုရားသခင်သည် အမြဲ အဖြေပေးနေသည်။ သို့သော် အဖြေပေးနေ သည်ကဲ့သို့ အမြဲဆင်တူခြင်းမျိုး မဟုတ်ပါ။ (မဿဲ ၇း၇-၈) ၌ ဆိုသည်။ "*တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကို ခေါက်ကြလော့၊ ခေါက်လျှင် ဖွင့်မည်။ တောင်းသောသူ မည်သည်ကား ရ၏။ ရှာသောသူလည်း တွေ့၏။ ခေါက်သောသူအားလည်း တံခါးကို ဖွင့်၏။*" ဤကျမ်းချက်များက ပြောနေသည်မှာ ဆုတောင်းခြင်းကို ဘုရားသခင် အဖြေပေးကြောင်း ဖြစ်သည်။ သို့တိုင်လည်း ကျွန်ုပ်တို့ တစ်ဦးချင်းစီတိုင်းက ကိ ယ်ဘဝအထဲ တွေးနေမိသည့်အချိန်အခါ ရှိနိုင်ပါသည်။ ၎င်းမှာ ဘုရားသခင်ထံ ဆုတောင်းရာ၌ အချိန်မှန်ကန်မှု၊ အချိန်ကောင်းဖြစ်မှု၊ အလွန်အကျွံလည်း တစ်ကိုယ်ကောင်းမဆန်ဘဲ အလိုတော်နှင့်အညီ ဖြစ်နေသည့်တိုင် ဆုတောင်း အဖြေ မရနိုင်ခြင်းဖြစ်သည်။

ဘုရားနှုတ်ကပတ်တော်က ပြောသည်မှာ ဆုတောင်းပါ။ တောင်းလျှင်ရမည် ဖြစ်၏။ သို့သော် ကျွန်ုပ်တို့၏ အတွေ့အကြုံအရ ကျွန်ုပ်တို့ ဆုတောင်းပါသည်။ မရဘူး ဖြစ်နေသည်။ ဘယ်ဟာ မှန်ပါသလဲ။ အဖြေက သင့်ကို အံ့သြစေ ပါလိမ့်မည်။ အဖြစ်မှန်သည် နှစ်ခုစလုံး အဖြေမှန် ဖြစ်နိုင်ခြေ ရှိနေသည်။ လူအများဆုံးက တွေးမိကြသည်။ ခဏနေပါဦး။ ဘုရားသခင်၏ နှုတ်ကပတ်တော် ပြောတာ ကိုယ်တော်အဖြေပေးမယ် ဆိုတယ်။ အဖြေပေးတာ ကျုပ်တို့ မတွေ့ရပါဘူး။ (ယော ၄း၂၄)၌ ပြောထားသည်။ "*ဘုရားသခင်သည် နံဂိညာဉ် ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သော သူတို့သည် နံဂိညာဉ်နှင့်၎င်း၊ သစ္စာတရားနှင့်၎င်း ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။*" ကျွန်ုပ်တို့၏ ဆုတောင်းခြင်း အဖြေများအတွက် ဘုရားသခင်သည် ဂိညာဉ်ရေးရာ နယ်ပယ်ထဲ၌ အလုပ်လုပ် ပေးနေသည်။ သို့သော် လက်တွေ့ထင်ရှားစေရန် ဆိုသည်မှာ ကျွန်ုပ်တို့အပိုင်း၌ ယုံကြည်ခြင်း လိုအပ်သည်။ ယုံကြည်ခြင်းသည် ဂိညာဉ်လောကမှ အရာများကို ယူ၍ ၎င်းတို့ကို ရုပ်လောကထဲ ပြောင်းရွှေ့ယူခြင်း ဖြစ်၏။ ၎င်းကို အခြေခံအားဖြင့် (ဟေဗြဲ ၁၁း၁)၌ ပြောထားသည်။ "*ယုံကြည်ခြင်းသည် မျှော်လင့်သည့်အရာကို မျက်မှောက်ပြုခြင်း ဖြစ်၏။ မမြင်သေးသောအရာကို သိမှတ်စွဲလမ်းခြင်း ဖြစ်၏။*"

ဤတွင် ယုံကြည်ခြင်းသည် သက်သေပြသောအရာများ မရှိဟု မဆိုပါ။ ၎င်းတို့ ရှိသည်။ သို့သော် ၎င်းတို့သည် ရုပ်လောကအားဖြင့် မြင်ရသောအရာ မဟုတ်ဘဲ၊ ဂိညာဉ်လောကအားဖြင့် မမြင်ရနိုင်သည် မဟုတ်ပါ။ ယုံကြည်ခြင်းသည် ဂိညာဉ်လောကကို ဖြတ်ကျော်၍ လက်ကမ်း ပေးပြီး၊ ရုပ်လောကထဲသို့ ထိုအရာများကို ရောက်ရှိလာစေ၏။

၎င်းသည် ရေဒီယိုနှင့် ရုပ်သံထုတ်လွှင်ခြင်းမျိုးကဲ့သို့ ဖြစ်သည်။ ရုပ်သံနှင့် ရေဒီယို ထုတ်လွှင့်ရုံများသည် တစ်သမတ်တည်း ထုတ်လွှင့်နေကြသည်။ သင်သည် အခန်း တစ်ခုထဲ ထိုင်နေရင်း ထုတ်လွှင့်ချက်များကို မြင်ရကြားရနိုင်သည် မဟုတ်။ သို့သော် ၎င်းတို့သည် သင့်အနီးတစ်ဝိုက်တွင် မရှိဟု မဆိုနိုင်ပါ။ သင်သည် ရေဒီယိုကိုဖွင့်၍ လိုင်းကို မိအောင် ဖမ်းလိုက် ပါလျှင်၊ သင်သည် ကြားရလိမ့်မည်။ ထိုအခါ ရေဒီယိုသည် သင်မမြင်ရသည့် နယ်ပယ်မှ ထုတ်လွှင့်ချက်ကို ဆွဲယူပြီး၊ သင်၏လူသားနားနှင့် ကြားနိုင်သော နယ်ပယ်ထဲသို့ ပြန်လည် ထုတ်လွှင့် ပေးလိုက်ပါသည်။ သင်၏ဆုတောင်းခြင်းကို ဘုရား အဖြေပေးသည်မှာ ထိုသို့ အလားတူသော နည်းလမ်းနှင့် ဖြစ်သည်။ ကိုယ်တော်သည် ဂိညာဉ် နယ်ပယ်ထဲ၌ ထိုအရာများ ပေးလာပြီး၊ သင်သည် ယုံကြည်ခြင်းအားဖြင့် ဆွဲယူ၍ ရုပ်လောကထဲသို့ ယူလာရမည် ဖြစ်သည်။ ရုပ်လောကနှင့် ဂိညာဉ်လောကသည် အချင်းချင်းပြိုင်တူ ရွေ့လျားနေကြသည်။ ဘုရားသခင်သည် ရွေ့လျားတော်မူပြီး၊ သင့်ဆုတောင်းချက်ကို အဖြေပေး နေသော်လည်း၊ သင်သည် မမြင်ရသော ဂိညာဉ် နယ်ပယ်နှင့် ကျွန်ုပ်တို့နေထိုင်သည့် ရုပ်လောကအကြား ဟာကွက်ကို ယုံကြည်ခြင်း တံတား မထိုးမချင်း၊ ၎င်းတို့ကို ရုပ်ပိုင်းဆိုင်ရာအနေနှင့် သင်ဘယ်သောအခါမျှ မြင်ရလိမ့်မည် မဟုတ်ပါ။

ဥပမာအားဖြင့်၊ ဘုရားသခင်၏လူ ပရောဖက်ဒံယေလသည် ဗျာဒိတ်တော် ဖွင့်ပေးပါရန် ဘုရားသခင်ထံ ဆုတောင်းလျက်နေ၏။ ဤအချိန်အတွက် ဇာတ်လမ်းကို ကျွန်ုပ် အတိုချုံးရပါမည်။ ထာဝရဘုရားသည် ကောင်းကင်တမန် ဂါဗြေလကိုလွှတ်၍၊ ဒံယေလ ထံပေါ် လာပြီး၊ ဆုတောင်း အဖြေကို ပေးလေ၏။ (ဒံယေလ ၉း၂၂-၂၃)၌ ဆိုပါသည်။ *"ဂါဗြေလသည်၊… နှုတ်ဆက်လျက်၊ အချင်း ဒံယေလ၊ ငါသည် သင်၌ ဉာဏ်ပညာ တိုးပွားစေမည်အကြောင်း ထွက်လာပြီ။ သင်သည် ဆုတောင်းစပြုသောအခါ အမိန့်တော်ရှိသည်ဖြစ်၍၊ သင့်အား ကြားပြောခြင်းငှါ၊ ငါရောက်လာပြီ။ သင်သည် အလွန်ချစ်အပ်သောသူ ဖြစ်၏။ ထိုကြောင့် ဗျာဒိတ်တော် အချက်ကို ဆင်ခြင်၍ နားလည်ရသော အခွင့်ရှိ၏။"* အဓိကအချက် ဤသို့ဖြစ်၏။ ဂါဗြေလ ပြောသည်မှာ၊ ဒံယေလ စတင်ဆုတောင်းနေစဉ် ဘုရားသခင်ထံမှ အမိန့်တော်ရောက်၍ သူ့အတွက် ဆုတောင်းအဖြေကို ယူလာပေးရခြင်းဟု ဆိုသည်။ အကယ်၍ ဆုတောင်းအဖြေ ရောက်လာဖို့ အချိန်မည်မျှ ကြာသည်ကို သင်သည် ဖတ်ကြည့်လျှင်၊ အချိန်သုံးမိနစ်ကြာသည်ကို တွေ့ရမည်။ ဘုရားသခင်၏ အမိန့်တော်နှင့် ရုပ်ပိုင်းဆိုင်ရာ ထင်ရှားစေခြင်းအကြား နောက်ကျအချိန် သုံးမိနစ်မျှသာ ဖြစ်သည်။

ကျွန်ုပ်တို့သည် အထင်သက်သက်များစွာ ပြောကြသည်မှာ ဘုရားသခင်သည် အမှန်တကယ် ဘုရားဖြစ်လျှင် ကိုယ်တော့်အလိုတော် တစ်စုံတစ်ရာသည် လက်ဖျောက်တီးပြီး နေရမည် မဟုတ်လော။ သို့သော် ထိုအပြော မမှန်ပါ။ ဤဖြစ်ရပ်၌ ဘုရားသခင် အမိန့်ပေးလိုက်သည်။ သို့သော် ဂါဗြေလ အတွက် အကွာအလှမ်းကို ခြုံငုံမိစေဖို့ ပျမ်းမျှ သုံးမိနစ် အချိန်ယူရသည်။ ဤတွင် အကြောင်း ပြချက် အားလုံးကို ကျွန်ုပ် မပြောနိုင်ပါ။ တကယ်လည်း မလိုအပ်ပါ။ ကျွန်ုပ် ရှင်းပြလိုသော အချက်မှာ ဘုရားသခင် အမိန့်တော်ပေးပြီး သည့်အချိန်မှစ၍ လက်တွေ့ထင်ရှားခြင်း မတိုင်မီ နောက်ကျချိန် ပျမ်းမျှသုံးမိနစ်ခန့်

ရှိသည့်အကြောင်း ဖြစ်သည်။ ယခု ၎င်းသည် ဆုတောင်းခြင်း အဖြေရဖို့ အကြာဆုံး အချိန်ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည် ဆိုပါလျှင်၊ ကျွန်ုပ်တို့ လူအများဆုံးက ဆုပ်ကိုင်ထားသင့်ကြပါသည်။ သို့သော် ဤအတိုင်းလည်း အမြဲတမ်း မဟုတ်ပါ။

ဒံယေလအခန်းကြီး (၁၀) တွင် ထိုသူပင် ဆုတောင်းခြင်းပြုလေရာ၊ ဒီတစ်ခါ အဖြေ ရောက်လာဖို့အတွက် အချိန်သုံးပတ်ကြာခဲ့သည်။ လူအတော်များများ ဒါကို ဖတ်မိပြီး ပြောကြ လိမ့်မည်။ *"ဘုရားသခင်က ဒံယေလ ဆုတောင်းခြင်းတစ်ခုကို သုံးမိနစ်အကြာမှာ အဖြေပေးပြီး၊ နောက်တစ်ခုကျတော့ သုံးပတ်ကြာမှ ဘာလို့အဖြေ ပေးရတာတုန်း။"* (ဒံယေလ ၁၀း၁၁-၁၂)၌ ပြောပါသည်။ *"သူကလည်း၊ အလွန် ချစ်အပ်သောသူ ဒံယေလ၊ ငါ့စကားကို နားလည်အံ့သောငှါ မတ်တပ် နေလော့။ သင်ရှိရာသို့ ငါ့ကို စေလွှတ်တော်မူ၍ ယခု ငါလာပြီဟု ဆိုလျှင်၊ ငါသည် တုန်လှုပ်လျက် မတ်တပ်နေ၏။ ထိုအခါ သူကလည်း၊ အချင်း ဒံယေလ၊ မကြောက်နှင့်။ သင်သည် နားလည်ခြင်းငှါ၎င်း၊ သင်၏ဘုရားရှေ့မှာ ကိုယ်ကိုကိုယ် ဆုံးမခြင်းငှါ၎င်း၊ စိတ်ပြဌာန်းသော ပထမနေ့ မှစ၍ သင်၏စကားကို ကြားတော်မူပြီ။ ထိုစကားကြောင့်လည်း ငါ ရောက်လာပြီ။"* ဤတွင် ပြောသည်မှာ၊ ဘုရားသခင်သည် ဒံယေလဆုတောင်းသော ပထမဆုံးနေ့ ကတည်းကပင် တမန်ကို စေလွှတ်ခဲ့သည့်အကြောင်း ဖြစ်သည်။ သို့သော် ဆုတောင်းအဖြေ လက်တွေ့ ထင်ရှားစေရန် အချိန်သုံးပတ် ကြာခဲ့သည်။ ဘုရားသခင်သည် သစ္စာတည်သော ဘုရား ဖြစ်သည်။ သမ္မာကျမ်းစာအထဲ ပြောသည်မှာ ကိုယ်တော်သည် မနေ့ ယနေ့ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏ ဟူ၍ ဖြစ်သည်။ (ဟေပြဲ ၁၃း၈)။

အကယ်၍ သင်သည်၊ ဒံယေလအခန်းကြီး အတူတကွထားလေ့လာလျှင်၊ ဆုတောင်းခြင်း နှစ်ခုစလုံး၏ အဖြေကို ချက်ချင်း ဘုရားသခင် အဖြေ ပေးခဲ့သည်ဟု ကျွန်ုပ် ယုံကြည်သည်။ တစ်ခုသည် သုံးမိနစ်ကြာပြီး၊ အခြားတစ်ခုမှာ သုံးပတ်ကြာသည်မှာ၊ ဘုရားသခင်သည် မူသေမဟုတ်ခြင်းကို လိုလားတော်မူခြင်း ဖြစ်လိမ့်မည်။ ကျွန်ုပ်ပြောလိုသည့် အချက် ဤသို့ဖြစ်သည်။ ဘုရားသခင်သည် ဆုတောင်းခြင်းများကို အဖြေပေးသည်။ အရာခပ်သိမ်းကို ကိုယ်တော် ဖန်ဆင်းတော်မူ၏။ သို့သော် ဆုတောင်းခြင်းကို ကိုယ်တော် အဖြေပေးသော အချိန်နှင့် အဖြေသည် သင့်၌ ထင်ရှားလာခြင်းအကြား၊ ဖြစ်လာနိုင်သည့် အပြောင်းအလဲများစွာ ရှိနေတတ် ပါသည်။ သင်သည် ယုံကြည်ရမည်။ ယုံကြည်ခြင်းသည် ဝိညာဉ်နယ်မြေအထဲသို့ ရောက်ရှိပြီး၊ ရုပ်ပိုင်းဆိုင်ရာနယ်မြေထဲသို့ အဖြေကို ယူဆောင်လာဖို့ ဖြစ်သည်။ ထို့ကြောင့် ယုံကြည်ခြင်းသည် အလွန်အရေးကြီးသော ပါဝင်ပစ္စည်းတစ်ခု ဖြစ်ပေ၏။

ထို့အတူ၊ ဒံယေလအခန်းကြီး(၁၀) အငယ်(၁၃)တွင်လည်း တွေ့ နိုင်သည်။ *"ပေရသိနိုင်ငံကို အစိုးရသော မင်းမူကား၊ အရက် နှစ်ဆယ့်တစ်ရက်ပတ်လုံး ငါ့ကို ဆီးတား၏။ နောက်တစ်ခါ အမြတ်ဆုံးသော မင်းစုထဲက မိက္ခေလသည် ငါ့ကို အကူလာ၍ ငါသည် လည်း ထိုအရပ်၌ ပေရသိ မင်းကြီးတို့ထံမှာ ဆိုင်းလင့်၍ နေရ၏။"* ဤအရာသည် လူသားပုဂ္ဂိုလ် တစ်ယောက်အကြောင်း ပြောဆိုနေ ခြင်း မဟုတ်ဘဲ၊ နတ်ဆိုး အနှောင့်အယှက် တစ်ခု ဖြစ်သည်။ စာတန်သည် ဖြစ်စဉ်အတွင်း အခြား အပြောင်းအလဲတစ်ခု ဖြစ်နေသည်။ တစ်ခါတစ်ရံ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်း အဖြေကိုပေးလာသော်လည်း၊ စာတန်သည် အခြားသော သူများမှတစ်ဆင့် ၎င်းကိုတားဆီးပါသည်။ နမူနာအနေနှင့် သင်သည် သင့်ဘဏ္ဍာငွေကြေးအတွက် ယုံကြည်ခြင်းရှိသော်လည်း၊ ဘုရားသခင်သည် ကိုယ်တော်တိုင် သင့်အား ငွေလာပေးမည်တော့ မဟုတ်ပါ။ ကိုယ်တော်သည် အမေရိကန်ငွေစက္ကူ

(သို့မဟုတ်) ဤလောကကမ္ဘာ၏ ငွေကြေးများကို အတုအပပြုလုပ်မည်လည်း မဟုတ်ပါ။ ကိုယ်တော်သည် ငွေကို မိုးပြတင်းဖွင့်၍ချ ပေးခြင်း၊ သင့်အိပ်ကပ်ထဲ ရောက်စေခြင်းမျိုးတို့ကို လုပ်ပေးသွားမည် မဟုတ်ပါ။ (ရှင်လုကာ ၆း၃၈) က ပြောထားသည်။ *"သူတစ်ပါးအား ပေးကြလော့။ ပေးလျှင် သူတစ်ပါးသည် သင်တို့အား ပေးကြလိမ့်မည်။ အမှန် ခြင်ရုံမျှမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက် ရှိခြင်းနှင့်၊ သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။"* ဘုရားသခင်သည် လူပ်ရှားတော်မူ၍ သင့်ဆုတောင်းအဖြေကို ပေးလိမ့်မည်။ သို့သော် လူတွေဆီက တစ်ဆင့်သာ ရောက်လာမည် ဖြစ်သည်။ လူအချို့သည် လောဘနှင့် နှောင်ဖွဲ့နေတတ်ကြသည်။ ထိုသူတို့သည် သင်နှင့် စိတ်ဆိုးခြင်း (သို့မဟုတ်) သူတို့အား စိတ်အနှောင့်အယှက် ဖြစ်စေရန် သင် လုပ်ဆောင်နေခြင်း ရှိလျှင်၊ စာတန်မာရ်နတ်သည် သူတို့မှတစ်ဆင့် သင့်ဆုတောင်းအဖြေ ထင်ရှားစေခြင်းကို တားဆီးပါတော့သည်။ သင်သည် ဆုတောင်းသောအခါ၊ အထူးသဖြင့် ဘဏ္ဍာငွေအတွက်ဆိုလျှင်၊ အခြားလူတချို့သည် သင့် ငွေဘဏ္ဍာရေး အတွက် နိမိတ်လက္ခဏာ ဖြစ်နိုင်ကြောင်း သိမှတ်လက်ခံထားရမည် ဖြစ်ပြီး၊ သူတို့ အတွက်လည်း သင်သည် ဆုတောင်းပေးရပါမည်။

ဘုရားသခင်သည် သစ္စာတည်တော်မူသည်။ ကိုယ်တော်သည် နှုတ်ကပတ်တော် အခြေခံလျက် ယုံကြည်ခြင်း၌ ဆုတောင်းကြသည့် ဆုတောင်းခြင်း မည်သည့်တစ်ခုကိုမဆို မပျက်မကွက် အဖြေပေးတော်မူ ပါသည်။ ကိုယ်တော်သည် အမြဲအဖြေပေး ပါသော်လည်း၊ သင်သည် အခြားအပြောင်းအလဲအပေါ် တည်လျက် လာသောကြောင့်၊ အဖြေထင်ရှားခြင်းကို သင်သည် မမြင်နိုင် ဖြစ်နေရ၏။ ဤစာတမ်းသည် သင့်ယုံကြည်ခြင်းကို တည်ဆောက်ရန် အကူအညီ ရပါစေကြောင်းနှင့်၊ ဘုရားသခင်သည် သင့်ဆုတောင်းခြင်းများ အတွက်အမြဲအဖြေပေးနေသည်ကို သင်သည် အသိရှိထားမည်ဖြစ်ကြောင်း ကျွန်ုပ် ဆုတောင်းပေးလိုက်ပါသည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (မဿဲ ၇း၇-၈)ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဆုတောင်းကြလျှင်၊ ဘုရားသခင်ဆီက ဘာကို မျှော်လင့်နိုင်ကြသနည်း။

**မဿဲ ၇း၇-၈** - *"တောင်းကြလော့။ တောင်းလျှင် ရမည်။ ရှာကြလော့။ ရှာလျှင် တွေ့မည်။ တံခါးကို ခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။ တောင်းသောသူမည်သည်ကား ရ၏။ ရှာသောသူလည်း တွေ့၏။ ခေါက်သောသူအားလည်း တံခါးကို ဖွင့်၏။"*

၂။ (မဿဲ ၇း၇-၈)ကို ဖတ်ပါ။ ဘုရားသခင်ထံ ကျွန်ုပ်တို့ ဆုတောင်းလျှင်၊ ကျွန်ုပ်တို့ ဘာ မျှော်လင့်နိုင် ကြသနည်း။

၃။ (မဿဲ ၇း၇-၈)ကို ဖတ်ပါ။ ကျွန်ုပ်တို့ တံခါးခေါက်လျှင်၊ ဘာဖြစ်လာဖို့ ကျွန်ုပ်တို့ မျှော်လင့်ထား ကြသနည်း။

၄။ (ယော ၁၀း၃၅)ကို ဖတ်ပါ။ ဘုရားသခင်သည် ကိုယ်တော့်နှုတ်ကပတ်စကား၌ ကတိတော် ရှိသည်ထက် တစ်ခုခု လျော့၍ ပေးလိမ့်မည်လော။

**ယော ၁၀း၃၅** - *"ဘုရားသခင်၏ ဗျာဒိတ်တော်ကို ခံရသောသူတို့ကို ဘုရားဟူ၍ ခေါ်ရလျှင်၎င်း၊ ကျမ်းစကားကို မပယ်ရလျှင်၎င်း၊..."*

၅။ (ယာကုပ် ၄း၁-၃)ကို ဖတ်ပါ။ ဘုရားသခင်ထံမှလက်ခံခြင်းအတွက် ဤလူများ ဘာကြောင့် နှောင့်ယှက်ကြသနည်း။

**ယာကုပ် ၄း၁-၃** -*"သင်တို့တွင် စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း။ သင်တို့အင်္ဂါများ၌စစ်ပြိုင်သော ကိလေသာ ကာမစိတ်ကြောင့် ဖြစ်သည် မဟုတ်လော။ သင်တို့သည် တပ်မက်၍ မရကြ။ လူအသက်ကို သတ်၍၎င်း၊ အလွန်လိုချင်သော လောဘစိတ် ရှိ၍၎င်း အလိုမပြည့်စုံနိုင်ကြ။ ရန်တွေ့ခြင်း၊ စစ်တိုက်ခြင်းကို လည်း ပြု၍ မရကြ။ အကြောင်းမူကား၊ ဆုမတောင်းဘဲ နေကြ၏။ ဆုတောင်းလျှင်လည်း ကာမဂုဏ်ခံစားစရာဖို့ ရှိစေခြင်းငှါ အလွဲတောင်း သောကြောင့် မရကြ။*

၆။ (၁ ပေ ၃း၇)ကို ဖတ်ပါ။ သင်သည် သင့်အပေါင်းအဖေါ်ကို မတရားဆက်ဆံလျှင်၊ သင့်ဆုတောင်းခြင်းအသက်တာ၌ ဘာအကျိုး ထွက်လာမည်နည်း။

**၁ ပေ ၃း၇** - *"ထိုနည်းတူ၊ ယောကျ်ားတို့၊ ဆုတောင်းခြင်းအမှု၌ အဆီးအတား မရှိစေခြင်းငှါ၊ အသက်ရှင်ခြင်း ကျေးဇူးတော်ကို ဆက်ဆံ၍ အမွေခံရသောသူချင်းကဲ့သို့၊ သတိပညာနှင့်လျော်စွာ၊ ကိုယ်ခင်ပွန်းနှင့်အတူနေ၍ အားနည်းသူကို ပြု သင့်သည်အတိုင်း သူ့ကို စောင့်မ ပြုစုကြလော့။"*

၇။ (၁ ယော ၅း၁၄-၁၅)ကို ဖတ်ပါ။ သင့် ဆုတောင်းခြင်းအဖြေရရန် အဓိကသော့ချက်သည် ဘာလဲ။

**၁ ယော ၅း၁၄-၁၅** - *"ငါတို့သည် ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား၊ ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံ တစ်ခုသောဆုကို တောင်းလျှင်၊ ဘုရားသခင်သည် နားထောင် တော်မူ၏။ ဆုတောင်းသမျှသော စကားတို့ကို နားထောင်တော်မူသည်ကို ငါတို့သိလျှင်၊ အထံတော်၌ တောင်းသောဆုတို့ကို ရမည်ဟု သိရကြ၏။"*

၈။ (မာကု ၁၁း၂၄)ကို ဖတ်ပါ။ သင် ဆုတောင်းသောအခါ၊ သင်သည် ဘာလုပ်ရသနည်း။

**မာကု ၁၁း၂၄** - *"ထို့ကြောင့် ငါဆိုသည်ကား၊ သင်တို့သည် ဆုကျေးဇူးကို ရမည်ဟု ယုံကြည်သော စိတ်နှင့် ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။"*

# အဖြေ သော့ချက်

၁။ (မဿဲ ၇း၇-၈)ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဆုတောင်းကြလျှင်၊ ဘုရားသခင်ဆီက ဘာကို မျှော်လင့်နိုင်ကြသနည်း။
**လက်ခံရရှိရန် ကျွန်ုပ်တို့ မျှော်လင့်နိုင်ကြသည်။**

၂။ (မဿဲ ၇း၇-၈)ကို ဖတ်ပါ။ ဘုရားသခင်ထံ ကျွန်ုပ်တို့ ဆုတောင်းလျှင်၊ ကျွန်ုပ်တို့ ဘာမျှော်လင့်နိုင်ကြသနည်း။
**ရှာတွေ့ရန်**

၃။ (မဿဲ ၇း၇-၈)ကို ဖတ်ပါ။ ကျွန်ုပ်တို့ တံခါးခေါက်လျှင်၊ ဘာဖြစ်လာဖို့ ကျွန်ုပ်တို့ မျှော်လင့်ထားကြသနည်း။
**ကျွန်ုပ်တို့အား ဖွင့်ပေးမည်ဆိုသည်ကို**

၄။ (ယောဟ ၁၀း၃၅)ကို ဖတ်ပါ။ ဘုရားသခင်သည် ကိုယ်တော့်နှုတ်ကပတ်စကား၌ ကတိတော်ရှိသည်ထက် တစ်ခုခု လျော့၍ ပေးလိမ့်မည်လော။
**မလျော့ပါ။**

၅။ (ယာကုပ် ၄း၁-၃)ကို ဖတ်ပါ။ ဘုရားသခင်ထံမှလက်ခံခြင်းအတွက် ဤလူများ ဘာကြောင့် နှောင့်ယှက်ကြသနည်း။
**သူတို့ရည်ရွယ်ချက်နှင့် စိတ်နှလုံးသည် မှားယွင်းခြင်းရှိ၏။ အရာအားလုံးသည် သူတို့နှင့် သက်ဆိုင်ပြီး သူတို့အတွက် ဖြစ်၏။ လုံး၀တစ်ကိုယ်ကောင်း ဆန်ခြင်းသည် သူတို့၏ အကြောင်းရင်း ဖြစ်နေသည်။**

၆။ (၁ ပေ ၃း၇)ကို ဖတ်ပါ။ သင်သည် သင့်အပေါင်းအဖေါ်ကို မတရားဆက်ဆံလျှင်၊ သင့်ဆုတောင်းခြင်း အသက်တာ၌ ဘာအကျိုး ထွက်လာမည်နည်း။
**သင့်ဆုတောင်းခြင်းများသည် အနှောင့်အယှက် ဖြစ်လာ၏။**

၇။ (၁ ယော ၅း၁၄-၁၅)ကို ဖတ်ပါ။ သင့် ဆုတောင်းခြင်းအဖြေရရန် အဓိကသော့ချက်သည် ဘာလဲ။
**အလိုတော်နှင့်အညီ ဆုတောင်းပါ။**

၈။ (မာကု ၁၁း၂၄)ကို ဖတ်ပါ။ သင် ဆုတောင်းသောအခါ၊ သင်သည် ဘာလုပ်ရသနည်း။
**သင် လက်ခံရရှိကြောင်းကို ယုံကြည်ပါ။ သို့ဆိုလျှင် သင် လက်ခံရလိမ့်မည်**

# တပည့်တော်ဖြစ်
# သာသနာပြုလုပ်ငန်းသင်တန်း

အဆင့် ( ၃ )

သင်ခန်းစာ ( ၁၆ )

# မာတိကာဇယား

## အဆင့် ( ၃ )


| | |
|---|---|
| သင်ခန်းစာ (၁) ဘုရားသခင့် အကျိုးဖြစ်ထွန်းမှု | 3-229 |
| သင်ခန်းစာ (၂) သင်းအုပ်တို့ ဆုကျေးဇူး အသုံးပြုခြင်း | 3-236 |
| သင်ခန်းစာ (၃) တန်ခိုးနိမိတ်များက ဘုရားဘုန်းတော်ထင်ရှားစေသည်။ | 3-243 |
| သင်ခန်းစာ (၄) ဘုရားဂုဏ်၌မွေ့လျော်သောဆက်ဆံရေး၏ တန်ခိုးအစွမ်း | 3-252 |
| သင်ခန်းစာ (၅) ညှဉ်းပန်းနှိပ်စက်ခြင်း | 3-258 |
| သင်ခန်းစာ (၆) ဘုရင် နှင့် ဘုရင်၏နိုင်ငံတော | 3-265 |
| သင်ခန်းစာ (၇) ကယ်တင်ခြင်း၊ ယုံကြည်ခြင်း၏ ရည်ရွယ်ချက် | 3-276 |
| သင်ခန်းစာ (၈) ဘုရားပညတ်တော်တို့ကို မှန်ကန်စွာလိုက်နာခြင်း | 3-282 |
| သင်ခန်းစာ (၉) ပညတ်တရားအောက်၌ မရှိဘဲ ကျေးဇူးတော်အောက်၌ ရှိခြင်း | 3-290 |
| သင်ခန်းစာ (၁၀) အပြစ်တရားစွဲ ဦးနှောက် မလိုအပ်တော့ပါ။ | 3-297 |
| သင်ခန်းစာ (၁၁) ကျွန်ုပ် အချစ်ခံရပြီ။ ကျွန်ုပ် လှပလို့ နေသည်။ | 3-307 |
| သင်ခန်းစာ (၁၂) ကယ်တင်ခြင်းအကျိုးတရား (အပိုင်း - ၁) | 3-314 |
| သင်ခန်းစာ (၁၃) ကယ်တင်ခြင်းအကျိုးတရား (အပိုင်း - ၂) | 3-323 |
| သင်ခန်းစာ (၁၄) တပည့်တော်အဖြစ်သို့ ခေါ်ယူခြင်း | 3-331 |
| သင်ခန်းစာ (၁၅) သက်သေခံချက်ကို အသုံးပြုနည်း | 3-339 |
| သင်ခန်းစာ (၁၆) လူတိုင်း၏ဆုကျေးဇူးကို အသုံးပြု၍ တပည့်တော်ဖြစ်စေခြင်း | 3-349 |

## သင်ခန်းစာ ( ၁ )

# ဘုရားသခင့် အကျိုးဖြစ်ထွန်းမှု

သင်သည် အခြားသူတို့ကို အစေခံ အမှုဆောင်နေခြင်း မှတစ်ဆင့်၊ ဘုရားသခင်၏ စီးဆင်းခြင်းကို မည်သို့စတင်နိုင်ကြောင်း တစ်စုံတစ်ရာကို ကျွန်ုပ်ဝေငှ သွားလိုပါသည်။ သင်၌ တန်ခိုးနှင့်အတူ ဘုရားသခင်၏ ဘိသိက်ခံရခြင်း ရှိသော်လည်း၊ ၎င်းတို့ကို သူတစ်ပါးထံ မည်သို့ မျှဝေပေးနိုင် ပါမည်နည်း။ ဤတွင် သင် စတင်လုပ်ဆောင်ဖို့ သမ္မာတရားကျမ်းချက် အတော်များများ ရှိပါသည်။ ဖိလေမုန်- ၆ ၌ ရှင်ပေါလု ပြောပါသည်။ *"သင်သည် ယုံကြည်ခြင်းကို ဆက်ဆံသော အရှိန်ကြီး၍၊ သူတစ်ပါးတို့သည် ယေရှုခရစ်အဖို့ အလို့ငှါ၊ ငါတို့၌ ကောင်းသောအရာရှိသမျှတို့ကို ဂန်ခံမည်အကြောင်း ငါ ဆုတောင်းပဌနာပြု၏။"* သူတစ်ပါးကို သင်မှတစ်ဆင့် ဘုရားသခင်၏ စီးဆင်းမှု ရှိစေသော ပထမဦးဆုံး ခြေလှမ်းသည် သင့်အတွင်း၌ ကောင်းသော အရာများရှိကြောင်း ဦးစွာ သင်အသိအမှတ်ပြုရမည် ဖြစ်သည်။ သင်၌ မရှိသည်များကို သင်သည် ပေးပစ်နိုင်၏။ သို့သော် သင့်အတွင်း၌ ရှိနေသည်ကို သင်သည် သိလိုက်သည်နှင့်တစ်ပြိုင်နက် အရာများစွာသည် အလိုအလျောက် စတင်ဖြစ်ပျက်လာပါသည်။ သင့်ဘဝထဲ ဘုရားသခင် ပြုတော်မူခဲ့သမျှကို သက်သေခံ ပြောဆို၍သင့် စိတ်ဓာတ် တက်ကြွနေသည်ကို သူတစ်ပါးတို့အား ဝေမျှပေးလာနိုင်သည်။ ထိုသို့ဖြင့် လူအချို့သည် အလိုအလျောက် အကူအညီ ရလာပါလိမ့်မည်။

(၁ ယော ၄း၇-၈)၌ ဤသို့ပြောသည်။ *"ချစ်သူတို့၊ ငါတို့သည် အချင်းချင်း ချစ်ကြ ကုန်အံ့။ အကြောင်းမူကား၊ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့် စပ်ဆိုင်၏။ ... ဘုရားသခင် ဖြစ်ဖွားတော်မူသောသူ ဖြစ်၏။ ဘုရားသခင်ကို သိသောသူလည်း ဖြစ်၏။.... အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။"* အခြားသူများဆီသို့ သင့်ထံမှ မေတ္တာတရား စီးဆင်းသွားမှုကို ဘယ်အချိန် မဆို သင်အနေနှင့် ခံစားမိခြင်းသည်၊ ၎င်းမှာ၊ သင့်ထံမှ ထိုသူတို့ဆီသို့ ဘုရားသခင်၏ မေတ္တာတော်စီးဆင်းသွားခြင်း ဖြစ်ပေသည်။ အမှန်တော့ "ချစ်ခြင်းမေတ္တာ" အတွက် ဂရိစကားလုံးအားဖြင့် အဓိက(၄)လုံးရှိလေရာ အမြင့်ဆုံးသည် agape မေတ္တာ ဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ သဘာဂလွန် မေတ္တာတော်အမျိုးအစား ဖြစ်သည်။ တစ်ယောက်ယောက်ကို ကြိုက်သည် (သို့မဟုတ်) လိုလားသည်နှင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ အဆင့်မြင့်ပုံစံတို့အကြား ခြားနားမှုကို သင် လက်ခံဖို့လိုအပ်ပါသည်။ လူတစ်ယောက်ယောက် ဆီသို့ သင့်ထံမှဘုရားသခင်၏ မေတ္တာတော် စီးဆင်းသွားသည်ကို သင် သိမြင်သည့်အချိန် ဘယ်အခါဖြစ်ဖြစ်၊ ၎င်းသည် ကိုယ်ကျိုးရှာ ခြင်းမဟုတ်ဟူ၍ ဖြစ်သည်။ သင်သည်၊ ဘုရားသခင့် မေတ္တာတော် အမျိုးအစား၏ အရည်အချင်းကို ပြောထားသည့်၊ (၁ ကော ၁၃း၄-၈) ကိုဖတ်ရှုကြည့်ခြင်းအားဖြင့်၊ မှန်ကန်ကြောင်း အတည်ပြု နိုင်သည်။ သင်သည် ချစ်ခြင်းဟူ၍ ခေါ်ဆိုလိုက်သည်ကို စိစစ်ကြည့်ဖို့လိုပြီး၊ ဘုရားသခင်၏ မေတ္တာတော် အမျိုးအစား အမှန်ဖြစ်ကြောင်းကို သေချာစေရမည်။ ထိုမေတ္တာတော်သည် တစ်ကိုယ်ကောင်းမဆန်၊ (သို့မဟုတ်) ကိုယ်အကျိုးကို မရှာတတ်ပါ။ ဆိုလိုသည်မှာ သင့်ကို သူတို့က ဖြည့်ဆည်း ပေးနိုင်သောကြောင့် လူတစ်ယောက်ကို သင်ချစ်သည်မျိုး မဟုတ်ပါ။ သင်သည် ဤကဲ့သို့ ကြီးထွားလာပြီး၊ ကိုယ်တော့်မေတ္တာတော်အမျိုးအစားကို ခွဲခြားသိမြင်သည်ဆိုလျှင် ထို့နောက် တစ်စုံတစ်ယောက်ယောက်

ဆီသို့လည်း သင့်ထံမှ စီးဆင်းသွားသည်ဟု သင် ခံစားရလျှင် ၎င်းမှာ ဘုရားသခင် လှုပ်ရှားနေခြင်းဖြစ်၏။ သင်သည် တစ်စုံတစ်ယောက်အတွက် သင့်ဆီမှ ဘုရား မေတ္တာတော် စီးဆင်းသွားသည်ဟု သိမြင်သည်နှင့်ချက်ချင်း သင့် အနေနှင့် လုပ်ရမည့် အရာတစ်ခုမှာ အားပေးစကားလုံးအချို့နှင့်ပြောဆိုခြင်း (သို့မဟုတ်) အပြုအမူတစ်ခုခုနှင့် လိုက်ပါ သွားရန် ဖြစ်သည်။ ထို့ကြောင့် တစ်ခုခု လုပ်ဆောင်ပါ။

ကျွန်ုပ်ဆုတောင်းနေစဉ် ကျွန်ုပ်စိတ်ထဲသို့ လူတစ်ယောက် ရောက်လာသည့် အခါမျိုး ရှိတတ်ပါသည်။ ကျွန်ုပ်သည် သူတို့အတွက် ဘုရားသခင်၏ မေတ္တာတော်နှင့် ကရုဏာတရားမျိုး ထားရလိမ့်မည်။ ဤသို့ဖြစ်လာဖို့ အကြောင်းပြချက်ကို ကျွန်ုပ်ရှာမတွေ့ပါ။ သဘာဝ လွန်ဖြစ်စဉ် ဖြစ်သည်။ ကျွန်ုပ်သည် ထိုသူကို ဖုန်းနှင့်ခေါ်ဆိုခြင်း၊ စာရေးခြင်း (သို့မဟုတ်) နည်းလမ်းတချို့ နှင့် ဆက်သွယ်ခြင်းပြု၍ လေ့လာခဲ့ပါသည်။ အကြိမ်တိုင်း အားလုံးနီးပါးမှာပဲ ထိုသူတို့ ပြောတတ် ပါသည်။ "မိတ်ဆွေ၊ မင်းဆီကတစ်ဆင့် ဘုရားသခင် ငါ့ကို စကားပြောတာပဲ။ ဒီနည်းနဲ့ ငါ့ဘဝကို ဘုရားသခင် ထိတွေ့လာတယ်။" ဒါ ဘယ်လို ဖြစ်သည်ဆိုတာ သင် သိပါသလား။ ထိုသို့ ဖြစ်ရ သည့် အကြောင်းမှာ၊ ဤမေတ္တာတော်ကို ကျွန်ုပ်ခံစားမိသည်။ ဘုရားဂုဏ်၌မွေ့လျော်သော ဤ အကြင်နာ မေတ္တာသည် ထိုသူ့ဆီသို့ ကျွန်ုပ်ထံမှ စီးဆင်းသွားသည်။ ထိုသို့ ယခု ကျွန်ုပ် စိတ်ခံစားမိ သောအခါ၊ ကျွန်ုပ် သိလိုက်သည်မှာ၊ ထိုအရာသည် ကျွန်ုပ် မဟုတ်ဘဲ၊ ဘုရားသခင် ဖြစ်၏။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူသည်။ ကျွန်ုပ်သည် အခြားသူကို ချစ်သောအခါ၊ ၎င်းမှာ ကိုယ် တော်သည် ကျွန်ုပ်မှတစ်ဆင့် အခြားသူကို ချစ်တော်မူခြင်း ဖြစ်ပေသည်။ ဤနည်းလမ်းဖြင့် ယေရှု အစေခံပြုစုတော်မူခဲ့သည်။ (မဿဲ ၁၄း၁၄)၌ ပြောထားသည်။ "*ယေရှုသည် ထွက်ကြွ၍ လူအပေါင်းတို့ကို တွေ့မြင်တော်မူလျှင်၊ သနားခြင်းစိတ်ရှိ၍ လူနာရှိသမျှတို့ကို ချမ်းသာပေးတော်မူ၏။*" ယေရှုမှတစ်ဆင့် ဘုရားသခင့် တန်ခိုးတော် စီဆင်းသည့် နည်းလမ်းသည် ကိုယ်တော်အစေခံ ပြုစုနေသော လူတို့၌ ကိုယ်တော်ခံစားရသည့် သနားခြင်း ချစ်မေတ္တာစိတ်မှတစ်ဆင့် ဖြစ်သည်။ (မဿဲ ၈း၂-၃) ၌ ဂျူးပညတ်ချက်အရ မသန့်ရှင်း၍ မကိုင်မထိရသော နူနာစွဲသူတစ်ယောက် (မည်သူ တစ်ဦး တစ်ယောက်မျှ သူ့ဆီသို့လာ၍ မတို့ထိရ။ တို့ထိသူသည် ညစ်ညမ်းပြီး သူတို့ ကိုယ်တိုင် မသန့်မရှင်း ဖြစ်လိမ့်မည်) သည် အသံကိုလွှင့်ပြီး၊ အဝေးမှ ယေရှုကို အော်ပြောနေသည်။ "*သခင် အလိုတော်ရှိလျှင် ကျွန်တော်ကို သန့်ရှင်းစေနိုင်တော်မူသည်ဟု လျှောက်လေ၏။ ယေရှုကလည်း ငါအလို ရှိသည်။ သန့်ရှင်းခြင်းသို့ ရောက်စေဟု မိန့်တော်မူလျက်၊ လက်တော်ကိုဆန့်၍ ထိုသူကို တို့တော်မူ၏။ ထိုခဏခြင်းတွင် နူနာပျောက်၍ သန့်ရှင်းခြင်းသို့ ရောက်၏။*" ကိုယ်တော်သည် နူနာစွဲသောသူကို သနားခြင်းစိတ်ရှိတော်မူသဖြင့် လက်တော်ကိုဆန့်၍ တို့တော်မူခဲ့သည်။ သင်သည် သမ္မာကျမ်းစာကို လေ့လာလျှင် နေရာများစွာ၌ ဤသို့သော သနားခြင်းစိတ်၊ ဤသို့သော ဘုရားဂုဏ်၌ မွေ့လျော်သောမေတ္တာတို့ကို သင်သည် တွေ့ရလိမ့်မည်။ ၎င်းသည် စိတ် ခံစားချက်မဟုတ်၊ ကျွန်ုပ်တို့ ထဲမှ စီးဆင်းသွားသည့် သနားခြင်း ကရုဏာစိတ် ဖြစ်ပါသည်

ယေရှုသည် လက်ဝါးကပ်တိုင် ပေါ်ဆွဲထားခံရစဉ်၊ ကိုယ်တော်သည် အနီးတစ်ဝိုက်လူတို့ကို ချစ်မြတ်နိုးတော်မူ၍ ဤသို့ဆို၏။ "*အို အဘ၊ သူတို့အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြဟု မြွက်ဆိုတော်မူ၏။*" (လုကာ ၂၃း၃၄) ထိုသူတို့ သည် ကိုယ်တော်အား လက်ဝါးကပ်တိုင်ပေါ်တင်၍ သတ်နေသူများဖြစ်သည့်တိုင် သူတို့အပေါ် သနားခြင်းစိတ်ရှိတော်မူလျက်

အပြစ် လွှတ်ပါရန် ဘုရားသခင်ထံ ဆုတောင်းပေးနေခြင်း ဖြစ်၏။ ကိုယ်တော်သည် ကြက်သီးမွေးညင်းထ ကြောက်နေမည်မဟုတ်သည်ကို ကျွန်ုပ်တို့သိ၏။ စိတ်ခံစားချက်ဖြစ်နေသည်လည်းမဟုတ်။ ၎င်းသည် ရွေးချယ်မှုတစ်ခု ဖြစ်၏။ သို့ပါသော်ငြားလည်း ကိုယ်တော်သည် ခံစားခဲ့ပြီး၊ ၎င်းကို လူအပေါင်းတို့ဆီသို့ ဖြန့်လွှတ်တော်မူခဲ့သည်။ ဒုတိယ မွေးဖွားခြင်းခံပြီးသူ သင်တို့တစ်ဦးချင်းစီသည် သင်တို့အထဲတွင် ဘုရားသခင် အသက်ရှင် နေပါသည်။ ကျွန်ုပ်တို့စတင်ခဲ့တဲ့ (၁ ယော ၄း၈) ကျမ်းချက်နှင့်အညီ၊ ဘုရားသခင်သည် ချစ်ခြင်း မေတ္တာဖြစ် တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့မှတစ်ဆင့် အခြားသူများအား ကိုယ်တော်၏ အကျိုး ဖြစ်ထွန်းစေလိုတော်မူသည်။ ဤသို့ဖြစ်စေရန် ဤသနားခြင်းကရုဏာတော်ကို ကိုယ်တော် ဖြန့်လွှတ်ပါလိမ့်မည်။ သင်သည် သူတစ်ပါးဆီသို့ ကိုယ်အထဲမှ စီးဆင်းသွားသည်ကို ခံစားမိ လိမ့်မည်။ သင်သည် ပြုလုပ်သည့်အခါ တုံ့ပြန်ပေးဖို့ လိုအပ်ပါသည်။

သင်သည် အထူးတစ်စုံတစ်ရာ အမြဲလုပ်နေရမည် မဟုတ်။ "ဤသို့ ဘုရားသခင် မိန့်တော်မူသည်" ဆိုပြီး ဖြစ်စေရမည်လည်း မဟုတ်ပါ။ တစ်ခါတစ်ရံ သင်သည် လူတစ်ဦး တစ်ယောက်ကို ကရုဏာမေတ္တာစိတ် ခံစားမိလျှင်၊ သင်သည် သူတို့ဆီသွား၍ ပုခုံးပေါ် လက်တင်ပြီး ပြောရန် ဖြစ်သည်။ "ဘုရားသခင် သင့်ကို ချစ်တယ်။ ငါလည်း ချစ်တယ်။" ကျွန်ုပ်သည် အသင်းတော် တစ်ပါးမှ နုတ်ထွက်ရမည့် အနေအထားရှိခဲ့သည်။ လူတွေက ကျွန်တော့်အကြောင်း လိမ်ညာ ပြောခဲ့ကြသည်။ တစ်ယောက်ဆိုလျှင် ကျွန်တော်က သူ့ကိုသတ်မည်ဟု ခြိမ်းခြောက်ကြောင်း လိမ်ပြော ခဲ့သည်။ ကျွန်ုပ်သည်လည်း အလွန်စိတ်ဓာတ်ကျသဖြင့်၊ "ဘုရားသခင် ဘာဖြစ်တာလဲ။ မည်သူမျှ ကျွန်ုပ် လုပ်ဆောင်မည့်ကိစ္စကို အလေးမထားကြပါ" ဟု မြည်တမ်းနေမိသည်။ ထိုသို့ စာတန်နှင့် ကျွန်ုပ်တိုက်ခိုက်နေရစဉ် ရပ်ဂေးမှမိတ်ဆွေတစ်ယောက် ကျွန်ုပ်ဆီ ဖုန်းဆက်လာသည်။ သူက မိနစ်အနည်းငယ်လောက် စကားပြောနေစဉ် ကျွန်ုပ်က ဘာအတွက် ဖုန်းခေါ်သလဲဟု မေးပါသည်။ သူက "မင်းကို ငါသတိရလို့ မင်းကို ငါချစ်ကြောင်း ပြောမလို့ပါ။ ဘုရားသခင်ရဲ့ မေတ္တာတော်သည်လည်း မင်းဆီရောက်ပြီး ခံစားမိဖို့ ငါဆုတောင်းပေးနေတယ်၊ မင်းကိုလည်း ငါတန်ဖိုးထားတယ်" ဆိုပြီးပြောလာပါသည်။ သူသည်ဒီမှာ ကျွန်ုပ်ဘဝထဲ ဘာဖြစ်နေသည်ကို မသိ၊ သို့သော် ဘုရားသခင် အသုံးပြုတော်မူ၏။ ကိုယ်တော်သည် ထိုသူမှတစ်ဆင့် ကျွန်ုပ်အားချစ်သည်ကို ကျွန်ုပ်သိပါပြီ။ ထိုအဖြစ်အပျက်က ကျွန်ုပ်ကို အမှုတော်မြတ်ထဲ ဆက်လက်ရှိနေစေခဲ့ပြီး ကျွန်ုပ်၏ အသက်တာကို ပြောင်းလဲ စေခဲ့သည်။

စကားလုံးကြီးတချို့ကို အကြီးအကျယ်(သို့မဟုတ်) လိုအပ်ချက်အဖြစ် ပြောနေရန် မရှိပါ။ သို့တိုင် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ သင့်ထံမှတစ်ဆင့် ထိုမေတ္တာတော် စီးဆင်းသွားသည်ကို သင်သိမြင်သည့်အချိန် ဘယ်အခါမဆို ဘုရားသခင့် မေတ္တာတော်၊ ဘုရားသခင်၏ အသက်တော် သင့်ဆီမှတစ်ဆင့် စီးဆင်းသွားသည် ဖြစ်ပါသည်။ ၎င်းကို သင် အာရုံခံမိလျှင် နောက်ကို လိုက်ပါသွားရမည်။ တစ်စုံတစ်ရာ အရောက်သွားပြီး တစ်ခုခု ပြော၍ လူအချို့ကို ကောင်းချီးပေးရမည်။ ဘုရားသခင်သည် ကိုယ်တော့်စကား တော်ကို သင်၌ ထည့်သွင်းမည်။ သင့်အား ကိုယ်တော်သုံးသဖြင့် သင်သည် သင့်ဂန်းကျင်လူတို့အပေါ် သနားမေတ္တာထားလျက် အမှုတော်ဆောင်သွားသောအခါ၊ လူများစွာကို ကိုယ်တော် ကယ်လွှတ် တော်မူပါလိမ့်မည်။

# တပည့်တော်ဖြစ်မေးခွန်းများ

မှတ်ချက်။ ။ ဤသင်ခန်းစာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ ဘာထည့်သွင်းပေး၍ အခြားသူများဆီသို့ အကျိုးဖြစ် ထွန်းစေသည်ကို ကျွန်ုပ်တို့အား ဘယ်လို သိရှိစေကြောင်း ကျွန်ုပ်တို့ စစ်ဆေးကြည့်ကြမည် ဖြစ်သည်။

၁။ (ဖိလေမုန် -၆)ကို ဖတ်ပါ။ ကျွန်ုပ်တို့ထံမှတစ်ဆင့် စီးဆင်းသွားစေရန် ဘုရားသခင်အား အခွင့်တော်ပေးရမည့် ပထမအဆင့် သည် ဘာဖြစ်မလဲ။

**ဖိလေမုန်- ၆** - *"ဆုတောင်းသောအချက်ဟူမူကား၊ သင်သည် ယုံကြည်ခြင်းကို ဆက်ဆံသောအရှိန်ကြီး၍၊ သူတစ်ပါးတို့သည် ယေရှုခရစ် အဖို့အလိုငှါ၊ ငါတို့၌ ကောင်းသော အရာရှိသမျှတို့ကို ဝန်ခံမည်အကြောင်း ဆုတောင်းပဌနာပြု၏။"*

၂။ (၁ ယော ၄း၇-၈)ကို ဖတ်ပါ။ အခြားသူများကို ချစ်ရာရောက်မည့် အမှန်တကယ် အရင်းအမြစ်သည် ဘာလဲ။

**၁ ယော ၄း၇-၈** - *"ချစ်သူတို့ ငါတို့သည်အချင်းချင်း ချစ်ကြကုန်အံ့။ အကြောင်းမူကား ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့် စပ်ဆိုင် ၏။ ချစ်တတ်သောသူမည်သည်ကား၊ ဘုရားသခင် ဖြစ်ဖွားတော်မူသောသူဖြစ်၏။ ဘုရားသခင်ကို သိသောသူ လည်းဖြစ်၏။ ချစ်ခြင်း မရှိသောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်းမူကား ဘုရားသခင်သည်ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။"*

၃။ Andrew ထုတ်ပြောခဲ့သည်။ "သင့်အထဲက မေတ္တာစီးဆင်းသွားသည့် ဘယ်အချိန်အခါမဆို သင့်အထဲမှ ဘုရားသခင် စီးဆင်းလေသည် ဖြစ်၏။" ဤအမှန်တရားကို (၁ ယော ၄း၇)၌ ဘာစကားလုံးက သက်သေဖြစ်စေသနည်း။

**၁ ယော ၄း၇** - *"ချစ်သူတို့ ငါတို့သည်အချင်းချင်း ချစ်ကြကုန်အံ့။ အကြောင်းမူကား ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့် စပ်ဆိုင် ၏။ ချစ်တတ်သောသူမည်သည်ကား၊ ဘုရားသခင် ဖြစ်ဖွားတော်မူသောသူ ဖြစ်၏။ ဘုရားသခင်ကို သိသောသူ လည်း ဖြစ်၏။"*

၄။ (၁ ကော ၁၃း၄-၈)ကို ဖတ်ပါ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော် ဂိုသေသ လက္ခဏာအချို့သည် ဘာတွေလဲ။

**၁ ကော ၁၃း၄-၈** _ *"မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ငြူစူခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။ မလျောက်ပတ်စွာ မကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊ ဒေါသအမျက် မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်း မရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကို*

*ဖုံးအုပ် တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာ ကိုသည်းခံတတ်၏။ မေတ္တာသည် ဖေါက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏။ ပရောဖက်ဉာဏ်သော်၎င်း၊ အမျိုး မျိုးသော ဘာသာစကားကိုပြောနိုင်သော အခွင့်သော်၎င်း၊ သိပ္ပံအတတ်သော်၎င်း ကွယ်ပျောက်လိမ့်မည်။*

၅။ (မဿဲ ၁၄း၁၄)ကို ဖတ်ပါ။ အခြားသူများအား အမှုဆောင်ပေးရန်အတွက် ယေရှုကို မည်သို့ လှုပ်ရှားစေသနည်း။

**မဿဲ ၁၄း၁၄** - "*ယေရှုသည် ထွက်ကြွ၍ လူများအပေါင်းတို့ကို တွေ့မြင်တော်မူလျှင်၊ သနားခြင်း စိတ်တော်ရှိ၍ လူနာရှိသမျှတို့ကို ချမ်းသာပေးတော်မူ၏။*"

၆။ (မဿဲ ၂၅း၃၇-၄၀)ကို ဖတ်ပါ။ ချစ်ခြင်းမေတ္တာ၊ သနားခြင်းကရုဏာတို့နှင့် ကျွန်ုပ်တို့ သွားရောက်သည့်အခါ၊ လက်တွေ့ဘဝတွင်မည်သူ့ကို ကျွန်ုပ်တို့ ချစ်ခင်ဂရုတစိုက် ပြုလုပ်သနည်း။

**မဿဲ ၂၅း၃၇-၄၀**-"*ဖြောင့်မတ်သောသူတို့က၊ သခင်၊ ကိုယ်တော်သည် မွတ်သိပ်တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည် မြင်၍ ကိုယ်တော်ကို လုပ်ကျွေးပါသနည်း။ ရေငတ် တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ကိုယ် တော်ကိုသောက်ဖို့ ပေးပါသနည်း။ ဧည့်သည် ဖြစ်တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ဧည့်သည်ဝတ်ကို ကိုယ်တော်အား ပြုပါသနည်း။ အဝတ်အချည်းစည်းရှိတော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည် မြင်၍ ကိုယ်တော်ကို အဝတ်နှင့် ဖုံးလွှမ်းပါသနည်း။ အနာစွဲတော်မူသည်ကို၎င်း၊ ထောင်ထဲမှာ နေတော်မူသည်ကို၎င်း အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ အထံတော်သို့ ရောက်ပါသနည်းဟု ပြန်၍ လျှောက်ကြသော်၊ မင်းကြီးက ငါ အမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အား ပြုကြပြီဟု ပြန်၍ မိန့်တော်မူလတံ့။*"

**ဟေဗြဲ ၆း၁၀** - "*အကြောင်းမူကား၊ သင်တို့သည် သန့်ရှင်းသူတို့ကို အထက်က လုပ်ကျွေးသည် သာမက၊ ယခုပင် လုပ်ကျွေးခြင်း အမှုကို၎င်း၊ ထိုသို့ပြုသောအားဖြင့် နာမတော်ကို ထောက်၍ပြသော မေတ္တာကို၎င်း ဘုရားသခင်သည် မေ့လျော့သည်တိုင်အောင်၊ အဓမ္မအမှုကို ပြုတော်မူသည် မဟုတ်။*"

# အဖြေ သော့ချက်

မှတ်ချက်။ ။ ဤသင်ခန်းစာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ ဘာထည့်သွင်းပေး၍ အခြားသူများဆီသို့ အကျိုးဖြစ် ထွန်းစေသည်ကို ကျွန်ုပ်တို့အား ဘယ်လို သိရှိစေကြောင်း ကျွန်ုပ်တို့ စစ်ဆေးကြည့်ကြမည် ဖြစ်သည်။

၁။ (ဖိလေမုန် -၆)ကို ဖတ်ပါ။ ကျွန်ုပ်တို့ထံမှတစ်တင့် စီးဆင်းသွားစေရန် ဘုရားသခင်အား အခွင့်တော်ပေးရမည့် ပထမအဆင့်သည် ဘာဖြစ်မလဲ။
**ယေရှုခရစ်နာမ၌ ဘုရားသခင် ကျွန်ုပ်တို့၌သွင်းပေးတော်မူသည့် ကောင်းသောအရာ ရှိသမျှကို လက်ခံရန်၊**

၂။ (၁ ယော ၄း၇-၈) ကို ဖတ်ပါ။ အခြားသူများကို ချစ်ရာရောက်မည့် အမှန်တကယ် အရင်းအမြစ်သည် ဘာလဲ။
**ဘုရားသခင် ဖြစ်သည်။ အကြောင်းမှာ၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။ (၁ ယော ၄း၈)**

၃။ Andrew ထုတ်ပြောခဲ့သည်။ "သင့်အထဲက မေတ္တာစီးဆင်းသွားသည့် ဘယ်အချိန်အခါမဆို၊ သင့်အထဲမှ ဘုရားသခင် စီးဆင်းလေသည် ဖြစ်၏။" ဤအမှန်တရားကို (၁ ယော ၄း၇)၌ ဘာစကားလုံးက သက်သေဖြစ်စေသနည်း။
**ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ထံတော်မှ ဖြစ်၏။ (ကိုယ်တော်သည် အရင်းအမြစ်ဖြစ်သည်။)**

၄။ (၁ ကော ၁၃း၄-၈)ကို ဖတ်ပါ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော် ဂိသေသ လက္ခဏာ အချို့သည် ဘာတွေလဲ။

- **မေတ္တာသည် စိတ်ရှည်တတ်၏။ ၎သည်ပစ္စုပ္ပန်ကာလပြကြိယာဖြင့်ရေးထားသည်။ ဆိုလိုသည်မှာ ချစ်ခြင်းမေတ္တာသည်စဉ်ဆက်မပြတ် ထိုနည်း ပြုမူသည်ဟူ၍ ဖြစ်သည်။**
- **ကျေးဇူးပြုတတ်၏။ ၎သည် ကျေးဇူးပြုတတ်ခြင်းအမှု၌ကိုယ်တိုင်လက်တွေ့ ပြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ချစ်ခြင်းမေတ္တာသည် စဉ်ဆက်မပြတ် ထိုနည်း ပြုမူသည်ဟူ၍ ဖြစ်သည်။**
- **မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ။ ၎သည် သူတစ်ပါး၏ကောင်းသောအနာဂတ်(သို့မဟုတ်) အောင်မြင်မှု၌ မကျေမချမ်း မဖြစ်ပါ။**
- **ဝါကြွားခြင်း မရှိ။ လူတစ်ယောက်ကိုယ်တိုင်နှင့်ပတ်သက်၍ ဝါကြွားခြင်းမရှိသလိုလေလုံးထွားခြင်းမရှိ။ စိတ်ကြီးဝင်ခြင်းမရှိပါ။**

- **မာန်မာန မရှိ။ ကိုယ်ကိုကိုယ် ဝါးမျိုခြင်း မရှိတတ်။ စိတ်ကြီးဝင်ခြင်း မရှိ။ အထက်စီး ဆန်ခြင်း မရှိ။**

- **မလျောက်ပတ်စွာ မကျင့်တတ်။ အဖြစ်မှန်ကို ချိုးဖေါက်ခြင်းကို ကိုယ်တိုင် မပြုလုပ်တတ်ပါ။ ရိုင်းစိုင်းသော အပြုအမူမရှိပါ။**

- **ကိုယ်အကျိုးကို မရှာတတ်။ ကိုယ့်ကိုကိုယ်၌သာ ဗဟိုပြုခြင်း မရှိပါ။**

- **ဒေါသအမျက် မထွက်တတ်။ လွယ်လင့်တကူ အမျက် မထွက်တတ်ပါ။ အလျင်အမြန် စိတ်မထိန်းနိုင် မရှိပါ။**

- **အပြစ်ရှိသည်ဟု မထင်တတ်။ အခြားသူတစ်ပါး အဆိုးဖြစ်အောင် အစဉ်တွေးဆနေခြင်းမရှိ။ အမှားရှိသည်ဟုလည်း မမြင်တတ်ပါ။**

- **မတရားသောအမှု၌ဝမ်းမြောက်ခြင်းမရှိတတ်။ မတရားသောအမှု (သို့မဟုတ်) မှားသောအရာများ၌ ဝမ်းမြောက်ပျော်ရွှင်ခြင်း မရှိပါ။ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။**

- **ခပ်သိမ်းသောအရာကိုသည်းခံတတ်၏။ အစဉ်အမြဲ အထောက်အပံ့ပေးသည်။ ဘယ်သော အခါမျှ ပျက်ကွက်သည် မရှိ။**

- **ခပ်သိမ်းသောအရာကို ယုံတတ်၏။ ချစ်ခြင်းမေတ္တာသည် အစဉ်အမြဲ ယုံတတ်၏။**

- **မေတ္တာသည် ဖေါက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏။ အစဉ်အမြဲ စိတ်ရှည်သည်းခံတတ်၏။ အဆုံးထက်တိုင်သို့ရောက်၍ အစဉ်အမြဲ တည်နေသည်။**

၅။ (မဿဲ ၁၄း၁၄)ကို ဖတ်ပါ။ အခြားသူများအား အမှုဆောင်ပေးရန်အတွက် ယေရှုကို မည်သို့လှုပ်ရှားစေသနည်း။
**ကိုယ်တော်သည် အခြားသူများဆီသို့ သနားခြင်းကရုဏာနှင့် လှုပ်ရှားတော်မူ၏။ အဘိဓါန်စာအုပ်က “သနားခြင်းကရုဏာ” ကို “စာနာထောက်ထားသော ခံစားမှု” ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။**

၆။ (မဿဲ ၂၅း၃၇-၄၀)ကို ဖတ်ပါ။ ချစ်ခြင်းမေတ္တာ၊ သနားခြင်းကရုဏာတို့နှင့် ကျွန်ုပ်တို့ သွားရောက်သည့်အခါ၊ လက်တွေ့ဘဝတွင် မည်သူ့ကို ကျွန်ုပ်တို့ ချစ်ခင်ဂရုတစိုက် ပြုလုပ်သနည်း။
**ယေရှုကိုယ်တော်တိုင် ဖြစ်သည်။ (ဟေဗြဲ ၆း၁၀) ၌ ကြည့်ပါ။**

## သင်ခန်းစာ ( ၂ )

# သင်းအုပ်တို့ ဆုကျေးဇူး အသုံးပြုခြင်း

ယနေ့ သင်တို့လက်ခံရလိုက်တဲ့ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို သင်တို့ ဘယ်လိုရယူပြီး၊ သူတစ်ပါးနှင့်အတူ ဘယ်လို မျှဝေသည်၊ သူတစ်ပါးအား ဘယ်လို ထိထိရောက်ရောက် အမှုဆောင်ပေးရမည့်အကြောင်းကို ပြောဆိုကြမည်။ (၁ ပေ ၄း၁၁) ၌ ပြောထား ပါသည်။ *"ဟောပြောသောသူသည် ဘုရားသခင်၏ ဗျာဒိတ်တော်နှင့်အညီ ဟောပြောစေ။"* "ဘုရားသခင်၏ ဗျာဒိတ်တော် (Oracles of God) စကားအသုံးသည်၊ ဣသရေလအမျိုးတို့ အသန့်ရှင်းဆုံး ဌာနတော်ရှိ ပဋိညာဉ် သေတ္တာတော်ထဲသို့ ဘုရားသခင်၏ စကားတော်များကို ထည့်သိမ်းသော အချိန်အခါ ဓမ္မဟောင်းကျမ်းကို နောက်ပြန်ညွှန်းဆို ပြောခြင်းဖြစ်ပါသည်။ ၎င်းကို ဘုရားစကားတော် "ဗျာဒိတ်တော်" ဟူ၍ သူတို့ခေါ် ဆိုပြီး၊ "ဘုရားသခင်၏ ဗျာဒိတ်တော်နှင့်အညီ ဟောပြောစေ" ဟု ဆိုလိုက်သည်တွင် အဓိပ္ပာယ်မှာ ဘုရားသခင်၏ နှုတ်တော်နှင့်အညီ ဟောပြောပါဟူ၍ ဖြစ်သည်။ ဘုရားသခင် နှုတ်မြွက်တော်မူသည့်အတိုင်းဖြစ်ပါလျှင် ဟောပြောပါလေ။ ကျမ်းချက်က ဆက်ပြောထားသည်။ *"ဘုရားသခင်သည် အရာရာ၌ ယေရှုခရစ်အားဖြင့် ဘုန်းတော် ထင်ရှားစေမည် အကြောင်း၊.. အခြားသောအမှုကို ဆောင်ရွက်သောသူသည် ဘုရားသခင် ပေးသနားတော်မူသော အစွမ်းသတ္တိအတိုင်း ဆောင်ရွက်စေ။ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းအသရေ အစွမ်းသတ္တိ ရှိတော်မူစေသတည်း။"* ဤတွင်ပြောသည်မှာ သင်သည် သူတစ်ပါးကို သင့်ကိုယ်ပိုင် အစွမ်းအစနှင့်မဟုတ်ဘဲ ဘုရားသခင် ပေးတော်မူသော အစွမ်းအစနှင့် အစေခံအမှုဆောင်ရန် လိုအပ်ခြင်း ဖြစ်သည်။

ခရစ်ယာန်အသက်တာနှင့်ပတ်သက်၍ အကြီးဆုံးအရာတစ်ခုမှာ သင်(သို့မဟုတ်) ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်ကို စကားပြောဆို ခြင်းနှင့် ကိုယ့်ကိုယ်ပိုင်အစွမ်းအစအားဖြင့် ပစ္စည်းများမျှဝေ ပေးကမ်းလိုက်ခြင်း မဟုတ်ဘဲ ဘုရားသခင်သည် ကိုယ်တော်တိုင် ရောက် လာပြီး၊ ကျွန်ုပ်တို့အထဲတွင် ကိန်းဝပ် တော်မူခြင်း ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့မှတစ်ဆင့် မိန့်ဆို၍ ကျွန်ုပ်တို့အားဖြင့် အကျိုး ဖြစ်ထွန်းစေပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင် တိုက်ရိုက် ပိုင်ဆိုင်တော်မူသည်ဖြစ်၍ ကျွန်ုပ်တို့မှတစ်ဆင့် ဘုရားသခင်၏ ဂိုဏ်ဉ် တော်စီးဆင်းသွားလေသည်။ အကယ်၍ ကျွန်ုပ်တို့သည် သူတစ်ပါးကို စတင်ဝေမျှ ပေးကမ်းသည့်အခါ ကျွန်ုပ်တို့ သတိရမိရမည်မှာ ၎င်းသည် ဂိုဏ်ဉ်တော် ဆုကျေးဇူးဖြစ်၍ ထိုအတွက် ပြုစုရခြင်း ဖြစ်သည်။ ဘုရားသခင်သည် ခရစ်တော်၏ ခန္ဓာကိုယ်ထဲရှိ လူတစ်ဦး ချင်းစီတိုင်းကို လက်ခံလျက် သူတို့အား သီးသန့်ဆုကျေးဇူးများ ပေးကမ်းတော်မူပါသည်။ (၁ ကော ၁၂)၌ ဘုရားသခင်သည် ကျွန်ုပ် တို့တစ်ဦးချင်းစီတိုင်းကို ကိုယ်တော်၏အလိုတော်နှင့်အညီ မတူသောဆုကျေးဇူးများ ပေးကမ်းတော်မူသည်။ (အငယ်_၄-၆) ၌ ဤသို့ ဆိုထားသည်။ *"ဆုကျေးဇူးတော် အထူးထူးအထွေထွေ ရှိကြသော်လည်း ဂိုဏ်ဉ်တော်တစ်ပါးတည်း ရှိ၏။ ဓမ္မဆရာအမှု အထူးထူး အထွေထွေ ရှိကြသော်လည်း သခင်တစ်ပါးတည်း ရှိ၏။ ပြုပြင်ခြင်းအမှု အထူးထူးအထွေထွေ ရှိကြသော်လည်း၊ ခပ်သိမ်းသောသူတို့၌ ပြုပြင်သမျှကို ပြုပြင်တော်မူသော ဘုရားသခင် တစ်ပါးတည်းရှိ၏။"* ဤအဓိပ္ပာယ်မှာ (အခန်းငယ်-၇)၌ ပြောသည်အတိုင်း ကျွန်ုပ်တို့ အားလုံး၏ အတွင်း၌ အရာခပ်သိမ်းကို ဘုရားသခင်တစ်ပါးတည်းသာ

ပြုလုပ်တော်မူကြောင်း ဖြစ်သည်။ *"ကောင်းသောအကျိုးအလို့ငှါသာ ဂိညာဉ်တော်ကို လူအသီးသီးတို့အား ထင်ရှားစွာ ပေးတော်မူလျက်ရှိ၏။"*

ဤကျမ်းချက်များက ပြောသည်မှာ၊ ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီတိုင်း၏အထဲသို့ သဘာဂလွန်အစွမ်းများကို ထည့်ပေးတော်မူကြောင်းဖြစ်သည်။ သင်သည် မခံစားမိတတ်၊ သတိမထားမိတတ်ပါ။ သို့သော် ထိုအရာသည် ဘုရားစကားတော်မှ ကတိတော်တစ်ခု ဖြစ်သည်။ အကယ်၍ သင်သည် တပည့်တော်ဖြစ် ဧဝံဂေလိဟောပြောခြင်း ဤသင်ခန်းစာတွဲသို့ ရောက်လာသည်နှင့်အမျှ၊ သင်သည် ယေရှုကိုသခင်ဘုရားအဖြစ် ထားနှင့်ပြီဆိုပါလျှင် အကယ်၍ သင်သည် သင့်ဘဂထဲတွင် ဘုရားသခင်ထံမှ လက်ခံရရှိပြီး သူတစ်ပါးအတွက် ဘယ်လို အသုံးချသွားမည်ကို လေ့လာသွားခဲ့ပါလျှင်၊ ထိုအခါ သန့်ရှင်းသောဂိညာဉ်တော်၏ တန်ခိုးသည် သင့် အတွင်း၌ လုပ်ဆောင်လျက်ရှိကြောင်း ကျွန်ုပ် ကတိပေးနိုင်သည်။ သင်သည် အခြားသူတို့၏ နိမိတ်လက္ခဏာများကို သင့်အထဲ၌ ရရှိလာသည်။ ဘုရားသခင်သည် လူတစ်ယောက်ယောက်အတွက် သင့်အတွင်း၌ တန်ခိုးနိမိတ်လက္ခဏာ မျိုးစေ့ပုံစံကို သွင်းပေး တော်မူသည်။ သင်သည် ထိုသူတို့၏ ဘဂများအထဲသို့ ဖြန့်ဝေပေးကမ်း သွားနိုင်ရန်မှာ သင့်အပေါ် မူတည်သည်။ သမ္မာကျမ်းစာက ပြောထားသည်မှာ ၎င်းအရာများကို ဂိညာဉ်တော်အားဖြင့် လူ တစ်ဦးချင်းစီတိုင်းသို့ ပေးကမ်းထားကြောင်းဖြစ်သည်။ လူတစ်ဦးတစ်ယောက်မျှ မရမရှိဘဲ ကျန်မနေစေရပါ။ (၁ ကော ၁၂)၌ သီးခြား ဂိညာဉ်တော်ဆုကျေးဇူး (၉) မျိုးစာရင်းကို ပြထားသည်။ ပညာတရား၊ ထိုးထွင်း ခြင်းတရား၊ အနာရောဂါငြိမ်းစေနိုင်သောအခွင့်၊ တန်ခိုးကိုပြနိုင်သောအခွင့် စသည်တို့ ဖြစ်သည်။ ရောမသြဝါဒစာစောင်အခန်းကြီး (၁၂)၌လည်း အခြားသော ဆုကျေးဇူးစာရင်း ရှိသေးသော်လည်း ကျွန်ုပ် ရှင်းပြဖို့အချိန် မရတော့ပါ။ ၎င်းတို့ကို သင်တို့ကိုယ်တိုင် လေ့လာရန် လိုအပ်မည်ဖြစ်ပြီး၊ သတိထားရမည်မှာ သင်တို့တစ်ဦးချင်းစီတိုင်းသည် အထူးဘိသိက်ခံရစဉ်အတွင်း သန့်ရှင်းသောဂိညာဉ် တော်ကိန်းဝပ်တော်မူခဲ့သည်ဖြစ်၍ အခြားသူများအတွက် အမှုဆောင် နိုင်ရန်အလို့ငှါ သီးသန့်စွမ်းရည်ရရှိကြသည်။ ဥပမာအားဖြင့် လူတိုင်းသည် ကျွန်ုပ်လုပ်ဆောင်သည့် နည်းလမ်းအတိုင်း အမှုဆောင်နိုင်လိမ့်မည်တော့မဟုတ်။ သင့်အနေနှင့် သွန်သင်ခြင်းဆုကျေးဇူးကို မရနိုင်သော်လည်း ခရစ်တော်၏ကိုယ်ခန္ဓာထဲရှိ လူတိုင်းသည် အခြားသူတို့နှင့် သူတို့၏ ယုံကြည်ခြင်းကို ဝေမျှပေးခြင်းအားဖြင့် သင်ကြားပေးနိုင်ကြသည်။ သင်ကြားပေးရန် အထူးသဖြင့် ခေါ်ယူခံရသည့်လူအချို့ ရှိသလို ဟောပြောရန်နှင့် အသင်းတော်ကို အုပ်ချုပ်ရန် ခေါ်ယူခြင်း ခံရသည့် လူများလည်း ရှိပါသည်။ ရောမသြဝါဒစာစောင် (၁၂) ၏ဆုကျေးဇူးစာရင်းအနက် တစ်ခုသည် ဧည့်ဂတ်ကျေပွန်ခြင်း ဆုကျေးဇူးရသူများရှိကြောင်း ဖော်ပြထားသည်။ သင်တို့ထဲတွင် လူအတော်များများသည် သတိမထားမိတတ်ဘဲ စွမ်းရည် (သို့မဟုတ်) ဆုကျေးဇူးများ ရှိနေတတ် ကြပါသည်။ သင်သည် သူတစ်ပါးကို ကောင်းကြီးပေးလိုသော စိတ်ဆန္ဒရှိတတ် ကြပါသည်။ သင်သည် အခန်းတစ်ခန်းထဲသို့ ဝင်ရောက်ပြီး အပြင်းအထန်မဟုတ်ဘဲ နာမကျန်း ဖြစ်နေသူများကိုတွေ့ မြင်ရတတ်သူမျိုးဖြစ်လာနိုင်ပါသည်။ သင်သည်ကြင်နာမှုပြ၍ ကူညီပေး နိုင်မည်ကိုသိရှိပြီး သူတို့ကို သက်သောင့်သက်သာ ရှိစေရန်နှင့် အစေခံအမှုဆောင်ပေးရန် စိတ်ဆန္ဒ ရှိလာပါသည်။ ၎င်းသည် ဘုရားသခင်၏ သဘာဂလွန် ဆုကျေးဇူးတစ်ခု ဖြစ်သည်ကို သင်သိပါသလား။

လူအချို့သည် ပေးကမ်းခြင်း ဆုကျေးဇူးဖြစ်သော ငွေရှာနိုင်စွမ်းရှိ၍ ဧဝံဂေလိလုပ်ငန်းကို ပံ့ပိုးပေးရန် ခေါ်ယူခံရကြောင်း (ရောမ ၁၂)၌ ပြောပါသည်။ ၎င်းမှာ သူတို့၏ ဆုကျေးဇူးဖြစ်၍ သူတို့ဘဂ၌

ခေါ်ယူခံရခြင်း ဖြစ်သည်။ သင်တို့လူအချို့သည် ထိုကဲ့သို့ အရာခပ်သိမ်း အတွက် ခေါ်ယူခံရနိုင်ပါသည်။ လူအချို့သည် အားပေးတိုက်တွန်းခြင်း ဆုကျေးဇူးရှိကြသည်။ အချို့တို့၌ ထုံးစံအတိုင်း ကူညီခြင်း ဆုကျေးဇူးနှင့်အတူ အသင်းတော်က ခေါ်ယူရသော အုပ်ချုပ်ရေး ဆုကျေးဇူး ရရှိကြသည်။ ၎င်းတို့သည် အသင်းတော် ထူထောင်ခြင်းတစ်ခုတည်း၌သာ မဟုတ်ဘဲ လူတို့၌ နေ့စဉ်နှင့်အမျှ အခြေခံလိုအပ်ချက်များကို ဖြေရှင်းပေးနိုင်သဖြင့် အရာမျိုးစုံကို ပြီးစီးအောင် လုပ်ဆောင်နိုင်ခြင်း ဖြစ်ပေသည်။ သင်တို့အထဲက လူတချို့သည် စိတ်ပျက်နေသူများကို အားပေး နိုင်စွမ်း ရှိကြသော်လည်း ကျွန်ုပ်သည် နှုတ်ကပတ်တော် သွန်သင်နေရင်း တစ်ခုခု ကူညီ လုပ်ပေးနိုင်စွမ်း ဘယ်သောအခါမျှ မရှိခဲ့ဖူးပါ။ သင်သည် သဘာဝလွန် အစွမ်းအစ ရှိသည်ဖြစ်၍ သူတို့ ဆီသွားပြီး လက်တင်ဆုတောင်းခြင်း၊ ကောင်းချီးပေးခြင်းဖြင့် သူတို့ကို အထောက်အကူ ဖြစ်စေပါသည်။ ကျွန်ုပ် ပြောချင်သည်မှာ သင်သည် ဤအရာကို "ဒါ ကျွန်တော်ရဲ့ကိုယ်ပိုင် အရည်အသွေး ပါပဲလေ"ဟု ဆိုပြီး၊ သဘာဝအတိုင်း ဖြစ်နေသကဲ့သို့ ရှုမြင်နေရမည် မဟုတ်ကြောင်း သိဖို့ဖြစ်သည်။ သင်သည် ဤပုဂ္ဂိုလ်အမျိုးအစားအဖြစ် ကိုယ့်ကိုကိုယ် အတန်းအစား တစ်ခု သတ်မှတ်နိုင်ပါသော်လည်း သင်သိရမည်မှာ သင့်အား ဆုကျေးဇူးများ၊ ပင်ကိုယ်စွမ်းရည်များကို ပေးသနား တော်မူသောဘုရား သခင်သည် သင့်အထဲသို့ ထိုသဘာဝလွန် အစွမ်းအစထည့်သွင်း ပေးထားကြောင်းကို ဖြစ်သည်။ ထိုသို့ဖြင့် ၎င်းအမှန်ကေန်အရာများကိုလုပ်ဆောင်နိုင် စေရန် သင့်အား မျက်မြင်တစ်ဆုံးမြင်ကွင်းဆီသို့ ဦးတည်ပေးခြင်း ဖြစ်ပါသည်။

အကယ်၍ သင်သည် သူတစ်ပါးကို အမှုဆောင်ပေးသောအခါ သမ္မာကျမ်းစာက ပြောထား သည်မှာ ဘုရားသခင်သည် သင့်အထဲ အပ်နှင်းထားသည့် အမှုဆောင်ရွက်ခြင်းအရာများ လိုအပ်ကြောင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် အချိန်ပြည့်အသက်မွေးအလုပ် (သို့မဟုတ်) အလုပ်ခွင်ထဲ (သို့မဟုတ်) ကျွန်ုပ်တို့ကျရာ နေရာများတွင် ဘာဖြစ်ဖြစ် သင်းအုပ်အမှုဆောင်ရွက်ဖို့ လိုအပ် ပါသည်။ အကယ်၍ သင့်အိမ်နီးချင်းများကိုငှင်း၊ အလုပ်ခွင်ထဲက လူကိုငှင်း သင်းအုပ်အမှုကို ဆောင်ရွက်သောအခါ၊ သင့်ကိုယ်ပိုင် အစွမ်းအစနှင့် လုပ်ဆောင်ရမည် မဟုတ်ဘဲ သင့်အား ဘုရားပေးသော အစွမ်းအစနှင့် အလုပ်လုပ်ဖို့လိုအပ်သည်။ ထို့ကြောင့် ဘုရားသခင်အား ရှာဖွေ ကြရန်နှင့် သင့်အထဲ၌ ကိုယ်တော်အပ်နှင်းထားသည့် ဆုကျေးဇူးကို ရှာတွေ့ကြရန် သင်တို့ကို ကျွန်ုပ်တိုက်တွန်းလိုပါသည်။ အကယ်၍ သင်သည်အသက်မွေးမှု လုပ်ငန်းတစ်ခုအဖြစ် သင်၏ သာသနာနယ်ဆိုင်ရာ ဆုကျေးဇူးအတွက် ခေါ်ယူခံရခြင်း မရှိလျှင်လည်း၊ ၎င်းကို ထည့်မတွက်ဘဲ မနေပါနှင့်။ သင်တို့ တစ်ယောက်ချင်းစီတိုင်းအတွက် သန့်ရှင်းသော ဝိညာဉ်တော်သည် သဘာဝလွန် စွမ်းရည်များကို သင်တို့အထဲ၌ သွင်းတော်မူသည်ကို သင်တို့သည် လက်ခံ အသိအမှတ်ပြုမည်ဖြစ်ပြီး ထိုနောက် သင်တို့၌ ဘုရားသခင် အပ်နှင်းတော်မူသော ဆုကျေးဇူးဖြင့် သူတစ်ပါးတို့အား အစေခံအမှုဆောင်ရကြမည်။

ကျွန်ုပ် အချိန်ယူ၍ လေ့ကျင့်ရလိမ့်မည်။ သင်သည် ပထမပိုင်းတွင် ပြည့်စုံအောင် လုပ်ဆောင်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် လေ့ကျင့်ယူရန် မကြောက်ရွံ့ပါနှင့်။ သင်သည် အမှားပြုလုပ်မိလျှင် ဘုရားသခင်သည် ပလ္လင်တော်ထက်မှ လျော့ကျလိမ့်မည် မဟုတ်ပါ။ သို့သော် သင့်စိတ်နှလုံး ရိုးသားခြင်းကို အခြားသူများ မြင်ကြပါလိမ့်မည်။ သင်သည် တစ်စုံတစ်ခုကို ပြည့်စုံအောင် မလုပ်ဆောင်နိုင်ခဲ့ သည့်တိုင် သင်၏ချစ်ခြင်းမေတ္တာသည် သူတို့အပေါ် အမှုဆောင်ပါလိမ့်မည်။ ထို့ကြောင့် အခြားသူများအပေါ် အမှုဆောင်ရွက်ခြင်းကို စတင်ပါ။ သင်သည် ဘုရားသခင်ပေးသောဆုကျေးဇူးရှိသည်ကို သိမှတ်လျက် ကိုယ်တော် ပေးအပ်ထားသောသဘာဝလွန် ဆုကျေးဇူးများကို အခြားသူများနှင့်အတူ ဝေမျှပေးကမ်းပါ။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (၁ ပေ ၄း၁၁)ကို ဖတ်ပါ။ မည်သူ့ထံမှ အစွမ်းအစနှင့် ကျွန်ုပ်တို့ အမှုဆောင်ရွက်ရမည်နည်း။

**၁ ပေ ၄း၁၁** - *"ဘုရားသခင်သည် အရာရာ၌ ယေရှုခရစ်အားဖြင့် ဘုန်းတော်ထင်ရှား စေမည်အကြောင်း၊ ဟောပြောသောသူသည် ဘုရားသခင်၏ ဗျာဒိတ်တော်နှင့်အညီ ဟောပြောစေ။ အခြားသောအမှုကို ဆောင်ရွက်သောသူသည် ဘုရားသခင် ပေးသနားတော်မူသော အစွမ်းသတ္တိ အတိုင်းဆောင်ရွက်စေ။ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းအသရေ အစွမ်းသတ္တိ ရှိတော်မူစေသတည်း။ အာမင်။*

၂။ (၁ ကော ၁၂း၄)ကို ဖတ်ပါ။ ဂိညာဉ်ဆုကျေးဇူးများ ထွေပြားခြင်းနှင့် မတူသောအမျိုးအစားများ ရှိကြသော်လည်း၊ ၎င်းအရာအားလုံးအမြစ်သည် မည်သူဖြစ်သနည်း။

**၁ ကော ၁၂း၄** - *"ဆုကျေးဇူးတော် အထူးထူးအထွေထွေ ရှိငြားသော်လည်း ဂိညာဉ်တော် တစ်ပါးတည်းရှိ၏။"*

၃။ (၁ ကော ၁၂း၆)ကို ဖတ်ပါ။ အောက်ပါ ဖော် ပြချက်အမှန်ကို ရွေးချယ်ပါ။

(က) ဘုရားသခင်၏ လုပ်ဆောင်ခြင်းသည် နည်းလမ်း တစ်လမ်းတည်းသာ ရှိ၏။
(ခ) လူမှတစ်ဆင့် ဘုရားသခင်၏လုပ်ဆောင်ခြင်းသည် မတူသောနည်းလမ်းများ ရှိကြသည်။
(ဂ) တရားဟောဆရာမှတစ်ဆင့် ဘုရားသခင် လုပ်ဆောင်သည်။

**၁ ကော ၁၂း၆** - *"ပြုပြင်ခြင်းအမှု အထူးထူးအထွေထွေရှိငြားသော်လည်း၊ ခပ်သိမ်းသောသူတို့ကို ပြုပြင်တော်မူသော ဘုရားသခင် တစ်ပါးတည်းရှိ၏။"*

၄။ (၁ ကော ၁၂း၇)ကို ဖတ်ပါ။ သန့်ရှင်းသောဂိညာဉ်တော် မျက်မှောက်ရှိခြင်းနှင့် ဂိညာဉ်ဆုကျေးဇူးများသည်၊ ကောင်းသောအရာအားလုံးအတွက် ကျွန်ုပ်တို့တစ်ဦးချင်းစီ အပေါ် ပေးအပ်ခြင်း ဖြစ်သည်။

**၁ ကော ၁၂း၇** - *"ကောင်းသောအကျိုးအလို့ငှါ၊ ဂိညာဉ်တော်ကို လူအသီးသီးတို့အား ထင်ရှားစွာ ပေးတော်မူလျက် ရှိ၏။"*

၅။ (၁ ကော ၁၂း၈-၁၀)ကို ဖတ်ပါ။ လူတွေကို ဘုရားသခင်ပေးကမ်းထားသော အချို့သောဂိညာဉ်ရေးရာ ဆုကျေးဇူးများကို အဓိပ္ပာယ်ရှင်းပြ၍ စာရင်းပြုစုပေးပါ။

**၁ ကော ၁၂း၈-၁၀** - *"အဘယ်သို့နည်းဟူမူကား၊ ဂိုဏ်ဥာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ပညာတရားကို ပေးတော်မူ၏။ ထိုဂိုဏ်ဥာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ထိုးထွင်းခြင်း တရားကို ပေးတော်မူ၏။ ထိုဂိုဏ်ဥာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ယုံကြည်ခြင်းကို ပေးတော်မူ၏။ ထိုဂိုဏ်ဥာဉ်တော်အားဖြင့် တစ်ယောက်သောသူအား အနာရောဂါကို ငြိမ်းစေနိုင်သော အခွင့်ကို ပေးတော်မူ၏။ တစ်ယောက်သောသူအား တန်ခိုးကိုပြနိုင်သောအခွင့်ကိုငင်း၊ တစ်ယောက်သောသူအား ပရောဖက်ပြုနိုင်သောအခွင့်ကိုငင်း၊ တစ်ယောက်သောသူအား စိတ်ဂိုဏ်ဥာဉ်တို့ကို ပိုင်းခြား၍ သိနိုင်သောအခွင့်ကိုငင်း၊ တစ်ယောက်သောသူအား အမျိုးမျိုးသော ဘာသာစကား ကို ပြောနိုင်သောအခွင့် ကိုငင်း၊ တစ်ယောက်သောသူအား ထိုဘာသာစကား၏ အနက်ကို ဖော်ပြနိုင်သော အခွင့်ကိုငင်း ပေးတော်မူ၏။"*

၆။ (ရောမ ၁၂း၆-၈)ကို ဖတ်ပါ။ ဤတွင် လူတွေကို ဘုရားသခင်ပေးကမ်းသော ဂိုဏ်ဥာဉ်ရေးရာဆုကျေးဇူးများကို အဓိပ္ပာယ်ရှင်းပြ၍ စာရင်းပြုစုပေးပါ။

**ရောမ ၁၂း၆-၈** - *"ထိုသို့ပေးတော်မူသော ကျေးဇူးတော်အတိုင်း ငါတို့သည် အသီးသီးအပြားပြားသော ဆုများကို ခံရသည်ဖြစ်၍၊ ပရောဖက်အရာရှိလျှင်၊ ယုံကြည်ခြင်း ပမာဏကို ရသည်အတိုင်း ပရောဖက်ပြုကြကုန်အံ့။ ဓမ္မဆရာ အရာရှိလျှင်၊ ဓမ္မဆရာ၏အမှုကို ဆောင်ရွက်ကြကုန်အံ့။ ဆုံးမသြဝါဒပေးသောသူသည် ထိုအမှုကို ဆောင်ရွက်စေ။ နှိုးဆော်သွေးဆောင်သောသူသည် ထိုအမှုကို ဆောင်ရွက်စေ။ အစွန့်အကြဲဝေငှသော သူသည် လျစ်လျူသော စိတ်နှင့် ဝေငှစေ။ အုပ်ချုပ်သောသူသည် လုံ့လဂိရိယနှင့် အုပ်ချုပ်စေ။ မစသနားခြင်း အမှုကို ပြုသောသူသည် စေတနာစိတ်နှင့် ပြုစေ။*

**၂ တိ ၄း၁၁** - *"လုကာတစ်ယောက်တည်းသာ ငါ့ထံမှာ ရှိ၏။ မာကုကို သင်နှင့်အတူ ခေါ်ခဲ့လော့။ သူသည် ဆရာအမှုကို ပြုရာမှာ ငါ အကျိုးရှိ၏။*

၇။ ဤဆုကျေးဇူးများအနက် တစ်ခုခုသည် သင့်ထံမှတစ်ဆင့် လုပ်ဆောင်နေသည်ကို သင် သတိပြုမိပါသလား။ သို့ဖြစ်လျှင်၊ ၎င်းဆုကျေးဇူးသည် ဘာလဲ။

၈။ (၁ ကော ၁၂း၇)ကို ဖတ်ပါ။ ထိုဆုကျေးဇူးအားဖြင့် မည်သူသည် အကျိုးဖြစ်ထွန်းရရှိမည်နည်း။

**၁ ကော ၁၂း၇** - *"ကောင်းသောအကျိုးအလိုငှါသာ ဂိုဏ်ဥာဉ်တော်ကို လူအသီးအသီးတို့အား ထင်ရှားစွာပေးတော်မူလျက်ရှိ၏။"*

# အဖြေ သော့ချက်

၁။ (၁ ပေ ၄း၁၁)ကို ဖတ်ပါ။ မည်သူ့ထံမှ အစွမ်းအစနှင့် ကျွန်ုပ်တို့ အမှုဆောင်ရွက်ရမည်နည်း။
**ဘုရားသခင်၏ အစွမ်းသတ္တိ ဖြင့်**

၂။ (၁ ကော ၁၂း၄)ကို ဖတ်ပါ။ ဂိညာဉ်ဆုကျေးဇူးများ ထွေပြားခြင်းနှင့် မတူသော အမျိုးအစားများ ရှိကြသော်လည်း၊ ၎င်းအရာအားလုံးအမြစ်သည် မည်သူနည်း။
**ဘုရားသခင် / သန့်ရှင်းသောဝိညာဉ်တော်**

၃။ (၁ ကော ၁၂း၆)ကို ဖတ်ပါ။ အောက်ပါ ဖော်ပြချက်အမှန်ကို ရွေးချယ်ပါ။
(ခ) **လူမှုတစ်ဆင့် ဘုရားသခင်၏လုပ်ဆောင်ခြင်းသည် မတူသောနည်းလမ်းများ ရှိကြသည်။**

၄။ (၁ ကော ၁၂း၇)ကို ဖတ်ပါ။ သန့်ရှင်းသောဂိညာဉ်တော် မျက်မှောက်ရှိခြင်းနှင့် ဂိညာဉ် ဆုကျေးဇူးများသည်၊ ကောင်းသော အရာ အားလုံးအတွက် ကျွန်ုပ်တို့တစ်ဦးချင်းစီအပေါ် ပေးအပ်ခြင်း ဖြစ်သည်။ မှန်သလား/ မှားသလား။
**မှန်ပါသည်။**

၅။ (၁ ကော ၁၂း၈-၁၀)ကို ဖတ်ပါ။ လူတွေကို ဘုရားသခင်ပေးကမ်းထားသော အချို့သောဂိညာဉ်ရေးရာ ဆုကျေးဇူးများကို အဓိပ္ပာယ်ရှင်းပြ၍ စာရင်းပြုစုပေးပါ။

- **ပညာတရား- ဘုရားသခင်၏ စိတ်နှလုံးနှင့်အကြံအစည်တော်မှ သဘာဝလွန် ဖွင့်ပြတော်မူခြင်းတစ်ခု ဖြစ်သည်။(တမန် တော် ၂၇း၂၁-၂၅)ကို ဖတ်ကြည့်ပါ။**
- **ထိုးထွင်းခြင်းတရား- အမှန်တရား (သို့မဟုတ်) အဖြစ်အပျက်တစ်ခုခုကို ဘုရားသခင်ထံမှ သဘာဝလွန် ဖွင့်ပြတော်မူခြင်း တစ်ခု ဖြစ်သည်။ (တမန်တော် ၉း၁၁-၁၂)ကို ဖတ်ကြည့်ပါ။**
- **ယုံကြည်ခြင်း- တွေးတောခြင်းမရှိ၊ ဆင်ခြေပေးခြင်းမရှိ၊ ဘုရားသခင်အား ယုံကြည်သော သဘာဝလွန် အရည်အချင်းဖြစ် ၏။ (၁ ကော ၁၃း၂)ကို ဖတ်ကြည့်ပါ။**
- **အနာရောဂါကို ငြိမ်းစေနိုင်သောအခွင့် - လူ့အထောက်အပံ့ (သို့မဟုတ်) ဆေးဝါး အကူအညီ မပါဘဲ၊ အနာရောဂါကိုသက် သာစေသော သဘာဝလွန်အရည်အချင်း ဖြစ်၏။ (မာကု ၁၆း၁၈)ကို ဖတ်ပါ။**
- **တန်ခိုးကိုပြနိုင်သောအခွင့် - သဘာဝတရားကို ဆန့်ကျင်လျက် တန်ခိုးနိမိတ်များ ထုတ်လွှတ်ပေးသော သဘာဝလွန်ကြား ဝင် စွက်ဖက်ခြင်း ဖြစ်သည်။ (ဟေဗြဲ ၂း၃-၄)ကို ဖတ်ကြည့်ပါ။**
- **ပရောဖက်ပြုနိုင်သောအခွင့် - ဘုရားသခင်လှုံ့ဆော်သောအားဖြင့် ဟောပြောသူက အမည် မသိဘာသာစကားနှင့် ပြောဆိုသော သဘာဝလွန် နှုတ်မြွက်စကားများ ဖြစ်သည်။ (တ၁၁း၂၇-၂၈၊ ၁ ကော ၁၄း၃) တို့ကို ဖတ်ကြည့်ပါ။ စိတ်ဝိညာဉ်တို့ကို ပိုင်းခြား၍သိနိုင်သောအခွင့် - ဘုရားသခင်၏ မျက်မှောက်တော် (သို့မဟုတ်) ဝိညာဉ်တော်လုပ်ရှားမှုမှ သဘာဝလွန် ဖွင့်ပြတော်မူခြင်းတစ်ခု ဖြစ်သည်။**

**(တမန်တော် ၁၆း၁၆-၁၈)ကို ဖတ်ကြည့်ပါ။ အမျိုးမျိုးသော ဘာသာစကားကို ပြောနိုင်သောအခွင့် - ဘုရားသခင်လှုံ့ဆော်သောအားဖြင့် အမည်မသိ ဘာသာစကားနှင့် ပြောဆိုသော သဘာဝလွန် နှုတ်မြွက်စကားများ ဖြစ်သည်။ (၎မှာ စကားပြောဆိုနေသူက မသိခြင်းဖြစ်သည်။) (တမန်တော် ၂း၄-၁၁)ကို ဖတ်ကြည့်ပါ။ ထိုဘာသာစကား၏ အနက်ကို ဖေါ်ပြနိုင်သောအခွင့် - ဘုရားသခင်လှုံ့ဆော်သောအားဖြင့်၊ အမည်မသိ ဘာသာစကား တစ်ခုကို အနက်အဓိပ္ပာယ်ဖွင့်ပေးသော သဘာဝလွန် နှုတ်မြွက် စကားများ ဖြစ်သည်။ (၁ ကော ၁၄း၁၃-၁၄)ကို ဖတ်ပါ။**

၆။ (ရောမ ၁၂း၆-၈)ကို ဖတ်ပါ။ ဤတွင် လူတွေကို ဘုရားသခင်ပေးကမ်းသော ဂိညာဉ်ရေးရာဆုကျေးဇူးများကိုအဓိပ္ပာယ်ရှင်းပြ၍ စာရင်းပြုစုပေးပါ။

- **ပရောဖက်ပြုသောသူ - ဘုရားသခင်လှုံ့ဆော်သောအားဖြင့် ဟောပြောသူက အမည်မသိဘာသာစကားနှင့် ပြောဆို သော သဘာဝလွန် နှုတ်မြွက်စကားများ ဖြစ်သည်။**
- **ဓမ္မဆရာအမှုကိုပြုသောသူ - အခြားသူတို့ကို လက်တွေ့ကျကျ ပြုစုခြင်းအားဖြင့် အမှုတော်ဆောင်ခြင်းဖြစ်သည်။ (၂ တိ ၄း၁၁)ဖတ်ပါ။**
- **ဆုံးမဩဝါဒပေးသောသူ -ပညာတရားညွှန်ကြားပေးရန်ရှင်းပြခြင်း ၊အသေးစိတ်ရှင်းပြခြင်း။ (တမန်တော် ၁၃း၁)ကို ဖတ်ပါ။**
- **နှိုးဆော်သွေးဆောင်သောသူ - ဆော်ဩခြင်း၊ အကြံပေးခြင်း၊ အားပေးခြင်း၊ အရေးတကြီး တောင်းခံခြင်း၊ နှိုးဆော်ခြင်း၊ သက်သောင့်သက်သာဖြစ်စေခြင်း (သို့မဟုတ်) သတိပေးခြင်း ပြုလုပ်ရန်၊ (တမန်တော် ၁၃း၁၅)ကို ဖတ်ပါ။**
- **အစွန့်အကြဲဝေငှသောသူ - ဘုရားသခင်နှင့် အခြားသူတို့အား၊ ဆုကျေးဇူးများကို ရက်ရောစွာ ဝေမျှပေးကမ်းခြင်း။ (သုတ္တံ ၂၂း၉)ဖတ်ပါ။**
- **အုပ်ချုပ်သောသူ - ဦးဆောင်ခြင်း၊သို့မဟုတ်၊ ခေါင်းဆောင်မှု။ (တမန်တော် ၂၀း၂၈)ကို ဖတ်ပါ။**
- **မစသနားခြင်းအမှုကို ပြုသောသူ - အပြစ်ကျူးလွန်သူ (သို့မဟုတ်) ဒုက္ခသည် တစ်ယောက်ယောက်အပေါ် သနားခြင်း ကရုဏာ ပြခြင်း။ (မဿဲ ၅း၇) ကို ဖတ်ပါ။**

၇။ ဤဆုကျေးဇူးများအနက် တစ်ခုခုသည် သင့်ထံမှတစ်ဆင့် လုပ်ဆောင်နေသည်ကို သင် သတိပြုမိပါသလား။ သို့ဖြစ်လျှင်၎င်းဆုကျေးဇူးသည် ဘာလဲ။

၈။ (၁ ကော ၁၂း၇)ကို ဖတ်ပါ။ ထိုဆုကျေးဇူးအားဖြင့် မည်သူသည် အကျိုးဖြစ်ထွန်းရရှိမည်နည်း။ **လူတိုင်း/သင်တို့သည် ဆုကျေးဇူးများအသုံးပြုခြင်းအားဖြင့် အခြားသူများကိုကူညီနိုင်သည်။ သင်သည် သင်မှတစ်ဆင့် ဘုရားသခင်လုပ်ဆောင်တော်မူသည်ကို အခွင့်ပေးခြင်း ဖြစ်၏။**

## သင်ခန်းစာ ( ၃ )

# တန်ခိုးနိမိတ်များက ဘုရားဘုန်းတော်ထင်ရှားစေသည်။

ဘုရားသခင်၏တန်ခိုးတော်အောက်၌ သွားလာပြီး၊ ကျွန်ုပ်တို့အား ကိုယ်တော်ပေးသော ဆုကျေးဇူးများမှတစ်ဆင့် အခြားသူများကို အမှုဆောင်ရသည့်အကြောင်း ကျွန်ုပ်တို့ ပြောခဲ့ကြပြီး ဖြစ်သည်။ ယခု ကျွန်ုပ်တစ်စုံတစ်ခုအကြောင်း ဝေမျှပေးလိုပါသည်။ ဤသို့ဖြင့် ဘုရားသခင်၏ ဘုန်းတော်ကို ဖွင့်ပေးခြင်းနှင့် ကိုယ်တော်၏ သဘာဝလွန်အစွမ်းသတ္တိကို ကျွန်ုပ်တို့အသုံးပြုရန် ကိုယ်တော်မျှော်လင့်လျက် ရှိကြောင်းတို့ကို ဝေမျှပေးလိုပါသည်။ ဤအတွက် သက်သေပြရန် ကျမ်းချက်များစွာ ရှိသော်လည်း၊ အနည်းငယ်လောက်ကိုသာ ကျွန်ုပ် ထောက်ပြလိုပါသည်။ ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး (၉)၌ ခြေလက်သေနေသော လူတစ်ယောက်ကို ယေရှု ရောဂါပျောက်ကင်းစေခဲ့သည့်အကြောင်း သာဓကရှိပါသည်။ ထိုအကြောင်းကို ရှင်မာကု ခရစ်ဝင်ကျမ်း အခန်းကြီး(၂)၌ ပိုအသေးစိတ်ကျကျ ကျွန်ုပ် ရှင်းပြသွားပါမည်။ (မဿဲ ၉း၈) ၌ ပြောသည်။ "*လူအစုအဝေးတို့သည် မြင်လျှင် အံ့သြခြင်းရှိ၍၊ လူတို့အား ဤသို့သောအခွင့်ကို အပ်ပေးတော်မူသော ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းကြ၏။*" ဂိညာဉ်ဆုကျေးဇူးသည် တန်ခိုးနိမိတ်လက္ခဏာ ဖြစ်သည်။ ဘုရားဘုန်းတော်ကို ထင်ရှားစေလိမ့်မည်ဆိုသည်ကို သင်သိပါသလား။ ထိုအကြောင်းကြောင့်ပင်၊ ကိုယ်တော်သည် ကျွန်ုပ်တို့အား နိမိတ် လက္ခဏာ အစွမ်းသတ္တိကို ပေးအပ်လိုတော်မူခြင်း ဖြစ်သည်။

သင်သည် အခြားသူများကို စတင်ဝေမျှသောအခါ၊ သူတို့အတွက် သဘာဝတရားဖြစ်တတ်မှုဟူ၍ သူတို့သံသယနှင့် မေးခွန်းမေး လာကြမည်။ "ကောင်းပြီလေ၊ မင်းပြောနေတာအမှန်လို့ ငါ ဘယ်လို သိရနိုင်မလဲ။" ကျွန်ုပ်တစ်ခါက T. L. Osborne အကြောင်းကို ကြားဖူးသည်။ သူသည် လူထောင်ပေါင်းများစွာကို သခင်ဘုရားဆီသို့ ပို့ဆောင်ပေးနိုင်သည့် ထင်ရှားသော ဧဝံဂေလိဆရာ တစ်ယောက်ဖြစ်သည်။ သူသည် ပထမဦးဆုံး ပြည်ပမစ်ရှင်အမှုတော် နယ်မြေ၌ တွေ့ကြုံရသည့်သူ့အတွေ့အကြုံကို ပြောပြသည်။ သူက လူတွေကို သက်သေခံဖို့ ကြိုးစားသော်လည်း သူတို့သည် သူပြောသည်ကို မယုံကြည်ကြ။ "မင်းရဲ့ စာအုပ်အနက်က အခြားစာအုပ် အနက်ထက် ဘာများ ကွဲပြားနေလို့လဲ။" သို့နှင့် T. L. Osborne က တွေးမိသည်။ ဒီလူတွေကို သမ္မာကျမ်းစာမှန်ကန်ကြောင်း ဘယ်လို သိစေရမလဲ။ သမ္မာကျမ်းစာသည် ဘုရား စကားတော်ဖြစ်သည်ကို ကျွန်ုပ် ယုံကြည်ခြင်းရှိသော်လည်း၊ သူတို့ကို ဘယ်လို သိမြင် စေရမလဲ။

သူသည် မစ်ရှင်နယ်တွင် ရှုံးနိမ့်၍ စိတ်ပျက်ပြီး အိမ်ပြန်လာ၍ ဘုရားသခင်ကို ရှာပါ တော့သည်။ ဘုရားသခင်က သူ့ကို သဘာဝလွန်အစွမ်းသတ္တိကို အသုံးချရန် မိန့်တော်မူ၏။ တန်ခိုးနိမိတ်လက္ခဏာနှင့် အံ့ဖွယ်ရာများသည် ဘုရားသခင့်စကားတော်ကို ခိုင်လုံကြောင်း သက်သေပေးခြင်းရ ည်ရွယ်ချက်နှင့် လူတို့၏ဘဝကို ပြောင်းလဲစေ လိမ့်မည် ဖြစ်သည်။ (၁ ပေ ၁း၂၂,၂၃)၌ ပြောထားသည်။ "*သင်တို့သည် ဖေါက်ပြန်ပျက်စီးတတ်သော မျိုးစေ့အားဖြင့် ဖြစ်ပွားသည်မဟုတ်။ မဖေါက်ပြန် မပျက်စီးတတ်သော*

*မျိုးစေ့တည်းဟူ သောအသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားသောကြောင့်၊....”* ဘုရားသခင်၏ စကားတော်သည် လူ့ဘဝများစွာကို ပြောင်းလဲ စေသည်။ သို့သော် ၎င်းသည် ဘုရားသခင် အမှန်တကယ် စကားပြောနေကြောင်း သူတို့ကို ယုံကြည်လာစေရန် ဘယ်လို လုပ်ရမည်နည်း။ ကောင်းပါပြီ။ ၎င်းသည် တန်ခိုး နိမိတ်လက္ခဏာ၏ ရည်ရွယ်ချက် ဖြစ်သည်။ ကျွန်ုပ်တို့က ဘုရားသခင်သည် လူတစ်ယောက်ကို အနာငြိမ်း စေလိုတော်မူကြောင်း တရားဟောပြောသည့်အခါ၊ သူတို့အပေါ်မှာ ယေရှုနာမ၌ ပြောဆိုလျက် လက်တွေ့ထင်ရှားပြသရခြင်း ဖြစ်သည်။ သူတို့မျက်စိများ မြင်ရ၍၊ နားမကြားသူများ နားကြားရခြင်းသည် ဘုရားသခင်ပြုတော်မူကြောင်း သက်သေဖြစ်စေ ရသည်။ တန်ခိုးနိမိတ်များသည် လူကိုပြောင်းလဲစေမည် မဟုတ်သော်လည်း သင် ဟောပြောသော ဘုရားသခင့်နှုတ်ကပတ်တော်ကို သူတို့ယုံကြည်လာစေရန် သူတို့အပေါ် အကြောင်းခံ ဖြစ်စေ လိမ့်မည်။

ဤအတွက် နမူနာကျမ်းချက်သည် (မာကု ၂း၁-၉) ဖြစ်သည်။ ရောဂါပျောက်ကင်းသွားသော ခြေလက်သေသူ၏ ရှေ့ဆက် အသေးစိတ်အကြောင်း ဖြစ်သည်။ “*နောက်တစ်နေ့သ၌ ကိုယ်တော်* (ယေရှု) *သည် ကပေရနောင်မြို့သို့ ဝင်ပြန်၍ အိမ်၌ရှိတော်မူသည်ကို ကြားကြလျှင်၊ တံခါးပြင်နားမှာ နေစရာမရှိအောင် လူများတို့သည် အလျင်အမြန်စုဝေးကြသည်ဖြစ်၍ သူတို့အား တရားဟောတော်မူ၏။ ထိုအခါ လက်ခြေသေသောသူ တစ်ယောက်ကို လူလေးယောက်သည် ထမ်း၍ အထံတော်သို့ ဆောင်ခဲ့ကြ၏။ လူစုဝေးလျက်ရှိသောကြောင့် ကိုယ်တော်ရင်းသို့ မချဉ်းကပ်နိုင်သဖြင့်၊ ကိုယ်တော်ရှိရာအပေါ်မှာ အမိုးကိုဖေါက်ထွင်းပြီးမှ လူနာနှင့်တကွ အိပ်ရာ ကုတင်ကိုလျှော့ချကြ၏။ ယေရှုသည် ထိုသူတို့၏ယုံကြည်ခြင်းကို မြင်လျှင်၊ လက်ခြေ သေသောသူအား၊ ငါ့သား၊ သင့်အပြစ်ကို လွတ်စေပြီဟု မိန့်တော်မူ၏။ ထိုအရပ်၌ ထိုင်သော ကျမ်းပြုဆရာအချို့တို့က၊ ဤသူသည် ဘုရားကိုလွန်ကျူး၍ အဘယ်ကြောင့်ဤသို့ ပြောရသနည်း။ ဘုရားသခင်မှတစ်ပါး အဘယ်သူသည် အပြစ်ကို လွတ်နိုင်သနည်းဟု စိတ်ထဲမှာ ထင်မှတ်ကြ၏။ သူတို့၏စိတ်ထဲမှာ ထိုသို့ထင်မှတ်ခြင်းရှိသည်ကို ယေရှုသည် မိမိဉာဏ်အားဖြင့် ချက်ချင်းသိတော်မူလျှင်၊ သင်တို့ စိတ်ထဲမှာ အဘယ်ကြောင့် ဤသို့ ထင်မှတ်ကြသနည်း။ လက်ခြေ သေသောသူအား အဘယ်စကားကို သာ၍ ပြောလွယ်သနည်း။ သင့်အပြစ်ကို လွတ်စေပြီဟု ပြောလွယ်သလော။ သင်ထလော့။ ကိုယ်အိပ်ယာကိုဆောင်၍ လှမ်းသွားလော့ဟု ပြောလွယ်သလော။”* အမှန်တော့ ထိုအရာ နှစ်ခုစလုံးသည် လက်တွေ့ နည်းကျ မဖြစ်နိုင်ပါ။ လူတစ်ဦးတစ်ယောက်ကို အပြစ်လွတ်ရန် ဆိုသည်မှာ မဖြစ်နိုင်သလို၊ ခြေလက်သေသော လူတစ်ဦးတစ်ယောက်ကို ရောဂါ အနာငြိမ်းစေရန် ဆိုသည်မှာလည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် ဘုရားသခင်သည် ဤတစ်ခုကို လုပ်နိုင်သည်ဆိုလျှင် အခြားတစ်ခုကိုလည်း အမှန်တတ်နိုင်တော်မူပါသည်။

(အခန်းငယ်_၁၀-၁၂) ၌ ယေရှုပြောပါသည်။ “*လူသားသည် မြေကြီးပေါ်မှာအပြစ် လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှါ၊ ထလော့။ ကိုယ်အိပ်ယာကိုဆောင်၍ ကိုယ်အိမ်သို့ သွားလော့ဟု သင့်အား ငါဆိုသည်ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏။ ထိုသူသည် လည်း ချက်ချင်းထ၍ အိပ်ယာကိုဆောင်လျက် လူအပေါင်းတို့ရှေ့ မှာ ထွက်သွား၏။ ထိုလူအပေါင်းတို့သည် မိန်းမောတွေဝေခြင်း ရှိ၍၊ ဤကဲ့သို့ တစ်ခါမျှ မမြင်စဖူးဟု ပြောဆို၍ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကြ၏။”* ယေရှုသည် နှုတ်မြွက်ပြောသောအခါ အလွန် ရှင်းလင်းအောင် ပြောဆိုသည်။ “လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်(လေဖြတ်လူနာကို ကိုယ်တော်ပြောဆိုသည်)ကို

သင်တို့သိစေခြင်းငှါ၊...” ကိုယ်တော်သည် ရောဂါပျောက်ကင်းစေလိုက်သောကြောင့်၊ လူတွေ သိရှိလာကြသည်မှာ၊ ကိုယ်တော့်စကား ကြောင့်ဖြစ်လာသော ရုပ်ခန္ဓာကိုယ်လောက၌ ကိုယ်တော် ပြုလုပ်နိုင်သည်ဆိုပါလျှင်၊ အပြစ်လွှတ်ခြင်းကဲ့သို့သော ဝိညာဉ်ရေးရာကိစ္စများ ၌လည်း တတ်စွမ်း နိုင်မည်အကြောင်း ဖြစ်သည်။ ယေရှုသည် ကိုယ်တော်၏စကားကို သက်သေထူရန် တန်ခိုး နိမိတ်လက္ခဏာကို အသုံးပြုတော်မူသည်။

နောက်ထပ်အလားတူ အကြောင်းအရာကို (ဟေဗြဲ ၂း၂-၃)၌ ပြောထားသည်။ *"ကောင်းကင်တမန်များ အားဖြင့် ထားတော်မူသော ဗျာဒိတ်တော်သည်တည်၍ ပြစ်မှာကျူးလွန်ခြင်း အမှုအမျိုးမျိုးတို့သည် ခံထိုက်သောအပြစ်ဒဏ်ကို ခံရသည်မှန်လျှင်၊ အစအဦး၌ သခင် ဘုရားဟောတော်မူ၍ ဒေသနာစကားကို ကြားရသော သူတို့သည်၊ ယုံလောက်သော သက်သေအားဖြင့် ငါတို့အား ဆင့်ဆို၍ ဟောပြောသော၊ ဤမျှလောက်ကြီးစွာသော ကယ်တင်တော်မူခြင်းတရားကို ငါတို့သည် နားမထောင်ဘဲနေလျှင်၊ အပြစ်ဒဏ်နှင့် အဘယ်သို့ လွတ်ကြလိမ့်မည်နည်း။"* ဤတွင် ပြောသည်မှာ၊ ဘုရားသခင်သည် စကားတော်ကို သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် အတည်ပြုပေးလိုက်ခြင်း ဖြစ်သည်။ (မာကု ၁၆း၂၀)နှင့် အတူတကွ ထည့်တွက်နိုင်သည်။ "သခင်ဘုရားသည် မစတော်မူသည်နှင့်၎င်း၊သူတို့၌ဖြစ်သော နိမိတ်လက္ခဏာအားဖြင့် နှုတ်ကပတ်တရားတော်ကို တည်စေတော်မူသည်နှင့်၎င်း၊ ...” ဤတွင် ကျွန်ုပ် ပြောဆိုနေ သည့်အချက်မှာ၊ ဘုရားသခင်သည် အခြားသူတို့အပေါ် သင်တို့အမှုဆောင်ရွက်ရန် ကိုယ်တော်၏သဘာဝလွန်အစွမ်းသတ္တိနှင့် တန်ခိုး များကို သင်တို့၌ အသုံးချရန် အလိုတော်ရှိကြောင်း ဖြစ်သည်။ ကိုယ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်မှတစ်ဆင့် တန်ခိုးနိမိတ် များ ပြသသည်မှာ၊ ကိုယ်တော်သည် သူတို့ကို အမှန်စကားပြောနေကြောင်း လူတွေကို အတည်ပြုပေးခြင်း ဖြစ်သည်။ နောက်ဆုံးတွင်၊ ဘုရားသခင်သည် လူတို့နှလုံးသားအထဲမှာ လွတ်မြောက်ခွင့်ရစေလိုတော်မူသော်လည်း၊ တစ်ခါတစ်ရံ လူတစ်ယောက်၏နှလုံးသား လမ်းကြောင်းသည် ၎င်းတို့ကိုယ်ခန္ဓာနှင့်စိတ်ခံစားမှုကြောင့် ဖြတ်ကျော်ထွက်သွားရသည်။ အကယ်၍ သင်သည် ထိုနယ်မြေကိုရှင်းပေး နိုင်ပြီး၊ လူတစ်ယောက်ကို လွတ်မြောက်ခွင့်ပေးနိုင်ပါလျှင်၊ သူတို့ပွင့်လင်းလာ၍ လက်ကျန် သူတို့ဘဝအထဲ၌ သခင်ဘုရားကို ထိတွေ့ ခွင့်ပေးလျက်၊ ကိုယ်တော်ထံ သူတို့ဘဝ အလုံးစုံကို တကယ်အပ်နှံလာပါလိမ့်မည်။

(၁ ကော ၂း၁-၅)၌ ရှင်ပေါလုသည် ကောရိန်သုမြို့သားတို့အား ကိုယ်တော်ထံ သူ၏ဦးဆုံးချဉ်းကပ်ခြင်းအကြောင်းကို ပြောပြခဲ့ သည်။ *"ညီအစ်ကိုတို့၊ ငါသည် သင်တို့ရှိရာသို့ရောက်လာသောအခါ ဘုရားသခင်၏ သက်သေချက်ကို ထူးမြတ်သောစကားနှင့် ထူးမြတ်သောပညာအားဖြင့် သင်တို့အား ပြသ၍ ရောက်လာသည်မဟုတ်။ အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်မှတစ်ပါး၊ အဘယ်အရာမျှ သင်တို့တွင် ငါမသိမမှတ်ဟု ငါစိတ်ပြဌာန်းခြင်း ရှိ၏။ သင်တို့နှင့်အတူ ငါရှိနေသောအခါ အားနည်းခြင်း၊ အလွန် ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်တကွ ငါရှိနေ၏။ သင်တို့၏ယုံကြည်ခြင်းသည် လူပညာအားဖြင့် မတည်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် တည်စေခြင်းငှါ၊ ငါ့စကား၊ ငါ့ဒေသနာသည် လူပညာနှင့်ယှဉ်သော ဖြားယောင်းသော စကားနှင့်တကွ ရှိသည်မဟုတ်။ ဝိညာဉ်တော်၏ နိမိတ်လက္ခဏာတန်ခိုးတော်နှင့်တကွ ရှိ၏။"* သူရှင်းရှင်းလင်းလင်းပြောသည်မှာ၊ စကားအားဖြင့် အလေးထားပြောဆိုလျက် သူရောက်လာသည် မဟုတ်ကြောင်းနှင့် ဝိညာဉ်တော်တန်ခိုးတော်ကို

လက်တွေ့ ပြသလျက် ရောက်လာကြောင်း၊ ထိုသို့ဖြင့်၊သူတို့၏ယုံကြည်ခြင်းသည် လူ့ပညာအားဖြင့်မတည်ဘဲ၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် တည်နေမည်အကြောင်း ဖြစ်သည်။

ခရစ်ယာန်ဘာသာရေးသည် ထိုသို့ အံ့ဖွယ်ယုတ္တိရှိခြင်း ဖြစ်သည်။ သင်သည် သမ္မာတရားကို မြင်လိုက်ရသည်နှင့်၊ အဘယ်ကြောင့် သင်မသိခဲ့ရသည်ကိုငင်း၊ အခြားသူများ အဘယ်ကြောင့် လက်မခံ မယုံကြည်ကြသည်ကိုငင်း သင်အံ့သြခြင်းဖြစ်လိမ့်မည်။ သို့သော် ခရစ်ယာန်ဘာသာရေးသည် ယုတ္တိရှိခြင်းတစ်ခုတည်း မဟုတ်သေးပါ။ ၎င်းသည် မှန်သော ဘုရားသခင်နှင့် တကယ်တွေ့ ကြုံရလိုက်ခြင်းဖြစ်သည်။ ကိုယ်တော်သည် ယနေ့ အသက်ရှင် နေသောဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တော်၌ မိန့်တော်မူသည်အတိုင်း တန်ခိုးနှင့် အတိအကျ ထင်ရှားပြလိုတော်မူသော ဘုရားသခင် ဖြစ်သည်။ (ဟေဗြဲ ၁၃း၈)၌ ပြောထားသည်။ "*ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏။* "(တမန်တော် ၁၀း၃၈)၌ ဆိုသည်။ "ထိုအကြောင်းအရာဟူမူကား၊ ဘုရားသခင်သည် သန့်ရှင်းသော ဂိညာဉ်တော်နှင့်၎င်း၊ တန်ခိုးတော်နှင့်၎င်း၊ နာဇရက်မြို့သားယေရှုကို ဘိသိက်ပေးတော်မူသဖြင့်၊ ထိုသူ သည် ဘုရားသခင်၏အခွင့်တော်နှင့် ကျေးဇူးပြုလျက် မာရ်နတ် ညှဉ်းဆဲသောသူ အပေါင်းတို့အား ချမ်းသာကိုပေးလျက် လှည့်လည် တော်မူ၏။" ကိုယ်တော်သည် စကားတော်၌ အခိုင်အမာတည်လျက် တန်ခိုးနိမိတ်လက္ခဏာများသည်လည်း သတင်းကောင်းစကားဆီသို့ လူတွေကိုဆွဲယူရန် ခေါင်းလောင်းထိုးလိုက်သကဲ့သို့ နေရာယူထားသည်။ ၎င်းတို့သည် ဘုရားဘုန်းတော် ထင်ရှားစေခဲ့ပြီ။ ကျမ်းချက်များစွာသည် ယင်းနိမိတ်လက္ခဏာများက ဘုရားသခင့် ဘုန်းတော်ကို ထင်ရှားစေကြောင်း ပြောနေသည်။ အကယ်၍ ယေရှုသည် လူတွေရဲ့ အသက်တာများကို ပြုစုရန်၊ ပြောင်းလဲစေရန်အတွက် သန့်ရှင်းသော ဂိညာဉ်တော်၏တန်ခိုးကို အသုံး ပြုခဲ့သည်ဆိုလျှင် ကိုယ်တော်ပြုသည်ထက် ပိုကောင်းအောင် ကျွန်ုပ်တို့ပြုနိုင်ကြောင်း ဘယ်လို ကျွန်ုပ်တို့ တွေးမိကြသနည်း။ အကယ်၍ ယေရှုသည် ကိုယ် တော့်သတင်းစကားကိုလက်ခံရန် လူတွေကိုခေါ်ယူဖို့ တန်ခိုးနိမိတ်များဆွဲထုတ်ခဲ့ပါလျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သဘာဝလွန် တန်ခိုးတော်ဖြင့် လုပ်ဆောင်ခြင်းမပြုဘဲ လောကကို ယုံကြည်လက်ခံလာစေရန် ဖြစ်နိုင်မှုကို ကျွန်ုပ်တို့ ဘယ်လို တွေးယူနိုင်မည်နည်း။ အမှန်က တန်ခိုးနိမိတ်များသည် ဘုရားဘုန်းတော်ကို ထင်ရှားစေခြင်း ဖြစ်သည်။ ၎င်းတို့သည် လူတွေကိုခေါ်ယူသော ခေါင်းလောင်းတစ်ခု ဖြစ်၏။ ၎င်းသည် ထမင်းစား ခေါင်းလောင်းထိုးလိုက်သကဲ့သို့ ဖြစ်၏။ ၎င်းသည် သင့်ကို အစာဖြည့် ပေးဖို့လည်း ဖြစ်၏။ သို့သော် ၎င်းသည် သင့်ကို အာရုံစိုက်စေသောခေါင်းလောင်းသံ ဖြစ်၏။ ခေါင်းလောင်းမရှိလျှင် လူအချို့ အစာစားရဖို့ လွတ်သွား နိုင်ကြသည်။ ဘုရားသခင်၏ တန်ခိုးနိမိတ်တော်ကို မပြလျှင်၊ လူအတော်များများသည်၊ ဘုရားသခင် အမှန်ရှိကြောင်းနှင့် ကိုယ်တော်သည် သူတို့ စိတ်နလုံးကို ပြောင်းလဲစေ၍ သူတို့အပြစ်များကို ခွင့်လွှတ်ပေးနိုင်ကြောင်း အမှန်တရားသိဖို့ လွဲချော်သွားနိုင်ကြပါသည်။

သင်တို့ သိနားလည်ဖို့ ကျွန်ုပ်တိုက်တွန်းလိုသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီ အားဖြင့်လိုက်ပါပြီး၊ အခြားသူတို့ အသက်တာထဲသို့ ကျွန်ုပ်တို့မှတစ်ဆင့် ထိုနိမိတ်လက္ခဏာများ ပြလိုတော်မူခြင်းအကြောင်း ဖြစ်သည်။ သင်တို့အချို့ပြောနိုင်သည်။ "ဒါပေမဲ့၊ အဲဒါ ကျုပ်ကို ခြိမ်းခြောက်သလို ဖြစ်နေတယ်။ လူတစ်ယောက်ကို ကျုပ်ဆုတောင်းပေးလိုက်ပြီး၊ အဲဒီလူ ရောဂါ မပျောက်ဘူး ဆိုရင် ဘာဖြစ်မလဲ။ အဲဒါ ဖြစ်လာမယ်ဆိုတာ၊ ကျုပ်ဘယ်လို သိရမလဲ။" တန်ခိုးနိမိတ်များ

ပြခြင်းသည် သင် ပြုသည့်အလုပ် မဟုတ်ကြောင်း သင်သိထားဖို့ လိုပါသည်။ ထိုအရာများကို ဘုရားသခင်ပြုတော်မူခြင်း ဖြစ်သည်။ တန်ခိုးနိမိတ်အလုပ်လုပ်၍ လူတစ် ယောက် ချမ်းသာရာရသည်ဆိုလျှင်၊ သင်သည် တာဝန်ခံယူရမည် မဟုတ်သလို၊ အလုပ်မဖြစ်ခဲ့လျှင်၊ သင်သည် ကဲ့ရဲ့ရမည် မဟုတ်ပါ။ သင့်အလုပ်မှာ ဆုတောင်းနေရုံဖြစ်ပြီး၊ အနာငြိမ်းစေသောသူသည် ဘုရားသခင်တစ်ပါးတည်းသာလျှင် ဖြစ်ပေသည်။ ဘုရားသခင် သည် အံ့ဩဖွယ်နည်းလမ်းဖြင့် သင့်အား အသုံးပြုလိုတော်မူသည်။ သင်သည် နှုတ်ကပတ်တော်နှင့်အတူ တည်နေလျက် အခြား သူတို့အပေါ် ဘုရားသခင် မည်သို့လုပ်ဆောင်တော်မူသည်ကို မြင်ပြီး သင့်ဘဝအထဲ ထိုအရာများကို ကျင့်သုံးပါ။ ဘုရားသခင်၏ အံ့ဖွယ်နိမိတ်လက္ခဏာနှင့် သဘာဝလွန် တန်ခိုးတော်သည် ယနေ့ သင်တို့ မှတစ်ဆင့် စတင်စီးဆင်းပါစေသော။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ တန်ခိုးနိမိတ်လက္ခဏာတစ်ခုသည် ဘာလဲ။

၂။ (မာကု ၂း၁၀-၁၂)ကို ဖတ်ပါ။ ယေရှု၏နိမိတ်လက္ခဏာသည် ကိုယ်တော်၌ တန်ခိုးရှိကြောင်းကို ဘာလက်တွေ့ ပြသနည်း။

**မာကု ၂း၁၀-၁၂** - *"လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှါ၊ ထလော့။ ကိုယ်အိပ်ယာကိုဆောင်၍ ကိုယ်အိမ်သို့သွားလော့ဟု သင့်အား ငါဆိုသည်ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏။ ထိုသူသည်လည်း ချက်ချင်းထ၍ အိပ်ယာကိုဆောင်လျက် လူအပေါင်းတို့ရှေ့ မှာ ထွက်သွား၏။ ထိုလူအပေါင်းတို့သည် မိန်းမောတွေ ဝေခြင်း ရှိ၍၊ ဤကဲ့သို့ တစ်ခါမျှ မမြင်စဖူးဟုပြောဆို၍ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကြ၏။ "*

၃။ (မာကု ၁၆း၁၅-၁၈)ကို ဖတ်ပါ။ ယုံကြည်သူများအနေနှင့် ကျွန်ုပ်တို့ ဘာလုပ်ရကြမည်နည်း။

**မာကု ၁၆း၁၅-၁၈** - *"သင်တို့သည်၊ လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတံ့။ မယုံကြည်သော သူမူကား၊ အပြစ် စီရင်ခြင်းကို ခံရလတံ့။ ယုံကြည်သောသူတို့၌ ဖြစ်အံ့သောနိမိတ်လက္ခဏာဟူမူကား၊ ငါ၏နာမကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်လတံ့။ ထူးခြားသောဘာသာစကားမျိုးတို့ကို ပြောကြလတံ့။ မြွေတို့ကို ဖမ်းကိုင် ကြလတံ့။ သေစေတတ်သော အဆိပ်အတောက်ကို သောက်စားလျှင် ဘေးဥပဒ်နှင့် ကင်းလွတ်ကြလတံ့။ မကျန်း မမာသောသူတို့အပေါ်မှာ လက်ကိုတင်၍ ချမ်းသာ ပေးကြလတံ့ဟု မိန့်တော်မူ၏။"*

၄။ (တမန်တော် ၈း၅-၈,၁၂)ကို ဖတ်ပါ။ လူတွေ ဘာကို မြင်၍ ဘယ်လို တုံ့ပြန်ကြသနည်း။

**တမန်တော် ၈း၅-၈,၁၂** - *"ဖိလိပ္ပုသည်လည်း၊ ရှမာရိမြို့သို့သွား၍၊ ခရစ်တော်၏အကြောင်းကို ဟောလေ၏။ လူအစုအဝေးတို့ သည် ကြား၍ ဖိလိပ္ပုပြုသော နိမိတ်လက္ခဏာတို့ကို မြင်သောအခါ၊ သူ၏စကားကို တညီတညွတ်တည်း နားထောင်ကြ၏။ အကြောင်းမူကား၊ နတ်ဆိုးစွဲသော သူတို့၏အထဲမှ နတ်ဆိုးတို့သည် ပြင်းစွာသောအသံနှင့် အော်ဟစ်လျက် ထွက်သွားကြ၏။ ကိုယ်မလှုပ်နိုင်သောသူ၊ ခြေမစွမ်းသောသူအများတို့သည်လည်း ပကတိအဖြစ်သို့ ရောက်ကြ၏။ ........ ဖိလိပ္ပုသည်၊ ဘုရားသခင်၏ နိုင်ငံတော်နှင့်ဌင်း၊ ယေရှုခရစ်၏နာမတော်နှင့်ဌင်း စပ်ဆိုင်သော ဧဝံဂေလိတရား ကိုဟောပြော၍ ထိုသူတို့သည် ယုံကြည်သောအခါ ယောကျ်ား မိန်းမတို့သည် ဗတ္တိဇံကို ခံကြ၏။"*

၅။ (တမန်တော် ၃း၁၂)ကို ဖတ်ပါ။ တမန်တော်ရှင်ပေတရုသည် သူ၏ကိုယ်ပိုင် သန့်ရှင်းသော နိမိတ်လက္ခဏာ ထုတ်ပြရခြင်းအကြောင်းကို ဘာပြောသနည်း။

**တမန်တော် ၃း၁၂** - *"ပေတရုသည် မြင်လျှင်၊ ဣသရေလလူတို့ အဘယ်ကြောင့် ဤအမှုကို အံ့သြကြသနည်း။ ဤသူသည် လှမ်း သွားနိုင်သောအခွင့်ကို ငါတို့သည် ကိုယ်တန်ခိုး ကိုယ်သီလအားဖြင့် ပေးဘိသကဲ့သို့ အဘယ်ကြောင့် ငါတို့ကို စေ့ စေ့ ကြည့်ရှုကြသနည်း။"*

၆။ (တမန်တော် ၃း၁၆)ကို ဖတ်ပါ။ တန်ခိုးနိမိတ်လက္ခဏာ ဘယ်လို ဖြစ်လာသနည်း။

**တမန်တော် ၃း၁၆** - *"ထိုသခင်ကို ယုံကြည်ခြင်းအားဖြင့် ထိုသခင်၏နာမတော်သည် သင်တို့ သိမြင်သော ဤသူအား အစွမ်းကို ပေးတော်မူပြီ။ ထိုသခင်ကြောင့်ရသော ယုံကြည်ခြင်းသည် သင်တို့ မျက်မှောက်တွင် ဤသူ၌ စေ့စုံခြင်းအခွင့်ကို ပေး၍ ရှိလေပြီ။"*

၇။ ဓမ္မသစ်ကျမ်းထဲ၌ တမန်တော်ကြီးများအားဖြင့် မဟုတ်ဘဲ၊ တန်ခိုးနိမိတ်လက္ခဏာဖြစ်သည့် ဖြစ်ရပ်များ ရှိသလား။

**မာကု ၉း၃၈-၃၉** - *"ယောဟန်ကလည်း၊ အရှင်ဘုရား၊ ကျွန်ုပ်တို့နှင့်အတူ မလိုက်ဘဲလျက်၊ ကိုယ်တော်၏နာမကိုအမှီပြု၍၊ နတ်ဆိုး တို့ကိုနှင်ထုတ်သောသူတစ်ယောက်ကို ကျွန်ုပ်တို့တွေ့ပါ၏။ သူသည် အကျွန်ုပ်တို့နှင့်အတူ မလိုက်သောကြောင့်၊ အကျွန်ုပ်တို့သည် မြစ်တားကြပါသည်ဟု လျှောက်လေသော်၊ ယေရှုက ထိုသူကို မမြစ်တားကြနှင့်။ ငါ့နာမကို အမှီ ပြုလျက် တန်ခိုးကိုပြ၍ ငါ့ကို အလွယ်တကူ ကဲ့ရဲ့ နိုင်သောသူ တစ်ယောက်မျှ မရှိ။"*

**တမန်တော် ၈း၅-၇** - *"ဖိလိပ္ပုသည်လည်း၊ ရှမာရိမြို့သို့သွား၍ ခရစ်တော်၏အကြောင်းကို ဟောလေ၏။ လူအစုအဝေးတို့သည် ကြား၍ ဖိလိပ္ပုပြသောနိမိတ်လက္ခဏာတို့ကို မြင်သောအခါ၊ သူ၏စကားကို တညီတညွတ်တည်း နားထောင်ကြ၏။ အကြောင်းမူကား၊ နတ်ဆိုးစွဲသော သူများတို့၏အထဲမှ နတ်ဆိုးတို့သည် ပြင်းစွာသောအသံနှင့် အော်ဟစ်လျက် ထွက်သွားကြ၏။ ကိုယ်မလှုပ်နိုင်သောသူ၊ ခြေမစွမ်းသောသူအများတို့သည်လည်း ပကတိအဖြစ်သို့ ရောက်ကြ၏။"*

**တမန်တော် ၉း၁၀-၁၈** - *"ထိုအခါ အာနနိအမည်ရှိသော တပည့်တော်တစ်ယောက်သည် ဒမာသက်မြို့ ၌ ရှိ၏။ ထိုသူကို သခင် ဘုရားသည် ဗျာဒိတ်တော်အားဖြင့်၊ အာနနိဟူ၍ ခေါ်တော်မူလျှင်၊ အာနနိက၊ သခင်ဘုရား အကျွန်ုပ်ရှိပါသည်ဟု လျှောက်၏။ သခင်ဘုရားကလည်း၊ သင်သည်ထ၍ လမ်းဖြောင့် အမည်ရှိသော လမ်းသို့သွားလော့။ ရှောလုအမည် ရှိသော တာရှုမြို့သားကို ယုဒ၏အိမ်၌ ရှာဖွေလော့။ အကြောင်းမူကား၊ ထိုသူသည် ဆုတောင်းလျက် နေ၏။ မိမိ မျက်စိကို မြင်ပြန်စေခြင်းငှါ၊ အာနနိအမည်ရှိသောသူသည် ဝင်၍၊ မိမိအပေါ်၌လက်တင်သည်ကို ဗျာဒိတ်တော်အား ဖြင့် မြင်လေပြီဟု မိန့်တော်မူ၏။ အာနနိကလည်း၊ သခင်ဘုရား၊ ထိုသူသည် ယေရုရှလင်မြို့ ၌ ကိုယ်တော်၏ သန့်ရှင်းသူတို့ကို အဘယ်မျှလောက်ပင် ညှဉ်းဆဲသည်ကို လူများပြော၍အကျွန်ုပ်ကြားရပါပြီ။ ဤအရပ်၌လည်း ကိုယ်တော်ကို ပဌနာပြုသောသူရှိသမျှတို့ကို ချည်နှောင်ရမည်အခွင့်ကို ယဇ်ပုရောဟိတ်အကြီးတို့ထံ၌ ရပါသည်ဟု ပြန်လျှောက်၏။ သခင်ဘုရား ကလည်း၊ ထိုသူကား တစ်ပါးအမျိုးတို့နှင့် ရှင်ဘုရင်တို့ထံ၌၎င်း၊ ဣသရေလအမျိုးရှိရာ သို့၎င်း၊ ငါ၏နာမကို ပို့ဆောင်စေခြင်းငှါ*

*ငါရွေးကောက်သော တန်ဆာဖြစ်၏။ အကြောင်းမူကား၊ ထိုသူသည် ငါ၏ နာမကြောင့် အဘယ်မျှလောက်ပင် ဆင်းရဲခံရမည်ကို ငါသည်သူ့အားပြမည်။ ထိုကြောင့် သင်သွားလော့ဟု အာနနိအား မိန့်တော်မူ၏။ အာနနိသည်လည်း သွား၍ အိမ်သို့ရောက်လျှင်၊ ရှောလုအပေါ်၌ မိမိလက်ကိုတင်၍၊ ညီရှောလု၊ သင်လာသောလမ်း၌ သင့်အား ထင်ရှားတော်မူသော သခင်ယေရှုသည် သင်၏မျက်စိ မြင်ပြန်စေခြင်းငှါ၎င်း၊ သင့်ကို သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်စေခြင်းငှါ၎င်း ငါ့ကို စေခန့်တော်မူသည်ဟု ပြောဆို၏။ ထိုခဏ၌ ရှောလု၏ မျက်စိမှ ငါးကြေးကွာကျသကဲ့သို့ ဖြစ်၍၊ မျက်စိမြင်ပြန်သဖြင့်၊ ထ၍ ဗတ္တိဇံကိုခံပြီးလျှင်၊ အစာအဟာရကို သုံးဆောင် ၍ အားဖြည့်လေ၏။"*

၈။ (၁ ကော ၁း၇)ကို ဖတ်ပါ။ တန်ခိုးနိမိတ်ပြနိုင်သောဆုကျေးဇူးသည် ဘယ်အခါ ရပ်စဲသွားလိမ့်မည်နည်း။

**၁ ကော ၁း၇** - *"ထိုကြောင့် သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ ပေါ်ထွန်းတော်မူခြင်းကို မျှော်လင့်၍နေစဉ်၊ ဆုတော် တစ်စုံ တစ်ခုမျှ မလျော့ဘဲ စုံလင်လျက် ရှိကြ၏။"*

# အဖြေ သော့ချက်

၁။ တန်ခိုးနိမိတ်လက္ခဏာတစ်ခုသည် ဘာလဲ။ အံ့မခန်းသော (သို့မဟုတ်) ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော ဖြစ်ရပ်၊ ဘုရားသခင်၏
**တန်ခိုးတော်ထင်ရှားစေခြင်းဟု ဆင်ခြင်သုံးသပ်ခံရ၏။ ၎င်းသည် သဘာဝတရားအပေါ်မှာ ဘုရားသခင်၏ တန်ခိုးတော်က ကြားဝင်ခြင်းတစ်ရပ်လည်း ဖြစ်၏။**

၂။ (မာကု ၂း၁၀-၁၂)ကို ဖတ်ပါ။ ၎င်းကျမ်းချက်၌ ယေရှု၏နိမိတ်လက္ခဏာသည် ကိုယ်တော်၌ တန်ခိုးရှိကြောင်းကို ဘာလက်တွေ့ ပြ သနည်း။
**အပြစ်များကို ခွင့်လွှတ်ရန်**

၃။ (မာကု ၁၆း၁၅-၁၈)ကို ဖတ်ပါ။ ယုံကြည်သူများအနေနှင့် ကျွန်ုပ်တို့ ဘာလုပ်ရကြမည်နည်း။
**ဧဝံဂေလိတရား ဟောပြောခြင်း၊ ပြောင်းလဲလာသူများအား ဗတ္တိဇံပေးခြင်း၊ နတ်ဆိုးကို နှင်ထုတ်ခြင်း၊ ဘာသာစကားအမျိုးမျိုးကို ပြောဆိုခြင်း၊ မကျန်းမာသူတို့ကို ချမ်းသာပေးခြင်း၊**

၄။ (တမန်တော် ၈း၅-၈,၁၂)ကို ဖတ်ပါ။ လူတွေ ဘာကို မြင်၍ ဘယ်လို တုံ့ပြန်ကြသနည်း။
**သူတို့သည် တန်ခိုးနိမိတ်များကို မြင်ပြီး** (**အငယ်-၇**)**၊ ယေရှုကို ယုံကြည်ကြသဖြင့်၊ ရေ၌ဗတ္တိဇံကို ခံကြ၏** (**အငယ်-၁၂**)**။**

၅။ (တမန်တော် ၃း၁၂)ကို ဖတ်ပါ။ တမန်တော်ရှင်ပေတရုသည် သူ၏ကိုယ်ပိုင် သန့်ရှင်းသော နိမိတ်လက္ခဏာ ထုတ်ပြရခြင်းအကြောင်းကို ဘာပြောသနည်း။
**လူတစ်ယောက်ကို အနာငြိမ်းစေသည်မှာ ပေတရု၏ကိုယ်ပိုင်သန့်ရှင်းခြင်း** (**သို့မဟုတ်**) **တန်ခိုးမဟုတ်ပါ။ ဘုရားသခင် ပြု တော်မူခြင်း ဖြစ်သည်။**

၆။ (တမန်တော် ၃း၁၆)ကို ဖတ်ပါ။ တန်ခိုးနိမိတ်လက္ခဏာ ဘယ်လို ဖြစ်လာသနည်း။
**ယေရှု၏နာမ နှင့် ကိုယ်တော်၌ ယုံကြည်ခြင်း အားဖြင့်**

၇။ ဓမ္မသစ်ကျမ်းထဲ၌ တမန်တော်ကြီးများအားဖြင့် မဟုတ်ဘဲ၊ တန်ခိုးနိမိတ်လက္ခဏာဖြစ်သည့် ဖြစ်ရပ်များ ရှိသလား။
**ရှိပါသည်။ အမည်မသိ ခရစ်တော်၏နောက်လိုက်တစ်ယောက်** (**မာကု ၉း၃၈-၃၉**)**၊ ဖိလိပ္ပု** (**တမန်တော် ၈း၅-၇**)**၊ အာနနိ** (**တမန်တော် ၉း၁၀-၁၈**)

၈။ (၁ ကော ၁း၇)ကို ဖတ်ပါ။ တန်ခိုးနိမိတ်ပြနိုင်သောဆုကျေးဇူးသည် ဘယ်အခါ ရပ်စဲသွားလိမ့်မည်နည်း။
**သခင်ယေရှု ကြွလာတော်မူခြင်း၌၊ .... ၎မှာ ကိုယ်တော် ပြန်လည် ကြွလာတော်မူသောအခါ၊**

## သင်ခန်းစာ (၄)

# ဘုရားဝတ်၌မွေ့လျော်သောဆက်ဆံရေး၏ တန်ခိုးအစွမ်း

ယနေ့ ကျွန်ုပ်တို့သည် ဘုရားဂတ်၌ မွေ့လျော်ခြင်းတန်ခိုးနှင့် ပတ်သက်၍ ပြောဆိုကြမည်။ ဤအကြောင်းကို သင်သည် ဆင်ခြင်တွေးဆသည့်အခါ၊ သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဤ အကြောင်းအရာနှင့် ပတ်သက်၍ ပြောနေသည်ကို တွေ့ရမည်။ ဥပမာအားဖြင့်၊ "အသင်းတော်" စကားလုံးသည်၊ ဂရိစကားလုံး "ekklesia" ဖြစ်ပြီး၊ အဓိပ္ပာယ်မှာ၊ "ခေါ်ယူလိုက်သည့်အုပ်စု" ဖြစ်သည်။ ဘုရားနှုတ်က ပတ်တော်အထဲတွင် သင်ကြည့်သည့်အခါ အသင်းတော်(သို့မဟုတ်) ဘုရားသခင်၏ လူများသည် အတူတကွ စည်းဝေးကြရန် အားပေး တိုက်တွန်းခြင်း ခံရ၏။ အတူတကွ ဆုတောင်းကြရန် တိုက်တွန်းခြင်းခံရပြီး၊ နေ့စဉ် တစ်ယောက်ကိုတစ်ယောက် အားပေးကြရန် ဖြစ်သည်။ သူတို့သည် အတူတကွ သွားလာကြသည့်အခါ၊ ဘုရားဂတ်၌မွေ့လျော်ခြင်း ဆက်ဆံရေး တန်ခိုးအားဖြင့် တိုက်တွန်းအားပေး ခံယူခြင်းဖြစ်သည်။ အကယ်၍သင်သည် "အသင်းလူကြီး" စကားလုံးကို စဉ်းစားဆင်ခြင်ကြည့်သည့်အခါ၊ ၎င်းသည်၊ သမ္မာကျမ်းစာ ထဲ၌ အကြိမ်များစွာ အသုံးပြုထားသည်ကို တွေ့ရပြီး၊ အသက်ကြီးသူ တစ်စုံတစ်ယောက်၊ ရင့်ကျက်သူ တစ်စုံတစ်ယောက်၊ ခရစ်တော်၏ အသက်တာနှင့် သွားလာနေသူ တစ်စုံတစ်ယောက်၊ အိမ်ထောင်ရေး ဘဂ၊ မိသားစုဘဂ၌ အောင်မြင်သူတစ်စုံတစ်ယောက်ကို ဖော်ပြရန် အသုံးပြုထားခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏အိမ်ထောင်ရေး၌ ပြဿနာ ကြုံရပါလျှင်၊ ဘုရားဂတ်၌ မွေ့လျော်သူတစ်ယောက် လွန်သောနှစ်များက ဘုရားဂတ်မွေ့လျော်ခြင်း ဉာဏ်ပညာရှိသောသူ တစ်ယောက်ကို ကျွန်ုပ် သွားတွေ့လို့ရပါလိမ့်မည်။

ကျွန်ုပ်တို့ သဘောပေါက်နားလည်ဖို့ လိုသည်မှာလည်း၊ သမ္မာကျမ်းစာသည် ခရစ်တော်၏ ကိုယ်ခန္ဓာကို ရုပ်ခန္ဓာတစ်ခုကဲ့သို့ ဖော်ပြနေခြင်း ဖြစ်သည်။ ၎င်း၌ လက်၊ မျက်စိ၊ နားနှင့် အခြား မတူသော အစိတ်အပိုင်းများ ပါဂင်သည်။ ကျွန်ုပ်တို့သည် အချင်းချင်း၏ အစိတ်အပိုင်း အားလုံးဖြစ်ကြသည်။ အချင်းချင်း၏ အစိတ်အပိုင်းများအဖြစ် ကျွန်ုပ်တို့သည် အချင်းချင်းထံမှ ခွန်အားကို ဆွဲယူကြသည်။ ခန္ဓာကိုယ်၏ အရွတ်အချင်းချင်း၊ အစိတ်အပိုင်းအချင်းချင်း၌၊ ၎င်းတို့၏ကိုယ်ပိုင်ဆုကျေးဇူးများ၊ ၎င်းတို့၏ကိုယ်ပိုင်စွမ်းရည်များ၊ ၎င်းတို့၏ ခွန်အားနှင့်ဉာဏ်ရည်အပေါ် ကိုယ်ပိုင်ပေးအပ်ခြင်းနည်းလမ်းများ ပါရှိသည်။

(ယာကုပ် ၅း၁၆)၌ သမ္မာကျမ်းစာက ပြောပါသည်။ "အချင်းချင်း တစ်ယောက်နှင့်တစ်ယောက်၊ ကိုယ်အပြစ်ကို ဖော်ပြတောင်းပန် ကြလော့။ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဖို့ ဆုတောင်း ကြလော့။ သူတော်ကောင်း ဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏။" ဤ အရာသည် ဘုရားဂတ်၌ မွေ့လျော်ခြင်းဆက်ဆံရေး၏ သမ္မာကျမ်းစာထဲမှ တန်ခိုးနမူနာတစ်ခု ဖြစ်သည်။

ခရစ်တော်၏ ခန္ဓာကိုယ်ထဲ၌ လွဲနေသောအရာ တစ်စုံတစ်ခုရှိသည်ကို သင်သိသလား။ ၎င်းကို ကျွန်ုပ်တွေးမိသည့် အကြောင်းမှာ၊ ယုံကြည်သူ ယဇ်ပုရောဟိတ်ဖြစ်မှုကို ကျွန်ုပ်တို့ အလွန် အလေးထားကြပြီး၊ ဘုရားသခင်ကို တိုက်ရိုက်ဆက်သွယ်နေခြင်းနှင့် အချင်းချင်း မဆက်မသွယ်ဘဲနေခြင်း ဖြစ်သည်။ ကျွန်ုပ်တွင် Dr. Loren Lewis ဆိုသည့် မိတ်ဆွေ တစ်ယောက် ရှိသည်။ သူသည် ဂုဏ်အသရေရှိ လူကြီးတစ်ယောက်ဖြစ်ပြီး၊ ကျွန်ုပ်တို့နှစ်ယောက် အတော်လေး ရင်းနှီးဆက်ဆံ ခဲ့ကြသည်။ သူသည် ဂရိစာပေပညာရှင်ဖြစ်၍ ဂရိစာကို တိုက်ရိုက် ဖတ်ပြနိုင်သည်။ သမ္မာကျမ်းစာထဲမှ အကြောင်းအရာတစ်ခုခုကို ကျွန်ုပ်အဖြေမထုတ်နိုင် ဖြစ်နေခဲ့လျှင် သူ့ဆီသွားပြီး၊ ၎င်း အကြောင်းအရာနှင့်ပတ်သက်၍ ဂရိစာပေက ဘာပြောသည်ကို မေးမြန်းခဲ့ရသည်။ ဂရိဘာသာ ကြိယာစကားလုံး၏ ကာလပြသင်္ကေတကိုလည်း သူ့အားကျွန်ုပ် သွားမေးရသည်။ သူသည် ကျွန်ုပ်၏ သမ္မာကျမ်းစာ လေ့လာခြင်းကိုအများကြီး အကူအညီပေးခဲ့သည်။ ထိုသူနှင့်ကျွန်ုပ် အချိန်များစွာ နေခဲ့သည်။ သူသည် ဉာဏ်ပညာရှိသူ တစ်ယောက်ဖြစ်၏။ ဘုရားဂတ်၌ မွေ့လျော်သူ တစ်ယောက်လည်း ဖြစ်၏။ အောင်မြင်သောအိမ်ထောင်ရေးနှင့် အောင်မြင်သောမိသားစုလည်း ရှိ၏။

ကျွန်ုပ်တို့သည် ကိုယ့်အပြစ်ကိုဝန်ခံရန် ကျွန်ုပ်တို့အားလုံး၌ လိုအပ်သောအချိန်ရှိသည်။ ယခု ကျွန်ုပ်တို့၏ အပြစ်များကို ဘုရားသခင်အား ဝန်ခံရန် ကျမ်းစာက ပြောထားသည်ကို ကျွန်ုပ်သိ ပါသည်။လူတစ်ယောက်ထံ သင့်အပြစ်များအား သူတို့ခွင့်လွှတ်နိုင်သည့်အခါ သင့်အပြစ်များကိုဝန်ခံနိုင်သည်ဟူ၍ ကျွန်ုပ်မပြောလိုပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဘုရားသခင်ထံ တိုက်ရိုက်သွားဖို့ လိုအပ်သောကြောင့်ဖြစ်၏။ သို့သော် ကျွန်ုပ်တို့သည် ကိုယ့်အသက်တာ၌ တာဝန် ယူတတ်ဖို့တော့ လိုသည်။ ဘုရားဂတ်၌ မွေ့လျော်ခြင်းဆက်ဆံရေးရှိမှု တန်ခိုးသည် တာဝန် ယူတတ်မှုအတွက်နှင့် ဘုရားသခင်အား ရှာဖွေရန် ကျွန်ုပ်တို့ကို အားပေးသူတစ်ယောက်ယောက်ရှိဖို့ အတွက် ကျွန်ုပ်တို့၌လိုအပ်သော အစွမ်းသတ္တိဖြစ်သည်။ ဟေဗြဲဩဝါဒစာစောင်၌ သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို ပြောနေသည်မှာ နေ့စဉ် တစ်ယောက်ကိုတစ်ယောက် တိုက်တွန်းနေရန်၊ ကျွန်ုပ်တို့ အတူတကွ တွေ့ဆုံစည်းဝေးခြင်းကို မရှောင်လွှဲရန်၊ တစ်ယောက်ကိုတစ်ယောက်အား ပေး၍နေရန်နှင့် အပြစ်၏ လှည့်ဖြားခံရခြင်းအားဖြင့် စိတ်နှလုံးခိုင်မာသော ကျွန်ုပ်အထဲမှ တစ်ယောက်ယောက်ကို အချင်းချင်း သတိပေးနေကြရန်ဖြစ်သည်။ ဤအရာများ အားလုံးသည် ဘုရားဂတ်၌ မွေ့လျော်ခြင်းဆက်ဆံရေး အရေးကြီးကြောင်းကို ပြောဆိုနေခြင်းဖြစ်သည်။ ဆိုးသောဘက်၌ ကျွန်ုပ်တို့သည် ဘုရားကို မရှိမသေဆက်ဆံနေခြင်း အကြောင်းနှင့် ထိုသို့ ဘုရားကို မရှိမသေ ဆက်ဆံနေခြင်းသည် ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့်အတွေးကို မည်သို့ ထိခိုက် နိုင်ကြောင်းတို့ကို သမ္မာကျမ်းစာက အကြိမ်များစွာ သတိပေးနေပါသည်။ ကျွန်ုပ်တို့ မသိရမီကပင် ကျွန်ုပ်တို့ မလိုချင်သည့်အရာများ ကျွန်ုပ်တို့၌ ဖြစ်လာနိုင်၏။ ထိုသို့ဖြစ်ရသည့် အကြောင်းမှာ ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့မကာကွယ်၊ ဘုရားသခင်နှင့်ဆိုင်သော တိုင်ပင်ခြင်းနှင့် ပတ်စည်းခြင်း မရှိသောကြောင့် ဖြစ်သည်။ (သုတ္တံ ၁၁း၁၄, ၁၃း၂၀ နှင့် ၁ ကော ၁၅း၃၃)။ သမ္မာကျမ်းစာက (၂ ကော ၆း၁၄)၌ *"တရားသောအမှုသည် မတရားသောအမှုကို အဘယ်သို့ လက်ခံနိုင်မည်နည်း"*ဟု ဆိုထားပါသည်။

သင်သည် ခရစ်ယာန်အသက်တာနှင့် သွားလာပါလျှင်၊ ဘုရားဂတ်၌ မွေ့လျော်ခြင်း ဆက်ဆံရေးနှင့် သင့်ကိုယ်ကို ပတ်စည်းထားရန် အားယူပြီးလျှင်၊ ဆိုးသောလမ်းသို့ သင့်ကို ဆွဲခေါ်နေသူများမှ

လွတ်မြောက်နေစေပါ။ ၎င်းမှာ အလွန်အရေးကြီးပါသဖြင့်၊ ကျွန်ုပ်တို့ဘဝ အထဲ၌ ရှိကြသော ဘုရားဂတ်၌ မွေ့လျော်သည့်ယုံကြည်သူများနှင့်အတူ၊ ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ ထက်မြက်နေစေကြပြီး၊ (သုတ္တံ ၂၇း၁၇) တာဝန်ယူတတ်မှုလည်း ရှိနေစေရပါမည်။ ဤအရာများကို သင်သည် အာရုံထား၍တွေးဆဆင်ခြင်သွားပါလျှင်၊ ဘုရားသခင်သည် သင့်အား ကောင်းကြီးပေး ပါစေသတည်း။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (၁ ကော ၁၅း၃၃)ကို ဖတ်ပါ။ ဤကျမ်းချက်သည် ဆက်ဆံရေးနှင့်ပတ်သက်၍ ကျွန်ုပ်တို့အား ဘာသွန်သင်ပေးသနည်း။

**၁ ကော ၁၅း၃၃**- *"အလွဲမယူကြနှင့်။ မကောင်းသောသူတို့နှင့် ပေါင်းဖော် ခြင်းအားဖြင့် ကောင်းသော အကျင့်ဓလေ့ ယိုယွင်းတတ်၏။"*

၂။ (၁ ကော ၁၂း၁၂)ကို ဖတ်ပါ။ ဤကျမ်းချက်သည် ကျွန်ုပ်တို့ခရစ်ယာန်ဘဝနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကို ဘာပြသသနည်း။

**၁ ကော ၁၂း၁၂** - *"ဥပမာကား၊ ကိုယ်တစ်ခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍၊ ထိုတစ်ခုတည်းသော ကိုယ်၏ အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်တစ်ခုတည်းဖြစ်သကဲ့သို့၊ ထိုနည်းတူ ခရစ်တော် ဖြစ်၏။"*

၃။ (ဟေဗြဲ ၁၀း၂၄)ကို ဖတ်ပါ။ ဤကျမ်းချက်မှ ဘုရားဂုဏ်မြှောင့်လျှော်ခြင်းဆက်ဆံရေးနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ ဘာလေ့လာယူနိုင်သနည်း။

**ဟေဗြဲ ၁၀း၂၄** - *"ထိုမှတစ်ပါး၊ မေတ္တာစိတ်ရှိစေခြင်းငှါလည်း၊ ကောင်းသောအကျင့်ကို ကျင့်စေခြင်းငှါလည်း၊ တိုက်တွန်းနှိုးဆော်ရသော အခွင့်ကိုရှာ၍ အချင်းချင်း တစ်ယောက်ကို တစ်ယောက် ထောက်စာကြည့်ရှု ကြကုန်အံ့။"*

၄။ (ဟေဗြဲ ၁၀း၂၅)ကို ဖတ်ပါ။ ဤကျမ်းချက်မှ ဆက်ဆံရေးနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ ဘာလေ့လာယူနိုင်သနည်း။

**ဟေဗြဲ ၁၀း၂၅** - *"လူအချို့တို့၏ထုံးစံရှိသည်အတိုင်း၊ အချင်းချင်းစည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက် တွန်း နှိုးဆော်ကြလော့။ ကာလအချိန် ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ ကြိုးစားကြလော့။"*

၅။ (သုတ္တံ ၅း၂၂-၂၃)ကိုဖတ်ပါ။ ဘုရားကိုမရှိမသေပြုခြင်းမှ ကျွန်ုပ်တို့နှလုံးသားကို အဘယ်ကြောင့် ကျွန်ုပ်တို့ စောင့်ကြပ်ရမည်နည်း။

**သုတ္တံ ၅း၂၂-၂၃** -*"အဓမ္မလူသည် မိမိပြုသော အဓမ္မအပြစ်ဖြင့် ဖမ်းမိခြင်း၊ မိမိအပြစ်ကြိုးတို့ဖြင့် ချည်နှောင်ခြင်းကို ခံရလိမ့်မည်။ သူသည် အလွန်မိုက်သောကြောင့် မှားယွင်း၍ သွန်သင်ခြင်းကို မခံရဘဲ သေသွားရလိမ့်မည်။"*

၆။ (၂ တိ ၂း၂၂) ကို ဖတ်ပါ။ ဖြောင့်မတ်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ကိုမည် သူတို့နှင့် ကျွန်ုပ်တို့အတူလိုက်စားသွားရမည်နည်း။

**၂တိ ၂း၂၂** - *"လူပျိုတို့၏ တပ်မက်ခြင်း ကိလေသာစိတ်ကို ကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ် သောစိတ်ရှိ၍၊ သခင်ဘုရားကို ပဌနာပြုသောသူတို့နှင့် အသင့်အတင့်နေခြင်းတို့ကို မှီအောင်လိုက်လော့။"*

၇။ (ဟေဗြဲ ၁၃း၇)ကို ဖတ်ပါ။ ကျွန်ုပ်တို့ အမှတ်ရပုံစံဖေါ် ယူရန် မည်သူ့နောက် ကျွန်ုပ်တို့ လိုက်ရမည်နည်း။

**ဟေဗြဲ ၁၃း၇** - *"ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို သင်တို့အား ဟောပြော၍၊ သင်တို့ကို အုပ်သောသူတို့ကို အောက်မေ့ ကြလော့။ သူတို့သည် အဘယ်သို့ ကျင့်ကြံပြုမူ၍ စုတေ့သည်ကို စေ့စေ့ဆင်ခြင်လျက်၊ သူတို့၏ ယုံကြည်ခြင်းကို မှီအောင်လိုက်ကြလော့။"*

# အဖြေ သော့ချက်

၁။ (၁ ကော ၁၅း၃၃)ကို ဖတ်ပါ။ ဤကျမ်းချက်သည် ဆက်ဆံရေးနှင့်ပတ်သက်၍ ကျွန်ုပ်တို့အား ဘာသွန်သင်ပေးသနည်း။
**မကောင်းသောသူတို့နှင့် ပေါင်းဖော်ခြင်းအားဖြင့် ကောင်းသောအကျင့်စလေ့ ယိုယွင်းတတ်သည်။**

၂။ (၁ ကော ၁၂း၁၂)ကို ဖတ်ပါ။ ဤကျမ်းချက်သည် ကျွန်ုပ်တို့ခရစ်ယာန်ဘဝနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကို ဘာပြသသနည်း။
**ရုပ်ခန္ဓာကိုယ်နည်းတူ၊ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်၏ခန္ဓာကိုယ်၌ အခြားအဖွဲ့ဝင်များကို လိုအပ်သည်။**

၃။ (ဟေဗြဲ ၁၀း၂၄)ကို ဖတ်ပါ။ ဤကျမ်းချက်မှ ဘုရားဂုဏ်မွေ့လျော်ခြင်း ဆက်ဆံရေးနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့ ဘာလေ့လာယူနိုင်သနည်း။
**ချစ်တတ်ရန်၊ ကောင်းသောအကျင့် ကျင့်ရန်၊ အခြားသူများကို ဘုရားဝတ်မွေ့လျော်ခြင်း ဆက်ဆံရေး၌ ထောက်စာကြည့်ရှု ကြမည်။**

၄။ (ဟေဗြဲ ၁၀း၂၅)ကို ဖတ်ပါ။ ဤကျမ်းချက်မှ ဆက်ဆံရေးနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ ဘာလေ့လာယူနိုင်သနည်း။
**ကျွန်ုပ်တို့သည် အတူတကွစည်းဝေးရန်၊ မိတ်ဖွဲ့နေရန်နှင့် အချင်းချင်း အားပေးကြရန် လိုအပ်သည်။**

၅။ (သုတ္တံ ၅း၂၂-၂၃) ကို ဖတ်ပါ။ ဘုရားကိုမရှိမသေပြုခြင်းမှ ကျွန်ုပ်တို့နှလုံးသားကို အဘယ်ကြောင့် ကျွန်ုပ်တို့ စောင့်ကြပ်ရမည်နည်း။
**အလွန်မိုက်သောကြောင့် မှားယွင်း၍ သွန်သင်ခြင်းကို မခံရစေရန်၊** (**အငယ်-၂၃**)

၆။ (၂ တိ ၂း၂၂) ကို ဖတ်ပါ။ ဖြောင့်မတ်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ကို မည်သူတို့နှင့် ကျွန်ုပ်တို့ အတူလိုက်စားသွားရမည်နည်း။
**စင်ကြယ်သောစိတ်ရှိ၍၊ သခင်ဘုရားကို ပတ္ထနာပြုသောသူတို့နှင့်အတူ**

၇။ (ဟေဗြဲ ၁၃း၇)ကို ဖတ်ပါ။ ကျွန်ုပ်တို့ အမှတ်ရပုံစံဖော်ယူရန် မည်သူ့နောက် ကျွန်ုပ်တို့ လိုက်ရမည်နည်း။
**ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို သင်တို့အား ဟောပြောသော သင်တို့၏ သင်းအုပ်များ**

# သင်ခန်းစာ (၅)
# ညှဉ်းပန်းနှိပ်စက်ခြင်း

ယနေ့ ကျွန်ုပ်တို့သည် ညှဉ်းပန်းနှိပ်စက်ခြင်း အကြောင်းနှင့် (မဿဲ ၁၀း၁၆-၂၃) ရှိ ယေရှု၏ စကားတော်တို့ကို လေ့လာ သွားကြမည်။ ကိုယ်တော်သည် တပည့်တော်များကို တိုက်လှန်ခြင်းအတွက် ပြင်ဆင်စေလိုသည်။ ကိုယ်တော်သည် တပည့်တော်များအား တိုက်လှန်ခြင်း ရှိလာလိမ့်မည်ကို သိစေလိုတော်မူသည်။ ဘုရားဂတ်၌မွေ့လျော်သောသူ၊ ခရစ်တော် ဗဟိုပြု နေထိုင်သောသူ အပေါင်းတို့ သည်၊ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရကြလိမ့်မည်။(၂တိ ၃း၁၂) ၎င်းသည် သင် ဆုံးမလို့ရနိုင်သည့် တစ်စုံတစ်ရာ မဟုတ်ပါ။ ရန်သူစာ တန်သည် နောက်ကွယ်၌ ရှိနေနိုင်သည်။ သို့သော် ညှဉ်းပန်း နှိပ်စက်ခြင်းသည် ဖြောင့်မတ်ခြင်းအတွက် ရပ်တည်နေသည့် အပိုင်းတစ်ခု ဖြစ်သည်။ သမ္မာကျမ်းစာက ဘုရားဂတ်၌မွေ့လျော်ခြင်း၌ အလိုရှိသောသူ အပေါင်းတို့သည် ညှဉ်းဆဲခြင်းကို ခံရကြလိမ့်မည်ဟု ဆိုထားသည်။ ယေရှုသည် ကိုယ်တော့်တပည့်တော်များအား ပြင်ဆင်ထားကြရန် (မဿဲ ၁၀း၁၆)၌ ပြောထားသည်။ *"တောခွေးစုထဲသို့ သိုး တို့ကိုစေလွှတ်သကဲ့သို့ သင်တို့ကို ငါစေလွှတ်၏။"* "behold (ရှုကြလော့)" စကားလုံးက ပြောသည်မှာ၊ "ငါပြောတာ နားထောင်ကြ၊ မိတ်ဆွေတို့၊ မင်းတို့ကို ငါ ဒီလိုဖြစ်စေချင်တယ်။ ဂံပုလွေကြားထဲကို သိုးတွေလို မင်းတို့ကို ငါ ပို့လွှတ်လိုက်မယ်။" သိုးသည် ခုခံမှုမရှိဆုံးနှင့် မှီခိုနေတတ်သည့် သတ္တဝါမျိုးဖြစ်သည်ကို ကျွန်ုပ်သိထားသည်။ သိုးသည် အစွယ်မရှိ။ မြွေတစ်ကောင်လို အဆိပ်လည်း မရှိ။ ဘယ်လိုမှ တိုက်လှန်နိုင်ခြင်း မရှိသော သတ္တဝါဖြစ်သည်။ ၎င်း၌ရှိသော တစ်ခုတည်းသော အကာအကွယ်မှာ သိုးထိန်းဖြစ်သည်။

သိုးထိန်းတစ်ယောက်၏တာဝန်သည် သိုးအုပ်ထဲသို့ တောခွေးမရောက်လာစေရန် စောင့်ထိန်းပေးခြင်း ဖြစ်သည်။ သို့သော် ယေရှုက ဆန့်ကျင်ဘက်ကို ပြောဆိုခဲ့သည်။ "တောခွေးစုထဲသို့ သိုးတို့ကို စေလွှတ်သကဲ့သို့ သင်တို့ကို ငါစေလွှတ်၏။" အံ့ဩဖို့ မကောင်းဘူး လား။ ကိုယ်တော်ပြောဆိုလိုက်သည့် အကြောင်းပြချက်မှာ၊ တိုက်လှန်ခြင်းအတွက် သူတို့၌ ကိုယ်တော်၏ ပြင်ဆင်ထားခြင်း ဖြစ်သည်။ (ဖေက် ၆း၁၂)၌ ပြောပါသည်။ *"အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည် မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းတို့နှင့်၎င်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏။"* ထိုအခါ၌ ခုခံတိုက်လှန်ခြင်း ရှိလိမ့်မည်။ ခရစ်ယာန်ဘဝအပိုင်းတစ်ခုသည် တိုက်လှန်ခြင်းဖြစ်သည်။ ထိုအရာကို သိရန် သင်တို့၌ ယေရှုအလိုတော်ရှိ၏။ ကိုယ်တော်သည် ထိုအတွက် ပြင်ဆင်နေကြရန်အလို တော်ရှိသဖြင့် ဤသို့ပြောသည်။ *"ထို့ကြောင့် သင်တို့သည် မြွေကဲ့သို့ လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက် ရှိကြလော့။"* (မဿဲ ၁၀း၁၆)။ "လိမ္မာပါ" ဆိုသည့်စကားလုံးသည် အခြေအနေအရပ်ရပ်၌ သင်တို့သည် ပြဿနာကို နှိုးဆွနေရန် လိုအပ်ခြင်းရှိလိမ့်မည် မဟုတ်သော်လည်း၊ သင်နှင့်အတူ ပြဿနာများကို သယ်ဆောင်သွားရာတွင် ဉာဏ်ပညာ ရှိရမည့်အကြောင်းကို ဆိုလိုသည်။ မြွေကဲ့သို့ လိမ္မာ၍ ချိုးငှက်တစ်ကောင်ကဲ့သို့ အန္တရာယ် မပြုဘဲ ဖြစ်နေရမည်။

ထိုနောက်ကိုယ်တော် ဆက်ပြောသည်။ *"လူတို့ကို သတိပြုကြ။"*(မဿဲ ၁၀း၁၇)။ ရန်သူစာတန်သည် လူကို အသုံးပြုသွားလိမ့် မည်။ (ဗျာဒိတ် ၂း၂)၌ *"အာကာသကောင်းကင်၏တန်ခိုးကိုအစိုးရသော မင်းတည်းဟူသော ငြင်းဆန်သောသူတို့၌ ပြုပြင်သောဝိညာဉ် ၏အလိုနှင့်အညီ"* ရှိမည်ဟု ဆိုထားသည်။ စာတန်သည် ကျွန်ုပ်တို့ကိုဆန့်ကျင်တိုက်ခိုက်ရန်၊ ယေရှုခရစ်ကို ဆန့်ကျင် တိုက်ခိုက်ရန်၊ ဘုရားစကားတော်ကို ဆန့်ကျင်တိုက်ခိုက်ရန် လူကို အသုံးပြုလာပါလိမ့်မည်။ *"လူတို့ကို သတိပြုကြ။ အကြောင်းမူကား၊ သင်တို့ကို လွှတ်ရုံးသို့ အပ်နှံကြလိမ့်မည်။ တရားစရပ် တို့၌ ရိုက်ကြလိမ့်မည်။"* (မဿဲ ၁၀း၁၇)။ ပေါလုကပြောပါသေးသည်။(၂ ကော ၁၁း၂၄-၂၅) ၌ဆိုပါသည်။ *"ငါးကြိမ်မြောက်အောင် ယုဒလူတို့လက်တွင် ဒဏ်ချက်လေးဆယ်တစ်ခုယုတ် ငါ ခံခဲ့ရပြီ။ သုံးကြိမ်မြောက်အောင် ကြိမ်လုံးနှင့်ရိုက်ခြင်းကိုငှင်း၊..."* ယေရှုခရစ်အတွက်ကြောင့်၊ ယေရှု၏ သတင်းစကားကြောင့်၊ ဧဝံဂေလိ သတင်းစကားကြောင့်ဖြစ်ရ၏။ ယေရှု မိန့်တော်မူသည်မှာ ကိုယ်တော်သည် မြို့ဝန်မင်းရှေ့ ရောက်ရမည်ဖြစ်ပြီး၊ အုပ်စိုးသူများပင်လျှင်၊ ယေရှုခရစ်၏ အကြံအစည်ကို ဆန့်ကျင်တိုက်ခိုက်ရန် တစ်ခါတစ်ရံ အသုံးပြုခံရလိမ့်မည် ဆိုသည်။ သင်တို့သည် မြို့ဝန်မင်းနှင့် ဘုရင်များရှေ့မှောက်သို့ ခရစ်တော် အတွက်ကြောင့် ထိုသူတို့အတွက် (သို့မဟုတ်) သူတို့ကို ဆန့်ကျင်လျက် သက်သေခံရန်အတွက် ရောက်ရကြလိမ့်မည်။

ကျွန်ုပ်သည် Xxxxx ကျမ်းစာကျောင်းဆရာတစ်ယောက် ဖြစ်သည်။ ဧဝံဂေလိ ဟောပြောခြင်း သင်ခန်းစာကို ကျွန်ုပ် သွန်သင်ပေးနေ ပါသည်။ ကျောင်းသားတွေကို ဧဝံဂေလိဟောပြောခြင်းသြဝါဒစာစောင်တစ်ခုကို မည်သို့ အသုံးပြုရမည်နှင့် ကိုယ်တိုင်ကိုယ်ကျ သက်သေခံခြင်းဖြင့် ပျောက်ဆုံးသူများထံ ရောက်နိုင်အောင် လမ်းပြပေးနေပါသည်။ တစ်ခါ ကျွန်ုပ်ကိုယ်တိုင်လည်း လူငါးဆယ်တစ်ရာဆီ အရောက် သွားပြခဲ့ပါသည်။ ထို့နောက် တစ်ရက်နှစ်ရက်အကြာ မြို့ထဲမှ Mary Anne ဆိုသည့် အမျိုးသမီးတစ်ဦးထံမှ ဖုန်းအခေါ် ကျွန်ုပ် လက်ခံရခဲ့သည်။ "မင်း၊ ဒီလို ထွက်ပြေးလို့ မရဘူးလေ။ ယေရှုခရစ်အကြောင်း မင်း ငါ့ကို လာပြောလို့ မဖြစ်ဘူး၊ မင်း ဒီလို ရှောင်ပြေးလို့ မရဘူး" တဲ့။ ကျုပ်ကလည်း "ဘာဖြစ်ဖြစ်လေ၊ ကျွန်တော့်တယ်လီဖုန်းနံပါတ် ဘယ်ကရလိုက်သလဲ။" ဆိုတော့ "တယ်လီဖုန်းစာအုပ်ထဲက ရတာပေါ့" ဟု သူပြန်ဖြေသည်။ ကျုပ်ကလည်း "မင်း၊ လူလိမ်ပဲ၊ ငါ့နာမည်၊ ငါ့လိပ်စာ၊ တယ်လီဖုန်းစာအုပ်အထဲ မရှိဘူးကွ" "ဘာဖြစ်ဖြစ် တယ်လီဖုန်းစာအုပ်ထဲကပဲ ငါရတာ၊ နက်ဖြန် ပုလိပ် မင်းဆီရောက်လာမယ်၊ ဒါပဲ" တဲ့။ ကျွန်ုပ် ကိုယ်ကိုယ်ကို တွေးမိသည်။ သမ္မာကျမ်းစာသည် တကယ် အမှန်တရားလား။ နောက်ရက်၌ ကျွန်ုပ်ဆီ ပုလိပ် ရောက်လာပြီး၊ နှစ်နာရီကြာအောင် သူတို့ ကျွန်ုပ်ကို စုံစမ်းစစ်ဆေးဖို့ ကြိုးစားကြပါသည်။ ကျွန်ုပ် ဘာပြောနေသည်ကို သင်တို့မြင်သလား။ လမ်းပေါ်ကို အပြစ်ရှိသူတွေ ရောက်သွား တဲ့အခါ၊ ပုလိပ်တွေ သူတို့အချိန် နှစ်နာရီကြာအောင် သုံးခဲ့ကြတယ်။ အဘယ်ကြောင့်နည်း။ ယေရှုခရစ်တော် အတွက်ကြောင့်၊ ဧဝံဂေလိ သတင်းစကား အတွက်ကြောင့် ဖြစ်၏။

ဘုရားသခင်၏ နှုတ်ကပတ်စကားတော် တကယ် မှန်ပါသလား။ သင်သည် နှုတ်ကပတ် စကားတော်၌ ရပ်တည်လျှင်၊ သင်သည် ရဲရဲရင့်ရင့် သက်သေခံပါလျှင်၊ သင်သည် ယေရှုကို ရဲရဲရင့်ရင့် ကြွေညာပါလျှင်၊ သင်သည် လူတွေရှေ့ ဖြောင့်မတ်ခြင်း ဘဝနှင့် ရဲရဲရင့်ရင့် နေပြပါလျှင်၊ ထိုတွင် ဆန့်ကျင်မှု ရောက်လာပါလိမ့်မည်။ ထိုတွင် မကောင်းဆိုးဝါး အင်အားစုရှိမည်။ ကောင်းသော အင်အားစုလည်း ရှိမည်။ ယေရှုသည် ကိုယ်တော့်တပည့်တော်များကို ပြင်ပြင် ဆင်ဆင် နေစေလိုသည်။

(မဿဲ ၁၀း၁၉)၌ ယေရှုမိန့်ဆိုပါသည်။ *"သင်တို့ကို အပ်နှံသောအခါ အဘယ်သို့ ပြောရမည်ကို မစိုးရိမ်ကြနှင့်။ ပြောရသောစကားကို ထိုခဏချင်းတွင် သင်တို့သည် ရကြလိမ့်မည်။"* ဘုရားသခင်၏ ဂိညာဉ်နှင့်အတူ သင်တို့သည် အသက်ကြီးသူ သတေဖန်ကဲ့သို့ ဉာဏ်ပညာကိုရလိမ့်မည်။ လူတို့သည် သူပြောထုတ်လိုက်သော ဉာဏ်ပညာကို မတိုင်တွယ် နိုင်ကြပါ။ ယေရှုက (အငယ် ၂၂-၂၃) ၌ ပြောပါသည်။ *"လူအပေါင်းတို့သည်လည်း ငါ၏နာမကြောင့် သင်တို့ကို မုန်းကြလိမ့်မည်။ အကြင်သူသည် အဆုံးတိုင်အောင် တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ တစ်မြို့၌ သင်တို့ကို ညှဉ်းဆဲလျှင် တစ်မြို့သို့ ပြေးကြလော့။"* ဖြောင့်မတ်ခြင်းကို ဆန့်ကျင်တိုက်ခိုက်ခြင်း၊ ယေရှုခရစ်၏ အကြံအစည်တော်ကို ဆန့်ကျင် တိုက်ခိုက်ခြင်းသည် နတ်ကပတ်တရားကို နားထောင်သူ သက်သက်ထက် ဟောပြောသူ ဖြစ်ပါလျှင် သင့်ဆီသို့ အမှန်ရောက်လာလိမ့်မည်။

မကြာမီ နောက်ပိုင်းအချိန်က ကျွန်ုပ်သည် ပန်းခြံတစ်ခု၌ ဒန်းစီးနေသော သက်ကြီးအမျိုးသမီး တစ်ယောက်ကို တွေ့လိုက်ရသည်။ ကျွန်ုပ် ကိုယ်ကိုကိုယ် တွေးမိသည်။ ဒီမိန်းမ အရုက်ကင်း လိမ့်မယ်၊ ငါ့ကို နာကျင်အောင် လုပ်မှာမဟုတ်ဘူးလို့။ သို့နှင့် ကျွန်ုပ်သည် သူနှင့်အတူ ဒန်းအတူစီးဖို့ ခွင့်တောင်းလိုက်ပြီး ဂင်ထိုင်၍ စကားစမြည် ပြောဆိုပါသည်။ ကျွန်ုပ်သိလိုက်သည်မှာ သူ့အမည် Jane ဟု ခေါ်သည်။ "ဒါနဲ့ Jane ဘာ အလုပ်လုပ်သလဲ"ဟု ကျွန်ုပ်မေးလိုက်ပါသည်။ "ကျမ မိန်းမအို တစ်ယောက်ပါ။ အလုပ်မလုပ်တော့ပါဘူး။ အနားယူနေတာပေါ့" ဟု သူပြန်ပြော ပါသည်။ သူ မေးပါသည်။ "ဒါနဲ့ရှင် ဘာအလုပ်လုပ်သလဲ" ဆိုတော့ ကျွန်ုပ်က "ပါရာ အသင်းတော်မှာ သာသနာအလုပ် လုပ်ပါတယ်။ ပါရာအသင်းတော် အဖွဲ့အစည်း တစ်ခုပါ။" ပြန်ဖြေ ပါသည်။ ချက်ချင်းပဲ ထိုမိန်းမ မျက်နှာအမူအယာ ပြောင်းလဲသွားပြီး၊ အော်ပြောလာသည်။ "ဘုရားအကြောင်း ငါ့ကို လာမပြောနဲ့၊ ယေရှုအကြောင်း ငါ့ကို လာမပြောနဲ့။" ကျွန်ုပ်ကလည်း၊ "အို Jane ဒီလို မပြောသင့်ပါဘူး" ဟု ဖျောင်းဖျပါသည်။ မိန်းမက "ယေရှုသာ အခု ငါ့ရှေ့ ရောက်လာရင် ငါ သူ့မျက်နှာကို တံတွေးနဲ့ ထွေးမယ်ကွ"ပြောသည်။ ကျွန်ုပ်က "အို Jane မင်းဒီလိုမျိုး မပြောသင့်ဘူးကွယ်" ဟု ပြောလိုက်သည်။ အသင်းတော်ထဲမှာ မင်းဒီလို ပြောထွက်ရင် လူအများကြီးကို နာကျင်စေ ပါလိမ့်မယ်ကွယ်၊ ဒီလို မပြောပါနဲ့" ဟု ပြောတဲ့အခါ မိန်းမက ဆက်ပြီးပြောသည်။ "မဟုတ်ဘူး။ ငါပြောတာ ငါ့ကို ဒီလိုလာမပြောနဲ့။ ယေရှုခရစ်အကြောင်းနဲ့ ဘုရားသခင် မင်းမိသားစုအပေါ် ကောင်းကြောင်းတွေကို မင်းငါ့ကို ဆက်ပြောတော့မယ်။ ငါ မင်းကို ပြောခွင့်မပေးဘူး။ မင်း လာမပြောနဲ့။" ကျွန်ုပ် ဖျောင်းဖျပါသည်။ "အို Jane၊ ကျေးဇူးပြုပြီး နားထောင်ပါ။ ယေရှုအကြောင်း မင်းကို ငါပြောပြမယ်။" ထိုအခါ မိန်းမက "မင်းကို ငါပြောနေတယ်နော်။ မင်း ပါးစပ်ပိတ်။ "မိန်းမသည် လည်ကြိုးနှင့် ချည်ထားသော သူ့ခွေးကလေးကို ဆွဲယူလိုက်ပြီး၊ ထိုင်နေစဉ်ပင် "အား ..."ဟု အော်ပြီး ခွေးကိုဆွဲ၍ ထွက်သွားလေ၏။ ဤတွင် မိန်းမတစ်ယောက်သည် မထိန်းနိုင်လောက်အောင် သူ့အထဲ၌ ဂိညာဉ်ထိုးနက်လေ၏။ မနာခံသောဂိညာဉ် ဖြစ်သည်။ မိန်းမသည် ရန်သူစာတန်၏ ထိန်းချုပ်ခြင်း ခံနေရသည်။ ကျွန်ုပ်ကိုယ်ကျွန်ုပ် တွေးကြည့်သည်။ ငါဟာ လူတွေ အော်ငေါက်တာ ခံရလေ့မရှိပါလား။ လူတွေ ငါ့မျက်နှာကြည့်ပြီး ငြူစူတာ ခံရလေ့ မရှိပါလား။ သို့သော်လည်း ဘာမျှ လုပ်ရန်မရှိသော်လည်း ကျွန်ုပ် သနား၏။ ဘာမျှ မရှိသော်လည်း Jane ကို မေတ္တာသက်၏။ မိန်းမသည် ထိန်းချုပ်မနိုင်ဖြစ်နေသည်။ ကျွန်ုပ်သည် လုံးဝ ထိန်းချုပ်နိုင်၏။ ကျွန်ုပ်သည် အိမ်ပြန်၍ ဆုတောင်းမိသည်။ "ဘုရားသခင်၊ ကိုယ်တော် သိတော်မူ၏။ နိမိတ်လက္ခဏာကြီးတစ်ခုက ကျွန်ုပ်၌ ထိန်းချုပ်နိုင်ခြင်းပေပဲ။ တစ်ယောက်ယောက် ကျွန်ုပ် မျက်နှာကြည့် အော်ငေါက်သည့်အခါ၊ ကျွန်ုပ် ဘာမျှ မလုပ်ပါ။ သို့သော် ကျွန်ုပ် သည် ထိုသူကို ချစ်ခြင်းနှင့် သနားခြင်း ဖြစ်မိပါ၏။"

ကျွန်ုပ်တို့သည် ယေရှုခရစ်၏နာမ၌ ပြင်ပသို့ထွက်သည့်အခါ၊ ညှဉ်းဆဲခြင်းနှင့် ဆန့်ကျင်ခြင်း ရှိလာလိမ့်မည်။ ယေရှုခရစ်၏နာမ အတွက်နှင့် ကျွန်ုပ်တို့ငြင်းပယ်ခံရသည့်အခါ ယေရှုကို ကြေညာရန် တူညီသောဘုရားသခင်၏ ဂိုဏ်ဥ်တော်သည် ကျွန်ုပ်တို့ကို ရဲရင့်စေ၏။ ထိုတူညီသော ဂိုဏ်ဥ်တော်သည် အခြေအနေတစ်ခုခု၌ သက်သာခွင့်နှင့် ခွန်အားကို ပေးတော်မူ ပါလိမ့်မည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (၂ တိ ၃း၁၂)ကို ဖတ်ပါ။ ဘုရားဂတ်၌ မွေ့လျော်သောသူသည် ဘာ တွေ့ ကြုံရမည်နည်း။

**၂ တိ ၃း၁၂** - *"ယေရှုခရစ်၏ တရားတော်နှင့်အညီ၊ ဘုရားဂတ်၌ မွေ့လျော်၍ နေခြင်းငှါ အလိုရှိသောသူ အပေါင်းတို့သည် ညှဉ်းဆဲခြင်းကို ခံရကြလိမ့်မည်။"*

၂။ ညှဉ်းပန်းနှိပ်စက်ခြင်းကို သင် ဘယ်လို အဓိပ္ပာယ် ဖွင့်မည်နည်း။

၃။ (မာကု ၄း၁၆-၁၇)ကို ဖတ်ပါ။ ဘေးဒုက္ခနှင့် ညှဉ်းဆဲခြင်းသည် ဘာအကြောင်းပြချက်နှင့် ရောက်လာရသနည်း။

**မာကု ၄း၁၆-၁၇** - *"ကျောက်ပေါ်သောအရပ်၌ ကြဲခြင်းအကြောင်းအရာကား၊ တရားစကားကိုကြား၍ ဝမ်းမြောက်သောစိတ်နှင့် ချက်ချင်းခံယူသော်လည်း၊ စိတ်နှလုံး၌ အမြစ်မစွဲ၊ ခဏသာတည်သဖြင့်၊ တရားစကားကြောင့် အမှုအခင်းနှင့် ညှဉ်းဆဲခြင်းကိုခံရသောအခါ ချက်ချင်းဖေါက်ပြန်တတ်သည်ဟု ဆိုလိုသတည်း။"*

၄။ (တမန်တော် ၈း ၁,၄)ကို ဖတ်ပါ။ ယေရုရှလင်မြို့၌ ညှဉ်းဆဲခံရခြင်းသည်၊ ဘာရလဒ် ထွက်သနည်း။

**တမန်တော် ၈း ၁,၄** - *"ထိုအခါ ယေရုရှလင်မြို့၌ရှိသောအသင်းတော်သည် ပြင်းစွာသော ညှဉ်းဆဲခြင်းကို ခံရသဖြင့်၊ တမန်တော် တို့မှတစ်ပါး၊ သင်းဝင်သူအပေါင်းတို့သည် ယုဒပြည်၊ ရှမာရိပြည် အရပ်ရပ်၌ အနှံ့အပြား ကွဲပြားကြ၏။ ........ ထို့ကြောင့် အရပ်ရပ်သို့ကွဲပြားသောသူတို့သည် လှည့်လည်၍ နှုတ်ကပတ်တော်တည်းဟူသော ဧဝံဂေလိတရားကို ဟောပြောကြ၏။"*

၅။ (မဿဲ ၅း၁၀-၁၂)ကို ဖတ်ပါ။ ညှဉ်းဆဲခြင်းခံရသူတို့အပေါ်၌ ရှိသောကောင်းကြီးမင်္ဂလာမှာ၊

**မဿဲ ၅း၁၀-၁၂** -*"ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ယှက်ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံတော် ဖြစ်၏။ ငါ့ကြောင့် သင်တို့ကို ကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာတင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ခြင်းရှိကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏ အကျိုးသည် ကြီးလှပေ၏။ သင်တို့ရှေ့က ပေါ်ထွန်းသော ပရောဖက်တို့ကို ထိုနည်းတူ ညှဉ်းဆဲ ကြပြီ။"*

၆။ (မဿဲ ၅း၁၂)ကို ဖတ်ပါ။ ယုံကြည်သူများသည် ဖြောင့်မတ်ခြင်းအတွက်နှင့် ညှဉ်းဆဲ ခံရသောအခါ အနာဂတ်၌ သူတို့ ဘာကို မျှော်လင့်နိုင်ကြသနည်း။

**မဿဲ ၅း၁၂** - *ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏ အကျိုးသည် ကြီးလှပေ၏။ သင် တို့ရှေ့က ပေါ်ထွန်းသော ပရောဖက်တို့ကို ထိုနည်းတူ ညှဉ်းဆဲ ကြပြီ။"*

၇။ (တမန်တော် ၉း၄-၅)ကို ဖတ်ပါ။ ရှောလုသည် မည်သူ့ကို ညှဉ်းဆဲ နေသနည်း။

**တမန်တော် ၉း၄-၅** - *"ရှောလုသည် မြေပေါ်မှာလဲ၍နေစဉ်၊ ရှောလု၊ ရှောလု၊ အဘယ်ကြောင့် ငါ့ကို ညှဉ်းဆဲသနည်းဟု မိမိအား ပြောသောစကားသံကိုကြားလျှင်၊ သခင်၊ ကိုယ်တော်သည် အဘယ်သူနည်းဟု မေးလျှောက်၏။ သခင်ဘုရားကလည်း၊ ငါကား သင်ညှဉ်းဆဲသော ယေရှု ဖြစ်သတည်း။"*

၈။ (တမန်တော် ၉း၁)ကို ဖတ်ပါ။ အမှန်တကယ်၌ ရှောလုသည် မည်သူ့ကို ညှဉ်းဆဲ နေသနည်း။

**တမန်တော် ၉း၁** - *"ရှောလုသည်ကား၊ သခင်ဘုရား၏တပည့်တော်တို့တစ်ဘက်၌ ခြိမ်းခြောက်၍ အသေသတ်ခြင်းငှါ ပြင်းစွာ အသက်ရှူသဖြင့်၊ ..."*

၉။ (ဂလာတိ ၆း၁၂) ကိုဖတ်ပါ။ ဂလာတိဩဝါဒစာစောင်၌ ယုဒလူတို့သည် ဖေါ်ဂေလိတရား၌ ဘာသာရေးပညတ်ချက် စောင့်ခြင်းထည့်သွင်းရန် ကြိုးစားခဲ့ကြ၏။ ထိုသို့ လုပ်ဆောင်ခြင်းတွင် သူတို့သည် ဘာကို ရှောင်ကြဉ်ရမည်နည်း။

**ဂလာတိ ၆း၁၂** - *"မိမိတို့အသွေးအဆင်း တင့်တယ်စေချင်သောသူ ရှိသမျှတို့သည် ခရစ်တော်၏ လက်ဝါးကပ်တိုင်ကြောင့် ခံရသောညှဉ်းဆဲခြင်းနှင့် မိမိတို့ ကင်းလွတ်လို၍ သင်တို့ကို အရေဖျားလှီးခြင်းကို ခံစေခြင်းငှါ အနိုင်အထက် သွေးဆောင်တတ်ကြ၏။"*

# အဖြေ သော့ချက်

၁။ (၂ တိ ၃း၁၂)ကို ဖတ်ပါ။ ဘုရားဂတ်၌ မွေ့လျော်သောသူသည် ဘာတွေ့ ကြုံရမည်နည်း။
**ညှဥ်းပန်းနှိပ်စက်ခြင်း**

၂။ ညှဉ်းပန်းနှိပ်စက်ခြင်းကို သင် ဘယ်လို အဓိပ္ပာယ် ဖွင့်မည်နည်း။
**ယုံကြည်ခြင်းအကြောင်းကြောင့် အမြဲဒုက္ခပေးနှောင့်ယှက်ခြင်း၊ ဒဏ်ရာရစေခြင်း**

၃။ (မာကု ၄း၁၆-၁၇)ကို ဖတ်ပါ။ ဘေးဒုက္ခနှင့် ညှဉ်းဆဲခြင်းသည် ဘာအကြောင်းပြချက်နှင့် ရောက်လာရသနည်း။
**နှုတ်ကပတ်တော်အကြောင်း အတွက်ကြောင့်၊.... ၎မှာ နှုတ်ကပတ်တရားကို ဖျက်ထုတ်ပစ်ရန် ဖြစ်သည်။**

၄။ (တမန်တော် ၈း ၁,၄)ကို ဖတ်ပါ။ ယေရုရှလင်မြို့၌ ညှဉ်းဆဲခံရခြင်းသည် ဘာရလဒ် ထွက်သနည်း။
**လူတွေ နေရာအနှံ့သို့ ရောက်သွားကြပြီး၊ နှုတ်ကပတ်တရားတော်ကို ဟောပြောကြ၏။**

၅။ (မဿဲ ၅း၁၀-၁၂)ကို ဖတ်ပါ။ ညှဉ်းဆဲခြင်းခံရသူတို့အပေါ် ၌ ရှိသောကောင်းကြီးမင်္ဂလာမှာ၊
**ဖြောင့်မတ်ခြင်းတရား အတွက်ကြောင့်၊**

၆။ (မဿဲ ၅း၁၂)ကို ဖတ်ပါ။ ယုံကြည်သူများသည် ဖြောင့်မတ်ခြင်းအတွက်နှင့် ညှဉ်းဆဲ ခံရသောအခါ အနာဂတ်၌ သူတို့ ဘာကို မျှော်လင့်နိုင်ကြသနည်း။
**ကောင်းကင်ဘုံ၌ ကြီးစွာသောအကျိုးကို ရခြင်း**

၇။ (တမန်တော် ၉း၄-၅)ကို ဖတ်ပါ။ ရှောလုသည် မည်သူ့ကို ညှဉ်းဆဲ နေသနည်း။
**ယေရှု**

၈။ (တမန်တော် ၉း၁)ကို ဖတ်ပါ။ အမှန်တကယ်၌ ရှောလုသည် မည်သူ့ကို ညှဉ်းဆဲ နေသနည်း။
**သခင်ဘုရား၏ တပည့်တော်များ** (**ခရစ်ယာန်များ**)

၉။ (ဂလာတိ ၆း၁၂) ကိုဖတ်ပါ။ ဂလာတိသြဝါဒစာစောင်၌ ယုဒလူတို့သည် ဇာတိဂေလိတရား၌ ဘာသာရေး ပညတ်ချက်စောင့်ခြင်း ထည့်သွင်းရန် ကြိုးစားခဲ့ကြ၏။ ထိုသို့ လုပ်ဆောင်ခြင်းတွင် သူတို့သည် ဘာကို ရှောင်ကြဉ်ရမည်နည်း။
**ခရစ်တော်၏ လက်ဝါးကပ်တိုင်တရားအတွက်နှင့် ညှဉ်းပန်းနှိပ်စက်ခံစားရခြင်း၊_ တစ်နည်း ပြောရလျှင်၊ ကယ်တင်ခြင်းသည် ခရစ်တော်၌ ယုံကြည်ခြင်း တစ်ခုတည်းအားဖြင့် ကျေးဇူးတော်ကြောင့် ရကြောင်း ဟောပြောခြင်းမှ ရလာမည့် ညှဥ်းဆဲခြင်းကို သူတို့ ရှောင်ထွက်လိုခြင်း ဖြစ်သည်။**

## သင်ခန်းစာ (၆)

# ဘုရင် နှင့် ဘုရင်၏နိုင်ငံတော်

ဓမ္မဟောင်းကျမ်း၌ ဣသရေလနိုင်ငံကို အခြားသောနိုင်ငံများအားလုံးမှ ထူးခြားနေ စေသည်မှာ theocracy ဆိုသည့် ဘုရားသခင် နှင့်ဆိုင်သော ဘာသာရေး ခေါင်းဆောင်များက နိုင်ငံကို အုပ်စိုးနေခြင်း ဖြစ်သည်။ တစ်နည်းပြောရရင် နိုင်ငံကို ဘုရားသခင် တိုက်ရိုက် အုပ်စိုးနေခြင်း ဖြစ်သည်။ (ဟောရှာယ ၄၃း၁၅) ဣသရေလတို့၏ နောက်ပိုင်းသမိုင်း၌ အခြားလောက တိုင်းပြည်များနည်းတူ နိုင်ငံကို မြေကြီးနှင့်ဆိုင်သော ဘုရင်များက အုပ်စိုးစေရန် သူတို့လိုလား လာကြသည်။ (၁ ရာ ၈း၅-၁၉) ထို့ကြောင့် ဘုရားသခင်သည် သူတို့ တောင်းဆိုချက်ကို အခွင့်ပေးပြီး၊ သူတို့အတွက် ရှောလုကို ဘုရင်အဖြစ် သတ်မှတ်ရွေးချယ်ပေးလိုက်သည်။(၁ ရာ ၁၀း၂၄-၂၅) နောက်ပိုင်းတွင် ရှောလု၏ မနာခံခြင်းကြောင့် ဘုရားသခင်သည် သူ၏ စိတ်နှလုံးနောက်သို့ လိုက်ပါသော ဒါဝိဒ်ကို ဘုရင်အဖြစ် မြှောက်တင်ပေးခဲ့သည်။ (တမန်တော် ၁၃း၂၁-၂၂၊ ၃ရာ ၁၅း၃) ရှင်ဘုရင်သည် မမြင်ရသည့် ဘုရားသခင်၏ မြင်ရနိုင်သော လူကိုယ်စားလှယ် တစ်ယောက် ဖြစ်သည်။ (တရားဟော ၁၇း၁၄-၂၀) ရှင်ဘုရင်သည် ဘုရားသခင့်နောက်တော်သို့ လိုက်ပါနေလျှင် နိုင်ငံသည် ကောင်းစားလိမ့်မည် ဖြစ်သည်။ ရှင်ဘုရင်သည် ဘုရားသခင့်နောက်သို့ လိုက်ပါရန် ပျက်ကွက်လျှင်၊ ၎င်း၏နိုင်ငံသည် အကျဉ်းကျခံရခြင်းနှင့် ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။ (၁ ရာ ၁၅း၂၂-၂၃) ဘုရားသခင်သည် ဘုရင်တစ်ယောက် ရွေးချယ်သည့်အခါ၊ ဘုရားသခင်သည် ပရောဖက်ကို စေလွှတ်၍ ထိုသူကို ဆီနှင့်ဘိသိက်ပေး၏။ ၎င်းမှာ ဤသူအပေါ်သို့ အာဏာ လွှဲအပ်ရန်၊ သန့်ရှင်းသောဝိညာဉ်တော် ကိုယ်စားပြုခြင်းဖြစ်ပြီး၊ တိုင်းပြည်အုပ်စိုးရန် သူ့ကို ဘိသိက် ပေးလိုက်ခြင်း ဖြစ်သည်။ ဤအချိန်တွင် ဘုရားဝိညာဉ်တော်သည် သူ့အပေါ်ရောက်လာပြီး၊ ဖြောင့်မတ်ခြင်းနှင့် အုပ်စိုးရန် သူ့စိတ်နှလုံးကို ပြောင်းလဲစေ၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူနှင့်အတူ ရှိနေတော်မူသည်။ (၁ ရာ ၁၀း၁,၆-၇,၉) ဤသို့ အုပ်စိုးရန် ဘိသိက်ပေးခြင်း (ဘုရင်အဖြစ်နှင့်) သည် မေရှိ ကြွလာတော်မူမည်ဆိုသည့် စိတ်ကူးနှင့် လုပ်ဆောင်ချက် ဖြစ်သည်။ "ဘိသိက်ပေးသည်" ဆိုသည့်စကားလုံးသည် ဟေဗြဲဘာသာစကားလုံး "Mashiac" (အသံထွက် မေရှိ) ဖြစ်ပြီး၊ ဂရိဘာသာပြန်ချက်အရ christos (မြန်မာ-ခရစ်တော်) ဖြစ်သည်။ ဓမ္မဟောင်းကျမ်း ပရောဖက်များက အနာဂတ်တွင် မေရှိ (ဘိသိက်ခံသောအရှင်) ကြွလာ တော်မူ၍၊ ကောင်းကင်ဘုံဘုရားသခင်သည် မည်သည့်အခါမျှ မပျက်သုဉ်းတော့မည့် နိုင်ငံတော်ကို တည်ထောင်လိမ့်မည်ဖြစ်ကြောင်း ပရောဖက်ပြုခဲ့ကြသည်။(ဒံ ၂း၄၄၊ ၇း၁၄ နှင့် ၂၂) သင် သတိထားမိမည်ဆိုလျှင် ဓမ္မဟောင်းကျမ်း၌ ဂျူးတွေကို နိုင်ငံတော် အကြောင်းနှင့်ပတ်သက်၍ ပြောဆိုသောအခါ ကိုယ်တော် ဘာကိုရည်ရွယ်ကြောင်း ဘယ်သောအခါမှမရှင်းပြခဲ့ပါ။ ၎င်းသည် သူတို့အတွက် သူတို့ကြည့်မြော်နေကြသည့် ဓမ္မဟောင်းကျမ်း သဘောထားအမြင် ဖြစ်နေပါသည်။ (ဟောရှာယ ၉း၆-၇၊ ၁၁း၁-၆။ ဒံ ၂း၄၄၊ ၇း၁၃-၁၄,၁၈ နှင့်၂၇)နိုင်ငံတော်ကို အခြေခံကျကျ နားလည် သဘောပေါက်ခြင်း မရှိဘဲ၊ ယေရှုပြောသော သတင်းစကားကို နားလည်ရန် မဖြစ်နိုင်ပါ။ နိုင်ငံတော်သည် ယေရှုပြောသော သတင်းစကားဖြစ်ပြီး၊ ကိုယ်တော့်တပည့်တော်များကို ဟောပြောရန် ကိုယ်တော်ညွှန်ကြားခဲ့သော တစ်ခုတည်းသောအကြောင်း ဖြစ်သည်။ (မာကု ၁း၁၄-၁၅၊ လုကာ ၉း၁-၂၊ တမန်တော် ၂၈း၂၃-၃၁၊ လုကာ ၁၆း၁၆ နှင့် မဿဲ ၂၄း၁၄) ဤ သတင်းစကားသည်

"ကယ်တင်ခြင်း" အဖြစ် (သို့မဟုတ်) "ထာဝရအသက်" ပေးခြင်းအဖြစ်လည်း ညွှန်းဆိုသည်။ (ဟေဗြဲ ၉း၃၊ မဿဲ ၁၉း၁၆, ၁၉း၂၃။ တမန်တော် ၂၈း၂၃-၂၄,၂၈ နှင့် ၃၀-၃၁) "ဘုရားသခင်၏ နိုင်ငံတော်" စကား အသုံးအနှုန်းအတွင်း၌ ရှိခြင်းသည် ဘုရားသခင်အုပ်စိုးခြင်း ရှိလိမ့်မည်ဖြစ်ကြောင်း လူအုပ်စုတစ်ခု၏ခံယူချက် ဖြစ်သည်။ ဘုရားသခင်၏နိုင်ငံတော်ထဲသို့ ဝင်ရောက်ရန်မှာ၊ အခြေအနေတစ်ခု ရှိရပါမည်။ စိတ်နှလုံးပြောင်းလဲဖို့ လိုသည်။ ဤပြောင်းလဲသော စိတ်နှလုံးသည် သမ္မာကျမ်းစာထဲတွင် နောင်တရ ခြင်းဟုခေါ်သည်။ ၎င်းသည် ဘုရားသခင်ဆီသို့ စိတ်နှလုံး ပြောင်းလဲရောက်ရှိခြင်း၊ ဤနည်းဖြင့် ၎င်းသည် စာတန်၊ အပြစ်တရားတို့မှ လှည့်ပြန် လာခဲ့ပြီး၊ ၎င်း၏လမ်းခရီးသည် ဘုရားသခင်၊ ခရစ်တော်နှင့် ကိုယ်တော်၏ လမ်းခရီးဆီသို့ ဖြစ်သည်။ လူတစ်ယောက်လှည့် ပြန်လာသည့်အခါ၊ အပြစ်ခွင့်လွှတ်ခြင်းနှင့် ထာဝရအသက်ကို (ယေရှုသွန်းသော အသွေးတော်အားဖြင့် ဆုတစ်ရပ်အနေနှင့်) ပေးတော်မူသည်။ (ရောမ ၆း၂၃) "သတင်းကောင်းတရား" သည် "ကျေးဇူးတော်သတင်းကောင်း" (သို့မဟုတ်) "ဘုရားသခင်၏ နိုင်ငံတော်" အကြောင်းကို ဟောပြောခြင်းကဲ့သို့ ညွှန်းဆိုပါသည်။ (တမန်တော် ၂၀း၂၄-၂၅)။ ဘုရားသခင်၏ နိုင်ငံတော်သည် ကျေးဇူးတော်အားဖြင့် ထူးခြားသည့် သွင်ပြင်လက္ခဏာ (မဿဲ ၂၀း၁-၁၆) ကိုဆောင်ပြီး၊ ယေရှု၏ သာသနာနယ်ထဲ၌ တိတ်ဆိတ်လျှို့ဝှက်ခြင်းဖြင့် ရောက်လာသည်။ (မဿဲ ၁၃း၃၃) ၎င်းသည် အနာဂတ်နေ့တစ်နေ့တွင် ဘုန်းတန်ခိုးနှင့်တကွ မျက်မြင်ရသည့် ပြီးပြည့်စုံခြင်းဖြင့် ရောက်လာပါလိမ့်မည်။ (မဿဲ ၁၃း၃၆-၄၃)

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ဒံယေလ ၂း၄၄)ကို ဖတ်ပါ။ ဓမ္မဟောင်းကျမ်းပရောဖက်များက အနာဂတ်တွင် မေရှိ (ဘိသိက်ခံသောအရှင်) ကြွလာတော်မူ၍ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် မည်သည့် အခါမျှ ပျက်သုဉ်းတော့မည်မဟုတ်သည့် နိုင်ငံတော်ကို တည်ထောင် လိမ့်မည် ဖြစ်ကြောင်း ပရောဖက်ပြုခဲ့ကြသည်။ မည်သည့်နိုင်ငံတော်လဲ။

(က) နှစ်တစ်ထောင်အတွက် တည်ရှိမည့်နိုင်ငံ
(ခ) မည်သည့်အခါမျှ ပျက်သုဥ်းခြင်း ရှိမည်မဟုတ်သော နိုင်ငံတော်
(ဂ) လောကီနိုင်ငံတော်တစ်ခု

**ဒံယေလ ၂း၄၄** - *"ပျက်စီးခြင်းသို့မရောက်နိုင်သောနိုင်ငံတစ်ခုကို ထိုမင်းကြီးများလက်ထက်၌ ကောင်းကင်ဘုံရှင် ဘုရားသခင်သည် တည်ထောင်တော်မူမည်။ ထိုနိုင်ငံသည် အခြားသော လူမျိုး တို့လက်သို့ မရောက်ရဘဲ၊ အထက်၌ဆိုခဲ့ပြီးသော နိုင်ငံရှိသမျှတို့ကို ချိုးဖဲ့ဖျက်ဆီး၍ အစဉ်အမြဲ တည်လိမ့်မည်။"*

၂။ (မဿဲ ၄း၁၇,၂၃)ကို ဖတ်ပါ။ ယေရှု၏သတင်းစကားသည် ဘာလဲ။

**မဿဲ ၄း၁၇,၂၃**- *"ထိုအခါမှစ၍ ယေရှုက၊ နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော် တည်လုနီးပြီ ဟူသောတရားကို ဟောစပြု တော်မူ၏။ ... ယေရှုသည် တရားစရပ်တို့၌ ဆုံးမဩဝါဒပေးလျက်၊ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောလျက်၊ လူတို့တွင် အနာရောဂါအမျိုးမျိုးတို့ကို ငြိမ်းစေလျက်၊ ဂါလိလဲပြည်တစ်ပြည်လုံးကို ဒေသစာရီ လှည့်လည်တော်မူ၏။"*

၃။ (မာကု ၁း၁၄-၁၅)ကို ဖတ်ပါ။ ယေရှုသည် --_ ၏သတင်းကောင်းတရားကို ဟောပြောသည်။

**မာကု ၁း၁၄-၁၅** - *"ယောဟန်သည် ထောင်ထဲသို့ရောက်သည်နောက်၊ ယေရှုသည် ဂါလိလဲပြည်သို့ ကြွတော်မူလျှင်၊ အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည်တည်လုနီးပြီ၊ နောင်တရကြလော့။ ဧဝံဂေလိတရားကို ယုံကြည်ကြလော့ဟူသော ဘုရားသခင်၏ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိ တရားကို ဟောတော်မူ၏။"*

၄။ (လုကာ ၄း၄၃)ကို ဖတ်ပါ။ ယေရှုသည် ဘုရားသခင့်ထံတော်မှ ကြွလာတော်မူသည့် အကြောင်းမှာ၊

**လုကာ ၄း၄၃** - *"ကိုယ်တော်ကလည်း၊ ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို အခြားသောမြို့ ရွာတို့၌ ငါဟော ပြောရမည်။"*

၅။ (ယောဟန် ၄း၂၅)ကို ဖတ်ပါ။ သမ္မာကျမ်းစာ၌ ယေရှုသည် ဂျူးတို့အား နိုင်ငံတော်နှင့်

ပတ်သက်၍ ပြောဆိုသည့်အခါ ဘာကိုဆိုလိုကြောင်း ရှင်းပြခဲ့သည်။ ၎င်းမှာ အောက်ပါ သူတို့သိထားကြသည့် ဓမ္မဟောင်းကျမ်း သဘောထားတစ်ခုခုဖြစ်သလား။

(က) သူတို့ သိထားသည့် နည်းနည်းလေးအကြောင်းအရာအတိုင်း
(ခ) သူတို့က ဘယ်တော့မှ ဖြစ်မလာပါဟူသော အတွေးအတိုင်း
(ဂ) သူတို့ ကြည့်မျှော်စောင့်စားနေသည့်အတိုင်း

**ယောဟန် ၄း၂၅** - *"မိန်းမကလည်း၊ မေရှိကြွလာတော်မူသည်ဟု အကျွန်ုပ်သိပါ၏။ ရောက်တော်မူသောအခါ အကျွန်ုပ်တို့အား အလုံးစုံတို့ကို ဖေါ်ပြတော်မူမည်ဟု လျှောက်ပြန်၏။ (မေရှိအနက်ကား ခရစ်တော်ဟု ဆိုလိုသတည်း။)"*

၆။ (လုကာ ၉း၁-၂)ကို ဖတ်ပါ။ တပည့်တော်(၁၂)ယောက်တို့ လုပ်ဆောင်ခဲ့သည့်အရာ(၃)ခုသည် ဘာလဲ။

**လုကာ ၉း၁-၂** - *"တစ်ကျိပ်နှစ်ပါးသော တပည့်တော်တို့ကို စုဝေးစေတော်မူပြီးမှ နတ်ဆိုးအပေါင်းတို့ကိုနိုင်သော တန်ခိုးနှင့် အနာရောဂါတို့ကို ငြိမ်းစေခြင်းငှါ အခွင့်တန်ခိုးကို ပေးတော်မူ၏။ ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို ဟောပြောစေ ခြင်းငှါ၎င်း၊ လူနာတို့ကို ချမ်းသာစေခြင်းငှါ၎င်း စေလွှတ်တော်မူ၍၊ ..."*

၇။ (လုကာ ၁၀း၁-၂,၈-၉)ကို ဖတ်ပါ။ တပည့်(၇၀)ကို ဘာ သတင်းစကား ကြေညာရန် ယေရှု မိန့်တော်မူသနည်း။

**လုကာ ၁၀း၁-၂, ၈-၉** - *"ထိုနောက်မှ သခင်ဘုရားသည် အခြားသောတပည့်တော်ခုနစ်ကျိပ်တို့ကို ခန့်ထားတော်မူ၍၊ ကိုယ်တိုင် ကြွလေအံ့သောမြို့ရွာအရပ်ရပ်သို့ ရှေ့တော်၌ နှစ်ယောက်စီ၊ နှစ်ယောက်စီ စေလွှတ်တော်မူ၏။ သူတို့အား မိန့်တော်မူသည်ကား၊ စပါးရိတ်စရာများစွာရှိ၏။ ရိတ်သောသူတို့သည် နည်းကြ၏။ ထို့ကြောင့် လုပ်ဆောင်သောသူ တို့ကို စပါးရိတ်စေခြင်းငှါ စပါးရှင် စေလွှတ်တော်မူမည်အကြောင်း ဆုတောင်းကြလော့။...... အကြင်မြို့သို့ သင်တို့ဝင်၍ မြို့သားတို့သည် လက်ခံ၏။ ထိုမြို့၌ သင်တို့ရှေ့ မှာထည့်သမျှကို စားကြလော့။ လူနာများကို ချမ်းသာပေး လော့။ ဘုရားသခင်၏ နိုင်ငံတော်သည် သင်တို့၌ တည်ထောင်သော အချိန်နီးပြီဟု သူတို့အား ဟောပြောကြလော့။"*

၈။ (လုကာ ၂၃း၂)ကို ဖတ်ပါ။ ဂျူးတို့၏ကိုယ်ပိုင်အနက်ဖွင့်ချက်နှင့်အညီ "ခရစ်တော်" ဟူသောစကားလုံး၏အဓိပ္ပာယ်မှာ ဤသို့ ဖြစ်သည်။

**လုကာ ၂၃း၂** - *"ဤသူသည် ပြည်သူပြည်သားများကို လှည့်ဖြား၍၊ မိမိသည် ခရစ်တော်တည်းဟူသောရှင်ဘုရင်ဖြစ်ကြောင်းကို ဆိုလျက်၊ ကဲသာဘုရင်ကို အခွန်မဆက်နှင့်ဟု မြစ်တားသည်ကို အကျွန်ုပ်တို့တွေ့ ပါပြီဟု အပြစ်တင်ကြ၏။"*

၉။ (တမန်တော် ၁၇း၇)ကို ဖတ်ပါ။ ရောမလူမျိုးတို့၏ တရားနှင့် ဗီလာဖြစ်၍ တမန်တော်ရှင်ပေါလု၏ သွန်သင်ခြင်းကို ဂျူးတို့ပြောဆို နေသည်မှာ၊

**တမန်တော် ၁၇း၇** - *"ယာသုန်သည်လည်း သူတို့ကို လက်ခံပါပြီ။ ထိုသူအပေါင်းတို့သည် ကဲသာဘုရင်၏ အမိန့်တော်ကို ဆန့်ကျင်ဘက်ပြု၍ ယေရှုအမည်ရှိသော ရှင်ဘုရင်တစ်ပါးရှိသည် ဆိုတတ်ပါ၏ဟု ဟစ်ကြော်လျက်၊.."*

၁၀။ (တမန်တော် ၁၉း၈-၁၀)ကို ဖတ်ပါ။ ဖေက်မြို့ ၌ အခြားသူများကို ပေါလုက ရဲရင့်စွာဖြင့် ငြင်းခုံ၍ ဆွဲဆောင်ပြောဆိုသော ပတ်သက်ရာအကြောင်းမှာ၊

**တမန်တော် ၁၉း၈-၁၀** - *"ထိုနောက်မှ ပေါလုသည် တရားစရပ်သို့ဝင်၍ သုံးလပတ်လုံး ဘုရားသခင်၏ နိုင်ငံတော်အကြောင်းများကို ဆွေးနွေးနှီးနှော၍ ဖြားယောင်းသွေးဆောင်သဖြင့် ရဲရင့်စွာ ဟောပြောလေ၏။ အချို့သောသူတို့သည် ခိုင်မာသော စိတ်ရှိ၍ မယုံကြည်ဘဲနေလျက်၊ လူများရှေ့မှာ ထိုဘာသာကို ကဲ့ရဲ့သောအခါ၊ ပေါလုသည် သူတို့အထဲမှ ထွက်သွား၍ တပည့်တော် တို့ကို အသီးအခြား ခွဲထားပြီးမှ၊ တုရန္နု အမည်ရှိသော သူ၏ စာသင်စရပ်၌ နှစ်နှစ်ပတ်လုံး နေ့တိုင်း ဟောပြောသောအားဖြင့်၊ အာရှိပြည်သားဖြစ်သော ယုဒလူ၊ ဟေလသလူ အပေါင်းတို့သည် သခင်ယေရှု၏ နှုတ်ကပတ်တရားတော်ကို ကြားရကြ၏။"*

၁၁။ (တမန်တော် ၂၈း၂၃-၃၁)ကို ဖတ်ပါ။ အခန်းငယ်-၃၁ ၌ ၎င်းတွင် တမန်တော်ရှင်ပေါလု ဘာအကြောင်း ဟောပြောနေသနည်း။

**တမန်တော် ၂၈း၂၃-၃၁** - *"နေ့ရက်ကို ချိန်းချက်၍ လူများတို့သည် ပေါလုတည်းခိုရာအရပ်သို့ လာကြသည်ရှိသော်၊ ပေါလုသည် ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို သက်သေခံ သဖြင့်၎င်း၊ ထိုသူတို့သည် ယေရှု၏အကြောင်းကို ယုံကြည် စေခြင်းငှါ၊မောရှေ၏ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့ကို အမှီပြု၍ ဖျားယောင်းသွေးဆောင်သဖြင့်၎င်း၊ နံနက် အချိန်မှ စ၍ညအချိန် တိုင်အောင် ထုတ်ဖေါ် ဟောပြောလေ၏။ အချို့တို့သည် ပေါလု၏စကားကို ယုံကြ၏။ အချို့တို့သည် မယုံဘဲနေကြ၏။ ထိုသို့ အချင်းချင်း သဘောကွဲပြား၍ သွားကြ၏။ သွားကြစဉ်တွင် ပေါလုသည် စကားတစ်ခွန်းကို ပြောလိုက်သည်မှာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ပရောဖက် ဟေရှာယအားဖြင့် မိန့်တော်မူချက် ဟူမူကား၊ သင်တို့သည် ကြားလျက်ပင် အနက်ကိုနားမလည်ဘဲ ကြားကြလိမ့်မည်။ မြင်လျက်ပင် အာရုံမပြုဘဲမြင် ကြလိမ့်မည်ဟု ထိုလူမျိုးရှိရာသို့ သွား၍ ပြောလော့။ အကြောင်းမူကား၊ သူတို့ မျက်စိမမြင်၊ နားမကြား၊ စိတ်နှလုံး မသိ၊ အကျင့် မပြောင်းလဲ၊ သူတို့အနာရောဂါကို ငါ မငြိမ်းစေရသည်တိုင်အောင် သူတို့၏ စိတ်နှလုံးသည် မိုက်လျက်၊ နားသည် ထိုင်းလျက်၊ ကိုယ်မျက်စိကိုပိတ်လျက် ရှိကြ၏ဟု ငါတို့ဘိုးဘေးများအား လျောက်ပတ်စွာ မိန့်တော်မူပြီ။ ထိုကြောင့် ဘုရားသခင်၏ ကယ်တင်ခြင်းကျေးဇူးတော်ကို တစ်ပါး အမျိုးသားတို့အား ပေးလိုက်သည်ဖြစ်၍၊ သူတို့သည် နားထောင်မည့်အရာကို သင်တို့ သိမှတ်ကြလော့ဟု ပေါလုပြောဆိုပြီးမှ၊ ယုဒလူတို့သည် သွား၍ အချင်းချင်း များစွာသော ဆွေးနွေး နှီးနှောခြင်း*

*ရှိကြ၏။ ထိုနောက်မှ ပေါလုသည် နှစ်နှစ်ပတ်လုံး မိမိငှါးသောအိမ်၌ နေသဖြင့် မိမိထံသို့ လာသောသူအပေါင်းတို့ကို ဧည့်ခံ၍ အဘယ်သူမျှ မမြစ်တားဘဲ ဘုရားသခင်၏ နိုင်ငံတော် အကြောင်းကို အတိအလင်းဟောပြော၍၊ သခင်ယေရှုခရစ်၏ အကြောင်းများကို သွန်သင် ပြသလျက် နေ၏။"*

၁၂။ (မဿဲ ၂၄း၁၄)ကို ဖတ်ပါ။ လောကအဆုံးတိုင် ဟောပြောရန်ဆိုသည်မှာ ဘာသတင်းစကား ဖြစ်ပါသလဲ။

**မဿဲ ၂၄း၁၄** - *"လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံ အရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည် ဖြစ်လတံ့။"*

၁၃။ (တမန်တော် ၂၀း၂၄-၂၅)ကို ဖတ်ပါ။ တစ်ခါတစ်ရံ နိုင်ငံတော်သတင်းကောင်းတရား နည်းတူ ရည်ညွှန်းပြောဆိုသောသတင်းကောင်းတရားမှာ၊

**တမန်တော် ၂၀း၂၄-၂၅** - *"သို့ရာတွင် ဘုရားသခင်၏ ကျေးဇူးတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံစေခြင်းငှါ၊ သခင် ယေရှု၏လက်မှ ငါခံခဲ့ပြီးသော ဓမ္မဆရာအမှုတည်းဟူသော ငါဆောင်ရွက်စရာ အမှုကို ဂမ်းမြောက်စွာ ပြီးစီးစေမည်အကြောင်း၊ ထိုညှဉ်းဆဲခြင်းအမှု တစ်စုံ တစ်ခုကိုမျှ ငါသည် ပမာဏမပြု။ ကိုယ်အသက်ကိုလည်း နမြောခြင်း မရှိ။ ယခုမူကား၊ ငါလှည့်လည်၍ ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို ဟောပြောရာ၊ သင်တို့ရှိသမျှသည် နောက်တစ်ဖန် ငါ့မျက်နှာကို မမြင်ရကြဟု ငါသိ၏။"*

၁၄။ (လုကာ ၁၆း၁၆)ကို ဖတ်ပါ။ နိုင်ငံတော်နှင့်ပတ်သက်၍ အခြေခံနားလည်မှုမရှိဘဲ၊ ယေရှု၏ သတင်းစကားကိုနားလည် သဘောပေါက်ရန်မှာ မဖြစ်နိုင်ပါ။ နိုင်ငံတော်သည် ယေရှုပြောသော သတင်းစကားဖြစ်ပြီး၊ တပည့်တော်များအား ကိုယ်တော် ညွှန်ကြားသော တစ်ခုတည်းသော အကြောင်းအရာမှာ၊_

(က) ဟောပြောခြင်း
(ခ) လျစ်လျူရှုနေခြင်း
(ဂ) ချင့်ချိန်တွေးဆနေခြင်း

**လုကာ ၁၆း၁၆** - *"ယောဟန် မရောက်မီတိုင်အောင်၊ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းရှိ၏။ ယောဟန်လက်ထက်မှစ၍ ဘုရားသခင် ၏နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟော လျက် ရှိ၏။ လူများတို့သည်လည်း နိုင်ငံတော်ကို အနိုင်အထက် ဝင်ကြ၏။"*

၁၅။ (မဿဲ ၆း၁၀)ကို ဖတ်ပါ။ အခြေခံအားဖြင့်၊ ဘုရားသခင်၏နိုင်ငံတော်ဆိုသည်မှာ ဘုရားသခင် အုပ်စိုးတော်မူခြင်း ဖြစ်သည်။ ဤကျမ်းချက်အခန်းငယ်တွင် မည်သို့ ဖေါ်ပြထားသနည်း။

**မဿဲ ၆း၁၀** - *"နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါ စေသော။"*

၁၆။ (ကော ၁း၁၃-၁၄ နှင့် ရောမ ၁၄း၉)ကို ဖတ်ပါ။ စကားပေါ်ဟာရအထဲ "ဘုရားသခင်၏ နိုင်ငံတော်" သည်၊ လူအုပ်စုတစ်ခု၏ အကြံအစည်ဖြစ်သည်။ ၎င်းမှာ၊_

(က) သူတို့စိတ်နှလုံးထဲသို့ ယေရှုကို ဆုတောင်းသည်။
(ခ) ဘုရားသခင်၏အုပ်စိုးခြင်းကို ဝန်ခံသည်။ (စာတန်အုပ်စိုးခြင်းပယ်ချပစ်၏။) ကိုယ်တော်၏ အပြစ်လွှတ်ခြင်းကို လက်ခံ ရရှိသည်။
(ဂ) အသင်းတော်သို့ ဆက်သွယ်သည်။

**ကော ၁း၁၃-၁၄** - *"မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုနှုတ်၍ ချစ်တော်မူသောသားတော်၏ နိုင်ငံသို့ သွင်းတော်မူ၏။ ထိုသားတော် ၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။"*

**ရောမ ၁၄း၉** - *"အကြောင်းမူကား၊ ခရစ်တော်သည် သေသောသူတို့ကိုင်၎င်း၊ ရှင်သောသူတို့ကိုင်၎င်း၊ အစိုးရသောအရှင် ဖြစ်လို သောငှါ အသေခံ၍၊ ခံပြီးမှ အသက်ရှင်ပြန်တော်မူ၏။"*

၁၇။ (မဿဲ ၄း၁၇)ကို ဖတ်ပါ။ ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်နိုင်ရန်အလို့ငှါ၊ စိတ်နှလုံး ပြောင်းလဲခြင်း လိုအပ်သည်။ ဤစိတ်နှလုံးပြောင်းလဲခြင်းကို သမ္မာကျမ်းစာက ပြောသည်မှာ၊

(က) အပြစ်ဒဏ်ခတ်ခြင်း
(ခ) ပ ညတ်တရား လုပ်ဆောင်မှုများ
(ဂ) နောင်တရခြင်

**မဿဲ ၄း၁၇** - *"ထိုအခါမှစ၍ ယေရှုက နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော် တည်လုနီးပြီ ဟူသောတရားကို ဟောစပြုတော် မူ၏။"*

၁၈။ (တမန်တော် ၂၆း၁၈)ကို ဖတ်ပါ။ သင့်အပြစ်များကို ခွင့်လွှတ်ခြင်းလက်ခံရရှိဖို့အတွက် သင် တို့သည် ---- မှ အလင်းသို့ကူးပြောက်၍ စာတန်၏ ----_ ထဲမှ -------- ထံတော်သို့ ပြောင်းလဲခြင်း ရောက်ရှိပါမည်လော။

**တမန်တော် ၂၆း၁၈** - *"သင်သည်၊ ယခုမြင်ရသောအကြောင်းအရာတို့နှင့်၊ နောက်မှ ငါသည် သင့်အားထင်ရှားလတံ့သောအကြောင်း အရာတို့မှာ၊ အမှုဆောင်ရွက်သောသူ၊ သက်သေခံသောသူ အရာ၌ သင့်ကိုခန့်ထားစေခြင်းငှါ ငါသည် သင့်အားထင် ရှား၏။ တစ်ပါးအမျိုးသားတို့သည် မှောင်မိုက်မှအလင်းသို့ ကူးပြောက်၍ စာတန်၏အာဏာထဲမှ ဘုရားသခင့် အထံတော်သို့ ပြောင်းလဲသောအားဖြင့် အပြစ်လွှတ်ခြင်း ကျေးဇူးကိုခံရမည်အကြောင်းနှင့်၊ သင့်ကို*

*ယုံကြည်သောသူ အားဖြင့် သန့်ရှင်းခြင်းသို့ ရောက်သောသူတို့နှင့် ဆက်ဆံ၍ အမွေခံရမည်အကြောင်း၊ သူတို့၏ မျက်စိကို ဖွင့်စေခြင်း ငှါ၊ သူတို့ဆီသို့ သင့်ကို ငါစေလွှတ်မည်ဟု မိန့်တော်မူ၏။"*

၁၉။ (ယေဇကျေလ ၃၆း၂၆-၂၇ နှင့် တမန်တော် ၁၁း၁၅-၁၈)ကို ဖတ်ပါ။ ဘုရားသခင်၏လမ်းခရီး၌ သွားလာရန် အကြောင်းဖြစ်စေမည့် နှလုံးသားအသစ်၊ ဂိညာဉ်အသစ်ကို သင်သည် လက်ခံရပြီးပြီလော။

**ယေဇကျေလ ၃၆း၂၆-၂၇** - *"စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ ကိုယ်ခန္ဓာထဲက ကျောက်နှလုံး ကိုနှုတ်၍၊ အသားနှလုံးကို ပေးမည်။ ငါ့ဂိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့်၊ သင်တို့သည် ငါ၏တရား လမ်းသို့လိုက်၍ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်။"*

**တမန်တော် ၁၁း၁၅-၁၈** - *"ငါသည် ဟောပြောစပြုစဉ်၊ သန့်ရှင်းသောဂိညာဉ်တော်သည် ရှေ့ဦးစွာ ငါတို့အပေါ်သို့ သက်ရောက်တော် မူသည်နည်းတူ၊ ထိုသူတို့အပေါ်သို့လည်း သက်ရောက်တော်မူ၏။ ယောဟန်သည် ရေ၌ ဗတ္တိဇံကို ပေး၏။ သင်တို့သည် သန့်ရှင်းသောဂိညာဉ်တော်၌ ဗတ္တိဇံကို ခံရကြလိမ့်မည်ဟု သခင်ဘုရား မိန့်တော်မူသောစကားကို ထိုအခါ ငါအောက်မေ့၏။ သခင်ယေရှုခရစ်ကို ယုံကြည်သော ငါတို့အား ဘုရားသခင်သည် ဆုကျေးဇူးကို ပေးတော်မူသည် နည်းတူ၊ ထိုသူတို့အားလည်း ပေးတော်မူသည် ဖြစ်သောကြောင့်၊ ငါသည် အဘယ်သို့သောသူ ဖြစ်၍ ဘုရားသခင် ကို ဆီးတားနိုင်သနည်းဟု ပေတရုဆို၏။ ဤအကြောင်းအရာတို့ကို ထိုသူတို့သည် ကြားလျှင် မငြင်းဘဲနေ၍၊ အကယ်စင်စစ် ဘုရားသခင်သည် အသက်ရှင် စေခြင်းအလို့ငှါ၊ နောင်တ တရားကို တစ်ပါးအမျိုးသားတို့အားလည်း ပေးတော်မူပြီဟု ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းကြ၏။"*

၂၀။ (လုကာ ၁၈း၁၃-၁၄)ကို ဖတ်ပါ။ သင့်အပြစ်များ ခွင့်လွှတ်ခြင်းရဖို့အတွက် သင်သည် ဘုရားသခင်ကို ဆုတောင်းပြီးပြီလော။

**လုကာ ၁၈း၁၃-၁၄** - *"အခွန်ခံမှုကား၊ အဝေးကရပ်၍ ကောင်းကင်သို့ မမျှော်မကြည့်ဝံ့ဘဲ ရင်ဘတ်ကို ခတ်လျက်၊ အို ဘုရားသခင်၊ အပြစ်များသောအကျွန်ုပ်ကို သနားခြင်းကရုဏာစိတ်ရှိတော်မူပါဟု ဆုတောင်းလေ၏။ ငါဆိုသည်ကား၊ ထိုသူတို့ သည် အပြစ်ပြေလျက် မိမိအိမ်သို့ ပြန်သွား၏။ ဖာရိရှဲမှုကား အပြစ်မပြေ။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား၊ နှိမ့်ချခြင်းသို့ ရောက်လတံ့။ ကိုယ်ကိုကိုယ် နှိမ့်ချသောသူ မည်သည်ကား၊ ချီးမြှောက်ခြင်းသို့ ရောက်လတံ့ဟု မိန့်တော်မူ၏။"*

# အဖြေ သော့ချက်

၁။ (ဒံယေလ ၂း၄၄)ကို ဖတ်ပါ။ ဓမ္မဟောင်းကျမ်းပရောဖက်များက အနာဂတ်တွင် မေရှိ (ဘိသိက်ခံသောအရှင်) ကြွလာတော်မူ၍၊ ကောင်းကင်ဘုံရှင် ဘုရားသခင်သည် မည်သည့် အခါမျှ ပျက်သုဉ်းတော့မည် မဟုတ်သည့်နိုင်ငံတော်ကို တည်ထောင်လိမ့်မည် ဖြစ်ကြောင်း ပရောဖက်ပြုခဲ့ကြသည်။ မည်သည့် နိုင်ငံတော်လဲ။
(ခ) **မည်သည့်အခါမျှ ပျက်သုဉ်းခြင်း ရှိမည်မဟုတ်သော နိုင်ငံတော်**

၂။ (မဿဲ ၄း၁၇,၂၃)ကို ဖတ်ပါ။ ယေရှု၏သတင်းစကားသည် ဘာလဲ။
**နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော် တည်လုနီးပြီ**

၃။ (မာကု ၁း၁၄-၁၅)ကို ဖတ်ပါ။ ယေရှုသည် **နိုင်ငံတော်နှင့်ယှဉ်သော** ဧဝံဂေလိတရားကို ဟောပြောသည်။

၄။ (လုကာ ၄း၄၃)ကို ဖတ်ပါ။ ယေရှုသည် ဘုရားသခင့်ထံတော်မှ ကြွလာတော်မူသည့် အကြောင်းမှာ၊
**ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောပြောရန် ဖြစ်၏။**

၅။ (ယောဟန် ၄း၂၅)ကို ဖတ်ပါ။ သမ္မာကျမ်းစာ၌၊ ယေရှုသည် ဂျူးတို့အား နိုင်ငံတော်နှင့်ပတ်သက်၍ ပြောဆိုသည့်အခါ ဘာကိုဆိုလိုကြောင်း ရှင်းပြခဲ့သည်။ ၎င်းမှာ အောက်ပါ သူတို့သိထားကြသည့် ဓမ္မဟောင်းကျမ်း သဘောထားတစ်ခုခုဖြစ်သလား။
(ဂ) **သူတို့ ကြည့်မျှော်စောင့်စားနေသည့်အတိုင်း**

၆။ (လုကာ ၉း၁-၂)ကို ဖတ်ပါ။ တပည့်တော်(၁၂)ယောက်တို့ လုပ်ဆောင်ခဲ့သည့်အရာ(၃) ခုသည် ဘာလဲ။
**နတ်ဆိုးတို့ကို နှင်ထုတ်ခြင်း၊ အနာရောဂါငြိမ်းစေခြင်းနှင့် ဘုရားသခင်၏ နိုင်ငံတော် အကြောင်းကို ဟောပြောရန်**

၇။ (လုကာ ၁၀း၁-၂,၈-၉)ကို ဖတ်ပါ။ တပည့်(၇၀)ကို ဘာ သတင်းစကား ကြေညာရန် ယေရှု မိန့်တော်မူသနည်း။
**ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို ကြေညာရန်**

၈။ (လုကာ ၂၃း၂)ကို ဖတ်ပါ။ ဂျူးတို့၏ကိုယ်ပိုင်အနက်ဖွင့်ချက်နှင့်အညီ၊ "ခရစ်တော်"ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ ဤသို့ ဖြစ်သည်။ **ရှင်ဘုရင်**

၉။ (တမန်တော် ၁၇း၇)ကို ဖတ်ပါ။ ရောမလူမျိုးတို့၏ တရားနှင့် ဗီလာဖြစ်၍ တမန်တော်ရှင်ပေါလု၏ သွန်သင်ခြင်းကို ဂျူးတို့ ပြောဆိုနေသည်မှာ **ယေရှုအမည်ရှိသော ရှင်ဘုရင်တစ်ပါး**

၁၀။ (တမန်တော် ၁၉း၈-၁၀)ကို ဖတ်ပါ။ ဖေက်မြို့ ၌ အခြားသူများကို ပေါလုက ရဲရင့်စွာဖြင့် ငြင်းခုံ၍ ဆွဲဆောင်ပြောဆိုသော ပတ်သက်ရာအကြောင်းမှာ၊ **ဘုရားသခင်၏နိုင်ငံတော်အကြောင်း**

၁၁။ (တမန်တော် ၂၈း၂၃-၃၁)ကို ဖတ်ပါ။ အခန်းငယ်-၃၁ ၌ ၎င်းတွင် တမန်တော်ရှင်ပေါလု ဘာအကြောင်းဟောပြောနေသနည်း။
**ဘုရားသခင်၏ နိုင်ငံတော်အကြောင်းနှင့်၊ သခင်ယေရှုခရစ်နှင့် ပတ်သက်သော အကြောင်း အရာ များကို ဟောပြော၏။**

၁၂။ (မဿဲ ၂၄း၁၄)ကို ဖတ်ပါ။ လောကအဆုံးတိုင် ဟောပြောရန်ဆိုသည်မှာ ဘာ သတင်းစကား ဖြစ်ပါသလဲ။
**နိုင်ငံတော်နှင့်ယှဥ်သော ဧဝံဂေလိတရား**

၁၃။ (တမန်တော် ၂၀း၂၄-၂၅)ကို ဖတ်ပါ။ တစ်ခါတစ်ရံ နိုင်ငံတော်သတင်းကောင်းတရား နည်းတူ ရည်ညွှန်းပြောဆိုသော သတင်းကောင်းတရားမှာ၊ **ဘုရားသခင်၏ ကျေးဇူးတော်နှင့်ယှဥ်သော ဧဝံဂေလိတရား ဖြစ်သည်။**

၁၄။ (လုကာ ၁၆း၁၆)ကို ဖတ်ပါ။ နိုင်ငံတော်နှင့်ပတ်သက်၍ အခြေခံနားလည်မှုမရှိဘဲ၊ ယေရှု၏သတင်းစကားကိုနားလည် သဘောပေါက်ရန်မှာ မဖြစ်နိုင်ပါ။ နိုင်ငံတော်သည် ယေရှုပြောသောသတင်းစကားဖြစ်ပြီး၊ တပည့်တော်များအား ကိုယ်တော် ညွှန်ကြားသောတစ်ခုတည်းသောအကြောင်းအရာမှာ၊_
(**က**) **ဟောပြောခြင်း**

၁၅။ (မဿဲ ၆း၁၀)ကို ဖတ်ပါ။ အခြေခံအားဖြင့် ဘုရားသခင်၏နိုင်ငံတော်ဆိုသည်မှာ ဘုရားသခင်အုပ်စိုးတော်မူခြင်း ဖြစ်သည်။ ဤကျမ်းချက်အခန်းငယ်တွင် မည်သို့ ဖေါ်ပြထား သနည်း။
**ဘုရားသခင်၏ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံ ပါစေသော**

၁၆။ (ကော ၁း၁၃-၁၄ နှင့် ရောမ ၁၄း၉)ကို ဖတ်ပါ။ စကားဝေါဟာရအထဲ "ဘုရားသခင်၏နိုင်ငံတော်" သည်၊ လူအုပ်စုတစ်ခု၏ အကြံအစည်ဖြစ်သည်။ ၎င်းမှာ၊_
(**ခ**) **ဘုရားသခင်၏အုပ်စိုးခြင်းကို ဝန်ခံသည်။** (**စာတန်အုပ်စိုးခြင်းပယ်ချပစ်၏။**)
**ကိုယ်တော်၏အပြစ်လွှတ်ခြင်းကို လက်ခံ ရရှိသည်။**

၁၇။ (မဿဲ ၄း၁၇)ကို ဖတ်ပါ။ ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်နိုင်ရန်အလို့ငှါ၊ စိတ်နှလုံးပြောင်းလဲခြင်း လိုအပ်သည်။ ဤစိတ်နှလုံးပြောင်းလဲခြင်းကို သမ္မာကျမ်းစာက ပြောသည်မှာ၊_
(**ဂ**) **နောင်တရခြင်း**

၁၈။ (တမန်တော် ၂၆း၁၈)ကို ဖတ်ပါ။ သင့်အပြစ်များကို ခွင့်လွှတ်ခြင်းလက်ခံရရှိဖို့အတွက်၊ သင်တို့သည် **မှောင်မိုက်မှ** အလင်းသို့ကူးပြောင်း၍၊ စာတန်၏ **အာဏာ** ထဲမှ၊ **ဘုရားသခင့်** ထံတော်သို့ ပြောင်းလဲခြင်း ရောက်ရှိပါမည်လော။

၁၉။ (ယေဇကျေလ ၃၆း၂၆-၂၇ နှင့် တမန်တော် ၁၁း၁၅-၁၈)ကို ဖတ်ပါ။ ဘုရားသခင်၏လမ်းခရီး၌ သွားလာရန် အကြောင်းဖြစ်စေမည့်၊ နှလုံးသားအသစ်၊ ဝိညာဉ်အသစ်ကို သင်သည် လက်ခံရပြီးပြီလော။ ဖြေပါ။ -------------

၂၀။ (လုကာ ၁၈း၁၃-၁၄)ကို ဖတ်ပါ။ သင့်အပြစ်များ ခွင့်လွှတ်ခြင်းရဖို့အတွက်၊ သင်သည် ဘုရားသခင်ကို ဆုတောင်းပြီးပြီလော။ ဖြေပါ။

## သင်ခန်းစာ (၇)

# ကယ်တင်ခြင်း၊ ယုံကြည်ခြင်း၏ ရည်ရွယ်ချက်

ဆိုပါစို့။ ယောကျာ်းတစ်ယောက်၏ မင်္ဂလာဆောင်ရက်နေ့တွင် သင်းအုပ်ရှေ့ ၌သူရပ် နေစဉ်၊ သင်းအုပ်က ဤစကားများကို ရုတ်တရက် စတင်ပြောလာပါမည်။ "ဤမိန်းမကို သင့်အတွက် ထမင်းချက်ပေးဖို့၊ သင့်အိမ်ကို သန့်ရှင်းရေး လုပ်ပေးဖို့၊ ပန်းကန်များဆေး ပေးဖို့ အတွက်သင် ယူနိုင်မည်လော။ ဒီမိန်းမကို ဒီနေ့ကစ၍ အိမ်ကြမ်းခင်းကို ဖုန်စုပ်စက်နှင့် စုပ်ခိုင်းဖို့၊ သင်တို့နှစ်ဦး အသက်ရှင်နေသမျှ ကာလပတ်လုံး အိမ်ပရိဘောဂများ ဖုန်ရှင်းခိုင်းဖို့ လက်ထပ်ယူနိုင်မည်လော။" ထိုစဉ် ချက်ချင်း မယားဖြစ်မည့်မိန်းမက အော်ပြောလိမ့်မည်။ "တော်ပါပြီ။ မင်းအတွက် အဲဒါတွေလုပ်ပေးဖို့ လူတစ်ယောက်ကို မင်းလိုချင်ရင် အိမ်ဖော်မတစ်ယောက်ကို ငှားလိုက်ပါ။ ကျွန်မလိုချင်တာရင် ကျွန်မကိုချစ်ဖို့နဲ့ လက်ရှိ ကျွန်မ ဖြစ်သည့်အတိုင်း ကျွန်မကို လက်ထပ်ယူဖို့ပါ။ ကျွန်မ အရှိအတိုင်းကို ရှင်လက်ထပ် ယူမယ်ဆိုရင်ကျွန်မ ရှင့်အတွက် အားလုံး လုပ်ပေးပါမယ်။ ကျွန်မကို ရှင်ယူဖို့ ကျွန်မ လိုလားတယ်။ ကျွန်မဘဝတစ်ခုလုံးကို ကျွန်မရဲ့ အကျိုးအမြတ်အတွက် ယူဖို့ သက်သက်ဆိုရင် ကျွန်မရှင့်ကို လက်ထပ် မယူနိုင်ဘူး။"

A.W. Tozer က ဤသို့ ရေးသားခဲ့သည်။ "အခု ဓမ္မဆရာအချို့ ဘယ်တော့မှ သတိ မထားမိ သည်မှာ ထူးဆန်းသည် ထင်ရ၏။ အ မှန်တော့၊ ကယ်တင်ခြင်း၊ ယုံကြည်ခြင်း၏ ရည်ရွယ်ချက်သည် ခရစ်တော် ကိုယ်တော်တိုင်ထက် အခြားအရာ မရှိကြောင်း ဖြစ်သည်။ ခရစ်တော်၏ "ကယ်တင်သူ ဖြစ်ခြင်း" မဟုတ်သလို၊ ခရစ်တော်၏ "သခင်ဖြစ်ခြင်း" လည်း မဟုတ်ပါ၊ သို့သော် ခရစ်တော် ကိုယ်တော်တိုင် သာဖြစ်၏။ ဘုရားသခင်သည် ခရစ်တော်၏အာဏာပိုင်ရှင်မှုအပေါ် ယုံကြည်သော တစ်ယောက်ကို ကယ်တင်ခြင်းပေးနေသည် မဟုတ်သလို၊ ယုံကြည်ခြင်း ရည်ရွယ်ချက်ကဲ့သို့ ခရစ်တော်၏ အာဏာတစ်ခုကို တင်ပြနေသည်လည်း မဟုတ်ပါ။ ကျွန်ုပ်တို့သည် အပြစ်ဖြေလွှတ်ခြင်းအပေါ် (သို့မဟုတ်) လက်ဂါးကပ်တိုင်တရားအပေါ် (သို့မဟုတ်) ကယ်တင်ရှင်၏ ယဇ်ပုရောဟိတ်ဖြစ်မှုအပေါ် ယုံကြည်ရန် တွန်းအားပေး ခံနေရသည်လည်း မဟုတ်ပါ။ ထိုအရာအားလုံးသည် ခရစ်တော်ပုဂ္ဂိုလ်၌ ဖွဲ့စည်းပါရှိနေသော်လည်း၊ ၎င်းတို့ သည် ဘယ်သောအခါမျှ ခွဲခြား၍ မနေသလို တစ်ခုခုသည်လည်း ကျန်အရာများမှ သီးခြားခွဲထွက် တည်ရှိမနေပါ။ ခရစ်တော်၏ အာဏာတစ်ခုကို လက်ခံရန်နှင့် အခြားတစ်ခုကို ငြင်းပယ်ရန် ကျွန်ုပ်တို့၌ ပိုမိုလျော့နည်းသော အခြေအနေရှိကြသည်။ ကျွန်ုပ်တို့ ထိုသို့ အခြေအနေ ရရှိမှု နားလည်ယူခြင်းသည် ခေတ်သစ်ကာလ မှားယွင်းသောသက်ဝင်ယုံကြည်မှု ဖြစ်သည်။ ကျွန်ုပ် ထပ်ပြောပါမည်။ မှားယွင်းသော ယုံကြည်မှုတိုင်း၏နည်းတူ ၎င်းသည် ခရစ်ယာန်များအကြား ဆိုးညစ်သော အကျိုးဆက်များ ရှိနေပါသည်။ (The Root of the Righteous, pp. 84-86)

ဆိုလိုချက်ကို သင်တို့ နားလည်ပါသလား။ ခရစ်တော်၏ အစိတ်အပိုင်းတစ်ခု (ကိုယ်တော့် အကျိုးကျေးဇူးများ) ကို ခရစ်တော် မဟုတ်ဘဲ ခရစ်တော်၏ အာဏာတစ်ခုအဖြစ် ကျွန်ုပ်တို့ ဘာကြောင့် အရေးတကြီး လုပ်နေကြသနည်း။ ဆိုလိုသည်မှာ အိမ်ထောင်ပြုခြင်း၌ ဇနီးတစ်ယောက်ကို ဇနီးပုဂ္ဂိုလ်ကို ယူသည်မဟုတ်ဘဲ သင့်ထမင်းချက်အဖြစ် ယူထားသည်နှင့်တူ၏။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ယော ၁း၁၂)ကို ဖတ်ပါ။ "လူများစွာတို့ လက်ခံရကြသည်မှာ၊

(က) ကိုယ်တော် (သခင်ယေရှုခရစ်တော်)
(ခ) ကယ်တင်ရှင်အဖြစ် ယေရှု
(ဂ) သခင်အဖြစ် ယေရှု
(ဃ) ယဇ်ပုရောဟိတ်အဖြစ် ယေရှု ဘုရားသခင်၏သားများ ဖြစ်လာရန် သူတို့အား ကိုယ်တော်သည် အခွင့်ပေးတော်မူ၏။

**ယော ၁း၁၂** - *"ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား၊ ဘုရားသခင်၏သားဖြစ် ရသောအခွင့်ကို ပေးတော်မူ၏။"*

၂။ (တမန်တော် ၁၆း၃၁)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် မည်သူ့ကို ကျွန်ုပ်တို့ကိုယ်တိုင် ယုံကြည် (၎င်းမှာ စိတ်ချယုံကြည်ခြင်း ၊သို့မဟုတ်၊ အပ်နှံခြင်း) ရမည်နည်း။

**တမန်တော် ၁၆း၃၁**- *"ထိုသူတို့ကလည်း၊ သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့် သင်၏အိမ်သူအိမ်သားတို့ သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်ဟု ပြောဆိုလျက်၊..."*

၃။ (လုကာ ၆း၄၆)ကို ဖတ်ပါ။ "သခင်ဘုရား" ဆိုသည့်စကားလုံးသည် ဘာကို သွယ်ဝိုက် ညွှန်းဆိုသနည်း။

**လုကာ ၆း၄၆** - *"ငါ့စကားကို နားမထောင်ဘဲလျက်၊ ငါ့ကို သခင်၊ သခင်ဟု အဘယ်ကြောင့် ခေါ် ကြသနည်း။"*

၄။ (မဿဲ ၁း၂၁)ကို ဖတ်ပါ။ "ယေရှု" ဆိုသည့် စကားလုံးသည် ဘာကို သွယ်ဝိုက်ညွှန်းဆိုသနည်း။

**မဿဲ ၁း၂၁** - *"သားယောကျ်ားကို ဖွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူ ဖြစ်သောကြောင့် ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန် ဆို၏။"*

၅။ (လုကာ ၂း၂)ကို ဖတ်ပါ။ "ခရစ်တော်" ဆိုသည့် စကားလုံးသည် ဘာကို သွယ်ဝိုက် ညွှန်းဆိုသနည်း။

**လုကာ ၂၃း၂** - *"ဤသူသည် ပြည်သူပြည်သားများကို လှည့်ဖြား၍ မိမိသည် ခရစ်တော်တည်းဟူသော ရှင်ဘုရင်ဖြစ်ကြောင်းကို ဆိုလျက်၊ ကဲသာဘုရင်ကို အခွန်မဆက်နှင့်ဟု မြစ်တားသည်ကို အကျွန်ုပ်တွေ့ ပါပြီဟု အပြစ်တင်ကြ၏။"*

၆။ (ရောမ ၁း၁၆)ကို ဖတ်ပါ။ ဤကျမ်းချက်အရ ဧဝံဂေလိ (သို့မဟုတ်) သတင်းကောင်း တရားဆိုသည်မှာ၊

**ရောမ ၁း၁၆** - *"ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည် ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသော သူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော် ဖြစ်၏။"*

၇။ (ရောမ ၁း၁-၃)ကို ဖတ်ပါ။ ထင်ရှားသည် (သို့မဟုတ်) ပတ်သက်ခြင်းရှိသည့် ဘုရားသခင် ဗဟိုပြု ဧဝံဂေလိတရားသည်၊ ------- ကိုယ်တော်၏သား (သို့မဟုတ်) ကိုယ်တော့်သား အားလုံး၏ အစိတ်အပိုင်းဖြစ်သလား။

**ရောမ ၁း၁-၃** - *"ဧဝံဂေလိတရားကို ဟောစေခြင်းငှါ၊ ရွေးချယ်ခွဲထား၍ တမန်တော်အရာ၌ ခန့်ထားသော ယေရှုခရစ်၏ ကျွန် ငါပေါလုသည်၊...(ရှေးက မိမိ ပရောဖက်များအားဖြင့်၊ သန့်ရှင်းသောကျမ်းစာ၌ ကတိထားတော်မူသောဧဝံဂေလိ တရားကို ဟောစေခြင်းငှါ၊)... လူဇာတိအားဖြင့် ဒါဝိဒ်အမျိုးဖြစ်တော်မူသော၊ သေခြင်းမှ ထမြောက်တော်မူ၍ သန့် ရှင်းသော ဝိညာဉ်အားဖြင့်၊...."*

၈။ (ယောဟန် ၆း၅၄)ကို ဖတ်ပါ။ သင်သည် တစ်စုံတစ်ရာ စားသောက်သောအခါ ဘာ ပေါ်လွင် သနည်း။

**ယောဟန် ၆း၅၄** -*"ငါ၏အသားကိုစား၍ ငါ၏အသွေးကိုလည်း သောက်သောသူသည်၊ ထာဝရ အသက်ကို ရ၏။ ထိုသူကို နောက်ဆုံး သောနေ့၌ ငါ ထမြောက်စေမည်။"*

၉။ (ဂလာတိ ၃း၂၇)ကို ဖတ်ပါ။ လူတစ်ယောက်သည် ခရစ်တော်ထဲသို့ ဗတ္တိဇံခံယူသောအခါ သူတို့ ယူတင်ပေးလိုက်သည်မှာ၊ -------------- ခရစ်တော်၏ ဘာအပိုင်းကို သူတို့ ယူတင်ပေးလိုက်သနည်း။

**ဂလာတိ ၃း၂၇** - *"ခရစ်တော်၌ ဗတ္တိဇံကို ခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင် ဝတ်ဆင်သောသူ ဖြစ်ကြ၏။"*

၁၀။ (တမန်တော် ၉း၅-၆)ကို ဖတ်ပါ။ ရှောလုသည် ပြောင်းလဲလာသောအခါ ယေရှုအား ဘာမေးခွန်းနှစ်ခု မေးသနည်း။

***တမန်တော် ၉း၅-၆*** - *"သခင်၊ ကိုယ်တော်သည် အဘယ်သူနည်းဟု မေးလျှောက်၏။ သခင်ဘုရားကလည်း၊ ငါကား သင် ညှဉ်းဆဲ သော ယေရှု ဖြစ်သတည်း။ သို့သော်လည်း၊ ထ၍ မြို့သို့ဝင်လော့။ သင်ပြုရမည့်အမှုကို ပြောလိမ့်မည်ဟု မိန့်တော် မူ၏။"*

၁၁။ (ရောမ ၇း၄)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် မည်သူနှင့် လက်ထပ်ရမည်နည်း။ -------- ---------- ကိုယ်တော်၏ မည်သည့်အပိုင်းနှင့် ကျွန်ုပ်တို့ လက်ထပ်ရမည်နည်း။

**ရောမ ၇း၄** - *"ထိုနည်းတူ၊ ငါ့ညီအစ်ကိုတို့၊ သင်တို့သည် အခြားသောသူတည်းဟူသော သေခြင်းမှ ထမြောက်တော်မူသော သူ၏မယားဖြစ်၍၊ ဘုရားသခင်၏အလိုတော်နှင့်အညီ တိုးပွားမည်အကြောင်း၊ ခရစ်တော်၏ ကိုယ်ခန္ဓာအားဖြင့် သေ၍ ပညတ်တရားနှင့် ကွာကြ၏။"*

၁၂။ ခရစ်တော်နှင့် ကောင်းသောမင်္ဂလာဆောင်ခြင်း၌ သင်သည် ဂမ်းမြောက်ပါသလား။ ----- သင်သည် ကိုယ်တော်အား ဆုတောင်းသလား၊ ဆက်သွယ်သလား၊ ချစ်သလား၊ ကိုးကွယ်သလား။

# အဖြေ သော့ချက်

၁။ (ယော ၁း၁၂)ကို ဖတ်ပါ။ "လူများစွာတို့ လက်ခံရကြသည်မှာ၊
**(က) ကိုယ်တော်** (**သခင်ယေရှုခရစ်တော်**) ဘုရားသခင်၏သားများ ဖြစ်လာရန် သူတို့အား ကိုယ်တော်သည် အခွင့်ပေးတော်မူ၏။

၂။ (တမန်တော် ၁၆း၃၁)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် မည်သူ့ကို ကျွန်ုပ်တို့ကိုယ်တိုင် ယုံကြည် (၎င်းမှာ စိတ်ချယုံကြည်ခြင်း၊သို့မဟုတ်၊ အပ်နှံခြင်း) ရမည်နည်း။
**သခင် ယေရှု ခရစ်တော်**

၃။ (လုကာ ၆း၄၆)ကို ဖတ်ပါ။ "သခင်ဘုရား" ဆိုသည့်စကားလုံးသည် ဘာကို သွယ်ဝိုက် ညွှန်းဆိုသနည်း။
**သခင်၊ အုပ်ချုပ်သူ၊ သူဌေး၊ ကျွန်ုပ်တို့ဘဝများကို ထိန်းချုပ်ရန် အခွင့်ရှိသည့် သခင်။ ဤစကားလုံးသည် ဘုရားသခင်ဟူ၍လည်း သွယ်ဝိုက်ညွှန်းဆိုသည်။**

၄။ (မဿဲ ၁း၂၁)ကို ဖတ်ပါ။ "ယေရှု"ဆိုသည့် စကားလုံးသည် ဘာကို သွယ်ဝိုက်ညွှန်းဆိုသနည်း။
**ကယ်တင်ရှင် ယေရှု**

၅။ (လုကာ ၂၃း၂)ကို ဖတ်ပါ။ "ခရစ်တော်" ဆိုသည့် စကားလုံးသည် ဘာကို သွယ်ဝိုက်ညွှန်းဆိုသနည်း။
**ကျွန်ုပ်တို့၏ ရှင်ဘုရင်နှင့် မေရှိ ဖြစ်သော ယေရှု**

၆။ (ရောမ ၁း၁၆)ကို ဖတ်ပါ။ ဤကျမ်းချက်အရ ဧဝံဂေလိ (သို့မဟုတ်) သတင်းကောင်းတရားဆိုသည်မှာ၊
**ခရစ်တော်ကိုယ်တော်တိုင် ဖြစ်သည်။ ကိုယ်တော်၏ အကျိုးကျေးဇူးများအားလုံး ပါဝင်သည်။**

၇။ (ရောမ ၁း၁-၃)ကို ဖတ်ပါ။ ထင်ရှားသည့် (သို့မဟုတ်) ပတ်သက်ခြင်းရှိသည့် ဘုရားသခင် ဗဟိုပြု ဧဝံဂေလိတရားသည် **ဘုရားသခင်၏သားတော်၊ ကျွန်ုပ်တို့၏သခင် ယေရှုခရစ်တော် ဖြစ်၏။** ကိုယ်တော်၏သား (သို့မဟုတ်) ကိုယ်တော့်သား အားလုံး၏ အစိတ်အပိုင်းဖြစ်သလား။
**ကိုယ်တော်၏ အလုံးစုံ**

၈။ (ယောဟန် ၆း၅၄)ကို ဖတ်ပါ။ သင်သည် တစ်စုံတစ်ရာ စားသောက်သောအခါ၊ ဘာပေါ်လွင်သနည်း။
**၎င်း ရှိသမျှအားလုံးကို သင် သုံးဆောင်သည်။ ပြောရရင်၊ သင်သည် စားလိုက်သည့်အတိုင်း သင့်ဘဝ၊ သင့်ခွန်အား ဖြစ်လာသည်။**

၉။ (ဂလာတိ ၃း၂၇)ကို ဖတ်ပါ။ လူတစ်ယော်သည် ခရစ်တော်ထဲသို့ ဗတ္တိဇံခံယူသောအခါ သူတို့ ယူတင်ပေးလိုက်သည်မှာ၊ **ခရစ်တော်ကို ယူတင်၏။** ခရစ်တော်၏ ဘာအပိုင်းကို သူတို့ ယူတင်ပေးလိုက်သနည်း။

**ကိုယ်တော်၏ အလုံးစုံ**

၁၀။ (တမန်တော် ၉း၅-၆)ကို ဖတ်ပါ။ ရှောလုသည် ပြောင်းလဲလာသောအခါ၊ ယေရှုအား ဘာမေးခွန်းနှစ်ခု မေးသနည်း။
**ကိုယ်တော်သည် အဘယ်သူနည်း။ ကိုယ်တော်သည် ကျွန်ုပ်အား မည်သို့ ပြုစေလို တော်မူသနည်း။**

၁၁။ (ရောမ ၇း၄)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် မည်သူနှင့် လက်ထပ်ရမည်နည်း။
**သခင်ယေရှုခရစ်တော်နှင့်၊**
ကိုယ်တော်၏ မည်သည့်အပိုင်းနှင့် ကျွန်ုပ်တို့ လက်ထပ် ရမည်နည်း။
**ကိုယ်တော်၏ အလုံးစုံ နှင့်**

၁၂။ ခရစ်တော်နှင့် ကောင်းသော မင်္ဂလာဆောင်ခြင်း၌ သင်သည် ဂမ်းမြောက်ပါသလား။ ---_ သင်သည် ကိုယ်တော်အား ဆုတောင်းသလား၊ ဆက်သွယ်သလား၊ ချစ်သလား၊ ကိုးကွယ်သလား။

# သင်ခန်းစာ (၈)

# ဘုရားပညတ်တော်တို့ကို မှန်ကန်စွာလိုက်နာခြင်း

တစ်နေ့ ၌ ကျွန်ုပ်နှင့် Joe သည် ကန်စောင်းတွင်  Bill နှင့် Steve တို့နှင့် စကားပြောနေသည်။ မေးခွန်းပေါ် ထွက်လာသည်။ "ဘုရားသခင်အကြောင်း၊ ယေရှုအကြောင်း တစ်ခါမျှ မကြားဘူးတဲ့ လူတစ်ယောက်ဟာ ဘုရားရှေ့မှာ ဘယ်လို တာဝန်ခံယူဖို့ ဖြစ်နိုင်မလဲ။ ကျွန်ုပ် ရှင်းပြသည်။ "Bill မင်း Steve အိမ် အလည်ရောက်နေတယ် ဆိုပါစို့။ ကဲ၊ Steve အပြင်သွားလို့ သူ့မိန်းမ အိမ်မှာ ကျန်နေမယ်။ တကယ်လို့ မင်းက အဲဒီမိန်းမနဲ့ ဖေါက်ပြန်ဆက်ဆံမိရင်၊ သူငယ်ချင်းမိန်းမအပေါ် စည်းကမ်း ချိုးဖေါက်မိတဲ့အတွက် ပြစ်ဒဏ်ကျခံရမယ်လို့ မင်းခံစားနေမယ် မဟုတ်လား။ အဲဒီပြစ်ဒဏ် ကျခံရတဲ့အာရုံနဲ့ တာဝန်ရှိမှုခံစားချက် ဘယ်ကရောက်လာတယ် ထင်သလဲ။ တွေ့ပါသလား။ ဘုရားသခင်သည် ပညတ်တရားနှင့် သင်တို့၏အတွေးအမြင် ကြည်လင်မှုမှတစ်ဆင့် အမှန်တရားကို အာရုံခံနိုင်ခြင်းနှင့် အမှားလုပ်မိသည့်အတွက် ပြစ်ဒဏ် ကျခံရခြင်းများကို လူတိုင်းအား အသိတရား ပေးထားပါသည်။ ပညတ်တရားနှင့် အသိအမြင် ကြည်လင်ခြင်းတို့သည် လူတစ်ယောက်၏ ကိုယ်ကျင့်တရားနှင့်ပတ်သက်ပြီး၊ စွပ်စွဲခြင်း၊ ဆင်ခြေပေးခြင်း တစ်ခုခု ဖြစ်စေသော ကိုယ်ကိုကိုယ် စီရင်ခြင်းတာဝန်များ ဖြစ်လာပါသည်။ (ရောမ ၂း၁၄-၁၅)

Bill က  ဤအထိတော့ သူသည် လူကောင်းတစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ်ကို ပြောပြနေသည်။ သူသည် ကယ်တင်ရှင်လိုအပ်မည်ဟူ၍ သူ တကယ် မမြင်မိကြောင်း ပြောနေသည်။ ကျွန်ုပ်သည်လည်း ထွက်မြောက်ရာကျမ်း အခန်းကြီး (၂၀) ကိုဖွင့်၍ ပညတ်တော် (၁၀)ပါးအကြောင်း သူ့ကို စတင်ဖတ်ပြသည်။ "Bill မင်းဘဝမှာ ဘုရားသခင်ကို ပထမနေရာမှာ အမြဲထားသလား။ ဘုရားကို လောကအရာ တစ်ခုခုထက် မင်းအမြဲ ပိုချစ်ခဲ့ပါသလား။ တကယ်လို့ မဟုတ်ခဲ့ရင်၊ မင်းဟာ ပထမပညတ်တော်ကို ချိုးဖေါက်လိုက်တာပါပဲ။"(ထွက် ၂၀း၃) ဘုရားသခင်ရှေ့တော်မှောက်မှာ အခြားအရာ တစ်ခုခုကိုမင်း ဦးမြှောက်ပူဇော်ခဲ့ပါသလား။ လုပ်ခဲ့ရင်၊ မင်းဟာ ဒုတိယပညတ်တော်ကို ချိုးဖေါက် လိုက်တာပါပဲ။ "(ထွက် ၂၀း၄) "မင်းဟာ ယေရှုခရစ်ရဲ့ နာမတော်ကို စာလေးလုံးပြ စကားလုံးနဲ့ အသုံးပြုဖူးခဲ့ ပါသလား။ အဲဒါဆို မင်းဟာ တတိယ ပညတ်တော်ကို ချိုးဖေါက်လိုက် တာပါပဲ။"(ထွက် ၂၀း၇)။ "မင်းဟာ ဘုရားသခင် အား ဦးမွမ်းကိုးကွယ်ဖို့ နေ့တစ်နေ့ကို အမြဲ ခွဲဝေ သတ်မှတ် ထားပါသလား။ အဲဒါဆို၊ မင်းဟာ စတုတ္ထပညတ်ကို ချိုးဖေါက်လိုက် တာပါပဲ။"(ထွက် ၂၀း၈)။ "မင်းငယ်စဉ်အခါက မင်းအဖေအမေတွေကို အမြဲ တရိုတသေ ပြုစုခဲ့သလား။ မလုပ်ခဲ့ရင် မင်း ပဉ္စမပညတ်ကို ချိုးဖေါက်လိုက်ပြီ။" (ထွက် ၂၀း၁၂) "မင်း လူတစ်ယောက်ကို အကြီးအကျယ် စိတ်ဆိုးဖူးပါသလား။ ဒါဆို မင်း ဆဋ္ဌမပညတ်ကို ချိုးဖေါက်ခဲ့ လိုက်ပြီ။"(ထွက် ၂၀း၁၃ နှင် မဿဲ ၅း၂၁-၂၂)။ "မင်းဟာ မိန်းကလေးတစ်ယောက်ကို ကာမဆက်ဆံလိုစိတ်နဲ့ ကြည့်မိဖူးသလား။ အဲဒါ၊ သတ္တမပညတ်ကို မင်း ချိုးဖေါက်လိုက်ပြီ။" (ထွက် ၂၀း၁၄ နှင့် မဿဲ ၅း၂၇-၂၈)။ "မင်းဟာ ကိုယ်မပိုင်တဲ့ ပစ္စည်းတစ်ခုခုကို ကောက်ယူဖူးသလား။ အဲဒါ၊ မင်းက အဋ္ဌမပညတ်ကို ချိုးဖေါက် လိုက်တာပါပဲ။ (ထွက် ၂၀း၁၅)။ "မင်းးဟာ အမှန်တွေကိုပဲ အမြဲ ပြောလေ့ပြောထ ရှိသလား။ မဟုတ်ရင်၊ မင်းဟာ နဝမပညတ်တော်ကို ချိုးဖေါက်လိုက်တာ ဖြစ်တယ်။" (ထွက် ၂၀း၁၆)။ "မင်းဟာ သူတစ်ပါးပိုင်တဲ့အရာ တစ်ခုခုကို လိုချင်စိတ်

ဖြစ်မိဖူးသလား။ ဒါဆိုရင် မင်းဟာ ဒသမ ပညတ်တော်ကို ချိုးဖေါက်လိုက်တာ ဖြစ်တယ်။" (ထွက် ၂၀း၁၇)။ "ယေရှုက အပြစ်သား တွေကိုကယ်တင်ဖို့ ရောက်လာတာလို့ ဘာကြောင့် ပြောရတယ်ဆိုတာ မင်း မြင်ပြီလား။" (မာကု ၂း၁၆-၁၇)။

ငါတို့ အလုံအလောက် ကောင်းပါတယ်လို့ တွေးမိနေတဲ့ ပြဿနာ (သို့မဟုတ်) ကောင်းကင်ဘုံ ရောက်ဖို့ လုံလောက်အောင် ကြိုးစားနေပါသည် ဆိုခြင်းသည် ပညတ်တော် (၁၀)ပါး စလုံးကို ကျွန်ုပ်တို့ ချိုးဖေါက်နေကြခြင်း အမှန်ဖြစ်ပါသည်။ (ယာကုပ် ၂း၁၀)က ကျွန်ုပ် တို့အား ပြောနေသည်မှာ ပညတ်တော်အားလုံးကို စောင့်သူ မည်သူမဆိုသည် ပညတ်တစ်ချက်ကို စောင့်ရန် ပျက်ကွက်လျှင်၊ ပညတ်တော်ကို ချိုးဖေါက်ခြင်းပြစ်ဒဏ် ခံရပါလိမ့်မည်။ ပညတ်တရားသည် သင့်အား ဖြောင့်မတ်ခြင်းရှိစေရန် မည်သည့်အခါမျှ လက္ခဏာ မဆောင်ပါ။ သို့သော် သင့် အပြစ်ရှိခြင်းကို ဖွင့်ပြဖို့ တစ်ခုတည်းသောအကြောင်း ဖြစ်သည်။ (ရောမ ၃း၁၉-၂၀)

ကျွန်ုပ်တို့အားလုံး ကယ်တင်ရှင် လိုအပ်ပါသည်။ "ကယ်တင်ရှင်" ဆိုသည့် စကားလုံးသည် အပြစ်အတွက် ပြစ်ဒဏ်ကျခံရခြင်းမှ သင့်အား ကယ်လွှတ်နိုင်သော အရှင်ဖြစ်ကြောင်း ခံယူချက် ဖြစ်သည်။ ယေရှုသည် ပျက်စီးခြင်းမှ ကယ်လွှတ်တော်မူသောကြောင့် သူတို့သည် ထာဝရအသက်ကို ရကြမည် ဖြစ်သည်။ (မဿဲ ၁း၂၁)

ကောင်းကင်ဘုံရောက်ရန် လုံလောက်စွာကောင်းခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း နှင့်ညီသော ဖြောင့်မတ်ခြင်း ရှိရမည်ဖြစ်သည်။ (၂ ကော ၅း၁၁) ဧဝံဂေလိ သတင်းကောင်းတရားသည် ကျွန်ုပ်တို့အပြစ်များကို ယေရှု ခွင့်လွှတ်တော်မူ လိမ့်မည် တစ်ခုတည်း မဟုတ်ဘဲ ကိုယ်တော်၏ ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကို ဆုကျေးဇူး တစ်ခုအနေဖြင့် ကျွန်ုပ်တို့ကို လွတ်လပ်စွာ ကိုယ်တော် ပေးနေခြင်းဖြစ်သည်။ (ရောမ ၅း၁၇) {"*ထိုမှတစ်ပါး၊ လူတစ်ယောက်သည် ပြစ်မှားသောကြောင့် ထိုတစ်ယောက်သော သူအားဖြင့် သေခြင်းတရားသည် အစိုးရ၏။ ကျေးဇူးတော်ကြွယ်ဝခြင်းကိုင်၊ ဖြောင့်မတ်ရာသို့ သွင်းတော်မူခြင်းကိုင်း ခံရသော သူတို့သည် တစ်ယောက်သောသူတည်းဟူသော ယေရှုခရစ် အားဖြင့် အသက်ရှင်လျက် သာ၍ စိုးစံရကြလတံ့။*"}

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (မာကု ၂း၁၆-၁၇)ကို ဖတ်ပါ။ မည်သူ့ကို ကယ်တင်ရန် ယေရှု ရောက်လာရသနည်း။

**မာကု ၂း၁၆-၁၇** - *"ထိုသို့ အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်အတူ စားတော်မူသည်ကို ကျမ်းပြုဆရာ ဖာရိရှဲတို့သည် မြင်လျှင်၊ ဤသူသည် အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့် အဘယ်ကြောင့် စားသောက်သနည်းဟု တပည့်တော်တို့အား ဆို၏။ ယေရှုသည် ကြားတော်မူလျှင်၊ ကျန်းမာသောသူတို့သည် ဆေးသမားကို အလိုမရှိကြ။ နာသောသူတို့ သာ လျှင် အလိုရှိကြ၏။ ဖြောင့်မတ်သောသူတို့ကို နောင်တသို့ ခေါ် ခြင်းငှါ ငါ လာသည်မဟုတ်၊ ဆိုးသောသူတို့ကို ခေါ် ခြင်းငှါ ငါ လာသတည်းဟု မိန့်တော်မူ၏။"*

၂။ (ရောမ ၂း၁)ကို ဖတ်ပါ။ သူတစ်ပါးကို ကျွန်ုပ်တို့ စစ်ကြောစီရင်သောအခါ၊ ကျွန်ုပ်တို့ကိုယ်တိုင်၌ ဘာလုပ်နေသနည်း။ ---------- အဘယ်ကြောင့်နည်း။

**ရောမ ၂း၁** - *"သူတစ်ပါးကို စစ်ကြောစီရင်သောသူ၊ သင်သည် ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။ အကြောင်းမူကား၊ သင်သည် စစ် ကြောစီရင်သောအမှုကိုပင် ကိုယ်တိုင်ပြုသည်ဖြစ်၍၊ သူတစ်ပါးကို စစ်ကြောစီရင်သည်တွင် ကိုယ်အပြစ်ရှိ ကြောင်းကို စီရင်ဆုံးဖြတ်ရာရောက်၏။"*

၃။ (ယာကုပ် ၂း၁၀)ကို ဖတ်ပါ။ အကယ်၍ ဘုရားသခင့်ပညတ်တော်အများဆုံးကို ကျွန်ုပ်တို့စောင့်၍ အနည်းငယ်သော အကြောင်းအရာများအပေါ် သတ်မှတ်ချက်တစ်ခုခုကို ကျွန်ုပ်တို့ ပျက်ကွက်လျှင် ကျွန်ုပ်တို့၌ ဘာအပြစ်ရှိသနည်း။

**ယာကုပ် ၂း၁၀** - *"အဘယ်သို့နည်းဟူမူကား၊ ပညတ်တရားအလုံးစုံကို စောင့်ရှောက်သည်တွင် တစ်စုံတစ်ခု မှားမိလျှင်၊ ပညတ်တရားအလုံးစုံကို လွန်ကျူးသောအပြစ် ရှိ၏။"*

၄။ (ဂလာတိ ၃း၁၀)ကို ဖတ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင့်ပညတ်တော်ကို စောင့်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းကို ရယူသွားကြမည်ဆိုပါလျှင်၊ ကျွန်ုပ်တို့ အဘယ်မျှလောက် ပညတ်စောင့်ရန်လိုသနည်း။ ----------- ထိုပညတ်တော်များကို ဘယ်လောက်ကြာကြာ ကျွန်ုပ်တို့စောင့်သွားရကြမည်နည်း။ ------ ------ ကျွန်ုပ်တို့သည် လုံလောက်စွာ ကောင်းအောင် ကြိုးစား ခြင်းအားဖြင့် ကယ်တင်ခြင်းမရနိုင်ကြောင်းကို သင်တို့ မြင်ကြပါသလား။

**ဂလာတိ ၃း၁၀** - *"ပညတ်တရား၏အကျင့်ကို အမှီပြုသောသူရှိသမျှတို့သည် အကျိန်နှင့် စပ်ဆိုင်ကြ၏။ အကြောင်းမူကား၊ ပညတ္တိကျမ်းစာ၌ ပါသမျှသော စကားတို့ကို အမြဲမကျင့်သော သူတိုင်း ကျိန်တော်မူခြင်းကို ခံစေသတည်းဟု ကျမ်းစာလာ၏။"*

၅။ (ဂလာတိ ၂း၁၆)ကို ဖတ်ပါ။ တရားမျှတဖြောင့်မတ်ခြင်းသည် ဘုရားသခင် ပေးကမ်း တော်မူသော ဖြောင့်မတ်ခြင်း၏ ဆုကျေးဇူးဖြစ်သောကြောင့် လူတစ်ယောက်ကိုမှန်ကန်စွာ ရပ်တည်နေနိုင်ခြင်း၊

ဘုရားသခင်နှင့် ဆက်ဆံရေးကို ယူတင်ပေးသည်။ အပြစ်သားတို့၏ ဖြောင့်မတ်ခြင်းသည် ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ပေးကမ်း၏။ ၎င်းသည် ခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် တစ်ကြိမ်တည်းနှင့် အားလုံးအတွက် လိုက်ပါလာသည်။ (၁ ကော ၁၅း၃-၄နှင့် ရောမ ၄း၂၅) လူတစ်ယောက် ဖြောင့်မတ်ခြင်းသို့ မရောက်နိုင်သည်မှာ ဘာလဲ။ လူတစ်ယောက် ဘယ်လို ကယ်တင်ခြင်းရနိုင်သနည်း။ ပညတ်တရားအားဖြင့် လူ မည်မျှ ဖြောင့်မတ်ရာသို့ ရောက်နိုင်ကြသနည်း။

**ဂလာတိ ၂း၁၆** - *"ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ကြသည်ကို၊ အပြစ်ထင်ရှားသော တစ်ပါးအမျိုး သား မဟုတ်ဘဲ၊ ဇာတိအမျိုးအားဖြင့်၊ ယုဒလူဖြစ်သောငါတို့သည်၊ အမှန်သိသည်နှင့်အညီ၊ ပညတ်တရား၏အကျင့် အားဖြင့် ဖြောင့်မတ်ရာသို့ မရောက်၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်၊ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ၊ ငါတို့ပင် ယေရှုခရစ်ကို ယုံကြည်ကြပြီ။ အကြောင်းမူကား၊ ပညတ်တရား၏ အကျင့်အားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်နိုင်ရာ။"*

၆။ (ရောမ ၆း၁၄)ကို ဖတ်ပါ။ ခရစ်ယာန်တစ်ယောက် ဖြစ်သော သင်သည်၊

(က) ပညတ်အောက်၌ ရှိသည်။
(ခ) ကျေးဇူးတော်အောက်၌ ရှိသည်။

**ရောမ ၆း၁၄** - *"ကိုယ်အင်္ဂါများကိုလည်း သုစရိုက်လက်နက်ဖြစ်စေ၍၊ ဘုရားသခင်အား ဆက်ကြလော့။ သင်တို့သည် ပညတ် တရားလက်၌ မရှိ။ ကျေးဇူးတရားလက်၌ ရှိသောကြောင့် အပြစ်တရားသည် သင်တို့ကို မအုပ်စိုးရ။"*

၇။ (ယေဇကျေလ ၁၈း၂၀)ကို ဖတ်ပါ။ အကယ်၍ သင်သည် ပညတ်တရားအောက်၌ ရှိလျှင်၊ သင့်အပြစ်အတွက် ပြစ်ဒဏ်သည်ဘာဖြစ်မည်နည်း။

**ယေဇကျေလ ၁၈း၂၀** - *"ပြစ်မှားသောသူသည် အသေခံရမည်။ သားသည် အဘ၏အပြစ်ကို မခံရ။ အဘသည် သား၏အပြစ်ကို မခံရ။ တရားသောသူသည် တရားစွာပြုခြင်း အကျိုးကိုငင်း၊ မတရားသောသူသည် မတရားစွာပြုခြင်း အပြစ်ကိုငင်း ခံရလိမ့်မည်။*

၈။ (ရောမ ၄း၆-၈) ကို ဖတ်ပါ။ ကျေးဇူးတော်အောက်၌ ဘုရားသခင်သည် သင့်အပြစ်များနှင့်အတူ လုပ်ဆောင်မည့် အရာ(၃)ခုသည် ဘာလဲ။

**ရောမ ၄း၆-၈** - *"ထို့အတူ၊ ဘုရားသခင်သည် အကျင့်ကို မထောက်ဘဲလျက် ပေးတော်မူသော ဖြောင့်မတ်ခြင်းကို ရသောသူ၏ မင်္ဂလာကို ဒါဝိဒ်သည် ရည်မှတ်၍ ဆိုသည်ကား၊ အပြစ်မှလွတ်ခြင်း၊ ဒုစရိုက်အပြစ်ကို ဖုံးအုပ်ခြင်းသို့ရောက်သော သူတို့သည် မင်္ဂလာရှိကြ၏။ ထာဝရဘုရား အပြစ်တင်တော်မူခြင်းနှင့် လွတ်သောသူသည် မင်္ဂလာရှိ၏ဟု ပြောဆို သတည်း။"*

၉။ (ရောမ ၅း၁)ကို ဖတ်ပါ။ ယခု ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းရှိကြသည့်အခါ ကျွန်ုပ်တို့ အကျိုးခံစားရမည့် အကျိုးကျေးဇူးသည် ဘာလဲ။

**ရောမ ၅း၁** - *"ထို့ကြောင့်၊ ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ ရောက်လျှင်၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ဘုရား သခင့် ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏။"*

၁၀။ (ရောမ ၅း၉)ကို ဖတ်ပါ။ ယခု ကျွန်ုပ်တို့သည် ယေရှု၏အသွေးအားဖြင့် ကယ်တင်ခြင်းကို ကျွန်ုပ်တို့ရပြီးသည့်အခါ ဘယ်ကနေ ကျွန်ုပ်တို့ ကယ်တင်ခြင်းရလိမ့်မည်နည်း။

**ရောမ ၅း၉** - *"သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှကယ်နှုတ် တော်မူခြင်းသို့ ရောက်မည်ဟုသာ၍ မျှော်လင့်စရာ ရှိ၏။"*

၁၁။ (ရောမ ၁၀း၄)ကို ဖတ်ပါ။ ဘုရားသခင့်ရှေ့တော်မှောက်တွင် --------------- ရရှိလိုက်သော ရည်မှန်းချက်တစ်ခုကဲ့သို့ ပညတ်တရားသည် ခရစ်တော်အားဖြင့် စုံလင်ခြင်း ရှိ၏။

**ရောမ ၁၀း၄** - *"ယုံကြည်သောသူအပေါင်းတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း၊ ပညတ်တရားသည် ခရစ်တော်အား ဖြင့် စုံလင်ခြင်း ရှိ၏။"*

၁၂။ (၁ ကော ၁း၃၀)ကို ဖတ်ပါ။ ဘုရားသခင်သည် ယေရှုခရစ်ကို ကျွန်ုပ်တို့၏ -------------- ---------------- နှင့် ----------------- ဖြစ်စေသည်။

**၁ ကော ၁း၃၀** - *"ထိုသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌ တည်နေကြ၏။ ထိုသခင်မူကား၊ ဘုရားသခင်စီရင်တော်မူသည် အတိုင်း ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်း ဖြစ်တော်မူ၏။"*

၁၃။ (ဖိလိပ္ပိ ၃း၉)ကို ဖတ်ပါ။ မောရှေ၏ ပညတ်တရားအောက်၌ သင်သည် သွားလာသောအခါ၊ သင့်ကိုယ်ပိုင်အဖြစ် သင်ရယူဖို့ ကြိုးစားနေသည်မှာ -----------------------

**ဖိလိပ္ပိ ၃း၉,၁၁** - *"ပညတ်တရားအားဖြင့်ရသော ကိုယ်ဖြောင့်မတ်ခြင်းကို မကိုးစားဘဲ၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်ခြင်းတည်းဟူသော ယုံကြည်ခြင်းအတွက်ကြောင့် ဘုရားသခင် ပေးတော်မူသော ဖြောင့်မတ်ခြင်းကိုကိုးစားသဖြင့်၊ ခရစ်တော်ကို အမြတ်ရ၍ ထိုသခင်၌ တည်ပါမည်အကြောင်း၊.."*

၁၄။ (၁ ကော ၁၁း၁)ကို ဖတ်ပါ။ ခရစ်ယာန်များအဖြစ် ကျွန်ုပ်တို့သည် ခရစ်တော်၏ ပညတ်တရားအောက်၌ အသက်ရှင်နေထိုင်ကြ၏။ ခရစ်တော်၏ ပညတ်တရားသည် နာခံရန် စည်းမျဉ်းစနစ်တစ်ခုမဟုတ်ပါ။ ၎င်းသည် ပုဂ္ဂိုလ်တစ်ပါးကိုတုံ့ပြန်၍ အသက် ရှင်နေထိုင်ရခြင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် --------------------------

**၁ ကော ၁၁း၁** - *"ငါသည် ခရစ်တော်၏နည်းတူ ကျင့်သကဲ့သို့ သင်တို့လည်း ငါ့နည်းတူ ကျင့်ကြလော့။"*

၁၅။ (ရောမ ၈း၃)ကို ဖတ်ပါ။ ပညတ်တရားသည် ကျွန်ုပ်တို့အား ကယ်တင်ခြင်းမပေးပါ။ ပညတ်တရားသည် မှားသောကြောင့် မဟုတ်ပါ။ ကျွန်ုပ်တို့၏အားနည်းခြင်း အကြောင်း၌ ---------------- ကျွန်ုပ်တို့သည် မစောင့်ထိန်းနိုင်ကြပါ။

**ရောမ ၈း၃** - *"ဇာတိပကတိကြောင့် ပညတ်တရားသည် အားနည်း၍ မတတ်နိုင်သောအမှုကို ဘုရားသခင်ပြုတော်မူခြင်းငှါ၊ အပြစ်နှင့်ပြည့်စုံသော ဇာတိပကတိ၏သဏ္ဌာန်ကိုဆောင်သော မိမိသားတော်ကို စေလွှတ်တော်မူ၍ အပြစ် ဖြေဖို့ရာ ဇာတိပကတိ၌ အပြစ်ကို ဒဏ်ပေးတော်မူ၏။"*

# အဖြေ သော့ချက်

၁။ (မာကု ၂း၁၆-၁၇)ကို ဖတ်ပါ။ မည်သူ့ကို ကယ်တင်ရန် ယေရှု ရောက်လာရသနည်း။
**အပြစ်သားများ**

၂။ (ရောမ ၂း၁)ကို ဖတ်ပါ။ သူတစ်ပါးကို ကျွန်ုပ်တို့ စစ်ကြောစီရင်သောအခါ၊ ကျွန်ုပ်တို့ကိုယ်တိုင်၌ ဘာလုပ်နေသနည်း။
**ကိုယ့်ကိုယ်ကို ကိုယ် ပြစ်တင်ဝေဖန်၏။ ဧမှာ၊ ကျွန်ုပ်တို့ကိုယ်ကို ကိုယ်တိုင်စီရင်ကြောင်း ကြေညာခြင်းဖြစ်၏။**
အဘယ်ကြောင့်နည်း။
**အကြောင်းမှာ၊ သူတစ်ပါးကို ကျွန်ုပ်တို့ စီရင်သည်ဆိုသော်လည်း၊ သူတို့ပြုသည့်အရာများအတိုင်း ကျွန်ုပ်တို့ ပြုကြ၏။**

၃။ (ယာကုပ် ၂း၁၀)ကို ဖတ်ပါ။ အကယ်၍ ဘုရားသခင့်ပညတ်တော်အများဆုံးကို ကျွန်ုပ်တို့စောင့်၍ အနည်းငယ်သော အကြောင်းအရာများအပေါ် သတ်မှတ်ချက်တစ်ခုခုကို ကျွန်ုပ်တို့ ပျက်ကွက်လျှင်၊ ကျွန်ုပ်တို့၌ ဘာအပြစ်ရှိသနည်း။
**အားလုံးအတွက် ကျွန်ုပ်တို့ အပြစ်ရှိသည်။**

၄။ (ဂလာတိ ၃း၁၀)ကို ဖတ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင့်ပညတ်တော်ကို စောင့်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းကို ရယူသွားကြမည်ဆိုပါလျှင် ကျွန်ုပ်တို့ အဘယ်မျှလောက် ပညတ်စောင့်ရန်လိုသနည်း။ **ပညတ် အားလုံး။** ထိုပညတ်တော်များကို ဘယ်လောက်ကြာကြာ ကျွန်ုပ်တို့ စောင့်သွားရကြမည်နည်း။
**ပညတ်တော်၌ အမြဲဆက်လက်စောင့်နေရမည်။ (ချွတ်ချော်မှု တစ်ခုမျှမရှိရ) ကျွန်ုပ်တို့သည် လုံလောက်စွာ ကောင်းအောင် ကြိုးစားခြင်းအားဖြင့် ကယ်တင်ခြင်း မရနိုင်ကြောင်းကို သင်တို့ မြင်ကြပါသလား။ မြင်ပါသည်။**

၅။ (ဂလာတိ ၂း၁၆)ကို ဖတ်ပါ။ တရားမျှတဖြောင့်မတ်ခြင်းသည် ဘုရားသခင် ပေးကမ်းတော်မူသော ဖြောင့်မတ်ခြင်း၏ ဆုကျေးဇူး ဖြစ်သောကြောင့် လူတစ်ယောက်ကို မှန်ကန်စွာ ရပ်တည်နေနိုင်ခြင်း၊ ဘုရားသခင်နှင့် ဆက်ဆံရေးကို ယူတင်ပေးသည်။ အပြစ်သားတို့၏ ဖြောင့်မတ်ခြင်းသည် ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ပေးကမ်း၏။ ၎င်းသည် ခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် တစ်ကြိမ်တည်းနှင့် အားလုံးအတွက် လိုက်ပါလာသည်။ (၁ ကော ၁၅း၃-၄ နှင့် ရောမ ၄း၂၅)။ လူတစ်ယောက် ဖြောင့်မတ်ခြင်းသို့ မရောက်နိုင်သည်မှာ ဘာလဲ။ **သူ၏ကိုယ်ပိုင် အကျင့်အားဖြင့် မရောက်နိုင်ပါ။ ဧမှာ ပညတ်တရား၏ အကျင့်ဖြစ်သည်။** လူတစ်ယောက် ဘယ်လို ကယ်တင်ခြင်းရနိုင်သနည်း။ ယေရှုခရစ်၌ ယုံကြည်ခြင်း(စိတ်ချရခြင်း)အားဖြင့်၊ ပညတ်တရားအားဖြင့် လူမည်မျှဖြောင့်မတ်ရာသို့ရောက်နိုင်ကြသနည်း။
**ဘယ်လူသားမျှမရှိ။ လူပုဂ္ဂိုလ်တစ်ယောက်မျှမရှိ။**

၆။ (ရောမ ၆း၁၄)ကို ဖတ်ပါ။ ခရစ်ယာန်တစ်ယောက် ဖြစ်သော သင်သည်၊
(ခ) **ကျေးဇူးတော်အောက်၌ ရှိသည်။**

၇။ (ယေဇကျေလ ၁၈း၂၀)ကို ဖတ်ပါ။ အကယ်၍ သင်သည် ပညတ်တရားအောက်၌ ရှိလျှင်၊ သင့်အပြစ်အတွက် ပြစ်ဒဏ်သည် ဘာဖြစ်မည်နည်း။
**သေခြင်း**

၈။ (ရောမ ၄း၆-၈) ကို ဖတ်ပါ။ ကျေးဇူးတော်အောက်၌ ဘုရားသခင်သည် သင့်အပြစ်များနှင့်အတူ လုပ်ဆောင်မည့် အရာ(၃)ခုသည် ဘာလဲ။
**သူတို့ကို အပြစ်လွှတ်၏။ သူတို့အပြစ်များကို ဖုံးအုပ်၏။ သူတို့ကို အပြစ်တင် မစွပ်စွဲတော့ပါ။** (**အပြစ်မတင်ပါ။**) **ကိုယ်တော် တာဝန်ယူသည်။**

၉။ (ရောမ ၅း၁)ကို ဖတ်ပါ။ ယခု ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းရှိကြသည့်အခါ၊ ကျွန်ုပ်တို့ အကျိုးခံစားရမည့် အကျိုးကျေးဇူးသည် ဘာလဲ။
**ဘုရားသခင်နှင့်အတူ ငြိမ်သက်ခြင်းရ၏။** (**ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ် အမျက်တော် မရှိပြီ။**)

၁၀။ (ရောမ ၅း၉)ကို ဖတ်ပါ။ ယခု ကျွန်ုပ်တို့သည် ယေရှု၏အသွေးအားဖြင့် ကယ်တင်ခြင်းကို ကျွန်ုပ်တို့ရပြီးသည့်အခါ၊ ဘယ်ကနေ ကျွန်ုပ်တို့ ကယ်တင်ခြင်းရလိမ့်မည်နည်း။
**အမျက်တော်** (**ကျွန်ုပ်တို့ အပြစ်များအတွက် စီရင်ခြင်း**)

၁၁။ (ရောမ ၁၀း၄)ကို ဖတ်ပါ။ ဘုရားသခင့် ရှေ့တော်မှောက်တွင်၊ **ဖြောင့်မတ်ခြင်းအားဖြင့် ရရှိလိုက်သော ရည်မှန်းချက်တစ်ခုကဲ့သို့ ပညတ်တရားသည် ခရစ်တော်အားဖြင့် စုံလင်ခြင်းရှိ၏။**

၁၂။ (၁ ကော ၁း၃၀)ကို ဖတ်ပါ။ ဘုရားသခင်သည် ယေရှုခရစ်ကို ကျွန်ုပ်တို့၏ **ပညာ၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း နှင့် ရွေးနုတ်ခြင်း ဖြစ်စေသည်။**

၁၃။ (ဖိလိပ္ပိ ၃း၉)ကို ဖတ်ပါ။ မောရှေ၏ ပညတ်တရားအောက်၌ သင်သည် သွားလာသောအခါ သင့်ကိုယ်ပိုင်အဖြစ် သင်ရယူဖို့ ကြိုးစားနေသည်မှာ **ဖြောင့်မတ်ခြင်း**

၁၄။ (၁ ကော ၁၁း၁)ကို ဖတ်ပါ။ ခရစ်ယာန်များအဖြစ် ကျွန်ုပ်တို့သည် ခရစ်တော်၏ ပညတ်တရားအောက်၌ အသက်ရှင်နေထိုင်ကြ၏။ ခရစ်တော်၏ ပညတ်တရားသည် နာခံရန် စည်းမျဉ်းစနစ်တစ်ခု မဟုတ်ပါ။ ၎င်းသည် ပုဂ္ဂိုလ်တစ်ပါးကို တုံ့ပြန်၍ အသက်ရှင်နေထိုင်ရခြင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည်၊ **ခရစ်တော်**

၁၅။ (ရောမ ၈း၃)ကို ဖတ်ပါ။ ပညတ်တရားသည် ကျွန်ုပ်တို့အား ကယ်တင်ခြင်းမပေးပါ။ ပညတ်တရားသည် မှားသောကြောင့် မဟုတ်ပါ။ ကျွန်ုပ်တို့၏အားနည်းခြင်း အကြောင်း၌၊ **ဇာတိပကတိကို** ကျွန်ုပ်တို့သည် မစောင့်ထိန်းနိုင်ကြပါ။

## သင်ခန်းစာ (၉)

# ပညတ်တရားအောက်၌ မရှိဘဲ ကျေးဇူးတော်အောက်၌ ရှိခြင်း

လွန်ခဲ့တဲ့ညက ကျွန်ုပ်သည် အမျိုးသမီးတစ်ယောက်နှင့်ပတ်သက်ပြီး၊ သူလုပ်ခဲ့တဲ့အမှား (အပြစ်တွေ) အားလုံးအတွက် ပြစ်ဒဏ်ကျခံလိုက်ရတဲ့အကြောင်းကို အိပ်မက်မက်ခဲ့သည်။ အမျိုးသားတစ်ယောက် သူ့အနားမှာရှိနေပြီး၊ အမှားလုပ်ခဲ့မိကြောင်း ပြောလာသည့်အခါတိုင်း၊ အမျိုးသားသည် စက်ဆုပ်ရွံ့ရှာစွာ ခေါင်းညိတ်လိုက်ပြီး၊ သူ့ခါးပတ်ကို ချွတ်၍ မိန်းမကို ရိုက်ပါသည်။ အကယ်၍ မိန်းမသည် စကားမှား၍သော်၎င်း၊ အမှားတစ်စုံတစ်ရာ လုပ်ခဲ့မိ၍သော်၎င်း၊ မိန်းမကို ပြစ်ဒဏ်ပေး၏။ မိန်းမသည် ထော့နဲ့ထော့နဲ့ လျှောက်ပြီး၊ ကြိုးစားပြုံး၍ ကိုယ်နေဟန်ထား ကောင်းစွာ ရှိနေသည်။ သို့သော်လည်း သူ့ကို ပြဿနာဖြစ်စေမည့်အရာများကို ဆက်လုပ်ပြနေသည်။

၎င်းမှာ ကြီးမားသောအရာများ မဟုတ်သော်လည်း၊ အမျိုးသားက မိန်းမလုပ်သည့် အလွန် သေးငယ်သော အမှားလေးဖြင့် မိန်းမကိုရိုက်နေသည်။ မျှော်လင့်ချက် မရှိတော့ဟု ထင်ရသည်။ မိန်းမကလည်း သူ့ကို ပြဿနာဖြစ်စေသည့်အရာများ လုပ်နေခြင်းကို မလွှဲရှောင်နိုင်ပါ။ မိန်းမအတွက် ကျွန်ုပ်စိတ်မကောင်း ဖြစ်ရသည်ကို ကျွန်ုပ် မှတ်မိနေသည်။ အမျိုးသားက မိန်းမကို အမြဲရိုက်နေသည့် ဇာတ်ချက်မှ မိန်းမ ရုန်းထွက်နိုင်ရန် ကျွန်ုပ် အကူအညီပေးလိုနေသည်။ ထိုနောက် ကျွန်ုပ် အိပ်ရာနိုးလာတော့၏။

ကျွန်ုပ်သည် ဘုရားသခင်၏ကျေးဇူးတော် လုပ်အားခနှင့်မဆိုင်၊ မထိုက်မတန်ဘဲ မျက်နှာသာ ရခြင်းနှင့် ဘုရားသခင်၏စွမ်းရည်များ နှင့်ပတ်သက်၍ ဆင်ခြင်စဉ်းစားနေသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ကျေးဇူးတော်၌ တည်ထောင်ထားသည့်အခါ၊ ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်း မှတစ်ဆင့် (သို့မဟုတ်) ကျွန်ုပ်တို့၏ ကိုယ်ပိုင်ခွန်အားနှင့်အရည်အချင်း၌ ဘုရားသခင့် ပညတ်တော် တို့ကို စောင့်ရှောက်ရန် ကြိုးစားခြင်းအားဖြင့် ဘုရားသခင်၏လက်ခံမှုကို ရယူရန်၊ ကျွန်ုပ်တို့ ဘယ်တော့မှ ကြိုးစားကြတော့မည် မဟုတ်ပါ။ ဘုရားသခင့် ပညတ်တော်ကို ချိုးဖေါက်၍ ကျွန်ုပ်တို့ ရရှိသည့် အရိုက်ခံရခြင်းမှ နောက်ဆုံး ကျွန်ုပ်တို့ရှောင်ထွက်နိုင်စွမ်း ရှိလာပါလိမ့်မည်။ ကျွန်ုပ်တို့ သည် ယေရှုအားဖြင့် ကယ်လွှတ်ခံရပါ၏။

အခွင့်အရေးပေးခြင်းနှင့်ပတ်သက်၍ စဉ်းစားကြည့်ပါ။ အဓိပ္ပာယ်မှာ လူတစ်ယောက်ဆီမှ အတည်ပြုခြင်း၊ ထောက်ပံ့ခြင်း (သို့မ ဟုတ်) ကောင်းကြီးရခြင်းဖြစ်သည်။ လူတစ်ယောက်၏ အခွင့်အရေးပေးခြင်းကို သင်ရလိုသောအခါ သင်ဘာလုပ်သနည်း။ သင်သည် ကြိုးစားပြီး၊ သူတို့ စိတ်ကျေနပ်စေရန် အားလုံး ပြောဆိုပါလိမ့်မည်။ သူတို့ မကျေနပ်တာ ဘာတစ်ခုမျှ မရှိစေရပါ။ ၎င်းမှာ တစ်ချိန်လုံး မှန်မှန်ကန်ကန် လုပ်ဆောင်ပြခြင်း ဖြစ်သည်။ တကယ်လည်း ပြီးစီးအောင်မြင်အောင် လုပ်ပေးနိုင်ပါသလား။ ၎င်းမှာ မြေကြီးဆွဲ အားကို ဖီဆန်သလို ဖြစ်၏။ တစ်ခဏတော့ သင်သည်

လုပ်နိုင်ပါသော်လည်း၊ နောက်ဆုံးမှာ သင်ရှုံးပါလိမ့်မည်။ ၎င်းအရာသည် သင့်ထက် ပိုမို ခွန်အား ကြီးပါသည်။

ကျွန်ုပ်သည် အိပ်မက်မက်သည့် မိန်းမနှင့် အမျိုးတော်ပါသည်။ ကျွန်ုပ်ခံစားမိသည်မှာ ကျွန်ုပ်သည် အားလုံး မှန်ကန်အောင် အထူး ကြိုးစားလုပ်ဆောင်သောအခါ၊ ကိစ္စအသေးလေးတစ်ခု လွဲချော်သည်နှင့် ဆုံးရှုံးလေ၏။ ကျွန်ုပ်ထင်သည်မှာ တစ်ရက်တာ တောက်လျှောက် ဘာမျှ မပျက်စီးဘဲ၊ ကျွန်ုပ်လုပ်နိုင်ခဲ့လျှင် တစ်စုံတစ်ရာ ပြီးစီးအောင်မြင်နိုင်သည်ဟူ၍ ဖြစ်သည်။ သို့သော် ဒီလို ဖြစ်မလာဘူး။ ကျွန်ုပ်၏ အားနည်းချက်များသည် ကျွန်ုပ်ကို မစုံမလင် အမြဲတမ်း ဖြစ်လာစေသည်။ ကျွန်ုပ်တွေးနေသည်မှာ ကောင်းကင်ဘုံရှင် ဘုရားသခင်ကို ကျွန်ုပ်စိတ်ပျက်မိသည့် တစ်ခုတည်း မဟုတ်ဘဲ၊ ကိုယ့်ကိုယ်ကိုလည်း ပြစ်တင်ဝေဖန်ပြီး ကိုယ်ကိုကိုယ် ရိုက်နှက်နေမိ သည်။ ကျွန်ုပ်သည် ကိုယ်တိုင် အရှုံးသမား ဖြစ်၏။ ကျွန်ုပ်သည် မိမိ၏ စွမ်းရည်နှင့် စွမ်းရည်မဲ့ခြင်းကို အာရုံစိုက်နေခဲ့သည်။ ဘယ်တော့မှ အဆင်ပြေမလာ၊ ဘယ်တော့မှလည်း အဆင့်မှီအောင် လုံလုံလောက်လောက် ကောင်းမလာပါ။ တစ်စုံတစ်ယောက် ကျွန်ုပ်ကို ကယ်တင်ရန် ကျွန်ုပ် လိုအပ်နေပါပြီ။

ဘုရားသခင်သည် သနားကြင်နာခြင်းဖြင့် ကျွန်ုပ်တို့ကို အကူအညီပေးရန် စေလွှတ်ခဲ့သည်။ ကိုယ်တော့်နာမတော်သည် ယေရှု ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုယ်တိုင်၌၎င်း၊ ဘုရားသခင့် ပညတ်တော်တို့ကို ဖြည့်ဆည်းပေးရန် ကျွန်ုပ်တို့ အစွမ်းမဲ့ကြိုးပမ်းနေခြင်း မှ၎င်း၊ ကယ်လွှတ်ရန် ယေရှုကို စေလွှတ်တော်မူခဲ့သည်။ ယေရှုသည် ကိုယ်တော် မစောင့်နိုင်သော ပညတ်တရားအတွက် ပြစ်ဒဏ်ကို ခံယူလိုက်သောကြောင့် ကျွန်ုပ်တို့သည် သေရမည် မဟုတ် တော့ဘဲ၊ လွတ်မြောက်ခြင်းနှင့် ကိုယ်တော်နှင့်အတူ ထာဝရ အသက်ကို ရနိုင်ကြသည်။ ယေရှုသည် ဖြောင့်မတ်ခြင်း ဆုကျေးဇူးကို ကျွန်ုပ်တို့အား ပေးသောကြောင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းရှိပြီး၊ ခမည်းတော် ဘုရားသခင်ရှေ့၌ သန့်ရှင်းခြင်းနှင့်တကွ ပညတ်တရား လိုအပ်ချက်အလုံးစုံနှင့်လည်း ကိုက်ညီနိုင်ကြ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၏အသေခံခြင်း၊ သင်္ဂြိုဟ်ခံရခြင်းနှင့် ရှင်ပြန်ထမြောက် တော်မူခြင်းများ၌ ကျွန်ုပ်တို့အတွက် ပြုတော်မူသမျှ အားဖြင့်ဘုရားသခင်နှင့် ငြိမ်သက်ခြင်း ရှိကြသည်။ ကျွန်ုပ်တို့သည် လုပ်အားခနှင့် တောင်းဆို၍မရ၊ မထိုက်မတန်ဘဲ ဘုရားသခင်၏ အခွင့် အရေးပေးခြင်းကို ရကြ၏။ ၎င်းကို ကျေးဇူးတော်ဟု ခေါ်သည်။

ဤကဲ့သို့ယုံကြည်ခြင်းဖြင့် သင့်စိတ်နှလုံးသည် သံသယမရှိဘဲ၊ အခြေကျနေလျက်၊ ဤအရာကို ကိုယ်တော်ပြုတော်မူသည်မှာ သင်တို့ကို ကိုယ်တော်ချစ်သောကြောင့် ဖြစ်သည်ကို သိလာရသည်။ သင့်စိတ်နှလုံးကို မြဲမြံစေခြင်း၊ လုံခြုံစေခြင်း၊ တည်ငြိမ်စေခြင်းနှင့် ကိုယ်တော့် ကျေးဇူးတော်၌ မယိမ်းမယိုင် ရှိနေစေသည်။ ၎င်းမှာ ယေရှုသည် အရာအားလုံး ကျွန်ုပ်တို့အား ပေးတော်မူကြောင်း မေးခွန်းမမေး၊ သံသယမဖြစ်သော စိတ်နှလုံးကို ထူထောင်လျက်၊ ယေရှု၌ ယေရှုအားဖြင့် ချမ်းသာသောဘဝနှင့် ကျွန်ုပ်တို့ နေထိုင်ရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ယုံကြည် ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုအစား ကျွန်ုပ်တို့၏ အားနည်းခြင်း၊ မှားယွင်းခြင်းနှင့် အပြစ်များကို ဆက်လက်မျှော်ကြည့်ပြီး၊ အာရုံစိုက်နေပါလျှင် ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဝမ်းနည်းနေရပြီး ဘုရားသခင်ထံမှ တစ်စုံတစ်ရာကိုမျှ ကျွန်ုပ်တို့လက်ခံနိုင်စွမ်းမရှိဘဲ ဖြစ်လာလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် အလုံးစုံ ကိုယ်တော့်ဥစ္စာ ဖြစ်နေရမည်။ ထိုအရာသည် ကျွန်ုပ်တို့၌ ဖြည့်ဆည်းခံရခြင်းနှင့် ရပ်တည်ခြင်း၌ ရှိနေရမည်အကြောင်း ဖြစ်၏။ *"နှလုံးသည် အသက်၏အခြေအမြစ် ဖြစ်သောကြောင့်၊ သင်၏နှလုံးကို အထူးသဖြင့် စောင့်ရှောက်လော့။"* (သုတ္တံ ၄း၂၃)

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ ဤသင်ခန်းစာ၌ "ကျေးဇူးတော်"စကားလုံးသည် မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုသနည်း။

၂။ ကျေးဇူးတော်၌ စိတ်နှလုံးကိုထူထောင်ပြီးသောအခါ၊ ဘုရားသခင် ကျွန်ုပ်တို့အားလက်ခံခြင်းကိုရရန် ဘယ်တော့မှမကြိုးစားရတော့ပါ။ ၎င်းမှာ ----------------

၃။ (ဟေဗြဲ ၁၃း၁၄)ကို ဖတ်ပါ။ Don ၏အားနည်းချက်များသည် သူ့ကို အမြဲမစုံမလင်ရှိစေသည်။ ဤကျမ်းချက်နှင့်အညီ ကျွန်ုပ် တို့ ဘယ်လို စုံလင်အောင် လုပ်ရမလဲ။

**ဟေဗြဲ ၁၀း၁၄** - *"အကြောင်းမူကား၊ စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကို ရစေခြင်းငှါ တစ်ခါတည်း ပူဇော်ခြင်း အားဖြင့် ပြုတော်မူ၏။"*

၄။ (ရောမ ၅း၁၇) ကို ဖတ်ပါ။ ယေရှုသည် ဖြောင့်မတ်ခြင်း ------------- ကို ကျွန်ုပ်တို့အား ပေးတော်မူသောကြောင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းရှိလျက်၊ ခမည်းတော်ဘုရားသခင်ရှေ့ သန့်ရှင်းခြင်းနှင့်ပညတ်တရား လိုအပ်ချက်အားလုံးအပေါ် တည်ရှိနေနိုင်ပါလိမ့်မည်။

**ရောမ ၅း၁၇** - *"ထိုမှတစ်ပါး၊ လူတစ်ယောက်သည် ပြစ်မှားသောကြောင့် ထိုတစ်ယောက်သော သူအားဖြင့် သေခြင်းတရားသည် အစိုးရ၏။ ကျေးဇူးတော်၏ ကြွယ်ဝခြင်းကိုငှင်း၊ ဖြောင့်မတ်ရာသို့ သွင်းပေးတော်မူခြင်းကိုငှင်း ခံရသောသူတို့သည် တစ်ယောက်သောသူတည်း ဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက် သာ၍ စိုးစံရကြလတံ့။"*

၅။ (ဟေရှာယ ၂၆း၃)ကို ဖတ်ပါ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသောသခင်ယေရှုအစား ကျွန်ုပ်တို့၏ အားနည်းခြင်း၊ မှားယွင်းခြင်းနှင့် အပြစ်များကို ဆက်လက်မျှော်ကြည့်ပြီး၊ အာရုံစိုက်နေပါလျှင် ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဂမ်းနည်းနေရပြီး ဘုရားသခင်ထံမှ တစ်စုံတစ်ရာမျှ ကျွန်ုပ်တို့လက်ခံနိုင်စွမ်းမရှိဘဲ ဖြစ်လာလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် မည်သည့်အပေါ် ရှိနေရန် ကျွန်ုပ်တို့ စောင့်ရှောက်ရမည်နည်း။

**ဟေရှာယ ၂၆း၃** -*"စိတ်နှလုံး တည်ကြည်သောသူသည် ကိုယ်တော်၌ ခိုလှုံသောကြောင့် ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်။"*

၆။ (ဧဖက် ၃း၁၇)ကို ဖတ်ပါ။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် အလုံးစုံကိုယ်တော့်ဥစ္စာ ဖြစ်နေရမည်။ ၎င်းမှာ ကျွန်ုပ်တို့ ဤသို့ ဖြစ်လာသည့်အခါ၊ ------------------------------

**ဧဖက် ၃း၁၇** - *"ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏စိတ်နှလုံးထဲ၌ ကျိန်းဝပ်တော်မူမည်အကြောင်း၊ ဘုန်းတော် ကြွယ်ဝပြည့်စုံခြင်းနှင့်ညီလျော်စွာ သင်တို့အား ပေးသနား တော်မူ၍ မေတ္တာနှင့် စိုက်ပျိုးခြင်း၊ တိုက်မြစ်ကျခြင်း ရှိသဖြင့်၊ .."*

၇။ (ရောမ ၄း၅) ကို ဖတ်ပါ။ ကယ်တင်ခြင်းသည် လုပ်အားခအဖြစ် ရယူရန် (သို့မဟုတ်) ဘုရားသခင့်ကျေးဇူးတော်၏ အခမဲ့ဆုကျေးဇူးတစ်ခု အကျိုးရမှု ဖြစ်သလော။

**ရောမ ၄း၅** - *"အကျင့်မရှိသောသူမည်သည်ကား၊ မတရားသောသူ၏အပြစ်ကို ဖြေသောသူကို အပြစ်ကိုယုံကြည်လျှင် သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်လျက် ရှိ၏။"*

၈။ (ရောမ ၅း၁၇)ကို ဖတ်ပါ။ ဖြောင့်မတ်ခြင်း (ဘုရားနှင့် မှန်ကန်စွာရပ်တည်ခြင်း) သည် ဆုကျေးဇူးတစ်ခု ဖြစ်သည်။ ထို ဆုကျေးဇူးကိုသင်သည် ရယူရန် လုပ်ဆောင်ရမည်လော။ ဆုကျေးဇူးတစ်ခုကို သင်သည်ဘယ်လို ရယူနိုင်သနည်း။

**ရောမ ၅း၁၇** - *"ထိုမှတစ်ပါး၊ လူတစ်ယောက်သည် ပြစ်မှားသောကြောင့် ထိုတစ်ယောက်သော သူအားဖြင့် သေခြင်းတရားသည် အစိုးရ၏။ ကျေးဇူးတော်၏ ကြွယ်ဝခြင်းကိုငင်း၊ ဖြောင့်မတ်ရာသို့ သွင်းပေးတော်မူခြင်းကိုငင်း ခံရသောသူတို့သည် တစ်ယောက်သောသူတည်း ဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက် သာ၍ စိုးစံရကြလတံ့။"*

၉။ (ရောမ ၆း၂၃)ကို ဖတ်ပါ။ ဤကျမ်းချက်၌ ဘုရားကျေးဇူးတော်၏ အခမဲ့ဆုကျေးဇူးသည် ဘာလဲ။

**ရာမ ၆း၂၃** - *"အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင် ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။"*

၁၀။ (တိတု ၃း၅)ကို ဖတ်ပါ။ သင်တို့၏ ကောင်းသောအကျင့်နှင့် လုပ်ဆောင်ချက်များသည် သင်တို့၏ကယ်တင်ခြင်းကို အဘယ်မျှ ဖြည့်ဆည်းပေးသနည်း။

**တေိတု ၃း၅** - *"ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်း နှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်ငင်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်ငင်း ငါတို့ကို ကယ်တင်တော်မူ၏။"*

၁၁။ (ရောမ ၆း၁၄)ကို ဖတ်ပါ။ ဘုရားသခင်၏ကျေးဇူးတော်အောက်၌ ရှိခြင်း၏ အဓိပ္ပာယ်ကို သင့်ကိုယ်ပိုင်စကားနှင့် ရှင်းပြပါ။

**ရောမ ၆း၁၄** - *"သင်တို့သည် ပညတ်တရားလက်၌ မရှိ။ ကျေးဇူးတရားလက်၌ ရှိသောကြောင့် အပြစ်တရားသည် သင်တို့ကို မအုပ်စိုးရ။*

၁၂။ (ရောမ ၁၁း၆)ကို ဖတ်ပါ။ အကယ်၍ ဘုရားသခင့်ကောင်းကြီးများသည် ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့အား ပေးလာသည်ဖြစ်လျှင်၊ ၎င်းတို့သည် ကျွန်ုပ်တို့၏ ------- အားဖြင့် မဟုတ်ပါ။

**ရောမ ၁၁း၆** - *"ကျေးဇူးတော်အားဖြင့် ရှိလျှင်၊ ကိုယ်ကျင့်သောအကျင့်အားဖြင့် မရှိ။ ရှိလျှင် ကျေးဇူးသည် ကျေးဇူး မဟုတ်။ ကိုယ်ကျင့်သောအကျင့်အားဖြင့် ရှိလျှင်၊ ကျေးဇူးအားဖြင့် မရှိ။ ရှိလျှင် ကိုယ်ကျင့်သောအကျင့်သည် အကျင့် မဟုတ်။"*

၁၃။ (ရောမ ၃း၂၄)ကို ဖတ်ပါ။ ဤကျမ်းချက်၏အဓိပ္ပာယ်ကို သင့်ကိုယ်ပိုင်စကားနှင့် ရှင်းပြပါ။

**ရောမ ၃း၂၄** - *"ယေရှုခရစ် ရွေးနှုတ်တော်မူသောအားဖြင့် အဖိုးကို မပေးဘဲ၊ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာ သို့ ရောက်ရကြ၏။"*

၁၄။ (ဧဖက် ၁း၇)ကို ဖတ်ပါ။ ကျွန်ုပ်တို့၏အပြစ်များ ခွင့်လွှတ်ခံရခြင်းသည် ဤသို့နှင့်အညီ ဖြစ်၏။

**ဧဖက် ၁း၆-၇** - *"ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသော ရွေးနုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။" ခပျသိမျးသဓာ သတိပညာတဈေန်ငျလဵြျစာ ငါတို့ဌ အဝတိုငျးထကျအလှနျမငြ်းလ်စာသဓာ ကငြေးဇူးတဈေသညျ ကွယျဝပွညျ့စုံသညျန်ငျအညီ၊"*

# အဖြေ သော့ချက်

၁။ ဤသင်ခန်းစာ၌ "ကျေးဇူးတော်" စကားလုံးသည် မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုသနည်း။
**လုပ်အားနှင့်ရယူခြင်း မဟုတ်၊ မတိုက်မတန်ရလိုက်သော အခွင့်အရေးပေးခံရခြင်း နှင့် ဘုရားသခင်၏ အစွမ်း**

၂။ ကျေးဇူးတော်၌ စိတ်နှလုံးကို ထူထောင်ပြီးသောအခါ၊ ဘုရားသခင် ကျွန်ုပ်တို့အား လက်ခံခြင်းကို ရှာရန် ဘယ်တော့မှ မကြိုးစားရတော့ပါ။ ၄င်းမှာ **ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်**

၃။ (ဟေဗြဲ ၁၃း၁၄)ကို ဖတ်ပါ။ Don ၏အားနည်းချက်များသည် သူ့ကို အမြဲမစုံမလင်ရှိစေသည်။ ဤကျမ်းချက်နှင့်အညီ၊ ကျွန်ုပ်တို့ ဘယ်လို စုံလင်အောင်လုပ်ရမလဲ။
**ယေရှုခရစ် ပေးကမ်းတော်မူခြင်းအားဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ် အစဉ်အမြဲ စုံလင်ခြင်းရှိတော်မူသည်။**

၄။ (ရောမ ၅း၁၇) ကို ဖတ်ပါ။ ယေရှုသည် ဖြောင့်မတ်ခြင်း **ဆုကျေးဇူး** ကို ကျွန်ုပ်တို့အား ပေးတော်မူသောကြောင့်၊ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းရှိလျက်၊ ခမည်းတော် ဘုရားသခင်ရှေ့ သန့်ရှင်းခြင်းနှင့် ပညတ်တရား လိုအပ်ချက်အားလုံးအပေါ် တည်ရှိနေနိုင် ပါလိမ့်မည်။

၅။ (ဟေရှာယ ၂၆း၃)ကို ဖတ်ပါ။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေ တော်မူသော သခင်ယေရှုအစား ကျွန်ုပ်တို့၏ အားနည်းခြင်း၊ မှားယွင်းခြင်းနှင့် အပြစ်များကို ဆက်လက်မျှော်ကြည့်ပြီး အာရုံစိုက်နေပါလျှင်၊ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဝမ်းနည်းနေရပြီး ဘုရားသခင်ထံမှ တစ်စုံတစ်ရာမျှ ကျွန်ုပ်တို့ လက်ခံနိုင်စွမ်းမရှိဘဲ ဖြစ်လာလိမ့်မည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် မည်သည့်အပေါ် ရှိနေရန် ကျွန်ုပ်တို့ စောင့်ရှောက်ရမည်နည်း။
**ကျွန်ုပ်တို့စိတ်နှလုံးသည် ဘုရားသခင်၌ တည်နေရမည်။**

၆။ (ဖေက် ၃း၁၇)ကို ဖတ်ပါ။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် အလုံးစုံကိုယ်တော့်ဥစ္စာ ဖြစ်နေရမည်။ ၄င်းမှာ ကျွန်ုပ်တို့ ဤသို့ ဖြစ်လာသည့်အခါ၊ **ကျွန်ုပ်တို့၌ ဖြည့်ဆည်းခံရခြင်းနှင့် ရပ်တည်ခြင်း**

၇။ (ရောမ ၄း၅)ကို ဖတ်ပါ။ ကယ်တင်ခြင်းသည် လုပ်အားခအဖြစ် ရယူရန် (သို့မဟုတ်) ဘုရားသခင့် ကျေးဇူးတော်၏ အခမဲ့ဆုကျေးဇူးတစ်ခု အကျိုးရမှု ဖြစ်သလော။
**ဘုရားသခင့် ကျေးဇူးတော်၏ အခမဲ့ ဆုကျေးဇူးတစ်ခု**

၈။ (ရောမ ၅း၁၇)ကို ဖတ်ပါ။ ဖြောင့်မတ်ခြင်း(ဘုရားနှင့် မှန်ကန်စွာရပ်တည်ခြင်း)သည် ဆုကျေးဇူးတစ်ခု ဖြစ်သည်။ ထိုဆုကျေးဇူးကို သင်သည် ရယူရန် လုပ်ဆောင်ရမည်လော။
**မလုပ်ဆောင်ရပါ။** ဆုကျေးဇူးတစ်ခုကို သင်သည် ဘယ်လို ရယူနိုင်သနည်း။
**ရိုးရိုးလေး ရောက်ရှိရယူလိုက်ခြင်းအားဖြင့်၊**

၉။ (ရောမ ၆း၂၃)ကို ဖတ်ပါ။ ဤကျမ်းချက်၌ ဘုရားကျေးဇူးတော်၏ အခမဲ့ဆုကျေးဇူးသည် ဘာလဲ။
**ထာဝရအသက်၊** (**ထာဝရသေခြင်း အစား**)

၁၀။ (တိတု ၃း၅)ကို ဖတ်ပါ။ သင်တို့၏ ကောင်းသောအကျင့်နှင့် လုပ်ဆောင်ချက်များသည် သင်တို့၏ ကယ်တင်ခြင်းကို အဘယ်မျှ ဖြည့်ဆည်းပေးသနည်း။
**ဘာမှ မဖြည့်ဆည်းပေးပါ။**

၁၁။ (ရောမ ၆း၁၄)ကို ဖတ်ပါ။ ဘုရားသခင်၏ကျေးဇူးတော်အောက်၌ ရှိခြင်း၏ အဓိပ္ပာယ်ကို သင့်ကိုယ်ပိုင်စကားနှင့် ရှင်းပြပါ။
**ကျွန်ုပ်တို့သည် အပြစ်တရား၏တိုက်တန်သောအရာကို မရဘဲ ထိုအစား၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ အကောင်းဆုံးအရာများကိုရ၏။ ဖြောင့်မတ်ခြင်း၊ လက်ခံတော်မူခြင်းနှင့် အပြစ် လွှတ်ခံရခြင်းသည်ကျွန်ုပ်အဖို့ဖြစ်၏။** (**ဘုရားသခင် သနားသဖြင့်ပေးသော ဆုကျေးဇူးများ အားလုံး**)

၁၂။ (ရောမ ၁၁း၆)ကို ဖတ်ပါ။ အကယ်၍ ဘုရားသခင့်ကောင်းကြီးများသည် ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့အား ပေးလာသည်ဖြစ်လျှင်၊ ၎င်းတို့သည် ကျွန်ုပ်တို့၏ **အကျင့်** အားဖြင့် မဟုတ်ပါ။

၁၃။ (ရောမ ၃း၂၄)ကို ဖတ်ပါ။ ဤကျမ်းချက်၏အဓိပ္ပာယ်ကို သင့်ကိုယ်ပိုင်စကားနှင့် ရှင်းပြပါ။
**ဖြောင့်မတ်ခြင်း**(**တရားမျှတခြင်း**)**သည် ယုံကြည်သူများအား ပေးလာသော ဘုရားသခင့် ကျေးဇူးတော်၏ အခမဲ့ ဆုကျေးဇူးတစ်ခု ဖြစ်သည်။ အကြောင်းမှာ လက်ဝါးကပ်တိုင်ပေါ်၌ ခရစ်တော်၏ ရွေးနုတ်တော်မူခြင်းအမှုတော်ကြောင့် ဖြစ်သည်။**

၁၄။ (ဧဖက် ၁း၇)ကို ဖတ်ပါ။ ကျွန်ုပ်တို့၏အပြစ်များ ခွင့်လွှတ်ခံရခြင်းသည် ဤသို့နှင့်အညီ ဖြစ်၏။
**ဘုရားသခင်၏ ကျေးဇူးတော် ကြွယ်ဝခြင်းနှင့်အညီ**

## သင်ခန်းစာ (၁၀)

# အပြစ်တရားစွဲ ဦးနှောက် မလိုအပ်တော့ပါ။

တစ်နေ့တွင် အရက်မူးသမားတစ်ယောက်သည် သူ့ကားထဲဂင်၍ လမ်းကြောင်းအမှားအတိုင်း စမောင်းလာပါသည်။ သူသည် အခြားကားအုပ်စု တစ်ခုနှင့် ထိပ်တိုက် ဂင်တိုက်ပါတော့သည်။ ဤမတော်တဆမှုတွင် ဆယ့်ရှစ်အရွယ် ကလေးမလေးတစ်ယောက် သေ၏။ ကလေးမလေး၏ မိသားစုသည် ထိုသူကို တရားစွဲဆိုခဲ့သည်။ တရားစွဲဆိုမှု၌ ပေါင်စတာလင်ငွေ ၁.၅ သန်း လျော်ကြေးချမှတ် လိုက်သည်။ လျော်ကြေးငွေယူမည့်အစား မိသားစုသည် ပေါင်စတာလင်ငွေ ၉၃၆ ပေါင်ကို ယူရန် အတည်ပြုပေးသည်။ အကြောင်းပြချက်မှာ၊ ထိုငွေပမာဏကို တရားခံက သီးသန့်ပုံစံဖြင့် ပေးသွင်းရန် သူတို့လိုချင်သောကြောင့် ဖြစ်သည်။ အရက်မူး ကားမောင်းသဖြင့် ဘာဖြစ်ခဲ့သည်ကို တရားခံသတိရစေရန် သူတို့လိုလားသည်။ သူသည် သေသွားသော ကလေးမလေး၏ အမည်နှင့် တစ်ပတ်လျှင် ပေါင်စတာလင် တစ်ပေါင်အတွက် ချက်လက်မှတ်ရေး၍ မိသားစုထံ ပို့ပေးသွားရမည် ဖြစ်သည်။ လျော်ကြေးငွေ ပေါင်စတာလင် ၁.၅သန်းပေးရန် အစား၊ ပေါင်စတာလင် ၉၃၆ ပေါင်သာပေးရန်၊ သက်သာသော ဖြေရှင်းခြင်းကို သင်တို့ တွေးကြည့်နိုင်သည်။ ပထမပိုင်း တစ်ပတ်ကို ပေါင်စတာလင်တစ်ပေါင် ချက်လက်မှတ်ပေးသွင်းခြင်းသည် လွယ်ကူ နေသည်။ သို့သော် ခဏကြာလာသောအခါ၊ သေသွားသော ကလေးမအမည်နှင့် ချက်လက်မှတ် ရေးပို့ရခြင်းသည် သူ့အတွေး၌ စတင်လွှမ်းမိုးလာပါသည်။ အပတ်စဉ်တိုင်း သူသည် သေသွားသော ကလေးမအကြောင်း တွေး၍ စိတ်ဓာတ် ကျဆင်းလာပါသည်။ နှစ်အတော်ကြာလာသောအခါ၊ နောက်ဆုံး ငွေပေးသွင်းခြင်းကို သူရပ်လိုက်သည်။ မိသားစုက သူ့ကို တရားရုံးပြန်တင်ပြီး ငွေပေးသွင်းမှုကို ပြည်လည်ဆက်လုပ်စေခဲ့သည်။ ပြီးခဲ့သည့် ခြောက်နှစ်၊ ခုနစ်နှစ်အတွင်း သူသည် လေးကြိမ် (သို့မဟုတ်) ငါးကြိမ် ငွေပေးသွင်းရန် ပျက်ကွက်ခဲ့သည်။ ပျက်ကွက်တိုင်းလည်း သူသည် တရားရုံးသို့ ပြန်စွဲတင်ခံရပြီး၊ ငွေပေးသွင်းခြင်းကို တစ်ဖန် ပြန်လုပ်ခဲ့ရသည်။ မိသားစုက ပြောသည်မှာ သူတို့သည် စိတ်ဆိုးခြင်း မရှိတော့ကြောင်းနှင့်၊ ထိုသူ ဘာလုပ်ခဲ့သည်ကို ပြန်လည် အမှတ်ရစေလိုခြင်း သက်သက်ဖြစ်ကြောင်း ဆိုသည်။

ဤအကြောင်းကို သင်သည် စဉ်းစားကြည့်လျှင် မိသားစုသည် အကျဉ်းသားဖြစ်နေရသလို ထိုသူသည်လည်း ငွေပေးချေခြင်း ပြုနေရသည်။ မိသားစုသည် အပတ်စဉ်တိုင်း ချက်လက်မှတ် လက်ခံရရှိခြင်းမှ သူတို့၏ဆုံးရှုံးမှုက သူတို့ကို သတိပေးနေ၏။ ထို့ကြောင့် သူတို့အာရုံထဲမှာ သူတို့သမီး သေဆုံးခြင်းကို သူတို့နောက်၌ ချန်မထားနိုင် ဖြစ်နေလိမ့်မည်။

ထိုသူကလည်း ယခု မိသားစုကို ပြန်တရားစွဲနေသည်။ သူ့စွပ်စွဲချက်မှာ "ပြစ်ဒဏ်သည် ရက်စက်ညှဉ်းဆဲခြင်းနှင့် ပုံမှန်မဟုတ်ခြင်း" အကြောင်းနှင့် ဖြစ်သည်။ သူက "ဒါ ကျွန်တော့်ကို သတ်နေတယ်။ ကျွန်တော့်ဘဂကို ပျက်စီးအောင်လုပ်နေတယ်။ အတိတ်ကို ကျွန်တော် မေ့မရအောင် လုပ်ထားပြီး၊ ကျွန်တော့်ဘဂကို ဘယ်တော့မှ ရှေ့ဆက်မသွားရအောင် လုပ်ထားတယ်" ဟု ဆိုသည်။

ဤဖြစ်ရပ်ကို စဉ်းစားမိပြီး ကျွန်ုပ်သည် အလားတူ စီရင်ခြင်းအောက်၌ ခံစားရကြသော ခရစ်ယာန် အမြောက်အများကို ကျွန်ုပ်တွေ့ခဲ့ဖူးပါသည်။ "ယေရှုက အကုန် ပေးဆပ်ခဲ့ပြီးပြီ" ဟု သူတို့ကို ပြောပြလို့သိပြီးသည့်တိုင် ဘာသာရေးတာဝန်ကို အပတ်စဉ်ငွေပေးဆပ်ခြင်းတစ်ခုကို သူတို့ပြုရန် ရှိသကဲ့သို့ သူတို့၌ ခံစားချက်ရှိနေသေး၏။ သူတို့ကို ဘုရားသခင်လက်ခံလိမ့်မည် မဟုတ်ပါ။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ ဤအဖြစ်မျိုးနှင့် ဆက်လက်သွားနေစဉ် ဤလူသည် မိသားစုနှင့် မည်သည့်ဆက်ဆံရေးမျိုး ရှိနေနိုင်သနည်း။

၂။ (ဟေဗြဲ ၁၀း၁)ကို ဖတ်ပါ။ ပညတ်တရား မတတ်နိုင်သည်မှာ ဘာလဲ။

**ဟေဗြဲ ၁၀း၁** - *"တစ်နည်းကား၊ ပညတ်တရားသည် နောက်ဖြစ်လတံ့သော မင်္ဂလာအကျိုးတို့၏ သေချာသောပုံသဏ္ဍာန်ကို မပြ၊ အရိပ်ကိုသာ ပြသည် ဖြစ်၍၊ နှစ်စဉ်မပြတ် ပူဇော်သောယဇ်အားဖြင့် အထံတော်သို့ ချဉ်းကပ်သော သူတို့ကို စုံလင်ခြင်းအဖြစ်၌ မတည်စေနိုင်ရာ။"*

၃။ (ဟေဗြဲ ၁၀း၁)ကို ဖတ်ပါ။ ဓမ္မဟောင်းကျမ်းအရ ယဇ်ပူဇော်ခြင်းသည် ကျွန်ုပ်တို့၌ စုံလင်စေရန် စိတ်မချရကြောင်း လက္ခဏာတစ်ရပ် ကျွန်ုပ်တို့အား ပေးသည်ကို ဤကျမ်းချက်က ဘာပြောထားသနည်း။

၄။ (ဟေဗြဲ ၁၀း၂)ကို ဖတ်ပါ။ အကယ်၍ ယဇ်ပူဇော်ခြင်းသည် အပြစ်တရားကို အမှန်တကယ် ဖြေရှင်းပေးနိုင်သည်ဆိုလျှင်၊ ဂတ်ပြုသူတို့အတွက် ဘာလုပ်ပေးလိမ့်မည်နည်း။

**ဟေဗြဲ ၁၀း၂** - *"တည်စေနိုင်လျှင်၊ ဂတ်ပြုသောသူတို့သည် တစ်ခါတည်းနှင့် စင်ကြယ်ခြင်းသို့ ရောက်ပြီးမှ၊ နောက်တစ်ဖန် သံဝေဂ တရားရစရာအကြောင်း အလျှင်းမရှိသည်ဖြစ်သောကြောင့်၊ ထိုယဇ်တို့ကို တစ်ခါတည်းသာ ပူဇော်၍၊ နောက်တစ် ဖန် မပူဇော်ဘဲ နေရကြမည် မဟုတ်လော။"*

၅။ အရက်မူးသမား ယာဉ်မောင်းကို ဘာလုပ်စေရန် အတင်းအကြပ် လုပ်ခိုင်းလိုက်သနည်း။

၆။ (ဟေဗြဲ ၁၀း၁၄)ကို ဖတ်ပါ။ ဘုရားသခင်သည် ကိုယ်တော့်လူများအား ------------ အားဖြင့် စုံလင်စေတော်မူသည်။

(က) ကောင်းသောအကျင့်
(ခ) အသင်းတော်သို့ သွားတက်ခြင်း
(ဂ) ပညတ်တော်(၁၀)ပါးကို စောင့်ခြင်း
(ဃ) ယေရှု၏ ပူဇော်ခြင်း (ယဇ်ပူဇော်ခြင်း)

**ဟေဗြဲ ၁၀း၁၄** - *"အကြောင်းမူကား၊ စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကို ရစေခြင်းငှါ တစ်ခါတည်းပူဇော်ခြင်း အားဖြင့် ပြုတော်မူ၏။*

၇။ (ဟေဗြဲ ၁၀း၁၄)ကို ဖတ်ပါ။ ယေရှု၏ ပူဇော်ခြင်းသည် (ယုံကြည်ခြင်းအားဖြင့် ရသည်။)

ယုံကြည်သူများကို ပြည့်ဂစေသည်မှာ၊_

(က) သူတို့ နောက်တစ်ကြိမ် အပြစ် ထပ်လုပ်သည့်တိုင်အောင်
(ခ) သူတို့၏အတိတ် အပြစ်များမှ
(ဂ) အမြဲတမ်း

၈။ (ကမ္ဘာ ၂၀း၁-၁၈)ကို ဖတ်ပါ။ ဤဇာတ်လမ်းထဲ ဖော်ပြထားသည့် လူနှစ်ယောက်မှာ မည်သူတွေလဲ။

**ကမ္ဘာ ၂၀း၁-၁၈** - *"တစ်ဖန် အာဗြဟံသည် တောင်ပြည်သို့ ခရီးသွားသဖြင့်၊ ကာဒေရှမြို့နှင့် ရှုရမြို့ စပ်ကြားမှာနေ၍၊ ဂေရာမြို့ ၌ တည်းခို၏။ ထိုအခါ မိမိမယား စာရာသည် မိမိနှမဖြစ်သည်ဟု သူတစ်ပါးတို့အား အာဗြဟံဆိုသောကြောင့်၊ ဂေရာ မင်းကြီးအဘိမလက်သည် မိမိလူကိုစေလွှတ်၍ စာရာကို ယူစေ၏။ ညဥ့်အချိန်တွင် အိပ်မက်အားဖြင့် ဘုရားသခင်သည် အဘိမလက်ဆီသို့ ကြွလာ၍၊ သင်သည် လူသေဖြစ်၏။ အကြောင်းမူကား၊ သင် ယူသောမိန်းမသည် သူ့မယားဖြစ်၏ ဟု မိန့်တော်မူ၏။ အဘိမလက်သည် ထိုမိန်းမနှင့် မပေါင်းဖော်သေးသည်ဖြစ်၍၊ အိုဘုရားရှင်၊ ဖြောင့်မတ်သောလူမျိုးကို ကွက်မျက်တော်မူမည်လော။ သူသည် ငါ့နှမဖြစ်၏ဟု ကျွန်ုပ်အား ယောကျ်ားဆိုသည် မဟုတ်ပါ လော။ သူသည် ငါ့မောင်ဖြစ်၏ဟု မိန်းမလည်း ဆိုသည်မဟုတ်ပါလော။ ဖြောင့်မတ်သော သဘောရှိ၍၊ သန့်ရှင်းသောလက်နှင့် ဤအမှုကို ကျွန်ုပ်ပြုပါပြီဟု လျှောက်ဆို၏။ ထိုအိပ်မက်၌ ဘုရားသခင်ကလည်း၊ မှန်ပေ၏။ သင်သည် ဖြောင့်မတ်သောသဘောနှင့် ပြုသည်ကို ငါသိ၏။ သင်သည် ငါ့ကို မပြစ်မှားစေခြင်းငှါ၊ သင့်ကို ငါဆီးတားပြီ။ သို့ဖြစ်၍ ထိုမိန်းမနှင့် ပေါင်းဖော်ရသောအခွင့်ကို ငါမပေး။ ယခုမှာ၊ သူ၏မယားကို သူအား ပြန်ပေးလော့။ သူသည် ပရောဖက် ဖြစ်၏။ သင့်အဖို့ ဆုတောင်းလျှင်၊ သင်သည် အသက်ချမ်းသာရလိမ့်မည်။ ပြန်၍ မပေးဘဲနေလျှင်၊ သင်မှစ၍၊ သင်နှင့်ဆိုင်သော သူအပေါင်းတို့သည်၊ ဧကန်အမှန်သေမည်ဟု မိန့်တော်မူ၏။ နံနက်စောစော အဘိမလက်သည် ထ၍၊ မိမိကျွန်အပေါင်းတို့ကို ခေါ်ပြီးမှ၊ အမှုအရာအလုံးစုံကို ပြောပြသဖြင့်၊ ထိုသူတို့သည် အလွန်ကြောက်ကြ၏။ အာဗြဟံကိုလည်း အဘိမလက်ခေါ်၍၊ သင်သည် ငါတို့၌ အဘယ်သို့ ပြုသနည်း။ သင့်ကို ငါတို့သည် အဘယ်သို့ ပြစ်မှားသောကြောင့် သင်သည် ငါ၌၎င်း၊ ငါ့နိုင်ငံ၌၎င်း ကြီးစွာသောအပြစ် ကို ရောက်စေသနည်း။ သင်သည် မပြုအပ်သောအမှုကို ငါ၌ပြုပါသည်တကားဟု ဆိုလေ၏။ တစ်ဖန် အဘိမလက်က၊ သင်သည် အဘယ်အမှုကိုမြင်၍ ဤသို့ ပြုသနည်းဟု အာဗြဟံကိုမေးလျှင်၊ အာဗြဟံက ဤအရပ်သားတို့သည် ဘုရားသခင်ကိုမကြောက်၊ အကျွန်ုပ်၏မယားအတွက် အကျွန်ုပ်ကို သတ်ကြလိမ့်မည်ဟု အကျွန်ုပ်ထင်သောကြောင့်၊ ထိုသို့ ပြုမိပါပြီ။ သို့သော်လည်း သူသည် ကျွန်ုပ်နှမ မှန်ပါ၏။ ကျွန်ုပ်အဘ၏ သမီးဖြစ်၏။ အမိ၏သမီး မဟုတ်။ ကျွန်ုပ် မယားလည်း ဖြစ်ပါ၏။ ဘုရားသခင်သည် ကျွန်ုပ်ကို အဘ၏အိမ်မှခေါ်၍ လည်စေတော်မူသော အခါ၊ အကျွန်ုပ်က သင်သည် ငါ၌ပြုရသောကျေးဇူးဟူမူကား၊ ငါသည် သင်၏မောင်ဖြစ်ကြောင်းကို ရောက်လေရာရာ၌ ပြောရမည်ဟု၊ မယားကို မှာထားပါသည်ဟု ပြန်ပြောလေသည်။ ထိုအခါ အဘိမလက်သည် သိုး၊ နွား၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့ကိုယူ၍ အာဗြဟံအား ပေးလေ၏။ မယား စာရာကိုလည်း ပြန်ပေး၏။ အဘိမလက်ကလည်း၊ ငါ့မြေသည် သင့်ရှေ့မှာ ရှိ၏။*

*အလိုရှိသည်အတိုင်း နေပါဟု အမိန့်ရှိ၏။ စာရာကိုလည်း သင်နှင့် သင့်အပေါင်းအဖော်တို့အဖို့၊ မျက်နှာဖုံးများကို ဂယ်စရာဖို့၊ သင်၏မောင်အား ငွေတစ်ထောင်ကို ငါပေးပြီဟု အမိန့်ရှိသဖြင့်၊ သူသည်လည်း အရာရာ၌ အဆုံးအမ ခံရ၏။ အာဗြဟံသည်လည်း၊ ဘုရားသခင်ကို ဆုတောင်း၍၊ ဘုရားသခင်သည် အဘိမလက်နှင့် သူ၏မယား၊ သူ၏ကျွန်မ တို့ကို အနာပျောက်စေတော်မူသဖြင့်၊ သူတို့သည် သားကို ဖွားကြ၏။ အထက်က အာဗြဟံ၏မယား စာရာကြောင့် ထာဝရဘုရားသည် အဘိမလက်၏ အိမ်သူ၊ မိန်းမတစ်ယောက်မျှ ပဋိသန္ဓေ မယူစေခြင်းငှါ စီရင်တော်မူ သတည်း။"*

၉။ (ကမ္ဘာ ၂၀း၂,၅)ကို ဖတ်ပါ။ ဤဇာတ်လမ်းထဲ လိမ်လည်လှည့်ဖြားသောသူသည် မည်သူနည်း။

**ကမ္ဘာ ၂၀း၂,၅** -*"ထိုအခါ မိမိမယား စာရာသည် မိမိနှမဖြစ်သည်ဟု သူတစ်ပါးတို့အား အာဗြဟံ ဆိုသောကြောင့်၊ ဂေရာမင်းကြီး အဘိမလက်သည် မိမိလူကိုစေလွှတ်၍ စာရာကို ယူစေ၏။ ..... သူသည် ငါ့နှမဖြစ်၏ဟု အကျွန်ုပ်အား ယောက်ျား ဆိုသည် မဟုတ်ပါလော။ သူသည် ငါ့မောင်ဖြစ်၏ဟု မိန်းမလည်း ဆိုသည်မဟုတ်ပါလော။ ဖြောင့်မတ်သော သဘောရှိ၍၊ သန့်ရှင်းသော လက်နှင့် ဤအမှုကို အကျွန်ုပ်ပြုပါပြီဟုလျှောက်ဆို၏။"*

၁၀။ (ကမ္ဘာ ၂၀း၇)ကို ဖတ်ပါ။ ဘုရားသခင်သည် အာဗြဟံ၏ လုပ်ဆောင်ချက်ကို အတည် မပြုသည်မှာ ကျွန်ုပ်အနေနှင့် အသေအချာသိသည်။ သို့သော် ဘုရားသခင်သည် မည်သူ့ဘက်က ရပ်တည်ပေးသနည်း။ အာဗြဟံ လား၊ အဘိမလက် လား။

**အဘယ်ကြောင့်နည်း။ (ကမ္ဘာ ၁၅း၁,၁၈ နှင့် ယာကုပ် ၂း၂၃)ကို ဖတ်ပါ။** ---------

**ကမ္ဘာ ၂၀း၇** - *"ယခုမှာ၊ သူ၏မယားကို သူ့အား ပြန်ပေးလော့။ သူသည် ပရောဖက် ဖြစ်၏။ သင့်အဖို့ ဆုတောင်းလျှင်၊ သင်သည် အသက်ချမ်းသာရလိမ့်မည်။ ပြန်၍ မပေးဘဲနေလျှင်၊ သင်မှစ၍၊ သင်နှင့်ဆိုင်သော သူအပေါင်းတို့သည်၊ ဧကန်အမှန်သေမည်ဟု မိန့်တော်မူ၏။"*

**ကမ္ဘာ ၁၅း၁,၁၈** -*"ထိုနောက်မှ ဗျာဒိတ်တော်အားဖြင့်၊ ထာဝရဘုရား၏နှုတ်ကပတ်တော်သည် အာဗြံသို့ရောက်၍၊ အချင်းအာဗြံ၊ မစိုးရိမ်နှင့်။ ငါသည် သင်၏အကွယ်အကာ ဖြစ်၏။ သင်၏ အကျိုးသည် အလွန်ကြီးလှ၏ဟု မိန့်တော်မူလျှင်၊ ...... ထိုနေ့၌ ထာဝရဘုရားသည် အာဗြံနှင့် ပဋိညာဉ် ပြုတော်မူလျက်၊ အဲဂုတ္တုမြစ်မှစ၍ မြစ်ကြီးတည်းဟူသော၊ ဥဖရက်မြစ် တိုင်အောင်၊ ဤပြည်ကိုငှင်း၊ ..."*

**ယာကုပ် ၂း၂၃** - *"အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏ ဟူသော ကျမ်းစကားပြည့်စုံလေ၏။ အာဗြဟံသည်လည်း၊ ဘုရားသခင်၏ အဆွေဟူ၍ ခေါ်ဝေါ်ခြင်းကိုခံရ၏။"*

၁၁။ (ကမ္ဘာ ၂၀း၇, ၁၇-၁၈)ကို ဖတ်ပါ။ အာဗြဟံသည် အမှားပြုလျက်ပင်လျှင်၊ မည်သူ့ကို အခြားသူ အတွက် ဆုတောင်းပေးရမည် ဟု ဘုရားသခင် မိန့်တော်မူသနည်း။

(က) အာဗြဟံသည် အဘိမလက်အတွက် ဆုတောင်းပေးရမည်။
(ခ) အဘိမလက်သည် အာဗြဟံအတွက် ဆုတောင်းပေးရမည်။
(ဂ) သူတို့သည် သူတို့အချင်းချင်းအတွက် ဆုတောင်းပေးရမည်။

**ကမ္ဘာ ၂၀း၇, ၁၇-၁၈** - *"ယခုမှာ၊ သူ၏မယားကို သူ့အား ပြန်ပေးလော့။ သူသည် ပရောဖက် ဖြစ်၏။ သင့်အဖို့ ဆုတောင်းလျှင်၊ သင်သည် အသက်ချမ်းသာ ရလိမ့်မည်။ ပြန်၍ မပေးဘဲနေလျှင်၊ သင်မှစ၍၊ သင်နှင့်ဆိုင်သောသူ အပေါင်းတို့သည်၊ ဧကန်အမှန်သေမည်ဟု မိန့်တော်မူ၏။ .... အာဗြဟံသည်လည်း၊ ဘုရားသခင်ကို ဆုတောင်း၍၊ ဘုရားသခင်သည်၊ အဘိမလက်နှင့် သူ၏မယား၊ သူ၏ကျွန်မတို့ကို အနာပျောက်စေတော်မူသဖြင့်၊ သူတို့သည် သားကို ဖွားကြ၏။ အထက်က အာဗြဟံ၏မယား စာရာကြောင့်၊ ထာဝရဘုရားသည်၊ အဘိမလက်၏ အိမ်သူ၊ မိန်းမ တစ်ယောက်မျှ ပဋိသန္ဓေ မယူစေခြင်းငှါ စီရင်တော်မူသတည်း။"*

၁၂။ (ရောမ ၈း၃၁)ကို ဖတ်ပါ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့ ဆုံးရှုံးရလျှင်ပင် မည်သူသည် ကျွန်ုပ်ဘက်၌ ရှိသနည်း။

**ရောမ ၈း၃၁** - *"သို့ဖြစ်၍ ဤအရာများတို့၌ အဘယ်သို့ ပြောစရာရှိသနည်း။ ဘုရားသခင်သည် ငါတို့ဘက်၌ ရှိတော်မူလျှင်၊ အဘယ်သူသည် ငါတို့တစ်ဘက်၌ နေနိုင်မည်နည်း။"*

၁၃။ (ရောမ ၄း၈)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် အမှားပြုတတ်လျှင်ပင် ဘုရားသခင်သည် သူပြုလိမ့်မည် မဟုတ်ကြောင်း ဘယ်အရာကိုပြောသနည်း။

**ရောမ ၄း၈** - *"ထာဝရဘုရား အပြစ်တင်တော်မူခြင်းနှင့် လွတ်သောသူသည် မင်္ဂလာရှိ၏ဟု ပြောဆိုသတည်း။"*

၁၄။ (ဟေဗြဲ ၈း၁၂-၁၃)ကို ဖတ်ပါ။ ဓမ္မသစ်ကျမ်း၌ ဘုရားသခင်သည် ကိုယ်တော်ပြုလိမ့်မည် မဟုတ်ကြောင်းကို မည်သည့်ကတိတော် ပေးသနည်း။

**ဟေဗြဲ ၈း၁၂-၁၃** -*"ထိုအခါ ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းများကို မအောက်မေ့ဘဲ နေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ ပဋိညာဉ်တရားသစ်ဟူ၍ မိန့်တော်မူသည်တွင် ပဌမပဋိညာဉ်တရားကို ဟောင်းစေတော်မူ၏။ ရွေ့လျော့၍ ဟောင်းသောအရာမည်သည်ကား၊ ပျောက်ကွယ်ခြင်းသို့ ရောက်လုနီးသတည်း။"*

၁၅။ (ဧဖက် ၂း၅, ၈-၉)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် မည်သို့ ကယ်တင်ခြင်းရသနည်း။

**ဧဖက် ၂း၅, ၈-၉** -*"ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီ။..... ယုံကြည် သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည် မဟုတ်။ ဘုရားသခင် သနားတော်မူရာ*

*ဖြစ်သတည်း။ ကိုယ်ကသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက် သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဂါကြွားစရာ အခွင့်မရှိ။"*

၁၆။ (တိတု ၃း၅)ကို ဖတ်ပါ။ ကျွန်ုပ်တို့ မည်သို့ ကယ်တင်ခြင်း မရနိုင်သနည်း။

**တိတု ၃း၅** - *"ငါတို့ကျင့်သော ဖြောင့်မတ်ခြင်း အကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်း နှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း ငါတို့ကို ကယ်တင်တော်မူ၏။"*

**ကျွန်ုပ်တို့သည် မည်သို့ ကယ်တင်ခြင်းရသနည်း။**

၁၇။ (ဧဖက် ၁း၅)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ------- အားဖြင့်၊ ကျွန်ုပ်တို့ကို ကယ်တင်တော်မူသည့် အတွက်၊ ထာဝရကာလ တစ်လျှောက်လုံးတွင် ကိုယ်တော်အား ချီးမွမ်းမည်။ အကြောင်းမူကား၊ ချစ်တော်မူသော(ယေရှုခရစ်) ------_ ----------ကျွန်ုပ်တို့အား ကိုယ်တော် ပြုတော်မူလိမ့်မည်။

**ဧဖက် ၁း၅** - *"ထိုဘုရားသခင်သည် ချစ်တော်မူသောသားတော်ကြောင့်၊ ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှါ၊ ..."*

# အဖြေ သော့ချက်

၁။ ဤအဖြစ်မျိုးနှင့် ဆက်လက်သွားနေစဉ် ဤလူသည် မိသားစုနှင့် မည်သည့်ဆက်ဆံရေးမျိုး ရှိနေနိုင်သနည်း။
**အပြစ်ခွင့်မလွှတ်ခြင်း၊ မုန်းတီးခါးသီးခြင်းနှင့် ခိုက်ရန်ဖြစ်ခြင်းတို့နှင့် အပြည့်ရှိသော ဆက်ဆံရေး**

၂။ (ဟေဗြဲ ၁၇း၁)ကို ဖတ်ပါ။ ပညတ်တရား မတတ်နိုင်သည်မှာ ဘာလဲ။
**ဝတ်ပြုခြင်း၌ စုံလင်ခြင်းအကြောင်း လုပ်ဆောင်ချက်၊ (ချွတ်ယွင်းချက် ၊သို့မဟုတ်၊ အပြစ် အနာအဆာ မရှိစေရ။)**

၃။ (ဟေဗြဲ ၁၇း၁)ကို ဖတ်ပါ။ ဓမ္မဟောင်းကျမ်းအရ ယဇ်ပူဇော်ခြင်းသည် ကျွန်ုပ်တို့၌ စုံလင်စေရန် စိတ်မချရကြောင်း လက္ခဏာတစ်ရပ် ကျွန်ုပ်တို့အား ပေးသည်ကို ဤကျမ်းချက်က ဘာပြော ထားသနည်း။
**သူတို့ ထပ်တလဲလဲပြန်လုပ်ကြသည်၊ နေ့စဉ်၊ အပတ်စဉ်နှင့် လစဉ်၊ တကယ့်အဖြစ်မှန်၌ သူတို့ထပ်တလဲလဲလုပ်ခြင်းသည် အပြစ်တရားပြဿနာကို တစ်သမတ်တည်း သူတို့ မဖြေရှင်းနိုင်ကြောင်း ဖြစ်သည်။**

၄။ (ဟေဗြဲ ၁၇း၂)ကို ဖတ်ပါ။ အကယ်၍ ယဇ်ပူဇော်ခြင်းသည် အပြစ်တရားကို အမှန်တကယ် ဖြေရှင်းပေးနိုင်သည်ဆိုလျှင်၊ ဝတ်ပြုသူတို့အတွက် ဘာလုပ်ပေးလိမ့်မည်နည်း။
**၎င်းသည် ဘယ်တော့မှအပြစ်မလုပ်မိစေရန် သူတို့ကိုအသိနိုးကြားမှုရစေပါသည်။ (ဆုံးရှုံးခြင်း အားဖြင့် အမြဲအားမပေးခြင်းအသိ)**

၅။ အရက်မူးသမား ယာဉ်မောင်းကို ဘာလုပ်စေရန် အတင်းအကြပ် လုပ်ခိုင်းလိုက်သနည်း။
**သူ့အပြစ်နှင့် ပတ်သက်၍ အမြဲ တွေးမိနေစေခြင်း**

၆။ (ဟေဗြဲ ၁၇း၁၄)ကို ဖတ်ပါ။ ဘုရားသခင်သည် ကိုယ်တော့်လူများအား ------- အားဖြင့် စုံလင်စေတော်မူသည်။
**(ဃ) ယေရှု၏ ပူဇော်ခြင်း (ယဇ်ပူဇော်ခြင်း)**

၇။ (ဟေဗြဲ ၁၇း၁၄)ကို ဖတ်ပါ။ ယေရှု၏ ပူဇော်ခြင်းသည် (ယုံကြည်ခြင်းအားဖြင့် ရသည်။) ယုံကြည်သူများကို ပြည့်ဝစေသည်မှာ၊_
**(ဂ) အမြဲတမ်း**

၈။ (ကမ္ဘာ ၂၇း၁-၁၈)ကို ဖတ်ပါ။ ဤဇာတ်လမ်းထဲ ဖေါ်ပြထားသည့် လူနှစ်ယောက်မှာ မည်သူတွေလဲ။
**အာဗြဟံ နှင့် အဘိမလက်**

၉။ (ကမ္ဘာ ၂၀း၂,၅)ကို ဖတ်ပါ။ ဤဇာတ်လမ်းထဲ လိမ်လည်လှည့်ဖြားသောသူသည် မည်သူနည်း။
**အာဗြဟံ**

၁၀။ (ကမ္ဘာ ၂၀း၇)ကို ဖတ်ပါ။ ဘုရားသခင်သည် အာဗြဟံ၏လုပ်ဆောင်ချက်ကို အတည်မပြုသည့်မှာ ကျွန်ုပ်အနေနှင့် အသေအချာ သိသည်။ သို့သော် ဘုရားသခင်သည် မည်သူ့ဘက်က ရပ်တည်ပေးသနည်း။ အာဗြဟံ လား၊ အဘိမလက် လား။
**အာဗြဟံ**

အဘယ်ကြောင့်နည်း။ (ကမ္ဘာ ၁၅း၁,၁၈ နှင့် ယာကုပ် ၂း၂၃)ကို ဖတ်ပါ။
**အဘယ်ကြောင့်ဆိုသော် အာဗြဟံသည် ဘုရားသခင်နှင့် ပဋိညာဉ်ရှိသူဖြစ်ခြင်း၊ ဘုရားသခင်၏မိတ်ဆွေဖြစ်ခြင်းတို့ကြောင့် ဖြစ်၏။**

၁၁။ (ကမ္ဘာ ၂၀း၇, ၁၇-၁၈)ကို ဖတ်ပါ။ အာဗြဟံသည် အမှားပြုလျက်ပင်လျှင် မည်သူ့ကို အခြားသူ အတွက် ဆုတောင်းပေးရမည် ဟု ဘုရားသခင် မိန့်တော်မူသနည်း။
(က) **အာဗြဟံသည် အဘိမလက်အတွက် ဆုတောင်းပေးရမည်။**

၁၂။ (ရောမ ၈း၃၁)ကို ဖတ်ပါ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့ ဆုံးရှုံးရလျှင်ပင် မည်သူသည် ကျွန်ုပ်ဘက်၌ ရှိသနည်း။
**ဘုရားသခင်**

၁၃။ (ရောမ ၄း၈) ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် အမှားပြုတတ်လျှင်ပင်၊ ဘုရားသခင်သည် ကိုယ်တော်ပြုလိမ့်မည် မဟုတ်ကြောင်းဘာ ပြောသနည်း။
**ကျွန်ုပ်တို့အပြစ်များဖြင့် ကျွန်ုပ်တို့ကို စွပ်စွဲခြင်း၊ ၎မှာ၊ ကျွန်ုပ်တို့အပေါ် ကျွန်ုပ်တို့အပြစ်များနှင့် ထိန်းချုပ်ထားခြင်း (မပြု)**

၁၄။ (ဟေဗြဲ ၈း၁၂-၁၃)ကို ဖတ်ပါ။ ဓမ္မသစ်ကျမ်း၌ ဘုရားသခင်သည် ကိုယ်တော်ပြုလိမ့်မည် မဟုတ်ကြောင်းကို မည်သည့်ကတိတော် ပေးသနည်း။
**ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်များကို အမှတ်ထားခြင်း(သို့မဟုတ်) ကျွန်ုပ်တို့၌ ထိန်းချုပ်စွဲထားခြင်းကို ပြုတော်မူမည် မဟုတ်။**

၁၅။ (ဖေက် ၂း၅, ၈-၉)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် မည်သို့ ကယ်တင်ခြင်းရသနည်း။
**ကိုယ်တော့်ကျေးဇူးတော်အားဖြင့် ၎မှာ၊ကျွန်ုပ်တို့အပေါ် ကိုယ်တော်၏မထိုက်မတန် ဦးစားပေးခြင်းနှင့် သနားကြင်နာတော်မူခြင်း ဖြစ်သည်။**

၁၆။ (တိတု ၃း၅)ကို ဖတ်ပါ။ ကျွန်ုပ်တို့ မည်သို့ ကယ်တင်ခြင်း မရနိုင်သနည်း။
**ကျွန်ုပ်တို့ပြုခဲ့သည့် ဖြောင့်မတ်ခြင်း အကျင့်အားဖြင့်၊**

ကျွန်ုပ်တို့သည် မည်သို့ ကယ်တင်ခြင်း ရသနည်း။
**ကိုယ်တော်၏ သနားကြင်နာတော်မူခြင်းနှင့်အညီ၊ ဒုတိယ မွေးခြင်းအားဖြင့် (ပြန်လည်ဖြစ်ဖွားစေခြင်း) ကျွန်ုပ်တို့ကို ဆေးကြောတော်မူပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အား အသစ်ဖြစ်စေ၏။**

၁၇။ (ဖေက် ၁း၅)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ **ကျေးဇူးတော်** အားဖြင့်၊ ကျွန်ုပ်တို့ကို ကယ်တင်တော်မူသည့်အတွက် ထာဝရကာလတစ်လျှောက်လုံးတွင် ကိုယ်တော်အား ချီးမွမ်းမည်။ အကြောင်းမူကား၊ ချစ်တော်မူသော (ယေရှုခရစ်) **၌ လက်ခံတော်မူခြင်းကို** ကျွန်ုပ်တို့အား ကိုယ်တော် ပြုတော်မူလိမ့်မည်။

## သင်ခန်းစာ (၁၁)

# ကျွန်ုပ် အချစ်ခံရပြီ။ ကျွန်ုပ် လှပလို့ နေသည်။

တစ်နေ့ ကျွန်ုပ်၏ရုံးသို့ Michael ရောက်လာပြီး သူ့နောက်လိုက်တပည့်တစ်ယောက်နှင့် ပတ်သက်၍ အလွန်လျှို့ဝှက်ရမည့် သတင်းအချို့ကို လာပြောပြခဲ့သည်။ ကျွန်ုပ်သည် Xxxxx ကျမ်းစာကောလိပ်၌ ဘာသာရပ်တစ်ခုကို ဟောပြောသင်ကြားနေစဉ် Patricia ဆိုသည့် အမျိုးသမီးသည် တရားရေးရာ ချေပချက်မှတ်စုတစ်စောင် ကိုယ်တိုင်ရေးနေသည်ကို တွေ့ရ၏။ သူ့မှတ်စုထဲတွင် ဤကြေညာချက် ပါဝင်သည်။ "ကျွန်မ အချစ်ခံရပြီ။ ကျွန်မ လှပလို့ နေသည်။" စသည်ဖြင့်။ Patricia သည် မိမိကိုယ်ကိုမိမိ ဂရုတစိုက်ပြုသည့်နည်းနှင့် အမြဲဂုတ်ဆင် နေထိုင် တတ်သည့် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ Patriciaပြောထွက်ခဲ့သည့် ထိုစကားလုံး များ၏ တကယ့်အကြောင်းရင်းမှာ သူ့အနေနှင့် အချစ်ခံရခြင်း၊ လှပခြင်း မခံစားရသည့် အဖြစ်မှန်နှင့် ပစ်ပယ်ခံရ၊ အချစ် မခံရသည့် ခံစားချက်ကြောင့် ဖြစ်သည်။

လူသားများအဖြစ် ကျွန်ုပ်တို့အားလုံးသည် တူညီသောအခြေခံ လိုအပ်ချက်အနေနှင့် ချစ်ခြင်း၊ လက်ခံခြင်း၊ တန်ဖိုးထားခြင်း ခံယူလို သောဆန္ဒရှိကြသကဲ့သို့ ကိုယ်၌တန်ဖိုးရှိကြောင်း အမြင်တစ်ခုနှင့်အတူ ဘုရားသခင်နှင့် ကျွန်ုပ်တို့မှန်ကန်ခြင်း ရှိကြောင်းသိခြင်း ရှိလိုကြသည်။ ယနေ့ ဘာသာရေးများစွာသည် ကျွန်ုပ်တို့ အချစ်မခံရခြင်း၊ တန်ဖိုးမရှိခြင်း၊ လက်ခံမှုမရခြင်းတို့ကို ဖြစ်စေသည်။ ယုံကြည် သူများအပေါ် စာတန်အသုံးပြုနေသော အကြီးဆုံး အမာခံနယ်မြေသည် ပြစ်ဒဏ်နှင့် ပြစ်တင်ဝေဖန် ရှုတ်ချခံရခြင်းကို ခံစားနေစေခြင်း ဖြစ်သည်။ ထိုအချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် အစပိုင်း၌ အတော်အတန် ဂိညာဉ်ရေးရာခံစားချက် ရှိနေခဲ့ကြသည်။

ဤတွင် မေးခွန်းမေးလိုပါသည်။ ယေရှုထံ ပထမဦးစွာ သင်တို့ရောက်ရှိလာသည့် အခါ သင့်ကို ယေရှုချစ်သည်သာမက ကိုယ်တော်အား သင်တို့လက်ခံခြင်းအားဖြင့် ကိုယ်တော်သည် သင်တို့၌ စုံလင်သောဖြောင့်မတ်ခြင်း ဖြစ်လာလိမ့်မည်အကြောင်း သင်တို့ ဘယ်လောက်များများကို ပြောပြ၍ သိရှိခဲ့ရပါသလား။ အမှန်တော့ ကိုယ်တော်ပေးလာသော ဖြောင့်မတ်ခြင်းသည်သင်တို့ အမြဲလိုအပ်နေမည့် အလုံးစုံသော ဖြောင့်မတ်ခြင်း ဖြစ်ရလိမ့်မည်။ (၁ ကော ၁း၃၀) က ပြောပါသည်။ "*ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌ တည်နေကြ၏။ ထိုသခင်မူကား၊ ဘုရားသခင် စီရင်တော်မူသည်အတိုင်း၊ ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်း ဖြစ်တော်မူ၏။*" ဤကျမ်းချက်သည် ဧဝံဂေလိတရား သတင်းကောင်းဖြစ်သည်။ "*ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည် ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသော သူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။ အဘယ်သို့ဖြစ်သနည်းဟူမူကား၊ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့်*

*အသက်ရှင်လိမ့်မည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ယုံကြည်ခြင်း၌တည်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားသည် ယုံကြည်ခြင်းဖို့ အလို့ငှါ ဧဝံဂေလိတရားဖြင့် ထင်ရှားလျက်ရှိ၏။"* (ရောမ ၁း၁၆-၁၇)။ *"အကျင့်မရှိသောသူမည်သည်ကား၊ မတရားသော သူ၏အပြစ်ကို ဖြေသောသူကိုယုံကြည်လျှင်၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်း ကဲ့သို့ မှတ်လျက်ရှိ၏။"* (ရောမ ၄း၅)။ ဘုရားသခင်သည် ယုံကြည်ခြင်း၌ ယုံကြည်ခြင်း (သို့မဟုတ်) ကိစ္စအတွက် ယုံကြည်ခြင်း ရှိရန် ကျွန်ုပ်တို့ကို ခေါ်ယူခဲ့သည် မဟုတ်ပါ။ ကိုယ်တော်၌ စိတ်ချ ယုံကြည်မှု၊ အားထားယုံကြည်မှု၊ မှီခိုအားကိုယုံကြည်မှု ရှိရန် ဖြစ်သည်။

ကိုယ်တော်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။ (၁ ယော ၄း၈) သို့သော်လည်း သင်သည် ပို၍ လက်ခံရနိုင်သည်။ ပို၍ ခံစားရနိုင်သည်။ ၎င်းကို သင်သည် ယုံကြည်ခြင်းရှိလေလေ၊ သင် ကိုယ်တိုင်က ဘုရားသခင်ကို ပို၍ ချစ်လေလေ တွေ့ရပါလိမ့်မည်။ သမ္မာကျမ်းစာက ပြောပါသည်။ *"ဘုရားသခင်သည် ငါတို့ကို ရှေ့ဦး စွာ ချစ်တော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်ကို ချစ်ကြ၏။"* (၁ ယော ၄း၁၉)။ ဤအရာကို တွေးပါ၊ ယုံကြည်ပါ၊ လက်ခံယူပါ။

နေသည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (ရောမ ၈း၃၈-၃၉ )ကို ဖတ်ပါ။ တမန်တော်ရှင်ပေါလုသည် မည်သို့ ဆွဲဆောင်ခံယူခဲ့ရသနည်း။

**ရောမ ၈း၃၈-၃၉** -*"အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ခံရသော ဘုရားသခင်၏ မေတ္တာတော် နှင့် ငါတို့ကို မကွာစေနိုင်ဟု ငါသည် သဘောကျလျက်ရှိ၏။"*

၂။ ကျွန်ုပ်သည် ပါမောက္ခတစ်ယောက်အဖြစ်နှင့် ကျမ်းစာကောလိပ်မှာ ရှိစဉ် မှတ်စုအချို့ လက်ကမ်းရခဲ့ပြီး ၎င်း၌ ရေးသားချက်တစ်ခုမှာ "ဖြောင့်မတ်ခြင်းဆိုသည်မှာ ယုံကြည်သူတစ်ယောက်ယောက်ကို ဘုရားသခင်က ဖြောင့်မတ်ကြောင်း ထိုသို့ကြေညာခြင်းအားဖြင့် တရားရေးအမှုတစ်ခု ဖြစ်သည်။ ဖြောင့်မတ်ခြင်းကို လုပ်ယူလို့မရပါ။" ဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင် ကျမ်းစာလေ့လာသောအခါ သိမြင်လာရသည်မှာ၊ ဖြောင့်မတ်ခြင်းသည် ဆုကျေးဇူး တစ်ခုဖြစ်ပြီး၊ ဘုရားသခင်၏မျက်မှောက်၌ သင့်အား ဖြောင့်မတ်ရန် လုပ်ပေးသော အရာဖြစ်သည်။ (ရောမ ၅း၁၉)ကို ဖတ်ပါ။ ယေရှုခရစ်၏ နာခံခြင်းမှတစ်ဆင့် (ပညတ်တော်ကို စောင့်၍ လက်ဂါးကပ်တိုင်ပေါ်သို့ တက်ခြင်း) အတော်များများ ဖြစ်လာသည်များမှာ၊

(က) ဖြောင့်မတ်ခြင်းကို ကြေညာယူသည်။
(ခ) ဖြောင့်မတ်ခြင်းရှိသည်ဟု ထင်သည်။
(ဂ) ဖြောင့်မတ်ခြင်း ဖြစ်စေသည်။

**ရောမ ၅း၁၉** - *"အကြောင်းမူကား၊ တစ်ယောက်သောသူသည် နားမထောင်သောအားဖြင့်၊ လူများတို့သည် အပြစ်ရောက်သည် နည်းတူ၊ တစ်ယောက်သောသူသည် နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။"*

၃။ (၂ ကော ၅း၂၁)ကို ဖတ်ပါ။ အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူ(ယေရှု)ကို ငါတို့ အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည်-------------_။

**၂ ကော ၅း၂၁** - *"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိ သောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည်၊ ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သော သူ ဖြစ်မည်အကြောင်းတည်း။"*

၄။ (ကောလော ၁း၂၁-၂၂)ကို ဖတ်ပါ။ ယေရှုခရစ်သည် မြေကြီးပေါ်သို့လာပြီး၊ ကျွန်ုပ်တို့အပြစ်အတွက် အသေခံတော်မူ၏။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် သန့်ရှင်းခြင်း၊ ပြစ်တင်မခံရခြင်း၊ အပြစ်မဲ့ခြင်း ရှိသောလူများအဖြစ် ဘုရားရှေ့ ၌ ကျွန်ုပ်တို့ ရပ်နေရကြသည်မှာ၊ -

(က) သင်တို့အိမ်ထောင်ဖက်၏ မျက်စိအောက်၌ ဖြစ်သည်။
(ခ) သင့်မိတ်ဆွေများ၏ မျက်စိအောက်၌ ဖြစ်သည်။
(ဂ) ဘုရားသခင်၏ မျက်စိအောက်၌ ဖြစ်သည်။

**ကောလော ၁း၂၁-၂၂** - *"အထက်က ဘုရားသခင်နှင့် ကွာရှင်း၍၊ ဆိုးညစ်သောအကျင့်ကိုကျင့်သဖြင့် စိတ်နှလုံး၌ ရန်သူဖြစ်သော သင်တို့ကို ကိုယ်ခန္ဓာတော်၌ အသေခံတော်မူသောအားဖြင့် သန့်ရှင်း စင်ကြယ်လျက်အပြစ်တင်ခွင့်နှင့်ကင်းလွတ် လျက်ရှိသော သင်တို့ကို ရှေ့တော်၌ ဆက်သမည့် အကြောင်းနှင့် ယခု မိတ်သဟာယ ဖွဲ့စေတော်မူ၏။"*

၅။ (ဖေက် ၁း၆)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကျေးဇူးတော်အတွက် ထာဝရကာလ တစ်လျှောက်လုံးတွင် ကိုယ်တော်အား ချီးမွမ်းကြမည်။ အကြောင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့အား ပြုတော်မူသော၊ -------------

**ဖေက် ၁း၆** - *"ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။"*

၆။ (ဟေဗြဲ ၁၀း၁၄)ကို ဖတ်ပါ။ ယေရှုနှင့် ကိုယ်တော်၏ လက်ဝါးကပ်တိုင်ပေါ် ယဇ်တင် ပူဇော်ခံခြင်းအားဖြင့် ကျွန်ုပ်တို့ ဘယ်လောက်ကြာကြာ စုံလင်ခြင်း ရှိကြသနည်း။

(က) သင်သည် နောင်တစ်ဖန် အပြစ်ပြုသည့်တိုင်အောင်
(ခ) သင်သည် အသင်းတော်သို့ သွားတက်သည့်တိုင်အောင်
(ဂ) အမြဲတမ်း

**ဟေဗြဲ ၁၀း၁၄** - *"အကြောင်းမူကား၊ စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကို ရစေခြင်းငှါ၊ တစ်ခါတည်းပူဇော်ခြင်း အားဖြင့် ပြုတော်မူ၏။"*

၇။ (ဟေဗြဲ ၁၀း၁၅-၁၇)ကို ဖတ်ပါ။ ပဋိညာဉ်တရားသစ်ထဲတွင် ကျွန်ုပ်တို့အပြစ်များကို အမှတ်ထားရန် ကိုယ်တော့် ကတိတော်မှာ၊_

(က) ကျွန်ုပ်တို့ အပြစ်ပြုလုပ်သည့်အချိန်တိုင်း
(ခ) ကျွန်ုပ်တို့၏ ဆယ်ဖို့တစ်ဖို့ငွေကို မပေးသောအခါ
(ဂ) အမှတ်ဘယ်တော့မှ မထားတော့ပါ။

**ဟေဗြဲ ၁၀း၁၅-၁၇** -*"ထိုသို့နှင့်အညီ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ငါတို့အား သက်သေ ပေးတော်မူသည်မှာ၊ နောင်ကာလအခါ သူတို့၌ ငါပေးသော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရ ဘုရားသည် ငါ့ပညတ်တို့ကို သူတို့နှလုံးထဲမှာ ပေးသွင်း မည်။ သူတို့စိတ်ဝိညာဉ်၏*

*အပေါ်မှာ ရေးထားမည်ဟု အထက်ကမိန့်တော်မူပြီးမှ၊ တစ်ဖန်တုံ၊ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းအမျိုးမျိုးကို ငါ မအောက်မေ့ဘဲ နေမည်ဟု လာသတည်း။"*

နေသည်။

၈။ (ရောမ ၆း၁-၂)ကို ဖတ်ပါ။ ဘုရားကျေးဇူးတော်သည် ကျွန်ုပ်တို့အပြစ်အားလုံးထက် ပိုကြီးမားပါသည်။ ကျွန်ုပ်တို့ အပြစ်ဆက်လုပ်သင့်သည်ဖြစ်ပြီး၊ ထိုကြောင့် ကိုယ်တော့် ကျေးဇူးတော်သည် ကြီးစွာ ပြသလာနိုင်သလား။

**ရောမ ၆း၁-၂** - *"ထိုသို့မှန်လျှင်၊ အဘယ်သို့ ပြောရမည်နည်း။ ကျေးဇူးတော်ပွားများစေခြင်းငှါ အပြစ်တရားကို ကျင့်၍ နေရမည် လော။ ထိုသို့မနေရ။ အပြစ်တရားမှ စုတေ့သောသူတို့သည် ထိုတရား၌ အဘယ်သို့ ရှင်ရဦးမည်နည်း။"*

၉။ (ဟေဗြဲ ၉း၁၂)ကို ဖတ်ပါ။ ကျွန်ုပ်တို့အတွက် ယေရှု အကျိုးရှိစေခဲ့သော ရွေးနုတ်ခြင်းအမျိုးအစား (ကျွန်ုပ်တို့အပြစ်အားလုံးအတွက် ပြစ်ဒဏ်ခံရခြင်းမှ လွတ်မြောက်ခွင့်) သည် ဘာလဲ။

(က) လောကီရေးရွေးနုတ်ခြင်း
(ခ) တစ်ပိုင်းတစ်စ ရွေးနုတ်ခြင်း
(ဂ) ထာဝရ ရွေးနုတ်ခြင်း

**ဟေဗြဲ ၉း၁၂** - *"ငါတို့အဖို့ ထာဝရရွေးနုတ်ခြင်း ကျေးဇူးကို ခံရ၍ ဆိတ်အသွေး၊ နွားကလေး အသွေးနှင့်မဟုတ်၊ မိမိအသွေးတော် နှင့် သန့်ရှင်းရာဌာနထဲသို့ တစ်ခါတည်း ဝင်တော်မူ၏။"*

၁၀။ (ရောမ ၈း၃၃)ကို ဖတ်ပါ။ ဘုရားသခင်ရွေးကောက်သောသူအား တရားစွဲတင်သောသူ တစ်ယောက်ယောက်၏ အမည်ကို ရေးပါ။

**ရောမ ၈း၃၃** - *"ဘုရားသခင်ရွေးကောက်တော်မူသောသူတို့ကို အဘယ်သူသည် အပြစ်တင်မည်နည်း။ ဖြောင့်မတ်ရာ၌ တည်စေ သောသူကား၊ ဘုရားသခင်ပေတည်း။"*

၁၁။ (ရောမ ၈း၃၄)ကို ဖတ်ပါ။ ဘုရားသခင့်လူအား ပြစ်တင်ရှုတ်ချသော (တရားစီရင်ခြင်းသို့ တင်ပြသော) သူ တစ်ယောက်ယောက်၏ အမည်ကို ရေးပါ။

**ရောမ ၈း၃၄** - *"အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံ၍ ခံသည်သာမက၊ သေခြင်းမှ ထမြောက်၍ ဘုရားသခင်၏ လက်ျာဘက်၌နေလျက်၊ ငါတို့အဖို့ ဆုတောင်းသော သူကား ခရစ်တော် ပေတည်း။"*

၁၂။ (ရောမ ၈း၃၅)ကို ဖတ်ပါ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှ ခရစ်ယာန်တစ်ယောက်ကို ခွဲထုတ်နိုင်သောသူ တစ်ယောက်ယောက်၏ အမည်ကို ရေးပါ။

**ရောမ ၈း၃၅** - *"ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ငါတို့ကို အဘယ်သူ ကွာစေမည်နည်း။"*

၁၃။ (ရောမ ၈း၃၁)ကို ဖတ်ပါ။ ဤတပည့်တော်ဖြစ် သင်ခန်းစာ၏ ကောက်နုတ်ချက်သည် ဘာလဲ။

**ရောမ ၈း၃၁** - *"သို့ဖြစ်၍ ဤအရာများတို့၌ အဘယ်သို့ ပြောစရာရှိသနည်း။ ဘုရားသခင်သည် ငါတို့ဘက်၌ ရှိတော်မူလျှင်၊ အဘယ်သူသည် ငါတို့တစ်ဘက်၌ နေနိုင်မည်နည်း။"*

# အဖြေ သော့ချက်

၁။ (ရောမ ၈း၃၈-၃၉ )ကို ဖတ်ပါ။ တမန်တော်ရှင်ပေါလုသည် မည်သို့ ဆွဲဆောင်ခံယူခဲ့ရသနည်း။ **ပေါလု ဆွဲဆောင်ခံရသည်မှာ၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှ ငါတို့နှင့်ဘယ်အရာမျှ မကွာစေ နိုင်ကြောင်း၊ အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန် ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာ လတ့်သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ အဘယ်နိမ္မိတအရာမှသည် ငါတို့သခင်ယေရှုခရစ်အားဖြင့်ခံရသော ဘုရားသခင်၏မေတ္တာတော်နှင့် ငါတို့ကို မကွာစေနိုင်ဟု ရှင်ပေါလုသည် သဘောကျလျက်ရှိ၏။**

၂။ ကျွန်ုပ်သည် ပါမောက္ခတစ်ယောက်အဖြစ်နှင့် ကျမ်းစာကောလိပ်မှာရှိစဉ် မှတ်စုအချို့ လက်ကမ်းရခဲ့ပြီး၊ ၎င်း၌ ရေးသားချက်တစ်ခုမှာ "ဖြောင့်မတ်ခြင်းဆိုသည်မှာ၊ ယုံကြည်သူ တစ်ယောက်ယောက်ကို ဘုရားသခင်က ဖြောင့်မတ်ကြောင်း ထိုသို့ကြေညာခြင်းအားဖြင့် တရားရေးအမှုတစ်ခု ဖြစ်သည်။ ဖြောင့်မတ်ခြင်းကို လုပ်ယူလို့ မရပါ။" ဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင် ကျမ်းစာလေ့လာသောအခါ သိမြင်လာရသည်မှာ၊ ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ မျက်မှောက်၌ သင့်အား ဖြောင့်မတ်ခြင်း လုပ်ပေးသော ဖြောင့်မတ်ခြင်း ဆုကျေးဇူးတစ်ခု ဖြစ်သည်။ (ရောမ ၅း၁၉)ကို ဖတ်ပါ။ ယေရှုခရစ်၏နာခံခြင်း မှတစ်ဆင့် (ပညတ်တော်ကို စောင့်၍ လက်ဂါးကပ်တိုင်ပေါ် သို့ တက်ခြင်း) အတော်များများ ဖြစ်လာသည် များမှာ၊ **(ဂ) ဖြောင့်မတ်ခြင်း ဖြစ်စေသည်။**

၃။ (၂ ကော ၅း၂၁)ကို ဖတ်ပါ။ အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူ(ယေရှု)ကို ငါတို့ အတွက်ကြောင့်အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် **ခရစ်တော်၌ ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ဖြစ်စေသည်။**

၄။ (ကောလော ၁း၂၁-၂၂)ကို ဖတ်ပါ။ ယေရှုခရစ်သည် မြေကြီးပေါ် သို့လာပြီး၊ ကျွန်ုပ်တို့အပြစ်အတွက် အသေခံတော်မူ၏။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် သန့်ရှင်းခြင်း၊ ပြစ်တင်မခံရခြင်း၊ အပြစ်မဲ့ခြင်းရှိသောလူများအဖြစ် ဘုရားရှေ့ ၌ ကျွန်ုပ်တို့ ရပ်နေရကြသည်မှာ၊ **(ဂ) ဘုရားသခင်၏ မျက်စိအောက်၌ ဖြစ်သည်။**

၅။ (ဖေက် ၁း၆)ကို ဖတ်ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကျေးဇူးတော်အတွက် ထာဝရကာလ တစ်လျှောက်လုံးတွင် ကိုယ်တော်အားချီးမွမ်းကြမည်။ အကြောင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့အား ပြုတော်မူသော **ချစ်သောသူ၌ (ခရစ်တော်၌) လက်ခံခြင်းကို ရ၏။**

၆။ (ဟေဗြဲ ၁၀း၁၄)ကို ဖတ်ပါ။ ယေရှုနှင့် ကိုယ်တော်၏ လက်ဂါးကပ်တိုင်ပေါ် ယဇ်တင် ပူဇော်ခံခြင်း အားဖြင့် ကျွန်ုပ်တို့ ဘယ်လောက်ကြာကြာ စုံလင်ခြင်း ရှိကြသနည်း။
**(ဂ) အမြဲတမ်း**

နေသည်။

၇။ (ဟေဗြဲ ၁၀း၁၅-၁၇)ကို ဖတ်ပါ။ ပဋိညာဉ်တရားသစ်ထဲတွင် ကျွန်ုပ်တို့ အပြစ်များကို အမှတ်ထားရန် ကိုယ်တော့် ကတိတော်မှာ၊_
(ဂ) **ဘယ်တော့မှ အမှတ် မထားတော့ပါ။**

၈။ (ရောမ ၆း၁-၂)ကို ဖတ်ပါ။ ဘုရားကျေးဇူးတော်သည် ကျွန်ုပ်တို့အပြစ်အားလုံးထက် ပိုကြီးမားပါသည်။ ကျွန်ုပ်တို့ အပြစ်ဆက်လုပ်သင့်သည်ဖြစ်ပြီး၊ ထိုကြောင့် ကိုယ်တော့် ကျေးဇူးတော်သည် ကြီးစွာပြသလာနိုင်သလား။
**မလုပ်နိုင်ပါ။ ဘုရားမြစ်တား၏။**

၉။ (ဟေဗြဲ ၉း၁၂)ကို ဖတ်ပါ။ ကျွန်ုပ်တို့အတွက် ယေရှု အကျိုးရှိစေခဲ့သော ရွေးနုတ်ခြင်းအမျိုးအစား (ကျွန်ုပ်တို့အပြစ် အားလုံးအတွက် ပြစ်ဒဏ်ခံရခြင်းမှ လွတ်မြောက်ခွင့်) သည်ဘာလဲ။
(ဂ) **ထာဝရ ရွေးနုတ်ခြင်း**

၁၀။ (ရောမ ၈း၃၃)ကို ဖတ်ပါ။ ဘုရားသခင်ရွေးကောက်သောသူအား တရားစွဲတင်သောသူတစ်ယောက်ယောက်၏အမည်ကို ရေးပါ။
**တစ်ယောက်မျှ မရှိပါ။**

၁၁။ (ရောမ ၈း၃၄)ကို ဖတ်ပါ။ ဘုရားသခင့်လူအား ပြစ်တင်ရှုတ်ချသော (တရားစီရင်ခြင်းသို့ တင်ပြသော) သူ တစ်ယောက်ယောက်၏ အမည်ကို ရေးပါ။
**တစ်ယောက်မျှ မရှိပါ။**

၁၂။ (ရောမ ၈း၃၅)ကို ဖတ်ပါ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှ ခရစ်ယာန်တစ်ယောက်ကို ခွဲထုတ်နိုင်သောသူ တစ်ယောက်ယောက်၏ အမည်ကို ရေးပါ။
**တစ်ယောက်မျှ မရှိပါ။**

၁၃။ (ရောမ ၈း၃၁)ကို ဖတ်ပါ။ ဤတပည့်တော်ဖြစ် သင်ခန်းစာ၏ ကောက်နုတ်ချက်သည် ဘာလဲ။
**ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ဖြစ်၏။ မည်သူတစ်ယောက်မျှ ကျွန်ုပ်တို့ တစ်ဘက် မရပ်နေနိုင်ပါ။**

## သင်ခန်းစာ (၁၂)

# ကယ်တင်ခြင်းအကျိုးတရား (အပိုင်း - ၁)

တစ်ကြိမ်တစ်ခါ ယုံကြည်ခြင်းအမှုသည် ဆက်တိုက်မဖြစ်လျှင် "ကယ်တင်ခြင်း" ရနိုင် သလား။ ၎င်းသည် ရပ်စဲသွားနိုင်သလား။ ကတိတော်ကို လက်ခံရနိုင်သေးသလား။ အာဗြဟံ ယုံကြည်ခဲ့သည်မှာ ဖြောင့်မတ်ခြင်းကဲ့သို့ သူ၌မှတ်ယူခံခဲ့ရသည်။ (ကမ္ဘာ ၁၅း၆) အကယ်၍ အာဗြဟံ၏ ယုံကြည်ခြင်း ရပ်စဲသွားလျှင် မှတ်ယူခံရသည့် ဖြောင့်မတ်ခြင်းသည် ရပ်စဲ လိမ့်မည်လော။ သမ္မာကျမ်းစာထဲမှာ ကျွန်ုပ်တို့သိသော "ယုံကြည်ခြင်း"သည် ပြည့်စုံသော တစ်ကြိမ်တည်း ပြုသောအမှု (aorist tense) ဖြင့် အစပြု ၏။ သို့သော် ဂရိဘာသာစကား ပစ္စုပ္ပန်ကြိယာပြစကားလုံး အားဖြင့် ယူသုံးထားသဖြင့် ခရစ်ယာန်အသက်တာကို ဆက်သွားရသည်။

ပစ္စုပ္ပန်ပြကြိယာစကားလုံး အားဖြင့် သုံးထားသော ၎င်းညွှန်ကြားချက်သည် ဆက်တိုက်၊ ထပ်တလဲလဲ၊ အသုံးချခြင်းရှိစေရန် ရည်ရွယ်သည်။ ပစ္စုပ္ပန်ပြကြိယာစကားလုံး အားဖြင့် အသုံးပြုသောအခါ၊ အကယ်၍ ကျမ်းစာဖတ်သူများအတွက် အောက်ပါစကားလုံး (သို့မဟုတ်) ဝေါဟာရများ အသုံးပြုထားလျှင် သမ္မာကျမ်းချက်၌ စာဖတ်သူများနားလည်မှုကို သိသာထင်ရှားစွာ တိုးမြှင့်ပေး သွားရလိမ့်မည်။ ယင်းစကားလုံးများမှာ ထပ်တလဲလဲ၊ ၎င်းမှာ အကြိမ်ကြိမ် အဖန်ဖန်၊ တစ်သမတ်တည်း၊ စဉ်ဆက်မပြတ်၊ ထုံးစံအတိုင်း၊ အလေ့အကျင့် (သို့မဟုတ်) ဘဝပုံစံတစ်ခုကဲ့သို့ တုံ့ဆိုင်းခြင်း အလျဉ်းမရှိ ဖြစ်၏။

အောက်ပါကျမ်းချက်များကို ဆင်ခြင်စဉ်းစားပြီး၊ ဂရိဘာသာစကား ပစ္စုပ္ပန်ပြကြိယာ စကားလုံး အသုံးအားဖြင့်၊ ၎င်း၌ မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာပါ။

**ယော ၃း၁၆** _ *ဘုရားသခင်၏သားတော်ကို ယုံကြည်သော(ပစ္စုပ္ပန်ပြကြိယာစကားလုံး၊- ယုံကြည်သည်နှင့် ဆက်လက်ယုံကြည်သည်) သူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်။ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူ သည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။*

**ဟေဗြဲ ၁၀း၁၄** _ *အကြောင်းမူကား၊ စင်ကြယ်သော(ပစ္စုပ္ပန်ပြကြိယာစကားလုံး၊- သီးခြားထားခြင်းနှင့် ဆက်လက် သီးခြားထားခြင်း၊) သူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကို ရစေခြင်းငှါ တစ်ခါတည်း ပူဇော်ခြင်းအားဖြင့် ပြုတော်မူ၏။*

**၁ ယော ၃း၉** _ *ဘုရားသခင် ဖြစ်ဖွားစေတော်မူသောသူ မည်သည်ကား ဒုစရိုက်ကို မပြုတတ် (ပစ္စုပ္ပန်ပြ ကြိယာစကားလုံး၊ -သူသည် သူ့ ဘဝပုံစံ၌ ဆက်လက်ဒုစရိုက်ပြုခြင်း မရှိ၊ နောင်တ မလိုအပ်သည့် စိတ်နလုံးကိုပြုခြင်း)။ အကြောင်းမူကား၊ ထိုသူ၌ မျိုးစေ့တော် တည်လျက်*

*(ပစ္စုပ္ပန်ပြ ကြိယာစကားလုံး၊- ဘုရားသခင်၏ မျိုးစေ့တော် တည်မြဲနေသည်နှင့် ဆက်လက် တည်မြဲနေသည်) ရှိ၏။ ထိုသူသည် ဘုရားသခင် ဖြစ်ဖွားစေတော်မူသောသူ ဖြစ်သောကြောင့် ဒုစရိုက်ကို မပြုနိုင် (ပစ္စုပ္ပန်ပြ ကြိယာစကားလုံး၊ - သူ့ဘဝပုံစံအဖြစ်၊ (သို့မဟုတ်) တုံ့ဆိုင်းခြင်းအလျဉ်းမရှိခြင်း၊)။*

**မာကု ၁း၁၅** - *အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြ (ပစ္စုပ္ပန်ပြ ကြိယာစကားလုံး၊ - နောင်တရပါနှင့်၊ အခြေအနေ(သို့မဟုတ်) ထွက်ပေါ်လာသည့် လိုအပ်ချက် မကြာခဏ ရှိသည့်အတိုင်း နောင်တရပါ။) လော့။ ဧဝံဂေလိတရားကို ယုံကြည် (ပစ္စုပ္ပန်ပြ ကြိယာစကားလုံး၊ - ယုံကြည်သည်နှင့် ဆက်လက်ယုံကြည်သည်၊) လော့ ဟူသော ဘုရားသခင်၏ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောတော်မူ၏။*

**ယော ၅း၂၄** - *ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကိုနားထောင်၍ ငါ့ကို စေလွှတ်တော် မူသောသူကို ယုံကြည် (ပစ္စုပ္ပန်ပြ ကြိယာစကားလုံး၊- ယုံကြည်သည်နှင့် ဆက်လက် ယုံကြည်သည်) သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းသောသူဖြစ်။*

**လုကာ ၁၅း၇** - *ထိုနည်းတူ ဖြောင့်မတ်၍ နောင်တရ (ပစ္စုပ္ပန်ပြကြိယာ စကားလုံး၊- နောင်တရသည်နှင့် ဆက်လက် နောင်တရသည်) စရာအကြောင်း မရှိသောသူ ကိုးဆယ့်ကိုးယောက်တို့၌ ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက်၊ နောင်တရသောလူဆိုး တစ်ယောက်၌ သာ၍ ဝမ်းမြောက်ခြင်းရှိကြသည်ဟု ငါဆို၏။*

**တမန်တော် ၁၇း၃၀** - *ဘုရားသခင်သည် မိုက်မဲသောအချိန်ကာလတို့ကို အမှုမထားဘူးသော်လည်း၊ ယခုမှာ ကိုယ်အပြစ်ကိုမြင်၍ နောင်တရ (ပစ္စုပ္ပန်ပြကြိယာစကားလုံး၊- နောင်တရသည်နှင့် ဆက်လက် နောင်တရသည်) ကြလော့ဟု ခပ်သိမ်းသောအရပ်တို့၌ရှိသော လူအပေါင်းတို့အား ပညတ်တော်မူ၏။ (ပစ္စုပ္ပန်ပြကြိယာ စကားလုံး၊- နှင့် ဆက်လက်ပညတ်တော်မူသည်)။"*

**ယော ၆း၄၇** - *ငါအမှန်အကန်ဆိုသည်ကား ငါ့ကိုယုံကြည် (ပစ္စုပ္ပန်ပြ ကြိယာစကားလုံး၊- ယုံကြည်သည်နှင့် ဆက်လက်ယုံကြည် သည်၊) သောသူသည် ထာဝရအသက်ကို ရ၏*

**ရောမ ၄း၅** - *အကျင့်မရှိသောသူ မည်သည်ကား၊ မတရားသောသူ၏ အပြစ်ကိုဖြေသောသူကို ယုံကြည် (ပစ္စုပ္ပန်ပြကြိယာစကားလုံး၊- ယုံကြည်သည်နှင့် ဆက်လက်ယုံကြည်သည်) လျှင်၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်လျက်ရှိ၏။*

**တမန်တော် ၂၆း၂၀** - *လူတို့သည် နောင်တရ (ပစ္စုပ္ပန်ပြကြိယာစကားလုံး၊-နောင်တရသည်နှင့် ဆက်လက် နောင်တရသည်) ရမည်။ နောင်တရခြင်းနှင့် ထိုက်တန်သော အကျင့်ကိုကျင့်ရမည် (ပစ္စုပ္ပန်ပြ ကြိယာစကားလုံး၊- နှင့် သင့်နောင်တရခြင်းကို သက်သေပေးသော အကျင့် (သို့မဟုတ်) လုပ်ဆောင်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်သည်၊)။ ဘုရားသခင်အထံတော်သို့ ပြောင်းလဲ*

*(ပစ္စုပ္ပန်ပြကြိယာ စကားလုံး၊-နှင့် ဆက်လက်ပြောင်းလဲသည်) ရမည်ဟူ၍ ဒမာသက်မြို့ ၌ ရှေ့ဦးစွာ ဟောပြောပြီးလျှင်၊ ယေရုရှလင်မြို့မှစ၍ ယုဒပြည်အရပ်ရပ်၌ နေသောသူတို့အားငင်း၊ တစ်ပါး အမျိုးသားတို့အားငင်း ဟောပြောပါ၏။*

**သုံးသပ်ချက်။** သမ္မာကျမ်းစာ၌ ပစ္စုပ္ပန်ပြကြိယာစကားလုံးကို အကြိမ်ပေါင်း ရာချီ အသုံးပြု ထားသည်။ ဤအကြောင်း နှင့်ဆက်နွယ်သော ကျမ်းချက်အားလုံးကိုပြရန် ကျွန်ုပ် အာရုံမထားနိုင်ပါ။ ကယ်တင်ခြင်း၊ ယုံကြည်ခြင်းနှင့်ပတ်သက်သော သမ္မာတရားသည်၊ စဉ်ဆက်မပြတ်ရှိကြောင်းကို၊ Arminianism နှင့် Calvinism သီဩလိုဂျီနှစ်ခုစလုံးက၊ ၎င်းတို့သည် မတူသော ရှုထောင့်မှ ရောက်လာကြသည့်တိုင်၊ လက်ခံသွန်သင် ပေးကြသည်။ ထာဝရအာမခံချက်ကို ဖွင့်ဟ ကြေညာသော Calvinism ကယ်လ်ဗင်နောက်လိုက်များက စစ်မှန်သော ယုံကြည်သူများသည် ထိမိလဲကျခြင်း (သို့မဟုတ်) ဆုံးရှုံးခြင်း ရှိနိုင်သော်လည်း၊ သို့ဖြစ်လင့်ကစား၊ သူတို့သည် ခရစ်ယာန် ယုံကြည်ခြင်းကို ထိန်းသိမ်းရလိမ့်မည်ဖြစ်ကြောင်းကို သွန်သင်ပေးကြသည်။ (၁ကော ၁း၈) ထာဝရအာမခံချက်ဖြင့် ယုံကြည်သောသူတို့သည် မှန်သောခရစ်ယာန်များအနေနှင့် အပြစ်တရား၌သေခြင်းကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ၎င်း၌ဆက်ရှိနေလိမ့်မည် မဟုတ်ကြောင်း တို့ကို ယုံကြည်ကြသည်။ (ရောမ ၆း၁-၃)။ နောက်ပိုင်းတွင် ခရစ်တော်မှလုံးဝလှည့်ထွက်သွားကြသော သူတို့သည် အစစ်အမှန် ဒုတိယမွေးဖွားခြင်း ဘယ်တုန်းကမျှ မရခဲ့ကြောင်းကို ပြနေပါသည်။ (၁ ယော ၂း၁၉)

Arminian သီဩလိုဂျီက သွန်သင်သည်မှာ စစ်မှန်သောယုံကြည်သူများသည် ခရစ်ယာန် ယုံကြည်ခြင်းမှ ကျဆုံးသွားနိုင်ကြောင်း သွန်သင်သည်။ သူတို့က ယေဘုယျအားဖြင့် ယုံကြည်ပြီး သွန်သင်ပေးသည်မှာ ကျဆုံးသွားသောသူတို့သည် သူတို့၏ကယ်တင်ခြင်း ကိုဆုံးရှုံးလက်လွှတ် ရကြသည်ဟုဆိုသည်။ သူတို့စနစ်၌ နောင်တရခြင်းသက်သေဖြစ်သော အကျိုးထွက်မရှိခြင်း နှင့်အတူ ဆက်တိုက် မနာခံခြင်း(သို့မဟုတ်) ဒုစရိုက်ကို တမင်သက်သက် လုပ်ဆောင်နေခြင်းဖြင့် နေထိုင်ကြသော အမည်ခံခရစ်ယာန်တို့အတွက် နေရာပေး ထားခြင်း မရှိပါ။

တမန်တော် ရှင်ယောဟန်ပြောခဲ့ပါသည်။ *"ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင် ကိုယ်ကိုကိုယ် လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာတရား မရှိ။"* (၁ ယော ၁း၈) ရှင်ယောဟန် ဆက်ပြောပါသည်။ "ဘုရားသခင် ဖြစ်ဘွားစေတော်မူသောသူမည်သည်ကားဒုစရိုက်ကိုမပြုတတ်။" (၁ ယော ၃း၉) ဤတွင် ကျွန်ုပ်တို့ ဂိရောဓိသဘောကို တွေ့ရ၏။ သို့သော် ကျမ်းစာ၌ ရှေ့နောက်မညီညွတ်ခြင်း တစ်ခုတော့ မဟုတ်ပါ။ ခရစ်ယာန်အားလုံး အပြစ်ရှိသည်။ (၁ ယော ၁း၈) သို့သော် ခရစ်ယာန်အားလုံး နာခံခြင်းရှိသည်။ (၁ ယော ၂း၃) အပြစ်တရားနှင့် လောကီအကျင့်ဓလေ့သည် ခရစ်ယာန်များ၌ ရှိနေသေးသော်လည်း ဒုစရိုက်သည် သူတို့၏ ဆရာသခင် (သို့မဟုတ်) ခွဲခြားသိမြင်မှု ညာဉ်ဖြစ်မလာနိုင်ပါ။ (၁ ယော ၃း၉) စစ်မှန်သောနောင်တနှင့် ယုံကြည်ခြင်းသည် စုံလင်ခြင်းမရရှိသည့်တိုင် စိတ်ပြောင်းလဲခြင်း၊ နှလုံးပြောင်းလဲခြင်းနှင့် လမ်းကြောင်း ပြောင်းလဲခြင်း လိုအပ်သည်။ (တမန်တော် ၂၆း၁၈၊ ၁ ယော ၁း၈)။ "အကျိုးထွက်များ"သည် ယုံကြည်ခြင်း လက်တွေ့ဘဝနှင့် စစ်မှန်ခြင်းတို့ကို စမ်းသပ်မှုအဖြစ် ရှိနေသေး၏။ ယုံကြည်ခြင်းသည် မှန်သော ယုံကြည်သူများ အပြုအမူကို လွှမ်းမိုးပြီး ပူးတွဲပါဝင်လာသော လုပ်ဆောင်မှုများ၏ အကျိုးထွက်များဖြင့် ခိုင်မြဲသော သဘာဝလွန် စွဲမြဲသည့်ယုံကြည်ချက် ဖြစ်သည်။ ဤအချက်ကို လုပ်ဆောင်ချက်များနှင့်

ကိုက်ညီသည့် အကျိုးထွက်များဖြစ်သော ဟောပြောသြဝါဒစာစောင်အခန်းကြီး(၁၁)၏ ယုံကြည်ခြင်း နမူနာများ၌ ပြသထားသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့လုပ်ဆောင်နေခြင်းသည် ကျွန်ုပ်တို့ ယုံကြည်သည့်အတိုင်း အကျိုးထွက်လာခြင်း ဖြစ်သည်။(ယာကုပ် ၂း၁၈)၌ ပြောပါသည်။ *"သို့ဖြစ်၍ သင်သည် အကျင့်မရှိဘဲ သင်၏ယုံကြည်ခြင်းကိုပြလော့။ ငါမူကား အကျင့်အားဖြင့် ငါ၏ယုံကြည်ခြင်းကို ပြမည်။"* တမန်တော်များက အကျင့်တရားကို ဆန့်ကျင်သောလမ်းကြောင်းဖြင့် ပြောဆိုသောအခါ၊ သူတို့သည် ပညတ်တော်၏အကျင့်ကို ညွှန်းဆိုခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ၊ လူတစ်ယောက် ထိုက်ထိုက်တန်တန်ရရှိရန် တစ်ခုခုလုပ်ဆောင်နေခြင်း (သို့မဟုတ်) သူတို့၏ ကယ်တင်ခြင်းအတွက် အကျင့်ကျင့်ခြင်း ဖြစ်သည်။

သမ္မာကျမ်းစာသည် ကယ်တင်ခြင်းအကျိုးထွက်ကိုလည်း ပြောဆိုသည်။ ၎င်းမှာကောင်းသော အကျင့် (သို့မဟုတ်) ယုံကြည်ခြင်း အကျင့်များ ဖြစ်၏။ ၎င်းတို့မှာ နောင်တတရားနှင့် ယုံကြည်ခြင်း တို့မှ ရှေ့ဆက်ဖြစ်လာသော အကျင့်များ(သို့မဟုတ်) လုပ်ဆောင်ချက်များ ဖြစ်သည်။ (တမန်တော် ၂၆း၂၀၊ မဿဲ ၃း၇-၁၀၊ ၁ သက် ၁း၃ နှင့် ယာကုပ် ၂း၁၄-၂၆)၊ ၎င်းတို့သည် ကယ်တင်ခြင်း သက်သေများကို ပြနေသည်။ နောင်တနှင့် ယုံကြည်ခြင်းနှစ်ခုစလုံးအကြား ဖေါ်ပြသော ညီညွတ်မှုသည်၊ ၎င်းတို့နှစ်ခုစလုံး၌ အလားတူသောအကျိုး၊ (သို့မဟုတ်) သက်သေဖြစ်သည့် ကောင်းသော အကျင့်များ ရှိခြင်းဖြစ်သည်။ ငါတို့သည် ကောင်းသော အကျင့်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်ရသော်လည်း၊ ကောင်သောအကျင့်ကို ကျင့်သည်တိုင်အောင် ကယ်တင်ခြင်း ခံရကြ၏။ (အားဖြင့် နှင့် တိုင်အောင် ကယ်တင် ခြင်းခံရခြင်း၏ ဆန့်ကျင်ဘက် သဘောအတွက်၊ ဖေက် ၂း၈-၁၀၊) အကျင့်များသည်၊ ယုံကြည်ခြင်း၏ လက်တွေ့ဘဝ စမ်းသပ်မှုတစ်ခု ဖြစ်သည်။ လူတစ်ယောက်၏ ဘဝနှင့်လုပ်ဆောင်ချက်များ၌ နောက်ဆုံး အကျိုး သက်ရောက်မှု မရှိသော ကျေးဇူးတော်သည် ဘုရား သခင်၏မှန်သော ကျေးဇူးတော်ဖြစ်ကြောင်း လက်ခံ မစဉ်းစားနိုင်ပါ။(တိတု ၂း၁၁-၁၂) ယေရှုသွန်သင်သည်မှာ၊ မှန်သောယုံကြည်သူ များကို အကျိုးထွက်များအားဖြင့် သိရပါလိမ့်မည်။ (မဿဲ ၃း၈၊ ၇း၁၆-၂၀၊ ၂၅း၃၄-၄၀၊ ယောဟန် ၁၃း၃၅၊ ၁၄း၂၃၊ တမန်တော် ၂၆း၂၀၊ ရောမ ၂း၆-၁၁၊ ယာကုပ် ၂း၁၄-၁၈ နှင့် ၁ ယော ၃း၁၀)။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ ပစ္စုပ္ပန်ပြကြိယာစကားလုံး အားဖြင့် သုံးထားသော ညွှန်ကြားချက်၌ ရှိစေဖို့ မျှော်လင့်ထား သည်မှာ၊ ---------------------------

၂။ (ယောဟန် ၃း၁၆)ကို ဖတ်ပါ။ ဂရိဘာသာစကား၏ ပစ္စုပ္ပန်ပြကြိယာစကားလုံးအရ (ယော ၃း၁၆)၌ ဘာဖေါ် ပြထားသနည်း။

**ယောဟန် ၃း၁၆** -"*ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်း သို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသား တို့ကို ချစ်တော်မူ၏။*"

၃။ (၁ ယော ၃း၉)ကို ဖတ်ပါ။ ဘုရားသခင် ဖြစ်ဘွားစေသော မည်သူမဆိုသည် ဒုစရိုက်မလုပ်။ ဤတွင် ဘာကိုဆိုလိုသနည်း။

**၁ ယော ၃း၉** - "*ဘုရားသခင်ဖြစ်ဘွားစေတော်မူသော သူမည်သည်ကား၊ ဒုစရိုက်ကို မပြုတတ်။ အကြောင်းမူကား၊ ထိုသူ၌ မျိုးစေ့ တော်တည်လျက်ရှိ၏။ ထိုသူသည် ဘုရားသခင် ဖြစ်ဘွားစေတော်မူသော သူဖြစ်သောကြောင့် ဒုစရိုက်ကို မပြုနိုင်။*"

၄။ (လုကာ ၁၅း၇)ကို ဖတ်ပါ။ အပြစ်သားတစ်ယောက်အပေါ် ကောင်းကင်ဘုံ၌ ဝမ်းမြောက်မှု ရှိသည်မှာ၊ ---------------------------

**လုကာ ၁၅း၇** - "*ထိုနည်းတူ ဖြောင့်မတ်၍ နောင်တရစရာ အကြောင်းမရှိသောသူ ကိုးဆယ့် ကိုးယောက်တို့၌ ကောင်းကင်သား တို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက်၊ နောင်တရသော လူဆိုးတစ်ယောက်၌ သာ၍ ဝမ်းမြောက်ခြင်းရှိကြသည်ဟု ငါဆို၏။*"

၅။ (တမန်တော် ၁၇း၃၀)ကို ဖတ်ပါ။ နေရာအနှံ့ရှိ လူအပေါင်းတို့ကို ဘုရားသခင် ပညတ်တော်မူ သည်မှာ၊ -----------------------

**တမန်တော် ၁၇း၃၀** -"*ဘုရားသခင်သည် မိုက်မဲသောအချိန်ကာလတို့ကို အမှုမထားဘူး သော်လည်း၊ ယခုမှာ ကိုယ်အပြစ်ကို မြင်၍ နောင်တရကြလော့ဟု ခပ်သိမ်းသောအရပ်တို့၌ရှိသော လူအပေါင်းတို့အား ပညတ်တော်မူ၏။*"

၆။ (တမန်တော် ၂၆း၂၀)ကို ဖတ်ပါ။ ဤကျမ်းချက်၌ ဘာဖေါ် ပြထားသနည်း။

**တမန်တော် ၂၆း၂၀** -"*လူတို့သည် နောင်တရရမည်။ နောင်တရခြင်းနှင့် ထိုက်တန်သော အကျင့်ကို ကျင့်ရမည်။ ဘုရားသခင်အထံတော်သို့ ပြောင်းလဲရမည်ဟူ၍ ဒမာသက်မြို့၌*

*ရှေ့ဦးစွာ ဟောပြောပြီးလျှင်၊ ယေရုရှလင်မြို့မှစ၍ ယုဒပြည်အရပ်ရပ် ၌နေသောသူတို့အားငှင်း၊ တစ်ပါး အမျိုးတို့အားငှင်း ဟောပြောပါ၏။"*

၇။ (၁ ယော ၂း၃)ကို ဖတ်ပါ။ ဘုရားသခင်နှင့် ကိုယ်တိုင်ကိုယ်ကျ ဆက်ဆံရေးရှိခြင်း၊ ၎င်းမှာ ကိုယ်တော်ကိုသိခြင်း၏ အကျိုးသည် ဘာလဲ။

**၁ ယော ၂း၃** - *"ထိုသခင်ကို ကိုယ်တိုင်သိကျွမ်းသည်ကို အဘယ်သို့သိရသနည်းဟူမူကား၊ ပညတ်တော်တို့ကို စောင့်ရှောက်လျှင် သိရသတည်း။"*

၈။ (ယာကုပ် ၂း၁၈)ကို ဖတ်ပါ။ "သင်သည်အကျင့်မရှိဘဲ သင်၏ယုံကြည်ခြင်းကိုပြလော့(လုပ်ပြရန်မဖြစ်နိုင်)။ ငါမူကား --- အားဖြင့် ငါ၏ ယုံကြည်ခြင်းကို ပြမည်"ဟု ယာကုပ်ပြောသည်။

**ယာကုပ် ၂း၁၈** - *"တစ်နည်းကား၊ သင်သည် ယုံကြည်ခြင်းရှိ၏။ ငါသည် အကျင့်ရှိ၏။ သို့ဖြစ်၍ သင်သည် အကျင့်မရှိဘဲ၊ သင်၏ ယုံကြည်ခြင်းကို ပြလော့။ ငါမူကား၊ အကျင့်အားဖြင့် ငါ၏ ယုံကြည်ခြင်းကို ပြမည်ဟု ပြောစရာရှိ၏။"*

၉။ (၁ သက် ၁း၃)ကို ဖတ်ပါ။ ယုံကြည်ခြင်းမှ ရှေ့ဆက်ဖြစ်လာသော အကျင့်နှင့် လုပ်ဆောင်ချက်များက ရည်ညွှန်းသည်မှာ၊

**၁ သက် ၁း၃** - *"ငါတို့အဘ တည်းဟူသော ဘုရားသခင့်ရှေ့တော်၌၊ သင်တို့သည် ယုံကြည်သော စိတ်နှင့် အကျင့်ကိုကျင့်ခြင်း၊ ချစ်သောစိတ်နှင့် ကြိုးစားအားထုတ်ခြင်း၊ ငါတို့ သခင်ယေရှုခရစ်ကို မျှော်လင့်သောစိတ်နှင့် တည်ကြည်ခြင်းတို့ကို ငါတို့သည် အစဉ်မပြတ် အောက်မေ့လျက်၊.."*

၁၀။ (ဂလာတိ ၂း၁၆,၂၁)ကို ဖတ်ပါ။ ပညတ်တရား၏အကျင့်များသည် ကယ်တင်ခြင်းရဖို့ ကြိုးစားရန်အလို့ငှါ လူတို့ကျင့်သောအကျင့်များ ဖြစ်သည်။ သို့မဟုတ်၊ ------------------- (အငယ် - ၂၁)။ သူတို့ ကယ်တင်ချင်း မရနိုင်ကြ၊ ၎င်းတို့၌ ကယ်တင်ခြင်းတန်ခိုး မရှိပါ။

**ဂလာတိ ၂း၁၆,၂၁** -*"ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြသည်ကို၊ အပြစ်ထင်ရှားသော တစ်ပါးအမျိုး တို့ မဟုတ်ဘဲ၊ ဇာတိအမျိုးအားဖြင့် ယုဒလူဖြစ်သော ငါတို့သည်၊ အမှန်သိသည်နှင့်အညီ၊ ပညတ်တရား၏အကျင့် အားဖြင့် ဖြောင့်မတ်ရာသို့ မရောက်၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ၊ ငါတို့ပင် ယေရှုခရစ်ကို ယုံကြည်ကြပြီ။ အကြောင်းမူကား၊ ပညတ်တရား၏အကျင့်အားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်နိုင်ရာ။ .... ဘုရားသခင်၏ ကျေးဇူးတော်ကို ငါမပယ်။ ပညတ်တရားကို အမှီပြု၍ ဖြောင့်မတ်ရာသို့ ရောက်နိုင်လျှင် ခရစ်တော်သည် အချည်းနှီး အသေခံတော်မူပြီ။"*

၁၁။ (ရောမ ၂း၇-၁၁)ကို ဖတ်ပါ။ ဤကျမ်းချက်သည် မည်သည့် လူအုပ်စုနှစ်စု၏ အကျိုးများကို ဖော် ပြနေပါသလဲ။

**ရောမ ၂း၇-၁၀** - *"ကောင်းသောအကျင့်ကို အမြဲကျင့်၍၊ ဘုန်းအသရေကိုင်း၊ မဖေါက်ပြန်သော ဇာတိကိုင်း၊ ရှာသော သူတို့အား ထာဝရအသက်ကို ပေးတော်မူလတံ့။ ငြင်းဆန်သောသဘောရှိ၍၊ သမ္မာတရားကို နားမထောင်ဘဲ မတရားသဖြင့် ကျင့်သောသူတို့ကိုကား၊ ပြင်းစွာသောဒေါသအမျက် ထွက်တော်မူလတံ့။ ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသ လူ၊ ဆိုးညစ်သောအမှုကို ပြုသောသူ ရှိသမျှတို့သည် ကြီးစွာသော ဒုက္ခဝေဒနာကို ခံရကြလတံ့။"*

# အဖြေ သော့ချက်

၁။ ပစ္စုပ္ပန်ပြကြိယာစကားလုံးအားဖြင့် သုံးထားသော ညွှန်ကြားချက်၌ ရှိစေဖို့ မျှော်လင့်ထားသည်မှာ၊
**စဉ်ဆက်မပြတ်၊ ထပ်တလဲလဲနှင့် အသုံးချခြင်း ရှိစေဖို့**

၂။ (ယောဟန် ၃း၁၆)ကို ဖတ်ပါ။ ဂရိဘာသာစကား၏ ပစ္စုပ္ပန်ပြကြိယာစကားလုံးအရ၊ (ယော ၃း၁၆)၌ ဘာ ဖေါ် ပြထားသနည်း။
**ဘုရားသခင်၏ သားတော်ကိုယုံကြည်သော (ပစ္စုပ္ပန်ပြကြိယာစကားလုံး၊- ယုံကြည်သည်နှင့် ဆက်လက် ယုံကြည်သည်၊) သူအပေါင်း တို့သည်ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည်မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့် တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။**

၃။ (၁ ယော ၃း၉)ကို ဖတ်ပါ။ ဘုရားသခင် ဖြစ်ဘွားစေသော မည်သူမဆိုသည် ဒုစရိုက်မလုပ်။ ဤတွင် ဘာကိုဆိုလိုသနည်း။
**ဘုရားသခင်ဖြစ်ဖွားစေတော်မူသော သူမည်သည်ကား ဒုစရိုက်ကို မပြုတတ် (ပစ္စုပ္ပန်ပြကြိယာ စကားလုံး၊- သူသည် သူ့ဘဝပုံစံ၌ ဆက်လက်၍ ဒုစရိုက်ပြုခြင်းမရှိ၊ နောင်တမလိုအပ်သည့် စိတ်နှလုံးကိုပြခြင်း)။**

၄။ (လုကာ ၁၅း၇)ကို ဖတ်ပါ။ အပြစ်သားတစ်ယောက်အပေါ် ကောင်းကင်ဘုံ၌ ဝမ်းမြောက်မှု ရှိသည်မှာ၊_
**နောင်တရပြီး၊ ဆက်လက်၍ နောင်တရခြင်းရှိသောအပြစ်သား**

၅။ (တမန်တော် ၁၇း၃၀)ကို ဖတ်ပါ။ နေရာအနှံ့ရှိ လူအပေါင်းတို့ကို ဘုရားသခင် ပညတ်တော်မူ သည်မှာ၊_
**နောင်တရရန် နှင့် ဆက်လက်၍ နောင်တရရန်**

၆။ (တမန်တော် ၂၆း၂၀)ကို ဖတ်ပါ။ ဤကျမ်းချက်၌ ဘာဖေါ် ပြထားသနည်း။
**လူတို့သည် နောင်တရ (ပစ္စုပ္ပန်ပြကြိယာ စကားလုံး၊-နောင်တရသည်နှင့် ဆက်လက် နောင်တရသည်)ရမည်။ နောင်တရခြင်းနှင့် ထိုက်တန်သောအကျင့်ကို ကျင့်ရမည်။ (ပစ္စုပ္ပန်ပြ ကြိယာစကားလုံး၊-နှင့် သင့်နောင်တရခြင်းကို သက်သေပေးသောအကျင့် (သို့မဟုတ်) လုပ်ဆောင်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်သည်။) ဘုရားသခင်အထံတော်သို့ ပြောင်းလဲ (ပစ္စုပ္ပန်ပြကြိယာစကားလုံး၊- နှင့်ဆက်လက်ပြောင်းလဲသည်) ရမည်ဟူ၍ ဒမာသက်မြို့၌ ရှေ့ဦးစွာ ဟောပြောပြီးလျှင်၊ ယေရုရှလင်မြို့မှစ၍ ယုဒပြည်အရပ်ရပ်၌ နေသောသူ အပေါင်းတို့ အားငှ၊ တစ်ပါးအမျိုးသားတို့အားငှ ဟောပြော၏။**

၇။ (၁ ယော ၂း၃)ကို ဖတ်ပါ။ ဘုရားသခင်နှင့် ကိုယ်တိုင်ကိုယ်ကျ ဆက်ဆံရေးရှိခြင်း၊ ၎င်းမှာ ကိုယ်တော်ကို သိခြင်း၏ အကျိုးသည် ဘာလဲ။
**ကိုယ်တော် မိန့်တော်မူသမျှကို လုပ်ဆောင်ခြင်း၊ ကိုယ်တော်ပညတ်တော်များကို စောင့်ရှောက်ခြင်း**

၈။ (ယာကုပ် ၂း၁၈)ကို ဖတ်ပါ။ "သင်သည် အကျင့်မရှိဘဲ၊ သင်၏ယုံကြည်ခြင်းကို ပြလော့ (လုပ်ပြရန် မဖြစ်နိုင်)။ ငါမူကား **အကျင့်** (**သို့မဟုတ်**) **မိမိလုပ်သမျှ** အားဖြင့် ငါ၏ ယုံကြည်ခြင်းကို ပြမည်" ဟု ယာကုပ်ပြောသည်။

၉။ (၁ သက် ၁း၃)ကို ဖတ်ပါ။ ယုံကြည်ခြင်းမှ ရှေ့ဆက်ဖြစ်လာသော အကျင့်နှင့် လုပ်ဆောင်ချက်များက ရည်ညွှန်းသည်မှာ၊
**ယုံကြည်ခြင်း၏အကျင့်များ**

၁၀။ (ဂလာတိ ၂း၁၆,၂၁)ကို ဖတ်ပါ။ ပညတ်တရား၏အကျင့်များသည်၊ ကယ်တင်ခြင်းရဖို့ ကြိုးစားရန်အလို့ငှါ လူတို့ကျင့်သော အကျင့်များဖြစ်သည်။ (သို့မဟုတ်) **ဖြောင့်မတ်ခြင်း** (အငယ်- ၂၁)။ သူတို့ကယ်တင်ခြင်း မရနိုင်ကြ။ ၎င်းတို့၌ ကယ်တင်ခြင်း တန်ခိုးမရှိပါ။

၁၁။ (ရောမ ၂း၇-၁၀)ကို ဖတ်ပါ။ ဤကျမ်းချက်သည် မည်သည့် လူအုပ်စုနှစ်စု၏ အကျိုးများကို ဖေါ်ပြနေပါသလဲ။
**ယုံကြည်သူများ နှင့် မယုံကြည်သူများ**

## သင်ခန်းစာ (၁၃)

# ကယ်တင်ခြင်းအကျိုးတရား (အပိုင်း - ၂)

ဤကျမ်းချက်ကို သတိပြုကြည့်ပါ။ *"ထိုသို့သော လက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့် မာရ်နတ်၏သားတို့သည် ထင်ရှားကြ ၏။ ဖြောင့်မတ်ခြင်းတရားကို မကျင့်သောသူ၊ မိမိညီအစ်ကိုကို မချစ်သောသူမည်သည်ကား၊ ဘုရားသခင်နှင့် မဆိုင်။"*(၁ ယော ၃း၁၀) ၎င်း၌ "ဤသို့ဖြင့် ကျွန်ုပ်တို့ ကိုယ်တိုင် ကျွန်ုပ်တို့ ကယ်တင်ခြင်း ရယူသည်" ဟု မပြော။ "ဘုရားသခင်၏ သားများ မည်သူဖြစ်ကြသည်ကို ဤသို့ ကျွန်ုပ်တို့ သိရှိရကြသည်။" ယေရှုသည် ဤနည်းတူ ပြောသည်။ *"ထိုပရောဖက်တို့၏ အကျင့်ကိုထောက်သော် သူတို့၏သဘောကို သိရကြလိမ့်မည်။"*

သမ္မာကျမ်းစာ၌ ကယ်တင်ခြင်းကို နည်းလမ်းနှစ်သွယ်ဖြင့် ဘုရားသခင်မိန့်ဆိုတော်မူသည်။ (၁) ကယ်တင်ခြင်းသည် ယုံကြည်ခြင်း အားဖြင့် ကျေးဇူးတော်ကြောင့် ရသည်။(ဖေက် ၂း၈-၉) (၂)။ ကောင်းသော အကျင့်များနှင့်စပ်လျဉ်း၍ ကယ်တင်ခြင်းရသူတိုင်းက ကျင်လည်နေရကြမည်။ (ဖေက် ၂း၁၀) ယုံကြည်သူများ၏အကျိုးထွက်များကို ပြောထုတ်ရန် ကျွန်ုပ်တို့ ဘာကြောင့် ကြောက်နေရကြ သနည်း။ ဤအကြောင်းကိစ္စနှင့် သမ္မာကျမ်းစာသည် ရှောင်ဖယ်လိုခြင်း မရှိပါ။ ကျွန်ုပ်တို့သည် ဘုရားသခင့် နိုင်ငံအတွင်းရှိပြီး ကိုယ်တော့်အုပ်စိုးမှုအောက်ရှိသည်ကို ဤတွင် ကျွန်ုပ်တို့ သိရနိုင်သည့် နည်းလမ်း ရှိပါသည်။

**၁ ယော ၂း၃-၅** _ *ထိုသခင်ကို ကိုယ်တိုင်သိကျွမ်းသည်ကို အဘယ်သို့သိရသနည်းဟူမူကား၊ ပညတ်တော်တို့ကို စောင့်ရှောက်လျှင် သိရသတည်း။ ထိုသခင်ကိုငါသိ၏ဟု ပညတ်တော်တို့ကို မစောင့်ဘဲလျက် ဆိုသောသူသည် မုသာကိုသုံးသောသူဖြစ်၍ ထိုသူ၌သစ္စာ မရှိ။ ထိုသခင်၏ စကားတော်ကို နားထောင်သောသူ မည်သည်ကား၊ ဘုရားသခင်ကို ချစ်ခြင်းမေတ္တာနှင့် အမှန် ပြည့်စုံ၏။ ငါတို့သည် ထိုသခင်ရှိကြောင်းကို ထိုသို့အားဖြင့် သိရကြ၏။*

အကယ်၍ သင်သည် ဘုရားသခင် ဖြောင့်မတ်တော်မူကြောင်းကို သိလျှင်၊ မှန်ကန်သော အရာများကိုပြုသောသူတိုင်း ဘုရားသခင် ဖြစ်ဖွားစေတော်မူကြောင်းကို သင်သည် သိရ၏။ (၁ ယော ၂း၂၉)။ (အာရုံရပါသလား။ ဘုရားသခင့်သဘာဂတော်နှင့် ခရစ်တော်သည် ဖြောင့်မတ်ခြင်း ရှိ၏။ ဖြောင့်မတ်ခြင်းကို လေ့ကျင့်သောသူတိုင်းသည် ဘုရားသခင်၏သဘာဂကို မျှဝေပေးခြင်း သက်သေကိုရ၏။ ယောဟန် ပြောသည့်အတိုင်း၊ ဘုရားသခင် ဖြစ်ဖွားစေတော်မူသည်။)

**၁ ယော ၃း၅-၁၀** _ *ကိုယ်တော်သည် ငါတို့၏အပြစ်များကို ဆောင်သွားခြင်းငှါ ထင်ရှားပေါ်ထွန်း တော်မူသည်ကို သင်တို့သိကြ၏။ ကိုယ်တော်၌လည်း အပြစ်မရှိ။ ကိုယ်တော်၌ တည်နေသောသူမည်သည်ကား၊ ဒုစရိုက်ကို မပြုတတ်။ (ဂရိဘာသာစကားအရ ပစ္စုပ္ပန်ပြကြိယာ ဖြစ်သည်။ ဤစကားလုံးသည် စဉ်ဆက်မပြတ်၊ အလေ့အထရှိမှု၊ လုပ်ဆောင်ချက်ကို ပြသည်။ ကျမ်းစာဖတ်သူများ သည်၊ အဆက်မပြတ်၊ ထပ်တလဲလဲ၊ မကြာမကြာ၊ အဆက်ပြတ်သည်မရှိ၊ တစ်သမတ်တည်း၊ မဆုတ်မနစ်၊ စွဲမြဲစွာ၊*

*အလေ့အထရှိရှိ၊ ဘဝပုံစံတစ်ခုကဲ့သို့) စသည့် စကားလုံးများ ထောက်ပံ့ပေးခြင်းအားဖြင့် ကျမ်းချက်ဖတ်ရှုနားလည်မှုကို သိသိသာသာ တိုးမြှင့်ယူနိုင်ကြသည်။) ဒုစရိုက်ကို ပြုတတ်သော (ပစ္စုပ္ပန်ပြကြိယာ) သူမည်သည်ကား၊ ကိုယ်တော်ကို မသိမမြင်ရသေး။ ချစ်သားတို့၊ သင်တို့ကို အဘယ်သူမျှ မလှည့်ဖြားစေနှင့်။ အကြင်သူသည် ဖြောင့်မတ်ခြင်းတရားကို ကျင့်၏၊ (ပစ္စုပ္ပန်ပြကြိယာ- ထပ်တလဲလဲ စွဲစွဲမြဲမြဲ ပြုသည်။) ကိုယ်တော်ဖြောင့်မတ်တော်မူသည်နည်းတူ ထိုသူသည် ဖြောင့်မတ်ခြင်းရှိ၏။ မာရ်နတ်သည် ရှေ့ ဦးစွာမှစ၍ ဒုစရိုက်ကို ပြုသောသူ ဖြစ်သောကြောင့်၊ အကြင်သူသည် ဒုစရိုက်ကိုပြု၏။(ပစ္စုပ္ပန်ပြကြိယာ- ၎င်းတို့၏သဘာဝအတိုင်း၊ ဘဝပုံစံအလေ့အကျင့်) ထိုသူသည် မာရ်နတ်နှင့်ဆိုင်၏။ မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှါ ဘုရားသခင်၏ သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏။ ဘုရားသခင် ဖြစ်ဘွားစေတော်မူသော သူမည်သည်ကား ဒုစရိုက် (ပစ္စုပ္ပန်ပြကြိယာ-၎င်းမှာ သူတို့ဘဝပုံစံအတိုင်း နှောင်တရခြင်းမရှိသော နှလုံးသား၊) ကိုမပြုတတ်။ အကြောင်းမူကား၊ ထိုသူ၌ မျိုးစေ့တော် တည်လျက်ရှိ၏။ ထိုသူသည် ဘုရားသခင် ဖြစ်ဘွားစေတော်မူသောသူ ဖြစ်သောကြောင့် ဒုစရိုက်ကိုမပြုနိုင်။ (ပစ္စုပ္ပန်ပြကြိယာ-ဆိုင်းငံ့မှုမရှိ၊) ထိုသို့သော လက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့် မာရ်နတ်၏သားတို့သည် ထင်ရှားကြ၏။ ဖြောင့်မတ်ခြင်းတရားကို မကျင့် (ပစ္စုပ္ပန်ပြကြိယာ) သောသူ၊ မိမိညီအစ်ကိုကို မချစ် (ပစ္စုပ္ပန်ပြကြိယာ) သောသူ မည်သည်ကား၊ ဘုရားသခင်နှင့် မဆိုင်။ (ရှင်ယောဟန်က၊ "ထိုသို့သော လက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့် မာရ်နတ်၏သားတို့သည် ထင်ရှားကြ၏" ဟုပြောသည်။ ဖြောင့်မတ်ခြင်းတရားနှင့် ချစ်ခြင်းမေတ္တာကို မလေ့ကျင့်သောသူတို့သည် ခမည်းတော် ဘုရားသခင်၏ သဘာဝတော်သည် သူတို့၌ မရှိကြပါ။ ဒုတိယမွေးဖွားခြင်း သက်သေသည် အရေးမကြီးပေဘူးလား။)*

**၁ ယော ၃း၁၄** - *ငါတို့သည် ညီအစ်ကိုချင်းတို့ကို ချစ်သောကြောင့်၊ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကိုယ်ကူးပြောင်းသည်ကို ကိုယ်သိရကြ၏။ မိမိညီအစ်ကိုကို မချစ်သောသူသည် သေခြင်း၌တည်၏။*

**၁ ယော ၄း၆** - *ငါတို့မူကား၊ ဘုရားသခင်နှင့်စပ်ဆိုင်ကြ၏။ ဘုရားသခင်ကိုသိသောသူသည် ငါတို့ (တမန်တော်များ၏) စကားကို နားထောင်တတ်၏။ ဘုရားသခင်နှင့်မစပ်ဆိုင်သောသူသည် ငါတို့ (တမန်တော်များ၏) စကားကိုနားမထောင်တတ်။ ထိုအရာကို ငါတို့သည် ထောက်၍ သမ္မာဂိညာဉ်ကိုငင်း၊ မိစ္ဆာဂိညာဉ်ကိုငင်း သိရကြ၏။*

**၁ ယော ၄း၈** - *ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ (ချစ်ခြင်းမေတ္တာသည် ယုံကြည်သူတို့၏ အမှတ်အသားဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်၏သဘာဝသည် ချစ်ခြင်း ဖြစ်သောကြောင့်တည်း။)*

**၁ ယော ၅း၂** - *ငါတို့သည် ဘုရားသခင်ကို ချစ်၍ (ပစ္စုပ္ပန်ပြကြိယာ- နှင့် ကိုယ်တော်အား အဆက်မပြတ် ချစ်ခြင်း) ပညတ်တော်တို့ကို စောင့်ကြလျှင် (ပစ္စုပ္ပန်ပြကြိယာ-အဆက်မပြတ် စောင့်ခြင်း)၊ ဘုရားသခင်၏ သားတို့ကို ချစ်ကြသည်ကို ငါတို့ သိရကြ၏။*

**၁ ယော ၅း၁၈-၁၉** - *ဘုရားသခင်၏သားဖြစ်သမျှသောသူတို့သည် ဒုစရိုက် (ပစ္စုပ္ပန်ပြကြိယာ-၎င်းမှာသူတို့ဘဝပုံစံအတိုင်း နောင်တ ရခြင်းမရှိသော နှလုံးသား) ကို*

*မပြုတတ်သည်ကိုငါတို့ သိကြ၏။ ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူသည်၊ မိမိကိုမိမိစောင့်ရှောက် (ပဋိပ္ပုန်ပြကြိယာ-အဆက်မပြတ်စောင့်ခြင်း) သဖြင့်၊ မာရ်နတ်သည် ထိုသူကိုမထိမခိုက်နိုင်ရာ။ ငါတို့သည် ဘုရားသခင်နှင့် စပ်ဆိုင် သည်ကိုငှင်း၊ လောကီသားအပေါင်းတို့သည် မာရ်နတ်၏လက်၌ ရှိကြသည် ကိုငှင်း ငါတို့ သိကြ၏။ တမန်တော်ရှင်ယောဟန်သည် အဘယ်ကြောင့် ဤအရာများအားလုံးကို ကျွန်ုပ်တို့အား မျှဝေပေးနေသနည်း။ ဘုရားသခင်၏သားတော်ကို ယုံကြည်သော သင်တို့သည် ထာဝရ အသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ၊ ဤအရာများကို သင်တို့အား ငါရေး၍ ပေးလိုက်၏။ (၁ ယော ၅း၁၃)*

**နိဂုံး။** ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ချစ်ခြင်းမေတ္တာ၊ ဂိုဏ်ဉာဉ်တော်၏ အကျိုးများသည် ဒုတိယမွေးဖွားခြင်း၏ သက်သေများ ဖြစ်ကြသည်။ သင်တို့ကိုယ်တိုင်သည် ဘုရားဂတ်၌ မွေ့လျော်ခြင်း မရှိသောဘဝပုံစံနှင့် နေထိုင်စဉ်အတွင်း သင့်ကို ကိုယ်တော် (ဘုရားသခင်)ပိုင်ဆိုင်ကြောင်းကို စိတ်ချမှု မရရှိကြပါ။ ထိုသြတ္တပ္ပစိတ်က သင့်အား ပြစ်တင်ရှုတ်ချနေ၏။ ဘုရားသခင်ကို စိတ်ချယုံကြည်မှု မထားနိုင်။ တမန်တော်ရှင်ပေတရုသည် သင်အား ဘုရားသခင် ခေါ်ယူခြင်း၊ ရွေးချယ်ခြင်းဖြင့် အာမခံရှိကြောင်းကို သတိပေးပါသည်။(၂ ပေ ၁း၁၀) ကျမ်းချက်က သင့်စိတ်နှလုံး၌ စိတ်ချနေစေလိုသည်မှာ၊ ဘုန်းအသရေထင်ရှားသည့် သတင်းကောင်းတရားနှင့် ညီသော နေထိုင်မှုဘဝပုံစံတစ်ခုအားဖြင့် သင့်အား အမှန်တကယ်ကိုယ်တော် ပိုင်ဆိုင်လျက် ရှိကြောင်း ဖြစ်သည်။ "ဤသို့ဖြင့် ကျွန်ုပ်တို့ ကယ်တင်ခြင်းရကြသည်" ဟု ကျွန်ုပ် မပြောပါ။ ကျွန်ုပ် ပြောသည်မှာ၊ "ငါတို့သည် ဘုရားသခင်နှင့် စပ်ဆိုင်သည်ကို ငါတို့သိကြ၏။" ဖြစ်ပါသည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (တမန်တော် ၈း၁၃၊ ၁၈-၂၂)ကို ဖတ်ပါ။ ရှင်ယောဟန်ဩဝါဒစာ ပထမစောင်သည် မှန်သော ယုံကြည်သူ၏ "အကျိုးထွက်" (သို့မဟုတ်) သက်သေနှင့်ပတ်သက်၍ ပြောပြနေခြင်း ဖြစ်သည်။ ၎င်းသည် စိတ်ထဲမှ ပေါ်ထွက်လာသော အလုံးစုံကိစ္စများ ဖြစ်သည်။ ယုံကြည်သူ၏ စိတ်နှလုံးသည် ဖြောင့်မတ်ခြင်းမရှိကြောင်း၊ (ရှိမုန်၏စိတ်နှလုံးကဲ့သို့) တွေ့သောအခါ သူတို့ ဘာလုပ်ကြသနည်း။

**တမန်တော် ၈း၁၃, ၁၈-၂၂** - *"ရှိမုန်သည်လည်း ကိုယ်တိုင်ယုံကြည်သည်ဖြစ်၍ ဗတ္တိဇံကိုခံပြီးမှ ဖိလိပ္ပုထံ၌ မှီဝဲဆည်းကပ်သဖြင့်၊ ထူးဆန်းသော၊ တန်ခိုးကြီးသော နိမိတ်လက္ခဏာများကိုမြင်၍ မိန်းမောတွေဝေလျက်ရှိလေ၏။ .....တမန်တော်တို့ လက်ကို တင်သောအားဖြင့်၊ သန့်ရှင်းသော ဂိညာဉ်တော် သက်ရောက်သည်ကို ရှိမုန်မြင်လျှင်၊ ငွေကိုယူဆောင်ခဲ့၍၊ အကျွန်ုပ်၏လက်တင်ခြင်းကို ခံရသောသူသည် သန့်ရှင်းသောဂိညာဉ်တော်ကို ခံစေမည်အကြောင်း အကျွန်ုပ်အားအခွင့်ပေးပါဟု တောင်းသော် ပေတရုက ဘုရားသခင်၏ ကျေးဇူးတော်ကို ငွေနှင့်ဝယ်ယူမည်ဟု အကြံရှိသောကြောင့် သင်နှင့်တကွ သင်၏ငွေသည် ပျက်စီးခြင်းသို့ ရောက်ပါစေ။ သင်သည် ဤအမှုအရာနှင့် မဆက်ဆံသောသူ ဖြစ်၏။ အကြောင်းမူကား၊ သင်၏စိတ်နှလုံးသည် ဘုရားသခင့် ရှေ့တော်၌ ဖြောင့်မတ်ခြင်းမရှိ။ ထို့ကြောင့် သင်၌ ယခု ဆိုးညစ်သောအမှုကို နောင်တရလော့။ သင့်စိတ်နှလုံး၌ ကြံစည်ခြင်း အပြစ်ကို လွှတ်ကောင်းလွှတ်လိမ့်မည်ဖြစ်၍ ဘုရားသခင်ကို တောင်းပန်လော့။"*

၂။ (၂ ပေ ၁း၅-၁၁)ကို ဖတ်ပါ။ လူပုဂ္ဂိုလ်တစ်ယောက်သည် ဘုရားသခင် ခေါ်ယူခြင်း၊ ရွေးကောက်ခြင်း ရှိသူတို့အထဲ၌ အမှန်ရှိကြောင်း၊ မည်သည့်သက်သေ (သို့မဟုတ်) မည်သည့် အထောက်အထား ပြမည်နည်း။

**၂ ပေ ၁း၅-၁၁** - *"ထိုသို့အလိုငှါ၊ သင်တို့သည် ယုံကြည်ခြင်း၌ သီလကိုငှင်း၊ သီလ၌ ပညာကိုငှင်း၊ ပညာ၌ ကာမဂုဏ်ချုပ်တည်း ခြင်းကိုငှင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၌ သည်းခံခြင်း ကိုငှင်း၊ သည်းခံခြင်း၌ ဘုရားဂုဏ်ကိုပြု၍ မွေ့လျော်ခြင်းကိုငှင်း၊ ထိုမွေ့လျော်ခြင်း၌ ညီအစ်ကို စုံမက်ခြင်းကိုငှင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ ချစ်ခြင်းမေတ္တာကိုငှင်း အလွန်ကြိုးစားအား ထုတ်၍ ထပ်ဆင့်ကြလော့။ အကြောင်းမူကား ထိုပါရမီတို့သည်၊ သင်တို့၌ ရှိ၍ ကြွယ်ဝလျှင်၊ ငါတို့ သခင်ယေရှုခရစ် ကိုသိကျွမ်းခြင်း၌ မပျင်းရိစေခြင်းငှါငှင်း၊ အကျိုးမဲ့ မဖြစ်စေခြင်းငှါငှင်း ပြုပြင် တတ်ကြ၏။ ထိုပါရမီနှင့် ကင်းသောသူမူကား၊ မျက်စိကန်း၏။ ကိုယ်မျက်စိကို ကိုယ်ပိတ်၏။ မိမိအပြစ်ဟောင်း ဆေးကြောကြောင်းကို မေ့လျော့၏။ ထို့ ကြောင့် ညီအစ်ကိုတို့၊ သင်တို့ခံရသော ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကို တည်မြဲစေခြင်းငှါ သာ၍ ကြိုး စားအားထုတ်ကြလော့။ သို့ပြုလျှင်၊ ရွေ့လျော့ခြင်းနှင့် အစဉ်ကင်းလွတ်သည်ဖြစ်၍၊ ငါတို့ကို ကယ်တော်မူသော အရှင် ယေရှုခရစ်၏ ထာဝရနိုင်ငံတော်ထဲသို့ ဝင်စားခြင်းအခွင့်ကို သင်တို့အား ကြွယ်ဝစွာ ပေးသနား တော်မူလတ္တံ့။"*

၃။ (မဿဲ ၂၅း၃၄-၄၁)ကို ဖတ်ပါ။ ဤကျမ်းချက်ထဲ၌ ယုံကြည်သူများက သက်သေ ထင်ရှား စေသည့် အရည်အသွေးများသည် ဘာတွေလဲ။

**မဿဲ ၂၅း၃၄-၄၀** -*"ထိုအခါ လက်ျာတော်ဘက်၌ရှိသောသူတို့အား မင်းကြီးက၊ ငါ့ခမည်းတော်ထံ ကောင်းကြီးမင်္ဂလာကို ခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ ပြင်ဆင်သောနိုင်ငံကို လာ၍ အမွေခံကြလော့။ အကြောင်းမူကား၊ ငါသည် မွတ် သိပ်သောအခါ၊ သင်တို့သည် ကျွေးကြ၏။ ငါသည် ရေငတ်သောအခါ၊ သင်တို့သည် သောက်ဖို့ ပေးကြ၏။ ငါသည် ဧည့်သည်ဖြစ်သောအခါ၊ သင်တို့သည် ဧည့်သည်ဝတ်ကို ပြုကြ၏။ ငါသည် အဝတ်အချည်း စည်းရှိသောအခါ၊ သင်တို့သည် အဝတ်နှင့် ဖုံးလွှမ်းကြ၏။ ငါသည် အနာရောဂါစွဲသောအခါ၊ သင်တို့သည် ကြည့်ရှုပြုစုကြ၏။ ငါသည် ထောင်ထဲမှာ နေရသောအခါ၊ သင်တို့သည် ငါ့ထံလာကြ၏ဟု မိန့်တော်မူလျှင်၊ ဖြောင့်မတ်သောသူတို့က၊ သခင်၊ ကိုယ်တော်သည် မွတ်သိပ်တော်မူသည်ကို  အဘယ်အခါ၌ အကျွန်ုပ်တို့သည် မြင်၍ ကိုယ်တော်ကို လုပ်ကျွေးပါသနည်း။ ရေငတ်တော်မူသည်ကို အဘယ်အခါ၌ ကျွန်ုပ်တို့သည်မြင်၍ ကိုယ်တော်ကို သောက်ဖို့ပေးပါသနည်း။ ဧည့်သည် ဖြစ်တော်မူသည်ကိုအဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ဧည့်သည်ဝတ်ကို ကိုယ်တော်အား ပြုပါသနည်း။ အဝတ်အချည်းစည်း ရှိတော်မူသည်ကို အဘယ်အခါ၌ ကျွန်ုပ်တို့သည်မြင်၍ ကိုယ်တော်ကို အဝတ်နှင့်ဖုံးလွှမ်းပါသနည်း။ အနာစွဲ တော်မူသည်ကိုငင်း၊ ထောင်ထဲမှာနေတော်မူသည်ကိုငင်း၊ အဘယ်အခါ၌ အကျွန်ုပ်တို့သည် မြင်၍ အထံတော်သို့ ရောက်ပါသနည်းဟု ပြန်၍လျှောက်ကြသော်၊ မင်းကြီးက၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြ သမျှတို့ကို ငါ့အားပြုကြပြီဟု ပြန်၍မိန့်တော် မူလတံ့။"*

၄။ (ယော ၁၃း၃၅)ကို ဖတ်ပါ။ ယေရှုတပည့်တော်များကို မည်သည့်အရာများအားဖြင့် သိရကြမည်နည်း။

**ယော ၁၃း၃၅** -*"သင်တို့သည် အချင်းချင်းချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ် သည်ကို သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။"*

၅။ (မဿဲ ၇း၂၁-၂၃) ကို ဖတ်ပါ။ ဤလူတစ်ဦးချင်းစီတို့သည် ဘုရားသခင့်နိုင်ငံတော်မှ အဘယ်ကြောင့် လှည့်ပြန်ကြသနည်း။

**မဿဲ ၇း၂၁-၂၃** -*"သခင်၊သခင်ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရ လိမ့်မည် မဟုတ်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော်၏အလိုကို ဆောင်သောသူ သာလျှင် ဝင်ရလိမ့်မည်။ ထိုနေ့၌ကား၊ သခင်၊ သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒပေးပါပြီ မဟုတ်လော။ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကို နှင် ထုတ်ပါပြီ မဟုတ်လော။ ကိုယ်တော်အခွင့်နှင့် များစွာသောတန်ခိုးတို့ကို ပြုပါပြီမဟုတ်လောဟု အများသောသူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါ သင်တို့ကို*

*ငါအလျှင်းမသိ။ အခမ္ဘအမှုကို ပြုသောသူတို့၊ ငါ့ထံမှ ဖယ်ကြဟု ထိုသူတို့အား အတည့်အလင်း ငါပြောမည်။"*

၆။ (ယော ၁၄း၂၃)ကို ဖတ်ပါ။ အကယ်၍ လူတစ်ယောက်သည် ယေရှုကို ချစ်သည်ဆိုလျှင် သူတို့ ဘာလုပ်ကြမည်နည်း။

**ယော ၁၄း၂၃** -"*ယေရှုကလည်း၊ ငါ့ကိုချစ်သောသူသည် ငါ့စကားကို နားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော် မူသည်။ ငါတို့သည်လည်း သူ့ဆီသို့ ကြွ၍ နေရာချမည်။"*

၇။ (တမန်တော် ၂၆း၂၀)ကို ဖတ်ပါ။ ဤကျမ်းချက်က ဘာပြောနေသနည်း။

**တမန်တော် ၂၆း၂၀** -"*လူတို့သည် နောင်တရ ရမည်။ နောင်တရခြင်းနှင့် ထိုက်တန်သောအကျင့်ကို ကျင့်ရမည်။ ဘုရားသခင်အထံတော်သို့ ပြောင်းလဲရမည်ဟူ၍ ဒမာသက်မြို့၌ ရှေ့ဦးစွာ ဟောပြောပြီးလျှင်၊ ယေရုရှလင်မြို့မှစ၍၊ ယုဒပြည်အရပ်ရပ်၌ နေသောသူတို့အားငင်း၊ တပါး အမျိုးသားတို့အားငင်း ဟောပြော၏။"*

၈။ (ယာကုပ် ၂း၁၇)ကို ဖတ်ပါ။ အကယ်၍ သင့်ယုံကြည်ခြင်းသည် ကောင်းသောအကျင့် (သို့မဟုတ်) လုပ်ဆောင်ချက်များ မပါလျှင် ၎င်းသည် ဘာယုံကြည်ခြင်းအမျိုးအစား ဖြစ်မည်နည်း။

**ယာကုပ် ၂း၁၇** -"*ထိုနည်းတူ၊ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် တစ်ပါးတည်း ရှိသောကြောင့် အသေဖြစ်၏။"*

# အဖြေ သော့ချက်

၁။ (တမန်တော် ၈း၁၃၊ ၁၈-၂၂)ကို ဖတ်ပါ။ ရှင်ယောဟန်ဩဝါဒစာ ပထမစောင်သည် မှန်သော ယုံကြည်သူ၏ "အကျိုးထွက်" (သို့မဟုတ်) သက်သေနှင့်ပတ်သက်၍ ပြောပြနေခြင်း ဖြစ်သည်။ ၎င်းသည် စိတ်ထဲမှ ပေါ်ထွက်လာသော အလုံးစုံကိစ္စများ ဖြစ်သည်။ ယုံကြည်သူ၏ စိတ်နှလုံးသည် ဖြောင့်မတ်ခြင်းမရှိကြောင်း (ရှိမုန်၏စိတ်နှလုံးကဲ့သို့) တွေ့သောအခါ၊ သူတို့ ဘာလုပ်ကြသနည်း။
**သင့်အပြစ်များ (ဆိုးညစ်ခြင်းများ) အတွက် နောင်တရပါ။ ခွင့်လွှတ်ခြင်းခံရရန် သင်စိတ်နှလုံး ပါလျက် ဘုရားသခင်ထံ ဆုတောင်းပါ။**

၂။ (၂ ပေ ၁း၅-၁၁)ကို ဖတ်ပါ။ လူပုဂ္ဂိုလ်တစ်ယောက်သည် ဘုရားသခင် ခေါ်ယူခြင်း၊ ရွေးကောက်ခြင်း ရှိသူတို့အထဲ၌ အမှန်ရှိကြောင်း ဘာသက်သေ (သို့မဟုတ်) ဘာ အထောက်အထား ပြမည်နည်း။
**ဝိညာဉ်တော် အရည်အချင်းအာလုံးကို သူတို့ယုံကြည်ခြင်းထဲထည့်ပေါင်း၍ သူတို့၏သဘာဝ အသစ်အရည်အချင်း ဖြစ်လာစေသည်။**

၃။ (မဿဲ ၂၅း၃၄-၄၀)ကို ဖတ်ပါ။ ဤကျမ်းချက်ထဲ၌ ယုံကြည်သူများက သက်သေထင်ရှားစေသည့် အရည်အသွေးများသည် ဘာတွေလဲ။
**ယုံကြည်ခြင်းမှရှေ့တက်၍ လက်တွေ့လုပ်ဆောင်ချက်များ၊ အစာငတ်သူကို အစားအစာ ပေးခြင်း၊ သူတစ်ပါးကိုဧည့်သည်ဝတ်ပြုခြင်း၊ ခိုကိုးရာမဲ့သူများအား အဝတ်အစားပေးခြင်း၊ ဖျားနာသူများကို စောင့်ရှောက်ခြင်း၊ ထောင်ကျနေသူများကို သွားရောက် တွေ့ဆုံခြင်း များကဲ့သို့ လက်တွေ့လုပ်လာသည်။**

၄။ (ယော ၁၃း၃၅)ကို ဖတ်ပါ။ ယေရှုတပည့်တော်များကို မည်သည့်အရာများအားဖြင့် သိရကြ မည်နည်း။
**သူတို့အချင်းချင်း လက်တွေ့ပြသော ချစ်ခြင်းမေတ္တာအားဖြင့်**

၅။ (မဿဲ ၇း၂၁-၂၃) ကို ဖတ်ပါ။ ဤလူတစ်ဦးချင်းစီတို့သည် ဘုရားသခင့်နိုင်ငံတော်မှ အဘယ်ကြောင့် လှည့်ပြန်ကြသနည်း။
**သူတို့သည် ဆိုးညစ်ယုတ်မာစွာ လုပ်ကြသူများ ဖြစ်သည်။ ဂရိစကားအရ၊ ပစ္စုပ္ပန်ပြ ကြိယာစကားလုံး ဖြစ်ပြီး၊ ဆိုးညစ်ယုတ်မာစွာပြုခြင်းသည် သူတို့ဘဝပုံစံ၊ သူတို့သဘာဝ ဖြစ်ကြောင်း ညွှန်ပြထားသည်။ ယေရှုက ကိုယ်တော်သည် သူတို့ကိုဘယ်တော့မှ မသိဟု ပြောထားသည်။ သူတို့သည် ဘုရားသခင်ဆီသို့ လှည့်လာရန် စိတ်နှလုံးပြောင်းလဲခြင်း ဘယ်တော့မှ ဖြစ်မလာသည့် ပျောက်ဆုံးနေကြသော ဘာသာရေးသမားများ ဖြစ်ကြသည်။**

၆။ (ယော ၁၄း၂၃)ကို ဖတ်ပါ။ အကယ်၍ လူတစ်ယောက်သည် ယေရှုကို ချစ်သည်ဆိုလျှင်၊ သူတို့ ဘာလုပ်ကြမည်နည်း။
**ကိုယ်တော်၏ နှုတ်ကပတ်တော်ကို စောင့်၏။ သို့မဟုတ်၊ ကိုယ်တော် မိန့်တော်မူသည်များကို လုပ်ဆောင်၏။**

၇။ (တမန်တော် ၂၆း၂၀)ကို ဖတ်ပါ။ ဤကျမ်းချက်က ဘာပြောနေသနည်း။
**သင့်လုပ်ဆောင်ချက်အားဖြင့် သင့်နောင်တကို သက်သေပြပါ။**

၈။ (ယာကုပ် ၂း၁၇)ကို ဖတ်ပါ။ အကယ်၍ သင့်ယုံကြည်ခြင်းသည် ကောင်းသောအကျင့် (သို့မဟုတ်) လုပ်ဆောင်ချက်များ မပါလျှင်၊ ၎င်းသည် ဘာယုံကြည်ခြင်းအမျိုးအစား ဖြစ် မည်နည်း။
**ယုံကြည်ခြင်းအသေ၊ ကယ်တင်ခြင်း မပေးသောယုံကြည်ခြင်း** (**ယာကုပ် ၂း၁၄**)**။**

## သင်ခန်းစာ (၁၄)

# တပည့်တော်အဖြစ်သို့ ခေါ်ယူခြင်း

ယနေ့ တပည့်တော်တစ်ယောက်ဖြစ်ခြင်းနှင့် အခြားသူများကို မည်သို့ တပည့်တော်ဖြစ်စေရမည့်အကြောင်းများကို ပြောကြမည်။ သင်တို့အား ကျွန်ုပ် သတိတစ်ခု ပေးလိုသည်မှာ၊ ကျွန်ုပ်တို့ သခင်ဘုရားသည် ပြောင်းလဲသူများ ဖြစ်စေရန် မိန့်တော်မူခဲ့သည်မဟုတ်ကြောင်း၊ လူတွေကို ယေရှုသည် သူတို့သခင်ဘုရား အဖြစ်နှင့် အပြစ်လွှတ်ခြင်းရဖို့ ဝန်ခံပြောဆိုစေရန် လုပ်ရမည် မဟုတ်ကြောင်း၊ သို့သော် တပည့်တော်ဖြစ်စေခြင်းကို လုပ်ပေးရမည်ဖြစ်သည်။ သို့သော်လည်း ပထမနစ်ခုသည် အလွန်အရေးပါသော အကြောင်းများ ဖြစ်သဖြင့်၊ ၎င်းတို့ကို ကျွန်ုပ် လုံးဝတန်ဖိုးလျှော့ချပစ်နေသည် မဟုတ်ပါ။ ယခု ပြောလိုသည့် အမှန်ရည်ရွယ်ချက်သည် ဒုတိယမွေးဖွားခြင်း အလွန်ကိုသွားရန်၊ ရင့်ကျက်ခြင်းဆီသို့ တက်လှမ်းရန် ဖြစ်သည်။ တပည့်တော် တစ်ယောက်ဖြစ်သော ခရစ်ယာန်တစ်ယောက်၏ ပန်းတိုင်သည် သွား၍ အခြားသူများကို တပည့်တော် ဖြစ်စေခြင်း ဖြစ်သင့်၏။

ယေရှုသည် ကျွန်ုပ်တို့ကို သွား၍ တပည့်တော်ဖြစ်စေရန်၊ ရင့်ကျက်မှုဆီသို့ လူတွေကို မြှင့်တင်ပေးရန်၊ ပြန်လည်ဖြစ်ပွားစေရန် မိန့်တော်မူပါသည်။ ကျွန်ုပ်တို့၏ အသင်းတော်များသည် ဤအလုပ်ကို ယနေ့ ပြီးအောင် မလုပ်နိုင်ဘဲ ဖြစ်နေသည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်ဘုန်တော်ကြီးနှင့် သင်းအုပ်ဟု ကျွန်ုပ်တို့ခေါ်ဆိုချင်နေသော ဒုတိယ မွေးဖွားခြင်းရလာသူတို့အတွက် တာဝန်ရှိမှုများကို တင်ပေးနေကြသည်။ ကျွန်ုပ်တို့၌ ခရီးသွားလာနေကြသည့် ဧဝံဂေလိဆရာများရှိသည်။ *ခရူးဆိတ်* တရားဟောပွဲကြီးများ ကျင်းပကြသည်။ သခင်ဘုရားအတွက် ဆုံးဖြတ်ချက်ချကြသော လူထောင်သောင်းများစွာကိုလည်း မြင်ရကြသည်။ အချို့လူတွေ တကယ့်ဒုတိယ မွေးဖွားခြင်းအမှန် မရကြသေးသူများလည်း စိတ်ခံစားမှုအတွေ့အကြုံတော့ ရလိုက်သည်။ ဒုတိယ မွေးဖွားခြင်းအမှန် ရပြီးကြသူများသည် ဘုရားသခင်နှင့် ဆက်ဆံရေးတစ်ခု ရကြမည်ကို ကျွန်ုပ် အသေအချာ ပြောနိုင်သည်။ သို့ပါသော်လည်း အချိန်အများဆုံး၌ ရှေ့ဆက်သွားဖို့ အလေးထားခြင်းနှင့် တပည့်တော် ဖြစ်စေခြင်းများ မတွေ့ရခြင်း ဖြစ်သည်။ ၎င်းသည် ဘုရားသခင် ကြံစည်ထားသော လမ်း ကြောင်းတစ်ခု မဟုတ်ပါ။

ဤအကြောင်းကို ကလေးများကိုချစ်သော လူတစ်ယောက်နှင့် ကျွန်ုပ် နှိုင်းယှဉ်ပြပါမည်။ သူသည် ကလေးတစ်ယောက်ရဖို့၊ ထိုအတွက် စိတ်လှုပ်ရှားရဖို့အတွက်နှင့် လုံးဝတာဝန် မသိတတ်မှု ရှိနေလိမ့်မည်။ သို့သော် ကလေးမွေးဖွားလာသည်ကို မြင်ရသကဲ့သို့ တစ်ခုတည်းသာ ရှိနိုင်သည်။ သင်သည် ကလေးရလာသောအခါ၊ ကလေးကို သွန်သင်ရန်၊ ကျွေးမွေးပြုစုရန် တာဝန်ကို ယူရပါလိမ့်မည်။ လူတွေကို ကျွန်ုပ်တို့ ပြောတတ်ပါသည်။ "အဓိကအချက်က ဒုတိယမွေးဖွားခြင်း ရရမယ်။ ယေရှုကို သခင်အဖြစ် ဝန်ခံရမယ်။" ထိုသို့ ဖြစ်ပြီးသည်နှင့်၊ သူတို့ကို နောက်ပို့လိုက်ပြီး ပြောမည်။ "အခု မင်းတို့ ခရစ်ယာန်ဖြစ်ပြီ၊ ဘုရားကို ယုံကြည်၊ ကျမ်းစာသင်၊ အားလုံးအဆင်ပြေ သွားမှာပါ။" ဤသည်မှာ ဘုရားသခင် အလေးထားမှု တစ်ခု မဟုတ်ပါ။

ဤအကြောင်းနှင့် ကျွန်ုပ်တို့ ထုတ်လုပ်လိုက်သည့် လူများစွာသည် သခင်ဘုရားထံ ဆက်ကပ်ရန် အလိုက်သည်းလိုက် ရှိကြပါသော်လည်း၊ ရင့်ကျက်မှု မရှိကြပါ။ သူတို့သည် သူတို့၏ ယုံကြည်ခြင်းကို ပြန်လည်မျိုးမပွားစေနိုင်ပါ။ အကြောင်းမှာ၊ သူတို့ကို အကူအညီ ပေးမည့် ပစ္စည်းများ သူတို့၌ မရှိကြ။ ယေရှုအတွက် အကောင်းဘက် သက်သေခံ ပေးရမည့်အစား၊ သူတို့သည် မကောင်းသော သက်သေခံများ အမှန်တကယ် ဖြစ်လာကြသည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော် ရည်ရွယ်သည်မှာ၊ ကျွန်ုပ်တို့သည် သွား၍ လူတွေကို အရည်အချင်းပြည့် တပည့်တော် ဖြစ်လာစေသည့်နည်းလမ်းဖြင့် သူတို့ဆီ ရောက်ရှိရန်ဖြစ်ပြီး၊ သူတို့သည်လည်း အခြားသူများ၌ သူတို့ ၏ယုံကြည်ခြင်းကို ပြန်လည်မျိုးပွားနိုင်စေရမည် ဖြစ်သည်။

အကယ်၍ သင်သည် ခြောက်လတိုင်း လူတစ်ယောက်ကို သခင်ဘုရားဆီသို့ ဦးဆောင် ပို့နိုင်ပါလျှင်၊ သင့်ကိုယ်တိုင်က သီးခြားနေ၍သူ့ကို သူ၏ယုံကြည်ခြင်း ပြန်လည်မျိုးပွားစေနိုင်သော ရင့်ကျက်သော ခရစ်ယာန်ဖြစ်လာသည့်အဆင့်အထိ တပည့်တော်ဖြစ်စေခြင်းကို သွန်သင်ပေး သွားနိုင်လျှင်၊ ခြောက်လအဆုံးတွင် သင်အပါအဝင် ခရစ်ယာန်နှစ်ယောက် ရှိလာပါလိမ့်မည်။ ထို့နောက် သင်တို့တစ် ယောက်ချင်းစီက လူတစ်ယောက်စီကို သခင်ဘုရားဆီသို့ ဦးဆောင်ပို့ပေးပြီး၊ သင်တို့ကိုယ်တိုင်သည် သီးခြားနေ၍ နောက်ခြောက်လအတွင်း သူတို့အား တပည့်တော် ဖြစ်စေခြင်းကို သွန်သင်ပေးသွားကြပါလျှင်၊ တစ်နှစ်အဆုံး၌ ခရစ်ယာန်(၄)ယောက် ဖြစ်လာပါ လိမ့်မည်။ ဤအရေအတွက်သည် ခရူးဆိတ်တရားပွဲ၌ လူတစ်ထောင်ကို ယေရှုကိုဝန်ခံစေ၍ သခင်ဘုရားဆီသို့ ဦးဆောင်ပို့ပေးခြင်းနှင့် မနှိုင်းယှဉ်သာပါ။ လူအတော်များများကလည်း ပြောကြ လိမ့်မည်။ "ဒီလိုဆို၊ တပည့်တော်ဖြစ်စေခြင်း စနစ်က တစ်နှစ်မှာ(၄)ယောက် လောက်ကိုပဲ လုပ်နိုင်တယ်၊ တခြားစနစ်က လူတစ်ထောင် ပြောင်းလဲအောင် လုပ်နိုင်တယ်ဆိုရင်၊ တခြားစနစ်နဲ့ပဲ လုပ်သွား ရမှာပေါ့။" လူတစ်ထောင်ကို သခင်ဘုရားဆီ ပို့ပေးနိုင်သောသူသည် လူ ၃,၅၀၀ ကိုလည်း ပို့ပေးနိုင်ပါသည်။ ကောင်းပါတယ်။ ဘယ်သူမျှ မငြင်းနိုင်ပါဘူး။ ဒါပေမဲ့ ကမ္ဘာ့လူဦးရေနှင့် နှိုင်းယှဉ်ကြည့်ရင် ရေဆွဲပုံးအထဲ ရေတစ်စက် ချသလိုပါပဲ။ အခြေခံအားဖြင့် ၎င်းသည် အသင်း တော်များ အလုပ်လုပ်နေကြတဲ့နည်းလမ်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည် တပည့်တော် ဖြစ်စေခြင်းကို အလေးအနက် လုပ်သွားပါလျှင် လူတစ်ယောက်က (၆) လတိုင်း လူတစ်ယောက်ကို သခင်ဘုရားဆီ ဦးဆောင်ပို့ပေး သွားပြီးနောက်၊ ထို နှစ်ယောက်သည် နောက်(၆)လတွင် အလားတူ ဆက်လက် လုပ်ဆောင်သွားပါလျှင်၊ (၁၂)နှစ်ခွဲ အချိန် ပိုပိုသာသာလေးမှာ၊ ကမ္ဘာ့လူဦးရေထက်ကျော်ပြီး သူတို့ ဇဂ်ဂေလိ လုပ်သွားနိုင် ပါလိမ့်မည်။ မဖြစ်နိုင်ပါဟု တချို့တွေးနေလိမ့်မည်။ တွက်ချက်ကြည့်ဖို့ သင့်ကို ကျွန်ုပ် စိန်ခေါ်ပါတယ်။ ကျွန်ုပ် ဆတိုးပွား တွက်ချက်ကြည့်ပါသည်။ (၁၂)ခွဲ ကျော် ကျော်လေးမှာ (၆)လပြည့်တိုင်း လူတစ်ယောက်ကို တစ်ယောက်က တပည့်တော်ဖြစ်စေခြင်းဖြင့် ခရစ်တော်၏ ခန္ဓာကိုယ် အဖွဲ့ဝင်အဖြစ် ပြန်လည်မျိုး ပွားစေခြင်းကို သူတို့က တိုးပွားလုပ်ဆောင်သွားကြသည်မှာ၊ လူဦးရေ(၅.၅)ဘီလီယံကို ဇဂ်ဂေလိ လုပ်သွားနိုင်ပြီး၊ အခြားနည်းစနစ်က လူဦးရေ(၁၂,၅၀၀)လောက်ကိုသာ လုပ်နိုင်၍ ယှဉ်ကြည့်နိုင်သည်။

အကယ်၍ ကျွန်ုပ်တို့က သင့်ကိုယူပြီး အောင်မြင်ခြင်းအတွေ့အကြုံနှင့် သင်ကိုယ်တိုင်၏ ရင့်ကျက်မှုကိုသာမက၊ သင်သည် သွား၍ တခြားသူများကို ပြန်လည်မျိုးပွားစေခြင်းအတွက်ဆန္ဒရှိသည်ဆိုပါလျှင် သင်သည် သင်တန်းသားထက် သင်တန်းပေးသူတစ်ယောက်ဖြစ်လာသည်ဆိုပါလျှင် အကယ်၍ လူတစ်ယောက်တည်းက ဤအမြင်သဘောထားကို ကိုင်စွဲလုပ်ဆောင်သွားပါလျှင်

ရင့်ကျက်မှုဖြင့်သခင်ဘုရားနောက်လိုက်ပါပြီး၊ အခြားလူတစ်ယောက်ကို စတင်၍တပည့်တော် ဖြစ်စေခြင်း လုပ်သွားပါလျှင်၊ ဤတွင် ဖြစ်လာနိုင်သည့် ကိစ္စတချို့ ရှိပါသည်။ အကယ်၍ သင်သည် လူတစ်ယောက်ကိုသာ လုပ်သွားနိုင်လျှင်၊ တစ်နှစ်အကုန်တွင်၊ သင်နှင့်သင်က တပည့်တော် ဖြစ်စေပြီးသူ အပါအဝင် (၂)ယောက် ရှိလာမည်။ (၂)နှစ်ပြည့်လျှင် (၄)ယောက် ရှိလာမည်။ သင်တို့သည် ဤနည်းစနစ်နောက် သို့ ဆက်လက်လိုက်ပါသွားလျှင်၊ (၁၀)နှစ် အကုန်တွင် တပည့်တော်ပေါင်း (၁,၀၂၄)ယောက်သည်၊ ပြန်လည်မျိုးပွားစေသည့် ခရစ်တော်၏ ခန္ဓာကိုယ်အဖွဲ့ဝင်များ ဖြစ်လာကြပါသည်။ မူလက လူတစ်ယောက်တည်းနှင့်သာ လက်ခံ ဆောင်ရွက်ခြင်းဖြင့် အကယ်၍ သင် တို့သည် ဆက်လက်လုပ်သွားပါလျှင်၊ နှစ်(၂၀)အကြာတွင် တပည့်တော်ပေါင်း တစ်သန်းကျော်ရှိလာလိမ့်မည်။ အံ့သြဖွယ်ကောင်း လေစွ။ ဤအရာသည် သခင်ဘုရား ထူထောင်ခဲ့သည် ဆတိုးပွားစေသည့်နည်းစနစ်ဖြစ်သည်။ သင်တို့သည် သွား၍ တပည့်တော် ဖြစ်စေခြင်းဖြစ်သည်။ သင်တို့သွား၍ ပြောင်းလဲသူများ လုပ်ရန် မဟုတ်ပါ။ လူတွေဆီ သွား၍ ဘုရားသခင့်နိုင်ငံတော် ကျယ်ပြန့်စေရန် အလွန်ကောင်းသော နည်းစနစ် ဖြစ်၏။ သို့သော်လည်း ကျွန်ုပ်တို့၏သဘောထားသည် အမြန်စည်းရုံးမှုအတွက်သာ ကြည့်တတ်ကြ သည်။

လူဘယ်လောက်များများက ဒေါသမကုန်ဆုံး၊ မုန်းတီးခြင်းနှင့်ငြူစူခြင်း ရှိနေ သေးလျက်၊ မကောင်းသောသက်သေခံ ဖြစ်နေသည့်တိုင် ခရူးဆိတ်တရားပွဲကြီးသို့သွား၍ ဆက်ကပ်မှုပြုပြီး၊ ခရစ်ယာန်များဖြစ်ကြောင်းကို ကြေညာယူကြပါသနည်း။ အကယ်၍ကျွန်ုပ်တို့ စာရင်းကောက်ကြည့်မည်ဆိုလျှင် မှန်သော ဧဝံဂေလိတရားမှ ထွက်ခွါသွားသူ လူ ဘယ်လောက် များများ ရှိနေမည်ကို သိလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန် ဖြစ်ကြောင်း ကြေညာသော လူတစ်ယောက်ယောက်က "ငါဟာ အသင်းတော်ထဲမှာရှိတဲ့ ကြောင်သူတော် တွေထက် ပိုသာတယ်၊ အသင်းတော်ကို ငါသွားစရာမလို "ဟု တွေးနေသည်ကို သူတို့ တွေ့ရလိမ့်မည်။

တပည့်တော်ဖြစ်စေခြင်းအတွက် ဤတင်ပြချက်တစ်ခုလုံးသည် တစ်လောကလုံးကို ဧဝံဂေလိ ဟောပြောရန် ဘုရားသခင် အတည်ပြုပေးထားသည့် နည်းစနစ်ဖြစ်ပါသည်။ သင်သည် နှုတ်ကပတ်တရားအတိုင်း ဆက်လက် မလုပ်ဆောင်မချင်း၊ သမ္မာတရားသည် သင့်ကို လွတ်မြောက်စေမည် မဟုတ်ပါ။(ယော ၈း၃၁-၃၂) ၎င်းမှာ လူတိုင်းကို ဘုရားသခင်အလိုတော် ရှိသဖြင့် ကိုယ်တော်၏ ပြည့်ဝခြင်းကို သူတို့ကြုံတွေ့ရနိုင်သည်။ ၎င်းသည် ကိုယ်တော် ချမှတ်ပေးခဲ့သည့် ဧဝံဂေလိပြုခြင်း နည်းစနစ်လည်း ဖြစ်သည်။ ဤနည်းလမ်းကို လုပ်ရန်မဖြစ်ကြောင်းနှင့် အခြား နည်းစနစ်နှင့် အစားထိုးလုပ်ရန်ဆုံးဖြတ်သူ မည်သူမဆိုသည် အလုပ်ဖြစ်မည် မဟုတ်ပါ။

တပည့်တော်ဖြစ်စေခြင်း၏တန်ဖိုးကို သင့်အား ပြသရန်၊ ဘုရားသခင်သည် သင့်စိတ်နှလုံးသို့ စကားပြောပါမည့်အကြောင်း ကျွန်ုပ် ဆုတောင်းပါ၏။ သင်တို့သည် တပည့်တော်ဖြစ်လာပြီး၊ အခြားသူကို တပည့်တော်ဖြစ်စေသူတစ်ယောက်အဖြစ် ဆက်လက်လုပ် ဆောင်သွားပါရန် ကျွန်ုပ် အားပေးတိုက်တွန်းပါသည်။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ သင့်ကို တအံ့တသြ သိစေလိုသည်မှာ၊ ယေရှုသည် လူတစ်ယောက်ကို "ခရစ်ယာန်"ဖြစ်လာရန် ဘယ်တော့မှ မခေါ်ယူပါ။ အတိအကျပြောရရင်၊ ကိုယ်တော်ခေါ်ယူခြင်းသည် လူတွေ "တပည့်တော်များ" ဖြစ်လာရန်အတွက် ဖြစ်သည်။ (မဿဲ၊ မာကု၊လုကာ၊ ယောဟန်) ခရစ်ဝင်ကျမ်းများအထဲ၌ ရှာကြည့်ပါ။ ယေရှု၏ တပည့်တော်အဖြစ် ခေါ်ယူတော်မူခြင်းကို ပြသော၊ သင်ရနိုင်သမျှ ကျမ်းချက်များကိုရှာ၍ စာရွက်လွတ် တစ်ရွက်အပေါ်မှာ စာရင်း ရေးချပေးပါ။

၂။ တမန်တော်ဝတ္ထုထဲ၌ "ခရစ်ယာန်များဖြစ်လာကြရန် လူတွေ ဖိတ်ခေါ်ခံရသည် မဟုတ်ဘဲ ထိုအစား၊ "တပည့်တော်များ" ဖြစ်လာရန် သူတို့ ခေါ်ယူခံခဲ့ရသည်။ တမန်တော်ဝတ္ထုထဲမှာ တောက်လျှောက် ရှာကြည့်ပါ။ ယေရှု၏ တပည့်တော်အဖြစ် ခေါ်ယူတော်မူခြင်းကိုပြသော၊ သင်ရနိုင်သမျှ ကျမ်းချက်များကိုရှာ၍ စာရွက်လွတ် တစ်ရွက်အပေါ်မှာ စာရင်း ရေးချပေးပါ။

၃။ သမ္မာကျမ်းစာထဲတွင်၊ "တပည့်တော်"စကားလုံးကို စုစုပေါင်း(၂၇၃)ကြိမ် အသုံးပြုထားသည်။ ကျမ်းစာအုပ်တစ်အုပ်လုံးတွင်၊ "ခရစ်ယာန်စကားလုံးကို စုစုပေါင်း(၃)ကြိမ်သာ သုံးထား ပါသည်။" ကျမ်းချက်အထဲ သုံးထားသည့် "ခရစ်ယာန်" စကားလုံး အသုံး (၃)ကြိမ်ကို စာရွက်လွတ် တစ်ရွက်အပေါ်တွင် စာရင်းရေးချပေးပါ။

၄။ (မဿဲ ၁ဝး၂၅)ကို ဖတ်ပါ။ ဤကျမ်းချက်အရ တပည့်တော်တစ်ယောက်ဆိုသည်မှာ ဘာလဲ။

**မဿဲ ၁၀း၂၅** - *"တပည့်သည် ဆရာကဲ့သို့ငှင်း၊ ကျွန်သည် သခင်ကဲ့သို့ငှင်း ဖြစ်လျှင်၊ သင့်လောက်ပေ၏။ အိမ်ရှင်ကို ဗေလဇေဗုလ ဟု ခေါ်ဝေါ်ကြလျှင်၊ အိမ်သူအိမ်သားတို့ကို သာ၍ ခေါ်ဝေါ်ကြလိမ့်မည်။"*

၅။ (လုကာ ၁၄း၂၆)ကို ဖတ်ပါ။ ယေရှု၏တပည့်တော်တစ်ယောက် ဖြစ်ရခြင်းအဓိပ္ပာယ်သည်၊ သူတစ်ပါးဘဝတစ်ခုလုံးအတွက် လူတစ်ယောက်၏ဘဝကို အကန့်အသတ်မဲ့ ပူဇော်ခြင်း ဖြစ်သည်။ မှန်သလား၊ မှားသလား။

**လုကာ ၁၄း၂၆** - *"အကြင်သူသည် ငါ့ထံသို့လာ၍ မိဘ၊ သားမယား၊ ညီအစ်ကို၊ နှမတို့ကိုငှင်း၊ ထိုမျှမက မိမိအသက်ကိုငှင်း မမုန်း၊ ထိုသူသည် ငါ့တပည့် မဖြစ်နိုင်ရာ။*

၆။ (လုကာ ၁၄း၃၃)ကို ဖတ်ပါ။ အနည်းဆုံး အချို့ကိစ္စများ၌ ယေရှု၏တပည့်တော်တစ်ယောက် ဖြစ်ရခြင်းအဓိပ္ပာယ်သည် ယေရှုကို ပထမနေရာ ထားရန်အတွက် အရာရာကို တိုက်ရိုက် စွန့်လွှတ်ရခြင်း ဖြစ်၏။ မှန်သလား၊ မှားသလား။

**လုကာ ၁၄း၃၃** - *"ထိုနည်းတူ၊ သင်တို့တွင် အကြင်သူသည် မိမိရှိသမျှကို မစွန့်ဘဲနေ၏။ ထိုသူသည် ငါ့တပည့် မဖြစ်နိုင်ရာ။"*

၇။ (မဿဲ ၁၉း၂၉)ကိုဖတ်ပါ။ ယေရှုအတွက်၊ အိမ်၊ ညီအစ်ကို၊ မောင်နှမ၊ အဖေ၊ အမေ၊ ဇနီးမယား၊ ကလေး (သို့မဟုတ်) မြေယာတို့ကို စွန့်လွှတ်သောသူတိုင်းသည်၊ အဆတစ်ရာမက များစွာတို့ကို လက်ခံရရှိလိမ့်မည်။ ထာဝရအသက်ကိုလည်း အမွေခံရလိမ့်မည်။ မှန်သလား၊ မှားသလား။

**မဿဲ ၁၉း၂၉** - *"အကြင်သူသည် ငါ၏နာမကြောင့်၊ အိမ်၊ လယ်၊ ညီအစ်ကို၊ နှမ၊ မိဘ၊ သားမယားတည်းဟူသော တစ်ပါးပါးကိုစွန့်၏။ ထိုသူသည် အဆတစ်ရာသော အကျိုးကိုရ၍ ထာဝရအသက်ကို အမွေခံရလတံ့။"*

၈။ (တမန်တော် ၁၄း၂၂)ကို ဖတ်ပါ။ တပည့်တော်သည် ယုံကြည်ခြင်း၌ ဆက်သွားရန် လိုသည်။ မှန်သလား၊ မှားသလား။

**တမန်တော် ၁၄း၂၂** -*"ထိုသို့ ပြန်ကြစဉ်၊ တပည့်တော်များ၏ စိတ်နှလုံးကို မြဲမြံခိုင်ခံ့ စေသဖြင့်၊ ယုံကြည်ခြင်း၌ တည်ကြည်မည် အကြောင်း နှိုးဆော်ချီးပင့်၍၊ ငါတို့သည် များပြားသော ဆင်းရဲဒုက္ခကိုခံ၍ ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရကြ မည်ဟု ဟောပြောပြည့်သွန်ကြ၏။"*

၉။ (ဟေဗြဲ ၁၀း၁၄)ကို ဖတ်ပါ။ အမှန်တကယ်ကန့်ကွက်ချက်မှာ လူတချို့ သမ္မာကျမ်းစာ ဖတ်ရှုပြီး တပည့်တော်ဖြစ်ခြင်းကို အလေးထားခြင်းသည် "ခရစ်ယာန်" တစ်ယောက်ဖြစ်ရန် ကြိုးပမ်းမှုမလိုအပ် (ကျေးဇူးတော်ကြောင့်) သော်လည်း "တပည့်တော်"တစ်ယောက် ဖြစ်ဖို့အတွက် တကယ့်ပူဇော်ခြင်း၊ ဆက်ကပ်ခြင်း လိုအပ်ကြောင်း ဖြစ်၏။ အမှန်တရားသည် ခရစ်တော်၏ရွေးနုတ်ခြင်း အရ ကျွန်ုပ်တို့အပိုင်းက ဘာမျှကြိုးပမ်းမှု မလိုအပ်ပါ။ ၎င်းသည် ပြည့်စုံပြီး ကျွန်ုပ်တို့အနေနှင့် ကြိုးပမ်းခြင်း မလိုအပ်ပါ။ သို့သော် ခရစ်တော် ခေါ်ယူတော်မူခြင်းသည် ကျွန်ုပ်တို့ဘဝတစ်ခုလုံးနှင့် အကြွင်းမဲ့အတွက် အမြဲ ဖြစ်ရပါမည်။ မှန်သလား၊ မှားသလား။

**ဟေဗြဲ ၁၀း၁၄** - *"အကြောင်းမူကား၊ စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကို ရစေခြင်းငှါ၊ တစ်ခါတည်းပူဇော်ခြင်း အားဖြင့် ပြုတော်မူ၏။"*

၁၀။ (တမန်တော် ၁၁း၂၆)ကို ဖတ်ပါ။ ခရစ်တော် ခေါ်ယူတော်မူခြင်းသည် အချို့၌ လောကီရေးရာတွင် နောက်ချန်နေသော ခရစ်ယာန်များဖြစ်ရန်နှင့် အချို့ ၌ တပည့်တော် ဖြစ်ရန် ဆိုပြီး ယုံကြည်သူ နှစ်မျိုးနှစ်စားအတွက် မဟုတ်။ တကယ့်အဖြစ်မှန်သည် ခရစ်ယာန် နှင့် တပည့်တော်သည် အတူတူပဲ ဖြစ်သည်။ မှန်သလား၊ မှားသလား။

**တမန်တော် ၁၁း၂၆** -*"ထိုသူတို့သည် တစ်နှစ်ပတ်လုံး ထိုအသင်းတော်နှင့်အတူ စည်းဝေး၍၊ လူများအပေါင်းတို့အား ဆုံးမဩဝါဒပေး ကြ၏။ တပည့်တော်တို့သည်လည်း ခရစ်ယာန်ဟူသော ခေါ်ဝေါ်သမုတ်ခြင်းကို အန္တိအုတ်မြို့ ၌ အဦးခံရကြ၏။"*

၁၁။ (မဿဲ ၂၈း၁၉)ကို ဖတ်ပါ။ ယုံကြည်သူတို့အတွက် ယေရှု၏ မိန့်တော်မူခြင်းသည် သွား၍ ဖြစ်စေရန်ဆိုသည်မှာ၊

(က) တပည့်တော်များ
(ခ) လူမျိုးတကာ၏ ပြောင်းလဲသူများ

**မဿဲ ၂၈း၁၉ -** *"သင်တို့ သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။"*

၁၂။ (မဿဲ ၂၈း၂၀)ကို ဖတ်ပါ။ ယုံကြည်သူများသည် ယေရှုမိန့်တော်မူသော အရာအားလုံးကို အခြားသူတို့အား သွန်သင်ပေးရန် ဖြစ်သည်။ မှန်သလား၊ မှားသလား။

**မဿဲ ၂၈း၂၀ -** *"ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒ ပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။"*

၁၃။ (ယော ၁း၁၂)ကို ဖတ်ပါ။ ယေရှုသည် ကိုယ်တော်၏ အကျိုးကျေးဇူးများကို ပေးကမ်းသည်။ (အပြစ်ခွင့်လွှတ်ခြင်း၊ ဖြောင့်မတ်ခြင်းစသည်ဖြင့်) သို့သော် ကိုယ်တော့် ပုဂ္ဂိုလ်ဖြစ်ခြင်းကို ရယူခြင်း မရှိစေပါ။ မှန်သလား၊ မှားသလား။

**ယော ၁း၁၂ -** *"ထိုသူကို လက်ခံသမျှသောသူ တည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား ဘုရားသခင်၏သား ဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။"*

# အဖြေ သော့ချက်

၁။ သင့်ကို တအံ့တသြ သိစေလိုသည်မှာ ယေရှုသည် လူတစ်ယောက်ကို "ခရစ်ယာန်" ဖြစ်လာရန် ဘယ်တော့မှ မခေါ်ယူပါ။ အတိအကျပြောရရင် ကိုယ်တော်ခေါ်ယူခြင်းသည် လူတွေ "တပည့်တော်များ" ဖြစ်လာရန်အတွက် ဖြစ်သည်။ (မဿဲ၊ မာကု၊ လုကာ၊ ယောဟန်) ခရစ်ဝင်ကျမ်းများအထဲ၌ ရှာကြည့်ပါ။ ယေရှု၏ တပည့်တော်အဖြစ် ခေါ်ယူတော်မူခြင်းကို ပြသော သင်ရနိုင်သမျှ ကျမ်းချက်များကိုရှာ၍ စာရွက်လွတ် တစ်ရွက်အပေါ်မှာ စာရင်း ရေးချပေးပါ။

၂။ တမန်တော်ဝတ္ထုထဲ၌ "ခရစ်ယာန်များဖြစ်လာကြရန် လူတွေ ဖိတ်ခေါ်ခံရသည် မဟုတ်ဘဲ၊ ထိုအစား "တပည့်တော်များ" ဖြစ်လာရန် သူတို့ ခေါ်ယူခံခဲ့ရသည်။ တမန်တော်ဝတ္ထုထဲမှာ တောက်လျှောက် ရှာကြည့်ပါ။ ယေရှု၏ တပည့်တော်အဖြစ် ခေါ်ယူတော်မူခြင်းကိုပြသော၊ သင်ရနိုင်သမျှ ကျမ်းချက်များကိုရှာ၍ စာရွက်လွတ် တစ်ရွက်အပေါ်မှာ စာရင်း ရေးချပေးပါ။

၃။ သမ္မာကျမ်းစာထဲတွင် "တပည့်တော်"စကားလုံးကို စုစုပေါင်း(၂၇၃)ကြိမ် အသုံးပြုထားသည်။ ကျမ်းစာအုပ်တစ်အုပ်လုံးတွင် "ခရစ်ယာန်စကားလုံးကို စုစုပေါင်း(၃)ကြိမ်သာ သုံးထား ပါသည်။" ကျမ်းချက်အထဲ သုံးထားသည့် "ခရစ်ယာန်" စကားလုံး အသုံးအနှုန်း (၃)ကြိမ်ကို စာရွက်လွတ် တစ်ရွက်အပေါ်တွင် စာရင်းရေးချပေးပါ။
**တမန်တော် ၁၁း၂၆ / တမန်တော် ၂၆း၂၈ / ၁ ပေ ၄း၁၆**

၄။ (မဿဲ ၁၀း၂၅)ကို ဖတ်ပါ။ ဤကျမ်းချက်အရ တပည့်တော်တစ်ယောက်ဆိုသည်မှာ ဘာလဲ။
**တပည့်တော်တစ်ယောက်သည် သူ့ဆရာ (သို့မဟုတ်) သူ့သခင်နည်းတူ ဖြစ်လာသော သူတစ်ယောက် ဖြစ်၏။**

၅။ (လုကာ ၁၄း၂၆)ကို ဖတ်ပါ။ ယေရှု၏တပည့်တော်တစ်ယောက် ဖြစ်ရခြင်းအဓိပ္ပာယ်သည် သူတစ်ပါး ဘဝတစ်ခုလုံးအတွက် လူတစ်ယောက်၏ဘဝကို အကန့်အသတ်မဲ့ ပူဇော်ခြင်း ဖြစ်သည်။ မှန်သလား၊ မှားသလား။
**မှန်သည်။**

၆။ (လုကာ ၁၄း၃၃)ကို ဖတ်ပါ။ အနည်းဆုံး အချို့ကိစ္စများ၌ ယေရှု၏တပည့်တော် တစ်ယောက် ဖြစ်ရခြင်း အဓိပ္ပာယ်သည်၊ ယေရှုကို ပထမနေရာထားရန်အတွက် အရာရာကို တိုက်ရိုက် စွန့်လွှတ်ရခြင်းဖြစ်၏။ မှန်သလား၊ မှားသလာ။
**မှန်သည်။**

၇။ (မဿဲ ၁၉း၂၉)ကိုဖတ်ပါ။ ယေရှုအတွက်၊ အိမ်၊ ညီအစ်ကို၊ မောင်နမ၊ အဖေ၊ အမေ၊ ဇနီးမယား၊ ကလေး (သို့မဟုတ်) မြေယာတို့ကို စွန့်လွှတ်သောသူတိုင်းသည် အဆတစ်ရာမက များစွာတို့ကို လက်ခံရရှိလိမ့်မည်။ ထာဝရအသက်ကိုလည်း အမွေခံရလိမ့်မည်။ မှန်သလား၊ မှားသလား။
**မှန်သည်။**

၈။ (တမန်တော် ၁၄း၂၂)ကို ဖတ်ပါ။ တပည့်တော်သည် ယုံကြည်ခြင်း၌ ဆက်သွားရန် လိုသည်။ မှန်သလား၊ မှားသလား။
**မှန်သည်။**

၉။ (ဟေဗြဲ ၁၀း၁၄)ကို ဖတ်ပါ။ အမှန်တကယ်ကန့်ကွက်ချက်မှာ လူတချို့ သမ္မာကျမ်းစာဖတ်ရှုပြီး၊ တပည့်တော်ဖြစ်ခြင်းကို အလေးထားခြင်းသည် "ခရစ်ယာန်" တစ်ယောက်ဖြစ်ရန် ကြိုးပမ်းမှုမလိုအပ် (ကျေးဇူးတော်ကြောင့်) သော်လည်း၊ "တပည့်တော်"တစ်ယောက်ဖြစ်ဖို့အတွက် တကယ့်ပူဇော်ခြင်း၊ ဆက်ကပ်ခြင်း လိုအပ်ကြောင်း ဖြစ်၏။ အမှန်တရားသည် ခရစ်တော်၏ ရွေးနုတ်ခြင်းအရ ကျွန်ုပ်တို့အပိုင်းက ဘာမျှ ကြိုပမ်းမှု မလိုအပ်ပါ။ ၎င်းသည် ပြည့်စုံပြီး၊ ကျွန်ုပ်တို့အနေနှင့် ကြိုးပမ်းခြင်း မလိုအပ်ပါ။ သို့သော်ခရစ်တော်ခေါ်ယူတော်မူခြင်းသည် ကျွန်ုပ်တို့ဘဝတစ်ခုလုံးနှင့် အကြွင်းမဲ့အတွက် အမြဲ ဖြစ်ရပါမည်။ မှန်သလား၊ မှားသလား။
**မှန်သည်။**

၁၀။ (တမန်တော် ၁၁း၂၆)ကို ဖတ်ပါ။ ခရစ်တော် ခေါ်ယူတော်မူခြင်းသည် အချို့၌ လောကီ ရေးရာတွင် နောက်ချန်နေသော ခရစ်ယာန်များဖြစ်ရန် နှင့် အချို့၌ တပည့်တော်ဖြစ်ရန် ဆိုပြီး၊ ယုံကြည်သူ နှစ်မျိုးနှစ်စားအတွက် မဟုတ်။ တကယ့်အဖြစ်မှန်သည် ခရစ်ယာန် နှင့် တပည့်တော်သည် အတူတူပဲ ဖြစ်သည်။ မှန်သလား၊ မှားသလား။
**မှန်သည်။**

၁၁။ (မဿဲ ၂၈း၁၉)ကို ဖတ်ပါ။ ယုံကြည်သူတို့အတွက် ယေရှု၏ မိန့်တော်မူခြင်းသည် သွား၍ ဖြစ်စေရန်ဆိုသည်မှာ၊_
(**က**) **တပည့်တော်များ**

၁၂။ (မဿဲ ၂၈း၂၀)ကို ဖတ်ပါ။ ယုံကြည်သူများသည် ယေရှုမိန့်တော်မူသော အရာအားလုံးကို အခြားသူတို့အား သွန်သင်ပေးရန် ဖြစ်သည်။ မှန်သလား၊ မှားသလား။
**မှန်သည်။**

၁၃။ (ယော ၁း၁၂)ကို ဖတ်ပါ။ ယေရှုသည် ကိုယ်တော်၏ အကျိုးကျေးဇူးများကို ပေးကမ်းသည်။ (အပြစ်ခွင့်လွှတ်ခြင်း၊ ဖြောင့်မတ်ခြင်းစသည်ဖြင့်) သို့သော် ကိုယ်တော့် ပုဂ္ဂိုလ်ဖြစ်ခြင်းကို ရယူခြင်း မရှိစေပါ။ မှန်သလား၊ မှားသလား။
**မှန်သည်။**

## သင်ခန်းစာ (၁၅)

# သက်သေခံချက်ကို အသုံးပြုနည်း

ယနေ့ သင်တို့၏ကိုယ်တွေ့ သက်သေခံချက်နှင့်ပတ်သက်၍ပြောပါမည်။ (တမန်တော် ၅း၄၂) ၌ ဆိုထားသည်။ *"ဗိမာန်တော်၌၎င်း၊အိမ်၌၎င်း နေ့တိုင်းအစဉ်ဆုံးမသွန်သင်လျက်၊ ယေရှုသည် ခရစ်တော်ဖြစ်၏ ဟူ၍ ဧဝံဂေလိတရားကို မပြတ်ဟောပြောလျက် နေကြ၏။"* ကနဦးအသင်းတော် တပည့်တော်များသည် ဗိမာန်တော်၌ နေ့စဉ်နေ့တိုင်း စည်းဝေးကြသည်ကို သတိထားကြည့်ပါ။ ထို့ပြင် အိမ်တစ်အိမ်မှ တစ်အိမ်၌၎င်း၊ သူတို့သည် ယေရှုသည် ခရစ်တော်ဖြစ်၏ဟူ၍ သွန်သင်ခြင်း၊ ဟောပြောခြင်းတို့ကို မှန်မှန်ပြုလျက်နေကြ၏။ လူအတော်များများက အိမ်တစ်အိမ်မှ တစ်အိမ် (သို့မဟုတ်) တံခါးပေါက်တစ်ပေါက်မှ တစ်ပေါက်သို့ ဝင်ရောက်ချဉ်းကပ်ရမည်ကို သဘာဝမကျ၊ သက်သောင့်သက်သာမရှိ ခံစားရတတ် ကြသည်။ ကျွန်ုပ်သည် တပည့်တော်ဖြစ်စေခြင်းအတွက် တကယ်အပြင်ထွက်၍ လူနေအိမ် တံခါးများကို ဖွင့်ခြင်းနှင့် လူတွေပြောင်းလဲပြီး ခရစ်တော်ဆီသို့ ရောက်လာကြသည်များ မြင်ရခြင်းအကြောင်း အနည်းငယ် လေ့လာခဲ့ရသည်များကို ဝေမျှ ပေးလို ပါသည်။

၎င်းသည် သင်သိသလို ခက်ခဲလှနီးပါးကိစ္စ မဟုတ်ပါ။ ကျမ်းစာအထဲ ကျွန်ုပ်မြင်မိသည့် အကြောင်းအရာ တစ်ခုမှာ၊ တမန်တော်ရှင် ပေါလုသည် မပြောင်းလဲသူတို့နှင့် စကားပြောဆိုသည့်အခါ၊ သူ့ကိုယ်တွေ့ သက်သေခံချက်ကို(၃)ကြိမ် အသုံးပြုခဲ့သည်။ တမန်တော်ဝတ္ထုအခန်းကြီး- ၉၊၂၂ နှင့် ၂၆ တို့တွင် သူသည် မယုံကြည်သူများနှင့် စကား ပြောဆိုသည့်အခါတိုင်း သူ့သက်သေခံချက်၊ သူ့အတွေ့အကြုံနှင့် သူ့၌ဖြစ်ခဲ့သည့် အကြောင်းများကို ထုတ်ပြောခဲ့၏။ အခြားသူများသို့ ယေရှုခရစ်၏ သတင်းစကား ရောက်စေရန် ကျွန်ုပ်တို့ တွေ့ရသည့် အကောင်းဆုံးချဉ်းကပ်နည်း တစ်ခုမှာ "လမ်းလျှောက် ဆုတောင်းခြင်း" ဖြစ်သည်။ ကျွန်ုပ်တို့ အိမ်တံခါးပေါက်တစ်ခုသို့ သွားပြီး တံခါးခေါက်၍ သူတို့ကို ပြောရသည်။ "ဒီနယ်မြေအတွက် ကျွန်တော်တို့ ဆုတောင်းပေးနေကြတာပါ။ ဆုတောင်းခြင်းကို ဘုရားသခင် ကြားပြီး အဖြေပေးမယ်လို့ ကျွန်တော်တို့ ယုံကြည်တယ်။ ခင်ဗျားတို့ မိသားစုမှာ ပြဿနာ တစ်ခုခုရှိရင် ဥပမာ၊ ကျန်းမာ ရေးနဲ့ တခြားပြဿနာမျိုးတွေပေါ့၊ အဲဒါတွေကို ခင်ဗျားတို့အတွက် ကျွန်တော်တို့ ဆုတောင်းပေးရမလားလို့ပါ။" တစ်ခါတစ်ရံ သူတို့ ဖြေကြား တတ်ပါသည်။ "ကောင်းပြီလေ၊ အခက်အခဲတစ်ခု ရှိပါတယ်"လို့ဆိုပြီး၊ သူတို့ဆုတောင်းခံ ကြပါသည်။ အခြားအချိန်တွေမှာ အိမ်ရှင်တွေ သက်သောင့်သက်သာမဖြစ်၊ စိတ်ကသိကအောက် ဖြစ်ပြီး ပြန်ပြောလာပါသည်။ "မလိုပါဘူး။ ခုချိန်မှာ ကျုပ်တို့အတွက် ဘာ ဆုတောင်းချက်မျှ မလိုပါဘူး။" နောက်တော့ ကျွန်ုပ်တို့ရဲ့ ကိုယ်တွေ့ သက်သေခံချက်များကို သူတို့အား စတင်ပြောပြကြပါသည်။

ကျွန်ုပ်ပြောပြသည်။ "ခင်ဗျားတို့မှာ ကလေးတွေရှိတယ်နော်။ ကျွန်တော့်မှာလည်း သုံးယောက် ရှိတယ်။ ၁၉၈၁ ခုနှစ် ဒီဇင်ဘာ(၁၄) ရက်မှာ ကျွန်တော့်သမီးလေး မွေးပါတယ်။ အမွှာပေါ့ဗျာ။ ဒုတိယမွေးလာတာ အသေမွေးလာတာ။" သူတို့ဆီကအသံ ထွက်လာ၏။ "အို၊ ဖြစ်ရလေ၊ စိတ်မကောင်းပါဘူး။" ကျွန်ုပ်က၊ "စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ၊ ဘာဖြစ်သလဲဆိုတာ ကျုပ်ပြောပြမယ်" လို့ဆိုပြီး၊ ဖြစ်ခဲ့ပုံကို ပြောပြပါသည်။ ဒုတိယထွက်လာတဲ့ အမွှာက ခြေဖွားလေး ဖြစ်ကြောင်း၊

ခြေတောက်က စထွက်လာကြောင်း၊ ကလေးမွေးတဲ့အတောအတွင်း အောက်ဆီဂျင် ပြတ်တောက်ခဲ့သေးကြောင်းနဲ့ ကလေးမွေးလာတာ အသေမွေးဖြစ်နေတာကို တွေ့ရကြောင်း ပြောပြရပါ သည်။

ဂမ်းဆွဲဆရာမသည် ကလေးကိုယူပြီး၊ ထိထိရောက်ရောက် ပုတ်ခတ်ပါသည်။ ကလေးအဆုပ်ကို အရည်ပြည့်နေမှာ စိုး၍လည်း စုပ်ထုတ်ပါသည်။ ဆရာမသည် ကလေးအတွက် တတ်နိုင်သမျှလုပ်ပေးပြီး၊ နောက်ဆုံး လက်လျှော့လိုက်သည်။ ကျွန်ုပ်သည်လည်း တခြား အဖေ တွေလိုပါပဲ၊ သမီးလေးတစ်ယောက် ဆုံးရှုံးလိုက်ရပါပြီ။ ကျွန်ုပ် ဘာဆက်လုပ်မည်နည်း။ ဒီအချိန်မှာ၊ တံခါးပေါက်မှာရှိတဲ့ လူတွေကို ကျွန်ုပ် မေးခွန်း မေးပါသည်။ "ကျွန်တော် မေးခွန်းတစ်ခုလောက် မေးချင်တယ်ဗျာ၊ ခင်ဗျားတို့ ကျမ်းစာ ဖတ်မိကြရဲ့လား။ သူတို့ ပြန်ပြောကြသည်။ "အနည်း အကျဉ်းတော့ ဖတ်ပါတယ်။" (သို့မဟုတ်) တစ်ခါတစ်ရံ "မဖတ်ကြဘူးဗျ" ဟု အဖြေရတတ်သည်။ ကျွန်ုပ်က ရှင်းပြပါသည်။ "ကျွန်တော်မေးရတဲ့ရည်ရွယ်ချက်က၊ ဘာဖြစ်လို့လဲဆိုတော့၊ (တမန်တော် ၁၉း၃၈)မှာ ကျမ်းစာကပြောပါတယ်။ ယေရှုဟာ ဘုရားသခင့် အခွင့်တော်နှင့် ကျေးဇူးပြုလျက် မာရ်နတ်ညှဉ်းဆဲသော လူအပေါင်းတို့အား ချမ်းသာကိုပေးလျက် လှည့်လည်တော်မူခဲ့တယ်။ ကျွန်တော့်ကလေးနဲ့ ပတ်သက်လို့ ကျွန်တော် ခင်ဗျားတို့ကို ပြောပြချင်တာပါ။ ခင်ဗျားတို့ မယုံဘူး၊ ဒါမှ မဟုတ်၊ မယုံလည်းရပါတယ်။ ကျွန်တော့်သမီး သေပြီ၊ ရက်မကြာမီ ကျွန်တော် မြေမြှုပ်သင်္ဂြိုဟ် ရတော့မယ်။ အဲဒီအချိန်မှာ ကျွန်တော် ကိုယ်ကိုကိုယ် တွေးမိပါတယ်။ ကလေးကို ကျွန်တော် ပွေ့ဖက်ချင်တယ်။ ကလေးကို ကျွန်တော် ကောက်ချီလိုက်တာနဲ့ အဲဒီမှာ စာတန်ရှိနေတာ ကျွန်တော် သိလိုက်တယ်။ ကျမ်းစာကပြောတဲ့ နတ်ဆိုးဂိညာဉ်ဖြစ်တယ်။ ၎င်းက ကာယကံမြောက် ကျွန်ုပ်ကို တိုက်ခိုက်လာ၍ ကျွန်ုပ် တစ်ခဏ မလှုပ်မယှက် ဖြစ်သွားရ၏။ အဲဒီလို ဖြစ်လိုက်တာနဲ့ ချက်ချင်းပဲ ကျွန်ုပ် ပြောချလိုက်သည်။ "ယေရှုနာမနှင့် မင့်ကို ငါအမိန့်ပေးတယ်။ မစင်ကြယ်တဲ့ဂိညာဉ်၊ ဤကလေးကိုယ်ထဲက ထွက်ပါ။ ဤကလေးကို အသက်ပေးဖို့ ယေရှုနာမ၌ ဆုတောင်းပါတယ်။" မွေးကတည်းက အသက်မရှူတဲ့ ကလေးဟာ ပင့်သက်ရှိုက်လို့ အသက်တစ်ချက်ရှူလာသည်။ နောက် အသက်ရှူ ရပ်သွားသည်။ ကျွန်ုပ် နောက်ထပ်ပြောသည်။ "ယေရှုနာမ၌ မစင်ကြယ်တဲ့ ဂိညာဉ်၊ မင်းကို ငါအမိန့်ပေးတယ်။ ဤကလေးကိုယ်ထဲက အခု ထွက်သွားပါ။ သမီးလေးဆီ အသက် ပြန်လာပါ။" ဒီတစ်ကြိမ်တော့ သမီးလေးဟာ ပင့်သက်ရှူအကြိမ်များစွာနဲ့ အသက်ရှူလာသည်။ ဆက်တိုက် အသက်ရှူလာပါတော့သည်။

ကျွန်ုပ်စကားပြောနေတဲ့လူကို နာမည်ခေါ်ပြီး၊ ကျွန်ုပ် ပြောပါသည်။ "လူတစ်ယောက်ရဲ့ ဦးနှောက်အထဲ သုံးမိနစ်လောက် အောက်ဆီဂျင်ပြတ်ရင် ဦးနှောက်သေ လူသေတာ မင်း သိပါတယ်နော်၊ ကျွန်တော့်သမီးလေးကတော့ ဘက်ပေါင်းစုံမှာ ပြည့်ပြည့်ဝဝ အသက်ရှင် လာပါတယ်။ ကျွန်တော်တို့က သမီးကို Vita လို့အမည်ပေးပြီး၊ ဂရိဘာသာစကားအရ "အသက်" လို့ အဓိပ္ပာယ် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ကို ဘုရားသခင် မစတော်မူခဲ့တဲ့ ဇာတ်လမ်းကလေးကို ကျွန်တော်တို့ ပြောပြချင်လို့ဖြစ်ပါတယ်။ ကိုယ်တော်သည် သမီးကို အသက်ပြန်ပေးတော်မူခဲ့ ပါတယ်။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် သမ္မာကျမ်းစာကို အများကြီး လေ့လာခဲ့ပါသည်။ ဒီမှာ ကျွန်ုပ် ရှာဖွေတွေ့ရှိလိုက်တာက ကျွန်ုပ်သမီးငယ်လေးအပေါ် မစင်ကြယ်သောဂိညာဉ် ရှိသလိုမျိုး အမှောင်နိုင်ငံ၊ စာတန်ပိုင်နက် နယ်မြေမှာ စာတန်အုပ်စိုးနေတာ ရှိသလို ဘုရားသခင်ချစ်သော သားသမီးများ၏ နိုင်ငံတော်တစ်ခု ရှိသည်ဆိုသည့်အကြောင်း ဖြစ်သည်။

မြေကြီးပေါ်မှာ ယေရှုရှိစဉ်၊ လူတွေကို နောင်တရကြပြီး၊ ကိုယ်တော်၌ယုံကြည်ခြင်းအားဖြင့်၊ အမှောင်နိုင်ငံထဲမှ ကိုယ်တော်၏နိုင်ငံ ထဲသို့ အပြစ်လွတ်ခြင်းကို ခံယူ၍ ကိုယ်တော်၏နောက်သို့ လိုက်ပါလာကြရန် ကိုယ်တော်ခေါ်ယူခဲ့တယ်။ သင်တို့ ယုံကြည်မယ်ဆိုတာ ကျွန်တော် မသိပေမဲ့၊ ကျွန်တော့်ဘဝနဲ့ ကျွန်တော့်မိသားစုအပေါ် ဘာဖြစ်ခဲ့တာကို ကျွန်တော်ပြောပြခဲ့ ပြီးပါပြီ။ ခင်ဗျားတို့ တံခါးပေါက်ဂကို ကျွန်တော်တို့ ရောက်လာရတဲ့ တကယ့်အကြောင်းကလည်း၊ ယေရှုက လူတွေဆီသွားပြီး တပည့်တော်ဖြစ်စေဖို့ မိန့်တော်မူ ခဲ့တာကြောင့် ဖြစ်တယ်။ ကျွန်တော်သိပါတယ်။ လူတွေ အလုပ်များကြပြီး၊ အသင်းတော်ကို မရောက်နိုင်၊ မသွားချင်၊ မလာချင်ဖြစ် နေတယ်ဆိုတာ။ တကယ်လို့ ဒီမှာ ခင်ဗျားတို့ သိချင်လို့ မေးခွန်းမေးချင်တာ ရှိနိုင်ပါတယ်။ "သင်းအုပ်ဆရာခင်ဗျား၊ အခု ဆရာပြော လိုက်တဲ့စကားက ဘာအဓိပ္ပာယ်လဲ" လို့။ အဲဒါကြောင့် ခင်ဗျားတို့အိမ် တံခါးပေါက်ဂကို ကျွန်တော်တို့ ရောက်လာရတာပါ။ နောက် ဆယ်မိနစ်လောက် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အာရုံထားလျက် သူတို့ကိုရှင်းပြ ပေးကြပါသည်။ နောက်ထပ်လည်း ကျမ်းချက်တွေကို ကျွန်ုပ်တို့ ဖတ်ပြပြီး၊ သူတို့အားလုံးနားလည်မှု သေချာစေဖို့အတွက် မေးခွန်းအချို့ မေးပါသည်။ ထိုအချိန်၌ တကယ့်ကို အပြန်အလှန် ဆွေးနွေးခန်း ဖြစ်လာပါသည်။ ကျွန်ုပ်တို့သည် လူတွေကို တရားဟောပြောခြင်း (သို့မဟုတ်) ကျမ်းစာက ပြောသည်များကိုသင်ပေးခြင်း မလုပ်ကြပါ။ သို့သော် သမ္မာကျမ်းစာက ဘာပြောသည်ကို သူတို့ကို မေးခွန်းအနည်းငယ်မေးခြင်းအားဖြင့် အဓိပ္ပာယ် ရှာတွေ့စေရန် ကြိုးစား၍ အကူအညီပေးကြပါသည်။

"ခင်ဗျားတို့ စိတ်ဝင်စားကြသလား။ ခင်ဗျားတို့အဆင်ပြေတဲ့အချိန် ကျွန်တော်တို့လာပြီး၊ စကားပြောကြမယ်၊ ကျမ်းစာသင်ခန်းစာတွေ သင်ပေးပါမယ်။ ကျွန်တော်တို့လာသင်ပေးတဲ့ ပထမ သင်ခန်းစာမှာတင်၊ ခင်ဗျားတို့ တစ်ခုခု မရလိုက်ဘူး၊ အကူအညီမရ၊ အားပေးခြင်း မရှိ၊ တည်ဆောက်စရာလည်း ဖြစ်မလာဘူးဆိုရင်၊ ကျွန်တော်တို့ မလာတော့ပါဘူး၊ ခင်ဗျားတို့ကိုလည်း အသင်းတော်လာဖို့၊ ဒါမှမဟုတ်၊ အဖွဲ့အစည်းတစ်ခုခုထဲဝင်ဖို့ တိုက်တွန်း တာမျိုးနဲ့ ဘယ်တော့မှ အနှောင့်အယှက် လာပေးတော့မှာ မဟုတ်ဘူး။ ကျွန်တော်တို့ ဒီကို ရောက်လာတာဟာ၊ ယေရှုခရစ်သည် သင်တို့အတွက် ပုဂ္ဂိုလ်ရေးအရ ဘာလုပ်ပေးခဲ့သလဲ၊ ပြီးတော့၊သင်တို့ကိုယ်တိုင်အတွက် နှုတ်ကပတ်တရားတော်ကို နားလည်လာဖို့ အကူအညီပေးမှာ ဖြစ်ပါတယ်။ ကျမ်းစာထဲမှာ ကျွန်တော်တို့ မသိတာ၊ အပြည့်အစုံ နားမလည်နိုင်တာတွေ အများကြီးရှိသော်လည်း၊ ဒီမှာ ခင်ဗျားတို့အတွက် သင်ခန်းစာ အကျဉ်းနဲ့ ပြသကူညီပေးသွားမှာ ဖြစ်တယ်။ ဒါကို ခင်ဗျားတို့ စိတ်ဝင်တစားယူနိုင်မလား။" လူအတော်များများက ပြောကြပါတယ်။ "ဟုတ်တယ်၊ ငါတို့စိတ်ဝင်စားတယ်" ဆိုပြီး တော့။ ဒါ ကြောင့် သူတို့အိမ်ကို ကျွန်တော်သို့သွားဖို့ အချိန်သတ်မှတ်ပြီး၊ သူတို့ကို တပည့်တော်ဖြစ် သင်ခန်းစာ သင်ပေးပါတယ်။ အဲဒီကိုကျွန်တော်တို့ ရောက်သွားတာ၊ "မိုက်ကရိုဖုံ ဇော်ဂေလိဟောပြောခြင်း" ဆိုတဲ့၊ သူတို့ကို လက်မောင်ချင်း လိမ်ယုက်စေပြီး၊ အနည်းအကျဉ်း ဆုတောင်းတတ်ဖို့အတွက် မဟုတ်ပါဘူး။ အဲဒါသူတို့လုပ်နေတာ သူတို့နားလည်မှာတောင် မဟုတ်ဘူး။ ကျွန်တော်တို့က တပည့်တော်ဖြစ် သင်ခန်းစာအတိုင်း သင်ပေးပြီး၊ ခရစ်တော်နှင့် ကိုယ်တော် လက်ဝါးကပ်တိုင်ပေါ် အသေခံတော်မူခြင်း အကြောင်းကို သူတို့ နားလည်သဘာပေါက်အောင် အကူအညီပေးသွားမှာ ဖြစ်ပါတယ်။

သင်းအုပ်တစ်ယောက်ကို ကျွန်ုပ်၏တပည့်တော်ဖြစ် သင်ခန်းစာအကြောင်း ရှင်းပြခဲ့သည်။ သူက "Don, ပထမသင်ခန်းစာပြီးတဲ့နောက်၊ ဘာဖြစ်မလဲ။ ပထမသင်ခန်းစာပြီးသည်နောက်၊

လူတစ်ယောက်က နားလည်လာသည်မှာ၊ ယေရှုခရစ်ကို တုံ့ပြန်အဖြေပေး ရန်သူတို့လုပ်ဖို့ လိုအပ်ချက်များနှင့်၊ ကိုယ်တော်ပေးကမ်းလာသော သနားခြင်းကရုဏာနှင့် ပြစ်ဒဏ် လွတ်ငြိမ်းခြင်း တို့ကို လက်ခံရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် အဆင့်မြင့်တွန်းအားပေး အရောင်း ကိုယ်စားလှယ်များ မဟုတ်ကြပါ။ ကျွန်ုပ်တို့ ကိုင်တွယ်ဖြေရှင်းနည်းသည် ထိုသို့ မဟုတ်ပါ။ ပထမသင်ခန်းစာမှတစ်ဆင့်၊ သူတို့သည် သူတို့စိတ်နှလုံးအထဲ သူတို့ ဘာလုပ်ဖို့လိုသည်ကို အမှန်တကယ် သိရှိလာကြမည် ဖြစ်သည်။ နောက် သူထပ်မေးပါသည်။ "ကောင်းပြီလေ၊ သန်ခန်းစာ(၁၅) အထိ ပြီးရင် ဘာဖြစ်မလဲ ကဲ။" "သင် ခန်းစာ(၁၅) အထိ ပြီးရင်၊ လူတစ်ယောက်ဟာ ကျုပ်တို့နဲ့အတူ ရှိနေတယ်ဆိုရင်၊ သူတို့ဟာ အပြစ်တွေ နောင်တရပြီး၊ ရေနစ်ခြင်း ခံမယ်၊သန့်ရှင်းသော ဂိညာဉ်တော်နဲ့ နှစ်ခြင်းခံလိမ့်မယ်။ အဲဒီလို ဖြစ်လာတာ ကျုပ်တို့ မြင်နေကျပဲ။ သင်ခန်းစာ(၁၅)ရောက်မှ မဟုတ်ပါဘူး၊ သင်ခန်းစာ(၆)အပြီးမှာပင် ဖြစ်နိုင်ပါတယ်။"

ရင်မသဲခရစ်ဂင် ကျမ်းအခန်းကြီး (၂၈) ၌၊ လူမျိုးတကာသို့သို့သွား၍ တပည့်တော် ဖြစ်စေ ကြရန် ယေရှုမိန့်တော်မူခဲ့သည်။ လုပ်ငန်းစဉ်၌ သူတို့ကို ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဂိညာဉ်တော်၏ နာမ၌ နှစ်ခြင်းပေးရမည်။ တပည့်တော်ဖြစ်စေခြင်းအထဲ၊ မယုံကြည်သူ များအား ယေရှုခရစ်နှင့် လက်ဂါးကပ်တိုင်ပေါ် ကိုယ်တော်အသေခံခြင်း အကြောင်းကို ကျွန်ုပ်တို့ နားလည်သဘောပေါက် စေခဲ့သည်။ တစ်ပတ်ပြီးတစ်ပတ် သူတို့အား နားလည် သဘောပေါက်စေခြင်းအတွင်း၊ ကျွန်ုပ်တို့သည် သူတို့နှင့်မိတ်ဆွေအဖြစ် ဆက်ဆံရေး တည်ဆောက်ယူခဲ့ကြသည်။ သူတို့သည် ကျွန်ုပ်တို့အပေါ် ချစ်ခြင်း၊ ယုံကြည်စိတ်ချခြင်း ရှိလာသည်။ ကျွန်ုပ်တို့က သူတို့ကို နှုတ် ကပတ်တရားတော် နားလည်ဖို့ သင်ပေးသည်။ သူတို့ကို တရားဟော ပြောဖို့ ရောက်လာသည် မဟုတ်။ ကျွန်ုပ်တို့သည် သူတို့ကို ကျမ်းချက်များ ဖတ်ပြပြီး၊ သူတို့ကိုလည်း ဖတ်ခိုင်း၍၊ သူတို့ကိုယ်တိုင်က ဘုရားနှုတ်ကပတ်တော်ထဲက အဖြေထုတ်ယူပေးနိုင်သော နည်းလမ်းဖြင့် သူတို့ကို မေးခွန်းထုတ်မေးကြသည်။ တစ်ပတ်ပြီးတစ်ပတ်၊ သူတို့သည် ခရစ်တော်ကို ပွင့်လင်းစွာဂန်ခံလိုသော အဆင့်သို့ ရောက်လာသည်ကို ကျွန်ုပ်တို့ မြင်ရသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ကို လက်ခံရန်၊ ကိုယ်တော်နောက်သို့လိုက်ရန်နှင့် ကိုယ်တော်၌ အပ်နှံကြရန်မှာ ဘာကိုဆိုလိုသည်ကို သူတို့ သိလာကြသောကြောင့် ဖြစ်၏။ ၎င်းသည် ယနေ့ ဧဝံဂေလိဟောပြောခြင်း ကိုင်တွယ်နည်း အတော်များများနှင့် များစွာ ကွဲပြားနေပါသည်။

ပျောက်သောသူတို့ဆီ ကျွန်ုပ်တို့ သွားရောက်ခြင်း၌ နည်းလမ်းသည်၊ ပထမဦးဆုံး ကိုယ်တိုင်ကိုယ်ကျ သက်သေခံခြင်း နည်းလမ်းဖြစ်သည်။ လူတိုင်းသည် မိမိကိုယ်ပိုင် သက်သေခံချက်များ ရှိပါသည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်စာတမ်းငယ်ကို အကြိမ် တော်တော်များများ ကျွန်ုပ်တို့ပြုစုခဲ့ကြသည်။ ကျွန်ုပ်သည်လည်း၊ "ကျွန်တော့်သမီး သေခြင်း" ဆိုသည့် စာတမ်းငယ် တစ်ခုကို ရေးသားခဲ့သည်။ ထိုအကြောင်းကို အိမ်တံခါးပေါက်ဂ၌ အကြိမ်များစွာ ပြောခဲ့သည်။ ကျွန်ုပ်တို့ တပည့်တော်ဖြစ် ဧဝံဂေလိအဖွဲ့ဂင်များသည်လည်း စာတမ်းငယ် ရေးခဲ့ကြသည်။ အရက်နှင့် မူးယစ်ဆေးဂါး ချည်နှောင်ခံခဲ့ရဖူးသည့် Joe Rose က "ကျွန်တစ်ယောက် လွတ်မြောက်ခွင့်ရခြင်း"၊ အသက်(၁၅)နှစ်အရွယ်ကတည်းက မူယစ်ဆေး စွဲခဲ့ဖူးပြီး၊ ယေရှု လွတ်မြောက်စေခဲ့သည့် Rocky Forry က၊ "မူးယစ်ဆေးသုံးမှု့စွာ တစ်ကောင် သေဆုံးခြင်း" စာတမ်းငယ်များကို ရေးခဲ့ကြသည်။ ဤသက်သေခံချက်များကို လူတွေရဲ့တံခါးပေါက်ဂများ၌ ကျွန်ုပ်တို့ ပြောခဲ့ကြသည်။

လူတချို့ ပြောလိမ့်မည်။ "အင်တိုက်အားတိုက် သက်သေခံချက် ငါတို့မှာ မရှိဘူး။ ငါ့မှာ

ရှစ်မိနစ်ကြာ သေပြီးနောက်မှ ရှင်လာတဲ့ ကလေးမျိုး မရှိဘူး။” ဤကဲ့သို့သော သက်သေမျိုး လူအများကြီးမှာ မရှိတာကို ကျွန်ုပ် သိပါသည်။ သင်တို့၌ Xxxxxxxxxxxxx လို သက်သေခံချက်မျိုး ရှိနိုင်ပါသည်။ သူ၏ကလေးဘဂ တစ်လျှောက်လုံး၊ အခြားကလေးတွေလို ဒုစရိုက်လုပ်ခြင်း၊ ဆဲရေးခြင်းနှင့် ဘုရား မရှိမသေပြုခြင်းတို့ကို ရှောင်နိုင်ရန် သူ့ဘဂကို ဘုရားသခင် အားဖြည့်ပေးခဲ့သည့် တန်ခိုးတော် သက်သေခံချက် ဖြစ်သည်။ လူ တစ်ဦးချင်းစီ တိုင်း၌ သက်သေခံချက် ရှိပါသည်။ သင့်သက်သေခံချက်သည် အင်တိုက်အားတိုက်မဖြစ်ဟု သင်ထင်လျှင်၊ ကျွန်ုပ်၏ သက်သေခံချက်ကို ယူသုံးနိုင်သည်။ ကျွန်ုပ်တို့ တပည့်တော်ဖြစ် ဇေ်ဂေလီအဖွဲ့က ပထမဦးဆုံး လူတွေဆီ သွားရောက်ကြသည့်အခါ၊ Joe Rose သည် ကျွန်ုပ်၏သက်သေခံချက်ကို သုံးခဲ့သည်။ ခဏကြာလာသောအခါ သူသည် ကျွန်ုပ်ထက် ပိုကောင်းအောင် ပြောလာနိုင်သည်။ ကျွန်ုပ် သူ့ကို အားပေးရ၏။ “Joe ရေ၊ ဆက်ပြောပေးပါ။ ငါ့အပေါ်မှာ ဘုရားသခင် လုပ်ပေးခဲ့တာကို လူတွေကို ပြောပြပေးပါ။”

တမန်တော်ရှင်ပေါလုသည် ဓမ္မသစ်ကျမ်းထဲတွင် ပျောက်ဆုံးသူဆီ သွားရောက်ခြင်း၌ သူ့ကိုယ်တွေ့ သက်သေခံချက်ကို (၃)ကြိမ် အသုံးပြုခဲ့သည်ဆိုလျှင်၊ သင်သည်လည်း သုံးနိုင် ပါသည်။ ကျွန်ုပ်တို့သည် Word Perfect, Microsoft Word, နှင့် ဘာဖြစ်ဖြစ် ပရိုဂရမ် စီမံချက် အမျိုးအစားအားလုံးနှင့် ကွန်ပြူတာ ရှိနေပါပြီ။ ၎င်းအားဖြင့် သင့်ကိုယ်ပိုင် သက်သေခံချက် စာတမ်းငယ် တစ်စောင်ကို ရေးဆွဲထားဖို့ လွယ်ကူပါသည်။ ဤသို့ စတင်ပြောရန် ပိုမို အကျိုး သက်ရောက်မှု ရှိပါ၏။ “ဒါဟာ ကျမ်းစာအုပ်အရောင်းဆိုင်က ဂယ်လာတာ မဟုတ်ဘူး။ ဒါဟာ ငါ့အပေါ် တကယ်ပဲ ဖြစ်ခဲ့လို့ သင့်တို့ကို ဝေမျှပေးနေတာ ဖြစ်တယ်။” သင်သည် ထိုင်ချပြီး၊ သင့်ရဲ့ ကိုယ်တွေ့သက်သေခံချက်ကို စာရေးချဖို့ ကျွန်ုပ် လိုလားပါသည်။ သင့်၌ ဘာဖြစ်ခဲ့သည်၊ ယေရှုခရစ်တော်ဆီသို့ သင် ဘယ်လို ရောက်လာသည် စသည်ဖြင့် ရေးချနိုင်သည်။ နောက်တော့ တစ်စုံတစ်ယောက်ရဲ့ အိမ်တံခါးဂမှာ ရောက် နေသည်ဆိုလျှင်၊ ထိုနေရာ၌ တစ်ယောက်ယောက်အား သင့်သက်သေခံချက်စာရွက်ကို ပေးလိုက်နိုင်သည်။

သင်သည် ဤအကြောင်းအရာအပေါ် သတင်းအချက်အလက် ပို၍ လိုအပ်သည်ဆိုလျှင်၊ ကျွန်ုပ်၏ ကွန်ရက် လိပ်စာ <u>xxxxxxxxxx</u> တွင်ဂင်ကြည့်နိုင်သည်။ “သင့်ယုံကြည်ခြင်း ဝေမျှခြင်း၌ အကြံပြုချက်”ခေါင်းစဉ်အောက်ရှိ သတင်းအချက်အလက်ကို ဖတ်ရှုလေ့လာပါ။ ထိုနောက် သင်၏သက်သေခံချက်ကို ရေးချပြီး၊ ၎င်းကို လေ့ကျင့်တင်ပြနေလျက်၊ “သင့်ယုံကြည်ခြင်း ဝေမျှခြင်း၌ အကြံပြုချက်” ကို လေ့လာပါ။ ၎င်းကို ဖတ်ရုံသက်သက် မဟုတ်ဘဲ၊ သင်သည် လူမျိုးတကာတို့ထံ သွား၍ တစ်ကြိမ်လျှင် တစ်ယောက်ချင်း ဇေ်ဂေလီဟောပြောသည့်အခါ၊ လေ့လာထားခြင်းသည် အလွန်အရေးကြီးလှပါသည်။ သင်တို့ကို ဘုရားသခင် ကောင်းကြီး ပေးပါစေသော။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ (မာကု ၁၆း၁၅)ကို ဖတ်ပါ။ မည်သူတို့အား သတင်းကောင်းတရား ကြေညာပေးရမည်နည်း။

**မာကု ၁၆း၁၅** - *"သင်တို့သည် လောကီနိုင်ငံအရပ်ရပ် ရှိသမျှသို့သွား၍၊ ဝေနေယျ သတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။"*

၂။ (မဿဲ ၂၈း၁၉-၂၀)ကို ဖတ်ပါ။ မည်သူတို့ကို တပည့်တော် ဖြစ်စေရမည်နည်း။

**မဿဲ ၂၈း၁၉-၂၀** -*"သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။"*

၃။ (တမန်တော် ၈း၅,၂၆၊ ၁၆း၁၃-၁၅,၂၃၊ ၂၀း၂၁-၂၂) တို့ကို ဖတ်ပါ။ ဧဝံဂေလိ ဟောပြောခြင်းသည် ဘယ်နေရာမှာ ဖြစ်ရမည်နည်း။

**တမန်တော် ၈း၅,၂၆** -*"ဖိလိပ္ပုသည် ရှမာရိမြို့သို့ သွား၍ ခရစ်တော်၏အကြောင်းကို ဟောလေ၏။ ..... တစ်ဖန် ထာဝရဘုရား၏ ကောင်းကင်တမန်သည် ဖိလိပ္ပုအား၊ သင်ထ၍ ယေရုရှလင်မြို့မှ ဂါဇမြို့သို့သွားရာ တောလမ်းတွင် တောင်မျက်နှာသို့ သွားလော့ဟု ဆိုသည့်အတိုင်း ဖိလိပ္ပုသည် ထ၍ သွားလေ၏။"*

**တမန်တော် ၁၆း၁၃-၁၅,၂၃** -*"ဥပုသ်နေ့၌ ငါတို့သည် မြို့ ပြင်သို့ ထွက်လျှင်၊ ပဌနာဇရပ်ရှိတတ်ရာ မြစ်နားသို့ သွား၍ထိုင်ပြီးမှ၊ ထိုအရပ်၌ စည်းဝေးသောမိန်းမတို့အား ဟောပြောကြ၏။ ထိုအခါ နီမောင်းသော အထည်အလိပ်ကိုရောင်းသော သွာတိရဲမြို့သူ လုဒိ အမည်ရှိသော မိန်းမတစ်ယောက်သည် ဘုရားသခင်ကို ကိုးကွယ်သောသူဖြစ်၍၊ တရားနာ နေစဉ်တွင်၊ ပေါလု ဟောပြောသော အရာကို မှီဝဲဆည်းကပ်စေခြင်းငှါ၊ သူ၏စိတ်နှလုံးကို သခင်ဘုရား ဖွင့်တော်မူ၏။ ထိုမိန်းမသည် အိမ်သူအိမ်သားတို့နှင့်တကွ ဗတ္တိဇံကို ခံပြီးမှ၊ ကျွန်မသည် သခင်ဘုရား၌ အမှန်ယုံကြည်သည်ကို သင်တို့သည် ထင်မှတ်လျှင်၊ ကျွန်မ၏အိမ်သို့ ဝင်၍ နေကြပါဟု တောင်းပန်လျက် ငါတို့ကို အနိုင်သွေးဆောင်လေ၏။ ......ရိုက်၍ ဒဏ်ချက်များ ရှိပြီးမှ၊ လုံခြုံစွာစောင့်စေဟု ထောင်မှူးကို မှာလိုက်၍ ထောင်ထဲမှာ လှောင်ထားကြ၏။"*

**တမန်တော် ၂၀း၂၁-၂၂** - *"ဘုရားသခင့်ရှေ့တော်၌ နောင်တရခြင်းတရားကိုငင်း၊ ငါတို့သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းတရားကိုငင်း၊ ယုဒလူ၊ ဟေလသလူတို့အား သက်သေခံသည် အကြောင်းအရာကို သင်တို့သိကြ၏။ ယခုမှာ ငါသည် ဝိညာဉ် တော်အားဖြင့် ချည်နှောင်ခြင်းကို ခံ၍၊ ယေရုရှလင်မြို့သို့ သွားရ၏။ ထိုမြို့ ၌ အဘယ်အမှု ရောက်မည်ကို မသိ။"*

၄။ (မာကု ၄း၁၁-၁၂)ကို ဖတ်ပါ။ စစ်မှန်သောပြောင်းလဲခြင်း ဖြစ်မလာမီ၊ လူတစ်ယောက်သည်၊

(က) မြင်ရမည်။
(ခ) လှေ့လာရမည်။
(ဂ) ကြားရမည်။
(ဃ) နားလည်ရမည်။
(င) အထက်ပါ အားလုံး

**မာကု ၄း၁၁-၁၂** -*"ကိုယ်တော်က သင်တို့သည်၊ ဘုရားသခင့်နိုင်ငံတော်၏ နက်နဲသောအရာကို သိရသော အခွင့်ရှိကြ၏။ ပြင်၌ ရှိသော ထိုသူတို့မူကား၊ မြင်လျက်ပင် အာရုံမပြုဘဲ မြင်၍၊ ကြားလျက်ပင် အနက်ကိုနားမလည်ဘဲ ကြားသဖြင့်၊ သူတို့အကျင့် မပြောင်းလဲ၊ အပြစ်မလွှတ်ရသည့်တိုင်အောင် သူတို့အား ဟောသမျှကို ဥပမာအားဖြင့် ဟောရ၏။"*

၅။ (တမန်တော် ၂၈း၂၃-၂၄)ကို ဖတ်ပါ။ ပေါလုသည်၊ သတင်းကောင်းတရားနှင့် ပတ်သက်ပြီး၊ အသေးစိတ်ရှင်းပြ သက်သေခံပြသောအခါ၊ ယေရှုကို ကြေညာခြင်း၌ လူတွေကို လက်ခံ ယုံကြည်လာစေရန်အလို့ငှါ၊ သူ ဘယ်လောက်ကြာကြာ လုပ်ခဲ့ရသနည်း။

**တမန်တော် ၂၈း၂၃-၂၄** - *"နေ့ရက်ကို ချိန်းချက်၍ လူများတို့သည် ပေါလုတည်းခိုရာအရပ်သို့လာကြသည်ရှိသော်၊ ပေါလုသည် ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို သက်သေခံသဖြင့်၎င်း၊ ထိုသူတို့သည် ယေရှု၏အကြောင်းများကို ယုံကြည်စေခြင်းငှါ၊ မောရှေ၏ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်း တို့ကိုအမှီပြု၍ ဖျားယောင်းသွေးဆောင်သဖြင့်၎င်း၊ နံနက်အချိန် မှစ၍ ညအချိန်တိုင်အောင် ထုတ်ဖေါ်ဟောပြောကြ၏။ အချို့တို့သည် ပေါလု၏စကားကို ယုံကြ၏။ အချို့တို့သည် မယုံဘဲ နေကြ၏။*

၆။ (တမန်တော် ၁၆း၁၄)ကို ဖတ်ပါ။ လူတစ်ယောက်သည် ခရစ်တော်ဆီသို့ အမှန်တကယ် လှည့်ပြောင်းလာသောအခါ၊ ဘာကို ဖွင့်ပေးရန် လိုသနည်း။

**တမန်တော် ၁၆း၁၄** -*"ထိုအခါ နီမောင်းသော အထည်အလိပ်ကိုရောင်းသော သွာတိရဲမြို့သူ လုဒိ အမည်ရှိသော မိန်းမတစ်ယောက်သည် ဘုရားသခင်ကို ကိုးကွယ်သောသူ ဖြစ်၍၊ တရားနာစဉ်တွင် ပေါလု ဟောပြောသောအရာကို မှီဝဲဆည်းကပ် စေခြင်းငှါ၊ သူ၏စိတ်နှလုံးကို သခင်ဘုရား ဖွင့်တော် မူ၏။"*

၇။ (တမန်တော် ၂း၃၇)ကို ဖတ်ပါ။ လူတစ်ယောက် စိတ်နှလုံးပွင့်ပြီး၊ စီရင်ချက်ချမှတ်သည့်အခါ၊ ဘာဖြစ်လာသနည်း။

**တမန်တော် ၂း၃၇** -*"ထိုသူတို့သည် ကြားရလျှင်၊ စိတ်နှလုံး ပူပန်ခြင်းရှိ၍၊ ညီအစ်ကိုတို့၊ အဘယ်သို့ ပြုရပါမည်နည်းဟု ပေတရုမှစ၍ အခြားသော တမန်တော်တို့အား မေးမြန်းကြ၏။"*

၈။ (တမန်တော် ၁၆း၃၁၊၂း၃၈)ကို ဖတ်ပါ။ ထိုနောက် လူတစ်ယောက်သည်၊ ဘာလုပ်ရမည်နည်း။

**တမန်တော် ၁၆း၃၁** -*"ထိုသူတို့ကလည်း၊ သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့် သင်၏အိမ်သူအိမ်သားတို့ သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်ဟု ပြောဆိုလျက်၊.."*

**တမန်တော် ၂း၃၈** -*"ပေတရုကလည်း၊ သင်တို့၏အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှ မကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဂိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။"*

၉။ (တမန်တော် ၂း၄၂၊ ယော ၈း၃၁-၃၂)ကို ဖတ်ပါ။ ထိုနောက် လူတစ်ယောက်သည်၊ ဘာလုပ်ရမည်နည်း။

**တမန်တော် ၂း၄၂** -*"ထိုသူများသည် တမန်တော်တို့၏ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲ ဆောင်ရွက်၍ နေကြ၏။"*

**ယော ၈း၃၁-၃၂** -*"ထိုအခါ ယေရှုက၊ သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင် ငါ့တပည့်အမှန် ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြ သဖြင့်၊ ထိုတရားသည် သင်တို့ကို လွှတ်လိမ့်မည်ဟု ယုံကြည်သော ယုဒလူတို့အား မိန့်တော်မူ၏။"*

၁၀။ (ရောမ ၁၀း၁၄-၁၅)ကို ဖတ်ပါ။ ပြောင်းပြန် စနစ်ကျခြင်း (ဤကျမ်းချက်များ) ၌ လူတစ်ယောက် ခရစ်တော်ဆီ ဘယ်လို ရောက်လာသနည်း။

**ရောမ ၁၀း၁၄-၁၅** - *"သို့ရာတွင် မယုံကြည်လျှင်၊ အဘယ်သို့ ပဌနာပြုနိုင်မည်နည်း။ သိတင်းမကြားလျှင် အဘယ်သို့ ယုံကြည်နိုင် မည်နည်း။ လူကို မစေလွှတ်လျှင်၊ အဘယ်သို့ ဟောပြော နိုင်မည်နည်း။ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ ငြိမ်သက်ခြင်း၏ ဂမ်းမြောက်စရာ သိတင်း၊ ကောင်းကျိုးချမ်းသာ၏ ဂမ်းမြောက်စရာသိတင်းကို ကြားပြောသောသူ၏ ခြေတို့သည် အလွန်တင့်တယ်စွတကားဟု လာသတည်း။"*

# အဖြေ သော့ချက်

၁။ (မာကု ၁၆း၁၅)ကို ဖတ်ပါ။ မည်သူတို့အား သတင်းကောင်းတရား ကြေညာပေးရမည်နည်း။
**နိမိတ လူသားအားလုံး၊ လူသားတိုင်း**

၂။ (မဿဲ ၂၈း၁၉-၂၀)ကို ဖတ်ပါ။ မည်သူတို့ကို တပည့်တော် ဖြစ်စေရမည်နည်း။
**နိုင်ငံတကာ လူမျိုးတကာ**

၃။ (တမန်တော် ၈း၅,၂၆၊ ၁၆း၁၃-၁၅,၂၃၊ ၂၀း၂၀-၂၂)တို့ကို ဖတ်ပါ။ ဧဝံဂေလိ ဟောပြောခြင်းသည် ဘယ်နေရာမှာ ဖြစ်ရမည်နည်း။
**မြို့များ၊ တောကျေးလက်များ၊ မြစ်ကမ်းနံဘေး၊ ထောင်များအတွင်း၊ လူထုအထဲနှင့် အိမ်တစ်အိမ်မှ တစ်အိမ်သို့**

၄။ (မာကု ၄း၁၁-၁၂)ကို ဖတ်ပါ။ စစ်မှန်သောပြောင်းလဲခြင်း ဖြစ်မလာမီ၊ လူတစ်ယောက်သည်၊
(c) **အထက်ပါ အားလုံး**

၅။ (တမန်တော် ၂၈း၂၃-၂၄)ကို ဖတ်ပါ။ ပေါလုသည် သတင်းကောင်းတရားနှင့်ပတ်သက်ပြီး၊ အသေးစိတ်ရှင်းပြ သက်သေခံပြသောအခါ ယေရှုကို ကြေညာခြင်း၌ လူတွေကို လက်ခံ ယုံကြည်လာစေရန်အလို့ငှါ၊ သူ ဘယ်လောက်ကြာကြာ လုပ်ခဲ့ရသနည်း။
**နံနက်မှ ညနေစောင်း ရောက်သည့်တိုင်၊ ဖြစ်နိုင်ခြေ ခြောက်နာရီမှ ရှစ်နာရီအတွင်း**

၆။ (တမန်တော် ၁၆း၁၄)ကို ဖတ်ပါ။ လူတစ်ယောက်သည် ခရစ်တော်ဆီသို့ အမှန်တကယ် လှည့်ပြောင်းလာသောအခါ၊ ဘာကို ဖွင့်ပေးရန် လိုသနည်း။
**စိတ်နှလုံး၊ လူသား၏ ဗဟိုအကျဆုံးအပိုင်း**

၇။ (တမန်တော် ၂း၃၇)ကို ဖတ်ပါ။ လူတစ်ယောက် စိတ်နှလုံး ပွင့်ပြီး၊ စီရင်ချက်ချမှတ်သည့်အခါ၊ ဘာဖြစ်လာသနည်း။
**တကယ်လို့ သူတို့ မှန်ကန်စွာ တုံ့ပြန်ခဲ့လျှင်၊ သူတို့မေးလိမ့်မည်။ "ငါ ဘာလုပ်ပေးရမလဲ။"**

၈။ (တမန်တော် ၁၆း၃၁၊ ၂း၃၈)ကို ဖတ်ပါ။ ထိုနောက် လူတစ်ယောက်သည် ဘာလုပ်ရမည်နည်း။
**နောင်တရ၍ သခင်ယေရှုခရစ်ကို ယုံကြည်လျက် ဗတ္တိဇံကို ခံရမည်။**

၉။ (တမန်တော် ၂း၄၂၊ ယော ၈း၃၁-၃၂)ကို ဖတ်ပါ။ ထိုနောက် လူတစ်ယောက်သည်၊ ဘာလုပ်ရမည်နည်း။
**တမန်တော်၏ အယူဝါဒ (ဆုံးမဩဝါဒ) ၌ ဆက်လက်နာခံလျက်၊ ယေရှု၏အမှုတော်များကို ဆက်လက် သင်ယူလေ့ကျင့်သွားရမည်။**

၁၀။ (ရောမ ၁၀း၁၄-၁၅)ကို ဖတ်ပါ။ ပြောင်းပြန် စနစ်ကျခြင်း(ဤကျမ်းချက်များ) ၌ လူတစ်ယောက် ခရစ်တော်ဆီ ဘယ်လိုရောက်လာသနည်း။

**လူအချို့ကို စေလွှတ်ခဲ့သည်။ လူအချို့သည် ဟောပြောကြေညာရန် ဖြစ်သည်။ အကြောင်းမှာ၊ သူတို့သည် ခရစ်တော်၏ သတင်းစကားကိုကြား၍ သူတို့ယုံကြည်လာနိုင်သည်။ အကြောင်းမှာ သူတို့ ယုံကြည်လာသဖြင့် သခင်ယေရှုခရစ်၏နာမ၌ သူတို့၏ကယ်တင်ခြင်း အတွက် ဆုတောင်း နိုင်ကြသည်။**

## သင်ခန်းစာ (၁၆)

# လူတိုင်း၏ဆုကျေးဇူးကို အသုံးပြု၍ တပည့်တော်ဖြစ်စေခြင်း

ယနေ့ ကျွန်ုပ်တို့ လူတိုင်း၏ဆုကျေးဇူးများကို အသုံးပြု၍ တပည့်တော် ဖြစ်စေခြင်း အကြောင်းကို ပြောကြမည်။ ၎င်းတို့သည် အသုံးကျပါ၏။ ဤတပည့်တော် ဖြစ်ခြင်းစီမံချက်ဖြင့် ကြီးစွာအောင်မြင်ခြင်း ရလိုက်သော လပေါင်းများစွာ ကျွန်ုပ်တို့လုပ်ဆောင်ခဲ့ခြင်း အပေါ်၊ လူတွေ ဒုတိယမွေးခြင်းအားဖြင့် သူတို့အသက်တာ ပြောင်းလဲခြင်းကိုမြင်ရပြီး၊ သန့်ရှင်းသော ဂိညာဉ်တော်၌၎င်း၊ ရေ၌၎င်း ဗတ္တိဇံကို ခံယူခဲ့ကြသည်။ တစ်နေ့ ကျွန်ုပ်သည် မိတ်ဆွေတစ်ယောက် နှင့် စကားပြောနေစဉ် ပြောလိုက်သည်။ "ကျုပ်တို့ တစ်ခုခု လွဲနေတယ်။ သူ တို့တစ်တွေ အက်ကြောင်းကနေ ထွက်သွားနေကြတယ်။" သူက " အရာအားလုံး ကောင်းနေတာပဲ၊ ခင်ဗျား ဘာကို ပြောချင်တာလဲ။" သင်တို့ကို ကျွန်ုပ် ဂေမျှပြောချင်သည်မှာ၊ လူတွေ အသင်းတော်ဆီ လာကြထိုင်ကြနှင့် သင်းအုပ်ဟောပြောတာ နားထောင်ပြီး၊ အိမ်ထပြန်ကြတဲ့ အတွင်းပိုင်း အသင်းတော် တည်ထောင်နေတာထက်၊ အသင်းသားတွေ အသင်းတော် နံရံလေးဘက်ကို ကျော်ပြီး၊ သွားရောက်ကြတဲ့ အပြင်ပိုင်းအသင်းတော် ဖြစ်စေလိုပါသည်။ ဤတွင် စာရင်း ကောက်ကြည့်လို့ ရပါသည်။ ခရစ်ယာန်အားလုံး၏ ၉၅% သည် သခင်ဘုရားဆီသို့ လူတစ်ဦး တစ်ယောက်ကိုမျှ မပို့နိုင်ကြ။ ဧဝံဂေလိဟောပြောခြင်း၏ ၉၀%သည်၊ ခရစ်ယာန်များကို တိုက်ရိုက် ဟောပြောနေခြင်း ဖြစ်သည်။ အသင်းတော်အဆောက်အဦးသည် ကမ္ဘာပေါ်တွင် ဧဝံဂေလိအများဆုံး ဟောပြောသောဌာန ဖြစ်လာနေသည်။ အသင်းတော်၏ တနင်္ဂနွေဥပုသ် စာဖြေခန်းမတွင် ကျွန်ုပ်တို့ ဧဝံဂေလိ ဟောပြောကြ၏။ ခရစ်ယာန်များ၏ ဘေးမဲ့ခိုလှုံရာ နယ်မြေများတွင် ကျွန်ုပ်တို့ ဧဝံဂေလိဟောပြောကြ၏။ အသင်းတော် အဆောက်အအုံအတွင်း ကျွန်ုပ်တို့ ဧဝံဂေလိ ဟောပြောနေခြင်း နည်းလမ်းဖြစ်နေသဖြင့်၊ သင့်အနေနှင့် အသင်းတော်သည် ပြောင်းလဲသူများလိုအပ်သည်ကို သင်သည် ထည့်သွင်းစဉ်းစားသင့်၏။

၎င်းအခြေအနေသည် သုံးရာစု Constantine ဘုရင်လက်ထက်တိုင်အောင် မဖြစ်သေးပါ။ ထိုနောက် အသင်းတော်သည် ဖြစ်တည် လှုပ်ရှားခြင်း ရှိလာသည်။ ထိုအချိန်မှစ၍ ပျောက်ဆုံးသူများထံ သွားရောက်ရမည်အစား အသင်းတော်သည် အတွင်းပိုင်း ဂင်ပြီး၊ အသင်းတော် နံရံများ နောက်၌ ပုန်းခိုနေတော့၏။ ဤတွင် ကျွန်ုပ်တို့ပြောလိုသည့် အကြောင်းမှာ ထိုနံရံများကိုကျော်၍ သွားပြီး၊ အတွင်းပိုင်းအသင်းတော်ပုံသဏ္ဍာန်မှ၊ အပြင်ပိုင်း အသင်းတော်ပုံသဏ္ဍာန်သို့ ပြောင်းလဲလာစေရန် ဖြစ်သည်။ စာရင်းဇယားအရ၊ ၎င်း၌ ကျွန်ုပ်တို့အဆောက်အဦးနံရံ လေးဘက်ကို ကျော်၍ ရောက်နိုင်သည်မှာ၊ ပရိုဂရမ် စီမံချက်၏ ၁.၅% (တစ်ရာနှုန်းထက်လျော့ပါသည်။) သာရှိပါသည်။ ဤအခြေအနေအရ ယနေ့အမေရိကန်နိုင်ငံ၌ အဓိက ဂိုဏ်းဂဏအသင်းတော်ကြီးတစ်ခုမျှ ပျောက်ဆုံးသူများကို လက်လှမ်းရောက်မည့်စီမံချက် မရှိခြင်း ဖြစ်သည်။ အသင်းတော်အဆောက်အဦး ပြင်ပရှိလူများဆီသို့ လှမ်းရောက်၍ တပည့်တော် ဖြစ် စေခြင်းသည် ပြန်လည်ရှာဖွေဖော်ထုတ်ရန်လိုအပ်နေသည့် ခရစ်ယာန်ဘာသာရေးအပိုင်းတစ်ခု ဖြစ်သည်။

ပြုပြင်ပြောင်းလဲရေးမှတစ်ဆင့် Martin Luther သည် အသင်းတော်၌ အာရုံခံယူရန် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းရ ကြောင်းကို ဖွင့်ပြတင်ဆက်ခဲ့သည်။ ၁၈၀၀ ခုနှစ်များအတွင်း၊ John Wesley မှတစ်ဆင့် လူစုလူဝေးနှင့် ဧဝံဂေလိဟောပြောခြင်း ရောက်လာသည်။ သို့သော် မြင်နေရသည်မှာ ပုဂ္ဂိုလ်ရေးတစ်ဦးချင်း တပည့်တော်ဖြစ်စေခြင်း၊ ဧဝံဂေလိ ဟောပြောခြင်းကို တမန်တော်ကြီးများနောက်ပိုင်း ပြန်လည်ဖေါ်ထုတ်ခြင်း မရှိသေးဘဲ ဖြစ်နေသည်။ သင်ပြောနိုင်ပါသည်။ "မသိဘူးလေ၊ ဘယ်လိုလုပ်ရမလဲ။" ဤစီမံချက်အတွက်နှင့် သင်တို့ကို ဘယ်လိုလုပ်ရမည်ကို ကျွန်ုပ်တို့ အတိအကျ ပြပေးနိုင်သည်။ အလွန်လွယ်ပါသည်။ လူတွေနဲ့ အလုပ်လုပ်ရန်နှင့်၊ သင့်သက်သေခံချက်ကိုသုံး၍ အိမ်တံခါးပေါက်ဝတွင် လူသစ်များနှင့် တွေ့ဆုံရန်၊ အဘယ်မျှ လွယ်ကူသည်ကို ကျွန်ုပ်တို့ ပြရလိမ့်မည်။ ဤအရာသည် ယခု ကျွန်ုပ် အာရုံစိုက်လိုသည့်အရာ ဖြစ်သည်။ သတင်းကောင်းတရားလည်း ဖြစ်သည်။

(သင်တကယ် မလုပ်ချင်သော) တစ်ယောက်ယောက်က သင့်ကို လုပ်စေလို၍ လုပ်ရသည် မဟုတ်ဘဲ၊ သို့သော်လည်း အတိအကျ သင်လုပ်ချင်သောအရာ ဖြစ်သဖြင့် ထိုသင် လုပ်ချင်သောအရာကို သင်သည် လုပ်သွားရန် ဘယ်လို ဆန္ဒရှိလိမ့်မည်နည်း။ ဒီအရာပဲ ကျွန်ုပ်တို့ ဆွေးနွေးနေသည့်အကြောင်း ဖြစ်သည်။ "ကျွန်တော်တို့ ဘာလုပ်ခဲ့တာကို ဒီမှာကြည့်ပါ။ လူတွေရဲ့ အသက်တာကို ကျွန်ုပ်တို့ တို့ထိပေးတယ်။ သူတို့ ကယ်တင်ခံရပြီး ဒုတိယမွေးဖွားခြင်းရ၍၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝလျက်ရေ၌ နှစ်ခြင်းခံယူ ခဲ့ကြတယ်" ဆိုပြီး၊ တပည့်တော်ဖြစ် ဧဝံဂေလိဟောပြောခြင်း ဘယ်လောက် အလုပ်ဖြစ်ကြောင်း ပြောနေကြသည့်လူတွေကို ကျွန်ုပ်ပြ သည့်အခါ၊ "သိပ်ကောင်းတာပဲ" ဟူ၍ လူတွေ တုံ့ပြန်ကြသည်။ ကျွန်ုပ်ဆက်ပြောပါသည်။ "ကဲ ဒါဆို၊ မင်းတို့အထဲက ငါနဲ့ လူဘယ်နှစ် ယောက် လိုက်မလဲ။" ဖြစ်နိုင်တာ ပြောရရင် သင်တို့လူနှစ်ရာအထဲက (၃)ယောက်လောက်တော့ လိုက်လာနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျန်တဲ့လူတွေက ကြောက်မည် (သို့မဟုတ်) ဘယ်လိုလုပ်ရမည်မသိဖြစ်နေလိမ့်မည်။ သို့မဟုတ်၊ "အဲဒါမေ့လိုက်၊ မစိုးရိမ်နဲ့၊ မင်းတို့ ကြောက်ဖို့ မလိုပါဘူး။ ဒီလိုလုပ်မယ်။ ငါတို့ အပြင်ထွက်ပြီး ကျမ်းစာသင်တန်းလေး လုပ်မယ်။ မင်းအတွက် တပည့်တော်ဖြစ်သင်ခန်းစာ နေရာချပေးမယ်" ဟု ကျွန်ုပ်က ပြောလိုက်သည်။ "မင်းတို့ ဘယ်နှစ်ယောက်လောက်က ကျမ်းစာသင်ပေးချင်သလဲ။" လူ ပိုများလာမည်။ လူဆယ်ယောက်၊ ဆယ်နှစ်ယောက်လောက်က ပြောကြမည်။ "ကျွန်တော်တို့ သင်ပေးချင်တယ်။" သို့သော်လည်းဒါထက် ကျော်မသွားနိုင်ပါဘူး။

ဒီမှာ ကျွန်ုပ်လုပ်ချင်တာ ခရစ်တော် ခန္ဓာကိုယ်၌ရှိသော ဆုကျေးဇူးတိုင်းသည် ပျောက်ဆုံးသူများဆီသို့ ရောက်ရန်၊ ချစ်ရန်နှင့် သူတို့ကို တပည့်တော် ဖြစ်စေရန်တို့အတွက်၊ အသုံးကျကြောင်း သင်တို့ကို ပြသပေးရန် ဖြစ်သည်။ ဆုကျေးဇူးတိုင်းက လုပ်နိုင်လိမ့်မည်။ ဆုကျေးဇူးတွေကို ခရစ်တော်၏ကိုယ်ခန္ဓာ၊ ဒေသအသင်းတော်မှာပဲ တွေ့ရလိမ့်မည်။ သင်တို့အချို့ ပြောနိုင်သည်။ "သန့်ရှင်း သောဝိညာဉ်တော်နှင့် ဗတ္တိဇံခံရန်၊ အနာငြိမ်းစေရန်နှင့် ထိုကဲ့သို့သော အရာမျိုးများအတွက် ကျွန်ုပ် ဆုတောင်းလိုပါတယ်။" ကောင်းပါပြီ။ ကျွန်ုပ်တို့ တပည့်တော်ဖြစ် အချိန်တစ်ခုမှာ၊ အဲဒီရည်ရွယ်ချက်နဲ့ လုပ်တဲ့အခါ သင့်ကိုခေါ်ယူပါမည်။ တခြားလူကလည်း ပြောမည်။ "ကျွန်တော် သက်သောင့်သက်သာ မရှိဘူး၊ မလုပ်နိုင်ဘူး။" ကျွန်ုပ် ပြောမည်။ သင် ပေါင်မုန့် ဖုတ်တတ်သလား။ ကဒ် ပို့တတ်သလား။တယ်လီဖုန်း ခေါ်တတ်သလား။ ခြံစည်းရိုးတိုင် ဆေးသုတ်တတ်သလား။ အထီးကျန် မိခင်တစ်ယောက်ကို ငါတို့

ကျမ်းစာသင်ပေး တဲ့အခါ၊ သူ လွတ်လွတ်လပ်လပ် အချိန်တစ်နာရီလောက် ငါတို့ဆီ လာနိုင်ဖို့ အိမ်မှာကျန်ခဲ့တဲ့ သူကလေးကို မင်း ထိန်းပေးနိုင်မလား။ လက်တွေ့အလုပ်တွေကော မင်းလုပ်နိုင်မလား။ ကိုယ်စားပြု ဆုတောင်းခိုင်းမယ် ဆိုရင်ကော ရမလား။ သင်တို့အထဲက လူတချို့ကို ကိုယ်စားပြုဆုတောင်းပေးဖို့ ခေါ်ယူပါသည်။ ငါတို့ ကျမ်းစာသင်ပေးနေတဲ့ လူတွေရဲ့အမည်စာရင်းကို သင်တို့အား ပေးထားပါမည်။ သင်တို့သည် အုပ်စုနှင့်ဖြစ်စေ၊ တစ်ယောက်တည်းဖြစ်စေ၊ သူတို့အတွက်နှင့်၊ အပတ်စဉ် အပြင်ထွက်နေသော တပည့်တော်ဖြစ် ဖေ်ဂေလီအဖွဲ့ဝင်များအတွက် ဆုတောင်းခြင်း၊ ကိုယ်စားပြုဆုတောင်းပေးခြင်း လုပ်ဆောင်နိုင်ပါသည်။

သူတစ်ပါးဆီသွားပြီး တပည့်တော်ဖြစ်စေရန် လူတိုင်းအတွက် နေရာအခန်းကဏ္ဍ ရှိတတ်ပါသည်။ ဆုကျေးဇူးတိုင်းက အသုံးရစေဖို့ ကျွန်ုပ်တို့၌ ပရိုဂရမ်စီမံချက် ရှိပါသည်။ ကျွန်ုပ်တို့သည် တပည့်တော်ဖြစ် အရည်အချင်းနှင့် ပြင်ပထွက် သာသနာအမှုပြုရန် ဆရာများ၊ လက်ထောက်ဆရာများ ပါဝင်သော တိုးတက်သောအုပ်စုများ ဖြစ်ပါသည်။ ထို့နောက်၊ အကူအညီပေးခြင်း သာသနာနယ်မှ လူနစ်ယောက်သည်၊ အစားအစာပေးခြင်း၊ ပေါင်မုန့်ဖုတ်ပေးခြင်း၊ ဖုန်းခေါ်ပြီး အခြေအနေမေးမြန်းခြင်း စသည့်လက်တွေ့အရာများ လုပ်ရန် သူတို့နောက် ဝင်ရောက်လာပါသည်။ ထို့ပြင် ကျွန်ုပ်တို့အတွက်နှင့် ကျွန်ုပ်တို့ ပြုစုနေသည့် သူတို့အတွက် ကိုယ်စားပြု ဆုတောင်းပေးနေကြသော လူတွေလည်း ရှိပါသည်။

ကျွန်ုပ်တို့ ဘာမြင်နေသလဲ သင်တို့သိကြသလား။ ဘုရားသခင်သည် လူတွေရဲ့ အသက်တာများကို ပြောင်းလဲပေးကြောင်း ကျွန်ုပ် တို့မြင်နေသည်။ အကြောင်းမှာ သူတို့သည် ကောင်းစွာ အုပ်စိုးခံရသည်၊ ဂရုစိုက်ခံရသည်။ အကြောင်းမှာ၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် သူတို့အပေါ် ပြသနေပြီဖြစ်သည်။ ကိုယ်တော်၏ သာသနာ့အမှုတော်ကို မည်သူတွေ လုပ်ဆောင် နေသည်ဟု သင်ထင်ပါ သလဲ။ လုပ်ဆောင်ရန် မှတ်ယူခံရသူတစ်ဦးချင်းစီက ပြီးစီးအောင် လုပ်ဆောင်နေခြင်း ဖြစ်သည်။ သူတို့မှာ လူတွေပါပဲ။ (ဖေက် ၄း၁၁)၌ ပြောထားသည်။ ပရောဖက်များ၊ တမန်တော်များ၊ သာသနာပြုများ၊ သင်းအုပ်များ၊ ဆရာများသည်၊ သန့်ရှင်းသူတို့၏စုံလင်ခြင်းကို အပ်နှင်းခံထားရပြီး၊ သာသနာအမှုကို လုပ်ဆောင်နိုင်ကြသည်။ အသင်းတော်သည် သာသနာအမှုကို လုပ်ဆောင်လျက်ရှိရာတွင်၊ ရှေ့တန်းက "သင်းအုပ်" ဟုခေါ်သည့် လူတစ်ဦးတည်းက လုပ်ဆောင်နေသည် မဟုတ်ပါ။ သင်းအုပ်သည် အသင်းတော်ကို သွန်သင်၍ အမှုတော်အတွက် အရည်အချင်း ပြည့်စုံစေသောအခါ၊ သူတို့သည် သွား၍ ထိုအရာများကို လုပ်ဆောင်လိမ့်မည်။ သို့ဖြင့် မှန်သော အောင်မြင်မှုကို ရလေ၏။

ကျွန်ုပ် လက်တွေ့ ရှင်းပြပါရစေ။ ကျွန်ုပ်တို့သည် တခြားနိုင်ငံနှင့် စစ်ကြေညာ၍ စစ်တိုက် ရသောအခါ၊ ကျွန်ုပ်တို့သမ္မတက ပြောလာမည်။ "စစ်ဖြစ်ရင် လူတွေအများကြီး သေလိမ့်မယ်။ ဒါကြောင့် စစ်တပ်ကို ဝင်မတိုက်ဖို့ ငါဆုံးဖြတ်လိုက်တယ်။ ဗိုလ်ချုပ်တွေကို အဲဒီပို့ပြီး တိုက်ခိုင်း လိုက်မယ်။" တစ်ကမ္ဘာလုံးက ကျွန်ုပ်တို့ကို ရယ်ကြမှာပဲ။ တကယ်ပဲ အဲဒီလို ဖြစ်လာမှာပါ။ စာတန်ကလည်း ကျွန်ုပ်တို့ကို ရယ်မှာပဲ။ ဘာကြောင့်ဆိုတော့ ဗိုလ်ချုပ်တွေလောက်ပဲ၊ ငါးချီးသာသနာအမှု အားလုံးလုပ်ဆောင်ဖို့ ပို့လိုက်လို့ ဖြစ်ပါသည်။ "သူတို့ပဲ လုပ်ပါစေ။ ငါတို့က သူတို့ လုပ်အောင် ဆုတောင်းပေးနေကြမယ်။" သို့နှင့် ကျွန်ုပ်တို့သည် တပ်တစ်တပ်ကို မတည်ထောင်နိုင်ပဲ ကျရှုံးလိမ့်မည်။ ဘုရားသခင်သည် တပ်တစ်တပ်ကို တည်ထောင်စေလိုသည်။ ကျွန်ုပ်တို့ တစ်ဦးချင်းစီသည် တပည့်တော်ဖြစ်ဖေ်ဂေလီ လုပ်ဆောင်ခြင်းတွင် ကျွန်ုပ်တို့၏ ဆုကျေးဇူးကို ထုတ်သုံးနိုင်ကြပါသည်။ ကျွန်ုပ်တို့သည် တပ်တစ်တပ်ကို

ဖန်တီးရာ၌ ကူညီလိုသည်။ တပည့်တော်ဖြစ်စေရန် အစွမ်းထက်သောတန်ဆာပလာများဖြင့် ဆင်ယင်ပေးလိုသည်။ ကျွန်ုပ်တို့၏ ဤမြို့၌တင် မပှတ်ဘဲ၊ ကမ္ဘာတစ်လွှားသို့ ရောက်စေချင်သည်။ ၎င်းသည်၊ တပည့်တော်ဖြစ် သင်ခန်းစာနှင့် ကျွန်ုပ်တို့အား ဘုရားသခင် ပေးထားသည့် မဟာဗျူဟာအားလုံးတို့ဖြင့်၊ ကျွန်ုပ်တို့ တိုးတက်လုပ်ဆောင်ကြသော တန်ဆာ ပလာများ မှတစ်ဆင့် ပြီးစီးအောင် လုပ်နိုင်ကြသည်။

လူတစ်ဦးချင်းစီတို့သည်၊ သူတို့၏ဆုကျေးဇူးများကို အသုံးပြုရန် အတူတူရောက်လာကြပြီး၊ ပျောက်ဆုံးသူများ၊ ယုံကြည်သူအသစ်များကို ပြုစုခြင်းနှင့်၊ သွား၍ လူမျိုးတကာတို့ကို တပည့်တော် ဖြစ်စေရန် ယေရှုမိန့်တော်မူသည်ကိုစောင့်ရှောက်ခြင်းဖြင့် သင်တို့အပေါ် ကောင်းကြီး ကြွယ်ဝပါစေသော။

# တပည့်တော်ဖြစ်မေးခွန်းများ

၁။ အောက်ပါတို့သည် ဧဝံဂေလိဟောပြောရန်၊ တပည့်တော်ဖြစ်စေရန်နှင့် ပျောက်ဆုံးသူတို့ဆီ ရောက်ရှိရန်၊ ကျွန်ုပ်တို့၏ အုပ်စုကို အတူတူထားရမည့် နည်းလမ်း အကျဉ်းဖော်ပြချက် ဖြစ်သည်။ သင်တို့အသင်းတော်ခန္ဓာသည် ထိုအုပ်စုတစ်ခုခုထဲ စာရင်းသွင်းပါဝင်နိုင်မည်။ အကယ်၍ သင်သည် သာသနာအမှုအတွက် သင်၏ဆုကျေးဇူးအားလုံးကိုသုံး၍ ဆက်တိုက် နောက်လိုက်သွန်သင် ခြင်းပြုပါလျှင်၊ လူတစ်ယောက်ကို နိုင်ငံတော်ထဲ၊ အလျင်အမြန် ရင့်ကျက်စေခြင်းဖြင့် ယူတင်ပေးနိုင်ပါလိမ့်မည်။ အောက်ပါတို့သည် သင့်အနေနှင့်

## သင်၏အသင်းတော် အသင်းသားများအား မေးရန် စစ်တမ်းမေးခွန်းများ ဖြစ်သည်။

ထို့နောက် ဖွဲ့စည်းထားသည့်အုပ်စုသည် နောက်လိုက်သွန်သင်ခြင်း လုပ်သွားရမည်။
ဤသည်များမှာ လုပ်ဆောင်ရာ၌ ကျွန်ုပ်စိတ်ဝင်စားသည့်အရာများဖြစ်သည်။
(တစ်ခု ၊သို့မဟုတ်၊ တစ်ခုထက် ပို၍ အမှတ်ခြစ်ပါ။)

☐ အိမ်တံခါးပေါက်၌ လူသစ်များကို ဆက်သွယ်ခြင်း၊

☐ တပည့်တော်ဖြစ်သင်ခန်းစာကို သင်ပေးခြင်း၊

☐ ကိုယ်စားပြုဆုတောင်းခြင်း၊-ပျောက်ဆုံးသူတို့အတွက်နှင့် တပည့်တော်ဖြစ် ဧဝံဂေလိအုပ်စုများ အတွက် ဆုတောင်းခြင်း၊

☐ ဆင်းရဲသောမိသားစုတို့အား အစားအစာနှင့် အခြားပစ္စည်းများ ပေးဝေခြင်း၊

☐ အခြားသူတို့ကို တယ်လီဖုန်းဆက်ခြင်း (သို့မဟုတ်) အလည်အပတ် သွားရောက်ခြင်း၊

☐ သနားခြင်းပြ ဧဝံဂေလိအမှုတော်၊- အခြားသူတို့အတွက် အစားအစာချက်ပေးခြင်း၊ အမှတ်တရကဒ် ပေးပို့ခြင်း၊ သင်တတ်နိုင်သမျှသော အရာတစ်ခုခုဖြင့် ကူညီပေးခြင်း၊

☐ တစ်ကိုယ်တည်းမိခင်နှင့် သူတို့ကလေးများအတွက် ကူညီလုပ်ဆောင်ပေးခြင်း၊

☐ အသင်းတော်သို့ ကြိုပို့ရေး ပံ့ပိုးပေးခြင်း စသည်များနှင့်၊

☐ အခြားအရာများ၊ ကျွန်ုပ် ကူညီလိုသည်မှာ၊ ______________________________

______________________________

______________________________

၂။ အောက်ပါပုံစံသည် တပည့်တော်ဖြစ်သင်ခန်းစာ သင်ပေးပြီးနောက်ပိုင်း၊ တပည့်တော်ဖြစ် နောက်လိုက်သွန်သင်ခြင်းပုံစံ နမူနာတစ်ခု ဖြစ်သည်။ ဤပုံစံသည် သင်းအုပ်နှင့် အသင်းတော်အာဏာပိုင်တို့အတွက် သင်ခန်းစာ အဘယ်မျှ သွန်သင်ပြီးခဲ့သည်ကို ၎င်းလေ့လာမှု တစ်ခုချင်းစီ၏ အကျိုးများကိုပင် ပြသပေးလိမ့်မည်။

# တပည့်တော်ဖြစ် နောက်လိုက်သင်ကြားခြင်း အကျိုးထွက်ပုံစံ

အလည်အပတ်/သင်ခန်းစာ သင်ယူခြင်းရက်စွဲ၊ ______________________________

သင်ခန်းစာ သင်ပေးသောသူ၊ ______________________________
______________________________

အလည်အပတ်ရောက်/ သွန်သင်ခံယူတို့၏ အမည်များ၊ ______________________________
______________________________
______________________________
______________________________
______________________________
______________________________

ရောက်ရှိသည့် နေရာ၊ ______________________________
______________________________

သင်ခန်းစာအကြောင်းအရာ၊ ______________________________
______________________________

သင်ခန်းစာကို ဘယ်လို သူတို့နားလည်ကြသလဲ၊ ______________________________
______________________________
______________________________
______________________________
______________________________
______________________________
______________________________
______________________________
______________________________
______________________________

၃။ (ယာကုပ် ၁း၂၂)ကို ဖတ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏စကားတော်ကို ကြား၍ လက်တွေ့ လုပ်ဆောင်ပါလျှင်၊ ကျွန်ုပ်တို့ ဘာလုပ်ခဲ့ကြသနည်း။

**ယာကုပ် ၁း၂၂** - *"ကိုယ်ကိုကိုယ် လှည့်ဖြား၍ နှုတ်ကပတ်တရားကို နာရုံမျှသာ ပြုသောသူမဟုတ်၊ တရားကို ကျင့်သောသူ ဖြစ်ကြလော့။"*

၄။ (မဿဲ ၇း၂၄-၂၇)ကို ဖတ်ပါ။ ဉာဏ်ပညာရှိသူတစ်ယောက်ဖြစ်ရန် အလို့ငှါ၊ ယေရှု မိန့်တော်မူသည်များကို ကြားရုံမက၊ လုပ်ဖို့လည်း ရှိသည်များမှာ၊

**မဿဲ ၇း၂၄-၂၇** - *"အကြင်သူသည် ငါဟောပြောသော ဤစကားကို ကြား၍ နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာ အိမ် ဆောက်သောပညာရှိနှင့် တူကြောင်းကို ငါ ပုံပြမည်။ မိုးရွာ၍ ရေစီးသည်နှင့် လေလာ၍ ထိုအိမ်ကို တိုက်သည်ရှိ သော်၊ ကျောက်ပေါ်မှာ တည်သောကြောင့် မပြို မလဲ နေ၏။ အကြင်သူသည် ငါဟောပြောသော ဤစကားကို ကြား၍ နားမထောင်ဘဲနေ၏။ ထိုသူသည် သဲပေါ်မှာ အိမ်ဆောက်သော လူမိုက်နှင့် တူကြောင်းကို ငါပုံပြမည်။ မိုးရွာ၍ ရစီးသည်နှင့် လေလာ၍ ထိုအိမ်ကို တိုက်သောအခါ၊ ကြီးစွာသော ပြိုလဲခြင်းသို့ ရောက်လေသည်ဟု ဟောတော်မူ၏။"*

၅။ (ဧဖက် ၄း၁၁-၁၂)ကို ဖတ်ပါ။ သာသနာအမှုကို လုပ်ဆောင်ရမည့်သူမှာ မည်သူနည်း။

**ဧဖက် ၄း၁၁-၁၂** - *"ခရစ်တော်၏ ကိုယ်ကိုတည်ဆောက်၍၊ ဓမ္မဆရာ၏အမှုကို ပြုတတ်မည် အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင် ခြင်းအလို့ငှါ၊ ထိုသခင်သည် လူအချို့တို့ကို တမန်တော် အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်အရာ၊ ဆရာအရာ၌၎င်း ခန့်ထားတော်မူ၏။"*

၆။ (တမန်တော် ၈း ၁, ၄)ကို ဖတ်ပါ။ နှုတ်ကပတ်တရားကို ဟောပြောရန် နေရာအနှံ့သို့ မည်သူသွားသနည်း။

**တမန်တော် ၈း ၁-၄** - *"ထိုအခါ ယေရှုရှလင်မြို့၌ရှိသော အသင်းတော်သည် ပြင်းစွာသော ညှဉ်းဆဲခြင်းကို ခံရသဖြင့်၊ တမန်တော် တို့မှတစ်ပါး သင်းဂင်သူအပေါင်းတို့သည် ယုဒပြည်၊ ရှမာရိပြည် အရပ်ရပ်တို့၌ အနှံ့အပြားကွဲပြားကြ၏။ တရားကို ရိုသေသောသူတို့သည်၊ သတေဖန်ကို သင်္ဂြိုဟ်၍ ပြင်းစွာသော ငိုကြွေးမြည်တမ်းခြင်းကို ပြုကြ၏။ ရှောလုသည် အသင်းတော်ကို ဖျက်ဆီးလေ၏။ အိမ်များသို့ ဝင်ပြီးလျှင် ယောက်ျား မိန်းမတို့ကို ဆွဲငင်၍ ထောင်ထဲ၌ လှောင်ထားတတ်၏။ ထို့ကြောင့် အရပ်ရပ်သို့ ကွဲပြားသောသူတို့သည်၊ လှည့်လည်၍ နှုတ်ကပတ်တော်တည်းဟူသော ဧဝံဂေလိတရားကို ဟောပြောကြ၏။"*

၇။ (တမန်တော် ၈း ၁, ၄)ကို ဖတ်ပါ။ နှုတ်ကပတ်တရားကို ဟောပြောရန် နေရာအနှံ့သို့ မည်သူ မသွားသနည်း။

၈။ (တမန်တော် ၁၁း၁၉-၂၂)ကို ဖတ်ပါ။ ဓမ္မသစ်ကျမ်းရှိ ကနဦးအသင်းတော်၌ ယုံကြည်သူများသည် သာသနာအမှုကို မလုပ်။ ၎င်းတို့သည် တမန်တော်ကြီးများ၏ ခေါင်းဆောင်မှုနှင့် ညွှန်ကြားခြင်းအားဖြင့် နောက်လိုက်သွန်သင်ခြင်း ခံယူကြသည်။ ယနေ့သင်တို့၏ အသင်းတော်များ၌၊ ခေါင်းဆောင်များ ရှေ့မှလုပ်ဆောင်လျှင်၊ ယုံကြည်သူများ လိုက်ပါကြသည်။ ဤထုတ်ဖော်ချက် မှန်ကန်ကြောင်းကို (တမန်တော် ၁၁း၁၉-၂၂) ကျမ်းချက်က အတည်ပြုပေးပါသလား။

**တမန်တော် ၁၁း၁၉-၂၂** - *"ထိုမှတစ်ပါး သတေဖန်၏အမှုကြောင့် ညှဉ်းဆဲခြင်းကိုခံရ၍ အရပ်ရပ်သို့ ကွဲပြားသောသူတို့သည် ဖိနိတ်၊ ကုပရု၊ အန္တိအုတ်မြို့ သို့တိုင်အောင်သွား၍၊ ယုဒလူတို့အားသာ နှုတ်ကပတ်တရားတော်ကို ဟောပြောကြ၏။ နောက်မှ ထိုသူအချို့တို့သည် ကုပရုပြည်သား၊ ကုရေနေပြည်သားဖြစ်၍ အန္တိအုတ်မြို့ သို့သွားပြီးလျှင်၊ သခင်ယေရှု၏ အကြောင်းတည်းဟူသော ဧဝံဂေလိတရားကို ဟေလေနစ်လူတို့အား ဟောပြောကြ၏။ သခင်ဘုရား၏လက်တော်သည်၊ ထိုသူတို့နှင့်တကွ ရှိတော်မူသဖြင့်၊ လူအပေါင်းတို့သည် ယုံကြည်၍ သခင်ဘုရားထံသို့ ပြောင်းလဲ ကြ၏။ ထိုအကြောင်းအရာကို ယေရုရှလင်မြို့ ၌ရှိသော အသင်းတော်သည် ကြားလျှင်၊ အန္တိအုတ်မြို့ တိုင်အောင် သွားစေမည်အကြောင်း ဗာနဗကို စေလွှတ်လေသည်။"*

၉။ (၁ ကော ၁၂း၁၄-၁၈)ကို ဖတ်ပါ။ ခရစ်တော်ကိုယ်ခန္ဓာ အပိုင်းတစ်ခုချင်းစီသည် လိုအပ်ချက် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်ကိုယ်ကို မိမိတို့ကိုယ်တိုင်အထဲ၌ မနှိုင်းယှဉ်သင့်ပါ။ အတိအကျပြောရလျှင် ခရစ်တော်၌ လုံးဝအပ်နှံခြင်းသည် အရာအားလုံးကို လုပ်ဆောင်ရန် မဟုတ်ဘဲ၊ လုပ်ဆောင်ရန်အတွက် ဘုရားသခင်က ကျွန်ုပ်တို့အား တန်ဆာဆင်ပေးထားသည့် အတိုင်း လုပ်ဆောင်ရကြသည်။ ဤသင်ခန်းစာ၌ သင်ရလိုက်သည့် သတင်းအချက်အလက် နှင့်အတူ သင်သည် ဘာလုပ်ဆောင်မည်နည်း။

**၁ ကော ၁၂း၁၄-၁၈** - *"ကိုယ်သည် အင်္ဂါတစ်ခုတည်း ရှိသည်မဟုတ်၊ အများရှိသည်ဖြစ်၍၊ ခြေက ငါသည် လက်မဟုတ်သော ကြောင့် ကိုယ်နှင့် မဆိုင်ဟုဆိုလျှင်၊ ထိုသို့ဆိုသောကြောင့် မစပ်ဆိုင်သည် မှန်သလော။ နားကလည်း ငါသည် မျက်စိမဟုတ်သောကြောင့် ကိုယ်နှင့် မစပ်ဆိုင် ဟုဆိုလျှင်၊ ထိုသို့ဆိုသောကြောင့် မစပ်ဆိုင်သည် မှန်သလော။ တစ်ကိုယ်လုံးသည် မျက်စိဖြစ်လျှင် အဘယ်သို့ ကြားနိုင်မည်နည်း။ တစ်ကိုယ်လုံးသည် နားဖြစ်လျှင် အဘယ်သို့ နမ်းနိုင်မည်နည်း။ ယခုမူကား၊ ဘုရားသခင်သည် အလိုတော်ရှိသည်အတိုင်း အင်္ဂါများ အသီးသီးတို့ကို ကိုယ်၌ စီရင်ခန့်ထားတော်မူ၏။"*

# အဖြေ သော့ချက်

၁။ အောက်ပါတို့သည် ဧဝံဂေလိဟောပြောရန်၊ တပည့်တော်ဖြစ်စေရန်နှင့် ပျောက်ဆုံးသူတို့ဆီ ရောက်ရှိရန်၊ ကျွန်ုပ်တို့၏ အုပ်စုကို အတူတူထားရမည့် နည်းလမ်း အကျဉ်းဖော်ပြချက် ဖြစ်သည်။ သင်တို့အသင်းတော်ခန္ဓာသည် ထိုအုပ်စုတစ်ခုခုထဲ စာရင်းသွင်းပါဝင်နိုင်မည်။ အကယ်၍ သင်သည် သာသနာအမှုအတွက် သင်၏ဆုကျေးဇူး အားလုံးကိုသုံး၍ ဆက်တိုက်နောက်လိုက်သွန်သင် ခြင်းပြုပါလျှင်၊ လူတစ်ယောက်ကို နိုင်ငံတော်ထဲ၊ အလျင်အမြန် ရင့်ကျက်စေခြင်းဖြင့် ယူတင်ပေးနိုင်ပါလိမ့်မည်။ အောက်ပါတို့သည် သင့်အနေနှင့် သင်၏အသင်းတော် အသင်းသားများအား မေးရန် စစ်တမ်းမေးခွန်းများ ဖြစ်သည်။ ထို့နောက် ဖွဲ့စည်းထားသည့်အုပ်စုသည် နောက်လိုက် သွန်သင်ခြင်း လုပ်သွား ရမည်။
**မေးခွန်းကိုကိုးကားပါ။**

၂။ အောက်ပါပုံစံသည် တပည့်တော်ဖြစ်သင်ခန်းစာ သင်ပေးပြီးနောက်ပိုင်း၊ တပည့်တော်ဖြစ် နောက်လိုက်သွန်သင်ခြင်းပုံစံ နမူနာတစ်ခု ဖြစ်သည်။ ဤပုံစံသည် သင်းအုပ်နှင့် အသင်းတော် အာဏာပိုင်တို့အတွက် သင်ခန်းစာ အဘယ်မျှ သွန်သင်ပြီးခဲ့သည်ကိုငှင်း လေ့လာမှု တစ်ခုချင်းစီ၏ အကျိုးများကိုငှင်း ပြသပေးလိမ့်မည်။
**မေးခွန်းကိုကိုးကားပါ။**

၃။ (ယာကုပ် ၁း၂၂)ကို ဖတ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စကားတော်ကို ကြား၍ လက်တွေ့လုပ်ဆောင်ပါလျှင်၊ ကျွန်ုပ်တို့ ဘာလုပ်ခဲ့ကြသနည်း။
**ကျွန်ုပ်တို့သည် ကိုယ်ကိုယ်ကို လှည့်ဖြား၏။**

၄။ (မဿဲ ၇း၂၄-၂၇)ကို ဖတ်ပါ။ ဉာဏ်ပညာရှိသူတစ်ယောက်ဖြစ်ရန်အလို့ငှါ၊ ယေရှုမိန့်တော်မူသည်များကို ကြားရုံမက၊ လုပ်ဖို့လည်း ရှိသည်များမှာ၊
**၎တို့ကို ကျွန်ုပ်တို့ လုပ်ဆောင်ရမည်။**

၅။ (ဧဖက် ၄း၁၁-၁၂)ကို ဖတ်ပါ။ သာသနာအမှုကို လုပ်ဆောင်ရမည့်သူမှာ မည်သူနည်း။
**သန့်ရှင်းသူ၊- ခရစ်ယာန် ဘုန်းကြီးအဖြစ် ရည်ညွှန်းခံရသော ဧကန်လူတန်းစား တစ်ယောက် မဟုတ်ပါ။**

၆။ (တမန်တော် ၈း ၁, ၄)ကို ဖတ်ပါ။ နှုတ်ကပတ်တရားကို ဟောပြောရန် နေရာအနှံ့သို့ မည်သူသွားခဲ့သနည်း။
**ယုံကြည်သူများသည် အပြင် နေရာအနှံ့သို့ ရောက်ရှိသွားခဲ့သည်။**

၇။ (တမန်တော် ၈း ၁, ၄)ကို ဖတ်ပါ။ နှုတ်ကပတ်တရားကို ဟောပြောရန် နေရာအနှံ့သို့ မည်သူ မသွားသနည်း။
**တမန်တော်ကြီးများ၊- ဓမ္မသစ်ကျမ်း၏ ကနဦးအသင်းတော်သည်၊ တပည့်တော်ဖြစ်စေခြင်း၊ ဧဝံဂေလိဟောပြောခြင်းတို့အတွက် တာဝန်ရှိသည်ဟု ကျွန်ုပ်တို့ မြင်သည်။**

၈။ (တမန်တော် ၁၁း၁၉-၂၂)ကို ဖတ်ပါ။ ခမ္မသစ်ကျမ်းရှိ ကနဦးအသင်းတော်၌ ယုံကြည်သူများသည် သာသနာအမှုကို မလုပ်။ ၎င်းတို့သည် တမန်တော်ကြီးများ၏ခေါင်းဆောင်မှုနှင့် ညွှန်ကြားခြင်းအားဖြင့် နောက်လိုက်သွန်သင်ခြင်း ခံယူကြသည်။ ယနေ့သင်တို့၏ အသင်းတော်များ၌ ခေါင်းဆောင်များ ရှေ့မှလုပ်ဆောင်လျှင်၊ ယုံကြည်သူများ လိုက်ပါကြသည်။ ဤထုတ်ဖော်ချက် မှန်ကန်ကြောင်းကို (တမန်တော် ၁၁း၁၉-၂၂) ကျမ်းချက်က အတည်ပြုပေးပါသလား။
**အသင်းတော်သည် ယုံကြည်သူအသစ်များ ပြောင်းလဲရောက်ရှိကြောင်းကို ကြား၍၊ သူတို့ဆီ သွားပြီး အကူအညီပေးရန် ဗာနဗကို စေလွှတ်ခဲ့သည်။**

၉။ (၁ ကော ၁၂း၁၄-၁၈)ကို ဖတ်ပါ။ ခရစ်တော်ကိုယ်ခန္ဓာ အပိုင်းတစ်ခုချင်းစီသည် လိုအပ်ချက် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ် မိမိတို့ကိုယ်တိုင်အထဲ၌ မနှိုင်းယှဉ် သင့်ပါ။ အတိအကျပြောရလျှင်၊ ခရစ်တော်၌ လုံးဝအပ်နှံခြင်းသည် အရာအားလုံးကို လုပ်ဆောင်ရန် မဟုတ်ဘဲ လုပ်ဆောင်ရန်အတွက် ဘုရားသခင်က ကျွန်ုပ်တို့အား တန်ဆာဆင် ပေးထားသည့်အတိုင်း လုပ်ဆောင်ရကြသည်။ ဤသင်ခန်းစာ၌ သင်ရလိုက်သည့် သတင်း အချက်အလက်နှင့်အတူ သင်သည် ဘာလုပ်ဆောင်မည်နည်း။
**အကူအညီရသည်။ အပြင်ထွက်ပြီး၊ သူတစ်ပါးကို ကူညီရန် ကျွန်ုပ်၏ ဆုကျေးဇူးများကို သုံးခြင်းအားဖြင့် လေ့ကျင့်ယူသည်။**